www.burmeseclassic.com

# မယူရ

(လှိုင်ကော်)

လှိုင်းနန္ဒ လှေယဉ်ယဉ်

BURMESE CLASSIC .com

အသစ်စက်စက် (အစ/အဆုံး)

www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ(လှိုင်ကော်)

လှိုင်းနုနု လှေယဉ်ယဉ်


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၇၄၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၇၄၀၆၀၈

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com



စေတနာစာပေ၏အမှတ်တရအစီအစဉ်

# မဟူရာ(လှိုင်ကော်)

လှိုင်းနုနုလှေယဉ်ယဉ်

အသစ်စက်စက်

(အစ-အဆုံး)

www.burmeseclassic.com

www.burmeseclassic.com



တောတောင်သိုသို
မိတ်ဆွေရိပ်ပွား၊ မြစ်တစ်စင်းသည်
ရေပြင်ကြည်လဲ့၊ ငွေကန့်ရင်း
တို့ ... မီးသင်းမြေ ... ။

မြစ်တစ်စင်းဘေးမှာ ...
ပန်းနီဝါတို့၊ ပင်ပေါ်သိုသို
တောလုံးချိုမြောင်း
ဝတ်ရည်စိမ့်သောင်ကျွန်း
တို့ ... ပျံ့သင်းမြေ ... ။

နှင်းဖွေးမှာ
ဖလှသင်းသာလျက်၊ လေချိုသင်းမွှေး
မြစ်လမ်းလေးမှာ၊ လှိုင်းနုပြာနဲ့
တို့ ... လင်းလဲ့မြေ ... ။

လရိပ်ပြာလွင်
မြစ်ရေပြင်ထက်၊ မြူးသောရွက်လှေ
ပန်းလေပြည်နှင့်၊ ရွက်ကိုလွင့်သည်
လှိုင်းရေကြည်အေး၊ ပန်းရေမွှေးမို့
နှိုင်းတုလို့ ဘယ်မှာရှာ
မြေ ...
လိုင်းနန္ဒ ဟေမဝန် ... ။

## သစ္စာတည်သောစာချုပ်

ကျွန်မ ငွေဝန်းသာ၏ ခင်ပွန်းသည် မောင်အပေါ်တွင် တစ်သက်တာမျှ ချစ်မြတ်နိုးအပ်ပါသော ငွေဝန်းသာအဖြစ် မောင့်ကို ချစ်မြတ်နိုးစွာ ကိုးကွယ် ကြည်ညိုပါလေသော ဇနီးသည်အဖြစ် ရပ်တည်ပါမည်ဟု အသက်ကို တိုင်တည်လျက် သစ္စာပြုအပ်ပါသည် မောင် ....


ဦးမောင်မောင်

ငွေဝန်းသာ

www.burmeseclassic.com

www.burmeseclassic.com






မေမေ့ကို ...
ခုမှ မြင်ဖူးခွင့်ရ ...
ချစ်ရို ...
ဝေးခွင့်ရပေမဲ့
ဒီလို ကန်တော့တာကတော့ ...
ခုမှ မဟုတ်ပါဘူး မေမေရယ် ...
မေမေ့ကို ရည်မှန်းပြီး
အမြဲကန်တော့ခဲ့တဲ့ မိဒေါင်းပါ မေမေ ...
မေမေ့ကို မိဒေါင်း ချစ်ပါတယ် ...
ဘာကြောင့်
ဗီလောက် အကြာကြီး
တခြားနေရာမှာ
သွားနေ နေရတာလဲ မေမေ ...
မေမေ ပြန်လာခဲ့ရင် ...
မေမေ့ကို
ကျေနပ်အောင် ပြောနိုင်မှာပါ ...
ပြောလိုက်ပါ မေမေ ...
ပြီးရင် ...
မိဒေါင်းတို့ တူတူနေကြတာပေါ့နော် ...
ခု ...
မိဒေါင်း မေမေ့ကို
ကန်တော့ပါကယ် မေမေ ...





ငွေဝန်း ...
ငွေဝန်း ... အလုပ်လုပ်ပါရစေ မောင်ရဲ့ ...
မောင့်ကို ဆေးကုပါရစေ မောင်ရဲ့ ...
ဒီအခွင့်အရေးလေး
ငွေဝန်းကို မောင်ပေးပါ ...
ပေးပါ မောင် ...
ကြာရင် ...
ငွေဝန်း ရင်ကွဲနာကျသေရမှာပါ မောင်ရဲ့ ...
ဒီအတိုင်း ...
မောင့်ကို ...
မောင့်ကို ...
ငွေဝန်း
မကြည့်ရက်နိုင်ဘူး မောင် ...
အမှောင်ထဲမှာ ရှိနေတဲ့ မောင့်ကို
ငွေဝန်း အလင်းထဲ ခေါ်ခွင့်ရပါရစေ ...
ပန်းချီဆွဲတဲ့
မောင့် လက်ချောင်းလေးတွေ ဆီကို
အလင်းတန်းတွေ
ထွန်းပို့ပါရစေ မောင် ... ။



www.burmeseclassic.com



တောတောင် ညိုညိုမှာ မြူဘာစိုင်းဟာ ...
ခွေခွေနွဲ့နွဲ့ စီးဆင်း နေတာလေးကို အရင်မြင်ကြည့် ...
နောက် ... အဲဒီ ကမ်းဘေးမှာ ပန်းရောင်စုံတို့ဟာ ...
ပင်ပျိုပျို ပန်းဝေဝေနဲ့ တစ်တောလုံး ဖွေးအောင်
ပွင့်ဝေနေကြတာကို မြင်ကြည့် ...
လှိုင်းနုနုလေးတွေဆီကို ရှပ်တိုက်ပြေးဝင် ... ပန်းလေပြည် ...
အဲဒီ ပန်းလေပြည်ရှိနေတဲ့ မြစ်လမ်း ...
အဲဒီ မြစ်လမ်းလေးမှာ လှိုင်းနုနုနဲ့အတူ
ပန်းရနံ့တို့ ဝေနေတဲ့ လေပြည်နဲ့ အတူ
အရမ်းကို ဖြူစင်တဲ့ မျက်လှေတစ်စင်းက ဖြတ်သန်းနေတယ် ...
အဲဒါ ... မောင်တို့ရဲ့ ဘဝရွက်လှေပဲ
မောင့် လုံမ ...
မောင်တို့ဘဝဟာ
လှိုင်းရေကြည့်အေး ပန်းလေမွှေးနဲ့အတူ
သွားနေကြတာမို့ ... ဘယ်အရာနဲ့မှ
နှိုင်းယှဉ်လို့မရတဲ့ ဘဝ ... လှိုင်းနုနု လေယဉ်ယဉ်အဖြစ်
အစဉ် အေးချမ်းနေကြမဲ့ ဘဝပါကွယ် ...
မောင့်လုံမရယ် ...
ဟောဒီက မောင့်ဘဝငွေလမင်း
မောင့်လုံမရယ် ...


မျှဝေထားမြင်းမြှားရွာသို့

မဟူရာ(လှိုင်ကော်)

၁၄-၃-၂၀၀၆



# မဟူရာ (လှိုင်ကော်)



# လှိုင်းနုနု လေယဉ်ယဉ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com
BURMESE CLASSIC .com

www.burmeseclassic.com







တောတောင်ညိုညို ...
စိမ်းစိုစိုတွင်း၊ မြစ်တစ်စင်းသည်
ရေပြင်ကြည်လဲ၊ ခွေကာနွဲ့ရင်း
အို ... စီးဆင်း၏ ... ။

မြစ်ကမ်းဘေးမှာ ..
ပန်းနီဝါတို့၊ ပင်ပျိုညို့ညို
တောလုံးချိုအောင်၊ ဝတ်ရည်ဆောင်ကျင်း
အို ... ပျံ့သင်း၏ ... ။

ရနံ့မွှေးစွာ ..
လေညင်းသာလျက်၊ လေချိုညက်မွှေး



www.burmeseclassic.com

www.burmeseclassic.com



မြစ်လယ်ပ်းလေးမှာ၊ လှိုင်းနပြာနဲ့
အို ... လင်းလုံ၏ ... ။

လရိပ်ပြာလွှင် ..
မြစ်ရေပြင်ထက်၊ ဖြူသောစွက်လှေ
ပန်းလေပြည်နှင့်၊ ရွက်ကိုလွှင့်သည်
လှိုင်းရေကြည်အေး၊ ပန်းလှေမွှေးမို့
နှိုင်းစရာလို့ ဘယ်မယှဉ် ...
ဪ ...
လှိုင်းနန လှေယဉ်ယဉ် ... ။ ။

❋ ❧ ❋



BURMESE CLASSIC .com



## အခန်း(၁)

နွေဦးမွှန် .. ဟူသော စာသားနုနုလေးလေးကို လှလှပပလေး ထွင်းထားပါသည့် ကြေးဝါးပြားကြီး မြှုပ်ထားပါသော ခြံဝင်းအုတ်တိုင်ကြီးကို ကြည့်လျက် ငွေဝန်းသာ၏ မျက်နှာလေးထက်မှာ အားငယ်ရိပ်ထင်၏။ စိုးရွံ့ချောက်ချားရိပ်သည်လည်း ထင်းထင်းပပ နေရာယူလာချေသည်မို့ မောင်မောင့်ရင်ထဲတွင် ချစ်ရသူလေးကို အသနားပိုရသည်ပါပဲ ..။

"မောင်ရှိတယ် ဝန်းလေး .. မောင့်အချစ်ကို ယုံတယ်ဆို .. မောင့်ကို အားကိုးတယ်ဆို .. အရာရာကို ရင်ဆိုင်ပါ့မယ်ဆို .. ဘယ်တော့မဆို ... ဘယ်အချိန်မဆို .. မောင့်လက်ကို အားကိုးဆွဲကိုင်ပြီး .. မောင့်ခြေလှမ်းတိုင်းရဲ့ ဘေးမှာ .. ဝန်းလေး ရှိနေရမယ်ဆိုရင် .. ဘာကိုမှ မကြောက်တော့ပါဘူးဆို .."

မောင်မောင် မေးခိုက် ငွေဝန်းသာ မျက်ရည်ဝဲလျက် မော့ကြည့်ရင်း မောင့်လက်ကို အားကိုးတကြီး ဆုပ်ကိုင်မိရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ဟုတ်ပါတယ် မောင်ရယ် " ဒါပေမဲ့ ..မောင် .. ဒီလောက်ကြီးထိ ချမ်းသာလိမ့်မယ်လို့တော့ ဝန်း မထင်မှတ်မိခဲ့တာ အမှန်ပါ မောင် .. ဝန်းနဲ့မောင့်ကို မောင့်မိဘများက သဘောမျှပါ့မလား မောင်ရယ် .. ဝန်း ကြောက်တယ် .. ကြောက်နေမိပါတယ် မောင် .."

အသံတိမ်လေးဖြင့် မျက်နှာလေး ဖျော့လျက် ငွေဝန်းသာ ရင်ထဲ ရှိနေသမျှ ဤတစ်ကြိမ်မှာတော့ သိုဝှက်မထားနိုင်တော့ဘဲ ပြောမိစဉ်ခိုက် ..

"သဘောမမျှရင်လဲ .. မောင် ပြောခဲ့ပြီပဲ ဝန်းလေး .. မောင်တို့ နှစ်ယောက်ရဲ့ဘဝကို .. မောင်တို့ တည်ဆောက်ကြမှာပေါ့ .."

ယတိပြတ် မောင် ပြောခိုက် ငွေဝန်းသာ တစ်ချက်ငြိမ်သက်စွာ ခြေရှေ့မှာ ခေါင်းလေးရပ်လိုက်တော့ မောင့် မျက်ဝန်းတွေမှာ စိုးရိမ်ရိပ် ထင်လာပါပြီ ..။ ငွေဝန်းသာ၏ ရင်ထဲမှာ ဘာတွေ တွေးစပြုနေပြီဆိုတာ ရိပ်မိလာပုံလည်းရှာသည်။ လက်နုနုထွေးလေးကို စိတ်လိုက်မာန်ပါနိုင်စွာ တင်းခနဲနေအောင် ဆုပ်ပစ်လိုက်ရင်းမှ ..

"အိမ်ရှေ့ ရောက်နေပြီနော် ငွေဝန်းလေး .. မောင့်ကို အူကြောင်ကြောင် လုပ်မလာနဲ့ .. ငွေဝန်းကို မောင် မခွဲနိုင်ဘူးဆိုတာ သိနေပြီးမှ .. ငွေဝန်းကို မောင် လက်ထပ်ပြီးနေပြီးမှ .. တစ်ခုခု .. နောက်ပြန်ဆုတ်တဲ့ စကားမျိုး ငွေဝန်း ပြောရဲရင် ပြောကြည့်လေ .. မောင် အိမ်ထဲကို မဝင်တော့ဘဲ လှည့်ပြန်သွားမယ် .. ဘာမှတ်လဲ၊

---

လွှမ်းဟားဟား
(ဆေးတက္ကသိုလ်)

ဝတ္ထုတိုစုစည်းမှုအမှတ်တရ



ဝတ္ထုတို ၁၀၀

ဝတ္ထုတိုပေါင်းချုပ်

---




ဒိုက .. မောင်
တဲ့သဘောပဲ၊
ဒီမှာနေမယ်၊
ထွက်သွားမယ်"
ါင်းမာရိပ်များ
ဆွဲ၍ ခြတ်ခါး
ာင် တစ်ချက်
မက ရှုပ်ထွေး
မှာကြည့်ရင်း

နှလုံးအိမ်ဆီမှ
ငွေဝန်းသာ၏
မ်းသည်ပါပဲ။
ာ ငွေဝန်းသာ
.. အရေးကြီး
၏ ဘဝမှာ ..
နိုးရသူတစ်ဦး

မဲ့တစ်ကောင်
ဦးလေးတော်
ဘွင် .. အခြိမ့်
သည့်ကြ ..
် လက်ခံပေး

www.burmeseclassic.com

www.burmeseclassic.com





ခု .. ငွေဝန်းကို ဒီနွေဦးမွန်ကို ခေါ်လာတာကိုက .. မောင်လက်ထပ်ထားတဲ့ မောင့်မယားကို .. ခေါ်လာတဲ့သဘောပဲ၊ ဖေဖေနဲ့ မေမေတို့ လက်ခံရင် .. မောင် .. ဒီမှာနေမယ်၊ လက်မခံရင် .. မောင် .. ဒီက .. အပြီး ထွက်သွားမယ်"

အသံတိတိပြတ်ပြတ်နိုင်နေလျက် ခေါင်းမာရိပ်များဖြင့် ပြည့်ဝနေသည်မို့ ငွေဝန်းသာ မောင့်လက်ကို ဆွဲ၍ ခြံတံခါးကြီးရှေ့မှ ဘေးဘီဘက်ဆီသို့ ဆွဲခေါ်လာတော့ မောင် တစ်ချက်မျက်မှောင်တွန့်၍ကြည့်သည်။ စိတ်ထဲ ရှုပ်ထွေးခြင်းမက ရှုပ်ထွေးလာနေကြပြီဆိုတာကိုလည်း မောင့် မျက်နှာကို မော့ကြည့်ရင်း ငွေဝန်းသာ သိနေရသည်ပါပဲ ..။

သြော် .. မောင်သည် .. ငွေဝန်းသာ၏ နှလုံးအိမ်ဆီမှ ကြေးမုံပြင် မဟုတ်ပါလားလေ။ မောင့်ပုံရိပ်တိုင်းကို ငွေဝန်းသာ၏ နှလုံးအိမ်နံနံမျှင်တို့က .. အစစ .. နားလည်နေနိုင်စွမ်းသည်ပါပဲ။ ဤသည်ကလည်း .. မောင့်ကို .. ချစ်လွန်း၍ဆိုတာ ငွေဝန်းသာ သိနေပါသည်။ မောင်သည် .. ငွေဝန်းသာအတွက် .. အရေးကြီးဆုံးသော မောင် .. ဖြစ်နေလျက် ..။ ငွေဝန်းသာ၏ ဘဝမှာ .. မရှိမဖြစ် .. အရမ်းကို .. မြတ်နိုးအားစွာ ချစ်မြတ်နိုးရသူတစ်ဦးလည်း ဖြစ်နေသည်မှာ အမှန်ပါ ..။

ဒါပေမဲ့ .. ငွေဝန်းသာသည် .. မိဘမဲ့တစ်ကောင်ကြွက် အဖြစ် ဘဝမှာ ရပ်တည်နေရသည့်အပြင် .. ဦးလေးတော်သူ ဘဘ ဦးအောင်မောင်း၏ လမင်းဝါဝါအငြိမ့်တွင် .. အငြိမ့်မင်းသမီးလေးတစ်ယောက်အဖြစ် ရပ်တည်နေရသည့်ကိုက .. မောင့်မိဘများအတွက် .. ချွေးမတစ်ယောက်အဖြစ် လက်ခံပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမှာကို .. အရမ်းဝန်လေးခက်ခဲနေကြချေမည်ဆိုတာ .. လောလောဆယ်မှာ ပို၍ သိသိလာနေသည် မဟုတ်ပါလား ..။

တက္ကသိုလ်ကျောင်းသားတစ်ယောက်အဖြစ် .. သိထားရလျှက် ..။ တန်သင့်ရုံမျှလောက်တော့ဖြင့် ငွေကြေးတတ်နိုင်ချေသည့် အလွှာလောက်ကပဲ ဖြစ်ပါသည်ဟု ထင်မှတ်စေလောက်အောင် ပြောဆိုခဲ့ပါသော မောင့်ကို .. ငွေဝန်းသာ ယုံကြည်မိခဲ့သည်မို့ ..။

ငွေဝန်းသာ၏ အငြိမ့်ပွဲတွေမှာ .. လာလာကြည့်တတ်ပါသည့် မောင့်ဖွဲ့နှင့် .. ချစ်မြတ်နိုးစွာ ချစ်ရှာပါသည့် မောင့် မေတ္တာကို .. ငွေဝန်းသာ မငြင်းရက်ခဲ့သည်မို့ .. ချစ်မြတ်နိုးအားကိုးမိရပါသည့် ချစ်ခြင်းများဖြင့် .. မောင့်ကို ချစ်ရသူအဖြစ်ရော .. တစ်နေ့တွင် လက်ထပ်ရမည့် ဘဝဖော်အဖြစ်ရော .. မှတ်ယူ၍ .. ချစ်ခဲ့ရသည်က ငွေဝန်း သာပါ ..။ ဒါပေမဲ့ .. လက်တွေ့မှာကျတော့ .. မောင်သည် .. အရမ်းကို ချမ်းသာသည့်သူတစ်ယောက် ဖြစ်နေသည်ဆိုတာ .. ခု .. ငွေဝန်းသာ ကိုယ်တိုင်ကြုံတွေ့ရချေပြီလေ။

"မောင့်ကို .. ငွေဝန်းသာ တစ်ခုပြောချင်တယ် မောင် .. ဒီနေရာနဲ့ သိပ်မလှမ်းတဲ့ နေရာလေးတစ်ခုခုကိုပဲဖြစ်ဖြစ် .. မောင် .. ခေါ်သွားပါလားဟင် .. အဲဒီနေရာရောက်ရင် .. မောင့်ကို .. ငွေဝန်း .. ပြောချင်တာလေးတွေ ပြောပါရစေ မောင် .."

ငွေဝန်းသာ ပြောလိုက်ပြီ မောင်၏ ခေါင်းမာသော မျက်ခုံးသည် ပို၍ တည်တင်းလာနေသော မျက်နှာထက်တွင်



ထင်းခနဲ ဖြစ်လာရပါပြီ ..။ မမှတ်မသုန် စိုက်ကြည့်နေသည့် မောင့် မျက်ဝန်းများ၏ စူးရှရှနှင့် တောက်ပစူးရှလွန်းနေသော အကြည့်ကို ကြာရှည် ငွေဝန်းသာ မော့ကြည့်ရန် အားမရှိ ..။ ခေါင်းလေး ငုံ့ချလိုက်မိရင်း မျက်ရည်ဝဲတက်လာရသည်ပါပဲ ..။ မောင့် လက်က ငွေဝန်းသာ၏ လက်လေးကို ပို၍ တင်းခဲနေအောင် ဆုပ်ပစ်လိုက်ကာ ..

"ဘယ်ကိုမှ မောင် သွားဖို့ စိတ်ကူးမရှိဘူး ငွေဝန်းလေး .. ဒီခြံတံခါးရှေ့မှာ ရပ်လိုက်ကတည်းက .. ဒီခြံထဲကို ဝင်ဖို့ ပဲရှိတယ် .. ဝေးတဲ့နေရာတစ်ခုကို .. သွားပြီး .. ဝန်းလေးနဲ့ စကားတွေ ထပ်ပြောနေဖို့အကြောင်းတွေ တစ်ခုမှ .. မောင့်ရင်ထဲမှာ မရှိဘူး .. မောင် လက်လဲမခံဘူး .. ငွေဝန်းလေး ဘာတွေပြောမယ်ဆိုတာ မောင် သိတယ် .. မဟုတ်တာတွေ ဘာမှ ခေါင်းထဲ ထည့်မထားနဲ့ .. ရင်ထဲမှာလည်း ထည့်မလာနဲ့ .. နှုတ်ခမ်းကလဲ ဖွင့်ချမလာနဲ့ .. အဲဒါတွေကို မောင် စောင့်နားထောင်ဖို့ စိတ်လဲမပါဘူး .. လက်လဲမခံဘူး .. ငွေဝန်း .. မောင့်ကို ကြည့်စမ်း .. မောင့် မျက်နှာကို မော့ကြည့်စမ်း .. ငွေဝန်းကို မောင် လက်ထပ်ထားခဲ့ပြီနော် .. တရားရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ထားခဲ့ပြီးပြီ .. အဲဒါကို မမေ့ပစ်ပါနဲ့ .. မေ့ပစ်လို့လဲ မရဘူး .."

မောင့် အသံတွေက ပြတ်သားနေသည်။ မျက်နှာထက်မှာလည်း ပြတ်သားရိပ်ပဲ ထင်သည် ..။ ငွေဝန်း ဘာပြောတော့မည်ဆိုတာကို သိနှင့်နေသည့်အလား ငွေဝန်း၏ မျက်နှာလေးကိုလည်း စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေဝန်းကို မောင် ချစ်တာ .. အရိပ်တကြည့်ကြည့်နဲ့ ချစ်တယ်ဆိုတာ မေ့လို့ဖြစ်တဲ့အရာမှ မဟုတ်ဘဲ ... အဲသလို ချစ်တယ်ဆိုတာကို .. ငွေဝန်း မေ့ပစ်လိုက်လို့ရမယ်များ မှတ်နေသလား .. ဒီလို အရိပ်တကြည့်ကြည့် ချစ်တဲ့သူဟာ သူ့ချစ်သူရဲ့ ရင်ထဲက စကားတွေကို ကြိုတင်သိနေတတ်တယ်ဆိုတာကိုလဲ မမေ့နဲ့ .. မောင့်ကို လှော့တွက်မယ်တော့ မကြံနဲ့ ငွေဝန်းလေး .. ဘာလဲ .. မောင့်ကို .. ဒီနေ့မှ လက်ထပ်ထားတာမို့ .. အဲဒီလက်ထပ်ထားတာကို .. နှစ်ဦးနှစ်ဖက် မေ့ပစ်လိုက်ကြပြီးတော့ .. ငွေဝန်းကလဲ .. ကိုယ့်အိမ်ကိုယ်ပြန် .. မောင်ကလဲ .. ဒီချမ်းသာမှုမှာပဲ .. နေမြဲနေ .. အဲသလို ပြောမလို့ မဟုတ်လား .. အဲဒါကို ပြောမလို့လား .. မောင် သိတယ် .. တော်ရုံပဲ စော်ကားပါ ငွေဝန်းလေး .. မောင် .. အဲသလောက် .. မောင့် အချစ်ကို ... ပြန်ပြီး မစော်ကားပါရစေနဲ့ .."

မောင့်စကားသံတိုင်းသည် .. ငွေဝန်းသာ၏ ရင်တွင်းဆီသို့ .. ချမ်းမြေ့စွာ .. တိုးဝင်လာသင့်ပါသည်လေ ..။ ငွေဝန်းသာကို အရမ်းသစ္စာရှိ မြတ်နိုးစွာ .. တန်ဖိုးထားစွာ ချစ်ပါသည့် မောင့် ချစ်ခြင်းများဆီမှ ပွင့်ကျလာသည့် စကားသံများပေမို့ .. ငွေဝန်းသာ၏ ရင်တွင်းမှာ .. လှပဖွေးဥနေသော ပန်းကုံးလေးများနှယ် .. သီလျက် .. ပန်ဆင်ထားအပ်သည့် အဖြစ်ပါ ..။ ဩော် ... နှလုံးအိမ်တွင် ပန်ဆင်ရပါသည့် ထိုအချစ်ပန်းကုံးလေးသည် .. ဘယ်သောအခါတွင်မျှ .. ညှိုးဖျော့နွမ်းကြွေချေမည် မဟုတ်တာမို့လည်း .. ပို၍ .. ပို၍ ... ကြည်နူးချမ်းမြေ့စွာ ..



ငွေဝန်းသာ သိမ်းဆည်းထားအပ်သည်ဆိုတာ သိပါသည်။ ဒါပေမဲ့ မောင်သည် .. ငွေဝန်းကြောင့် .. ရန်းကန်ရချေသော ဘဝကြီးထစ်ခုထဲသို့ .. မကြာမလင့်မီမှာ .. ရောက်ရှိရချေတော့မည်ဆိုတာ ကြိုတင်သိနင့်နေသည့် အသိတရားများကလည်း ရင်ကို .. ဖိဆီးခြောက်လှန့်နေကြချေလျက် ..။ ထိုသို့ .. ဖြစ်တည်ရချေသည်မှာလည်း .. မောင့်အချစ်များကြောင့် ..။ ဩော် .. ငွေဝန်းကိုမှ ချစ်မြတ်နိုးလွန်းပါသော အချစ်များကြောင့်ပင် ဖြစ်ချေသည်ဆိုတာ သိထားရချေသည်မို့ ..။ မောင့်ချစ်ခြင်းဆီမှ .. မွှေးပျံ့စွာ အေးမြချမ်းငြိမ်းစွာ .. ဖြစ်တည်လှာပါသည့် ချစ်စကားပန်းပွင့်လေးများကို .. ရင်တွင်းဆီသို့ အေးမြစွာလည်း မစီးဝင်စေရက် ..။ ဩော် .. မွှေးမြစွာလည်း ပန်းလေးတွေ မသီရက် ..။ နှလုံးအိမ် ဆီမှာလည်း .. ထာဝရအဖြစ် မပန်ဆင်ထားစေရက်နိုင်တော့ပါ မောင် ..။

မောင့်လက်ကို အတင်းကြီး ဆွဲဆုပ်၍ ခြံစည်းရိုးအုတ်ကာတန်းဘက်ဆီသို့ ငွေဝန်းသာ ဆွဲခေါ်တော့ မောင် ခေါင်းယမ်းသည်။ ခြံတံခါးဝမှာ ခြေစုံကြီး မောင် ရပ်မြဲရပ်နေတော့ ငွေဝန်းသာ မျက်ရည်ဝဲလာရင်းမှ ..

"အဝေးကြီးမှ မဟုတ်တော့တာဘဲ မောင်ရယ် .. ဒီခြံစည်းရိုး အုတ်ကာတန်းနေရာလေးလောက်တော့ မောင် .. လိုက်လာသင့်ပါတယ် .. ခဏလေးဖြစ်ဖြစ် .. မောင့်ကို .. ငွေဝန်း ပြောပါရစေ မောင် .. မောင့်ကို ချစ်လွန်းလို့ ပြောတယ်ဆိုတာ မောင် ယုံကြည်မယ်ဆိုရင် .. ဒီအကွယ် နေရာလေးလောက်ကိုတော့ မောင် လာသင့်ပါတယ် မောင်ရယ် .."

www.burmeseclassic.com

www.burmeseclassic.com



ခြံစည်းရိုးအုတ်ကာတန်းက လူတစ်ယောက်ထက် မြင့်သည်မို့ ငွေဝန်းသာ အတင်းခေါ်နေတော့ မောင် သက်ပြင်းရှိုက်၍ လိုက်လာခဲ့ပါ၏။ စိတ်ထဲကမပါမှန်းလည်း သိသာသည်။ မောင့်ကို ငွေဝန်း ချစ်သည့် အချစ်ကို ယုံကြည်လျှင် လိုက်လျောပေးဖို့ ပြောသည်မို့သာ မငြင်းဆန်သာသည်မို့ လိုက်လာမှန်းလည်း သိသာသည်ပါပဲ ..။

ခြံစည်းရိုးအုတ်တန်းနေရာ ရောက်တော့ ငွေဝန်းသာ မောင့် လက်ကို လွှတ်သည်။ မောင် ရပ်လျက် ကြည့်နေစဉ်ခိုက်မှာပဲ ခပ်ခွာခွာနေရာလေးမှာ ငွေဝန်းသာ ကုပ်ကုပ်ရုတ်ရုတ်လေး ထိုင်လိုက်တော့လည်း မောင် မျက်တောင်မခတ် လိုက်လိုက်ကြည့်နေသည်။

ငွေဝန်းသာ၏ လှုပ်ရှားမှုမှန်သမျှကို လိုက်လိုက်ကြည့်နေသည့် မောင့် မျက်ဝန်းများကို မော့ကြည့်ရင်ဆိုင်ရင်း ပြောရမှာကိုဖြင့် ... ပြောရမည့် စကားများကြောင့်ပင်လျှင် ငွေဝန်းသာ မဝံ့ရဲ ..။ ဒါပေမဲ့ .. မပြော၍ကလည်း မဖြစ်သည်မို့ ..

"မောင် ပြောခဲ့တယ်နော် .. မောင့် မိဘတွေဟာ .. ဗိုလ်ချုပ်ဈေးမှာ အထည်ဆိုင်ဖွင့်ထားတဲ့အဆင့်ပေမို့ .. အထိုက်အလျောက်တော့ ချမ်းသာရုံပဲ ရှိပါတယ်လို့ .. အဲသလို မောင် ပြောခဲ့တယ်နော် .."

ငွေဝန်းသာ မောင့်ကို မဝံ့မရဲလေး မော့ကြည့်မိတော့ ပြန်မဖြေဘဲ နှုတ်ဆိတ်ငြိမ်ကျရင်း ငုံ့မိုးငေးစိုက်နေသည့် မျက်ဝန်းများကို ဆုံသည်။ မျက်နှာသည် လုံးဝ တည်ငြိမ်လွန်းနေလျက် ..။



မောင် .. ရုတ်ခနဲ .. တစ်ခုခုကို .. ဖြတ်ပြောချချင်လည်း ဖြတ်ပြောလိုက်တော့မည့်နှယ်လည်း မောင့် မျက်နှာသည် အနည်းငယ် နီးမြန်းမြန်း ဖြစ်နေသည်။ မောင်သည် တည်ငြိမ်နေသော အကြည့်များဖြင့် ရှိနေလျက် .. စိတ်ထဲမှာ .. တစ်ခုခုကို .. တတ်နိုင်သမျှ ထိန်းချုပ်သိမ်းဆည်းထားနိုင်ဖို့ အနိုင်နိုင် ကြိုးစားနေသူတစ်ယောက်လည်း ဖြစ်နေသည်ဆိုတာ ထိုနီမြန်းမြန်း မျက်နှာကြောင့်ပင်လျှင် ငွေဝန်းသာ သိနေရသည်ပါပဲ ..။ တကယ်တော့ .. ငွေဝန်းသည်လည်း မောင့်ကို အရိပ်တကြည့်ကြည့်နှင့် ချစ်နေရသူပေပဲလေ ..။ မောင့်ခံစားမှုများကို ဖမ်းဆုပ်နားလည်နေရသူတစ်ယောက်အဖြစ် .. ငွေဝန်းသာသည့်လည်း .. ရှိနေရသည်ပါပဲ ..။

"ကိုယ်ပိုင်ခြံဝန်းကျဉ်းကျဉ်းလေးထဲမှာ .. တစ်ထပ်တိုက်ငယ်လေးတစ်လုံးနဲ့ .. မိသားစုသုံးယောက်တည်း နေရတယ်လို့လဲ .. မောင် ပြောခဲ့တယ်နော် .. မောင်နဲ့အတူ ပါလာတဲ့ မောင့်သူငယ်ချင်း .. ကိုဗလကလဲ .. ဟုတ်တယ်လို့ လိုက်ထောက်ခံခဲ့တယ် .. အဲဒါ .. မောင် .. ညာခဲ့တာပဲ .. အဲသလိုမှ မညာရင် .. မောင့် အချစ်ကို .. ငွေဝန်းသာ လက်မခံမှာစိုးလို့ဆိုတာ .. ခု .. မောင့်ချမ်းသာမှုကြီးကို မြင်လိုက်ရမှ .. သေသေချာချာ ငွေဝန်းသာ သိနားလည်ခဲ့ပါတယ် မောင် .."

ငွေဝန်းသာပြောပြီး မောင့်ကို ကြည့်တော့ ငွေဝန်းသာ ပြောသမျှတွေအားလုံး မှန်နေပါသည်ဟု ဝန်ခံသော အကြည့်များဖြင့် တိတ်ဆိတ်စွာ ငေးကြည့်မြဲကြည့်နေသည့် မျက်ဝန်းများနှင့် ဆုံရပြန်သည်။ ခုထိ မောင် ဘာမျှ ပြန်မပြောသေး ..။

www.burmeseclassic.com

www.burmeseclassic.com



"ငွေဝန်းတို့ရဲ့ ချစ်သက်တမ်း တစ်နှစ်ပြည့်တော့ .. မောင် .. ဘဘဦးအောင်မောင်းကို ခွင့်ပန်တယ် .. လက်ထပ်ပါရစေဆိုပြီးတော့ .. ဘဘကတော့ သဘောမျှပါတယ် .. မောင့်သိက္ခာကို ယုံတာကိုး .. ဒါပေမဲ့ .. ဒီနေ့မှာ .. ငွေဝန်းကို .. ခဏလိုက်ခဲ့ပါဆိုပြီး .. မောင် ဖြန်းစားကြီး တရားရုံးမှာ လက်ထပ်ဖို့ စီစဉ်ထားတော့ .. ငွေဝန်း အံ့အားသင့်ရတယ် .. မောင့် သူငယ်ချင်း ကိုဗလရော .. ကိုဥက္ကာရော .. အသင့်ရောက်နေကြတာမို့ .. ငွေဝန်း .. မောင့်ကို .. မငြင်းရက်ဘူး .. မောင် အရှက်ရမှာကိုလဲ ငွေဝန်း မပြုရက်ဘူး .. ဒါကြောင့် .. ငွေဝန်း မောင့်ကို လက်ထပ်ခဲ့တာပါ မောင် .. ဘဘဦးအောင်မောင်းတောင်မှ .. ဒီကိစ္စ .. မသိရှာသေးဘူး .."

ခုထိလည်း မောင် ဘာမျှ ဝင်မပြောသေး ..။

"အဲဒါ .. မောင့် မိဘများနဲ့ .. ငွေဝန်းကို .. ဘဘဆီမှာ စကားလာမြန်းဖို့ မဖြစ်နိုင်တာမို့ မဟုတ်လား မောင် .. ခု .. အဲဒါကို .. ငွေဝန်း သိပြီ .. သိနေပါပြီ မောင် .."

ဟု ပြောတော့လည်း မောင် ငြိမ်သက်စွာပဲ နားထောင်နေသည်။

နောက် .. ခေါင်းတစ်ချက်ညိတ်လိုက်သည်ကလည်း မောင်ပါ ..။ ဝန်ခံသည့်သဘော ..။ ငွေဝန်းသာနှင့် မခွဲနိုင်သည်မို့ .. ဤနည်းမှလွဲ၍ မောင့်မှာ ရွေးချယ်ရန် မရှိသည်မို့ .. ဤလမ်းကို ရွေးချယ်လိုက်ခြင်း ဆိုတာကိုလည်း မောင့်ကို .. ငွေဝန်းသာ နားလည်ရပါပြီ ..။



"အချိန်ရှိသေးတယ် မောင်"

ဖျတ်ခနဲ မောင့်အကြည့်က ငွေဝန်းသာ၏ မျက်နှာလေးထက်မှာ စူးရှတောက်ပစွာပဲ ကျရောက်လာပါပြီ ..။ ခံပြင်းရိပ်တစ်ခုကိုလည်း မောင့်အကြည့်တွေထဲမှာ ငွေဝန်းသာ တွေ့လိုက်ရပါ၏။

"ဘာအချိန်ရှိတာလဲ ငွေဝန်းသာ"

ဟု မောင် အော်လိုက်မည်လား ငွေဝန်းသာ လန့်သွားရပေမယ့် ..။ ထင်သလို မဟုတ်။ မောင်သည် ဘာကိုမျှ ဝင်မပြောလာ။ ဖြတ်မပြောလာ။ လုံးဝ နားထောင်သမားသက်သက် ဖြစ်နေသည်။

နောက်ထပ် ငွေဝန်းသာ ဘာတွေ ဆက်ပြောမွှာမည်ဆိုတာကို နားထောင်ဖို့ စောင့်ဆိုင်းပေးနေသည့်အသွင် .. ဒါပေမဲ့ .. မောင့် မျက်နှာသည် .. ပို၍ နီမြန်းမြန်း ဖြစ်လာနေသည်။ နှုတ်ခမ်းကို စေ့စေ့ပါအောင် ပိတ်ထားလျက် .. အရမ်းကို ငြိမ်ကျနားထောင်နေပါသည့်အဖြစ် ..။

"ငွေဝန်းက .. သာမန်အလွှာကပါ မောင် .. အငြိမ့်မင်းသမီးလေးတစ်ယောက်ပါ .. မောင်နဲ့ ငွေဝန်း လက်ထပ်လိုက်တာကို .. လူတွေ သူတွေလဲ မသိကြသေးပါဘူး မောင်ရယ် .. မောင့် သူငယ်ချင်းလောက်ပဲ သိတယ်ဆိုတာတောင်မှ ကိုဗလနဲ့ ကိုဥက္ကာတို့ပါ .. ပြီးတော့ .. သူတို့နဲ့ အတူ ပါလာတဲ့ ကိုတိုးနဲ့ .. ကိုချစ်တို့ပါ .. ဒီကိစ္စကို .. မောင်က .. အဲဒီအဖြစ်ကို .. မေ့ဖျောက်ပစ်လိုက်ပါပြီလို့ ပြောလိုက်ရင်လဲ .. သူတို့က .. ဘာမှ ကန့်ကွက်ကြမယ်

www.burmeseclassic.com



သူတွေ မဟုတ်နိုင်ကြပါဘူး မောင် .. ငွေဝန်း ဆန္ဒကြောင့် ဒီလက်ထပ်ခြင်းအဖြစ်တစ်ခုကို .. ဖျက်သိမ်းပစ်လိုက်ပြီလို့သာ မောင် ပြောလိုက်လို့လဲ ဖြစ်ပါတယ် .. မောင် .. ဘာလို့ စိတ်ကူးယဉ်နေချင်သလဲဟင် .. မောင့် မိဘက .. ဘယ်လိုနည်းနဲ့မှ ငွေဝန်းနဲ့ မောင့်ကို သဘောမျှမှာ မဟုတ်ဘူးဆိုတာကို .. မောင် သိနေပြီပဲ .. သိနေလို့လဲ .. ခုလို မောင် လက်ထပ်ခဲ့ရတာပေါ့ .. စကားမမြန်းခိုင်းရတာပေါ့ .. ငွေဝန်းဘက်က .. မောင့်ကို .. အရှက်မရစေချင်လို့ .. တရားရုံးမှာ ငြင်းပယ်ပြီး လက်မထပ်ဘဲ ပြန်သွားရင် .. ငွေဝန်းကြောင့် မောင် အရှက်ကြီးရှက်ရမှာကို .. ချစ်စိတ်နဲ့ တွေးရင်း လက်မှတ်ထိုးမိခဲ့လေသမျှ .. ခုမှ .. လွန်ခဲ့ပြီကောလို့ .. စိတ်ထဲ မကောင်းဖြစ်ရပါတယ် မောင်ရယ်၊ မောင့်ကို .. ဆင်းရဲတွင်းထဲ .. ဆွဲခေါ်သလိုတော့ ဖြစ်ရတော့မယ် .. မောင် .. ငွေဝန်းကို လက်ထပ်တဲ့အတွက် ဒီအိမ်ကြီးပေါ်က ဆင်းရလိမ့်မယ် မောင် .. ဒုက္ခမရှာပါနဲ့ မောင်ရယ် .. မောင် .. ငွေဝန်းကို မေ့ပစ်လိုက်ပါ .. မောင် တစ်ယောက်တည်း .. ဒီအိမ်ကြီးထဲကို ဝင်သွားပါ မောင် .. ငွေဝန်း .. ဒီက အငှားကားတစ်စီးနဲ့ ပြန်သွားလိုက်ပါ့မယ် .. ဒီကို .. မောင်နဲ့အတူ .. အငှားကားတစ်စီးနဲ့ အတူတူ ရောက်လာရတဲ့ ငွေဝန်းဟာ .. အငှားကားတစ်စီးနဲ့ .. ငွေဝန်း နေရာကို ငွေဝန်း ပြန်သွားတဲ့အတွက် .. ဘာမှ မထူးခြားလှပါဘူး မောင် .. မောင်သာ .. ဒီအိမ်ကြီးထဲက ထွက်ခွာခဲ့ရမှာကိုသာ ငွေဝန်း မကြည့်ရက်တာပါ .."



မျက်ရည်မကျအောင် ထိန်းရင်း ..။ ကိုယ့်ချစ်ခြင်းအားကို .. ကိုယ် ပြန်၍ နှိပ်စက်ရင်း တမြည့်မြည့်ကြေနေသည့် နှလုံးအိမ်ဖြင့် ရင်း၍ ပြောချနေရလေသမျှ .. အသံတွေ တိမ်မကျအောင် .. မပီမသမဖြစ်အောင် ဂရုတစိုက် ထိန်းရင်း ပြောနေရလေသမျှ .. ငွေဝန်းသာ၏ ရင်သည် ဟိုက်လျက် ရှိနေရပါပြီ။ အကယ်က .. တစ်ကိုယ်လုံးမှာ အားအင်တွေ မကျန်တော့သလိုယောင် ငွေဝန်းသာ ခံစားနေရပါ၏။

စကားဆုံးတော့ မောင့်ကို ငွေဝန်းသာ ထပ်မော့ကြည့်မိရပါပြီ ..။

ခြံစည်းရိုးအနားလေးမှာ ကုပ်ကုပ်လေး ညှိုးငယ်စွာ ထိုင်ရင်း ခပ်လှမ်းလှမ်းနေရာလေးဆီမှ ပြောနေပါသည့် ငွေဝန်းသာကို မောင် .. ခုထိ ဘာမျှ ပြောမလာသေး။ နောက်တော့ .. မောင် ငွေဝန်းသာထံ လျှောက်လာသည်။ ကိုယ်ကို ငုံ့ကိုင်းလိုက်ကာ ဆွဲထူသည်။ မောင့် မျက်နှာက အရမ်းကို တည်ငြိမ်နေ၏။

"ပြောပြီးပြီ မဟုတ်လား .. ကဲ .. အိမ်ထဲ ဝင်ကြရအောင် .. နောက်ထပ် .. အချိန်ကုန်ခံပြီး .. ပြောဖို့လဲ မကြိုးစားနဲ့တော့ .. နားထောင်ပေးနေရတာ .. အချိန်တွေ အလကားကုန်နေပြီကွ .. သိရဲ့လား .. လူတွေဟာ .. တခြားလူကို လိမ်လို့ရတယ် .. ကိုယ့်နှလုံးသားကို ဘယ်တော့မှ လိမ်လို့မရဘူး .. မင်းသာ .. ကိုယ့်နှလုံးသားကို ကိုယ်ပြန်လိမ်ဖို့ ကြိုးစားနေတာ .. စိတ်ကူးယဉ်နေတာ .. မောင်ကတော့ ကိုယ့်အချစ်ကို .. ကိုယ့်နှလုံးသားကို .. ဘယ်တော့မှ မလိမ်ဘူး ငွေဝန်းသာ .. မောင်ဟာ .. အချစ်ရူး တစ်

www.burmeseclassic.com



ယောက် မဟုတ်ဘူး .. အဲဒါကို သိထား .. စော်စောက ငွေဝန်းသာ ပြောနေတဲ့ စကားတွေက .. အချစ်ရှူးတစ်ယောက်ကို ပြောပြဖျောင်းဖျနားချယူဖို့ ကြိုးစားနေတဲ့ စကားမျိုးဖြစ်နေတယ် .. မောင်က .. မင်းကို အရူးအမူး ချစ်တာတော့ မှန်တယ် .. တမြတ်တနိုး ချစ်တာလည်း မှန်တယ် .. ဒါပေမဲ့ .. အချစ်ရူးတစ်ယောက်လို မဟုတ်ဘူး .. တန်ဖိုးထားပြီး ချစ်တာ .. တန်ဖိုးထားပြီး ချစ်တဲ့ နေရာမှာ .. မင်း ရှိတယ် ငွေဝန်းသာ .. မောင့်အချစ်ရဲ့ တန်ဖိုးကို မင်း .. မစော်ကားမိပါစေနဲ့ .. ကဲ .. အိမ်ထဲ ဝင်ကြမယ် .. နောက်ထပ် .. ဘာစကားမှ .. ထပ်ပြောဖို့ မကြိုးစားနဲ့ .. မောင် အကြာကြီး နားထောင်ပေးခဲ့ပြီးပြီ လုံလောက်ပြီ .. ခု .. ဖေဖေနဲ့မေမေ့ကို ... မောင့်ဘဝ ဖော်နဲ့ တွေ့ပေးဖို့အတွက် .. မောင် လာခဲ့တယ် .. သူတို့ လက်ခံတာ လက်မခံတာ .. သူတို့အပိုင်း .. သူတို့ရဲ့ လွတ်လပ်ခွင့်ပဲ .. မောင်ကလည်း ... မောင် ချစ်တဲ့သူနဲ့ မောင် လက်ထပ်ပြီးပြီ .. ဒါ .. မောင့်အချစ်ရဲ့ .. ပိုင်ခွင့်ပဲ .. လာခဲ့ .."

ဤတစ်ကြိမ်တွင်တော့ ပြင်းသားစွာ ပြောပါသည့် မောင့်စကားနှင့် ပြတ်သားစွာ ခပ်တင်းတင်း မလွတ်တမ်း ဆွဲဆုပ်ခေါ်လာပါသည့် မောင့် လက်များကို .. ရုန်းမဖယ်သာ နိုင်စွာဘဲ .. ငွေဝန်းသာ .. မျက်ရည်ဝဲလျက် မောင့်နောက်ဆီသို့ ပါလာရပါပြီ ..။ ငွေဝန်းသာကို .. မောင် အဘယ်မျှထိ ချစ်မြတ် နိုးသည်ဆိုတာ ငွေဝန်းသာ သိပါသည် မောင် ..။ သိသည်နှင့်



အမျှ .. မောင့်ကို သနားရစိတ်များဖြင့် မျက်ရည်ဝဲလျက် လိုက် လာရသည် ..။ မောင်သည် .. မကြာမလင့်မီမှာ .. နွမ်းပါသော ဘဝတစ်ခုတွင်းဆီသို့ .. ရောက်ရှိသက်ဆင်းရချေတော့မည်။ မောင့်အနာဂတ်အတွက် .. ရင်ကျိုးရ .. ကြေကွဲရ၍ပါ မောင်။ ဘာကြောင့် .. မောင်သည် .. သာမန်လူတစ်ယောက်အဖြစ် .. ဟန်ဆောင်လျက် .. ငွေဝန်းသာ၏ ဘဝတွင်းဆီသို့ .. စတင် ရောက်ရှိလာရပါသတဲ့လဲ မောင် ..။ ငွေဝန်းသာကို ချစ်မြတ်နိုး လွန်း၍ ထိုဟန်ဆောင်မှုတစ်ခုကို .. မောင် .. ဖြစ်တည်စေခဲ့ သည့်အတွက် .. မောင် ပေးဆပ်ရမည့် အရာသည် .. မောင့် ကြွယ်ဝချမ်းသာမှုများနှင့် မောင့်မိဘများ ဖြစ်နေသည်ဆိုတာ .. ငွေဝန်းသာ သိနေလျက် ..။ မျက်ရည်ကျလာရပါသည်ကော မောင် ..။

သြော် .., နွေဦးမွန်၏ ခြံဝင်းတံခါးကြီးကို အဖွင့် ခိုင်းနေသည့် မောင့်အသံ။ တံခါးကို ပြေးလာဖွင့်ပေးပါသည့် ဦးကြီးတစ်ယောက်နှင့် အကဲခတ်သည့်နှယ် ကြည့်နေပါသည့် အကြည့် ..။

မောင့်လက်တွေ ဆွဲဆုပ်ထားပါသည့် ငွေဝန်းသာ ၏လက်ကို ရုပ်နိုင်ဖို့ ငွေဝန်းသာ ကြိုးစားပေမယ့် မအောင်မြင်နိုင် ဘဲ ရှိခဲ့ရသည်က .. မောင်၏ ပို၍ တင်းနေအောင် ဆွဲဆုပ်ထားမှု ကြောင့်ပါ ..။

နွေဦးမွန်၏ သံပန်းခတ်ခြံဝင်းတံခါးကြီး အပွင့်မှ ဝင်လာရစဉ်ခိုက် တုန်လှုပ်ကြေကွဲစွာ .. ကြွေသက်လာပါသည့် မျက်ရည်စက် ..။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်ရည်စက် ကျဆင်းမှုသည် ‥ နှောင်အနာဂတ်တွင် ‥ ကိုယ့်မျက်ရည်စက်ကို ‥ ဖြတ်နင်းလျှောက်လှမ်းရချေမည့်ဘဝခရီးတစ်ခု၏ အစအဦးအဖြစ် နိမိတ်ဖြစ်တည်ခဲ့ခြင်းများ ဖြစ်ချေသည့်လားမသိ ‥။

ရင်သည် ‥ တုန်လှုပ်ခြင်းနှင့်အတူ ‥ ပန်းဟိုက်ရပါချေသည်တည့် …။

* * *



## အခန်း(၂)

လှပသော ဥယျာဉ်ကျယ်ကျယ်ကြီးသည် ‥ ပန်းတို့၏ အရှင်သခင်အဖြစ် ငွေဝန်းသာကို လှမ်းကြည့်ရင်း လိုက်လှဲစွာ ကြိုလင့်နေသည်ဟု ထင်မိရ၏။ ပန်းတို့၏ အလှက အရှိမ်းကို ငွေဝန်းသာ၏ ရင်ကို အေးမြနေစေသည်မှာလည်း အမှန်ပါ ‥။ ပါပေမဲ့ ‥ ပေါ်တီကိုမြင့်မြင့်ကြီးနှင့် အဖြူရောင်နှစ်ထပ် အဆောက်အဦမြင့်မြင့် ကျယ်ကျယ်ကြီးကို ‥ လှမ်းမျှော်ကြည့်မိလိုက်ရသည်နှင့်ပဲ ‥ အေးမြသော ကြည်မွေ့မွေ့ ခံစားမှုများသည် လွင့်ခနဲပျောက်သွားလျက် မျက်ရည်ဖြိုင်ကျရချေတော့မည့် ဆိုးဝါးသော အဖြစ်တစ်ခုသည် ကြောက်မက်ဖွယ် စောင့်လင့်လျက် ရှိနေချေပြီဟု အလိုလို သိလာနေရသည်က ငွေဝန်းသာပါ ‥။ ရင်ထဲမှာ လေးလံလွန်းနေသည်။ ခြေအရွေ့သည် အားအင်မရှိတော့သည့်နှယ် ဖြစ်လာရပါ၏။ မောင် ‥ တစ်ချက် ငွေဝန်းသာကို စောင့်ခေါ်သည့်နှယ် ခြေလှမ်းကို တန့်ပစ်လိုက်သည်။ မောင့် လက်တော့ ခေါ်သူ့နောက်ဆီသို့ ခြေလှမ်းလေးတွေ မလိုက်နိုင်တော့သည့်နှယ် ဖြစ်နေသည်ကိုးလေ ‥။

www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်တယ် ဆိုတာ .. ကာယကံရှင် နှစ်ယောက်ရဲ့ ဘဝအစပေပဲ ငွေဝန်းလေး .. မောင့်မိဘတွေ သဘောတူခြင်း မတူခြင်းဆိုတာက .. မောင်တို့ရဲ့ ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်နိုင်တဲ့အထိ ဖြစ်တည်လာနိုင်စရာ မရှိဘူး။ အဲဒါကို ခေါင်းထဲမှာ ထည့်ထား .. ရင်ထဲမှာ ယုံကြည်ထား .. ခြေလှမ်းတွေကို အားအင်ရှိသူ တစ်ယောက်လို ခပ်ရဲရဲ လျှောက်ပစ်လိုက် .. ကြားရဲ့လား"

ဟု မောင် ခေါင်းငုံ့ပြောနေတော့ မျက်လွှာလေး တွင်တွင်ကျ၍ ငွေဝန်းသာ မျက်ရည်ဝဲရင်း ငြိမ်သက်နေရသည်ပါပဲ။

ထူထဲသော မျက်တောင်ရှည်ကော့ကော့တွေကို အပေါ်ဆီးမှ မြင်နေရသည်မို့ မျက်ရည်စလေးတွေ စို့နေသမျှ .. မျက်တောင်လေးတွေမှာ စိုစွတ်နေကြလေသမျှကို မောင်လည်း မြင်ရမည်ပါပဲ ..။ ဒါပေမဲ့ .. မောင်သည် .. ခြေလှမ်းကို ရဲဝံ့စွာပဲ ရှေ့သို့ ဆက်လှမ်းပြန်ချေသည်မို့ ငွေဝန်းသာ မောင့်ဘေးမှာ ကလေးလိုပဲ ခေါင်းလေးငုံ့လိုက်လာရပါ၏ ..။

မောင်သည် .. ငွေဝန်းသာကို လက်ထပ်ခဲ့ပြီဆိုတာ ဤနွေဦးမွန်မှာ ပထမဆုံး စတွေ့ရပါသည့် ခြံစောင့်ဦးကြီးကို ပင် မပြောပြခဲ့ ..။

"ဖေဖေနဲ့ မေမေ ရှိနေလား ဦးညို .."

ဟုသာ မေးသည်။ မောင်သည် မောင့်မင်္ဂလာသတင်းကို မောင့်မိဘများကိုသာ ပထမဦးစွာ အသိပေးချင်ပုံရပါ၏။ ဦးညို ခေါင်းညိတ်ပြခဲ့သည်ကို မြင်လိုက်ကတည်းက ပို၍ ငွေဝန်းသာ ရင်ထဲ ထိတ်နေရ ..။ ပို၍ ချောက်ချားအားငယ်နေရသည်



ပါပဲ ..။ သတို့သား မောင့်လက်ကို ဆွဲကိုင်၍ ငွေဝန်းသာသည် သတို့သမီး ပူပူနွေးနွေးလေးအဖြစ် မောင့်ဘေးမှာ မောင့်ဇနီးတစ်ယောက်အနေဖြင့် လိုက်လာရပေမယ့် .. ရင်ထဲမှာ ကြည်မွေ့ရင်းမျှော်လင့်ခြင်းများဖြင့် တောက်ပသော ဘဝခရီးကို လျှောက်လှမ်းဖို့ အားမာန်များဖြင့် ပြည့်ဝနေသူတစ်ယောက်အဖြစ် ရှိမလာနိုင်စွမ်း ..။ ကြိုတင်သိနှင့်နေရပြီဖြစ်သည့် အဖြေတစ်ခုကို .. ကြေကွဲအားငယ်စွာ စောင့်ဆိုင်းနားထောင်ဖို့ သက်သက်အတွက် ဤနွေဦးမွန်သို့ မောင်နှင့်အတူ ရောက်လာရခြင်းဆိုတာ မိမိဘာသာ သိနေရခြင်းလောက် ကြေကွဲဖွယ်မရှိ ..။ ရင်နာဖွယ် မရှိ ..။ ဤအဖြစ်သည် .. ဘဝတစ်လျှောက်လုံးမှာ ဘယ်လိုမှ မေ့ဖျောက်ယူနိုင်စွမ်း မရှိနိုင်သည့်နေ့တစ်နေ့အဖြစ် မလွဲဧကန် ရှိနေချေတော့မည်ဆိုတာ ငွေဝန်းသာ ကြိုတင်သိနှင့်နေပြီးပါပြီ။ မှန်တံခါးရွက်ကြီးတွေ စေ့ပိတ်ထားရာ အိမ်အဝင်တံခါးမကြီးသို့ ရောက်တော့ ငွေဝန်းသာ အတင်းဖွတ်တိုး၍ ရပ်ပစ်လိုက်မိရပါပြီ။

"ငွေဝန်း ဒီအပြင်မှာပဲ ရပ်စောင့်ပါရစေ မောင်ရယ် .. အထဲကို .. မောင်တစ်ယောက်တည်း အရင်ဝင်လိုက်ပါလား ဟင် .. ငွေဝန်း ကြောက်လို့ပါ မောင်"

ဟု ရင်ထဲ အရမ်းကို အားငယ်နေရရင်း အထဲဝင်ဖို့ ဝန်လေးနေရလေသမျှ ဖွင့်ဟပြောမိတော့ မောင် တည့်မတ်စွာပဲ ငွေဝန်းကို ကြည့်သည်။ ထုံးစံအတိုင်း မောင့် မျက်ဝန်းတွေမှာ ခေါင်းမာရိပ်ကို မြင်ရသည်ပါပဲ ..။ နောက်ဆုတ်မည်မဟုတ်သည့် သူတစ်ယောက်၏ ပြတ်သားရိပ်သည်လည်း မောင့်မျက်နှာထက်မှာ ထင်းထင်းပပ ..။ မောင့်အသွင်က ပကတိ တည်ငြိမ်နေသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အမှု .. ငွေဝန်းမှာသာ တုန်လှုပ်အားငယ်ခြင်းများဖြင့် အရှမ်းကို ထိန်းမရနိုင်လောက်အောင် စိတ်အားငယ်ရ .. တစ်ကိုယ်လုံး တုန်လှုပ်စပြုလာရနှင့်ပါ ...။ တုန်ခါနေပြီဖြစ်သည့် ငွေဝန်းသာ၏ လက်လေးတွေကို မောင်သည်လည်း ထွေးဆုပ်ထားသည်မို့ ..။ အဘယ်မျှထိ ငွေဝန်းသာ စိတ်တွေ လှုပ်ရှားချောက်ချားနေပြီ ဆိုတာ သိနေမည်သာ ..။ ခေါင်းမာရိပ်များဖြင့် ထင်းနေသည့် မောင့် မျက်ဝန်းတွေမှာ ကြင်နာရိပ်များနှင့် ချစ်မြတ်နိုးရိပ်များက တိုးဝင်လာကြပါ၏။ မောင် .. ငွေဝန်းသာကို သနားစိတ်ဖြင့် အတန်ကြာ ငုံ့မိုးငေးစိုက်ကြည့်နေသည်။ နောက်တော့ ခေါင်းယမ်း ပြပါ၏။ မောင်သည် ဤသို့သော မောင်ပါပဲလေ ..။ ဘယ်တော့မှ နောက်ဆုတ်မည့် မောင် မဟုတ်။

"တံခါးရှေ့ ရောက်နေပြီ မောင့်ငွေဝန်းလေးရဲ့ .. ငွေဝန်းကို အထဲခေါ်သွားဖို့ တစ်ခုပဲ ကျန်တော့တယ် .. မောင်က .. ငွေဝန်းကို ဒီအပြင်ဘက်မှာ ချန်ထားခဲ့ပြီး .. တစ်ယောက်တည်း အိမ်ထဲကိုဝင် .. မောင် လက်ထပ်လိုက်ပြီ ဆိုတဲ့သတင်းကို .. ပြောရမယ် .. ဟုတ်လား .. အခွင့်ကျွမ်းမသိ၊ ချစ်သင့်မှတ်ပြီး မသိ .. မောင်ပဲ ကိုယ်ယူ .. ကိုယ် ရှာပြီ .. လို့ပြော .. ဟုတ်လား .. အခိပ္ပာယ် မရှိလိုက်တာကွာ .. နိမိတ်မရှိလိုက်တာ .. မောင်က .. မောင့်မယားလက်ကို လက်တွဲဖြုတ်ပြီး အထဲဝင်မယ်များ မှတ်လား .. ဝင်လဲ အတူဝင်မယ် .. နေဖြစ်ရင်လဲ အတူနေမယ် .. နေခွင့်မရလို့ .. ထွက်ခဲ့ရရင်လဲ .. အတူထွက်မယ် .. ကိုယ် လက်ထပ်ထားတဲ့ မိန်းမကို အပြင်မှာ ထားခဲ့ပြီး မိဘကို အရင်သွားတွေ့ .. အခြေအနေ အကဲခတ်ပြီးမှပြော .. အဲသလို လုပ်မယ်များ မှတ်နေလား။



မပြော်းသားတဲ့ လူတွေသာ အဲသလိုလုပ်တာ ငွေဝန်းသာ.. ကဲ .. အထဲဝင်ကြမယ်"

ဟု ပြောတော့ မောင့်ကို အတင်းခေါင်းလေးယမ်းပြလျက် ခွတ်တိုး၍ လက်အုပ်ချီကာ ..

"ငွေဝန်း မလိုက်ပါရစေနဲ့ မောင်ရယ် .. ငွေန်း ကြောက်သိနေလို့ပါ .. မောင့်ကို သနားလို့ပါ မောင်ရယ် .. မောင် .. မကြာခင် စိတ်ဆင်းရဲစရာတွေကို ကြုံတွေ့ရတော့မှာ .. အဲဒါကို ငွေဝန်း သိနေလို့ပါ .. မောင့်ကို သနားစိတ်နဲ့ မကြည့်ရက်လို့ပါ မောင် .."

ဘယ်လိုပဲ ပြောပြော ..။ မောင်ကတော့ မရ ..။ ငွေဝန်း၏ လက်လေးကို မလွှတ်တမ်း ဆုပ်ကိုင်ဆွဲခေါ်ရင်း အိမ်တံခါးရွက်ကြီးကို တွန်းဖွင့်ဝင်လာတော့ ဧည့်ခန်းသည် လူသူရှင်းနေ၏။

နီလာရင့်ရောင် သားမွေးကော်ဇောကြီးသည် ဧည့်ခန်းပြည့်မျှ ရှိနေသည်။ သပြေသီးမှည့်ရောင် စန္ဒရားကြီးက ဧည့်ခန်းထောင့်မှာ တောက်ပစွာ နေရာယူထားပါ၏။ မီးပန်းဆိုင်းကြီးများက ဧည့်ခန်းဆောင်ကျယ်ကြီးမှာ ခြောက်ခုမျှ လှပစွာ နေရာယူထားကြသည်က .. လှပသော ပန်းကနုတ်ထွင်း မျက်နှာကြက်နေရာများမှာပါ ..။ လှပသော ပန်းချီကားချပ်များသည် ငွေဘောင်ကွပ်များဖြင့် အပြာနုရောင် နံရံများမှာ နေသားတကျ .. လှလှပပ နေရာယူထားကြလျက် ..။ အိမ်၏ အရှေ့ဘက်နံရံများမှာတော့ မိသားစုပန်းချီကားချပ်ကြီးများသည် ဘိုးဘွားစဉ်ဆက်လိုက် ချိတ်ထားသည်ဟု ငွေဝန်းသာ နားလည်လိုက်မိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်တွေမှာ ကျွန်းသားပန်းကနုတ်ထွင်း ပန်းတင်ခုံများရှိနေလျက် အဖြူရောင် ဖွေးဆုပ်ဆုပ် နှင်းဆီပန်းများ ထိုးထားပါသည့် ငွေပန်းအိုးကြီးများ ရှိနေသည်။

ကျွန်းသားပန်းကနုတ်ထွင်း ဆက်တီစားပွဲ လှလှကြီးနှင့် နီလာရောင် ကတ္တီပါဖုံး ဆိုဖာထိုင်ခုံကြီးများက တောက်ပသော အသွေးများဖြင့် ရှိနေကြပါ၏။ ငွေထည်လက်ရာများ ထည့်ထားရာ မှန်ဗီရိုကြီးများ ..။ ငွေဖြင့် ကွပ်ထားပါသော ဆင်စွယ်တစ်စုံနှင့် ဆင်စွယ်တင်ခုံတစ်ခု ..။ ကျယ်လွန့်သော ဧည့်ခန်းဆောင်ကြီးဆီမှ အပေါ်ထပ်ဆီသို့ တက်ရာ လှေကားကြီး သည်ပင်လျှင် စတီးလ်ကာတန်းများဖြင့် လှလှပပ .. ခွေခွေဝိုက်ဝိုက်နှင့် ရှိနေကာ .. လှေကားကြီးကိုက .. သေးငယ်ငယ်မဟုတ်။ ကျယ်ပြန့်ပြန့်နှင့် လှလှပပကြီး ရှိနေလျက် လှေကားထစ်များမှာ လှေကားထစ်ခင်း အနီရောင်ကော်ဇောကြီးကို ခင်းထားသည် ..။

ဟိုကြည့်သည်ကြည့်နှင့် ငွေဝန်းသာ၏ ခံစားမှုတွေက .. ပို၍ ချောက်ချားအားငယ်ခြင်းများ ပိတ်ဖုံးလာနေကြပါပြီ။ ငွေဝန်းသာသည် .. ခြံဝတွင် အားငယ်စိုးရွံ့နေသော စောစောက ငွေဝန်းသာနှင့်ပင် မတူနိုင်တော့ပြီ ..။ ပို၍ သေးနုတ်သိမ်ငယ်သော ငွေဝန်းသာအဖြစ် .. ပို၍ ပို၍ .. ခံစားလာရပါသည့်အဖြစ်။ အခန်းကျယ်ကြီးထဲမှာ ငွေဝန်းသာသည် တဖြည်းဖြည်း သေးငယ်ခြင်းမက သေးငယ်သော အရာဝတ္ထုပစ္စည်းတစ်ခုအဖြစ်သို့ပင် ပြောင်းလဲလာနေရသည်သို့ ခံစားလာနေရပါပြီ ..။

ပိုးခန်းဆီးကာထားသော တံခါးတစ်ဖက်ဆီမှ စကားပြောသံတိုးတိုးကို ကြားနေရသည်မို့ မောင် တစ်ချက် ငွေဝန်းကို ငဲ့ကြည့်လာစဉ်ခိုက် ...



"မောင့်မိဘများ .. ထမင်းစားနေကြတယ် ထင်ပါတယ် မောင် .. အဲဒီအထိတော့ ငွေဝန်း လိုက်မဝင်ပါရစေနဲ့ မောင်ရယ် .. ငွေဝန်း .. ဒီကပဲ စောင့်ပါရစေ .. နော် .. မောင် တစ်ယောက်တည်းပဲ .. အဲဒီကို သွားလိုက်ပါ မောင်ရယ် .."

ဟု ခယယယ တောင်းပန်တော့ မျက်နှာလေး ညှိုးဖျော့ငယ်ကျနေသည့် ငွေဝန်းသာကို မောင် အတန်ကြာ ငေးစိုက်ကြည့်ရာမှ သက်ပြင်းရှိုက်လိုက်ပါ၏။ တစ်ကိုယ်လုံး သိသိသာသာ တုန်နေရှာပြီဖြစ်ပါသည့် ငွေဝန်းသာကို ဤတစ်ကြိမ်မှာတော့ မောင် ဖွတ်ဖွတ်ဆိုး၍ အတင်းလက်ဆွဲခေါ်သွားရမှာကို သနားစိတ်ဖြစ်လာပုံဖြင့် ငွေဝန်းသာ၏ ဆံစလေးတွေကို ခပ်ဖွဖွ သပ်ပေးကာ ..

"စိတ်ကို ထိန်းထားရမယ်နော် .. ကဲ .. ဒီမှာခဏထိုင်နေ .. မငိုရဘူးနော် .. မျက်ရည် မကျရဘူးနော် .. ဒီနေ့ဟာ မောင်တို့ မင်္ဂလာဦးနေ့ဆိုတာ မမေ့နဲ့ .. မောင့်မင်္ဂလာနေ့ကို မျက်ရည်နဲ့ အစပျိုးလိုက်ရတာမျိုး မောင် မလိုလားဘူး .. တစ်ခုတော့ မောင့်ကို ကတိပေးရမယ် .. ငွေဝန်း ဒီအခန်းထဲက ထွက်မသွားပါဘူးလို့ .."

ဟု မောင် ပြောလာတော့လည်း မျက်ရည်မကျအောင် ကြိုးစားထိန်းယူရ .. အားယူပြုံးပြရနှင့် ငွေဝန်းသာ ရှိုက်သွားရရင်းမှ ..

"စိတ်ချပါ မောင်ရယ် .. ခုလို .. ငွေဝန်းကို ဒီမှာထားပေးခဲ့တဲ့အတွက် မောင့်ကို ကျေးဇူးတင်လှပါပြီ .. ငွေဝန်း .. ခုလို ဖြုန်းစားကြီး အစိမ်းသက်သက်ကြီး .. မောင့်မေမေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မမေ့ကို .. တွေ့လိုက်ရမှာ ရင်ထဲ .. အားနာတယ် မောင် ..”

ဟု ပြောတော့ မောင် .. နဖူးလေးကို ဖွဖွနမ်းလာပါ၏။ ဆံစလေးကိုလည်း ဖွဖွသပ်ပေးပြန်သည်။ ငွေဝန်းသာကို ဆိုဖာထက်မှာ ထိုင်ခိုင်းတော့ ငွေဝန်းသာ မထိုင်ရဲသည်မို့ ကြမ်းခင်းကော်ဇောလှလှကြီးပေါ်မှာပဲ ဖွတ်တိုးထိုင်တော့ မောင့် စိတ်မကောင်းသလို စိုက်ကြည့်ရင်းမှ ..

“လုပ်ပုံ မဟုတ်သေးဘူး ငွေဝန်းလေးရဲ့ .. ဒီအပေါ်မှာ ထိုင်မှာလား .. မထိုင်ဘူးလား .. မထိုင်ရင်တော့ စိတ်တွေ ပြန်ပြောင်းသွားရလိမ့်မယ် .. ထမင်းစားဆောင်ထဲကို .. ငွေဝန်းလေးကိုပါ မောင် ခေါ်သွားရလိမ့်မယ်နော် ..”

ဟု ပြောတော့လည်း ကြောက်ကြောက်နှင့် ဆိုဖာထက်မှာ ခပ်ရိုရိုထိုင်ရှာသည်က ငွေဝန်းသာပါ ..။ နောက်တစ်ကြိမ် မောင်သည် .. ငွေဝန်းသာ၏ ဆံစလေးများကို သပ်ပေးပြန်လျက် နဖူးပြင်လေးကို သနားစိတ်ဖြင့် တမြတ်နိုးနိုး နမ်းလာပါ၏။ ငွေဝန်းကို မောင်အားပေးပြုံး ပြုံးပြသည်။ မျက်ခုံးကိုပင့်၍ ..

“ကတိကို မမေ့ရဘူးနော် မောင့်ငွေဝန်းလေး .. အပြင်ကို တစ်ယောက်တည်း ထွက်မသွားဘူးဆိုတဲ့ကတိ .. အဲဒီကတိကို ငွေဝန်း ဖျက်ရင် .. မောင် .. ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ ကြိုအသိပေးထားပါရဲ့ .. စောစောက မောင် ဘာပြောထားခဲ့သလဲ ... တူတူနှစ်ယောက်တွဲရင်း ဝင်မယ် .. ထွက်ရင်လဲ .. နှစ်ယောက်တူတူထွက်မယ် .. မောင်တို့ .. ဘယ်တော့မှ .. ခွဲခွဲခွာခွာ မရှိစေရဘူး ..



ဘာနိမိတ်မျိုးမှ .. ဒီနေ့မှာ မောင်ကို့နှစ်ယောက် ကြားမှာ မဖြစ်လာစေရဘူးနော် .. အဲဒါ .. မောင်လေးလေးနက်နက် ထားတဲ့ကတိစွဲ .. မောင်မပါဘဲ ဒီကထွက်သွားလိုက်တယ် ဆိုရင် .. မောင့်ကို .. ချန်ခဲ့သလိုကြီး ဖြစ်သွားလိမ့်မယ် .. နားလည်ရဲ့လား ..”

ဟု ထပ်၍ ပြောလာတော့ မောင့်မျက်နှာကို မော့ခနဲ ငေးကြည့်မိရပါပြီ ..။ သြော် .. မောင်သည် .. ငွေဝန်းနှင့် မောင်တို့၏ မင်္ဂလာနေ့ကို အရမ်းမြတ်နိုးစွာ တန်ဖိုးထားသည် ဇ .. အစွဲအလမ်းတစ်ခုကိုပင် ပိုက်ထားသည့်နှယ်ပါတကား ..။ လက်တွဲကို့လုံးဝ မဖြုတ်စတမ်းဆိုသည့် အစွဲတစ်ခုဖြင့် ဤနေ့ဦးမွန် သို့ ငွေဝန်းသာကို လက်တွဲခေါ်ဆောင်လာခြင်းပေပဲလေ ..။

မောင့်ကို ပို၍ ချစ်မြတ်နိုးရ ..။ သနားရနှင့် ငွေဝန်း မျက်ရည်သာ လည်လည်တက်နေရပါ၏။ ဒါပေမဲ့ .. မောင့်ကိုတော့ .. ကတိတည်ပါမည်ဟု ခေါင်းလေး တညိတ်ဖြင့် အဖြေပေးလိုက်ရပါပြီ ..။ ငွေဝန်း .. ဤညှော်ခန်းဆောင်ဆီမှ လုံးဝ အပြင်သို့ မထွက်ပါဆိုသောကတိ ..။ ဤကတိကို .. ငွေဝန်း တည်ရပါမည် ..။

ထိုအခါမှ .. မောင် စိတ်ချလက်ချပုံဖြင့် ခန်းဆီးစကို ဖွစ်ဟ၍ တစ်ဖက်ခန်းဆီသို့ ဝင်သွားသည်ပါပဲ ..။ ဆိုဖာလေး ထက်မှာ ငွေဝန်းအားကိုးရာအဖြစ် ကိုယ့်လက်မောင်းလေးတွေပဲ အားပြုလျက် .. ကျစ်နေအောင် လက်လေးကို ပိုက်ထားရင်း ခုန် နေသည့် နှလုံးအိမ်ကို ထိန်းချုပ်ထားနိုင်ဖို့ ကြိုးစားရင်း ကျန်ခဲ့ ပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဟော .. သား .. ထမင်းစားပြန်တာ နောက်ကျလာတာ ကောကွယ်.. ဒေါ်ဥရေ.. သားအတွက် ထမင်းပွဲ ပြင်ပါကွယ်.."

ဟူသော မိန်းမသားတစ်ယောက်၏ လွင်သော အသံ ..။ မောင့်မေမေ၏ အသံဟု ငွေဝန်းသာ နားလည်မိရပါ၏။ ခုထိတော့ အစစအရာရာသည် အေးအေးချမ်းချမ်းပဲ ရှိနေသေးသည်။ မကြာမှလင့်မီမှာ ဆူညံသော ဒေါသသင့်နေသည့် အသံတစ်ခုခုကို ကြားရချေတော့မည်ထင့် ..။

ပိုက်ထားသော လက်လေးတွေ ပြေကျလျက် .. လက်အုပ်လေး ချီမိကာ ဘုရားမှတစ်ပါး အားကိုးရာမရှိသည့်နှယ် ဖြစ်သွားရရှင်း မျက်စိကို စုံမှိတ်ထားမိသည်ကလည်း ငွေဝန်းသာပါတည် ..။

"ဖေဖေရော မေမေ .."

"စက်ရုံကို ခုပဲ သွားလိုက်ပြီသားရဲ့ .. သား ပြန်လာတာ ဒီနေ့ နောက်ကျတာကိုး .. ဘယ်လိုလဲ သား .. သားရဲ့ ဟိုတယ်အလုပ်ကရော .. လုပ်ကိုင်ရတာ အဆင်ချောနေရဲ့လား .. အဆိုတော်မြသဥ္ဇာက နိုင်ငံခြား ထွက်တော့မယ်ဆို .. ဒါဆို .. ဟိုတယ်ရဲ့ ဖျော်ဖြေရေးခန်းမဆောင်ကြီးအတွက် အဆိုတော်တစ်ယောက်တော့ သား ထပ်ရှာရလိမ့်မယ် .."

"လောလောဆယ် .. နှစ်လလောက်တော့ မြသဥ္ဇာ ရှိနေဦးမှာပါ မေမေ .. ဟိုတယ်လုပ်ငန်းလဲ အားလုံး အဆင်ချောနေပါတယ် .."



ဟု မောင့်ပြန်ဖြေသံကို ကြားနေရစဉ်ခိုက် ငွေဝန်းသာ ရင်ထဲ ထိတ်လာရပါပြီ ..။ ဘုရားရေ ..။ မောင်သည် .. ဟိုတယ်ကြီးတစ်ခုကို .. ဦးစီးဆောင်ရွက်နေသည့် လုပ်ငန်းရှင်ကြီး တစ်ဦးပင် ဖြစ်နေပါချေသည်တကား ..။

"ဘုရား .. ဘုရား .. မောင်က အရမ်းကို နုနုနယ်နယ်နဲ့ ဆိုတော့ .. တက္ကသိုလ်ကျောင်းသားပါဆိုပြီး ပြောတုန်းက တကယ့်ကိုပဲ ယုံမိခဲ့တာ .. ကျောင်းတောင်မပြီးသေးဘူးလို့ ပြောထားတာကိုး .. ကိုဗလကလဲ လိုက်ခေါင်းညိတ်နေခဲ့တာကိုး .. အို .. ဘုရားရေ .. မောင်တို့က အရမ်းချမ်းသာနေကြပါလား .. ထမင်းစားဆောင်ထဲမှာတော့ .. ခုထိ အေးအေးချမ်းချမ်း ပြောဆိုနေကြတုန်းပဲ .. မကြာခင် .. မကြာခင် .. ငါ .. ငါ .. ရင်ကွဲရတော့မယ့် စကားတွေကို လူတွေကို မမြင်ရပေမယ့် .. လွင့်ပျံ့လာမယ့် စကားတွေကို ငါ .. ငါ .. ကြားရတော့မှာပါလား .. ငါ့ကို .. ငါ့ကို .. ဘယ်သူမှ မကယ်နိုင်ကြတော့ဘူး .. အဲဒီ ဆူးရှပြင်းထန်နေမယ့်စကားတွေကို မကြားနိုင်ဘဲ ရှိနေစေဖို့အတွက် .. ဘယ်သူကမှ .. ငါ့ကို .. ကယ်တင်နိုင်ကြတော့မှာ မဟုတ်ဘူး .."

တွေးနေရင်းဖြင့် ငွေဝန်းသာ ဤတစ်ကြိမ်မှာတော့ အသံမထွက်ဘဲ မျက်ရည်က လိမ့်ခနဲ ပြိုကျလာသည်။ ဘယ်လိုမှ ထိန်းခြင်း မစွမ်းသာတော့သည်မို့ ဤတစ်ကြိမ်မှာဖြင့် ငွေဝန်းသာကို ခွင့်လွှတ်ပါ မောင် ..။ ငွေဝန်း .. ငွေဝန်း .. သူဆင်းရဲမသမီး မျက်ရည်ကို မထိန်းနိုင်သည်မို့ ကျရပါသည် မောင်ရယ်။

www.burmeseclassic.com



ကျရပါသည်ကောရှင် ..။ တက္ကသိုလ်ကျောင်းသားလေးပါ .. ဟု ပြောကာ .. ငွေဝန်းသာ၏ လမင်းဝါဝါအငြိမ့်ဆီသို့ .. ပွဲကရာတိုင်း ရောက်ရောက်လာတတ်ပါသည့် မောင် ..။ ပြီးတော့ .. မောင့် သူငယ်ချင်း ဗလ ..။ ငွေဝန်းသာ ကနေသမျှကို .. တိတ်ဆိတ် မြတ်နိုးစွာ ကြည့်ရင်း ပြန်သွားတတ်ပါသည့် မောင် ..။ ကိုဗလ၏ ဦးဆောင်ခေါ်လာမှုကြောင့် ဘဘဦးအောင်မောင်းထံ မောင်လည်း ရောက်လာကာ .. နောက်ပိုင်းမှာ .. အိမ်ကို အလည်လာတတ်ပါ သည့် မောင်နှင့် ကိုဗလ ..။ မောင့်ထံမှ .. တွေ့မြင်နေကျအဖြစ် အစဉ်ရှိခဲ့ပါသည့် မြတ်နိုးခြင်းများ လွှမ်းမိုးနိုင်တည်ရာ မောင့် မျက်ဝန်းများကို ငွေဝန်းသာ မဆိုထားနှင့် ဘဘဦးအောင်မောင်း ပင် ရိပ်မားနားလည်ခဲ့သည် မဟုတ်ပါလား။ မောင့်ကို လူရိုးလူ ကောင်းလေးအဖြစ် ဘဘကလည်း ယုံကြည်ထားသည်ပါပဲ ..။ နောက်ဆုံး .. ဘဘထံမှာ မောင်သည် .. ငွေဝန်းသာကို လက် ထပ်လိုပါသည်ဟု ခွင့်ပန်ခဲ့ပါ၏။ ငွေဝန်းထံမှ ချစ်ခြင်းအဖြေ တစ်ခုကို .. မောင့်ထံမှ စာလွှာလေးများစွာ ရောက်လာခဲ့ပြီးသည့် နောက်မှာမှ ငွေဝန်း ပြေခဲ့ခြင်းပါ ..။ ထိုအဖြေရသည့်နေ့၏ နောက်များမကြာမီမှာပင် မောင်သည် .. ဘဘကို ထိုသို့ ခွင့်ပန် ခဲ့ပါ၏။ ဘဘက .. မိဘများနှင့် လာမြန်းပါဟု ကြည်ဖြူ အဖြေပေးခဲ့ပါ၏။ ဒါပေမဲ့ ..။ ဪ .. ဒါပေမဲ့ .. ဤနေ့မှာ မောင်သည် အငှားကားလေးဖြင့် အိမ်သို့ ရောက်လာကာ ငွေဝန်း သာကို မင်္ဂလာဝတ်စုံအတွက် အဝတ်အစား ရွေးချယ်ဖို့ အကြောင်းပြကာ ခွင့်ပန်သည်။ မောင့် မိဘများ လာမည့်အပ ထံမှာ စကားမြန်းဖို့ လာကြပါမည်ဟုလည်း မောင်က ဘ



ဦးအောင်မောင်းကို ပြောပြလာပါ၏။ မင်္ဂလာဝတ်စုံကိစ္စ .. ကြိုတင်အပ်ထားလိုသည်မို့ ခေါ်သွားပါရစေဟု ပြောတော့ ကိုဗလ လည်း ပါလာသည်ပါပဲ။ မောင့်ကို ယုံကြည်သော ဘဘသည် .. မောင့်သိက္ခာ .. မောင် ပြောဆိုသည့် တည်ငြိမ်မှုများကြောင့် .. ခေါင်းညိတ်ခွင့်ပြုခဲ့သည်ပါပဲ ..။

မောင်သည် .. မောင့်မိဘများ .. ဗိုလ်ချုပ်ဈေးမှာ အထည်ဆိုင် ဖွင့်ထားပါသည်ဟု ပြောထားသမျှဖြင့်ပဲ .. အားလုံး ကို ယုံလိုက်မိရသည်ပါပဲ ..။ မောင့်ကို ချစ်ယုံကြည်မိခြင်းသာ ဖင်လျှင် .. အယုံလွယ်စေသည့် အဖြစ်တစ်ခုကို ဖြစ်တည်လာစေခဲ့ သည်ထင့် ..။

ပြီးတော့ .. ကိုဗလနှင့်အတူ .. မောင်သည် .. ဗိုလ် ချုပ်ဈေးသို့ ဘဘကို ခေါ်သွားဖူးသည်။ တကယ်လည်း အထည်ဆိုင် သို့ ရောက်ခဲ့သည်တဲ့ ..။ မောင့်ကိုရော .. ကိုဗလကိုရော သား .. ဟု ခေါ်သည့် ဒေါ်ကြီးနှင့်လည်း ဆုံခဲ့သည်တဲ့ ..။ ဘဘက ထိုဆိုင်ရှင် အဒေါ်ကြီး ဒေါ်မြတ်မင်းဆိုတာ မောင့် မေမေဟု ဆင်မှတ်ခဲ့ပါ၏။

သဘောကောင်းကြီးတွေ .. ဟု ဘဘက .. အိမ် ပြန်ရောက်တော့ ပြောရှာပါ၏။ ဈေးဝယ်များနေ၍ စကားပင် ကောင်းကောင်းမပြောဖြစ်ခဲ့ကြောင်းနှင့် ဗလ ပြေးဝယ်လာသော လက်ဖက်ရည်နှင့် မုန့်ကိုပဲ စားဖြစ်ခဲ့ရကြောင်းဖြင့် ပြောခဲ့သည်က ဘဘပါ။ မောင်ကလည်း အထည်တွေ ဘာတွေ ရောင်းကူနေခဲ့ သေးသည့်တဲ့။ မောင့်ကိုလည်း .. သားရေ .. သားရေ .. နှင့် ထို ဒေါ်မြတ်မင်းက လှမ်းပြောတတ်လျက် .. တချို့အထည်ဈေးတွေ

www.burmeseclassic.com



မောင်မသိ၍ မေးလျှင်လည်း ရယ်မော၍ ပြန်ဖြေပေးရင်း ဈေးအရောင်းတော် မောင့်ကိုပင် ရယ်နေသေးသည်တဲ့ ..။

ခုမှ .. ငွေဝန်းသာ သဘောပေါက်စပြုလာသည်။ ထိုဒေါ်မြတ်မင်း ဆိုတာ မောင့်မေမေ မဖြစ်နိုင် ..။ ကိုဗလမေမေပဲ ဖြစ်ရမည်။ ကိုဗလ၏ သူငယ်ချင်းဖြစ်သည့် မောင့်ကိုလည်း .. သား .. ဟုပဲ ခေါ်နေခဲ့ပုံရသည်။ ဒါကို .. မောင်သည် .. အခွင့်ကောင်းယူ၍ မောင့်မိခင်ကြီးအဖြစ် .. ယုံကြည်အောင် .. ဘာဘကို ခေါ်သွားခဲ့တာဖြစ်ရမည်။ ထိုအန်တီဒေါ်မြတ်မင်းဆိုတာ အရမ်းကို သဘောကောင်းဖော်ရွေသည့် သူတစ်ယောက်လည်း ဖြစ်ရမည် ..။ ဈေးအဝယ်ကျချိန်မို့ စကားလည်း အရမ်းပြောဖို့ ဆိုဖို့ အခွင့်မသာလိုက်ဘဲ ..။ လက်ဖက်ရည်လေးသောက် ..။ ပြန်ဖြစ်ခဲ့ကြတာဖြစ်မည်။ ဪ .. ခုမှ သေချာတွေးမိရသည်က မောင်သည် .. ငွေဝန်းကို ချစ်သည့်ဖေဖြင့် ဘာဘကိုပင် .. အမေအတု ဖန်တီးတွေ့ဆုံခဲ့ချေသည်တကား .. ဟူ၍ပါ ..။ ခုတော့ဖြင့် မတတ်နိုင်တော့ပြီ ..။ အရာရာသည် လွန်ကုန်ခဲ့ပြီတည့် ..။ တကယ်တမ်းက .. မောင်သည် .. မောင့်မေမေကို .. ဘာဘနှင့် ဘယ်လိုမှ ဆုံပေးနိုင်စွမ်းခြင်း မရှိနိုင်ခဲ့ဘဲ ဖြစ်သည်မို့ .. အမေအတုနှင့် ဆုံစေခဲ့ခြင်းသာ ဖြစ်ရပါချေသည်တည့်။ ဤနေ့မှာလည်း .. မင်္ဂလာအဝတ်အစားအကြောင်းပြ၍ ခေါ်လာပါသော မောင်သည် ငွေဝန်းသာကို တရားရုံးမှာ အသိသက်သေတို့ဖြင့် လက်ထပ်ယူလိုက်ခြင်းဖြင့် .. ဘဝတစ်ခုကို .. မိမိ၏ ချစ်ရသူမိန်းမသားတစ်ယောက်နှင့် ထူထောင်ဖို့ ဆုံးဖြတ်ခဲ့သူဖြစ်ပြီးခဲ့ပြီ။ သော်လော်ဆယ်မှာတော့ .. မောင်သည် .. ခုမှ .. မောင့်မိခင်ထံ .. မောင့်လက်



ထပ်လိုက်သည့်သတင်းကို .. ဖွင့်ဟအသိပေးပါချေတော့မည် ..။ အထဲမှာ ဘာတွေ ဖြစ်လာချေတော့မည် ဆိုတာသိနှင့်နေရပါသည့် ငွေဝန်းသာမှာ အခန်းထဲမှ ထွက်ပြေးချင်စိတ်တွေ ပြည့်ကျပ်နေရသမယ့် ..။

မောင့်ကို ပေးထားသော ကတိစကားကြောင့် မျက်ရည်ကျနေရင်း ဆိုဖာထက်မှာ .. တစ်ယောက်တည်း အားငယ်ဆိုင်နေရပါသည့်အဖြစ် ..။

"ဒေါ်ကြီးဥ .. ထမင်းနှစ်ပွဲပြင်ပါ .."

ငွေဝန်းသာထံသို့ ထပ်၍ လွင့်ပျံလာပါသည့် မောင့်အသံ ..။

ငြိမ်သက်လျက် လက်အုပ်ချီမပျက် .. ဘုရားကိုသာ အိုင်တည်အားကိုးရင်း ငွေဝန်းသာ နားလေးတစွင့်စွင့်ဖြင့် ရှိနေပေါပြီ ..။

"ဘာလဲ .. ဗလရောပါလာလား .. တစ်ခါတည်း လိုက်မလာဘဲ ဒီသူငယ် အပြင်မှာ ကိုညိုနဲ့ စကားကောင်းကျန်နေခဲ့ပြီထင်ပါရဲ့ .. အင်း ... သူ့မေမေ .. မြတ်မြတ်အတွက် ကိုညို့ဆီက သစ်ခွပန်းတွေ တောင်းနေမှာပေါ့ .. အမေကို အဖားကောင်း .. အဲဒါနဲ့ပဲ မြတ်မှာလဲ .. သူ့သားတစ်ကောင် .. သားရဲ့ဟိုတယ်မှာ လက်ထောက်မန်နေဂျာလုပ်တာကို ကျေနပ်နေရှာတော ထင်ပါရဲ့ .. အထည်ဆိုင်ကိုလဲ .. ဝင်လုပ်ကိုင်ဖို့ အားမသန်တဲ့ အဲဒီကောင်လေးကတော့ဖြင့် .. ဥယျာဉ်တစ်ခုကို တည်းခိုဆောင်တွေနဲ့ အတူ ဆောက်ဖို့လောက် အားသန်နေတယ်ဆို .."

www.burmeseclassic.com



ဟူသော မောင့်မေမေ၏ ရယ်မောမေးနေပြောနေသံကို ငွေဝန်း ကြားနေရသည်။ တဖြည်းဖြည်း ငွေဝန်းသာ နားလည် လာရပါပြီ ..။ ကိုဗလသည် .. မောင့်ဟိုတယ်တွင် မောင့်လက်ထောက်မန်နေဂျာလုပ်နေသူ ..။ ဟိုတယ်လုပ်ငန်းကို လေ့လာနေသူ ..။ မောင့်သူငယ်ချင်းဖြစ်သူ .. ထိုကိုဗလသည် မောင့်နလုံးသားရေးရာမှာ .. ဝင်၍ အကူကောင်းကူခဲ့သူပါတကား။

မောင့်ကို တက္ကသိုလ်ကျောင်းသားလေးအဖြစ် ဘဘကို မောင် အသိပေးစဉ်က .. ကိုဗလသည်လည်း မောင့်သူငယ်ချင်း တက္ကသိုလ် ကျောင်းသားဟူ၍ အတူလိုက်ညာကူခဲ့သူပါတည့် ..။

"မဟုတ်ဘူး မေမေ .. ဗလ မပါလာဘူး"

မောင့်ဖြေသံအဆုံးမှာ ..

"ဒါဆို .. ဘယ်သူပါလာသလဲ သား .. သားနဲ့အတူ ဒီမှာ မေမေနဲ့အတူ ထမင်းစားဖို့ ဘယ်သူပါလာသလဲ သား .. ဗလပဲ ပါလာနေကျ မဟုတ်လား .."

ဟု မောင့် မေမေ၏ မေးသံ ..။ အားလုံးသည် ငွေဝန်းသာ၏ ရင်ကို အရှိန်နှင့် လာလာဆောင့်နေမသည်သို့ရှိ၏။ သွေးခုန်နှုန်းသည် ပြင်းထန်လျက် နားထင်သို့တိုင်နေသည်။ စိတ်လှုပ်ရှားရလွန်း၍ တစ်ကိုယ်လုံး ထုံကျင်လာသည်သို့ပင် ရှိလာရပါသည့်အဖြစ်။

"သား .. လက်ထပ်လိုက်ပြီ မေမေ .. ငွေဝန်းသာနဲ့ လက်ထပ်လိုက်ပါပြီ .. သူ .. အခု သားနဲ့ ပါလာပါတယ် မေမေ .. ဒီထမင်းပွဲက .. သူ့အတွက်ပါ .."



ဟု မောင့်အဖြေသံသည် .. သာမန်အသံမျိုး မဟုတ် ..။ ပြတ်သားသောအသံ ..။ အဖြစ်မှန်တစ်ခုကို တိတိကျကျ အသိပေးလိုက်ပါသည့်အသံ ..။ ဒါပေမဲ့ .. ကျယ်ကျယ်လောင်လောင်ကြီး မဟုတ်သော .. အသံ ..။ တည်တည်ငြိမ်ငြိမ် ရှိနေသော မောင့်အသံသည် ငွေဝန်းသာ၏ နားစည်တွင်းဆီသို့ အရှိန်နှင့် လာဆောင့်နေသည်သို့ ခံစားလာနေရသည်။ စိတ်လှုပ်ရှားရမှု အထွတ်အဖျားသို့တိုင်သည်မို့ .. အာရုံတွေလည်း မမှန်ချင်တော့။ တည်ငြိမ်သော မောင့်အသံသည် .. ကျယ်လောင်စွာပဲ နားစည်တွင်းဆီသို့ တိုးဝင်လာနေသည်။ ကိုယ့်ရင်ခုန်သံသည် ကိုယ့်ရင်ညွန့်ကို အရှိန်နှင့် ဆောင့်နေသည်သို့ရှိ၏။ ကိုယ့်ခေါင်း ဒုတ်ဒုတ်ထိအောင် သွေးခုန်နှုန်းက လာတိုးနေသည်သို့ရှိ၏။ ငွေဝန်းသာ၏ မျက်နှာမှာ ချွေးတွေ သီးလာနေပြီ ..။

"ဘာပြောတယ် .. ဘာပြောတယ် မောင်မောင် .. မင်း .. ဘယ့်နှယ် လုပ်လိုက်တာလဲ .. ဟင် .. ဘယ်က .. ဘယ်က ငွေဝန်းသာလဲ .. ဘယ်က ကောင်မလဲ .. ဟင် .. ဟင် .."

ထင်ထားသည့်အတိုင်းပါလားလေ ..။ အားလုံးသည် ..ါးစွာပဲ .. ဖြစ်တည်လာနေကြပြီ ..။ အဖြစ်တစ်ခုဆီသို့ ရောက်နေကြပြီ ..။ ရောက်ရချေတော့မည် ..။ ဪ .. ရောက်ရချေတော့မည် ..။ ထိုအဖြစ်ကို လက်ခံရုံမှတစ်ပါး အခြားမရှိတော့ပြီ။ မောင်သည် .. မည်သို့သော မျက်နှာဖြင့် မောင့်မေမေ့ရှေ့မှာ ရပ်နေပါမည်လဲ ..။ ပြင်ထားသော ထမင်းနှစ်ပွဲ၏ ရှေ့မှာ မောင်သည် မည်သို့သော စကားလုံးတွေကို တုံ့ပြန်ပြောဆို ရပ်နေပါချေမည်လဲ ..။ ထိုထမင်းနှစ်ပွဲသည် စားသောက်သူမရှိဘဲ ..

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့ရတော့မည့် အချိန်သည်ရော .. ဘယ်မျှထိနီးနီးကပ်ကပ်ကြီး ရောက်ရှိလာချေတော့မည်တဲ့လဲ ..။ ငွေဝန်းသာ .. ငွေဝန်းသာ .. ဤတစ်ကြိမ်မှာတော့ လက်အုပ်ချီထားသော လက်အစုံကို နဖူးမှာထိ၍ .. မျက်ရည်များသာ ဖြိုင်မိုးကျလာနေရပါပြီတည်း ..။

"သူ့ကို မေမေတွေ့ရမှာပါ မေမေ .. ညှို့ခန်းမှာ သူ ရှိနေပါတယ် .. အလွန်အေးချမ်းတဲ့ ငွေဝန်းသာကို .. မေမေ မြင်ရင် .. လက်ခံမှာပါ .. သူ .. သူဟာ .. သားကို အလွန်တရာကိုမှ မြတ်နိုးပါတယ် မေမေ .. သားကလဲ သူ့ကို မြတ်နိုးစွာ လက်ထပ်ခဲ့တာပါ ... ငွေဝန်းသာဟာ မေမေ့အတွက် သမီးတစ်ယောက်အဖြစ် .. နှေဦးမှန်ကို ရောက်ရှိလာခြင်းပါ မေမေ .."

အေးချမ်းတည်ငြိမ်စွာ ပြောနေခိုက် ...

"တခြားစကားတွေထက် .. သူ .. ဘာလုပ်သလဲ .. ဘယ်သူ့သမီးလဲ .. မိဘမျိုးရိုး .. ပြောစမ်း .. မင်းကို .. လက်ထပ်လိုက်တဲ့ အဲဒီမိန်းမဟာ .. သူ လက်ထပ်တဲ့ ယောက်ျားရဲ့ မိဘကိုတောင် မမြင်ဖူးဘဲ .. လက်ထပ်တယ်ဆိုကတည်းက .. သူ့ကို .. မေမေ အထင်ကြီးရဲ့ အတော်ကြီး ကြိုးစားယူရလိမ့်မယ် မောင်မောင် .."

"သူ့ကို သား ညာခဲ့တာတွေ အများကြီးပါ မေမေ .. သားဟာ .. သာမန်တန်ရုံလောက်ပဲ ချမ်းသာသူအဖြစ်သာ အသိပေးခဲ့တာပါ .. တက္ကသိုလ်ကျောင်းသားတစ်ယောက်အဖြစ်သာ သိစေခဲ့တာပါ .. မကြာမီ မိဘများနဲ့ လာမြန်းပါမယ်လို့လဲ သူ့ဦးလေးကို ပြောခဲ့တာပါ .. သူ့မှာ မိဘ မရှိ



တော့ပါဘူး မေမေ .. ဦးလေးနဲ့ နေပါတယ် .. ဦးလေးကလဲ .. အိမ်ထောင်မရှိတဲ့ လူပျိုကြီးပေမို့ .. တူမလေးကို သမီးလေးလို ချစ်တာပါ .."

"ဟုတ်ပါပြီ .. ဘာများ လုပ်ကိုင်ကြသလဲ သူတို့က .."

"အငြိမ့်ထောင်ပါတယ် မေမေ .. ငွေဝန်းသာက .. လမင်းဝါဝါအငြိမ့်က .. အငြိမ့်မင်းသမီးလေးပါ .."

"ဘုရားရေ .. အောင်မလေးလေ .. ဖြစ်ရချေရဲ့ .. ဖြစ်မှ ဖြစ်ရချေရဲ့ .. မင်း .. လုပ်ရက်လှချည်လား မောင်မောင် ရဲ့ .. ဟင် .. ဟင် .. ငါ့မျိုးရိုးထဲကို .. အငြိမ့်သမသွေးများ အရောခံရတော့မယ်တဲ့လား .. ခု .. ခု .. အဲဒီကောင်မကို ခြံပြင်ထုတ်လိုက်စမ်း .. ဒေါ်ဥ .. ကိုညို့ကို ပြေးပြောချေ .. အဲဒီကောင်မကို .. ငါ့ညှို့ခန်းထဲက ဆွဲထုတ်ခေါ်လိုက်လို့ .. မင်း .. ရပ်နေစမ်း မောင်မောင် .. နေရာက .. ရွှေ့မယ်မကြံနဲ့ .. သူ့မှာ ခြေလက်ရှိတယ် .. သူ့အိမ်သူ ပြန်တတ်တယ် .. အငြိမ့်ကတဲ့ မင်းသမီးပဲ .. မသွားတတ် မလာတတ် မဖြစ်နိုင်ပါဘူး .. မင်း ငါ့ကို ဘယ်လိုများ မှတ်နေလဲ မောင်မောင် .. ခင်သင်းသာရဲ့ သား .. အငြိမ့်ကတဲ့ မင်းသမီးဆိုတာကြီးကို .. ကျုပ်ရဲ့သား မင်္ဂလာဆောင် ဖိတ်စာကြီးမှာ ရေမွှေးနံ့တသင်းသင်းနဲ့ .. ဖောင်းကြွရိုက်ပြီး .. လူတွေကို ဖိတ်ဖေါ်မယ်လို့များ ထင်နေသလား .."

"ဒါဆို .. သားလဲ .. ဒီက ထွက်သွားရုံပဲ မေမေ .. ဒေါ်ကြီးဥ .. သွားစရာမလိုပါဘူး .. ကျွန်တော့်မိန်းမကို .. ကျွန်တော် မြတ်နိုးလို့ လက်ထပ်ထားတာပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု မောင့်ပြောသံ ..။ ခေါ်ကြီးဥကို တည်ငြိမ်စွာ လှမ်းတားသံ ..။

အားလုံးကို ငွေဝန်းသာ ကြားနေရသည်။

မျက်ရည်ကို တား၍ ရနိုင်မည်ဟုများ မောင် ထင်နေခဲ့ချေသည်တဲ့လားလေ။

ဤအဖြစ်မျိုးကို ကြုံရသည့် ငွေဝန်းသာ .. မျက်ရည်မချဘဲ နေနိုင်စွမ်းပါမည်တဲ့လား မောင် ..။ တစ်ကိုယ်လုံး တုန်လှုပ်နေခြင်းသည် .. ကြေကွဲရှိုက်ကြောင့်ဖြစ်လျက် ..။ မျက်ရည်သည် .. မောင့်ကို သနားစိတ်ကြောင့် ကျနေခြင်းဆိုတာ ငွေဝန်းသာ၏ ကိုယ်စောင့်နတ်များ သိပါသည်ကော မောင် ..။ မောင်သည် .. ဆင်းရဲခြင်းဆိုသည့် အရာတစ်ခုဆီသို့ လျှောက်လှမ်းဖို့ လုံးဝ ရွေးချယ်လိုက်သည့်သူတစ်ယောက် ဖြစ်နေချေသည် တကား။ မောင် .. အနေဆင်းရဲ .. အစားဆင်းရဲ ဖြစ်ရချေတော့မည်။ ဘယ်တုန်းကမှ .. အိပ်မက်ထဲမှာပင် မမြင်ဖူးပါသည့် ဘဝတစ်ခုတွင်းဆီသို့ .. မောင်သည် အချစ်၏ ခြေလှမ်းများဖြင့် လျှောက်လှမ်းဖို့ အသင့်ဖြစ်နေသူတစ်ယောက် ဖြစ်နေပါချေပြီတည့် ..။ ဆက်လက်ရင်ဆိုင်ရမည့် ကာလများသည် .. မောင် ထားရစ်ခဲ့သည့် ဘဝနှင့် အလွန်တရာကိုမှ ခြားနားသော .. ဒုက္ခများ ဖြစ်ချေသည်ဆိုတာ မောင် ကြာရှည်ရင်ဆိုင်ရင်း သိလာရစဉ်ခိုက် .. ကြုံရစဉ်ခိုက် .. အဘယ်မျှထိ ပင်ပန်းရချေမည်မှသိ ..။

"သားကလဲ မေမေ့ကို ပြောခဲ့ပါရစေ မေမေ .. နွေဦးမွန် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွေရဲ့ အရှင်သခင်ကြီး ဦးမြင့်မောင်နဲ့ နွေဦးမွန် ကစားစရာစက်ရုံပိုင်ရှင်ကြီး



ဦးမြင့်မောင် .. နွေဦးမွန်ရတနာဆိုင်ကြီးရဲ့ အရှင်သခင် ဒေါ်ခင်သင်းသာရဲ့သား .. မောင်မောင်ဟာ .. သူ လက်ထပ်တဲ့ မိန်းကလေးကို .. ဒီအိမ်ကြီးပေါ်က .. နှင်ထုတ်ခံဖို့အတွက် .. ခေါ်လာခဲ့တာ မဟုတ်ပါဘူး မေမေ .. လက်ထပ်ခဲ့တာလဲ မဟုတ်ပါဘူး .. သူ့ကို .. သား မြတ်နိုးလို့ လက်ထပ်တာပါ .. တစ်သက်သာ ဘဝဖော်အဖြစ် လက်ထပ်တာပါ .. သူ မရှိဘဲ .. သားဘဝဟာ မရပ်တည်နိုင်ဘူး မေမေ .. သူ့ကို မေမေ လက်မခံရင် .. သားကိုပါ လက်မခံမှ ဖြစ်မှာပါ .."

"ဪ .. မင်းက .. မင်း လုပ်နေတဲ့ ဟိုတယ်လုပ်ငန်းကြီးအားကိုးနဲ့ .. ဟိုတယ်ကို .. မင်းမယား လက်ဆွဲပြီး သွားနေမယ်ဆိုပါတော့ .. ဟိုမှာ လုပ်ကိုင်စားသောက်နေမယ် ဆိုပါတော့ .. ဟိုတယ်ကို မင်း ခြေဦးတောင် လှည့်ခွင့်မရှိဘူး မောင်မောင် .. အဲဒီ လုပ်ငန်းဟာ မင်းနာမည်နဲ့ မေမေထူထောင်ပေးထားတာမှန်တယ် .. ဒါပေမဲ့ .. မေမေ လက်မခံနိုင်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ပြီး .. အဲဒီပေါ် တက်နေဖို့အတွက်တော့ မဟုတ်ဘူး မောင်မောင် .."

"သား .. အဲဒီကို သွားဖို့ အစကတည်းက စိတ်ကူးမရှိပါဘူး မေမေ .. သားကို မေမေ အထင်မသေးပါနဲ့ မေမေ၊ မိန်းကလေးတစ်ယောက်ကို .. သား လက်ထပ်မိခဲ့ပြီးပြီ .. ဒါပေမဲ့ .. မေမေ့ကို အသိပေးဖို့တော့ သားမှာ တာဝန်ရှိတယ် .. မေမေ့မှာ သူ့ကို ငြင်းခွင့်လဲရှိတယ် .. လက်ခံခွင့်လဲရှိတယ် .. သား လက်ထပ်တဲ့ မိန်းကလေးတစ်

www.burmeseclassic.com



ယောက်ကို .. မေမေ ဘယ်အထိ ဥပေက္ခာပြုထားသလဲဆို ရင် .. ကြည့်တောင်မကြည့်ဘူး .. ကြည့်ဖို့တောင် ငြင်းဆန်နေတယ် .. ကောင်းပြီ .. မေမေ မကြည့်ပါနဲ့ .. မေမေ လက်မခံနိုင်တဲ့ မိန်းကလေးကို .. သားကလဲ .. အသိမ်ငယ်ခံပြီး ဆွဲခေါ်မပြချင်တော့တာ အမှန်ပါပဲ .. မေမေ့ ဟိုတယ်ကိုလဲ သား မသွားပါဘူး မေမေ .. သားကို မေမေ အဲဒီပစ္စည်းအတွက် အထင်သေးတာကိုပဲ .. သား စိတ်မကောင်းတာပါ .. မေမေ့ကို .. သား ကန်တော့ပါတယ် မေမေ .. မေမေ့ကိုလဲ ကန်တော့ခဲ့ကြောင်း ပြောပြပေးပါ .. တကယ်တော့ .. ငွေဝန်းသာကို .. ခေါ်လာပြီး .. မေမေ့ကို ကန်တော့ခိုင်းဖို့ပါ .. မေမေ့ကို ကန်တော့ခိုင်းဖို့ပါ .. သားဟာ .. မေမေ့အတွက် .. သမီးတစ်ယောက်လိုရှိတဲ့ ချွေးမတစ်ယောက်ကို ခေါ်လာတာပါ မေမေ .. သား မြတ်နိုးတဲ့ မိန်းကလေးကို သား ယုံကြည်တယ် .. မေမေ့ကို အမေလို ချစ်မယ် .. မေမေ့ကို အမေလို ချစ်မယ်ဆိုတာ သား ယုံကြည်တယ် .. ဒါပေမဲ့ .. အဲဒီယုံကြည်မှုတွေဟာ လက်တွေ့မှာ ဖြစ်တည်လာခွင့် မရခဲ့ဘူး မေမေ .. မေမေ့ ငြင်းပယ်မှုအောက်မှာ .. နစ်မြုပ်ပျောက်ဆုံးသွားရပါပြီ .."

မောင့်အသံ အဆုံးမှာ .. တစ်ချက်ငြိမ်နေသည်။ မောင် .. မောင့်မေမေကို ကန်တော့နေချေပြီထင့် ..။ ငွေဝန်းသာ ခုထိ ထိုင်နေဆဲ ..။ မောင်မှာထားသည့်အတိုင်း ဆိုဖာလေးထက်မှာ ငြိမ်သက်လွန်းစွာ ထိုင်နေဆဲ ..။ ဒါပေမဲ့ .. စိတ်တွေက



အရမ်းကို ကစဉ့်ကလျားနိုင်နေသည်။ ထွက်ပြေးလိုက် .. ထွက်ပြေးသွားလိုက် .. ဟု တိုက်တွန်းနေသံကလည်း နားစည်တွင်းဆီသို့ ရိုက်ခတ်နေသည်။

ဟင့်အင်း ..။ ထွက်ပြေးသွားလျှင် မောင့်ကို ပေးသောကတိ ဖျက်ရာရောက်မည်။ အို .. ပြေးမှဖြစ်မည်။ ပြေးမှ.. မောင်နှင့်ဝေးမည်။ မောင်လည်း မောင့်မေမေနှင့် မခွဲဘဲ နေရမည်..။

အတွေးတို့သည် ဆန့်ကျင်သော ခံစားမှုနှစ်ခုကြားမှာ နစ်နေလျက် နှလုံးအိမ်သည် ပေါက်ကွဲလုမတတ် တင်းကျပ်ခဲလာနေသည်။ ကြီးမားသော လက်ကြမ်းကြမ်းကြီးဖြင့် ဆုပ်ညှစ်နေသည်သို့ ခံစားလာနေရသည်။ ဖျစ်ခနဲ .. ဖျစ်ခနဲ .. နှလုံးအိမ်ဆီမှ .. ကွဲအက်လာနေသည့်နှယ် ခံစားလာနေရသည်။ ရင်သည် မွန်းကျပ်လာ၏။ တစ်ဖက်က .. ပြေးဖို့ ပြောနေသည်။ တစ်ဖက်က .. နေဖို့ပြောနေသည်။ မောင့်ကို စောင့်နေဖို့ ပြောနေသည်။ ရင်ထဲမှ စကားသည် .. ရင်ထဲမှာပဲ .. ဆန့်ကျင်နေကြလျက် ..။ တစ်ဖက်နှင့်တစ်ဖက် လွန်ဆွဲရင်း .. ရင်ထဲမှာ လှောင်ပိတ်ကျပ်ခဲနေရပါသည့်အဖြစ် ..။

ထိုအခိုက်မှာပဲ တံခါးခန်းဆီးစသည် .. ပွင့်လာ၏။

တည်ငြိမ်စွာ ရပ်လာပါသည့် မောင် ..။

တည်ငြိမ်စွာ မမှိတ်မသုန် စိုက်ကြည့်နေပါသည့် မောင် ..။

ကလေးတစ်ယောက်နှယ် မျက်ရည်များ ဖြိုင်ကျလျက်ရင်း .. နေရာလေးမှာ .. ထိုင်ခိုင်းထားခဲ့သည့်အတိုင်း ငြိမ်သက်လွန်းစွာ .. နာခံလွန်းစွာ .. ထိုင်နေရှာပါသည့် မျက်နှာလေး ..။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်နှာလေးကို .. ကြည့်နေသည့် မျက်ဝန်းများတွင် အားနာရိပ် ထင်နေသည်။ ထိုအဖြစ်မျိုးနှင့် ငွေဝန်းသာကို .. ဆုံစည်းကြုံကြိုက်စေသည့်အတွက် မောင် အားနာနေသည်။ ဒါကို .. ငွေဝန်းသာ သိနေရပါ၏။ ဟင့်အင်း ..။ အားမနာပါနဲ့ မောင်ရယ် ..။ ငွေဝန်းလို .. အငြိမ့်သမလေးတစ်ယောက်ကို မောင် အားမနာပါနဲ့ ..။ မောင့်ကိုသာ .. မောင့်ကိုသာ .. ငွေဝန်း သနားနေမိရတာပါ ..။ အတွေးများသည် .. ချာလည်ရိုက်နေသည်။ ဝန်းကျင်တစ်ခုလုံးမှာ မှိုင်းမှိုင်းမှုန်လာနေသည်သို့ ခံစားလာနေရသည်။ အမြင်အာရုံသည် မသဲမကွဲ ဖြစ်ချင်စပြုလာနေမှန်းလည်း သိနေရသည်။ မောင် .. ငွေဝန်းသာ၏ ဘေးမှာ ရပ်လာသည်။ ငွေဝန်းသာ၏ ကိုယ်လေးကို ငုံ့ကိုင်းထွေးပိုက်တာကိုလည်း သိနေရသည်။ ငွေဝန်းသာ၏ ကိုယ်လေးသည် ပျော့ပျောင်းလွန်းစွာ အားအင်မရှိသည့် အရာတစ်ခုနှယ် မောင့် လက်မောင်းများကြားမှာ ပါသွားရပါ၏။

"မောင်တို့ .. ဒီက .. သွားကြတာပေါ့ ငွေဝန်းသာ .."

ဟု မောင် တိုးတိုးပြောစဉ်ခိုက် ထမင်းစားဆောင်ဆီမှ အက်ကွဲကွဲ အသံတစ်ခုက ကျယ်လောင်စွာပဲ လွင့်ပျံ့လာသည်။ မောင့်မေမေ၏ အသံ ..။ လူကိုတော့ မမြင်ရ ..။ ဒါပေမဲ့ အသံက ကျယ်လျက် ရှိုက်သံပါနေသည်။ ဒေါသသံလည်း ပါနေသည်။

"အေး .. ထွက်သွား .. ခြေလက်မလာနဲ့ .. ဘာမှ မပါဘဲ ထွက်သွားတဲ့ မင်းဟာ .. မိန်းမက .. အငြိမ့်က,ကျေးတာနဲ့ပဲ ထမင်းနှစ်နပ်ကို .. စားမပေတော့ပေါ့ .."



ဟူသော အသံက နာကျင်နေသော သူတစ်ယောက်၏ လည်ချောင်းဆီမှ ဖြတ်လာသည့်နှယ် အက်အက်ကွဲကွဲ .. စူးစူးနစ်နစ်ကြီး ဖြစ်ပေါ်လာပါ၏။

"သား .. သားရဲ့မိန်းမကို .. ရှာကျွေးနိုင်ပါတယ် မေမေ .. သူ့ကို .. ဘယ်တော့မှ .. မကဲခိုင်းတော့ပါဘူး .. ဒါ .. သားရဲ့ ငွေဝန်းသာအပေါ်ထားတဲ့ ယောကျ်ားသားတစ်ယောက်ရဲ့ တာဝန်စကားအဖြစ် .. မေမေ့ကို .. ပြောခဲ့တာပါ မေမေ .. ငွေဝန်းသာဟာ .. အစကတည်းက .. မချမ်းသာတာမို့ .. ဆင်းရဲတဲ့ဒဏ်ကို .. ခံနိုင်ရည်ရှိပါတယ် မေမေ .. မေမေ သူ့ကို အထင်မသေးပါနဲ့ .. ခြေလက်မလာနဲ့ .. ဘာမှ မပါဘဲသွားတဲ့ သားကို .. သူ .. ဒီအိမ်က လက်တွဲပြီး ထွက်သွားတဲ့ ငွေဝန်းသာကို အထင်မသေးပါနဲ့ မေမေ .."

ဟု မောင် ပြောသည်။ နောက် .. ငွေဝန်းသာကို ပြုံး၍ ကြည့်လာပါ၏။ အားမာန်ပါသောအပြုံး ..။ မြတ်နိုးခြင်းများဖြင့် ပြည့်ဝနေသည့်အပြုံး ..။

မောင် .. စန္ဒရားရှိရာသို့ ငွေဝန်းသာ၏ လက်လေးကို ဆွဲရင်း လျှောက်သည်။

စန္ဒရားခုံကြီး၏ ဘေးဘက်ရှိ သစ်သားစားပွဲလှလှလေးထက်မှာ ရှိနေသော တယောအိတ်ကို ယူသည်။

နောက်တော့ ငွေဝန်းသာကို ပြုံး၍ကြည့်ကာ ...

"ကဲ .. မောင်တို့ .. ဘဝတစ်ခုကို .. ချစ်ခြင်းများနဲ့အတူ လျှောက်ကြတာပေါ့ .. ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု တည်ငြိမ်စွာပြောလာသည်။

မောင့်အကြည့်သည် .. ပန်းကနုတ်များဖြင့် အနားသတ် အလှဆင်ထားရာ အိမ်ကြီး၏ တံခါးမမှန်ချပ်ကြီးများဆီသို့ ရောက်ချေ၏။

မောင့်လက်တွေက .. ငွေဝန်းသာ၏ လက်လေးကို .. မလွှတ်စတမ်း ထွေးထွေးဆုပ်ဆုပ် ..။

မှန်တံခါးရွက်ကြီးကိုအဖွင့် .. ခြေလှမ်းတွေ တံခါးပြင်ဘက်အရောက်မှာ .. စီတန်းလျက် စိုက်ထားရာ .. စံကားပင်တန်းများဆီမှ .. မွှေးမြမြ .. နူးညံ့ညံ့ .. သင်းထုံထုံ ပန်းရနံ့တို့က .. စတင်၍ .. တိုးဝင်လာချေ၏။

ဩော် .. လေညင်းနှင့်အတူ တိုးဝင်လာပါသော ပန်းတို့၏ရနံ့ ..။

ရှေ့ဆက်ရမည့်ခရီးသည် .. ပန်းရနံ့သင်းသော .. ခရီးအဖြစ်သာ .. ရှိစေချင်ပါသည်ကောမောင် ..။

မောင့်ကို ချစ်စိတ်ဖြင့် .. ဤဆုကိုတော့ .. ငွေဝန်းသာ .. တောင်းမိပါသည် မောင်။ မောင့်လက်ကို အားကိုးစွာ ထွေးဆုပ်၍ .. တောင်းမိရပါသည် မောင် ..။

* * *



## အခန်း(၃)

"ဒေါ်လေး"

မယ်ဇလီရိပ်အောက်မှာ ထင်းခွဲနေပါသည့် ဒေါ်ထားမေ နောက်ကို လှည့်ကြည့်မိစဉ်ခိုက်၊ ကျောပေးနေခဲ့သည့် နေရာဆီးမှာ ရပ်လျက် ခပ်ငေးငေး ကြည့်နေပါသည့် ငွေဝန်းသာနှင့် လူရွယ်လေးတစ်ယောက်ကို မြင်လိုက်ရပါ၏။ မျက်ဝန်းများ ရွှန်းလက်လာလျက် ကမန်းကတန်းကြီး ထရပ်လိုက်ကာ အလောတကြီးနိုင်စွာပဲ ရှေ့တိုးတပ်လာသည်ကလည်း ဒေါ်ထားမေပါ ..။

ငွေဝန်းသာ၏ ရှေ့တည့်တည့်မှာ ရပ်လိုက်ရင်း မျက်နှာလေးကို တစိမ့်စိမ့်နိုင်အောင် ပြုံးကြည့်သည်။ လက်ဖြင့် မျက်နှာနုနုလေးကို ကိုင်ကြည့်ထိကြည့်တော့မယောင် ပြုပြီးမှ ထင်းခွဲနေလက်စလက်မှာ ပေကျံနေတာတွေ ပါးလေးပေါ် ထင်ကုန်ပေကုန်မှာစိုးစိတ်ဖြင့် လက်ကို ပြန်ရုတ်သည်။ ငွေဝန်းသာ ပြုံးလိုက်လျက် ဒေါ်ထားမေ၏ လက်ကို ယူ၍ ပါးလေးပေါ် အဆင်ပေးလိုက်တော့ ဝမ်းသာရှိန်ဖြင့် မျက်ရည်လည်တက်လာ ကင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်ချက်အေရယ် .. လှလိုက်တာ .. ဒေါ်လေးဖြင့် ညည်းလေးရဲ့ အငြိမ့်ကြော်ငြာများ မြင်လိုက်ရင် .. ရင်ထဲ ချမ်းသာလိုက်ချက်အေရယ် .. မနှစ်က .. ငါတို့ ရွာပွဲကို ညည်းလေးတို့ အငြိမ့်လာကမယ်ဆိုလို့ .. ငါ့မှာဖြင့် ကြွား လိုက်ရတာဖြင့် အမောရယ် .. ဒါပေမဲ့ .. ညည်း ဖျားလို့ ဆို .. လာမကဖြစ်ဖူး .. ဒေါ်လေးဖြင့် .. ရင်ထဲ မကောင်း လိုက်ပုံများ .. ညည်းလေး ကတာကို .. ကျကျနနရယ် လို့ကို .. အဲဒီမင်းသမီးဝတ်တွေနဲ့ မမြင်ဖူးသေးဘဲကိုး .."

ဟု တောက်လျှောက်ပြောနေတော့ မောင်မောင် ငေးကြည့်ရင်း ရင်ထဲမှာ ကြည်နူးရပါ၏။ တောသူတောင်သား ပေမို့ .. အပြောလည်း ရိုးစင်းလျက် လှိုက်လှိုက်လှဲလှဲလည်း နိုင် နေသည့် ဒေါ်ထားမေကို .. အလိုလို ရင်ထဲမှ ချစ်ခင်နှစ်လိုစိတ် ဖြစ်ရသည်ကလည်း မောင်မောင်ပါ ..။

"ဟုတ်တယ် ဒေါ်လေး .. ငွေဝန်း ဖျားတာနဲ့ ရွာပွဲကို လာမကဖြစ်တာ .. ငွေဝန်းလဲ လာချင်တာပါပဲ ဒေါ်လေး ရယ် .. ဘဘဦးအောင်မောင်းနဲ့ မင်းသမီး မြိုင်ကြည်ကြည် တို့တော့ ရောက်ခဲ့ကြတာပဲလေ .. အဖွဲ့တော့ ရောက်ပါရဲ့ .. ငွေဝန်းပဲ ကျန်ခဲ့ရတာ .."

"အဲဒါကြောင့်ပေါ့အေရယ် .. ရွာက ဒေါ်မြကြီးဆိုတာ .. မချင့်မရဲကြီးကို ဖြစ်နေခဲ့ရတာ .. ညည်းလေး ကတာ .. အကျကြည့်မယ်လို့ ဒေါင်းတင်မောင်းတင်ခဲ့ထားသကိုး အေရဲ့ .. ကဲ .. ခု ရွာကို အလည်လာတာလား .. ဘာပဲ ဖြစ်ဖြစ် အေရယ် .. ညည်း နာမည်ကြီးတာကိုဖြင့် ..



ဒေါ်လေး ရင်ထဲ ချမ်းမြေ့ချမ်းသာ ဖြစ်ရပါပေရဲ့ .. ဂုဏ် လဲကြီးတယ်တော့ .. ညည်း ပို့ပေးတဲ့ ပိုက်ဆံများနဲ့လဲ .. ဒီအိမ်ကို ပြင်တန်ပြင် .. ကြည့်တန်ကြည့် .. ယာခင်းနှစ် ခင်းလဲ ဝယ်ထားသေးတယ်လေ .. ညည်းမိဘများ ချန်ခဲ့ တဲ့ ဒီအိမ်လေးကတော့ အရင်ခနီမိုး ထရံကာအိပ်လေးကနေ ပြီး .. သွပ်မိုး ပျဉ်ထောင်အိမ်လေးလဲဖြစ် .. အဆောင် လေးလဲချဲ့ .. ရေနံချေးလေးလဲသုတ် .. ဆိုတော့ .. ညည်း ခုမြင်ရတော့ .. ပျော်ပေမပေါ့ .. အင်း .. ညည်း မိဘများ ကို သတိရသအေ .."

ဟု ဆက်ပြောနေရင်း တစ်ချက် ငိုင်ခနဲ ဖြစ်သွားပြီးမှ ...င်ချင် မျက်ရည်ကို ထိန်းလိုက်ပြီးမှ သတိရသလို မောင်မောင့် ...ကြည့်လာသည်ကလည်း ဒေါ်ထားမေပါ ..။ တူမလေး ...ာက်လာခိုက် ဝမ်းသာရှိန်တက်ရင်း ဝမ်းသာဝမ်းနည်း ဖြစ်နေ ... ပြောနေဆိုနေဖြင့် ရှိနေရသည်ကိုး ..။

"ညှဲ့သည်လဲ ပါလာတာကိုး .. အိမ်ပေါ်ခေါ်တင်ဦးလေ .."

ဟု ပြောလာရင်းမှ အကဲခတ်သလို တစ်ချက်ကြည့် ... ရပ်ရည်လေး မွန်ရည်သန့်ပြန့်လျက် လက်ထဲမှာ သား ...ိတ်တစ်လုံးနှင့် ရှည်မျောမျော ကတ္တီပါအိတ်ရှည်တစ်လုံးကို ...ိုင်ထားလျက် ရပ်နေပါသည့် လူရွယ်လေးသည် ရုပ်ချောရုပ် ...သား ဖြစ်နေသည်မှာလည်း အမှန်ပါ ..။ ငွေဝန်းသာ၏ ...ထဲမှာလည်း သားရေအိတ်တစ်လုံး ပါလာသည်။ ပခုံးမှာ ...အိတ်ကြိုးသိုင်းတစ်ခုသည်လည်း လွယ်လျက်သား ရှိနေ၏။ ...သားမေ ခုမှ နည်းနည်းရိပ်မိစပြုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်းသာ အိမ်ထောင်ရက်သားများ ကျလာချေ
သည်လား မသိ ..။

"ငွေဝန်း .. အိမ်ထောင်ပြုလိုက်ပြီ ဒေါ်လေး .. ခု ..
ဒေါ်လေးနဲ့ အတူ .. နေဖို့ လာခဲ့ကြတာ .."

ဟု ပြောတော့ ဒေါ်ထားမေ ဝမ်းသာရှိန်ကြီးဖြင့်
ပြုံးကြည့်ရင်းမှ ပျာပျာသလဲနိုင်စွာ မောင်မောင့်ကိုလည်း ကြည့်
ရင်း ..

"စောစောက ညည်းကိုပဲ ပြောမိဆိုမိနဲ့ ပျော်နေမိတော့ ..
လူလေးပါလာတာကို .. မြင်ပေမယ့် .. အာရုံထဲ မတွေ
မိဘဲ ရှိနေမိတာ ငွေဝန်းသာရဲ့ .. အိမ်ပေါ်တက်
လူလေး .. တက် .. တက် .. ခဏနားကြ .. အံမယ် ..
ဝမ်းသာတယ် ငွေဝန်းလေးရဲ့ .. ပြောပုံများအရေယ် ..
ဒေါ်လေးနဲ့ အတူနေဖို့ဆိုတာများ .. အဲသလို ပြော
မဟုတ်ပေဘူး လုံမရဲ့ .. ဒါ .. ညည်းလေး မိဘမျာ
အိမ်နေရာပေပဲဥစ္စာ .. လုံမ မရှိခိုက် .. ဒေါ်လေး လာ
စောင့်ရှောက်ပေးရုံပါကွယ် .. ကိုယ့်အိမ်ကိုယ့်ရာ ပြန်လာ
တာပဲဥစ္စာ .. ကိုယ့်အိမ်ကိုယ်ပြန်နေတယ်ပေါ့ .. ဟုတ်
လား .."

ဟု အရိုးခံစိတ်ဖြင့် ပြောရှာသည့် ဒေါ်ထားမေ
ငွေဝန်းသာ ပြုံး၍ ..

"ဟုတ်ကဲ့အင်း .. ဒါ .. ဒေါ်လေး အိမ်ပါပဲ .."

ဟု ပြောရှာပါ၏။ မေတ္တာဆိုသည့်အရာသည်
ဟန်လုပ်၍ မရနိုင်သည့်အရာ ..။ ဖန်တီးယူ၍ မရနိုင်သည့်အ



ဆိုမို့ .. အရမ်းကို ရိုးစင်းဖြူစင်သော မြင်ကွင်းတစ်ခုကို ကြည့်
ကြည်နူးနူးကြီး မောင်မောင် ကြည့်ရင်း ရင်ထဲမှာ အနေကျပ်
ရသည်ပါပဲ ..။ မချမ်းသာပေမဲ့ .. မေတ္တာတရား ပြည့်ဝသည့်
ဤနေရာလေးမှာ ရှိနေရင်း ..

နွေးထွေးသော ကြိုဆိုမှုတစ်ခုအောက်မှာ ရပ်တည်
ရသူတစ်ယောက်၏ ရင်သည် .. အဘယ်မျှထိ ချမ်းချမ်းမြေ့မြေ့
ရှိရသည်ဆိုတာ ကိုယ်တိုင် ခံစားနေရစဉ်ခိုက် ..။ နွေဦးမွန်မှာ
အရမ်းကို လောင်မြိုက်စွာ .. ခံစားခဲ့ရပါသည့် ကြေကွဲမှုများကို ..
ငွေဝန်းသာ ခံစားခဲ့ရချေသည်မို့ .. ရင်ထဲ မလုံမလဲ မောင်မောင်
ဖြစ်ရပါ၏။ အားနာစိတ်လည်းဖြစ်ရ .. အနေရခက် .. အကြည့်
ခက်နှင့် ငွေဝန်းသာ၏ မျက်နှာလေးကိုပင် မကြည့်ဝံ့ မကြည့်
သာပဲ ဖြစ်နေရသည့်အဖြစ် ..။ ကိုယ့်ဘက်က ချမ်းသာမာန ..
ချမ်းသာဂုဏ်မောက်လျက် မတူမတန်ကြီး ပြောခဲ့ဆက်ဆံလွှတ်
ခဲ့သည် မဟုတ်ပါလားလေ ..။

"မောင် .. အိမ်ပေါ်တက်ရအောင်နော် .. ခဏနားကြတာ
ပေါ့ မောင် .. ပြီးရင် .. မောင် ရေမိုးချိုးပေါ့ .. ထမင်း
ချက်လိုက်ဦးမယ် မောင် .."

ဟု ငွေဝန်းသာ ပြောခိုက် သူ သက်ပြင်းရှိုက်၍
သဘော်ဆေးအပြာလေးတွေ သုတ်ထားပါသည့် လှေကားလက်ရန်း
တိုင်လေးများဖြင့် ရှိနေပါသည့် အိမ်လေးကို သူ တစ်ချက်ကြည့်
မိသည်။ သဘော်ဆေးက ခပ်ကြမ်းကြမ်း သုတ်ထားသည်အနေ
အထား ..။ ဝရံတာဆောင်လေးမှာလည်း ဝရံတာထောင့်တိုင်လေး
များကို အပြာနှင့် အဖြူရောင် သဘော်ဆေးဖြင့် ဝရံတာထောင်

www.burmeseclassic.com

www.burmeseclassic.com



တန်းတစ်ခုကို တစ်ရောင်ဖြင့် သုတ်ထားသည်မှာလည်း ခပ်ကြ...
ကြမ်းလက်ရာဖြင့်ပါ ..။

အိမ်လေးသည် သွပ်မိုး ပျဉ်ထောင်အိမ်လေးဖြစ်...
လျက် ..။ ရေနံရည်ဝနေသည်။ တောသဘာဝ .. ခြံထဲမှာ စို...
ခင်းလေးများဖြင့် စိမ်းစိမ်းစိုစိုလည်း ရှိ၏။ ဝရံတာဆောင်...
မှာ နှင်းဆီပန်းအိုးလေးတွေ ခပ်ကျဲကျဲ ရှိနေသည်။ အဖြူရော...
အနီရောင်နှင့် အပန်းရောင် အပွင့်သေးလေးများ ပွင့်နေ...
နှင်းဆီပန်းအိုးလေးများ ..။

ခန်းဆီးတပ်မထားသော ပြတင်းပေါက်နှင့် တံ...
ပေါက်များသည် .. သူ နေထိုင်ခဲ့ရာ မြို့ဦးမွှန် အိမ်ကြီး...
လားလားမျှ မဆိုင်သော အခြေအနေတစ်ခုကို .. တိတိပပ အ...
ပေးနေစေသည့်နှယ် သူ့ရင်တွင်းဆီသို့ ခံစားမှုများကို တွန်...
အသိပေးနေကြသည်ပါပဲ ..။

ခု .. သူ နေထိုင်ရမည့် နေရာသည် နေရာသစ်လည်...
ဖြစ်နေသည်။ ဝန်းကျင်သစ်လည်း ဖြစ်နေလျက် ..။ မေတ္တာများ...
ပြည့်ဝနေသော နေရာတစ်ခုလည်း ဖြစ်နေချေသည်ဟု သူ ...
ယူမိရပါ၏။

"ဟိုဘက်ထိပ်လေးမှာ လက်ဖက်ရည်ဆိုင် ရှိ...
ငွေဝန်းသာ ... ဒေါ်လေး ကာဖီရေလေး ချိုင့်နဲ့ ...
ဝယ်လိုက်ချေဦးမယ် .. ဓားလိုးမုန့်လည်း ရှိတယ် ...
ရဲ့ .. ကိတ်မုန့်လဲ ရတယ်လေ .. ဘာဝယ်ခဲ့ရမလဲ ...
နှစ်မျိုးစလုံး ဝယ်ခဲ့မယ် .. လောလောဆယ် .. ကာဖီ...
မုန့်လေးနဲ့ အဆာပြေလေးတော့ စားထားမှ ဖြစ်ကြ...



ပြီးရင် .. ဒေါ်လေး .. ဟိုဘက်က .. ကိုဖိုးကြွယ်အိမ်မှာ
ကြက်လေးတစ်ကောင် ပြေးဝယ်လိုက်မယ် .. ကြက်သား
ဟင်းနဲ့တော့ .. ဒီနေ့ စားမှဖြစ်ချေမပေါ့ .. ဆန်ကတော့..
အိမ်မှာ ပေါ်ကျွဲရှိတယ်လေ .. ပေါ်ကျွဲဆို စားဖြစ်တယ်
မဟုတ်လား .."

ဟု ညှော်ဝတ်ကျေဓာဖြင့် ပြောလည်းပြော ..။
ကမန်းတတန်းလည်း လက်ကို စိုက်ခင်းဘေးနေရာလေးမှာ ရှိနေ
သည့် စဉ့်အိုးမှ ရေခပ်ဆေးနေတော့ သူ နေ၍မရ ..။ အနေခက်
အထိုင်ခက်ဖြင့် လက်ကာ၍ ..

"နေပါစေ ဒေါ်လေး .. ကျွန်တော် .. အစားဘာဆို စား
ပါတယ် .. တကူးတက .. ဘာမှ မလုပ်ပါနဲ့ခင်ဗျာ..
ငွေဝန်းကလဲ .. ဒေါ်လေးကို ပြောဦးလေ .. လူကြီးကို
အလုပ်ပိုအောင် လုပ်သလိုကြီး ဖြစ်တော့မယ် .. ဒေါ်လေး
ဘာမှ မဝယ်ပါနဲ့ .. မဝယ်ပါနဲ့ ခင်ဗျာ .."

ဟု သူ တားပေမယ့် မရ ..။ ဒေါ်လေး ဒေါ်ထား
... ကတော့ဖြင့် ဘီးကျော့ကို ပြင်ပတ်ပြီး နောက်ဖေးဘက်ဝင်ကာ
...ျးခြင်းလေးဆွဲ၍ ထွက်သွားပါပြီ ..။

နှစ်ယောက်သား အိမ်ထဲဝင်တော့ ညှော်ခန်းကို သူ
ကြည့်မိသည်။ ငွေဝန်းသာ မောင့်ကို ပြုံး၍ ကြည့်မိတော့ ညှော်
...န်းလေးကို ဝေ့ဝဲကြည့်နေသည့် မောင့်မျက်ဝန်းများနှင့် မဆုံနိုင်...
...နေရပါ၏။

ညှော်ခန်းလေးက ရှင်းနေသည်။ ဖျာခွေတစ်ချပ်
...ခင်းထားလျက် ကြမ်းပြင်သည် တိုက်ထားသည်မို့ လက်နေ၏။

www.burmeseclassic.com



ဒီစယ်ဆီနှင့် အရောင်းကို ရောကြို့တိုက်ထားကာ ကြမ်းတိုက်အုန်းခွံခြမ်းကြောင့် ကြမ်းပြင်သည် ဝင်းလက်နေပါသည့်အဖြစ် ..။ ဧည့်ခန်းထောင့်တိုင်ဘေးနေရာမှာ ကြမ်းတိုက်အုန်းခွံခြမ်းတစ်ခု ရှိနေပါ၏။ ဘုရားစင်သည် အိမ်ဦးခန်းတွင် ရှိနေလျက် ပန်းဆီမီးတို့ဖြင့် သပ္ပာယ်လျက် ရှိနေပါ၏။ သစ်သီးဆွမ်းနှင့် ဆွမ်းတော်သောက်တော်ရေခွက်တို့သည်လည်း သန့်သန့်စင်စင်။ ကြည်လင်လင်ဖြင့် ရှိနေပါသည့်အဖြစ် ..။

ဧည့်ခန်းတွင်းမှာ ပန်းချီကားချပ်တွေ မရှိ ..။ စားပွဲဆက်တီမရှိ ..။ ကွမ်းအစ်တစ်လုံးကတော့ တိုက်ချွတ်ပြောင်စင်နေသော ဒန်သားဖြင့် အခန်းထောင့်နေရာမှာ ရှိနေသည်။ ပြတင်းတိုင်းမှာ ခန်းဆီးမရှိ ..။ ဒါပေမဲ့ .. အိမ်ဧည့်ခန်းနှင့် အတွင်းအိပ်ခန်းတို့ကို ကူးသည့် တံခါးတစ်ခုမှာတော့ အပြာရောင်ပွင့်ရိုက်ခန်းဆီးတစ်ခု ရှိနေပါ၏။ ဧည့်ခန်းနှင့် အိပ်ခန်းတို့ဆိုတာက အလယ်တွင် ခြားရိုက်ထားသည့် သုံးထပ်သား သစ်သားအကာတစ်ခုပဲ ခြားသည်။ အိပ်ခန်းသည် နှစ်ခန်းဖြစ်နေလျက်၊ တစ်ခန်းသည် အလွတ်ဖြစ်နေကာ ခန်းဆီးလည်း တပ်မထား ..။ အတွင်းဘက်မှာ ခုတင်ငယ်လေးတစ်လုံးသည် အခင်းကျင်းမရှိဘဲ သန့်သန့်စင်စင် ရှိနေပါသည့်အဖြစ် ..။ ကြည့်ရတာ .. အမြဲတမ်း အခန်းတိုင်းကို သန့်စင်လှည်းကျင်းထားပုံတော့ရသည်။ အခန်းလေးကို ငွေဝန်းသာ လက်ညှိုးလေးဖြင့် ထိုးလိုက်ရင်း ...

"အဲဒါ .. အရင်တုန်းက .. ငွေဝန်း နေခဲ့တဲ့အခန်းလေ မောင် .. ဒီအခန်းက .. ဖေဖေတို့အခန်း .. ခုတော့ ဒေါ်လေး နေနေတယ် .. ဖေဖေနဲ့မေမေ .. ရှေ့ဆင့်နောက်



ဆင့် ဆုံးကြတာ မောင် .. မေမေ့ကို အလွန်ချစ်တဲ့ ဖေဖေဟာ .. မေမေ ဆုံးပြီး .. ခြောက်လကျော်လောက်ပဲ ခြားတယ် .. ဆုံးရှာတာပါပဲ .. အဲဒီတုန်းက .. ငွေဝန်းက ဆယ့်ခြောက်နှစ်သမီးပဲ ရှိသေးတယ်လေ .. မေမေ ဆုံးတော့ .. ဦးလေး .. ဘဘဦးအောင်မောင်း လိုက်လာတယ်၊ ဘဘက အငြိမ့်ထောင်ထားတာလေ .. မေမေက .. ဘဘဆီမှာ အငြိမ့်မင်းသမီး လုပ်ခဲ့တာ .. ဒီရွာကရွာသား .. ဖေဖေနဲ့က .. အရင်ကတည်းက မေတ္တာမျှထားကြတာဆိုတော့ .. ကြာကြာ .. အငြိမ့်မင်းသမီး မလုပ်ဖြစ်နိုင်တော့ပါဘူး၊ ဖေဖေနဲ့ပဲ ပြန်အကြောင်းပါ .. ရွာမှာပဲ အခြေချခဲ့ကြတာလေ .. ဖေဖေက ရွာမှာ တောင်ယာပဲ လုပ်တာပါ၊ မေမေနဲ့ ဖေဖေစျာပနကိစ္စတွေကြောင့် .. ယာခင်းတွေလည်း ရောင်းဖြစ်ခဲ့တာပါပဲ .. အဲဒီတုန်းက အိမ်လေးက .. ဒီလောက်တော့ မကြီးသေးဘူး မောင် .. ခနီးမိုး ထရံကာလေးပေါ့ .."

ပိစ္စည်းဆို၍ ပါလာသည်ကလည်း သားရေအိတ်လေးတွေပဲမို့ ဧည့်ခန်းထောင့်မှာ ချပြီး ငွေဝန်းသာ ပြောပြနေခြင်းပါ။ နောက်တော့ .. ဘုရားစင်ရှေ့မှာ ပျပ်စပ်ဝပ်ထိုင်၍ ဦးချသည်။ သူလည်း ဘေးမှာ လိုက်ထိုင်၍ ဘုရားကန်တော့မိရပါ၏။ ရောက်ရောက်ချင်း ဘုရားကန်တော့ပါသည့် ငွေဝန်းသာကို .. သူ ပို၍ ရင်ထဲမှာ မြတ်နိုးလာနေမိရသည်ပါပဲ ..။

"ဖေဖေ ဆုံးတော့ ဘဘဦးအောင်မောင်းက .. ငွေဝန်းကို သူ့အငြိမ့်ထဲ ခေါ်သွားပြန်တယ်လေ .. ငွေဝန်းသည်း .. တစ်ချိန်တုန်းက .. မေမေ ရှိခဲ့တဲ့ .. အဲဒီလမင်းဝါဝါ

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်မှာ မင်းသမီး ပြန်ဖြစ်ခဲ့ပြန်တာပါပဲ .. မေမေ ကခဲ့တဲ့အကကို .. ငွေဝန်းသာ ကနိုင်သလို .. ခုကျတော့လဲ .. ငွေဝန်းသာဟာ .. မောင့်ကို လက်ထပ်ဖြစ်ပြီး .. ဒီရွာလေးကို ပြန်ရောက်လာခဲ့ပြန်ပါပြီ .. တစ်ခုပဲကွာတယ် မောင် .. မေမေက .. သူ့ချစ်သူ .. ဒီရွာသား ဖေဖေ့ကို လက်ထပ်ပြီး လာနေခဲ့တာ .. ငွေဝန်းက .. အရမ်းကို ချမ်းသာတဲ့ မောင့်ကို လက်ထပ်ပြီး .. ဒီရွာကို ခေါ်လာခဲ့တာ .. မောင် အနေအစား ဆင်းရဲလိမ့်မယ် မောင်ရယ် .. အဲဒါ .. ငွေဝန်း စိတ်ထဲ မချိတာပါ .."

ဟု ပြော တော့ သူ .. တစ်ချက် ငွေဝန်းသာ၏ လက်လေးကို ထွေးဆုပ်သည်။ မျက်နှာလေးကိုလည်း တစိမ့်စိမ့် ကြည့်သည်။ နဖူးစပ်လေးများဆီမှ စိမ်းလဲ့လဲ့နိုင်စွာ နဖန့်ဖန့်လေး ရှိနေပါသည့် ဆံနုယဉ်လေးများ ..။ မျက်ခုံးစိမ်းခုံးခုံးလေးနှင့် ထူထဲသော မျက်တောင်ရှည်ကော့ကော့လေးများ ရှိနေပါသည့် မျက်ဝန်းလေး ..။ နက်မှောင်အရည်လဲ့နေသော မျက်ဝန်းအိမ် ..။ နှာတံထင်းထင်းလေးနှင့် နီရဲသော သဘာဝအသွေးဖြင့် ရှိနေပါသည့် နုဖန့်သော နှုတ်ခမ်းနုနုလှလှလေး ..။ အကြောမျှင်တို့ ရှိန်းမြမြ ထင်နေပါသည့် မျက်နှာ ..။ ဖြူဝင်းဝင်းအသားအရေ .. ရွှေရည် ရိပ်ဆမ်းလျက်ရှိနေသည့်အဖြစ် ..။

သွယ်နွဲ့ကြော့ရှင်းလျက် ကျောက်ဆစ်ရုပ်လေး ။ ထားသည့်နှယ် ရှိနေပါသည့် ကိုယ်ဟန်ပျောင်းနွဲ့နွဲ့လေးနှင့် ရှည်လျားသော ဆံနွယ်မျှင်များဖြင့် ကျက်သရေရှိလှပါသည့် သူ၏ ဇနီးသည် ..။ ခြော် .. သူ မြတ်နိုးရပါသည့် မြတ်နိုးရုပ်တုလေး ..။



ဤမိန်းကလေးသည် .. သူ့ကို လက်ထပ်လိုက်ခြင်းအတွက် .. အပြစ်တစ်ခု ရှိနေသည့်နှယ် ခံစားနေရရှာသည်။ သူ့ကို ဆင်းရဲတွင်းထဲ ပို့သည့်နှယ် ယူကျုံးမရဖြစ်နေပြန်သည်။ ဤအတွက် .. သူ .. သေချာကို ရှင်းပြမှ ဖြစ်ချေတော့မည်ဆိုတာ နားလည်လာရသည်မို့ ..

"မောင် ပြောမယ် ငွေဝန်းလေး .. ချမ်းသာခြင်းဆင်းရဲခြင်းဆိုတာ လူ့ဘဝမှာ အရေးပါတဲ့ နေရာမှာ ရှိတယ်ဆိုတာတော့မှန်ပါတယ် .. လူတွေဟာ ကိုယ့်ဘဝကို .. မြင့်သထက်မြင့်အောင် ကြိုးစားကြတယ်လေ .. အဲဒါ .. ပန်းတိုင်တစ်ခုကို လျှောက်နေကြတာပဲပေါ့ .. ဒါပေမဲ့ .. ချမ်းသာမှ လူဖြစ်ရကျိုးနပ်မယ် .. လူရာဝင်မယ်ဆိုတာ မျိုးတော့မဖြစ်သင့်ဘူး .. ဆင်းရဲသည်ဖြစ်စေ .. ချမ်းသာ သည်ဖြစ်စေ .. အဓိကကျတဲ့ အရာဟာ .. လူ့စိတ်ရှိဖို့ပဲ၊ လူပီသကြဖို့ပဲ .. ချမ်းသာဂုဏ်မောက်နေဖို့အတွက် .. ချမ်းသာအောင် ကြိုးစားတာဟာလဲ နည်းလမ်းမကျပါဘူး၊ ကိုယ့်ကံကြမ္မာ .. ရေးကုသိုလ်အရ .. ချမ်းသာနေရတယ် ဆိုရင်လဲ .. ချမ်းသာဂုဏ်မောက်ဖို့ အခွင့်အရေးကြီး ရနေပြီလို့မမှတ်ယူသင့်ဘူး .. မောင်ပြောတာ နားလည်တယ်မဟုတ်လား၊ မောင်နဲ့ ငွေဝန်းတို့ ခု .. လက်ထပ်ခဲ့ကြပြီ .. စိတ်ချမ်းသာကြရတာလဲအမှန်ပဲ .. မောင်နဲ့ ငွေဝန်းတို့ လက်မထပ်ဖြစ်ကြဘူးဆိုပါစို့ .. စိတ်ချမ်းသာကြမှာ မဟုတ်ဘဲ .. အရမ်းကို စိတ်ထိခိုက်ကြရမယ် .. အဲဒါ .. တစ်သက်တာအတွက် ခံစားရမယ့်အဖြစ်ပဲ .. အဲဒါကို မဖြစ်အောင် ..

www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ ဆုံးဖြတ်နိုင်ခဲ့ကြပြီ .. ရပ်တည်နိုင်ခဲ့ကြပြီ .. ရှေ့ဆက်ပြီး .. မောင်တို့ ကြိုးစားကြဖို့ပဲ ရှိတယ် .. မောင်တို့ အလုပ်လုပ်ကြဖို့ပဲရှိတယ် .. အဲဒါကိုပဲ တွေးကြရမယ် .. ခု .. မောင် .. ယာတောထဲ သွားမယ်၊ တောင်ယာလုပ်မယ် .. အဲဒါ .. မောင် လုပ်ရမယ့် အလုပ်ပဲ .. မောင်တို့က .. မောင်တို့တည်ဆောက်ချင်တဲ့ မောင်တို့ရဲ့ ဘဝထဲမှာ .. ပျော်နေကြရမယ်လေ .. ကြည်မွေ့နေကြရမယ်လေ .. အဲဒါ ဖြစ်နေကြဖို့ လိုတယ် .. စိတ်ဆင်းရဲစရာတွေ တွေးနေဖို့ မဟုတ်ဘူး .. ဘာလို့ .. အဲဒီ စိတ်ညစ်စရာတွေကို ရင်ထဲမှာ မွေးထားကြရမှာလဲ .. မောင်တို့ဟာ .. မောင်တို့ ဖြစ်ချင်တဲ့အိမ်ထောင်တစ်ခုကို တည်ခဲ့ပြီ .. ဒါ .. တည်ပြီးတဲ့ အရာပဲ .. တည်ပြီးတဲ့အရာကို .. ရှင်သန်ဖို့ပဲ မောင်တို့ ကြိုးစားကြရမှာ .. လျှောက်လှမ်းကြရမှာ .. ကြားရဲ့လား"

ဟု ပြောလည်းပြော ..။ ငွေဝန်းသာ၏ ကိုယ်လေးကို တွေးပိုက်လိုက်မိရင်းမှ မျက်နှာလေးကို ဖေးမော့၍ နဖူးပြင်နနလေးကို ဖွဖွနမ်းရှိုက်လိုက်မိရပါပြီ ..။ နောက်တော့ ပြုံး၍ ထရပ်သည်။ ငွေဝန်းသာ၏ လက်လေးကိုလည်း တွေးဆုပ် ယူ၍ စောင့်ခေါ်သည့်နှယ် ရပ်နေရင်းမှ ..

"မောင်တို့ .. ပစ္စည်းတွေ နေသားတကျ ချလိုက်ကြရအောင် .."

ဟု ဦးစီးဦးဆောင်ပြုသူတစ်ယောက်အဖြစ် ပြောလာတော့ ငွေဝန်းသာ မျက်လွှာလေး ချလိုက်မိရပါပြီတည်း ..။



မောင့်လက်ကို အားကိုးစိတ်ဖြင့် ဖေးကိုင်ထားမိရင်းမှ မောင့်ပခုံးပေါ် ခေါင်းလေးကို ဖေးတင်ရင်း ..

"ခုလို .. မောင် .. ငွေဝန်းကို စိတ်ချမ်းသာအောင် ပြောပေးနေလေလေ .. ငွေဝန်း မောင့်ကို အားနာရလေပါ မောင်ရယ် .. ပြီးတော့ .. မောင့်ကို .. ကျေးဇူးလဲ တင်ပါတယ် မောင်ရယ် .."

ဟု တိုးဖွဖွလေး ပြောမိကာ မောင့် လက်ဖမိုးကို ဖေးယူ၍ မျက်နှာလေး ဖေးအပ်မိရ ..။ နမ်းရှိုက်လိုက်မိရနှင့်ပါ။ မောင့်လက်တွေက ငွေဝန်းသာ၏ မျက်နှာလေးကို ဖေးမော့လာကြပြန်ကာ နဖူးချင်း ဖေးထိထားရင်းမှ ..

"အဲဒီလို မတွေးရဘူးလို့ မောင် ပြောထားရက်နဲ့ ငွေဝန်းရယ် .. မောင်တို့မှာ အချိန်မရှိဘူး ငွေဝန်း .. စိတ်ညစ်စရာတွေကို ရှာကြံတွေးယူရင်း စိတ်ညစ်ခံနေဖို့ အချိန်တွေ မရှိဘူး၊ လိုလဲမလိုအပ်ဘူး .. မောင် ပြောတာကို နားလည်စမ်းပါ ကလေးရယ် .."

ဟု ပြောလည်းပြော ..။ ရင်ခွင်ထဲ သိမ်းပွေ့ယူကာ အစိမ့်စိမ့်နိုင်အောင် မျက်နှာလေးကိုလည်းကြည့် ..။ ဆံစလေးများကိုလည်း သပ်တင်ပေးနေရင်းမှ ..

"မောင်တို့နှစ်ယောက်ဟာ .. ဖူးစာဆုံထိုက်လို့ ကြုံကိုကြုံကြ .. လက်ထပ်ဖြစ်ကြရတယ်လို့ .. မှတ်ယူယုံကြည်ထားစမ်းပါ ငွေဝန်းသာ .. မောင်တို့နှစ်ယောက် လက်ထပ်ဖြစ်ကြဖို့သာ အရေးကြီးတာပါ .. ဘယ်ကို အတားအဆီးမှ မောင်တို့နှစ်ယောက်ရဲ့ဘဝကို .. မဟန့်တားနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြဖို့သာ အဓိကကျတာပါ .. အဲဒီဘဝကို .. မောင်တို့ ရောက်နေကြရပြီ .. အဲဒီအဖြစ်ထက် .. ဘယ်အရာက မောင်တို့ဘဝမှာ အရေးကြီးနေလို့လဲ အချစ်ရယ် .. ဟင် .. မောင် .. အမြဲမြင်ချင်နေတဲ့ အရာတစ်ခုပဲ ရှိတယ်၊ ဘာလဲ သိလား .. မောင် ချစ်မြတ်နိုးရတဲ့ မောင့် မယားဟာ .. အမြဲ .. ကိုယ့်ဘဝကို .. ကိုယ် .. ကျေနပ်ရင်း ပျော်ရွှင်နေတဲ့အဖြစ်ပဲ .. မောင့်လက်ကို .. မဖြုတ်စတမ်း အားကိုးဆုပ်ကိုင်ထားတဲ့ ဇနီးအဖြစ်ကိုပဲ .. မောင် မြင်ချင်နေတယ် ငွေဝန်းသာ .. ခု .. ငွေဝန်းသာလေး လုပ်ရမယ့် တာဝန်က .. မောင့်နဖူးကို .. ခြေဖျားလေးထောက်ပြီး .. တမြတ်နိုးနိုး နမ်းလိုက်ဖို့ပဲ မိန်းကလေးရဲ့ ..”

ဟု ပြောလည်းပြော ..။ ခေါင်းကိုလည်း ငုံ့ကိုင်းပေးလာပါသည့် မောင့်ကို .. ငွေဝန်းသာ မော့ခနဲ ကြည့်မိရပါပြီ ..။ သြော် .. ငွေဝန်းကို ချစ်မြတ်နိုးရန်မှတစ်ပါး ဘာကိုမျှ အရေးတကြီး မထားသည့်နှယ် ရှိနေပါသည့် မောင် ..။ ချစ်မြတ်နိုးလေသမျှကိုလည်း ငွေဝန်း ရင်ထဲမှာ ပို၍ နက်ရှိုင်းစွာ နားလည်လာအောင် ပြောတတ်ပါသည့် မောင် ..။ ငွေဝန်း၏ အချစ်များကို ပိုင်စိုးပါသည့် မောင့်မျက်နှာကို မော့ခနဲ ငေးကြည့်ရင်းမှ ..။ ခြေဖျားလေးကို ဖေးထောက်၍ .. မောင့် နဖူးပြင်ကို မမှိတ်မိလေးဖြင့် .. ဖေးမော့နမ်းရှိုက်လိုက်မိပါပြီတည်း ..။ တကယ်တော့ .. အချစ်ထက် နက်ရှိုင်းခိုင်မာသော .. အရာမရှိသည်မို့ .. မောင့်ကို ချစ်သော .. ငွေဝန်းသာ၏ အချစ်များကို အားကိုး



လျက်ဖြင့် .. မောင့်ကို ဘယ်သောအခါတွင်မျှ .. မခွဲရပါသော ငွေဝန်းသာ၏ ဘဝတစ်ခုကို .. တည်ဆောက်နိုင်စွမ်းခဲ့ပြီဟု .. ငွေဝန်းသာ .. မှတ်ယူထားလိုက်မိရပါသည် မောင် ..။ သြော် .. မောင့်ကို အားကိုးနေမိရပါသည် မောင် ..။

မောင့် အချစ်ကိုလည်း .. ယုံကြည် .. ကိုးကွယ် .. ကြည်ညိုနေမိရပါသည် မောင် ..။ ငွေဝန်းသာ၏ ဘဝတွင် .. ဘုရားရှင်တော်မြတ်ကို .. ကြည်ညို .. ကိုးကွယ် .. ဆည်းကပ်ရာအဖြစ် .. ထားရပါသည် မောင် ..။

ဘုရားရှင်တော်မြတ် ပြီးလျှင် မောင်သည် ငွေဝန်းသာ အားကိုး ... ကြည်ညို .. ကိုးကွယ်ရာ .. အဖြစ် ရှိရပါသည်မောင်။

သားကိုသခင် .. လင်ကို ဘုရားအဖြစ် .. ချစ်သော အချစ်မျိုးဖြင့် ချစ်ရပါသည်ကော မောင် ..။

ထွေးပိုက်ထားပါလေသော မောင့် လက်တွေသည် ငွေဝန်းသာ၏ ဘဝတစ်လျှောက်မှာ .. လုံခြုံအေးမြရာ .. ရင်ခွင်တစ်ခုတွင်းမှာ .. ထာဝရ .. မြှုပ်နှံထားစေရာ လက်များအဖြစ် ကြွေမည်ဟုလည်း .. ငွေဝန်းသာ .. ယုံကြည်မိရပါသည်ကော မောင် ..။

* ❧ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"သူ့ခများ ချစ်မြတ်နိုးရာလွန်းလို့ .. ချမ်းသာတဲ့ ဘဝထဲက ခြေစုံကန်ထွက်လာရှာတာကို .. နားလည်ထားရမယ် လုံမ .. ဒေါ်လေး တွေ့လိုက်ကတည်းက နားလည်ထားပြီး သားပါ အေရယ် .. ခြေထောက်လေးတွေကအစ နုနုဖန့်ဖန့် နဲ့ လူကလေး ... မျက်နှာလေးကလဲ သန့်သန့်စင်စင်နဲ့ နုနုနယ်နယ် ရှိလိုက်တာကွယ် .. သူ့ခများ .. အနေအစား ဘဝမှကို ဒီနေရာမှ အံကျပန်ကျ ရှိနိုင်မှာ မဟုတ်ဘူးနော် အဲဒါကို လုံမ စိတ်ရှည်နားလည်ပေးဖို့ ဝတ္တရားရှိတယ် .."

အကြောင်းစုံကို သိခိုက် ဒေါ်လေး သက်ပြင်းတစ် ချက်ရှိုက်ပြီး ပြောတော့ ငွေဝန်းသာ ခေါင်းလေး ညိတ်၍ ငိုင်နေ သည်ပါပဲ ..။

မောင့်ကို ချစ်မြတ်နိုးစွာ လက်ထပ်မိခဲ့ပါသည် အဖြစ်တစ်ခုသည် .. မောင့်ဘဝကို .. ကြမ်းတမ်းသော ဘဝခရီး ရှည်ကြီးတစ်ခုမှာ လျှောက်ခိုင်းလိုက်ခြင်းပေပဲဟု နားလည်ထားနိုင် ခဲ့ရရင်း ရင်ထဲ မချိဘဲ ရှိနေခဲ့ရလေသမျှ ..။ ခု .. ဒေါ်လေး ပြော



သာသည့် စကားများကြောင့် ရင်ထဲ ပို၍ မကောင်းနိုင်ဘဲ .. မောင့်ကို အသနားပိုနေမိရသည်က ရင်နှင့်မဆန့်နိုင်အောင် ကြေ ကွဲနေစိတ်များဖြင့်ပါ ..။

မီးဖိုပေါ်မှ ကြက်သားဟင်းရနံ့က မွှေးမြမြဖြင့် မီးဖိုဆောင်ငယ်လေးဆီမှာ ပြန့်နေသည်ပါပဲ ..။

"ငွေဝန်းလဲ မောင့်ကို သနားနေမိတာတစ်ခုပဲ ရှိနေတာပါပဲ ဒေါ်လေးရယ် .. မောင့်ကို .. ငွေဝန်း ဘယ်အထိ .. သနား စိတ်နဲ့ တွေးထားပေးသလဲ ဆိုရင် .. တစ်နေ့မှာ .. ဒီဆင်းရဲဒုက္ခကို မောင် မခံနိုင်လို့ .. ငွေဝန်းကို ချန်ထား ခဲ့တယ်ဆိုရင်တောင်မှ .. ကျေနပ်စွာခွင့်လွှတ်ပေးဖို့အထိ .. အဲဒီ အတိုင်းအတာထိကို .. ငွေဝန်း တွေးထားပေးထား တာပါ .."

ဟု ခပ်လေးလေး ပြောစဉ်ခိုက် ဒေါ်လေး ခေါင်းယမ်း ပါ၏။

"အဲသလိုတော့လဲ ဘယ်ဟုတ်မလဲ ငွေဝန်းရယ် .. အိမ် ထောင်တစ်ခုဆိုတာ တည်မိပြီဆိုရင်တော့ဖြင့် .. မြဲမှ ဖြစ်ပေမပေါ့ .. အဲသလောက်ကြီးထိတော့ နိမိတ်မကောင်း တာကြီးတွေကို မင်္ဂလာဦးကာလမှာ မတွေးစမ်းပါနဲ့အေရယ်၊ လူဆိုတာ .. အမြဲဆင်းရဲနေမယ်လို့ပေ ဘယ်ပြောနိုင် မလဲ .. ချမ်းသာအောင် .. ကြိုးစားပေါ့ .. အချမ်းသာကြီး မဟုတ်ရင်တောင်မှ တော်သင့်တဲ့ ချမ်းသာမှုတစ်ခုတော့ ရအောင်ကြိုးစားပေါ့ .. ကိုယ်က လူငယ်တွေပဲ .. လူငယ် ဆိုတာ အားမာန်ရှိတယ် လုံမရဲ့ .. ကဲ .. ကဲ .. ကြက်

www.burmeseclassic.com

www.burmeseclassic.com



သားဟင်း ရလောက်ပါပြီ ... ဘူးသီးနဲ့ ကြက်ရိုးဟင်းခ
လေးပဲ ဆက်တည်ထားလိုက်ပေါ့ ... ရေမိုးချိုး ...”

ဟု ပြောပြီးမှ ဒေါ်လေး ငွေဝန်းသာ၏ မျက်နှာလေး
ကို ပြုံး၍ ကြည့်သည်။ ဆံစလေးကို သပ်ပေးပါ၏။

“ဒေါ်လေးတူမက ... မင်းသမီးလေးလို ချောတဲ့ လုံမ
မွေးကတည်းကိုက ... လှလှပပလေးပေမို့ ... ငွေဝန်းသာ
ဆိုပြီး ... ကိုရင်က ... သူ့သမီးကို နာမည်လေးမှည့်ခဲ့တာ
အစ်ကိုကြီးကို သတိရလိုက်တာအေရယ် ...”

ဟု ကွယ်လွန်သည့် အစ်ကိုကြီးကို တမ်းတသံဖြ
ပြောတော့လည်း ငွေဝန်းမှာ ဖေဖေ့ကို သတိရစိတ်ဖြင့် မျက်ရည်
ဝဲတက်လာရသည်ပါပဲ။

“ဒေါ်လေး ... ကိုယ့်အိမ်ကိုယ် ပြန်နေလိုက်ဦးမယ် လုံး
ဟိုမှာက ... အိမ်ဆိုင်လေးဖွင့်ထားရတာ မဟုတ်လား
နေ့ခင်းဘက် ... အိမ်ဆိုင်လေးဖွင့် ... ညဘက် ... ဒီ
ပြန်လာအိပ်ရနဲ့ ဒေါ်လေး နေခဲ့ရတာလဲ ကြာခဲ့ပြီ
ဒီနေ့တောင်မှ ... လပြည့်နေ့ပေမို့ ဘုန်းကြီးကျောင်း
ဖို့ ရှိတာနဲ့ ... ဆိုင်မဖွင့်ဘဲ ရှိနေခဲ့ရတာ ... ညည်း
ရောက်လာတာနဲ့ တိုးရတော့တာမို့ ... ကျောင်းလဲ မ
နိုင်တော့ပါဘူးအေ ... ကဲ ... ကဲ ... ရေချိုး ...”

ဟု ထပ်ပြောကာ ပွက်ပွက်ဆူနေသည့် ဟင်းအိုး
ကို ဖွင့်ကြည့်နေသည်မို့ ငွေဝန်းသာ ထထွက်ခဲ့ရပါ၏။ မီးဖို
လေးက ... အိမ်ညှော်စွန်းဆီမှ တစ်ဆင့်နိမ့်လေးအဖြစ် တဲ
တစ်ခုကို ဖြတ်လိုက်တာနှင့် ရောက်ရသည်။ မောင့် အိမ်ကြီး



တခြားစီဆိုတာ ငွေဝန်းသာ ရင်ထဲ ပြန်တွေးမိရပြန်ပါပြီ ...။
ဤအတွေးတွေသည် ... မကြာမကြာ အချိန်နှီးကပ်လွန်းစွာ ပေါ်
ပေါ်လာရသည်က ... မောင့်အိမ်ကြီးကို မြင်ခဲ့ရသည့် အဖြစ်ကြောင့်
ရော ...။ ကိုယ့်အိမ်လေးမှာ မောင် ရောက်နေရတာကြောင့်ရော
ဆိုတာ ...။ ငွေဝန်းဘာသာလည်း သိနေရသည်ပါပဲ ...။ အရှမ်းကို
ခြားနားသည့် ဘဝနှစ်ခု ပေါင်းစပ်မိရချိန်မှာ ... မောင်သည် ...
အရမ်းကို သေးငယ်သော အိမ်လေးတစ်ခုဆီသို့ ရောက်လာရခြင်း
ကြောင့် လက်ရှိဘဝမှာ ရပ်တည်နေရသည်မို့ ...။ ဤအတွေးတွေက
ရင်ထဲမှာ အလိုလို ... မချိတင်ကဲစိတ်ဖြင့် ... ရောက်ရောက်လာနေ
ခြင်း မဟုတ်ပါလားလေ ...။ အကယ်၍ ... ငွေဝန်း ... မောင့်
အိမ်ကြီးဆီသို့ ရောက်ခွင့်ကြုံခဲ့ရချေမည် ဆိုလျှင်လည်း ... အရမ်း
ကို ခြားနားသည့် အမြင့်ကြီးတစ်ခုမှာ ရပ်နေရသည့် ဘဝဖြစ်ချေ
သည်မို့ ...။ မောင့်အိမ်ကြီးသည် ... ငွေဝန်းအတွက် ... မြင့်မားသော
တောင်ထိပ်တစ်ခုဆီကို တွန်းပို့ရပ်နေစေသည့်နှယ် ရှိနေချေမည်
သာ ...။ မကြည်ဖြူသော မောင့်မိခင်ကြီး၏ အကြည့်များသည်
ကျောက်တိုင်းတစ်ခုနှယ် ရှိနေလျက် ...။ လေပြင်းဖြင့် တွန်းထုတ်လိုက်
သည့်နှယ်ရှိစေကာ ... ငွေဝန်းကို တောင်မြင့်ကြီးဆီမှ ... လွင့်ကျ
သွားလိုက်ချေမည်သာ ...။

“တကယ်တော့ ... မောင်ဟာ ... ငွေဝန်းနဲ့ မထိုက်တန်တဲ့
သူပါ ... အရမ်းကို မြင့်တဲ့ မောင့်ဘဝနဲ့ ... ငွေဝန်းဟာ
ဘယ်နေရာမှာမှ ... ယှဉ်မရအောင် နိမ့်ချာနေတာပါ ...”

ဟု တွေးမိရင်း ငွေဝန်း မျက်ရည်ကျလာရပါပြီ ...။
မီးဖို့ဝရန်တာလေးဆီသို့ ငွေဝန်း ထွက်လာစဉ်မိုက် ရေတွင်း

www.burmeseclassic.com

www.burmeseclassic.com



ဆီမှ ရေချိုးနေသည့် ရေကျသံကို ကြားနေရသည်။ အိမ်ရှေ့ မျက်စောင်းထိုး ခြံထောင့်နေရာလေးမှာ ရေတွင်းရှိသည်။ ရေစည် တစ်ခုလည်း ရှိနေသည်။ ဒေါ်လေး ခပ်ထားသည့် ရေစည်တွင်း ရေသည် ညသိပ်ရေ ဖြစ်ချင်ဖြစ်နိုင်သည်။ မနေ့ညက ခပ်ထား တာဆိုလျှင် ညသိပ်ရေပဲ ဖြစ်ချေမည်။ သို့ဆိုလျှင် .. ရေက အတော်ကြီးကို အေးနေနိုင်သည်။ မောင့်အိမ်မှာလို ရေပူရေအေး စပ်နိုင်သော ရေချိုးခန်းတစ်ခုဆိုတာ .. ဘယ်တော့မှ ဤအိမ် လေးဆီမှာ ဖြစ်လာနိုင်ချေမှာမဟုတ် ..။ အတွေးဖြင့် မောင့်က ငေးကြည့်နေမိရပါ၏။

မောင်ကတော့ ငွေဝန်းရှိရာ ဝရန်တာဘက်ကို ကျော ပေးလျက်ဖြင့် ပုဆိုးတိုတိုလေး ဝတ်ကာ ရေဖလားဖြင့် သံပိ ဟောင်း ရေစည်ဆီမှ ပလတ်စတစ်ရေချိုးခွက် ပြာပြာလေး နှစ်၍ .. နှစ်၍ .. ရေခပ်လိုက် ချိုးလိုက်ဖြင့် အသားတကျ ဗွာ လက်ရှိဘဝကို ဖြတ်သန်းနေချေသည်တကား ..။

ရေချိုးခန်းဟူ၍ မရှိ ..။ လမ်းဘက်ဆီမှ လှမ်းကြည့် လျှင် အကာအကွယ်တစ်ခုအဖြစ် ရှိနေအောင် ဝါးကပ်နှစ်ချပ် ပကာတိုင် .. ပကာတန်းလေးမှာ သံရိုက်၍ ကာထားသည့် အ က သုံးဘက်ပဲရှိလျက် အိမ်ဘက်မှာမရှိ။ သုံးဘက်ကာ ဝါးကပ် ခန်းပေမို့ .. ဝရန်တာလေးမှာရပ်ကြည့်လျှင် မောင့်ကိုမြင်နေရသည်

ငွေဝန်းသာ မောင့်ကို ... နောက်နေ့တွေမှာ .. ဇလုံကြီးတစ်ခုမှာ ရေနွေးစပ်ပေးပြီး ရေချိုးဖို့ ပြောရပေလိမ့်မည် ဤအတွေး တွေးမိရင်းမှ ငွေဝန်းသာ လှေကားငယ်လေး ဆင်းလာမိရပါ၏။



မောင် .. ရေလဲပုဆိုးလဲဝတ်နေပြီ ..။ ပုဆိုးကို ရေစည်မှ ရေကို ခပ်၍ လောင်းပြီး ရေညှစ်နေရင်းမှ ငွေဝန်းကို တွေ့တော့ ပြုံးပြပါ၏။

မောင့်ဆံစတို့မှာ ရေတွေ စိုစွတ်နစ်နေကာ တချို့ က နဖူးပြင်မှာ ကပ်ငြိစိုစွတ်နေကြပါ၏။ မောင့်ကို ကြည့်ရတာ အရာရာ .. အားလုံး အဆင်ပြေနေသည့်လူတစ်ယောက်အဖြစ် ရွှင်ရွှင်ပျပျနိုင်နေ၏။ ငွေဝန်းမှာသာ စိတ်လက်မကြည်မွေ့နိုင်ဘဲ စစ .. မောင့်ကို အားနာစိတ်ဖြစ်နေရ .. မောင့်ကို သနားနေရဖြင့် မျက်နှာမလန်းနိုင်ဘဲ ရှိနေရခြင်းပါ ..။

နေရင်းနေရင်းဖြင့် .. ပြောင်းပြန်ကြီး ဖြစ်ခြင်းမက ဖြစ်လာနေပါသည့်အဖြစ်။ မောင်သည် အစကတည်းက .. ဤအိမ်လေးမှာ ကြီးပြင်းလာလျက် .. နေသားတကျ ရှိနေသည့်သူ တစ်ယောက်အဖြစ် ရှိနေကာ .. ။ ငွေဝန်းက .. ချမ်းသာသည့် ဘဝထဲက ဆင်းလာသည့် ဧည့်သည်တစ်ယောက်နှယ် မျက်နှာ ပျက်ပျက်နှင့် ဖြစ်နေသည်။ ဘေးက ကြည့်လျှင် ထိုသို့ မြင်နေ နိုင်သည့်အဖြစ်။ ဘာကြောင့်ဆို .. မောင်က .. အားလုံး အသားတကျကြီး နေပြနေသည်။ ပလတ်စတစ်ဆပ်ပြာခွက် ဝါလေးထဲမှ တရုတ်ဆပ်ပြာမွှေးလေးကို မောင် .. ဘယ်တုန်း က သုံးဖူးနိုင်စရာမရှိ ..။ ဒါပေမဲ့ .. ထိုဆပ်ပြာခဲလေး ထည့် ထားရာ ဆပ်ပြာခွက်ကို နေရာတကျ .. ဆပ်ပြာခွက်တင်ထားရာ စင်သားတန်းနေရာလေးမှာ မောင် တင်နေသည်။ ပခုံးပေါ်မှ ဘက်ကို မောင် သိုင်းတင်ထား၏။ မောင့် ခြေထောက်မှာ ခုံဖိနပ်တစ်ရံ ရောက်နေပြီ ..။ မောင်သည် .. ချက်ချင်း

www.burmeseclassic.com



ပင် .. ဤလက်ရှိဘဝနှင့် တစ်သားတည်း ဖြစ်နေသည့် မောင် ဖြစ်နေပြီ ..။ ငွေဝန်းမှာသာ .. မျက်စိပျက် မျက်နှာပျက်ဖြင့် ဘောအမြင်မှာ .. မပျော်နိုင်ဘဲရှိနေသည့်သူတစ်ယောက်အဖြစ် မြင်သာထင်သာကြီး ဖြစ်နေရသည့်အဖြစ် ..။

"ရေချိုးတော့မလို့လား ငွေဝန်း .. ချိုးတော့လေ"

ဟု မောင့်ပြောဟန်ကလည်း အိမ်ရှင်ဆန်နေသည်။ ခုမှ ရောက်လာသည့်သူတစ်ယောက်၏ ဟန်ပန်မျိုး ဘယ်နေရာမှာမှ မောင့်ထံမှာ ရှာမတွေ့နိုင်တော့ ..။ မောင်သည် .. ဤနေရာလေးမှာ .. မောင့်ဘဝကို မြှုပ်နှံလိုက်ပြီးသူတစ်ယောက်အဖြစ် ဖြတ်သားဖွာ .. ရပ်တည်ပြနေချေသည်တကား ..။

ငွေဝန်းသာ ခေါင်းလေးပဲ ကြိုးစားညိတ်ပြရပါ၏။ မောင့်ကို .. ကြာလေ .. သနားမိရလေပါ ..။ ငွေဝန်း စိတ်ချမ်းသာအောင် .. မောင် နေပြခြင်းဆိုတာ .. ငွေဝန်း သိပါသည်။ တကယ်တော့ .. ဤနေရာလေးသည် .. မောင့်အတွက် .. အရာရာ .. အားလုံးသည် .. ထူးဆန်းနေရချေမည်သာ ..။ တကယ်ဆို .. ဘဝတစ်ခုမှ .. သဟဇာတ ဖြစ်စရာကိုမရှိ .. နေသားတကျ ဖြစ်စရာကိုမရှိ ..။ ဒါပေမဲ့ .. အချစ်ဆိုသည့် အရာဖြင့် .. မောင်သည် .. ငွေဝန်း စိတ်ချမ်းသာအောင် .. ခုလို အသားတကျကြီး ရှိနေသူနှယ် နေပြခြင်းပါ ..။ ရေအေးအေးနှင့် ရေချိုးရသည်မို့ မောင် ချမ်းနေပြီဆိုတာ ငွေဝန်း သိနေသည်။ မောင့်နှုတ်ခမ်းတွေ အအေးဒဏ်ကြောင့် အနည်းငယ် ပြာနှမ်းနှမ်း ဖြစ်ချင်နေသည်။ အမြဲ ပန်းနုရိုပ်သမ်းနေသော မောင့်လက်ဖဝါး တွေ ပြာရိပ်သမ်းနေသည်။ ဒါတွေကို ငွေဝန်း တွေ့နေရသည်ဟာ



"အရပ်ဆုံးလုပ်ရမှာက .. မောင် အဝတ်အစား မြန်မြန်လဲဖို့ပါပဲ မောင် .. လာ .. မြန်မြန်လာပါ မောင်ရဲ့ .."

ဟု ခေါ်လည်းခေါ်ရ ..။ မောင့်လက်ကိုလည်း အကာယ်ပဲ ဆွဲ၍ ခြေလှမ်းသုတ်သုတ်ဖြင့် အိမ်ပေါ် တက်ခဲ့ရသည်က ငွေဝန်းသာပါ ..။

"အံမယ် .. မွှေးလိုက်တာဗျာ .. ဟင်းနံ့ကတော့ စပယ်ရှယ်ပဲ ငွေဝန်းရဲ့ .. ထမင်းကတော့ စားကောင်းတော့မှာပဲ .."

ဟု ပြောနေသည့် မောင့်ကို အခန်းထဲခေါ်ခဲ့ကာ .. အဝတ်ခြောက်တွေ အမြန်ဆုံး ဝတ်ခိုင်းရ ..။ မောင့်ကို စွပ်ကြယ် အဖြူလေးဖြင့် ခေါင်းက စွပ်ချ၍ ဝတ်ခိုင်းရနှင့် မောင် အအေးဒဏ်မှာ ကြောက်သည့်ဓာတစ်ခုတည်းဖြင့် လုံးထွေးနေသည့် ငွေဝန်းကို မောင် ကြည့်လည်းကြည့် ..။ ရယ်လည်းရယ်နှင့် ဖြစ်နေရသည်ပါပဲ ..။

"ဟောဗျာ .. ဟောဗျာ .. ခုမှ .. ကျောင်းတက်သွားမယ့် မူလတန်းကျောင်းသားလေး ကျနေတာပါပဲလား .. ဟာ .. အင်္ကျီလဲ အတင်းကသောကမျောကြီး ဝတ်ပေးနေတောတာ ကိုး .. ဟာ .. ဘယ့်နှယ် ခေါင်းကို တဘက်ခြောက်ကြီး နဲ့ စွတ်သုတ်နေရတာလဲ .."

"မောင့်ဆံပင်တွေ ရေအရမ်းစိုနေတယ် မောင် .. ရေချိုးတုန်းကလဲ လေစိမ်းတွေ တိုက်နေတာ .. မောင်တော့လေ ခက်တော့တာပါပဲ .. အအေးပတ်တော့မယ် ထင်ပါရဲ့ .. နှုတ်ခမ်းလဲပြာလို့ .. လက်တွေလဲကြည့် .. ပြာနှမ်းနှမ်းနဲ့ .. မောင်က နုဖန့်ဖန့်နဲ့ နေခဲ့ရတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် .. ရယ် .. နောက်ထပ်အဲဒီစကားကို ထပ်ပြောဖို့ မကြိုးစားနဲ့ .. တစ်ခါလာလဲ နုနုဖပ်ဖပ် .. နုနုဖပ်ဖပ်နဲ့ အဲဒါပဲ ပြောနေတော့တာပဲ .. မောင့်ငွေဝန်းလေးကရော .. နုနုဖန့်ဖန့်လေး မဟုတ်လို့လား .. မှန်ထဲကြည့် .. မျက်နှာလေးမှာ အကြောလေးတွေတောင် ဖန့်ဖန့်လေး မြင်နေရတာငွေဝန်း မဟုတ်လို့လား .. မောင် မျက်နှာမှာ အဲသလို အကြော မြင်နေရလောက်အောင် နုဖန့်နေလို့လား ကဲ .. ဒီမယ်အမိ .. မောင့်ကို .. အဲသလို .. ပိုးဥထားသလို လုပ်ပြမနေနဲ့ .. မောင် သည်းမခံနိုင်ဘူးနော် .. ခု .. မောင်က .. ငွေဝန်းရဲ့ ခင်ပွန်းသည် .. အိမ်ထောင်ဦးစီး ယောကျ်ားဆိုတာ .. ယောကျ်ားအလုပ်ကို လုပ်ရတယ် .. အဲဒါ နားလည်ထားစမ်းပါ .. ခု .. ငွေဝန်း လုပ်နေပုံက မဟုတ်သေးဘူး .. မောင် .. ငွေဝန်းကို ချစ်လို့ လက်ထပ်ထားတာ .. ငွေဝန်းနဲ့ ပတ်သက်ပြီး မောင် တာဝန်ယူရမှာ ခုဉစ္စာက .. ငွေဝန်း နောက်မှာ မောင်က .. ကလေးလေးလို .. ကပ်ရပ်ပြီး .. ငွေဝန်း စိတ်ပူလက်ပူနဲ့ .. ဟိုဟာဖြစ်မယ် .. ဒီဟာဖြစ်မယ်နဲ့ လိုက်လိုက်ကြည့်နေ တားမြစ် နေတာတွေကို .. နားထောင်ပေးရမယ့် .. မောင်မောင် ဖြစ်နေပြီ .."

ဟု ညည်းတော့ မောင့်လက်လေးတွေ ပြာနမ်းနေရှိနေသမျှ ဖြန့်ကြည့် မျက်ရည်ဝဲနေသည့် ငွေဝန်းမှာ ခေါင်းလေးယမ်းလျက် ..

"ပင့်အင်း .. မောင် .. နောက်နေ့ဆို .. ရေနွေးနဲ့ ရေချိုးရမယ် .. ဒါပဲ .."



ဟု ငိုမဲ့မဲ့လေး ပြောနေတော့ မောင် ရယ်သည်။ မျက်နှာလေးကို ဖေးမော့၍ နဖူးချင်းထိကာ ..

"မောင်တော့ .. ဒီကောင်မလေးကို .. လက်သီးလေးနဲ့ .. ဒီနဖူးလေးကို .. ဒီလိုသာ ထုလိုက်ချင်တော့တာပဲကွာ .. မောင်တော့ ခက်ပြီ .. မိန်းမ ယူလိုက်ပါတယ် .. ခုမှ .. မိန်းမရှေ့မှာ အရုပ်ကြီး ဖြစ်နေရတော့မယ် .. ဖူးဖူးမှုတ်ထားတဲ့ အရုပ်ကြီးလေ .. ဒီလိုထိုင် .. ဒီမှာနေ .. အဲသလို လုပ်တော့မယ်ထင်ပါရဲ့ .. ခက်တော့ခက်နေပြီ မိန်းမရဲ့ .. အဲသလို .. မောင် နေမှာမဟုတ်ဘူးနော် .. ကဲ .. အမိ .. မောင် ရေတွင်းမှာ ရေသွားငင်မယ် .. ငွေဝန်း ချိုးဖို့ .. ဟိတ် .. မတားနဲ့ .. ဒေါ်လေး ခပ်ထားတဲ့ ရေချိုးခဲ့ရတာကို ရင်ထဲ မနေတတ် မထိုင်တတ် ဖြစ်နေရတာ သိရဲ့လား .. ရေကလဲ .. မောင် ခပ်ဖြည့်ပြီး ချိုးစရာကို မရှိအောင် .. ပြည့်နေတာမို့ .. ချိုးလိုက်ရတာ .. ခု .. မောင် .. အဲဒီ ကုန်သွားတဲ့ရေကို .. ထပ်ခပ်ဖြည့်မယ် .. မတားနဲ့ .. အဲဒါ .. မောင့်တာဝန်ပဲ .. ဘယ့်နှယ်ဗျာ .. ဒေါ်လေး ခပ်တဲ့ ရေကို မောင်ကချိုး .. မိန်းမ ခပ်တဲ့ရေနဲ့ မိန်းမကချိုး .. အဲသလို ဘယ်ဖြစ်မလဲ .. ဒီအိမ်မှာ မောင်ရှိနေပြီ .. ရောက်နေပြီ .. မောင် ခပ်မယ် .."

ဟု ရယ်အက်ကိုလက်ရည်ကို မောင် ခေါက်၍ ပြောတော့ ငွေဝန်းမှာ အတင်းဆွဲထားရင်းမှ ..

"လောလောဆယ် .. ရေနွေးကြမ်းလေးတော့ အအေးပျောက်သွားအောင် .. မောင် နွေးသွားအောင် အရင်သောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ မောင်ရယ် .. မောင် အအေးပတ်မှာစိုးလို့ပါ .. နော် .. နော် .."

ပြောလည်းပြော .. ပြေး၍ ရေနွေးကြမ်းတစ်ခွက်ယူကာ မောင့်ကို မှုတ်သောက်ခိုင်းနေတော့ မောင် ရယ်သည်။ လက်မြှောက်ပြသည်။

ငွေဝန်း၏ နှာဖျားလေးကို ခပ်ဖွဖွလေး လိမ်ဆွဲသည်။ ခေါင်းလည်း ယမ်းရင်း ..

"မောင့်ကို ချစ်လို့ဆိုတာ မောင် သိပါတယ် ငွေဝန်းရဲ့ .. အဲသလောက်ကြီး မောင် အအေးမပတ်နိုင်ပါဘူးကွ .. ကျွတ် .. ဒီသူငယ်မနဲ့တော့ .. ခက်ပြီပဲ"

ဟု ပြောပေမယ့် ..။ ငွေဝန်း စိတ်ချမ်းသာအောင် ရေနွေးကြမ်း ပူပူကို ရေနွေးကြမ်းခွက်လေးနှင့် သုံးခွက်တိတိ မောင် သောက်ပေးလိုက်ရသည်ပါပဲ ..။

"တော်ပြီ .. တော်ပြီ .. ရေနွေးကြမ်းကြီး နင်းတိုက်နေတာနဲ့ .. ဗိုက်ပေါက်လိမ့်မယ် .. ထမင်းစားပါရစေဦး မိန်းမရဲ့ .."

ဟု ရယ်၍ မနည်းကို တောင်းပန်ယူရသည်က မောင်ပါ။ တကယ်လည်း ဇမ်းထဲ ရေနွေးကြမ်းသုံးခွက် ဝင်သွားသည်မို့ တစ်ကိုယ်လုံးလည်း ပူနွေးလာရ ..။ နဖူးမှာ ချွေးပင် စို့လာသည်အထိပါ ..။ အပေါ်မှ ဂျာကင်အပါးစားလေး အတင်းထပ်ခိုင်းနေသည့် ငွေဝန်းကို မောင် ဤတစ်ကြိမ်မှာလည်း မငြင်းရက်နိုင်ဘဲ .. ရယ်မော၍ ဝတ်လိုက်သည်ပါပဲ။ မဝတ်၍လည်း ရမှာမဟုတ်။ ငွေဝန်း ပုံစံလေးက .. မောင် အရမ်းအအေးပတ်သွားမှာများသွားမှာ စိုးရိမ်နေသည့်အသွင်လေး မဟုတ်ပါလားလေ ..။



"ကဲ .. အမိ .. မောင် ရေသွားငင်တော့မယ် .."

မောင် တကယ်ပဲ ရေတွင်းမှာ စက်သီးတတ်ပုံးလေးဖြင့် ရေမငင်တတ် ငင်တတ်ဖြင့် ငင်နေသမျှ ငွေဝန်း ဘေးမှာ လိုက်ရပ်ရင်း ..

"ငွေဝန်း ငင်ပါ့မယ် မောင်ရဲ့ .. အဲဒါတွေ မောင် လုပ်ဖူးတာမှ မဟုတ်တာ၊ ငွေဝန်း လုပ်နေကျမို့ပါ .."

နှင့် မကြည့်ရက်ဘဲ တတွတ်တွတ် ပြောနေတော့ မောင် ရေငင် ရပ်လိုက်သည်။ ရေငင်ကြိုးကိုတော့ မလွှတ်။ မျက်နှာတည်လျက် ကြည့်လာကာ ..

"နားညည်းနေတယ်နော် ဒေါ်ငွေဝန်းသာ .. မောင်က .. ယောကျ်ားတစ်ယောက် အဖြစ် ဒီမှာ နေရမှာလား .. မနေရဘူးလား .. ဒါပဲပြော .. နေခွင့်မပြုရင် .. မောင် .. ဒီရွာက .. ဇရပ်တစ်ခုမှာ .. သွားနေမှာနော် .."

ဟု ပြောတော့မှ ငွေဝန်းသာ ငြိမ်ကျသွားရပါသည့်အဖြစ်။ တကယ်လည်း ရွာဘုန်းတော်ကြီးကျောင်းမှာ ဇရပ်ကြီးတစ်ခု ရှိသည်လေ ..။ မောင် .. ရှာဖွေပြီး အရွဲ့တိုက်၍ သွားနေလိုက်လျှင် အခက် ..။ မောင့်စိတ်က .. တကယ်လုပ်မည်ဆိုလျှင် တကယ်လုပ်ပစ်တတ်သည့်စိတ် ..။

"အံမယ် .. ဒီမှာ .. ဘွာဇရပ်မှ မရှိပါဘူးနော် .."

"ရှိတယ် .. ဒေါ်လေးနဲ့ စကားပြောနေရင်း .. ဘုန်းတော်ကြီးကျောင်းမှာ ဇရပ်ကြီးတစ်ခု ရှိတယ်ဆိုတာ .. မောင် ကြားပြီးပြီ .. မေးကြည့်တာလေ .. မတော် .. မိန်းမမောင်းချရင် .. နေဖို့နေရာ ရှာထားတာ .."

www.burmeseclassic.com



ဟု ပြောတော့ ငွေဝန်း မျက်ရည်ကျလာတော့ မောင် ချက်ချင်းပြုံးရိပ်ရိပ်နှင့် ပြောနေသည့် မျက်နှာ ပြောင်းသွားရကာ ပျာပျာသလဲကြီးဖြင့် ..

"ဟောဗျာ .. ဒါ .. ငိုစရာလား .. မောင် ချစ်လို့ နောက်တာကိုကွာ .. မောင့်ကို ချစ်တဲ့ ငွေဝန်း .. မောင့်ကို မောင်းမချဘူးဆိုတာ မောင်သိပါတယ် .. မောင့်မိန်းမကို မောင် ချစ်တယ်ဆိုတဲ့ နေရာမှာ .. စိတ်ကိုလဲ ချစ်တာပါပါတယ် လုံမရဲ့ .. ဒီလုံမလေးဟာ .. ဒီက မောင့်ကို .. အရိပ်တကြည့်ကြည့် ချစ်တယ်ဆိုတာ သိနေရတာမို့ .. ခုလဲ .. နောက်လိုက်မိတာပါ .."

ဟု ရေငင်ကြိုးကြီးတော့ မလွှတ်နိုင်ဘဲ ပေကပ်ဆုပ်ထားရင်း ချော့နေသည့် မောင့်ကို ငွေဝန်း မော့ခနဲ ကြည့်ကာ ..

"အဲသလိုတော့ မနောက်ပါနဲ့ မောင်ရယ် .. မောင့်ကို ငွေဝန်းက နှင်ချပါ့မလား .. ဒီလောက်ချစ်တဲ့ ဥစ္စာကြီးကို ပြောရက်တယ် မောင်ရယ် .. နောက်တယ်ဆိုတာ .. ဒီလို နောက်တာမျိုးတော့ မကောင်းပါဘူး မောင် .."

ဟု မျက်ရည်ဝဲနေရင်း ပြောနေသမျှ မောင် ခေါင်း ညိတ်ပြသည်။ ရေကို ဆက်ငင်ပြန်သည်မို့ .. ရေငင်သည့်ကိစ္စ တော့ မောင့်ဘက် အလျှော့ပေးတော့မှာ မဟုတ်တာကို ငွေဝန်း သိသွားရပါသည့်အဖြစ် ..။ မောင့် လက်တွေ နာတော့မှာပဲ ရင်ထဲနေမရအောင် ဖြစ်နေရပေမယ့် .. တားဖို့လည်း ရမှာမဟုတ် ဖြစ်ရာမို့ ..



"ဘယ်လိုကြီးလဲကို မသိတော့ပါဘူး .. သိပ်ခေါင်းမာတာပဲ .."

ဟု ငွေဝန်းသာ ညည်းလိုက်ကာ မောင့်ရေခပ်နေသည့် ရေငင်ပုံးထဲမှ ရေကို ပုံးလှယ်လောင်းပေးဖို့ ရေပုံးငယ်တစ်ခု မီးဖိုဆောင်မှ ငွေဝန်းသာ သွားယူလိုက်ရသည်ပါပဲ။ ရေငင်ကြိုးက ရှည်သည်မို့ ရေတွင်းမှ ရေငင်ပြီးတာနှင့် ရေချိုးစည်ထဲထိ သွားသွားလောင်းထည့်၍ရနေသည်မို့ .. မောင်ကတော့ ရေငင်လိုက်၊ ရေစည်ထဲ သွားလောင်းထည့်လိုက်နှင့် ရှိနေနှင့်သည်ပါပဲ ..။

ရေပုံးလေးဆောင့်အောင့်၍ မောင့်အားမှာ ချတော့ မောင် ရယ်သည်။ ရေလောင်းထည့်ပေးရှာသည်ပါပဲ။ ရေတစ်စည် ဆယ့်ပြည့်ဖို့ ရေငင်သည့်ကိစ္စသည် မင်္ဂလာဦးကာလလေးမှာ .. တစ်ယောက်နှင့်တစ်ယောက် လုယက်ရန်လုပ်ရင်းဖြင့် ပျော်စရာ ဆော့စရာလေး ဖြတ်သန်းရချေသည်တကား ..။ လောလောဆယ် ဘာ ဤကိစ္စလောက် အရေးတကြီး ရှိနေသည့်ကိစ္စ မရှိတော့သည့်နှယ် တစ်ယောက်နှင့်တစ်ယောက် အလျှော့မပေးစွာ .. ရေငင်သူကလည်း ငင် ..။ ရေပုံးလေးဖြင့် ရေစည်မှာ ရေဖြည့်သူကလည်း ဖြည့်နှင့် မျက်နှာလေးတွေကို မှုန်ကုပ်ကုပ် တမင်လုပ်ထားကြပါသည့်အဖြစ် ..။ ဤသည်ကလည်း .. တစ်ယောက်ကိုတစ်ယောက် .. ငါ့ကို မတားနဲ့ .. လုပ်မှာပဲ .. ဆိုသည့် .. ဟန်ကြီးပန်ကြီး ဖြင့် မှုန်ကုပ်မှုန်တေလေးတွေ လုပ်ကြခြင်းပါ ..။

"အဲ .. မောပြီ မဟုတ်လား .. မှတ်ပြီပေါ့ .."

ရေစည်ပြည့်ပြီမို့ .. ခုမှ စက်သီးတပ်ရေငင်ကြိုးကို ကာ ရေငင်ပုံးကို ရေတွင်းကာတန်းတိုင်မှာ မော စွပ်နေပါ

www.burmeseclassic.com

www.burmeseclassic.com



သည့် မောင် ..။ နဖူးမှ ချွေးကို သပ်သုတ်သည်မို့ ငွေဝန်းသာ မျက်မှောင်လေး ကွေး၍ မေးတော့ မောင် ရယ်သည်။ ငွေဝန်း ဘေးမှာ ရပ်လိုက်လျက် ..

"ဟိုမှာကြည့် .. တစ်ချိန်လုံး ကိုယ့်ယောက်ျားပဲ စောကပ်ပြီး အရိပ်တကြည့်ကြည့်နဲ့ တစ်ယောက်တည်းကိုသာ မြင်သည် လုပ်မနေနဲ့ .. စောစောတည်းက .. မောင်တို့ ရန်လုပ်နေကြ တာကို ... အဲဒီနေရာက လူတွေ ကြည့်နေကြတာ .. ကြာ လှပြီ .. ဟဲ ဟဲ ."

ဟု ပြောလည်းပြော ..။ ခြံတံခါးလေးရှိရာဘက်ကို ညွှန်တော့ ..။ ဝါးစည်းရိုး ခပ်ကျဲကျဲကာထားပါသည့် ခြံစည်းရိုး တန်းနားမှာရော ..။ ခြံတံခါးမှာရော ချာတိတ်လေးတွေနှင့် လူတွေရပ်ကြည့်နေကြတာကို .. ခုမှ တွေ့သည်မို့ ..

"ဟင် .."

ခနဲ ငွေဝန်းသာ အသံလေးလည်း တွက်ကျသွား၍ မျက်နှာလေးလည်း မဲ့နှိုက်ပြေးသွားရနှင့်ပါ ..။ လူတွေက ပြုံး၍ ကြည့်နေကြသည်လေ ..။ ရှေ့နေရာ ခြံစည်းရိုးတန်းမှာ ရှိနေသည့် ဒေါ်ကြီးတစ်ယောက်ကို ငွေဝန်း ငေးခနဲ ကြည့်မိသည်။ ဒေါ်ကြီး မှုန် ..။ ဒေါ်ကြီးမှုန်ပါလား ..။ ငွေဝန်း ရွာကျောင်းတက်စဉ်က ကျောင်းမုန့်ဆိုင်မှာ ဝယ်စားနေကျ ဒေါ်ကြီးမှုန် ..။

"လုံမလေး .. အိမ်ထောင်ကျလာပြီ ဆိုလို့ .. မထားအ ပြောလို့ .. လာကြတာလေ .."

ဟု ဒေါ်ကြီးမှုန် လှမ်းပြောနိုက် မောင်က ရယ်သ သည်။ ဖြူဖွေးသော သွားတန်းလေးတွေ ပေါ်အောင် ..။ ပါး



တွေ ခွက်နေအောင် မောင် .. ပျော်မွေ့စွာ သဘောတကျဖြင့် ရယ်နေတာကို ငွေဝန်းသာ မော့ငေးကြည့်မိရပါ၏။

"ပျော်စရာကြီးကွ .. နော် .. အရမ်းကို ဖြူစင်ရိုးသားကြတဲ့ နေရာကို မောင် .. ရောက်လာတာကွ မိန်းမရ .. လုံမရ၊ မောင့် လုံမရ .."

နှင့် မောင် ပြော၍ ထပ်ရယ်ခိုက် ငွေဝန်းသာ မနေ သာ ..။ လိုက်၍ ရယ်မိရပါ၏။ ရယ်မောခြင်းမှာ ရှက်ရိပ်သည် လည်း ရောထွေး၏။

ဟုတ်သည်လေ ..။ မောင် ပင်ပန်းမှာစိုးရိမ်စော တစ်ခုတည်း ကပ်လျက် ဘေးဘီကိုပင် မမြင်သာအောင် ရှိခဲ့သည့် ငွေဝန်းသာ ..။ ဘယ်အချိန်ကတည်းက .. ဒေါ်ကြီးမှုန်တို့အုပ်စု နှင့် ရွာချာတိတ်တွေ လာကြည့်နေကြသည်မသိ ..။

ရေတွင်းဆီသို့ ပထမပိုင်း ငွေဝန်းသာ မောင့်ထံ ဆာနှင့်လာတုန်းကတော့ ရောက်မလာကြသေး ..။ ကြည့်ရတာ .. ရောင်ပုန်းကြီး ကိစ္စနှင့် .. စကားပြောကြ .. ငွေဝန်းသာ စိတ် ကောက်ပြ .. မျက်ရည်ဝဲရနှင့် ရှိချိန်ကျမှ .. ရောက်လာကြတာ ဖြစ်သည်။

ငွေဝန်း ရှက်နေတာကို မောင် ကွက်ကြည့်ကွက်ကြည့် နှင့် လုပ်နေရင်း တရယ်တည်း ရယ်နေတော့ ငွေဝန်း မျက်စောင်း ခဲမိရပါပြီ ..။

"လာပါဗျ .. ဒေါ်လေးရေ .. ညှို့သည့်တွေ လာတယ်ဗျ .."

နှင့် မောင်ကတော့ .. အသားတကျ .. တရင်းတနှီး နှင့် ရွာသားကြီးပင်လုပ်၍ .. အားလုံးကို ခေါ်နေသေးတည်း ..။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် .."

"ဤတစ်ကြိမ်မှာတော့ .. မောင့်ကို ချစ်သည့်စိတ်ဖြင့် .. မောင့်အချစ်ကိုလည်း မို၍ .. ပို၍ .. အားကိုးယုံကြည်စိတ်ဖြင့် တမြတ်တနိုးနိုင်စွာ ခေါ်လည်းလည်းခေါ်မိရ ..။ မောင့်လက်ကိုလည်း ထွေးဆုပ်လိုက်မိရသည်က ငွေဝန်းသာပါ ..။

ခြံထိပ်ရှိ .. အကျော်ပန်းပင်အုပ်အုပ်လေးဆီမှ .. မွှေးမြမြရနံ့တို့က .. လေနှင့်အတူ သင်းပျံ့တိုးဝင်လာကြပါချေသည်သည့် ..။

ခြံတွင်းဆီသို့ဖြင့် .. လူတွေ .. အပျော်ခြေလှမ်းများဖြင့် ..ဝင်လာနေကြပြီ ..။ လတ်တလောလေးမှာ .. ပန်းရနံ့လေပြည်နှင့်အတူ .. ဝေစည်စွာ နှုတ်ဆက်နေကြပါသည့် အသံတို့ဖြင့် .. အရာရာသည် .. ကြည်မွေ့ဖွယ်အတိ ဖြစ်ချေသည်တကား ..။

* * *



## အခန်း(၅)

အိမ်ငယ်လေးပေါ်မှာ လူတွေ အတော်ကြီး ပြည့်နေပြီ ..။ ရွာမှ လူကြီးသူမတို့ အတော်ကြီး ကုန်လောက်ပြီထင်၏။ ယောကျ်ားသားတို့က အိမ်ဧည့်ခန်းလေး၏ တောင်ဘက်ခြမ်းမှာ ထိုင်ကြသည်။ အမျိုးသမီးတို့က မြောက်ဘက်ခြမ်းမှာ ထိုင်ကြလျက် ..။ ချာတိတ်အုပ်စုက ဝရန်တာနေရာလေးမှာ စုပြုံပြွတ်သိပ်နေကြသည်။ ဘဲမြီးတိုလေးနှင့် ချာတိတ်လေးတွေ၊ ချောင်းပေစူးနှင့် ချာတိတ်လေးတွေနှင့် ဆံရစ်ဝိုင်းလေးတွေနှင့် ကောင်မလေးတွေ ..။ ပြီးတော့ .. ဆံပင်လေးတွေ ကျစ်ထားသည့် ကောင်မလေးတွေ ..။ ဆံပင်လေးတွေသာ ကွဲသည်။ ချာတိတ်လေးတွေမှာ တူညီနေကြသည်က သနပ်ခါးတွေ လူးထားကြလျက် အားလုံးသည် ချာတိတ်အုပ်စု ဖြစ်နေကြခြင်းပင် ..။ ကောင်လေး အနည်းငယ်လောက်ပဲ သနပ်ခါးမလူးထားတာရှိသည်။ တောက်ပသောမျက်ဝန်းလေးတွေဖြင့် စိတ်ဝင်တစား ကြည့်နေကြတာချင်းလည်း ထိုအုပ်စုလေးမှာ တူညီနေကြသည်ပါပဲ ..။ ဒေါ်လေးကတော့ လက်ဖက်သုပ်ပန်းကန်လေးတွေချ ..။ မြည်းကြမ်းနှင့် လက်ဖက်သုပ်ပန်းကန်လေးတွေချ ..။ ဆေးလိပ်

www.burmeseclassic.com



နှင့် ကွမ်းအစ်ချပြင့် အလုပ်ရှုပ်နေပေမယ့် တပြုံးပြုံးနှင့် ရှိနေသည်။
ကြည့်ရတာ .. လက်ဖက်ရည်အဝယ် ထွက်ရင်း၊ ဟင်းချက်စရာ
ဝယ်ရင်းဖြင့် ဒေါ်လေး တစ်ယောက်ယောက်ကို ပြောပြခဲ့တာဖြစ်
မည်။ မဟုတ်သေး .. တစ်ယောက်တော့ မကနိုင် ..။ အနည်းဆုံး
နှစ်ယောက် သုံးယောက်လောက်ကိုလည်း ပြောပြနိုင်သည်။ ငွေဝန်း
သာ အိမ်ထောင်ပြုလိုက်ပြီ ... ဟု ..။

ယခု .. ခင်ပွန်းသည်နှင့် အိမ်ကို ရောက်လာပြီဟု ..။

ထိုသို့ ပြောပြခဲ့ခြင်းကြောင့်လည်း ... မကျယ်လှ
သော ရွာလေးမှာ မကြာမတင်မှာပဲ ငွေဝန်းသာ ပြန်ရောက်သည်
သတင်းရော ..။ အိမ်ထောင်ကျသည် ဆိုတာကိုရော .. သိကု
ကြတာဖြစ်မည်။

ဒါကြောင့်လည်း .. ဟိုကသည်က .. အိမ်တွေဆီ
ဝမ်းသာအားရ .. ထွက်လာလိုက်ကြတာ .. ငွေဝန်းတို့အိမ်ရှေ့
ခြံစည်းရိုးတစ်လျှောက်မှာ လူတွေ စုလိုက်သလိုကြီး ဖြစ်သွားရ
တာပဲ ဖြစ်ချေသည်ပေါ့ ..။

လူကြီးတွေ ပြောကြလာကြတာကို ကလေးတွေ
လည်း .. ကြားကြသည်မို့ .. ကလေးအုပ်စုလည်း ပါလာကြ
သည်သာ ..။

ငွေဝန်းသာဆိုတာ .. ဤရွာသူ ..။ ပြီးတော့ ..
မင်းသမီးဆိုတာလောက်ကိုတော့ ရွာက မိဘတွေကလည်း ကို
သားသမီးကို .. ကိုယ် ပြန်ကြွားခဲ့ကြမှာ သေချာသည်လေ ..
ခု .. ထို .. မင်းသမီးငွေဝန်းသာ ... အိမ်ပြန်ရောက်လာသည်
တာကို ကြားသည့် ချာတိတ်တွေ .. ဘယ်နေမည်တဲ့လဲလေ ..



င်းသမီးကို လာကြည့်ကြချေမည်ပေါ့ ..။ မောင့်ကို ကြည့်တော့
ငွေဝန်းသာ ဘေးမှာ ထိုင်ရင်း အားလုံးကို တပြုံးပြုံးနှင့် ကြည့်နေ
သည်ပါပဲ ..။

မောင့်မျက်ဝန်းတွေ ကြည်စင်ရွှန်းလဲ့နေသည်။ မောင့်
ထဲမှာ စိတ်အနှောင့်အယှက်ဖြစ်ရိပ် တစ်စုံတစ်ရာကိုမျှ ဖမ်းရှာမတွေ့
..။ တကယ့်ကို ကြည်ကြည်စင်စင်ကြီး .. ပြုံးနေခြင်းပါ ..။

"ငွေဝန်း .. ဒေါ်လေးကို လုပ်ကိုင်ကူလိုက်မယ် မောင် ..
ဒီလူအုပ်ကြီးရဲ့ အကြည့်တွေကြားထဲမှာ မောင် နေဖြစ်မလား
ဟင် .."

ဒေါ်လေးတစ်ယောက်တည်း မီးဖိုဆောင်လေးဆီမှာ
လုပ်နေကိုင်နေသည်မို့ ငွေဝန်း မောင့်ကို ခပ်တိုးတိုးမေးတော့
မောင် ပြုံးသည်။ ငွေဝန်းကို ငဲ့ကြည့်ကာ ..

"ဘာလဲ ... သူတို့က .. မောင့်ကို ထမ်းပြီး ခေါ်ပြေးသွားမှာ
ကြောက်နေတာလား .. ဒီလောက်ဖြူစင်ရိုးသားတဲ့ မျက်ဝန်း
တွေနဲ့ ကြည့်နေကြတဲ့သူတွေကို .. မောင်က ချစ်နေတာ ..
ကြည့်ရတာ .. သိပ်တော့ စိတ်မချရဘူး လုံ့ဝရဲ့ ..
သူတို့က မောင့်ကို အတော်ကြီး ချစ်ချစ်ခင်ခင် ကြည့်နေ
ကြတာတော့ သေချာနေတယ်လေ .. ချစ်လွန်းလို့ ..
သူတို့အိမ် ထမ်းခေါ်သွားပြီး ဟိုမှာ ထမင်းတွေ အာတွေ
ကျွေးနေကြမှာတောင် စိုးနေရတယ် .. အဟင်း ဟင်း .."

မောင် ရယ်မော၍ ပြောသည်က ခပ်တိုးတိုးပေါ့ ..။
င်နှင့် ငွေဝန်း တိုးတိုး တိုးတိုးနှင့် ပြောနေတာကို အိမ်ထဲက
တွေရော ချာတိတ်တွေရော .. ငေးကြည့်နေကြသည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ဟိုမှာ ငွေဝန်းတို့အကြောင်း သွားရင်းလာရင်း ပြောခဲ့တာတော့ သေချာတယ် မောင် .. ပြီးတော့ .. ဒီကို လူတွေ ရောက်လာကြမယ်ဆိုတာလဲ ဒေါ်လေး ကြိုတွေးမိ ပုံရတယ် .. ဒါကြောင့် .. ဆေးလိပ်တို့ ကွမ်းတို့ .. ရေနွေး ကြမ်းတို့ .. ခု .. ချည့်ခံနေနိုင်တာပေါ့ .. ဒေါ်လေးက တော့လေ .. တန်းပြီးတော့ကို ... ကြွားတော့တာပဲ .."

"ကြွားပေ့စေပေါ့ လုံမရဲ့ .. သူ့တူမလေး .. လှချော .. သဘောဖြူလေးနဲ့ အိမ်ထောင်ကျလာတယ်ဆိုလောက်ကို တော့ .. ဒေါ်လေးမှာ ကြွားဖို့အခွင့်အရေးတော့ ရှိသင့်တာ ပေါ့ .."

ဟု မောင်ကတော့ ကပ်၍ အမှတ်ယူနေသည့်အဖြေ[illegible] မောင် ပြုံး၍ ငွေဝန်းကို ကြည့်ကာ ..

"သွားကူမယ်ဆို .."

ဟု ထပ်ပြောသည်မို့ ငွေဝန်း ဒေါ်လေးထံသွား[illegible] ပြင်လိုက်စဉ်မှာပဲ ဒေါ်လေးက လင်ပန်းလေးထဲမှာ ထန်းလျက်[illegible] ကန်လေးတွေထည့်၍ ချည့်ခန်းလေးထဲ ဝင်လာပါပြီ ..။ ငွေ[illegible] ကို လှမ်းပြုံးပြကာ ..

"ထိုင်နေ .. ထိုင်နေ .. အားလုံး ပြီးနေပြီပဲ .. ဒေါ်ကြီး[illegible] မေ .. လက်ဖက်စားဦးလေး .. အရန်သင့် ကြော်ထားတာ[illegible] တာမို့ .. မြေပဲဆန်နိုင်နိုင်နဲ့ သုတ်ထားတာပါ ဒေါ်ကြီးရဲ့ .."

ဟု ပြောလည်းပြော။ ချည့်သည်တွေရှေ့ ထန်းလျ[illegible] ပန်းကန်လေးတွေ ထပ်ချနေတော့ ငွေဝန်းသာ ဒေါ်လေး [illegible] လိုက်၍ လိုက်၍ ပန်းကန်လေးတွေ ချချပေးနေရပါ၏။ ချာတိ[illegible]



ချပ်ကိုလည်း ဒေါ်လေးပဲ ထန်းလျက်ခဲဖြူဖြူလေးတွေ လိုက်ဝေ နေသည်။ ချာတိတ်လေးတွေအားလုံးကလည်း ထန်းလျက်ခဲလေး ကိုယ်စီ ငုံလိုက်ကြလျက် ပါးတစ်ဖက်ဆီမှာ ထန်းလျက်ခဲလေး တွေအတိုင်း ဖောင်းနေကြလျက် ပုံစံတူလေးတွေဖြင့် ပါးတစ်ဖက် ဖောင်း တစ်ဖက်ပိန်လေးတွေဖြင့် ရှိနေကြသည်မို့ မောင်ကတော့ တပြုံးပြုံးဖြင့် တကြည့်တည်း ကြည့်နေသည်။ လောလောဆယ်မှာ မောင် အပျော်ကြီးပျော်နေမှန်း ငွေဝန်းသာ သိနေရပါ၏။

ဤနေရာလေးသည် ဆန်းသစ်သော .. အတွေ့အကြုံ သစ်တစ်ခုကို .. မောင့်ရင်တွင်းဆီသို့ ပို့နှံထားလိုက်နိုင်ခဲ့လျက်။ ခံစားမှုအသစ်များဖြင့် မောင်သည် အသားတကျ ပျော်မွေ့နေသည် ဆိုတာကို မြင်ရပြန်တော့လည်း ငွေဝန်းရင်ထဲမှာ ချမ်းမြေ့ရပါ၏။ ပြီးတော့ .. မောင့်ကိုလည်း ကျေးဇူးတင်မိရသည်ပါပဲ ..။ တကယ် တာ .. မောင် အနေခက်ကာ .. ဝန်းကျင်သစ်မှာ စိတ်ရှုပ်နေနိုင်ဖို့ များသည်လေ ..။ မောင် နေခဲ့သော မောင့်ဝန်းကျင် မောင့်ဘဝနှင့် ဆတ်ရှိနေရာလေးသည် .. အရမ်းကို ခြားနားသည်ကိုးလေ ..။

"လုံမလေး ရောက်လာတယ်ဆိုလို့ လာကြရင်း .. ပြောမိဆိုမိ ကြရင်း .. လှုစုံသွားရတော့တာ .. အင်း .. ချောလိုက်ပုံ များအေရယ် .. မင်းသမီးဖြစ်သွားလို့ထင်ပါရဲ့ .. ပိုတောင် ချောလာချက် .. သူငယ်လေးကလဲ အချောလေး .. နုနု နယ်နယ်လေးပါပဲ .. ဘာလဲ လုံမ .. ညည်းလေးရဲ့ အငြိမ် က မင်းသားလေးလား .."

ဟု ဒေါ်ကြီးမြမေမှ ကွမ်းတစ်ယာဝါးရင်း တပြုံးပြုံး [illegible] မေးတော့ မောင် ရယ်နေသည်။ ငွေဝန်း ခေါင်းလေးယမ်းပြ

www.burmeseclassic.com

www.burmeseclassic.com



မိရပါ၏။ မောင်သည် .. အငြိမ့်ထဲက မင်းသားလေး မဟုတ်ပေမယ့် ..။ တကယ့်ဘဝက .. တော်ဝင်မင်းသားတစ်ပါးနှယ် တခမ်းတနား ရှိလွန်းသောနေရာတစ်ခုဆီမှာ မွေးဖွားကြီးပြင်းလာခြင်းဆိုတာကို .. ငွေဝန်း သိနေရသည်ပါပဲ ..။

လက်ရှိအချိန်မှာ .. မောင်သည် သုံးထပ်သားဟောင်းဟောင်းလေးကာထားသော နံရံကို မှီ၍ ကြမ်းပေါ်မှာ တင်ပျဉ်ခွေထိုင်ရင်း ငွေသည်များကို ပြုံးပြုံး .. ပြုံးပြုံးဖြင့် ကြည့်နေသည်ပါပဲ ..။ မောင့်အိမ်ဆီမှ ကတ္တီပါဖုံး ဆိုဖာကြီးများနှင့် ခြားနားခြင်းမက ခြားနားလွန်းလှသော အနေအထားမှာ မောင်သည် ကြည်ကြည်မွေ့မွေ့ .. ကြမ်းပြင်ပေါ်မှာ ထိုင်နေနိုင်စွမ်းသည်တဲ့လား ..။ ငွေဝန်းကို ချစ်သော မောင့်အချစ်များသည် .. ဘယ်အရာကိုမဆို .. အေးချမ်းစွာ လက်ခံပေးလိုက်နိုင်စေသော .. အသားတကျ .. နေစေနိုင်စွမ်းသော စွမ်းအားနှင့် ခံနိုင်ရည်ရှိမှုများကို .. မောင့်ရင်မှာ အပ်နှံတည်မြဲနေစေနိုင်သည်ပဲ ..။

"အေးလေ .. လုံမ .. ဒီရွာကို .. ရွာပွဲမှာ အငြိမ့်လာကမယ်ဆိုပြီး ဖြစ်ခဲ့ပေမယ့် .. နေမကောင်းလို့ လာမကဖြစ်ဘဲ ကျန်ခဲ့တယ်ဆိုတာ သိရတော့ .. ဒီမှာ အားခဲထားကြလေ သမျှ မောသွားရတော့တာပဲ .."

ဟု ထန်းလျက်ခဲလေး ယူရင်း ဒေါ်ကြီးစော ပြောတော့ အားက ဝိုင်း၍ ..

"ဟုတ်ပ .."

ဟု ထောက်ထောက်ခံခံ ပြောကြသည်။

"ခု .. ကခိုင်းလိုက်ပါလားဗျ .."



မထင်မှတ်နိုင်သောစကား ..။ ငွေဝန်းသာ မောင့်ကို ကြည့်မိလိုက်ရပါပြီ ..။

"သူတို့က .. မောင်တို့ မင်္ဂလာသတင်းကြောင့် ချစ်လို့ ပြေးလာကြတာ .. သူတို့ရဲ့ ဖမေတ္တာကို မောင် နားလည်တယ် .. ရိုးသားမှုကို .. မောင် ချစ်တယ် .. ငွေဝန်းကို မောင် တောင်းခဲ့တဲ့ ကတိကိုလဲ မောင် မမေ့ပါဘူး ငွေဝန်းရဲ့ .. ငွေဝန်း အငြိမ့်မကရဘူးဆိုတာလေ .. ငွေဝန်း အငြိမ့်ကပြီး ရတဲ့ငွေကြေးနဲ့ မောင်တို့အိမ်ထောင်ကို .. ဘာတစ်ခုမှ .. အဖြည့်မခံဘူးဆိုတာလေ .."

မောင် ခပ်တိုးတိုး ပြောနေရတော့ ငွေဝန်း ငြိမ်နေ ပါ၏။ တကယ်လည်း မောင် .. ထိုကတိကို တောင်းခဲ့သည် ဟုတ်ပါလား ..။ မောင့် မမေက .. ငွေဝန်း အငြိမ့်ကသည့် ငွေကြေးဖြင့် မောင် ရပ်တည်ရှုံမှုတစ်ပါး .. ဘာမျှ တတ်နိုင်တော့ မဟုတ်ဟု .. အိမ်ပေါ်မှ ဆင်းချေတော့မည့်သားအဖြစ် ခဲ့တာကို .. မောင် မမေ့နိုင်ခဲ့ ..။ ဒါကြောင့်လည်း .. မောင် သည် .. ထိုကတိကိုလည်း တောင်းသည်။ ပြီးတော့ .. ရွာလေး ဆီသို့ မောင် ထွက်လာခဲ့သည်ပါပဲ ..။ ရွာမှာ .. မောင် .. အလုပ်လုပ်မည်တဲ့ ..။ မောင့်ထံမှာ ရှိသည့် .. လက် .. မှာရှိသည့် .. အသိဉာဏ်တို့ဖြင့် ငွေဝန်းကို လုပ်ကိုင်ကျွေးမွေး မည်တဲ့။ ငွေဝန်း .. အငြိမ်းမကရ .. ဆိုသည့်အချက်ကို .. ကို လေးနက်စွာ ထားခဲ့ပါသည် မောင်သည် ..။ ခု .. ကို .. ကခိုင်းဖို့ .. ဒေါ်ကြီးစောကို လှမ်းကြည့်ရင်းပင် ခဲ့ချေသည်တဲ့လား ..။

www.burmeseclassic.com

www.burmeseclassic.com



"ခု .. သူတို့ကို .. ငွေဝန်းက .. အငြိမ့်မင်းသမီး ငွေဝန်းသာအဖြစ် ကပြရမှာမှ မဟုတ်တာ .. သူတို့ ချစ်တဲ့ အငြိမ့်မင်းသမီးလေး ငွေဝန်းသာကို .. ငွေဝန်းသာရဲ့ အိမ်မှာ လာပြီး နှုတ်ဆက်ကြရင်း .. ငွေဝန်းသာဆိုတဲ့ .. သူတို့ရဲ့ ရွာသူလုံမလေးတစ်ယောက်ရဲ့ အကကို .. ကြည့်ချင်နေကြတာ .. ဒီအကဟာ အံဖိုးစားနားကင်းတဲ့အက၊ မေတ္တာရိပ်မှာ .. မေတ္တာကြောင့် .. ကရတဲ့အက .. နေဦး .. ငွေဝန်း အငြိမ့်မင်းသမီးလေးအဖြစ် စင်ပေါ်မှာ ကရတဲ့ အကဟာလဲ .. ပရိသတ်ရဲ့ မေတ္တာရိပ်မှာ ကတဲ့အကပါပဲ ကွယ် .. ဒါပေမဲ့ .. အဲဒီမှာက .. ငွေကြေးကိစ္စကတော့ ပါသေးတယ် မဟုတ်လား .. အငြိမ့်ကို ငှားလို့ .. ကရတဲ့ အကလေ .. ခုဥစ္စာက .. ဘယ်သူမှ ငှားလို့ကရတဲ့ အက မဟုတ်ဘူး ... ငွေကြေးကိစ္စ မပါဘူး .. မောင့်မေမေ ပြောတဲ့ အထင်သေးစကားနဲ့ , မဆိုင်တဲ့အက .. ကိုယ့် မိန်းမ မင်းသမီးလုပ်ကလို့ ရတဲ့ငွေနဲ့ ထိုင်စားတဲ့ .. မောင်မောင်ဆိုတာမျိုး မောင့် မေမေ ရင်ထဲမှာ .. ဘယ် တော့မှ အရှိမခံ အဖြစ်မခံနိုင်တာက .. မောင့် ယောက်ျားမာနကြောင့်ပါ .. ဇနီးကို ကခိုင်းပြီး ထိုင်စားတဲ့ မောင်မောင်အဖြစ် .. ခင်ပွန်းသည်အဖြစ် .. မောင် အဖြစ်မခံနိုင်သော အပြောလဲ မခံနိုင်လို့ပါ .."

မောင်က ဤသို့သော မောင်ပါပဲလေ ..။ မောင့်မေမေကိုလည်း ထိုသို့ပဲ ချက်ချင်း အသိပေးကာ ငွေဝန်းကို လက်ထပ်၍ အိမ်ပေါ်မှ ဆင်းခဲ့သည့် မောင် ..။ ချက်ချင်း အသိပေး



ဆိုတာကြောင့် .. မောင့်ချစ်သူကို မောင် မခွဲ .. ငွေဝန်း **ကဈ** ရှာကျွေးသည်ကို စားမည့်သူ မဟုတ်ပါ .. ဆိုသည့် ဆုံးဖြတ်**ချက်**ကိုပါ ..။ ခုလည်း ရင်ထဲမှာ ရှိနေသည့် ခံစားချက်ကို ငွေဝန်းသာ ခွဲခြားနားလည်အောင် ရှင်းပြနေခြင်းပါ ..။ မောင်သည် ခပ်ရှင်းရှင်း နေတတ်ပြောတတ်သည့် မောင် ..။ ထို့အတွက်တော့ ငွေဝန်း ရင်ထဲမှာ ကြည်နူးရသည်ပါပဲ ..။ မောင်သည် .. ငွေဝန်းသာ၏ အနုပညာကို အထင်သေးသူလည်း မဟုတ်။ ငွေဝန်း၏ အနုပညာကို ငွေဝန်း၏ ရင်တွင်းဆီမှ ဆွဲနုတ်ပစ်ခြင်းလည်း မဟုတ်။ မောင့်မေမေ စကားကို မခံချင်သည့်ဖော ..။ မောင့် ယောကျ်ားမာနကြောင့်သာ .. ငွေဝန်းကို အငြိမ့်စင်ထက်မှာ အက မခိုင်းနိုင်ခြင်းသာ ဖြစ်ချေသည့်အဖြစ် ..။

ဘာပဲဖြစ်ဖြစ် ..။ မောင်သည် .. အရာရာကို စွန့်လွှတ်လျက် ငွေဝန်းသာကို ချစ်သည့် ဇောတစ်ခုတည်းဖြင့်ပင် .. ငွေဝန်း၏ ဘဝထဲသို့ တိုးဝင်လာချေသည်မို့ ..။ မောင် မကြိုက်သာကို ငွေဝန်း မလုပ်ရက်ပါ ..။ ဒါကြောင့်လည်း ငွေဝန်း အငြိမ့်စင်ထက်မှာ လှပသော ငွေဝန်းသာအဖြစ် .. မင်းသမီးလေး ငွေဝန်းသာ၏ အကများကို ဖြစ်တည်ရှင်သန်ခွင့် မပေးဖို့ ဆုံးဖြတ်ခြင်းပါ ..။

ခု .. မောင်သည် .. ဤရွာမှ လူတို့ကို တွေ့သူသာ၏ အကဖြင့် .. ကပြစေဖို့ တိုက်တွန်းနေချေသာ

ငွေဝန်းသာ မောင့်ကို ပြုံး၍ ကြည့်ပြောသည်။ မောင့် လက်က ငွေဝန်း၏ လက်လေးကို ထွေးဆုပ်ကြီးကာ

"ကပြလိုက်လေ ငွေဝန်းသာ .." ဟု။ တယော

www.burmeseclassic.com



ဟု မောင် ခပ်တိုးတိုး ဆက်ပြောသည်။

"အံမယ်လေးတဲ့နော် .. လူလေးက .. ပြောနေမင့်ဟာကို .. လုံမကဖြင့် ငြိမ်နေချက်နော် .. ဒီမှာဖြင့် .. ကတော့နိုးနိုးနဲ့ မျှော်ရတာ မောနေပြီ လုံမငယ်ရ"

ဟု ဒေါ်ကြီးမွန် ရယ်၍ပြောတော့ ...

"အေးလေ .. တိုးတိုး .. တိုးတိုးနဲ့ .. လူလေးက တိုက်တွန်းနေမင့်ဟာ .. ဒီငွေဝန်းသာလေးကဖြင့် ကဗို့အရေး .. မလှုပ်မချောက်နဲ့ရယ် .."

ဟု ဘဘကြီးတစ်ယောက်မှ ဝင်ပြောတော့ ငွေဝန်းသာ ရယ်မိရပါ၏။ ရင်ထဲမှာ .. ပို၍ ပေါ့ပေါ့ပါးပါးနှင့် ပျော်လာနေမိရပါသည့်အဖြစ်။ မောင့်ကို ချစ်စိတ်ဖြင့် ငဲ့ကြည့်ရင်း ..

"အငြိမ့်စင်ပေါ်မှာ ကတဲ့အငြိမ့်မင်းသမီးလေး ငွေဝန်းသာကို .. မောင် ချစ်မြတ်နိုးစွာနဲ့ လက်ထပ်ခဲ့တယ်ဆိုတာကို ငွေဝန်းရဲ့ ရွာက .. လူတွေအားလုံး ချက်ချင်း နားလည်သွားအောင် မောင် ခုလို .. လုပ်လိုက်တယ် .. တိုက်တွန်းလာတယ်ဆိုတာ ငွေဝန်း သိပါတယ် မောင်ရယ် .. ဘာလို့လဲဆိုတော့ .. ငွေဝန်းကို .. ကခိုင်းနေပြီ မဟုတ်လား .. အငြိမ့်မင်းသမီးလေးတစ်ယောက်ကို .. အငြိမ့်မင်း [illegible]းလေးတစ်ယောက်အဖြစ် သိသိကြီးနဲ့ လက်ထပ်ခဲ့တယ် [illegible]ကို .. ခုလို .. မောင် .. ငွေဝန်းကို .. ကဖို့ပြော [illegible] စကားတိုတိုလေးတွေနဲ့ပဲ .. အတိုင်းအတာ [illegible]အောင် .. လုပ်နိုင် .. အသိပေးနိုင်ခဲ့ပါပြီ မောင် ကိုလည်း ထို[illegible] အိမ်ပေါ်မှ ဆ[illegible]



ဟု ငွေဝန်းသာ ရင်ထဲမှာ မြတ်နိုးစွာ .. အားကိုးစွာ [illegible]နေမိရ ..။ မောင့်ကို ချစ်ကြည်ညိုမဆုံးနိုင်စွာလည်း ကြည့်မိ[illegible]ပြီတည်း ..။

"မောင် .. တယောထိုးမယ် ငွေဝန်းလေး .. မောင် သိပ်ကြိုက်တဲ့သီချင်းတွေထဲက .. ဟိုသီချင်းလေးဆိုပါလား ငွေဝန်း .. ပန်းသဇင် .. ငွေဝန်းကတဲ့အခါ .. အဲဒီသီချင်းလေးဆိုတာများတယ် .. မောင် အရမ်းချစ်မြတ်နိုးတဲ့ အကနဲ့အဆို .. လေ .."

ငွေဝန်း ဘေးမှာ မောင် ရပ်လာလျက် ပြောတော့ [illegible]န်းသာ ခေါင်းလေးညိတ်ပြရပါ၏။ မောင် အိမ်တွင်းခန်းထဲ [illegible]သွားသည်။ အပြန်မှာ တယောလေး ပါလာပါ၏။ အိမ်ထဲရှိ [illegible]န်တက်ကုန်ကဖြင့် မောင့်လက်ထဲ ပါလာသော တယောကို [illegible] စိတ်ဝင်တစား ကြည့်သည်။ ငွေဝန်းကိုလည်း တပြုံးပြုံးဖြင့် [illegible]ကြသည်။

ဒါ .. ငါတို့ ရွာသူ .. အငြိမ့်မင်းသမီးလေး .. [illegible]န်းသာပေါ့ .. ဆိုသည့် ဂုဏ်ယူမဆုံး အကြည့်တွေက [illegible]င်း၏ မျက်ဝန်းများမှာ မြည့်သိပ်နေကြသည်ပါပဲ ..။ [illegible]က်တစ်အုပ်ဘက်ကို လှည့်တည့်၍ ..

"ဟဲ့ .. ဟိုတစ်အုပ် .. ငြိမ်ငြိမ်ကြည့်ကြနော် .. ဆူတဲ့သူ လေ့ကားက အဆင်းပဲ .."

ဟု ဆေးလိပ်ဖွာနေသည့် ဒေါ်ကြီးသုန်ပြောသည်။ [illegible] ပြုံးနေရပါသည့်အဖြစ်။ ကလေးတွေလည်း လူကြီးစကား [illegible]ကျစေရ ..။ ငြိမ်သက်၍ ငေးကြည့်နေကြသည်။ တယော

www.burmeseclassic.com

www.burmeseclassic.com



အိုးကို မောင့်ဘယ်ဘက် ပခုံးပေါ် ဖေးတင်လိုက်တာ ..။ ပခုံးပေါ် တင်ထားသော တယောအိုးပေါ် မောင့်မေးဖြင့် ဖေးညှပ်လိုက်ကာ မောင့်လက်ချောင်းလေးတွေက လက်ပေါက်ဖျဉ်းကို တယော၏ လည်တံအောက်မှ လျှို၍ ကိုင်လိုက်တာ ..။ တယောကြိုးခုံရှေ့မှာ တယောကြိုးပေါ် တယောထိုးတံကို တင်၍ ရှေ့တိုးနောက်ငင်ဖြင့် မောင့်ညာလက်တွေ လှုပ်ရှားနေတာ ..။ တယောသံစမ်းနေတာ ..။ မောင့်ဘယ်ဘက်လက်ချောင်းထိပ်လေးတွေ တယောကြိုးပေါ် လိုရာနှိပ်နေကြတာ။ အားလုံးသည် ငေးကြည့်နေကြပါ၏။ ငွေဝန်းသာသည်လည်း ငေးကြည့်နေသည်ပါပဲ ..။ အနုပညာမြတ်နိုးသော မောင်သည် .. တယောကို .. ပိုင်နိုင်စွာ ထိုးနိုင်သည့် မောင် ဖြစ်ပါ၏။ မောင့်ကို .. ငွေဝန်း .. ငေး၍သာ ကြည့်နေရင်း .. မြတ်နိုးစိတ်များ တိုးတိုးလာနေရသည်ပါပဲ .. မောင်သည် .. ငွေဝန်းသာကို အနုပညာသည် ငွေဝန်းသာအပြင် မြတ်နိုးကြောင်းကိုရော .. မောင်သည်လည်း အနုပညာကို မြတ်နိုးသည့်မောင် ဖြစ်သည်ဆိုတာကိုရော .. အားလုံးကို အသိပေးနေသ နယ်ပါတကား။ မကြာလိုက် ..။ ပန်းသဇင်သီချင်းသံ၏ တေးသည် .. မောင့်တယောညိုညိုလေးဆီမှ လွင့်ပျံလာပါပြီတည်း ..

ငွေဝန်းသာ .. ညှော့ခန်းရှိနေရာတွင် ကွက်လပ်မှာ နွဲ့နွဲ့လေးရပ်နေလိုက်ရင်းမှ တယောထိုးနေသည့် မောင်လည်း ငေးကြည့်နေရဆဲ ..။ နောက်တော့လည်း ..

"မန်းတစ်ခွင် ပန်းသဇင်ပေါ်စမို့ မျှော်ကြတယ်လေ နမ်းမှာလားမောင်ရဲ့ မွှေးတယ်ရှင် .. ပန်းများသဇင် မယ်ချစ်ပါတဲ့ကိုကို သဇင်ပန်းရှင်လန်းစေဖို့သာယာ



လေဘာတီမခြရင် သီဆို၍ ကခဲ့ပါသော .. သီချင်း။ ညော် .. ငွေဝန်းသာ .. အငြိမ့်စင်ပေါ်မှာ .. လှပစွာ .. ကလျက် ၍သီချင်းကို .. မြတ်နိုးစွာ .. ဆိုလျက် ကခဲ့ပါသောသီချင်း ..။ မောင် မြတ်နိုးသော သီချင်း ..။ ခု .. ငွေဝန်းသာသည် မောင့်တယောသံလေးဖြင့် .. ဆိုရင်း .. ပျောင်းနွဲ့စွာ .. ကနေရပါချေပြီတကား ..။

တယောထိုးနေရင်း မောင် ကြည့်နေသည်က .. ငွေဝန်းကိုပါ ..။ မောင့်မျက်ဝန်းတွေ ရွှန်းလဲ့အေးချမ်းနေကြတာ ငွေဝန်းသာ မြင်နေရသည်ပါပဲ ..။

အိမ်ထဲအိမ်ပြင်ရှိသမျှအားလုံးကလည်း ငွေဝန်းသာ ဆိုသမျှ ..။ ငွေဝန်းသာ ကနေသမျှ ..။ မောင် တယောထိုးနေသမျှ ..။ အားလုံးကို အငေးကြီး ငေး၍ .. အားလုံး စိတ်တွေနစ်ရင်း .. ကြည့်နေကြသည်မှ ငြိမ်ချက်သားကောင်းနေကြပါသည့်အခြင်း ..။

"ပန်းများသဇင်ဘုရင်တော်ဝင်သုံးသည်မို့လေး .. ရပ်ရှစ်ခွင်နယ်တွင်ပြေစွာသုံးသည်မို့မွှေး .. ပြန့်မွှေး .. ပြန့်မွှေး .. လေယူရာအေးမြသွေးသန့်စင်ပန်းရနံ့ကြိုင်လှိုင်သရှင် .. အများတို့မေ့တ္တာ .. မေတ္တာဝင် .. ပန်းတကာတို့ရာဇာဘုရင်တော်ဝင် .. သုံးသည် သုံးသည်ဖူးညွှန့်ဝေဝေစီခါမှီပေါ်ဦးပေါ်စပင် .. ခူးပါရှင် ခူးပါရှင် .. မောင့်စိတ်တော်ကြည်ကြည်လင်လင် ရွေဖူးစာရှင် .. ပျိုတို့ကိုကို နမ်းလို့လဲမဝနိုင်ပန်းဆိုတဲ့ မြခိုင်သဇင် မြရင် မြရင် စမ်းသာတဲ့ပန်းများသဇင် .."

www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်းသာ၏ အသံလေးက ချိုလည်းချိုသည်၊ သိမ်သိမ်မွေ့မွေ့လေးလည်းနိုင်သည်။ မျက်နှာပေးလေးကလည်း လှလျက် အကသည် ညက်နေကာ ..။ ခြေအကြွ .. ခြေအချသည် နုးနုးညွှံ့ညွှံ့နှင့် ယဉ်စစနိုင်၏။ လက်အချိုးသည် ပန်းပုသွင်ဇာနှယ် အချိုးတကျနိုင်လွန်းလျက် .. ရင်အချီသည် ကိန္နရီဆန်သည်၊ ကိုယ်ကို လှလိုက်ပါသည့်အက ..။ လှလိုက်ပါသည့်အလှ ..။ သီချင်းသံလေးသည် .. မြိုင်လည်းမြိုင်သည်ပါပဲ ..။ တေးနှင့်အက၊ အကနှင့်တေးသည် တစ်သားတည်း ဖြစ်နေသည်။ လှနေသည်၊ တယောသံနှင့်အလိုက် .. ဆိုလည်းဆို ..။ ကလည်းကနှင့် ငွေဝန်းသာ ရှိသွားရသည်ပါပဲ ..။ ငွေဝန်းသာ ဘဝမှာ မောင့် တယောသံလေးဖြင့် .. ကရခြင်းသည် .. ပထမဆုံးသောအကြိမ်၊ ထို့အတွက် ရင်ထဲမှာ လှုပ်ခတ်လှုပ်ရှားရသည်နှင့်အမျှ .. ကြည်နူး ချမ်းမြေ့ရသည်ပါပဲ ..။ ငွေဝန်းသာတို့၏ မင်္ဂလာကာလလေးမှာ ခုလို .. မောင့် တယောသံနှင့် ငွေဝန်းသာ .. ကခွင့်ရချေမည်ဟု ဘယ်တုန်းကမှ .. မမျှော်လင့်မိခဲ့စဖူး ..။ မောင် တယောထိုးတတ်တာကိုတော့ .. ငွေဝန်း သိပါသည်။ ဘဘဦးအောင်မောင်း ရှိရာ အိမ်ကို အလည်လာသည့်အခါများမှာ .. မောင်သည် .. တေးတစ် ပုဒ်တစ်စကို .. ဦးလေး၏ တယောလေးဖြင့် ဟိုစမ်းသည်စမ်း စမ်းစမ်းထိုးသည့်နှယ် ထိုးတတ်ခဲ့ပါ၏။

ဒါပေမဲ့ .. မောင်သည် .. ဤမျှအထိ .. ညက်ညော အောင် .. ပိုင်ပိုင်နိုင်နိုင်ကြီး ထိုးတတ်ချေမှန်း ခုမှ ငွေဝန်းသာ သိခဲ့ရခြင်းပါ ..။ မောင်၏ နွေဦးမွှန် အိမ်ကြီးဆီမှ .. မောင် ထွက်ခွာလာခိုက်မှာ ဤတယောအိတ်လေးကို မောင် ယူ၍ ထွက်လာခဲ့ခြင်းပါ။ သြော် .. မောင်သည် .. နွေဦးမွှန်၏ အရှင် သခင်လေးအဖြစ် နေခဲ့ရစဉ်ကာလများဆီမှာ .. ဤတယောလေးကို သသာသောညများမှာ .. ထိုးနေတတ်ခဲ့ချေမည်လား မသိ ..။ ဟင့်အင်း ..။ မဟုတ်သေး ..။ နေ့စဉ် .. ဤတယောလေးကို ထိုးခဲ့ချေမည်ထင့် ..။

"ကြူကြူမွှေးတဲ့ ဂေါသဇင် ဂေါသဇင် .. ထူးလဲထူးတဲ့ တော်ဝင် တော်ဝင် .. ချစ်သူ ကြိုက်သူ ထိုက်သူ မှန်ရင် ပျိုဝမ်းသာတဲ့မယ် ရင်မယ်ရင် .. ရွှေသစ္စာပန်ဆင်ပန်ဆင် .. ငွေသစ္စာပန်ဆင် .. ပန်ဆင် .. ဖူးစာပြိုင်မယ်ရှင် .. မြရင် မြရင် .. စမ်းသာတဲ့ပန်းများသဇင် .. ငွေထိုးပန်ဆင်ပန်းများ ဘုရင် လှလဲလှတယ်ရှင် .."

အကနှင့် တေးသွားသည် **လိုက်လိုက်ဖက်ဖက်** ...၏။ အပေးအယူ အချိတ်အဆက်မိနေ၏။ မြိုင်နေသည့် တေး ...သွားသည် .. ကြူကြူမွှေးတဲ့ ဂေါသဇင် .. ဂေါသဇင်ဆိုသည့် ...ရာမှစ၍ ပို၍ မြိုင်လာသည်။ အသံလေးသာသာနှင့် နုးနုးညွှံ့ညွှံ့ ...နိုင်သော .. သိမ်သိမ်မွေ့မွေ့လည်းနိုင်သော .. တေးဆိုသံ ...သည် .. မြိုင်နေသည့်နေရာမှာလည်း .. ကြည့်နေသူတို့ ...ထဲမှာ .. လိုက်နေအောင် .. လိုက်၍ ပျော်နေစေသည့်နှယ် .. ...သံလေးချိုကြည်ကြည်လေးဖြင့် ဆိုနေကနေတာကိုလည်း .. ...ကြည့်သူတို့၏ ရင်ထဲမှာ .. ကရဏာတည်အောင် .. မေတ္တာတိုး ...အောင် .. အချစ်တိုးအောင် .. လိုက်၍ .. လိုက်၍နေအောင် .. ...ထဲမှာ ဖြစ်တည်လာစေနိုင်စွမ်းသည်ပါပဲ ..။ ဤသည်ကား .. ...ဝန်းသာ၏ ပါရမီပါတည်း ..။ ငွေဝန်းသာ၏အသံ ..။

www.burmeseclassic.com



ငွေဝန်းသာ၏ အကမှာ ထိုမျှအထိ .. နက်ရှိုင်းသိမ်မွေ့စွာဖြင့် ကြည့်သူတို့၏ ရင်ကို ခံစားစေနိုင်သည့် ပါရမီ ရှိနေချေသည် တည့် ..။

မောင့်တယောသံ ..။ ငွေဝန်းသာ၏ တေးသံ ..။ ငွေဝန်းသာ၏ အက လှလှလေးများကြောင့်ပင်လျှင် ..။ ရွာရှိ .. အားလုံးသောသူတို့၏ ရင်ထဲမှာ .. တရင်းတနှီး ပို၍ .. မောင့်အပေါ် ရှိလာကြ .. ချစ်လာစေကြသည့်နယ် .. ငွေဝန်းသာကိုလည်း အချစ်ပိုတိုးလာစေနိုင်စွမ်းခဲ့သည်တကား ..။

ဤသို့ဖြစ်အောင် .. မောင် .. စွမ်းဆောင်နိုင်ခဲ့ခြင်း ပါတည့် ..။

* * *



## အခန်း(၆)

မောင့်ခြေသံကြားရသည့်မို့ ငွေဝန်းသာ မီးဖိုဆောင် ...ခိုမှ ခပ်သော့သော့ ထွက်လာမိသည်။ စိတ်ဇောအဟုန်တွင် ...ကြောင့်ကြစိတ်ကတော့ ရှိနေသည်ပါပဲ။ ဤသည်ကိုတော့ ...ဘဲ မနေနိုင်စွမ်းတော့ပြီ ..။ မောင် .. တစ်နေ့မှာ မိဘထံ ...က ပြန်စေဦး ..။ ပြန်နေလိုက ခနစေဦး .. ဟူ၍ ချစ်ဇော ...ထွေးမိခဲ့သည်မှာလည်း အမှန်။ ဤသည်ကလည်း မောင် ...ခင်းရဲရဲ နေရတာကို မကြည့်ရက်နိုင်စွမ်းပါသည့် ချစ်ဇော ...ကြောင့်ပါ။ ဒါပေမဲ့ .. တစ်ဖက်ကလည်း .. မောင်နှင့် ခွဲခွာနေရ ... ချစ်ဇောကြောင့်ပင်လျှင် နှလုံးနုနုစင်စင်လေးက .. ခံနိုင် ...ပြန်သည်မို့ ..။ မောင် .. မြို့ကို တက်သွားသည့် ဤမနက် ...က .. ရင်ထဲမှာ စိုးရိမ်ကြောင့်ကြစိတ်က အင်အားနှင့် ...ည်ခဲ့သည်မှာလည်း အမှန်ပါ ..။ တကယ်တော့ .. ... ချစ်သည့်ဇောကြောင့်ပင်လျှင် .. မောင့်မိဘများထံမှာ ... ငြိမ်းငြိမ်းချမ်းချမ်း အေးအေးပြန်နေစေချင်သည်။ ...ည်းမှာပင် .. မောင့်ကို ချစ်သည့်ဇောကြောင့်ပင်လျှင် ..

www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့် ဝေးကွာ .. ခွဲခွာနေရမည့်ဘဝကို .. ရောက်ရှိလ
လိုက်ရမှာ .. ထိတ်လန့်ချောက်ချားနေမိရပြန်ပါ၏။ မှာက
တော့ .. ငွေဝန်းသာသည် .. မောင့်ကို ချစ်သည့်စိတ်တို့ဖြင့်
ဝင်နေသည့် မိန်းမသားတစ်ယောက်ဖြစ်နေသည်။ မောင်နှင့် ခွဲ
နေပေးရမှာကို လက်ခံပေးလိုက်ဖို့ အသင့်ရှိနေသော ငွေဝန်း
လည်း ဖြစ်နေလျက် .. မောင်နှင့် ဝေးသောဘဝတစ်ခုထဲ
အထီးကျန်နေလိုက်ရမှာကို သွေးပျက်အောင် ချောက်ချားနေသ
ငွေဝန်းသာလည်း ဖြစ်နေပြန်သည့်အဖြစ် ..။

ခုလည်း .. မောင် ပြန်မလာဘဲ ရှိနေချေမည်
ဆိုသည့် အတွေးဖြင့် .. ရင်ထဲမှာ ဆောက်တည်ရာမရအော
အားငယ်ခံစားနေရသည့်ကာလသည် မနက်ခင်းမှသည် ယ
နေ့လယ်ခင်းသို့တိုင် .. ပန်းဟိုက်အောင် ရင်ကို နှိပ်စက်နေခဲ့
မို့ ..။ မောင့်ခြေသံကို လှေကားထစ်များမှ ကြားလိုက်ရသည်
မီးဖိုပေါ်ရှိနေပါသည့် ဟင်းအိုးကို ကသုတ်ကရက်လေး ချ
လိုက်ကာ အပြေးတစ်ပိုင်း ထွက်လာမိရပါပြီ ..။ မြို့ထဲ
မောင့်မိဘနှင့်များ တိုးချေမည်လား ..။ မောင့်အပေါင်းအသင်း
များတိုးချေမည်လား ..။ မောင့်ကို .. နွေဦးမှုန်သို့ ပြန်ခေါ်သွား
ချေပြီလားနှင့် တွေးရင်း ချောက်ချားနေမိရလျက် ..။ အထီး
ဘဝထဲမှာ ရပ်တည်သွားရချေတော့မည့်ကာလကြီးထဲမှာ
ဖြတ်သန်းရချေတော့မည်လား .. ဆိုသည့် ချောက်ချား
ငွေဝန်းသာ စိတ်အားတငယ်ငယ်ဖြင့် မျက်ရည်လေး တ
တစ်ယောက်တည်း ဖြတ်သန်းခဲ့ရသည်က .. ဤမနက်လေး
နေ့လယ်ခင်းသို့သာ တိုင်သည်။ ခံစားရသည်က မသက်သာ



မောင် မရှိသော အိမ်လေးထဲမှာ တစ်ယောက်တည်း ရှိနေရသည်
ဆိုက .. ရင်ထဲမှာ ချောက်ချောက်ချားချား ရှိနေရသည်က ..
အရှုံးတစ်ပိုင်း ဖြစ်နေချေသည် မဟုတ်လား ..။

ငွေဝန်းဘဝမှာ .. ရင်ကို နှစ်၍ ချစ်ရသည်က ..
မောင်ဆိုမှမောင် .. တစ်ယောက်တည်းသာ ဖြစ်ရချေသည်ကိုး
လေ ..။

ခု .. ငွေဝန်း ပို၍ နားလည်လာသည်။ လူစွမ်းကောင်း
ကြီးလုပ်၍ .. မောင့်ကို .. မိဘထံ ပြန်၍ အေးအေးငြိမ်းငြိမ်း
နေစေ .. ဟူသော .. စိတ်အောတစ်ခုသည် .. ငွေဝန်းသာကို ..
ကောင်းကောင်းကြီး ဒုက္ခပေးမည့်အရာတစ်ခု ဖြစ်နေသည်ဆိုခြင်း
ကိုပါ ..။

မောင့်ကို .. လုံးဝ .. မခွဲနိုင်ဘဲ .. ရှိနေရလေသမျှ..
ကိုယ့်ကိုယ်ကိုယ် .. မလိမ်ညာနိုင်စွမ်းတော့သည့် ငွေဝန်းသာအဖြစ်
သွားရပါပြီတည်း ..။ ငွေဝန်း .. ငွေဝန်း .. မောင့်ကို .. ဘယ်
သောအခါတွင်မှ .. ခွဲနေဖို့ စိတ်ကူးထဲပင် မထည့်နိုင်တော့ပါ
ောင် ..။ မောင်နှင့် ခွဲခွာနေရမည်ဆိုလျှင် ငွေဝန်း ရှုံးရပါချေ
ည် မောင် .. ဟု .. မောင့်ရင်ခွင်ထဲ ကလေးလို တိုးဝင်လျက်
င်ငိုကြွေးရင်း ပြောချလိုက်ချင်တော့သည်ပါပဲ ..။

ဝရန်တာမှာ မောင်နှင့် ဆုံသည်။ လှေကားရင်းနေရာ
မှာလည်း မောင် ဝယ်လာသည့် ပစ္စည်းတွေ တော်တော်များ
ရှိနေသည်။ မောင့် လက်ထဲမှာကျတော့ ပန်းချီဆွဲသည့်
နှင့် ပန်းချီဆွဲသည့် စုတ်တံများနှင့် ဆေးတချို့ ပါလာသည်။
သာ မောင့်ကို ငေးကြည့်နေမိရပါပြီတည်း ..။ မောင်သည် ..

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် .. ပန်းချီလည်း ဆွဲတတ်ချေသည်တကား ..။ ထိုအချက်ကို .. တစ်ခါဘူးသော်မျှ ငွေဝန်းသာကို .. မောင် မပြောပြစဖူး ..။ ငွေဝန်းကို .. ပန်းချီကားလေးတစ်ချပ်သော်မျှ လက်ဆောင်မပေးခဲ့စဖူး ..။ အံ့ဩစိတ်ဖြင့် ငွေဝန်း ငေးခဲ့ ကြည့်နေလေသမျှ .. မောင် ရယ်လိုက်လျက် ..

"ဘယ်လိုလဲ လုံမရဲ့ .. မောင် ပြန်မလာဘဲ ရှိမှာ စိုးနေရင်း .. တစ်ယောက်တည်း ငိုနေခဲ့တယ်ဆိုပါတော့ .. စ .. ပန်းချီ ဆရာကြီးအဖြစ်နဲ့ .. ပြန်ရောက်လာတဲ့ မောင့်ကို တွေ့ တော့လဲ .. အံ့ဩနေတယ် ဆိုပါတော့ .. မလိမ်နဲ့ .. မောင် သိတယ် .. မောင် မလာဘဲရှိမှာစိုးပြီး ငိုနေတာကိုလဲ .. ဟောဒီမျက်နှာလေး မြင်နေလိုက်ရတာနဲ့ သိသလို .. မောင် .. မြို့ထဲမှာရှိနေတုန်းကလဲ .. ကြိုသိနေတယ် .. ဒါကြောင့် .. အမြန်ဆုံး .. မောင် ဝယ်စရာရှိတာဝယ်ပြီး ပြန်လာတာ .. ဟိုမှာ စိတ်ထဲကို မဖြောင့်နိုင်ဘဲ ရှိနေရတာ ဗျ လုံမရ .. ကောင်မလေးတစ်ယောက်တည်း .. စိတ်အား ငယ်ပြီး .. ကလေးလို မျက်ရည်ကျနေပြီဆိုတာ သိနေရတာ ကိုး .. ဟော .. ပြောမှ .. မျက်ရည်က ကျလာပြီကွာ .."

မောင် ပြောလာတော့လည်း ငွေဝန်း ဟန်မဆောင် မထားနိုင် ..။ မျက်ရည်က ခုမှ .. ကလေးလို .. ဖြာခနဲ .. ဖြာ ခနဲ ကျလာပါသည့်အဖြစ် ..။ လက်ထဲက ပစ္စည်းတွေကို ချ တာလေးမှာ မောင် မျက်နှာမကောင်းနိုင်ဘဲ သုတ်သုတ်ချ ငွေဝန်းကို ရင်ခွင်မှာ ထွေးပိုက်ထားလိုက်ပါပြီ ..။ မောင့် ရင်ခွင် ထဲ ခေါင်းလေး တိုးဝင်ကာ ငွေဝန်းသာ ခပ်တိုးတိုးရှိုက်သည်



ရင်ထဲမှာ .. ဝမ်းနည်းရှိန် မိုပြီး ကြီးလာရသည့်နယ်လည်း ခံစား ဖြစ်၏။ မောင့်ကို ခွဲရမှာ ထိတ်လန့်ချောက်ချားနေသည့် ငွေဝန်း သာသည် မောင့်ရင်ခွင်မှာ ခေါင်းလေးထိုးရင်း ငိုချလိုက်ချင်သည့် စိတ်တွေပဲ ရင်ထဲမှာ .. ဖြစ်တည်နေရပြန်ပါ၏ ..။ မောင် .. ငွေဝန်းထံ ပြန်လာတာကို သိနေရသည်ပါပဲ ..။ ဒါပေမဲ့ .. ဆာစောက ခံစားခဲ့ရသည့် ဆောက်တည်ရာမဲ့ .. ယောက်ယက်ခတ် ဖြစ်နေသည့် ခံစားမှုများ၏ ပြင်းထန်သော အရှိန်ကြီးက .. .. မောင် ရှိနေမှန်း သိနေပါလျက်ကယ်နှင့် .. မောင့်ရင်ခွင် ခေါင်းဝင်ရင်း .. ငိုရှိုက်ချလိုက်ချင်တာ တစ်ခုပဲ ရင်ထဲမှာ နေသည်။ သိနေသည်။ ဤခံစားမှုကို .. ချစ်ရလွန်းသူတို့သာလျှင် နားလည်နိုင်ကြပါလိမ့်မည် မောင်ရယ် ..။

"မောင် သိတယ် .. အဲသလို တစ်ယောက်တည်း မဟုတ် မဟုတ်တွေ တွေးပြီး မဖြစ်နိုင်တာတွေကို ဖြစ်လာတော့မယ် ဆိုပြီးတော့ .. ငိုနေမယ်ဆိုတာ .. ဒါကြောင့် .. လိုတာ တွေ ဝယ်နေရပေမယ့် .. စိတ်ကို လေးနေရတော့တာ .. ကဲ .. ထိုင် .. ခဏထိုင်ပါ လုံမရယ် .."

အိမ်အဝင်တံခါး နေရာလေးမှာ ခဏ မောင် ထိုင် သည်။ ငွေဝန်းကိုလည်း ဘေးမှာ ယှဉ်၍ ထိုင်စေသည်။ မောင့် လက်တွေက ငွေဝန်းပခုံးထက်မှာ နူးနူးညံ့ညံ့ ဖေးတင်နေဆဲ ..။ ငွေဝန်း၏ မျက်ရည်တွေကိုလည်း မောင် လက်ချောင်းနုနုတွေက ညင်ညင် သုတ်ပေးနေမြဲ ..။ မောင့်ကို မော့ကြည့်မိတော့ မောင်တို့ သိမ်မွေ့နူးညံ့နေပါသည့် အကြည့်နှင့် ဆုံသည်။ .. မောင် စိတ်လည်း ထိခိုက်နေသည်ပါပဲ။ သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖွဖွချလိုက်တော မောင့်အကြည့်တွေက ငွေဝန်းသာ၏ မျက်နှာလေး ထက်မှာ မမိုတ်မသုန် ရှိနေသည်။ ဆံစလေးကို ဖေးသပ်ပေးရင်းမှ ..

"ပင်ပန်းလိုက်မယ့်အမျိုး .. အရမ်းကို ပင်ပန်းနေရှာမှာ .. ကြည့် .. မောင် သွားလိုက်တာ မနက်က .. ခု .. နေ့လယ် ထိ .. ငွေဝန်းတစ်ယောက်တည်း .. အလူးအလဲ ခံစားနေရှာ မှာ .. မောင် ပြန်မလာဘဲ ရှိမှာကိုစိုးတဲ့စိတ်နဲ့ .. ဒီလောက် အကြာကြီး ငိုနေ .. ခံစားနေရတာ မသက်သာလှဘူး .. မောင် သနားလိုက်တာကွယ် .. ဒီလုံမနဲ့တော့ ခက်တော့တာ ပါပဲ .. နောက်ကို .. မစိုးရိမ်နဲ့ .. မောင် ဘယ်တော့မှ .. ဒီမောင့်လုံမ နံ့သာခဲလေးနဲ့ မခွဲဘူး .. ကြားရဲ့လား .."

ဟု ပြောသံက .. အရမ်းကို လေးလေးနက်နက် နိုင်နေသည်။ မောင့်အနမ်းသည် ငွေဝန်းသာ၏ နဖူးပြင်တွင် ဖေးတင်၏။ ငွေဝန်းသာ မျက်ဝန်းလေးတွေကို စုံမှိတ်ချထားရင်း မှ ငြိမ်ငြိမ်သက်သက် ကြည်နူးစိတ်နှင့် ရှိလိုက်ရသည်ပါပဲ ..။

"ကဲ .. လုံမ .. မောင့်လုံမ .. ပစ္စည်းတွေ သယ်ကြရအောင်"

ဟု တစ်ချက်ရယ်လျက် မောင် ပြောတော့ ငွေဝန်းသာ သတိရလာသည်။ ဟုတ်သားပဲလေ။ ပစ္စည်းအားလုံး တစ်ခုမှ အိမ်ထဲ မရောက်သေး။

မောင်နှင့်အတူ ပစ္စည်းတွေ ဧည့်ခန်းငယ်လေးထဲ သယ်ပြီးသည့်နောက်မှာ ငွေဝန်းသာ၏ လက်လေးကို ဆွဲ၍ မောင့်ဘေးမှာ အထိုင်ခိုင်းသည်။ အမြဲလှည်းကျင်းပွတ်သုတ်ထား သည်မို့ ခါးဖျာလေးသည် ဝါစင်စင်လေး ရှိ၏။ ဖျာပေါ်မှာ မောင် ထိုင်လိုက်ပုံက ပင်ပင်ပန်းပန်းနိုင်နေတာတော့ အမှန်ပါ ..



သမှဲ .. မောင်သည် .. ငွေဝန်းသာ၏ လက်လေးကို တယု ယ ထွေးဆုပ်ထားပြီးမှ ထိုင်ခြင်း ..။ မည်မျှပင်ပန်းနေစေ ..။ ရင်တွင်းမှာ ရှိနေသည့် ချစ်ခြင်းများသည် တယုတယနိုင်စွာ နှန်းသာအပေါ်မှာ ဖြစ်တည်နေစေဆဲပါတကား ..။

မောင့်ဘေးမှာ ငွေဝန်းသာ ထိုင်စဉ်ခိုက်မှာ မောင့် ကြည့်တွေက ပခုံးလေးပေါ် ပြောင်းတင်သည်။ မောင့်ကိုယ်ကြီးက တိုက်အနေထားဖြင့် ငွေဝန်းသာဘက် လှည့်ကြည့်လိုက်က မျက်နှာလေးကို စီးစီးမိုးမိုး ငုံ့မိုး၍ မျက်တောင်မခတ် ကြည့်သည်။ မောင့်အကြည့်တွေထဲမှာ .. တမြတ်တနိုးနိုင်သော .. ကြည်နူးချမ်း မြေ့သော အကြည့်တွေက ပြည့်ပြည့်သိပ်သိပ်မျှ နေရာယူထားကြ သည်ပါပဲ။

"မောင် .. မောင့်လုံမကို .. ပန်းချီဆွဲပြီး ကျွေးနိုင်ပါတယ်၊ နွေဦးမွှန်ဟိုတယ်မှာ မောင့် ပန်းချီကားတွေ ချိတ်ထားတယ်၊ အဲဒီအခါမှာ .. မောင့်ပန်းချီကားတွေကို ဝယ်ကြတယ်လေ၊ နွေဦးမွှန်မှာ မောင့်ပန်းချီအရောင်းခန်းမဆောင်လေးတစ်ခု ရှိတယ် မောင့်လုံမလေးရဲ့ .. အများအားဖြင့် နိုင်ငံခြား ခရီးသည်တွေ ဟိုတယ်မှာ လာတည်းခိုကြရင်း ဝယ်ကြတာ လဲ ရှိတယ် .. ပြည်တွင်းခရီးသည်တွေလဲ ဝယ်ကြတယ်၊ ပြီးတော့ .. ပန်းချီစုဆောင်းတာ ဝါသနာပါတဲ့သူတွေ .. ကိုယ့်ဧည့်ခန်းလေးမှာ ပန်းချီကားလေးတွေကို ချိတ်ထား တာမျိုးကို ဝါသနာပါတဲ့သူတွေလဲ မောင့်ပန်းချီကားတွေကို ဝယ်ဖြစ်ကြတာပါပဲ .. **မောင့် အ**ပေါင်းအသင်းတွေထဲ ကရော .. အပေါင်းအသင်းတွေရဲ့ ဆက်သွယ်ပေးတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ရော .. မောင့်ပန်းချီကားတွေကို .. တခြားဟိုတ
တွေ .. မိုတယ်တွေ .. တည်းခိုခန်းတွေကလဲ လာဝယ်
တာရှိတယ် .. အရမ်းကျယ်ကျယ်ပြန့်ပြန့်ကြီး မဟုတ်ပေ
မောင့်ပန်းချီကားတွေဟာ အထိုက်အဲလျောက်တော့
ရောင်းနေရတာပဲလေ .. မောင့်လုံမကို .. မောင်
တစ်ဝမ်းတစ်ခါး .. လှလှပပ .. ထားနိုင်မယ်လို့ မော
ယုံကြည်ပါတယ် ..”

မောင် ပြောနေသည်က အရမ်းကို တည့်တည်ငြိမ်
ဖြင့်ပါ ..။ ကိုယ့်အိမ်ထောင်အတွက် အရာရာ .. တာဝန်ယူနိုင်
အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ် မောင့် အနုပညာအပေါ်မှ
မောင် စိတ်ချလက်ချ ရှိနေသည့်အသွင်ပါ ..။ မောင်သည်
မောင့်အနာဂတ်အတွက် .. မောင့် အနုပညာဖြင့် .. တည်ငြိ
ကျက်စွာ ဖြတ်သန်းနိုင်မည့် ပန်းချီဆရာတစ်ယောက်နှယ် ရ
ကျက်ကျက်ကြီး .. တည်ငြိမ်နေပါသည့်အဖြစ် ..။ မောင့်ကို
ကြည့်ရင်း ငွေဝန်းသာ ရင်ထဲမှာ မကောင်းနိုင် ..။ ပြော
ခုတော့ .. မောင်သည် .. မောင့်ပန်းချီကားများကို နွေဦးမွန်ဟိုတ
၏ ပန်းချီအရောင်းခန်းမဆောင်လေးမှာ လှပခံ့ထည်စွာ ..
မှာ .. ချိတ်၍ ရောင်းနိုင်သည့်ဘဝ မဟုတ်တော့ပြီပဲ ..။ ထိုအ
ကို မောင် မေ့နေပုံရသည် ..။ ဒါမှမဟုတ် .. ဂရုမစိုက်ဘဲ
လိုက်တာလည်း ဖြစ်နိုင်သည်။

မောင့်အသွင်က .. ပန်းချီကားချပ်များစွာကို မော
အသင့်ပြင်နေသည့်အသွင် ..။ တည်ငြိမ်ရင့်ကျက်ခြင်းတွေ
လန်းဆန်းတက်ကြွခြင်းများဖြင့် ရှိနေသည့်အသွင် ..။



“ဒါကြောင့် .. မောင် .. ပန်းချီဆွဲဖို့ ကင်းဗတ်ဖျင်တွေ .. ပုံကြမ်းစက္ကူကတ်ပြားတွေ .. ပန်းချီဆေးတွေ .. ပန်းချီဆွဲတဲ့အခါ ပန်းချီဆေးပုံတဲ့ ပဂ်လက်လို့ ခေါ်တဲ့ ပျဉ်ပြားတွေရော .. မောင် ဝယ်လာခဲ့တာ .. မောင် ပထမဆုံး ဆွဲမယ့် ပန်းချီကားဟာ ဘာဖြစ်မယ်လို့ ငွေဝန်း ထင်သလဲ ဟင် .. ပြောစမ်း”

ယခုတိုင် မောင့်လက်တွေက ငွေဝန်းသာ၏ ပခုံးလေးပေါ် ဖေးတင်ထားဆဲ။ မောင့်အကြည့်တွေကလည်း ငွေဝန်းသာ၏ မျက်နှာနုနုလေးထက်မှာပဲ မရွေ့မလျား ရှိနေဆဲ ..။ မောင့်ချစ်ခြင်းများဖြင့် ပြည့်သိပ်နေသော အကြည့်များသည် .. နုနုညံ့ညံ့နိုင်နေသည်။ သိမ်မွေ့အေးချမ်းနေသည်။ ငွေဝန်းထံမှ ဖြေလာမည့် အဖြေကို စောင့်ဆိုင်းနေသည့်ကလည်း .. ကြည်မွေ့ကြည်ရင်သော အဖြေတစ်ခုကို ကြိုတင်မျှော်လင့်ထားသည့်အသွင်မျိုး ဖြစ်နေသည်။ ဤတစ်ကြိမ်မှာတော့ ငွေဝန်းသာ နည်းနည်းသတိထားဂရုစိုက်ဖို့ လိုနေပြီဆိုတာ မိမိဘာသာလည်း သိလာနေရပါ၏။ ငွေဝန်း ဖြေလိုက်မည့် အဖြေကို မောင် စောင့်ဆိုင်းနေပုံက .. တလေးတနက်နိုင်နေသည် မဟုတ်ပါလား ..။ မောင် မျှော်လင့်ထားသော အဖြေမျိုး မဟုတ်ချေလျှင် မောင် စိတ်ဓာတ်ကျသွားနိုင်သည်။ မောင့်အပျော်တွေ .. ကြည်မွေ့အေးချမ်းမှုတွေ မောင့် မျက်နှာထက်မှ လွင့်စင် ပျောက်ကွယ်သွားနိုင်သည်။ ဟင့်အင်း ..။ ထိုသို့ ငွေဝန်းသာ အဖြစ်မခံနိုင် ..။

ငွေဝန်း လည်ချောင်းလေးတစ်ချက် ရှင်းသည်။ မဖြေခင် မောင့်ကိုလည်း မော့ခနဲ ကြည့်မိရပါ၏။ ခုထိ .. မောင့်

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေက ငွေဝန်းသာထံမှာ ရှိနေဆဲ ..။ စိတ်လှုပ်ရှားရိပ်ကိုလည်း မောင့် မျက်နှာထက်မှာ ငွေဝန်း ထပ်၍ ဖြည့်မြင်ရလာပြန်သည့်အဖြစ် ..။ ဘုရားရေ ..။ မောင်သည် .. မောင်သည် .. စိတ်လှုပ်ရှားစွာ .. ငွေဝန်းသာ၏ အဖြေတစ်ခုကို စောင့်ဆိုင်းနေချေသည်တကား။ မဖြစ် ..။ ငွေဝန်း၏ အဖြေသည် .. မောင့် မျှော်လင့်ထားမှုနှင့် တခြားစီ ဖြစ်သွား၍မဖြစ် ..။ ဦးနှောက်သည် .. အရမ်းကို အလုပ်လုပ်လျက် ရှိနေရပါပြီ ..။ ရင်လည်း အရမ်းကို ခုန်နေသည်။ ကိုယ် ဖြေရမည့် အဖြေအတွက် ကိုယ် ပြန်၍ စိုးရိမ်ကြောင့်ကျနေမိရခြင်းကို ငွေဝန်းသာ ကိုယ်တိုင်လည်း သိနေသည်။

ဤအဖြစ်လောက် စိတ်လှုပ်ရှားစရာကောင်းသော အတွေ့အကြုံတစ်ရပ် ရှိမလာနိုင်တော့ပြီတည့် ..။ ကိုယ် ချစ်ရသောသူ၏ မျှော်လင့်ထားသော အဖြေတစ်ခုကို .. ဖြေဆိုနိုင်ဖို့အတွက် အဖြေတစ်ခုကို ရှာဖွေနေရခြင်းသည်လည်း စိတ်လှုပ်ရှားဖို့ ကောင်းနေသည်။ ငွေဝန်း၏ အဖြေသည် မောင် မျှော်လင့်နေသော အဖြေနှင့် တစ်ထပ်တည်းသာ ရှိသွားချေမည်ဆိုလျှင် .. အရမ်းကို ပျော်ဖို့ကောင်းမှာလည်း သေချာနေသည်လေ ..။ ဤအဖြစ်လေးသည် .. သာမန်အပေါ်ယံလေးဖြင့် တွေးလျှင် .. ဘာမျှ အရေးမကြီးသော အဖြစ်တစ်ခု ..။ ဒါမေမဲ့ .. အရမ်းကို ချစ်မြတ်နိုးရသူတွေပေမို့ .. ဤမျှ နက်ရှိုင်းစွာ .. လေးလေးနက်နက် ဖြေရမည့်အရာသည် လောလောဆယ်မှာ မရှိနိုင်တော့သည့်နယ် ရှိနေပါသည့်အဖြစ် ..။ ဤသည်ကို .. အချစ်ဟု ခေါ်သည်ဟုပင် ငွေဝန်းသာ ထင်ပါသည်။



ငွေဝန်းသာ မျက်ဝန်းလေးကို စုံမှိတ်ချလိုက်မိသည်။ ငွေဝန်းကို အရမ်းချစ်သော မောင်သည် .. ဤနေ့မှာ .. ပန်းချီဆရာတစ်ယောက်ဖြစ်ကြောင်းကို .. အသိပေးလာခဲ့ပြီ ..။ ထိုသို့ အသိပေးပြီးသည့်နောက်မှာ .. မောင်သည် .. မည်သည့်ပန်းချီကားတစ်ချပ်ကို .. ဦးစွာ ဆွဲချေမည်တဲ့လဲ ..။

ငွေဝန်းသာ၏ ရင်ထဲမှာ ရုတ်ခြည်း လှုပ်လှုပ်ခတ်ခတ် ရှိလာရပါပြီ ..။ ငွေဝန်းကို .. ငွေဝန်းကို .. အရိပ်တကြည့်ကြည့်ဖြင့် .. လမင်းလေး တစ်မင်းနှယ် ချစ်ရှာပါသော မောင်။ ငွေဝန်းကို .. ချစ်စနိုးလေးဖြင့် .. လုံမ .. လုံမနှင့် ဤမျှာကို ချောက်တော့ .. တမြတ်တနိုးဖြင့် ခေါ်တတ်ရှာပါသော မောင် ..။ မောင့်ရင်ထဲမှာ .. ငွေဝန်းမှတစ်ပါး .. ဘာရှိချေမည်တဲ့လဲလေ။ မောင့်လက်ချောင်းလေးတွေထဲ .. ပုံတူရေးဆွဲဖို့အင်အားများ .. ဖြစ်ထွန်းနေစေနိုင်မည့်အရာသည် .. ငွေဝန်း**မှတစ်ပါး** .. **ဘာ**ရှိချေဦးမည်တဲ့လဲ ..။

"မောင် ဆွဲမယ့် ပန်းချီကားဟာ .. လ**က်ချောင်းလေးတွေ**နဲ့ ဆွဲရုံမျှ မဟုတ်ပါဘူး မောင်ရယ် .. မောင့်နှလုံးသားနဲ့ ရင်းပြီး ဆွဲမယ့် ပန်းချီကားလေးတစ်ချပ်ဆိုတာ ငွေဝန်း ကြိုသိနေပါတယ် မောင် .."

ငွေဝန်း စတင်၍ ခပ်တိုးတိုးဖြေနေမိသည်။ မောင့် သက်လေးကိုလည်း တယုတယ ဖေးယူမိရကာ .. နှုတ်ခမ်းလေးဖြင့် အားအပ်၍ .. ကြည်ညိုမြတ်နိုးစွာ .. အားကိုးစွာ .. သိမ်မွေ့ညင်သာစွာ .. နမ်းလိုက်မိပါ၏။ ငွေဝန်း၏ ရင်မှာလည်း .. မောင့်ကို အားကိုးယုံကြည်စွာ .. ချစ်နေခြင်းများတစ်ပါး .. အခြားမရှိနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ပါ မောင်ရယ် ..။ မောင့်ကို ငွေဝန်း မော့ကြည့်လိုက်မိရပါပြီ ..။ ဤအဖြေကို မောင့်မျက်နှာ ..။ မောင့်မျက်ဝန်းများကို မော့ငေးကြည့်ရင်း ဖြေချင်ပါသည် မောင် ..။ ချစ်မြတ်နိုးစွာဖြေသော အဖြေကို .. ချစ်မြတ်နိုးစွာ ငုံ့မိုးငေးကြည့်ပါသည့် မောင့် မျက်နှာ ..။ မောင့် မျက်ဝန်းများကို မော့ကြည့်ရင်း ဖြေချင်ပါသည် မောင်ရယ် ..။ မောင့် မျက်ဝန်းများသည်လည်း အရမ်းကို တောက်ပကြည်စင်နေကြသည်။ ပို၍ ချမ်းချမ်းမြေ့မြေ့နိုင်သော အရိပ်တွေလည်း ပြည့်သိပ်လာနေကြသည်။ သိမ်မွေ့နက်ရှိုင်းသော အကြည့်သည် .. ရင်ကို နှစ်၍ ချစ်သောအချစ်ကို ကိုယ်စားပြုနေသည့်နှယ်ပါ ..။ ဒါပေမဲ့ .. ခုထိ .. မောင်သည် .. ငွေဝန်းကို .. ဘာမျှ ဖြတ်မပြောသေး။ ငွေဝန်းကို ကြည့်နေသည့် အကြည့်တွေသည်လည်း .. မရွေ့လျားသေး ..။ ငွေဝန်း၏ မျက်နှာလေးကို .. တိတ်ဆိတ်စွာ ငုံ့မိုးငေးစိုက်ကြည့်ရင်းဖြင့် ငွေဝန်း၏ အဖြေကို စောင့်ဆိုင်းနေမြဲ ..။

"ငွေဝန်း သိနေပါတယ် မောင် .. မောင် ပထမဆုံးဆွဲမယ့် ပန်းချီကားလေးဟာ .. မောင့်ရဲ့ ရင်ထဲက မိန်းကလေးဖြစ်တဲ့ ငွေဝန်းရဲ့ပုံပဲ မဟုတ်လားဟင် .."

ဟု မလွဲမှားနိုင်သော အဖြေတစ်ခုကို .. တည်ငြိမ်စိတ်ချစွာ ဖြေသည့်နှယ် ငွေဝန်းသာ ဖြေခိုက် မောင့်ကိုယ်ကြီး ငုံ့ကိုင်းကျလာသည်။ ငွေဝန်းသာ၏ ကိုယ်လေးကို သိမ်းကျုံးပွေ့ငင်ယူသည်။ စိတ်လှုပ်ရှားကြည်မွေ့ရလွန်း၍ထင့် ..။ မောင့်မျက်နှာသည် ပန်းရိပ်သမ်းလာခဲ့သည်။ ငွေဝန်းသာ၏ ဆံစလေးများကို မောင် သပ်ပေးသည်။ ငွေဝန်းသာ၏ ဆံနွယ်ဉ်လေးများကို ဖွဖွ



သိမ်းဖယ်၍ နဖူးပြင်လေးကို မောင် နူးညံ့နွေးထွေးစွာ နမ်းရှိုက်သည်။ မောင့် လက်တွေက ငွေဝန်းသာ၏ ကိုယ်လေးကို ထွေးပိုက်ထားနေဆဲ ..။ မောင့်နဖူးပြင်သည် ငွေဝန်းသာ၏ နဖူးပြင်လေးကို ဖွဖွလာထိသည်။ မောင့်နှာဖျားသည် ငွေဝန်းသာ၏နှာဖျားလေးကို ဘယ်ညာဖွဖွ ယိမ်းနွဲ့ထိလာသည်။

"မောင် သိတယ် .. အဲဒီအဖြေကို ရမယ်ဆိုတာ .. မောင် မျှော်လင့်ထားတယ် .. ကျေးဇူးတင်တယ် ငွေဝန်းလေး .. မောင့် လုံမကို .. မောင် ကျေးဇူးတင်တယ် .. မောင့်အချစ်ကို သိလို့ .. နားလည်ပေးလို့ .. ယုံကြည်လို့ .. အို .. မောင် အရမ်းကို .. စိတ်ချမ်းသာသွားတာပဲ သိလား ကောင်မလေးရဲ့ .. အဲဒီအဖြေကို မောင် မျှော်လင့်နေတာလဲ မှန်တယ် .. အဲဒီအဖြေကို လုံမ .. ဖြေကိုဖြေမယ် ဆိုတာကိုလဲ မောင် သိနေတာလဲမှန်တယ် .. ဒါပေမဲ့ .. ရင်ထဲက .. တစ်ဖက်ကလဲ လန့်နေသလိုပဲဗျ .. အဲဒီအဖြေကို မဖြေဘဲ ရှိသွားမှာကိုလေ .. အဟင်း ဟင်း .. ဒါ .. အချစ်ပဲ ငွေဝန်းရ .. ဒီခံစားမှုဟာ .. အချစ်ကြောင့် ဖြစ်တည်.. ကြည်မွေ့ရတဲ့ ခံစားမှုပဲကွ .."

ဟု မောင် ကလေးလို ပြောနေသည်က .. အပျော်ကြွင့်ပါတကား ..။

"ဟုတ်တယ် .. ငွေဝန်းပုံကို မောင် ဆွဲမှာ .. အဲဒီပန်းချီကားဟာ .. ရောင်းဖို့ မဟုတ်ဘူး .. ဒီအိမ်မှာ ချိတ်ထားဖို့ .. အဲဒီပန်းချီကားဟာ .. နယ်နယ်ရရ မဟုတ်ဘူးဗျ.. အချစ်နဲ့ ဖွဲ့တည်တဲ့ ပန်းချီကား .. မောင်တို့ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းကို .. ပြောပြနေမယ့် ပန်းချီကား .. မောင်တို့ရဲ့ နက်ရှိုင်းတဲ့ အချစ်ကို ပြောပြနေမယ့် ပန်းချီကား .. မောင်တို့ အသက်ကြီးလာတဲ့အခါမှာ အဲဒီပန်းချီကားရှေ့မှာ ရပ်ရင်း .. နုပျိုနေဆဲဖြစ်တဲ့ .. ပန်းချီကားထဲက .. မောင့်လုံမကို .. မော့ကြည့် .. မောင်တို့ရဲ့ အချစ်ကို တစိမ့်စိမ့် ကြည်နူးစိတ်နဲ့ .. မောင်တို့ရဲ့ သား မြေး မြစ်တွေကို ပြောပြ .. အဲသလို ရှိကြမှာ .. မောင်တို့ကတော့ .. အဲဒီ အချိန်မှာ ဘိုးဘိုးဘွားဘွားတွေ ဖြစ်နေကြပြီဆိုတော့ .. ပန်းချီကားလေးကတော့ .. နုပျိုနေမှာပဲလေ .. အဲဒါ .. အချစ် .. အချစ်ဟာ .. ဘယ်တော့မှ မအိုဘူး လုံမရဲ့ .."

ဟု မောင်ပြောနေတော့လည်း ငွေဝန်းသာ မောင့်ရင်ခွင်မှာ မျက်နှာလေး ဖေးအပ်ရင်း ချမ်းမြေ့စွာ နားထောင်နေမိရုံ ကြည်နူးနေမိရနှင့်ပါ ..။ ဩော် .. မောင်သည် ပြောတတ်လွန်းပါသည့် မောင်ပါတကား ..။ မောင့်အချစ်ကို .. ငွေဝန်း ပို၍ .. ပို၍.. သိလာရအောင် .. မြင်သာနေရအောင် .. ပြောပြနေဖို့ထက် ဘယ်အရာမျှ အရေးမကြီးတော့သည့်နှယ် .. ရှိနေပါသော မောင့်ကို .. ငွေဝန်းသာ ပို၍ .. ပို၍ .. အားကိုးရပါသည် မောင် ..။ မောင့်လုံမ .. ချစ်မြတ်နိုးရပါသည့် မောင်ရယ် ..။

"မောင် ဒီအိမ်လေးကို အတွင်းနံရံတွေမှာ ဆေးသုတ်မယ်၊ အပြာရောင်လေးသုတ်မယ် .. ဟိုဝရန်တာလေးမှာကျတော့ အပြာနဲ့အစိမ်းနုရောင် ဆေးတွေကို ဝရန်တာထောင်တန်းလေးပေါ့မှာ သုတ်မယ် .. ပြတင်းကိုကျတော့ .. အဝါရောင်လေး သုတ်မယ် .. ပန်းချီကားတွေ ချိတ်ရမယ့်နံရံ ပြာပြာ



လေးတွေအဖြစ် .. ဒီနံရံလေးတွေက ဖြစ်တည်လာကြလိမ့်မယ် .. မောင်တို့ နေတဲ့အိမ်လေးဟာ .. ပန်းချီကားလေး တစ်ချပ်ထဲက အိမ်လေးလိုဖြစ်အောင် .. အိမ်ရှေ့မှာလဲ မောင်တို့ ပန်းရုံလေးတွေ ပန်းခင်းလေးတွေ စိုက်ကြမယ် .. ဟိုအကျော်ပင်ရဲ့ ကိုင်းတံမှာ လာနားကြမယ့် ငှက်လေးတွေရဲ့ ချိုကြည်တဲ့ အသံလေးတွေကို မောင်တို့ နားထောင်ကြမယ် .. လသာတဲ့ညတွေမှာ .. အဲဒီအကျော်ပင်အောက်မှာပဲဖြစ်ဖြစ် .. အိမ်ရဲ့ ဝရန်တာနေရာလေးမှာပဲဖြစ်ဖြစ် .. ဟောဒီ ဧည့်ခန်းလေးမှာပဲဖြစ်ဖြစ် .. မောင်နဲ့ငွေဝန်းလေးတို့ တူတူရှိနေကြရင်း .. မောင့်တယောသံကို .. ချစ်မိုးစွေဆိုတဲ့ သီချင်းလေးနဲ့ ငွေဝန်း နားထောင်ရမယ့် .. ကဲ .. ဘယ်လောက် အေးချမ်းတဲ့ဘဝလဲ .. လရောင်လို အေးတဲ့ဘဝ ဗျ"

ဟု မောင်ပြောကာ ငွေဝန်းသာ၏ နဖူးပြင်လေးကို မွှမွှနမ်းပြန်သည်။ ငွေဝန်းသာမှာဖြင့် မောင် ပြောသော စကားများကို ရင်မှာ ဖြစ်တည်ခံစားရင်း .. ထိုမျှချမ်းမြေ့မြေ့နိုင်သော ဘဝ တစ်ခု၏ ပုံရိပ်ကို မြင်ယောင်လာအောင် မောင် ပြောနိုင်သည်ပဲ .. ဟု တွေးဖြစ်ရပြန်သည်။ မောင်သည် .. တဖြည်းဖြည်း အရမ်းကို နူးညံ့သိမ်မွေ့သော မောင် .. ဖြစ်၍ .. ဖြစ်၍ .. လာနေပါ၏။ မောင့် လက်တွေက .. အင်္ကျီအိတ်ကပ်လေးဆီမှ ဘူးလေးတစ်ဘူးကို ထုတ်ပြန်သည်။ ဖွင့်လိုက်တော့ သေးမျှင်သော ရွှေဖြင့် ရှိနေပါသည့် လက်စွပ်လေးနှစ်ကွင်း ..။ အဖြူရောင် ကျောက်လေး တစ်ပွင့်စီသည် လက်စွပ်တစ်ကွင်းစီမှာ တလဲ့လဲ့ဖြင့် ရှိနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်းသာ၏ အကြည့်က .. ကမန်းကတန်း မောင့် လက်ချောင်းလေးတွေထက်မှာ တစ်ခုခုကို ရှာနေမိရပါပြီ ..။

မောင့်လက်မှာ ရှိနေခဲ့ပါသော မြလက်စွပ်သည် မရှိချေတော့ပြီကား ..။ မောင့် လည်တိုင်ဆီသို့ ငွေဝန်းသာ နီးရိမ်စောဖြင့် ကြည့်မိရပြန်တော့လည်း .. မောင့်ဆွဲကြိုးသည်လည်း မရှိတော့ပြီ ..။

"မောင် .."

မောင့် လက်က ငွေဝန်းသာ၏ နှုတ်ခမ်းလေးပေါ် ဖွဖွဖေးတင်ပိတ်လာပါ၏။ မျက်ရည်လည်လာနေပြီဖြစ်သည့် ငွေဝန်းသာကို မောင် ပြုံးပြသည်။ ခေါင်းယမ်းပြသည်။ မငိုရဘူးလေ ဆိုသည့်သဘော ..။

"ဟောဒီလက်စွပ်လေးကို .. မောင့်လက်မှာ ငွေဝန်းလေးက ဝတ်ပေး .. မောင်က ဒီလက်စွပ်လေးကို ဝတ်ပေးမယ်၊ ဒါ .. အရမ်းကို .. အမှတ်တရ ဖြစ်စေမယ့် အရာနော် .. မျက်ရည် မကျရဘူး .. ပြုံးနေရမယ် .. မင်္ဂလာရှိနေရမယ်၊ မောင် အဲဒါကိုပဲ မြင်ချင်တယ် .. လိုချင်တယ် လုံမ"

ဟု မောင်ပြောလာတော့ ငွေဝန်းသာ မျက်ရည်မကျရက် ..။ ငိုချင်ပေမယ့် မျက်ရည်ကို မချရက် ..။ မနည်းအံခဲတင်းထားရင်း မောင့်အချစ်ကို ပို၍ .. ကြည်ညိုအားကိုးရပါပြီ ..။ မောင် ပြုံး၍ ငွေဝန်း၏ လက်လေးထဲ လက်စွပ်လေးကို ထည့်ပေးလာတော့ ငွေဝန်းသာ မျက်ဝန်းလေးကို စုံမှိတ်ချလိုက်မိရပါပြီတည်း။ လက်လေးကို ဖွဖွညင်ညင် ဖေးမြှောက်ယူလျက် တသိမ့်



သိမ့်ခုန်နေသော ရင်ဖြင့် .. လက်စွပ်လေးကို နမူးပြင်ဖြင့် ဖေးထိမိရပါ၏။ ဦးခိုက်၍ .. ဤလက်စွပ်လေးကို မောင့် လက်ချောင်းနုနုလေးမှာ .. ငွေဝန်းသာ ဝတ်ပေးပါမည် မောင် ..။ ကြည်ညိုရိုကျိုးစွာ .. ဦးခိုက်၍ ဝတ်ပေးရပါမည် မောင်ရယ် ..။

အတွေးသည် ရင်မှ ဖြစ်တည်လျက် .. မောင့်ကို အားကိုးရိုကျိုးစွာပဲ မော့ကြည့်မိရပါ၏။ လက်လေးကို နမူးဆီမှသည် နှုတ်ခမ်းဆီသို့ ရွှေ့ယူ၍ လက်စွပ်လေးကို နှုတ်ခမ်းလေးဖြင့် ဖွဖွနမ်းရှိုက်ပြီးမှ .. မောင့်လက်ကို ဖေးယူကာ မောင့်လက်သူကြွယ်မှာ သေးမျှင်သော လက်စွပ်လေးကို ဝတ်ဆင်ပေးမိရပါ၏။ သေးမျှင်သော လက်စွပ်လေး တစ်ကွင်း၏ ဖွဲ့မ်းအားသည် သာမန်မျှမဟုတ် ..။ ချစ်ခြင်းများဖြင့် နက်ရှိုင်းနေသောအရာ ..။ နှလုံးသားကို အပ်နှင်းသောအရာ ..။ အချစ်၏ နက်ရှိုင်းမှုကို သိမ်မွေ့နူးညံ့စွာ ဖော်ကျူးသော အရာဖြစ်ပါချေသည် မောင် ..။ မောင်ကိုယ်တိုင်သည်လည်း .. ငွေဝန်းသာ၏ လှုပ်ရှားမှုအားလုံးကို .. တောက်လျှောက် မလွှတ်တမ်း ငေးစိုက်ကြည့်နေရင်း မျက်ရည်လည်နေတာကို ငွေဝန်း သိနေသည်ပါပဲ ..။ ချစ်၍ လည်အက်လာသော မျက်ရည်ကို .. အဘယ်အင်အားဖြင့် တားဆီးနိုင်ပါမည်လဲ မောင်ရယ် ..။

အချစ်ကို တားဆီးဟန့်တား၍ မရနိုင်သည့်နှယ် .. ချစ်၍ .. ဖြစ်တည်လာပါသော .. မျက်ရည်နုနုကိုလည်း .. အဘယ်တားဆီး နိုင်ပါမည်တဲ့လဲလေ ..။ ဒါပေမဲ့ .. မောင်ရော .. ငွေဝန်းရော .. မျက်ရည်ကို မကျအောင် ဂရုတစိုက် အားပြုထိန်းနေရသည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



မောင့် လက်ချောင်းလေးတွေမှာ ဖေးတင်နေသ
ငွေဝန်းသာ၏ လက်လေးတွေ တုန်ခါနေတာကို မောင် ငေးကြ
နေရာမှ တယုတယ ထွေးယူသည်။ ဖွဖွညင်ညင် ထွေးဆုပ်သည
နွေးထွေးသော မောင့်လက်ဖဝါးတွင်းမှ တုန်ခါနေသော ငွေဝန်းသ
၏ လက်လေးတွေ အတန်အသင့် နွေးထွေးလာပါသည့်အဖြစ်
မောင်သည် .. လက်ဖွပ်လေးကို ဖွဖွနမ်းရှိုက်လိုက်ကာ .. ငွေ
သာ၏ လက်သူကြွယ်လေးမှာ .. အရမ်းကို နူးညံ့ညင်သာ
ဝတ်ဆင်ပေးလာပါ၏။ နောက် .. ငွေဝန်းသာ၏ လက်လေး
ထွေးယူကာ တမြတ်တနိုး နမ်းရှိုက်ပါပြီ။ အကျော်ပန်းတို့
ရနံ့က .. လေပြည်နှင့်အတူ .. ညှို့ခန်းဆောင်တွင်းဝယ် ..
တမြမြစင် .. အေးတမြမြလျှင် .. ဝင်၍ .. ဝင်၍ .. လာချေသ
တကား .. ။

* ❧ *



## အခန်း(၇)

"အင်း .. ဘာပဲဖြစ်ဖြစ် .. အိမ်ထောင်သက်ကတော့ .. သုံးလထဲ ရောက်လာကြပြီ .. ရွာကလူတွေကလဲ အကဲတော့ ခတ်ကြတာပေါ့အေရယ် .. ပန်းချီကားချပ်ကို ထုပ်ပိုးထားတာကြီး ပိုက်ပိုက်ပြီး မြို့ပေါ်တက်သွားလိုက် .. မရောင်းရပဲ .. ပြန်သယ်လာလိုက်နဲ့ ရှိနေတာကိုလဲ မြင်ကြတာပေါ့ လုံမ .. တချို့ကတော့လဲ တွေးကြ ပြောချင်ကြပေမပေါ့ .. လုံမ လက်ထပ်လိုက်တဲ့သူဟာ .. ပန်းချီဆရာ ခပ်ညံ့ညံ့ထဲကများ ဖြစ်နေမလားပေါ့ .. ဒီလို ဝင်ငွေမရှိ ဘာမရှိနဲ့ ဖြစ်နေတော့ လုံမမှာ အနေအစား ဆင်းရဲမယ်တို့ ဘာတို့ ပြောချင်ကြတာလဲ ရှိကြတာပေါ့အေ .. အဆိုးဆုံးကတော့ ဒေါ်မြဘုံပေါ့ .. သူ့အကြောင်းလဲ ညည်းအသိ .. ရွာမှာ အာကျယ် လျှာကျယ်နဲ့ အတင်းပြောကောင်းကြီးလေ .."

ဒေါ်... ပြောတော့ ငွေဝန်းသာ မျက်လွှာလေးချ၍ ငြိမ်နားထောင်နေမိရပါ၏။ ရင်ထဲမှာ မကောင်းနိုင် .. မောင့်ကို သနားနေမိရသည်က ရင်ထဲမှာ မဆန့်နိုင်အောင် ဖြစ်နေရသည်

www.burmeseclassic.com



ပါဝဲ ..။ ပန်းချီကားတွေကို မျှော်လင့်ချက်ကြီးကြီးဖြင့် မောင် ဆွဲခဲ့ရှာသည်ပါပဲ ..။ ဒါပေမဲ့ .. မောင် မျှော်လင့်ထားသလို .. ပန်းချီကားများသည် ဝယ်သူထံသို့ ရောက်သွားလိုက်ရတာမျိုး မရှိခဲ့။ မောင်နှင့်အတူ .. ပြန်ပြန်ပါလာခဲ့သည်ချည်း ..။ မောင် သည်လည်း တဖြည်းဖြည်း သဘောပေါက်စပြုလာချေမည်သာ .. ယခင်က မောင် ဆွဲခဲ့သောပန်းချီကားချပ်များသည် တခမ်းတနား နိုင်လှာ နေဦးမွန် ဟိုတယ်ကြီးတစ်ခု၏ အရောင်းခန်းမဆောင်ကြီး မှာ ရှိခဲ့လျက် .. ထိုပန်းချီကားများကိုလည်း ဝယ်ယူသူများက တသသထား၍ တယုတယ ဆောင်သွားခဲ့ကြဖူးသည်။ ဒါပေမဲ့ ယခု မောင် ဆွဲခဲ့ရပါသော ပန်းချီကားများသည် .. နေဦးမွန် ဟိုတယ်ကြီး၏ အရောင်းခန်းမဆောင်တစ်ခုမှာ ရောင်းချ မရနိုင်တော့သည်နှယ် ..။ တန်ဖိုးထား၍ ဝယ်ယူချင်သည့်သူများ သည်လည်း ပျောက်ဆုံးနေကြချေသည့်အဖြစ် ..။ ပန်းချီကား ချပ်တစ်ခု၏ ဘဝသည်ပင်လျှင် ရောင်းချနိုင်ခွင့်ရှိသည့် နေရာ တစ်ခုအပေါ်မှာ တည်လျက်ရောင်းရခြင်းနှင့် မရောင်းရခြင်း တည်း ဟူသော အဖြစ်တစ်ခုကို ဖြစ်တည်ရပ်တည်စေနိုင်စေသည့် တကား။

ဤနေ့မှာလည်း မောင် ပြန်မလာသေး ..။ မနေ့ စောစောကပဲ ပန်းချီကားချပ်များနှင့်အတူ .. ဤရွာလေးမှ ရန်ကုန်မြို့ဆီသို့ သွားခဲ့ပြီ ..။ လိုင်းကားနှင့် သွားရတာမို့ .. ပန်းချီကားတွေ မထိမခိုက်ရအောင် မောင့်ခမျာ ကားစပယ်ယာ အစ .. ခရီးသည်အဆုံးကိုလည်း မျက်နှာချိုသွေးရ ..။ ဂရုတစိုက် ကိုင်တွယ်သွားရနှင့် ဖြစ်ရှာသည်ပါပဲ ..။



"မောင့်ဘဝအပြောင်းအလဲဟာ သိပ်ကို ခြားနားပြောင်းလဲ သွားခဲ့တာပါ ဒေါ်လေးရယ် .. ကိုယ်ပိုင်ကားနဲ့ .. ဟိုတယ် ကိုသွား .. ဟိုမှာ တခမ်းတနား နိုင်တဲ့ ရုံးခန်းကြီးမှာ နေထိုင်ရင်း အလုပ်ကို ဦးဆောင်ကြီးကြပ်လုပ်ကိုင် .. အဖေလုပ်သူရဲ့ လုပ်ငန်းတွေမှာလဲ ဝင်ပြီး လုပ်ကိုင်ကူ .. အရိပ်ထဲမှာနေ .. အစားကောင်း အသောက်ကောင်းကို စား .. အကောင်းဆုံးအိပ်ရာ .. အခင်းအကျင်းနဲ့ .. ပြည့်စုံနေတဲ့ အခန်းကျယ်ကြီးမှာအိပ် .. နူးနူးဖန့်ဖန့်နေရ စားရတဲ့ဘဝကနေပြီး .. ချမ်းချမ်းသာသာကြီးနေရတဲ့ နေရာတစ်ခုကနေပြီး .. ခုလို .. အနေဆင်းရဲ .. အစား ဆင်းရဲနဲ့ နေရရှာတာ .. မောင့်ခမျာ ငွေဝန်းသာကို ချစ်လို့ အဲသလို နေရှာတာပါ ဒေါ်လေးရယ် .. ခုပဲကြည့် လိုင်းကားကျပ်ကျပ်ထဲမှာ မောင် ပါသွားခဲ့ရတာမျိုးပါ .."

ဟု ငွေဝန်းသာ မျက်ရည်လေးတလည်လည်ဖြင့် ပြောတော့ ဒေါ်လေး သက်ပြင်းရှိုက်သည်။ ဆံစလေးကို သပ်ပေး သလျက်မှ ..

"အဲဒါကိုပဲ ဒေါ်လေး ပြောချင်တာ လုံမရဲ့ ... လူလေး ခမျာ .. လုံမကို ချစ်ရှာလွန်းလို့ .. အစစအရာရာကို စွန့် လွှတ်ပြီး ဒီကို လိုက်လာရှာတာ .. ဒီဘဝမှာ တိုးဝင်နေခဲ့ရှာ တာ .. ဒေါ်လေးတို့က အစကတည်းက .. ဒီလို ဆင်းရဲ တဲ့ ဘဝမှာ နေတဲ့သူတွေ .. လူလေးက .. ဒီလိုနေဖူးရှာ တာ မဟုတ်ဘူး .. ဒေါ်လေးတို့က နေတတ်တယ် .. သူ့ ခမျာ ဝန်းကျင်သစ် ဘဝသစ်ထဲမှာ နေတတ်ထိုင်တတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



မနည်းကြိုးစားယူရှာမှာ .. ဒါပေမဲ့ .. အဲဒါကို .. သူ တစ်ချက်ဖွင့်မပြောဘူး .. မညည်းဘူး .. စိတ်မာတဲ့လဲ မကျဘူး .. ဒီနေရာလေးမှာ သူ ပျော်နေရှာတယ် .. ဒါကို နားလည်ပေးရမယ် လုံမ .. ဘေးဝန်းကျင်က ဘာပဲ ဝေဖန် .. ဝေဖန် .. အဲဒီဒဏ်ကို မခံနိုင်ဘဲ .. လူလေး အပေါ် ငြိုငြင်စကား မပြောမိစေနဲ့ .. ကြားရဲ့လား .. ကဲ .. ဒေါ်လေးလဲ ရေမိုးချိုးလိုက်ဦးမယ် .. ဒေါ်လေးရဲ့ အိမ်ဆိုင်လေးက ဝင်ငွေနဲ့ပဲ ဒေါ်လေးတို့သုံးယောက် စားသောက်လောက်ပါတယ်အေရယ် .. စိတ်ထဲ အားငယ် မနေနဲ့ .. ဒေါ်လေး အိမ်ဆိုင်ဆိုတာကလဲ .. လုံမလေး ပို့ပို့လာတဲ့ ငွေတွေနဲ့ ဖွင့်ခဲ့တာပဲ မဟုတ်လား .. လုံမရဲ့ ဆိုင်ပါပဲ .. အားနာစကားပြောဖို့ စိတ်ကူးမနေနဲ့ .."

ဟု ဒေါ်လေး ပြောတော့ ငွေဝန်းသာ မျက်လွှာလေးချငြိမ်ကျန်ခဲ့ပါ၏။ ဘာပဲဖြစ်ဖြစ် ..။ မောင့်အပေါ် ဒေါ်လေး နားလည်မှု ရှိသည့်အတွက်တော့ ဝမ်းသာကျေးဇူးတင်ရသည်ပါပဲ၊ ဒေါ်လေးထံမှ ပြုံစူငြိုငြင်စကားတွေ ထွက်ကျမလာသည့်အတွက် ငွေဝန်းရော .. မောင်ရော .. ကံကောင်းကြသည်ဟုပင် ဆိုရပါမည်၊ ငွေဝန်း အငြိမ့်မင်းသမီးဘဝက .. ဒေါ်လေးထံ ငွေပို့ပေးခဲ့သည် မှာ မှန်ပါသည်။ ဒေါ်လေး၏ အိမ်ဆိုင်လေးမှာ ငွေဝန်းသာ ပို့ပေးလာသည့် ငွေကြေးများကြောင့် ပို၍ ဖစ္စည်းတင်နိုင် ..။ ပို၍ ရောင်းရခဲ့သည်မှာလည်း အမှန်ပါ ..။ ဒါပေမဲ့ .. ထိုသို့ ငွေပို့ ပေးခဲ့သည့်အကြောင်းရင်းခံတစ်ခုကြောင့် .. ခုလို .. ဒေါ်လေးထံ မှ မီးဖိုချောင်တာဝန်မှန်သမျှကို .. လက်ဖြန့်ခံယူ၍ ချက်ပြုတ်စား



ာတ်နေရတာကိုကျတော့ .. မောင်ရော .. ငွေဝန်းရော .. ျရက်နိုင် ..။ အနေရခက် ..။ နေရထိုင်ရတာ ရှက်စိတ်ဖြင့် ကြရတာ .. ကိုယ့်အပူကိုယ်ပဲ သိနေကြရသည် မဟုတ်လား။ င့်ခများ .. ပန်းချီကားတစ်ချပ်လောက် ရောင်းရကာ ထိုငွေဖြင့် ရာသောက်စရာတွေ ဝယ်ချမ်းလာရတာမျိုးကို မွတ်မွတ် သိပ် တောင့်တနေရှာသည်။ ထိုအဖြစ်ကို .. ဘယ်နေ့ကျမှ ာ်ရချေမည်မသိ ..။

"ငွေဝန်း .. မောင့် ပန်းချီကားတွေကို ရောင်းဖြစ်စေချင် လိုက်တာ မောင်ရယ် .. ပိုက်ဆံမက်နေလို့ မဟုတ်ပါဘူး မောင် .. အဲဒီငွေနဲ့ .. မောင် .. အိမ်အတွက် ဝယ်ခြမ်းလာ ပြီးတော့ .. ဒေါ်လေး လက်ထဲ အပ်လိုက်တာမျိုးကို .. ငွေဝန်း မြင်ချင်လို့ပါ .. မောင် ပျော်တာကို မြင်ချင်လို့ပါ မောင်ရယ် .."

ဟု ရင်ထဲမှ မချိစိတ်ဖြင့် တွေးနေမိသည်ကလည်း း်းပါ ..။ ငွေဝန်းသာ၏ အကြည့်က .. နံရံမှာ ချိတ်ထားပါ ပန်းချီကားထက်မှာ တန့်သည်။ ငွေဝန်းသာ၏ပုံတူ ..။ င်းသမီး အဝတ်အစားလေးဖြင့် .. လှပစွာ ရှိနေပါသည့် ..။ လှလှပပလေး ကနေပါသည့် ပုံတူ ..။

ဘဘဦးအောင်မောင်းလည်း အဖြစ်စုံကို အားလုံး ခဲ့ပြီးပါပြီ။ ဒေါ်မြတ်မင်းဆိုတာ မောင့်မေမေ မဟုတ်တာကို သိခဲ့ပြီ ..။ ငွေဝန်းသာ မောင်နှင့် လက်ထပ်လိုက်ရသည့် ..။ ဘဘထံ ပြန်မရောက်ဘဲ ရှိနေခဲ့သည်မို့ .. ဘဘချော ာ်မင်း ရှိရာဆိုင်သို့ လိုက်သွားတော့ ..။ ဘာမျှ မသိသေး

www.burmeseclassic.com

www.burmeseclassic.com



ပါသည့် ဒေါ်မြတ်မင်းခများ ဘဘကို ပြုံး၍ ညွှဲဝတ်ပြုခဲ့သည်တဲ့
နောက်တော့မှ .. ဘဘမှ အပြောရခက်ခက်ဖြင့် ငွေဝန်းသာကို
မေးလာတော့မှ ..။ ဒေါ်မြတ်မင်းက ဟိုမေးသည်မေး မေး။ ဘဘ
ကဖြေ ..။ ထိုသို့ ရှိရင်းရှိရင်းမှ .. အဖြစ်စုံလည်း ဓာတ်ရည်လည်
ဗလက ဒေါ်မြတ်မင်း၏ သားဖြစ်ကာ ..။ မောင်သည် .. နွေဦး
မွန်မှ .. ဦးမြင့်မောင်နှင့် ဒေါ်ခင်သင်းသာတို့၏သား ဖြစ်တာတွေ
ဘဘလည်း သိခဲ့ရသည်တဲ့ ..။

နောက်တစ်နေ့ ဘဘ ဒေါ်မြတ်မင်းထံသို့ သွားကာ
ဗလနှင့်ဆုံ ..။ အဖြစ်စုံကိုလည်း အားလုံး သိသွားရသည်တဲ့
ထိုအချိန်မှာကျတော့ .. မောင်နှင့် ငွေဝန်းသာကို ဒေါ်ခင်သင်းသာ
တို့က သဘောမမျှသည်မို့ .. မောင် အိမ်ပေါ်က ဆင်းသွားသည်
ကအစ ဘဘ သိခဲ့ရသည်တဲ့ ..။ ဒေါ်မြတ်မင်းကလည်း မျက်နှာ
မကောင်းဘဲ .. နောက်နောင် .. မောင်နှင့် ငွေဝန်းသာကို
လာ၍ မပတ်သက်ဖို့ ပြောခဲ့သည်တဲ့လေ။ မောင့်မိဘများနှင့်
ဒေါ်မြတ်မင်းတို့သည် .. စီးပွားရေးကိစ္စ မကင်းနိုင်ကြပါတဲ့
ဒေါ်မြတ်မင်းတို့၏ သမီးတစ်ယောက်သည် နွေဦးမွန်မှ က
စရာပစ္စည်းများကို ဝယ်ယူရောင်းချနေသည့် အရပ်ကမ္ဘာစတိုး
တာ ဖွင့်ထားသည်တဲ့ ..။ ဗလလည်း နွေဦးမွန်ဟိုတယ်မှာ
နွေဦးမွန် အိမ်ရာဆောက်လုပ်ရေးမှာရော .. အလုပ်လုပ်နေသည်
ကိုဗလနှင့် ကိုဥက္ကာတို့ လက်ထပ်စာချုပ်မှာ သက်သေလိုက်
ကြတာကို .. ဒေါ်ခင်သင်းသာ မသိစေချင်ပါတဲ့ ..။ ဘဘ
ဗလက အားလုံး ပြောပြပေမယ့် ..။ ထိုပြောပြခြင်းသည် ဘဘ
သိရုံအတွက်သက်သက်သာ ဖြစ်သည်မို့ ..။ ထိုအဖြစ်များ



ခေါက်ကြားပါစေနှင့်ဟု ဒေါ်မြတ်မင်းက ပြောခဲ့သည်တဲ့ ..။
နောက်ဆုံးတော့ ဘဘမှာ .. မျက်နှာပျက်ပျက်ဖြင့်သာ ထိုနေရာ
မှ ပြန်ခဲ့ရသည်တဲ့ ..။

ထိုအဖြစ်များကို ငွေဝန်းသာ သိရသည်က ..
ဒေါ်လေး .. ဘဘထံ သွားကာ .. အဖြစ်စုံကို ပြောပြခဲ့စဉ်က ..
ဘဘပြန်ပြောလိုက်သည့် စကားများကြောင့်ပါ ..။ ဘဘသည် ..
ငွေဝန်းသာကို အဆိုးအကောင်းတော့ မပြောရှာ ..။

ဒါပေမဲ့ .. ငွေဝန်းသာ၏ အငြိမ့်မင်းသမီး အဝတ်
အစားတွေကအစ .. ဒေါ်လေးနှင့် အပြန်မှာ အပြီးအပိုင် ပြန်
ဆည့်ပေးလိုက်ပါ၏။

"သူတို့ချင်း မေတ္တာရှိလို့ လက်ထပ်ကြတာ အဆိုးမဆိုပါဘူး မထားမေ .. ဒါပေမဲ့ မောင်ဗလ အဲမေကို .. မောင်မောင့် အမေလို လုပ်ပြီး ငါ့ကို တစ်ပတ်ရိုက်ထားတာကိုတော့ စိတ်ထဲ မကောင်းဘူး .. ကိုယ်က အဟုတ်မှတ်ပြီး ဟိုကို လိုက်မေးတော့ .. ငါပဲ အရှက်ရခဲ့တာပေါ့ .. မိဘမဲ့ပေမို့ လုံမကို ငါ စောင့်ရှောက်ဖို့တာဝန် ရှိသမျှ .. စောင့်ရှောက် ခဲ့ပြီးပြီ .. သူ အိမ်ထောင်ပြုမယ်ဆိုတာကိုလဲ .. ငါ မကန့် ကွက်ခဲ့ပါဘူး .. မောင်မောင့်ကိုလဲ .. လူရိုးလူကောင်းလေး အဖြစ် ငါ မြင်ခဲ့တာပါပဲ .. သူ့ အဲသလောက် ချမ်းသာ တယ်လဲ မထင်ခဲ့ပေဘူးလေ .. မသိခဲ့ပေဘူး .. ငွေဝန်းသာ ဘယ်လောက် အကကောင်းတာ .. ငါ အသိ .. သူ့ကို အားကိုးရတာ အမှန်ပဲ၊ ဒါပေမဲ့ .. သူ မြတ်နိုးတဲ့သူရှိ၊ သူ လက်ထပ်ပေါ့ .. နောက်မင်းသမီး ငါ ထင်ရမှာပဲ ..

www.burmeseclassic.com



သူ့ကို ငါ .. မချုပ်နှောင် မချုပ်ချယ်ပါဘူး .. ဒါပေမဲ့ .. ခုလို .. လူကြီးကို မလိမ့်တပတ်နဲ့ မောင်မှောင် လုပ်သွားတော့ .. ငါပဲ .. အရှက်ရတော့တာပေါ့ .. ဟိုကို လိုက်မေးတော့ .. ငါ့မှာ အူတိအူနနဲ့ ဖြစ်နေခဲ့ရရော .. အဖြစ်စုံသိတော့ ပိုရှက်ရတော့တာပေါ့ မထားမေ .. နောက်နောင်လာမပတ်သက်ဖို့ ဒေါ်မြတ်မင်းက အားနာနာနဲ့ပဲပြောပြော .. ငါ ရှက်ရတာတော့ ရှက်ခဲ့ရတာပဲ မဟုတ်လား .. သူ့အဝတ်အစားတွေ ငါ ပြန်ထည့်ပေးလိုက်ပြီ .. အငြိမ့်မှာလဲ .. ငွေဝန်းသာ နာမည်လဲ မရှိတော့ဘူး မဟုတ်လား .. သူ့ဘဝ .. သူ ထူထောင်လိုက်ပြီပဲ .."

ဟု ပြောခဲ့သည်တဲ့ ..။ ဒေါ်လေးကတော့ မျက်နှာမကောင်းဘဲ ပြန်ခဲ့ရသည်ပါပဲ။ ဘဘ ခံစားရတာတွေကိုလည်း ဒေါ်လေးက မောင့်ကိုရော .. ငွေဝန်းကိုရော အားလုံး ဖွင့်ပြောပြခဲ့ပါ၏။ နောက်နောင် .. အချိန်နည်းနည်းကြာမှ .. ဘဘကို သွားကန်တော့ကြ .. ဟုလည်း ဒေါ်လေး ပြောသည်။ လောလောဆယ် သွား၍ မကောင်းသေးဟုလည်း တားသည်။ မောင်ကတော့ ငြိမ်သက်နားထောင်ခဲ့သည်ပါပဲ ..။ မျက်နှာတော့ မကောင်းခဲ့ရှာ ..။

"ကျွန်တော် အဲသလောက် ချမ်းသာတယ်ဆိုတာ အသိပေးခဲ့ရင် .. ငွေဝန်းကလဲ ကျွန်တော့် မေတ္တာကို လက်ခံမှာ မဟုတ်သလို .. ဘဘကလဲ .. လက်ခံမှာ မဟုတ်ဘူး ဒေါ်လေးရ .."

ဟု ခေါင်းငုံ့ပြောခဲ့သည်ကလည်း မျက်နှာအပျက်ပျက်ဖြင့်ပါ ..။



ဒေါ်လေးကတော့ အစစနားလည်ပေးရှာသည်ပါပဲ ..။

နောက်တော့လည်း .. မောင်သည် ငွေဝန်းကို ..
င်းသမီး ဝတ်စုံလေးကို ဝတ်စေလျက် ..။ အလှဆုံး .. ကစေ
ျက် ..။ ပန်းချီကားတစ်ချပ်ကို ဆွဲခဲ့ချေသည်တကား ..။

ခု .. ထိုပန်းချီကားလေးသည် .. အိမ်၏ ဧည့်ခန်း
းမှာ လှလှပပ .. အသက်ဝင်လွန်းစွာဖြင့် မှန်ဘောင်ကွပ်လျက်
ိတ်ထားဖြစ်ခဲ့ပြီ ..။

ပုံလေးထဲမှာ .. ငွေဝန်းသာ၏ မျက်ဝန်းများက
းလဲ့လွန်းနေသည်။ ငွေဝန်း ကိုယ်တိုင်သည်လည်း .. အရမ်းကို
ည်မွေ့စွာ .. မောင့်အတွက် .. ပန်းချီအဆွဲခံခဲ့သည့်နှယ် ..။ မောင်
ည်လည်း .. ရင်ကိုနှစ်၍ .. ဆွဲခဲ့သည့် ပန်းချီပေမို့ .. ငွေဝန်း
အလှ .. ငွေဝန်း၏ အကတို့သည် .. တကယ့်ကို အသက်ဝင်
န်းနေပါသည့်အဖြစ် ..။ ပန်းချီကားထဲမှ ငွေဝန်းသာသည် ..
လျက် .. ရှေ့မှာ ရပ်ကြည့်နေသည့် သူတို့ကို တစ်ခုခုလှမ်းပြော
ာမည့်နှယ်ရှိ၏။ အကြည့်သည် .. ရွှန်းလဲ့နေလျက် ရှေ့မှာရှိ
သည့် သူတို့၏ ရင်ကို .. ညှို့ငင်ထားသည့်နှယ်ရှိ၏။ အကသည်
ောင်းနွဲ့ကြော့စင်နေလျက် .. ရှေ့မှာရှိနေသူတို့၏ ရင်ထဲမှာ ..
ကယ့်ကို လှုတစ်ယောက် .. ကနေသည့်နှယ် ခံစားနေစေ၏။

ညဘက်ဆိုလျှင် .. မောင်သည် .. တစ်ခါတစ်ခါမှာ
ိရှိ မီးအားလုံးကို ပိတ်ပစ်တတ်လျက် ..။ လသာမှန်မီးအိမ်
ေတစ်လုံးတည်းကိုသာ အိမ်လယ်နေရာမှာ ခုံငယ်လေးတစ်လုံး
ောင်လျက် ..။ ထိုမီးရောင်ဖြာဝင်နေရာ ပန်းချီကားကို ငေးကြည့်
ာတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းငယ်လေးသည် လင်းချင်းသော လျှပ်စစ်မီးရောင်အောက်မှာ ရှိနေတာ မဟုတ်သည်မို့ ..။ အိမ်လေးသည် အခန်းထောင့်နေရာတွေဘက်ဆီမှာ မှောင်ရိပ်ဝင်ချင်သည် ..။ မီးအိမ်လေးရှိရာမှာသာ အလင်းရောင်က ပို၍ လင်းလဲ့လဲ့ ရှိချေလျက် ..။ ပန်းချီကားဆီသို့လည်း ထိုးဖြာ၏။ ထိုအခါမျိုးမှာ မောင်သည် ငွေဝန်း၏ ပန်းချီကားကို ငေးကြည့်နေတတ်လျက် ..

"သေချာကြည့် .. မောင့်လုံမဟာ .. အဲဒီပန်းချီကားထဲက လှုပ်ရှားထွက်လာတော့မယ့်အတိုင်းပဲ ရှိနေတယ် .. သေချာကြည့်"

ဟု စိတ်လှုပ်ရှားစွာ ပြောတတ်သည်။ တကယ်လည်း ငွေဝန်း ကြည့်မိသည်ပါပဲ ..။ ဟုတ်သည်။ မှောင်ရိပ်ရိပ် ညှော်ခန်းဆောင်ငယ်လေးဆီမှာ မီးရောင်လဲ့လဲ့ဝင်ဖြာနေသည့် ထိုနေရာလေးသည် .. အားလုံးထဲမှာ .. ထင်းထင်းလေး ရှိနေလျက် ..။

ပန်းချီကားသည် .. ကြည့်နေသူတို့၏ ရင်ကို ညှို့ငင်ထားသည့်နှယ် ရှိစေ၏။ ငွေဝန်း၏ မင်းသမီးပုံရိပ်လေးသည် မျက်ဝန်းဆီမှလည်း စကားပြောနေသည်။ နှုတ်ခမ်းဆီမှလည်းစကားပြောသည်။ လက်လေးတွေဆီမှလည်း လှုပ်ခတ်၍ ကကြိုးပြောင်းလိုက်တော့မည့်နှယ် လက်ဖျားလေးတွေက .. တကယ့်ကိုအသက်ဝင်နေသည်။ ထိုပန်းချီကားထဲမှ ငွေဝန်းသာသည် ..ပန်းချီကားတွင်းဆီမှ ရုန်းကြွထွက်ခွာလာတော့မည့်နှယ်ကို ရှိနေပါသည့်အဖြစ် ..။

မောင် ပြောသမျှ ငွေဝန်း ငေးကြည့်ရင်း .. ကိုယ့်ပန်းချီကားကို ကြည့်ရင်းမှပင် ရင်ထဲမှာ တစ်မျိုးခံစားရလာသည် အထိပါ ..။ အခန်းထဲမှာ .. ငွေဝန်းအပြင် ငွေဝန်း၏ ကိုယ်ပွား



တစ်ခုသည် .. အသက်မဲ့ဘဝမှသည် အသက်ဝင်လာတော့မည့်နှယ် ခံစားလာလျက် .. ရင်ထဲမှာ ကြည်နူးစိတ်လည်း ဖြစ်သည်။ နောက် .. ထူးခြားသော အရာတစ်ခု၏အောက်မှာ .. စိတ်လှုပ်ရှားခြင်းမက စိတ်လှုပ်ရှားလာရသည့်နှယ်လည်း ဖြစ်သည်။

ဟုတ်သည် ..။ ထူးခြားသော အရာ ..။ တကယ်က ပန်းချီကားဆိုသည်မှာ .. အသက်ရှိသောအရာ မဟုတ်။ သက်မဲ့ ပစ္စည်းသာ ..။ ဒါပေမဲ့ .. မောင့်လက်ရာ ဤပန်းချီကားသည် .. အသက်မဲ့အရာတစ်ခု ဖြစ်မနေ ..။ ညဘက်မှာ .. လသာမှန်အိမ်မီးရောင်အောက်ဆီ၌ .. မှောင်ရိပ်ရိပ်သမ်းနေသော အခန်းထောင့်လေးတွေ ရှိနေရာ ညှော်ခန်းလေးဆီသို့ .. ပန်းချီကားတွင်းဆီမှ ရုန်းကြွထွက်ခွာလာတော့မည့်နှယ် ရှိနေပါသည့် ကိုယ့်ပန်းချီကိုကိုယ် ကြည့်၍ .. ကြည့်၍ .. ရင်တွင်းဆီမှာ .. ထူးခြားသော ခံစားချက်တစ်ခုကို ခံစားလာရပါ၏။ ညှို့ငင်မှုများ .. အုပ်မိုးအုပ်စီးထားမှုများ .. ထိုအရာများကို .. ခံစားနေရသည်ဟု ငွေဝန်းသာ ထင်ပါ၏။

ထိုခံစားမှုများကို မောင်သည် .. ငွေဝန်းသာ၏ လက်လေးကို မလွှတ်တမ်း တွေးဆုပ်၍ "ပန်းချီကားကို မမှိတ်မသုန် ငေးစိုက်ကြည့်ရင်း ခံစားတတ်သည်။ ငွေဝန်းသည်လည်း မောင်နှင့်အတူ ခံစားမိရသည်ပါပဲ ..။ ဒေါ်လေးကတော့ .. ထိုသို့ မီးအိမ်လေးထွန်း၍ ကြည့်ချိန်များမှာ .. နောက်ပိုင်းကျတော့ လိုက်၍ကို မကြည့်တော့ ..။ ကြည့်ရတာ .. ရင်ထဲမှာ တစ်မျိုးပဲ။ အဲဒီထဲကလူ ဆင်းလာတော့မလိုပဲ .. ရင်ထဲ .. ကျပ်ခဲနေသည် ဟု ပြောကာ .. ဝရန်တာနေရာလေးမှာပဲဖြစ်ဖြစ် ..။ အိပ်ရာဝင်၍

www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် ..။ ရှောင်သွားတတ်ပါ၏။ ထိုခါများမှာ .. မောင်သည် ဒေါ်လေးကို ကြည့်၍ .. ရယ်မောတတ်ပါ၏။

"အဲဒါ .. ပန်းချီပညာရဲ့ .. နက်ရှိုင်းတဲ့ ညှို့ငင်နိုင်မှုပဲ .. လွှမ်းမိုးနိုင်မှုပဲ လုံမရဲ့ .."

ဟု ပြောတတ်ပါ၏။

ဪ .. ခုတော့ .. ပန်းချီဆရာ မောင်သည် .. မောင် မြတ်နိုးသော ပန်းချီကားများ .. မောင့် မျှော်လင့်ရာ ပန်းချီကားများဖြင့် .. စိတ်လက်ပင်ပန်းစွာ ပြန်လာနေချေပြီလား မသိ။ မောင် အပြန် မိုးချုပ်လျက် ..။ ရေမိုးချိုးလျှင် ရေအေးနှ မချိုးစေချင်သည်မို့ ရေနွေးတစ်အိုး တည်ထားသည်မို့ မီးဖို ထင်းလေး ပြန်ဖြည့်ထည့်မိသည်က ငွေဝန်းပါ။ ရေမိုးချိုးပြီးတ နှင့် မောင် ထမင်းပူပူ ဟင်းပူပူ စားနိုင်ဖို့လည်း အားလုံ အသင့် ..။ ဘောဘက်မီးဖိုလေးဆီမှာ ဟင်းချိုအိုးလေးသည် မီ အေးအေးဖြင့် အငွေ့တဆူဆူ ရှိနေသည်။

ထိုအခိုက် .. အိမ်ရှေ့ခြံတံခါးဖွင့်သံ ကြားသည်။ ငွေဝန်းသာ ခပ်သုတ်သုတ် ထွက်လာမိရသည်။ မျက်နှာလေး လည်း ပြုံးချိုနေစေဖို့ ဂရုထားရပါ၏။ မောင့် ပြန်အလာကို စိ ပျက်လက်ပျက်ဖြင့် စိတ်မပါလက်မပါ စောင့်နေသည့် အိမ်ရှင် တစ်ယောက်အဖြစ် မောင့်စိတ်ထဲ ထင်သွားမှာကို ငွေဝန်းသ စိုးရိမ်သည်လေ ..။

မောင် ခြေလှမ်းသုတ်သုတ်ဖြင့် လှေကားထစ်တွေ ဖြတ်နင်းတက်လာနေတာကို .. အိမ်တံခါးမှအထွက်မှာ ငွေဝ ဆုံသည်။ မောင့် လက်ထဲမှာ အထုပ်အပိုးတချို့ ပါလာသည်



"မောင် .. ပန်းချီကားတစ်ချပ် ရောင်းလိုက်ရတယ် လုံမရဲ့ .. မောင် .. မြရိပ်ငြိမ် ရက်စ်တောရင့်မှာ .. မောင့် ပန်းချီကားကို သွားပြတော့ .. ဆိုင်ရှင်က .. သူ့ဆိုင်မှာ ချိတ်ဖို့ဆိုပြီး .. ပန်းချီကားတစ်ချပ် ဝယ်လိုက်တယ် .. မောင် ပြောကြည့်တယ်လေ .. မောင့် ပန်းချီကားတချို့ ကို .. ဆိုင်မှာ .. ချိတ်ပြပြီး .. ရောင်းကြည့်ပါလားလို့ .. သူကလဲ နည်းနည်းစိတ်ဝင်စားပုံရတယ် .. ဦးဇေယျတဲ့၊ နာမည်က .. သူက .. မောင့်ကို ငွေခြောက်ထောင် ပေး လိုက်တယ် .. သူ ဝယ်လိုက်တဲ့ ပန်းချီကားအတွက် လေ .."

ဟု ဝမ်းသာအားရ ပြောရှာပါ၏။ လက်ထဲမှာ ပါလာသည့် အထုပ်တွေကို ကမ်းပေးသည်။

"မောင် .. ဘဲကင် တစ်စိပ်ဝယ်လာတယ် ငွေဝန်း .. ပြီးတော့ .. ကြက်ကြွပ်ကြော်လေးလဲ ဝယ်လာတယ်၊ ဒါက .. ကျန်တဲ့ ပိုက်ဆံ .. ဒေါ်လေးကို အပ်လိုက်နော်၊ ဒေါ်လေး .. ဈေးသုံးအတွက် .. ဆိုင်ထဲက ဉစ္စာတွေ ယူယူ လာရတာ .. များလှပြီ .."

ဟု အသံတွေ တုန်လျက် မောင် ပြောရှာသည်။ ငွေဝန်းသာ မောင့်ကို မော့ခနဲ ကြည့်မိရင်း ရင်ထဲမှာ ထိန်းမရ ချင် ..။ ဝမ်းနည်းရှိန်က .. ရင်ထဲမှာ ဆို့နေသည်။

လက်ထဲမှာ ရှိနေသည့် ငွေသည် သုံးထောင်ကျော် လျော့ပဲ ရှိတော့သည်။ ထိုငွေကို အပ်ခွင့်ရ၍ မောင့်ခမျာ ကျေနပ်ရည်ဝဲအောင် ဝမ်းသာနေရှာပါ၏။ တကယ်တ .. ဤငွေ

www.burmeseclassic.com

www.burmeseclassic.com



လောက်ကတော့ .. နွေဦးမွန်၏ အရှင်သခင်အဖြစ် ရှိခဲ့ပါသည် မောင်သည် .. စာရင်းထဲပင် ထားစရာမရှိ ..။ အရမ်းကို ချမ်းသာသော မောင်သည် .. ခု .. ငွေသုံးထောင်ကို ငွေဝန်း လက်ထဲ အပ်ခွင့်ရ၍ .. မျက်ရည်ဝဲအောင် ဝမ်းသာနေရှာသည်တကား။ ငွေဝန်း ရင်ထဲမှာ ဆို့နေသည်။ မြရိပ်ငြိမ်တွင် မောင်သည် အဘယ်မျှထိ မျက်နှာလေး အောက်ကျို့၍ .. ပန်းချီကားကို ရောင်းခဲ့ရှာပါလိမ့် ..။ ပန်းချီတွေ အပ်နှံခဲ့ရှာပါလိမ့် ..။ မောင်သည် .. ယူသွားသည့် ပန်းချီကားများထဲမှ တစ်ခုကို ရောင်းခဲ့ရပြီး ကျန်တာတွေကို .. ထို .. ဦးဖေယျဆိုသူထံ .. သိမ်ငယ်ညှိုးဖျော့စွာ အပ်နှံခဲ့ချေမည်။ အစမ်းသဘောမျိုးဖြင့် တင်၍ ရောင်းကြည့်ပေးပါ .. ဟု ပြောခဲ့ရှာချေမည်။ နွေဦးမွန်၏ အရှင်သခင်တစ်ယောက်အဖြစ် မောင် နေခဲ့ရသည်က .. တော်ဝင်မင်းသားလေး တစ်ပါးနှယ် အရှိန်ဩဇာကြီးကြီးဖြင့် ကြွယ်ပိုးကြွယ်ဝနှင့် နေရခြင်းပါ ..။ မောင် အုပ်ချုပ်ခဲ့သော .. မောင်၏ နွေဦးမွန် ဟိုတယ်ဆိုတာကြီးသည် .. ထိုမြရိပ်ငြိမ်တည်းဟူသော ရက်စ်ဆော ရင့်တစ်ခုနှင့် တခြားစီ ရှိနေချေသည်သာ ..။ ခု မောင်သည် ထိုရက်စ်တောရင့် တစ်ခု၏ အရှင်သခင်တစ်ယောက်ထံမှာ .. မောင့်ပန်းချီကားတွေကို .. သိမ်ငယ်ညှိုးဖျော့စွာ ခယယ .. အပ်နှံခဲ့ရှာချေသည် တကား ..။

ငွေဝန်းသာ .. ကိုယ်လေး ငိုက်ကျသွားရကာ .. မောင့်ပခုံးပေါ် လက်ဖဝါးလေးတွေ ဖေးတင်မိရရင်းမှ မချိ ကဲဖြင့် ..

"မောင်ရယ် .."



ဟု .. ထိန်းသိမ်းမရနိုင်တော့ပြီဖြစ်သည့် မျက်ရည်များကို သွန်ချခေါင်ငင်လိုက်မိရပါပြီတည်း ..။ မောင် တစ်ချက်ငြိမ်ကျသွားသည်။ ငွေဝန်း ဘာတွေ ခံစားနေသည်ဆိုတာကိုသည်း ရိပ်မိလိုက်ပုံရသည်။

ငွေဝန်း၏ ကိုယ်လေးကို ထွေးပိုက်၍ ..

"ပန်းချီဆရာတစ်ယောက်ရဲ့ မိန်းမဟာ .. ဆင်းရဲတဲ့ ဘဝတစ်ခုကိုလဲ ရင်ဆိုင်ရဲသလို .. ပန်းချီဆရာတစ်ယောက်ဟာလဲ .. အိမ်ထောင်ရှင် တစ်ယောက်ရဲ့ တန်ဖိုးကို .. သိလဲသိ .. ကိုယ့်အိမ်ထောင်ရဲ့ တာဝန်ကိုလဲ .. ထမ်းလဲ ထမ်းနိုင်တဲ့သူတစ်ယောက် ဖြစ်နေကြတာချည်းပါပဲ .. အဲဒီကနေပြီး .. ကမ္ဘာကျော် ပန်းချီဆရာကြီးတွေ ဖြစ်လာကြတာ မိန်းမရဲ့ .. မောင်က .. ကမ္ဘာကျော်ပန်းချီဆရာလောင်းလေ .. ကဲ .. မျက်ရည်သုတ် .. မောင် ဝယ်လာတဲ့ အစားအစာတွေကို .. ပြင်လိုက်တော့ .. မောင် .. ရေမြန်မြန်ချိုးမယ် .. ပြီးရင် .. ထမင်းစားမယ် .. ဆာလှပြီ မောင့်လုံမရဲ့ .."

ဟု ပြောရှာပါ၏။ တကယ်လည်း မောင် ..
...း်ကို မီးဖိုဆောင်လေးအထိ ဆွဲခေါ်လာသည်။ ငွေဝန်း ...း်ကတန်းလေး ကြောင်အိမ်ငယ်လေးထဲ ဘဲကင်နှင့် ကြက် ...ကြော်အထုပ်လေးကိုထည့် ..။ မောင့်အတွက် ရေချိုးပလတ် ...ပုံးထဲမှာ ရေနွေးပြေးစပ် ..။ မောင် ရေချိုးဖို့ ရေလဲပုဆိုး ... ယူပေးထားပေးပြီးမှ .. ထမင်းပွဲပြင်သည်။ ငွေဝန်း ...း်ပွဲပြင်ပြီးချိန်မှာ ဒေါ်လေးကို နောက်ဖေးလှေကားမှ တက်

www.burmeseclassic.com

www.burmeseclassic.com



လာတာကို မြင်သည်။ လက်ထဲမှာ အထုပ်လေးတစ်ထုပ် ပါလ
၏။ ရေမိုးချိုးပြီး ဒေါ်လေးလည်း ရွာလယ်ဘက်ဆီမှ တို့ဟူး
လေး သွားဝယ်လာခဲ့သည်တကား ..။

"ဒေါ်လေး .. မောင့် ပန်းချီကားတစ်ချပ် ရောင်းရတယ်
ကျန်တာလဲ ရောင်းဖို့ ချန်ထားခဲ့တယ်တဲ့ .. ဒီမှာ ဘဲ
တစ်စိပ်ရယ် .. ကြက်ကြွပ်ကြော်လေးရယ်လဲ ဒေါ်လေး
စားရအောင် ဝယ်လာတယ် .. ဒါက .. ဒေါ်လေး
အပ်ပါတဲ့ .. မောင် ပေးထားတာ .."

ဟု ဝမ်းသာစွာဖြင့် ငွေဝန်းသာ ပိုက်ဆံလေး
ပေးတော့ ဒေါ်လေး မျက်ရည်လည်လျက် ငေးစိုက်ကြည့်ရှာပါ
ပိုက်ဆံယူဖို့ ဒေါ်လေး ခေါင်းယမ်းခိုက် ..

"ယူပါ ဒေါ်လေးရယ် .. ဒေါ်လေး ဝယ်ခြမ်းလာတာ
ဆိုင်က သယ်လာတာတွေ များလှပေါ့ဥစ္စာ .. မောင် စိ
ကောင်းအောင် .. ပျော်အောင် လက်ခံလိုက်ပါ ဒေါ်လေး
ရယ် .."

အတင်း ပိုက်ဆံလေးထည့်ပေးပြီး ငွေဝန်း သုတ်သ
အိပ်ခန်းလေးဆီသို့ ထွက်ခဲ့မိရပါ၏။ ဒေါ်လေးမှာ ပိုက်ဆံ
ကိုင်လျက် ငိုင်ကျန်ခဲ့ရှာသည်။ ဒေါ်လေးကိုယ်တိုင်လည်း မော
အတွက် .. ကရုဏာဖြစ်ရ .. စိတ်ထဲ သနားရနှင့် ကျန်ခဲ့
သေချာသည့်အဖြစ် ..။ ဒေါ်လေး မျက်ရည်ကျကျန်ခဲ့သ
မဟုတ်ပါလား ..။ ဒေါ်လေး ဘေးမှာ ရပ်နေလျှင် .. ဒေါ်လေး
ပိုက်ဆံကို အတင်းပြန်ပေးနေမှာမို့ ခြေလှမ်းသွက်သွက်ဖြင့် အိပ်
ဆီသို့ ထွက်ခဲ့ရခြင်းပါ ..။



မောင့်အတွက် အဝတ်အစားလေးတွေ ငွေဝန်း
သုတ်မိရပါ၏။ မောင် ရေချိုးပြီး .. ပြန်ဝတ်ဖို့ အတွက်ပါ ..။
ထိုအခိုက် အကြည့်သည် အိပ်ရာလေးထက်မှာ ရှိနေသည့် လွယ်
အိတ်လေးဆီသို့ ရောက်သည်။ မောင် လွယ်သွားသော လွယ်အိတ်
လေး ..။ လွယ်အိတ်ထဲမှ တစ်စွန်းတစ်စ ထွက်နေသည်က
သတင်းစာတစ်စောင် ..။

ငွေဝန်း မောင့်ကို စောင့်ရင်းဖြင့် .. သတင်းစာကို
ယူဖတ်လိုက်မိရပါ၏။ အကြည့်သည် တစ်နေရာအရောက်မှာ
တန့်နေသည်။ မျက်ရည်စတို့ စုလာနေပြီဆိုတာကို ငွေဝန်း
သိနေသည်။ မောင့်ကို သနားစိတ်ဖြင့် .. ရင်ထဲမှာ မွန်းကျပ်
နေရပါသည့်အဖြစ် ..။

"မောင်ရယ် .. ဒီသတင်းကို မောင် ဖတ်ခဲ့ပြီးပြီ ဆိုတာ
ငွေဝန်း သိတယ်၊ မောင် ဘယ်အထိ ခံစားရမယ်ဆိုတာ
ငွေဝန်း သိနေပါတယ် မောင်ရယ် .. ဒါနဲ့တောင်မှ ..
မောင် .. ငွေဝန်းတို့အတွက် စားစရာ သောက်စရာ ဝယ်
လာရှာတယ် .. ပျော်ရွှင်သလို .. နေပြရှာတယ်နော်"

ဟု တွေးရင်းမှ .. မောင့်ကို သနားရလွန်း၍ ..
မျက်ရည်ကျလာရပါပြီတည်း ..။ သတင်းစာထဲမှာ .. မောင့်ကို
မွေးသည့် မိဘများက အမွေပြတ် အဖြစ် ကြေညာထားချေသည်
တကား။

ခြေသံကြား၍ ငွေဝန်း ကြည့်မိတော့ မောင် ..။
အိပ်ခန်းတံခါးအဝင်ဝမှာ မောင် ရပ်နေသည်။
အပြာနုရောင် ခန်းဆီးသည် မောင့်ပခုံးထက်မှာ ငြိနေ၏။ မောင့်

www.burmeseclassic.com



အကြည့်တွေက ငွေဝန်းထံမှာ တန့်နေသည်။ မောင့် မျက်နှာ
ဆံစတို့မှာ ရေစက်တို့ တင်နေ၏။

မောင့်အကြည့်သည် .. ငွေဝန်းထံမှာ မမှိတ်မသု
တန့်နေဆဲ ..။

နောက်တော့ .. တဘက်ဖြင့် စိုနေသည့် ဆံစတို့
မောင် သုတ်လျက် ဝင်လာသည်။ ငွေဝန်း အေးမှာ မော
ထိုင်၏။ ငွေဝန်း၏ လက်လေးတွေ ခုထိ ကိုင်ထားဆဲ သတင်း
ကိုလည်း မောင် ကြည့်သည်။

"ငွေဝန်း သိသင့်တယ်ထင်လို့ .. မောင် .. ဒီသတင်းစာ
ယူလာတာ .. တစ်နေ့မှာ .. မောင့်မိဘများရဲ့ .. အ
ပြုတ်ကြော်ငြာတစ်ခုဟာ .. မလွဲမသွေ .. သတင်းစာထဲ
ပါလာမယ်ဆိုတာ မောင် ကြိုသိထားတယ် .. နားလည်
ထားတယ်လေ .. ဒါကြောင့်လဲ .. အမြဲ .. သတင်းစာ
မောင် ဖတ်နေခဲ့တာ .. ဒီနေ့တော့ .. ပါလာခဲ့ပြီ .. ဒ
ငိုစရာလား ငွေဝန်းရယ် .. မောင့်ကို သနားလို့ ငိုတ
ဆိုတာ မောင် နားလည်ပါတယ် .. ငွေဝန်းနဲ့ မောင့်အ
မှာ .. အဲဒီအမွေအနှစ်ဆိုတာ ဘာမှ အရေးမကြီးဘူး
တာ မောင်တို့ သိနေကြတာပဲ .. မောင် ချစ်တဲ့ ငွေ
ဟာ .. မောင့်ဘဝမှာ အရေးအကြီးဆုံး ဖြစ်သလို .. မော
ဟာလဲ .. ငွေဝန်းအတွက် .. အရေးအကြီးဆုံး ဖြစ်
တာပဲ မဟုတ်လား .. ဒါ .. ဘယ်အရာနဲ့မှ အလဲအလှ
လုပ်လို့မရတဲ့ အရာပဲ ငွေဝန်း .. မောင်တို့နှစ်ယောက်
တစ်ယောက်နဲ့တစ်ယောက် .. ဘယ်လိုမှ ခွဲခွာလို့မရကြ



သူတွေ .. ခွဲခွာပြီးအသက်ရှင်ရပ်တည်နိုင်ကြမှာ မဟုတ်တဲ့
သူတွေ .. ဒါကို သိနေကြတာပဲ .. သိထားကြတာပဲ ..
မငိုရဘူး .. မောင့်လုံမ .. ကဲ .. မျက်ရည်သုတ် .. သတင်း
စာကို သိမ်းထား .. မောင်တို့ ထမင်းစားကြရအောင် .."

ဟု မောင်ပြောသည်။ ငွေဝန်း၏ နဖူးပြင်လေးကို
မောင် နမ်းသည်။ မျက်ရည်သုတ်ပေးနေပါသည့် မောင့် လက်ကို
ခနဲ ဆွဲဆုပ်ယူ၍ မောင့် လက်ဖမိုးပေါ်မှာ မျက်နှာကို အပ်
ထားမိရင်းမှ .. မျက်ရည်သာ ငွေဝန်း တွင်တွင်ကျနေမိရပါပြီ
သည်း ..။

ရင်ထဲမှာ .. မောင့်ကို သနားနေတာပဲ ရှိနေသည်။
ပြီးတော့ .. မောင့်ကို ချစ်နေတာတွေပဲ သိနေရပါ
သည်ကောလေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

မောင် မျှော်လင့်ထားသလို လက်တွေ့မှာ ဖြစ်မလာ နိုင်သေးဘဲ ရှိနေသည့် ကာလများသည် ကြာရှည်စပြုလာခဲ့ပြီမို့ .. မောင် မျက်နှာထက်မှာ ထင်းထင်းပပ ထင်ဟပ်ခဲ့ဖူးသော မျှော် လင့်ချက်ရောင်ခြည်မျှင်တို့သည် တစ်စတစ်စ လျော့ပါးစပြုလာနေ ကြတာကို ငွေဝန်းသာ မြင်နေရပါ၏။ ရင်ထဲတွင် မောင့်ကို သနားစိတ်ဖြင့် မွန်းကျပ်နေကြပေမယ့် .. ထိုခံစားမှုတွေကို ငွေဝန်း၏ မျက်နှာထက်မှာ မထင်ဟပ်စေအောင် အမြဲ ဂရုထား ရသည်ကလည်း ငွေဝန်းသာပါ ..။

မျက်နှာမလန်းဘဲ မောင် ခေါင်းငိုက်စိုက်ချ၍ ခြေလှမ်းလေးလေးဖြင့် မောင် အိမ်ပြန်လာလျှင် ..။ ငွေဝန်းသာ အရွှင်လန်းဆုံး ပြုံးလျက် မောင့်ကို ခြံဝလေးမှာ ကြိုလိုက်စမြဲပါ။

ညနေစောင်းတွေမှာ မောင် ပြန်လာချိန်ဖြစ်ချေသည် မို့ .. လှလှပပလေးလည်း သနပ်ခါးလေးဖုံနေအောင် လူးကာ မောင့်ကို ကြိုလိုက်နိုင်ဖို့ .. စောစောရေချိုး .. သနပ်ခါးလေးလူး သပ်သပ်ရပ်ရပ်လေး ဝတ်စားလိုက်ရသည်ကလည်း ငွေဝန်းသာပါ။



တစ်လနေမှ ပန်းချီကားတစ်ကား .. နှစ်ကားမျှ ...ကာသာ မောင် ရောင်းနိုင်ခဲ့သည်။ ကင်းဗတ်ဖျင်၊ ပန်းချီဆေး ...၏ ဈေးနှုန်းဆိုတော့ .. မောင် ပန်းချီကားတစ်ချပ်ကို ခြောက် ...င်ခုနစ်ထောင်မျှဖြင့် ရောင်းနေရခြင်းသည် အိမ်ထောင်တစ်ခု ...တွက် ရပ်တည်စေနိုင်လောက်သည့် ဝင်ငွေတစ်ခုအဖြစ် ဖြစ်တည် ...င်စွမ်း မရှိသာ ..။ ဒေါ်လေး၏ အိမ်ဆိုင်လေးဆီမှ ဝင်ငွေ ...များသည် အိမ်စရိတ်တွေအတွက် ဖြစ်ခြင်းမက ဖြစ်ဖြစ်လာ ...ာကိုလည်း မောင် ရှက်နေရှာသည်ပါပဲ ..။

မောင့်ခံစားချက်ကို ငွေဝန်းရော ဒေါ်လေးရော ...ကြပါ၏။ ဒါကြောင့်လည်း မောင့်ကို အနေမခက်အောင် .. ...တ်မကျအောင် တချစ်တခင် ဆက်ဆံကြ .. မောင့်ကို ...ပ်တကြည့်ကြည့်နေပြကြနှင့် ရှိနေကြပါသည့်အဖြစ် ..။ ထိုသို့ ... .. မောင့်ခမျာ အနေရခက် .. အားနာရနှင့် ဖြစ်ရရှာလေပါ ..။

ဤနေ့မှာလည်း မောင့် ခြေလှမ်းတွေသည် ...နှေးနှေး ဖြစ်နေသည်မို့ ခြံဝလေးမှာ သနပ်ခါးလေးဖုံနေအောင် ...ားရင်း စံပယ်လေးတွေ ဝေနေအောင် ပန်ထားလျက် ...င့်နေရပါသည့် ငွေဝန်းမှာ မောင့်ထံ ခြေလှမ်းသွက်သွက်ဖြင့် ...က်လာရ ..။ မောင့်ပခုံးထက်မှ လွယ်အိတ်လေးကို ယူ၍ ...ယ်လိုက်ရပါပြီ ..။ မောင် .. ငွေဝန်းကို ငုံကြည့်ကာ မျက်ဝန်း ...မှိတ်လိုက်သည်။ နောက်တော့ သက်ပြင်းတစ်ချက် ရှိုက်လိုက် ... မျက်ဝန်းတွေကို ပြန်ဖွင့်ရှာပါ၏။ မောင် အရှုံး... ...ောကိုယ်မော ဖြစ်နေရှာချေသည်ပဲဟု ငွေဝန်း သိနေသည်

www.burmeseclassic.com

www.burmeseclassic.com



"ငွေဝန်းတို့ ဒီညနေလေးမှာ အိမ်ထဲ အရင်မဝင်ကြသေးဘဲ ဟိုးဘက်က မြေလမ်းလေးအတိုင်း လျှောက်လိုက်ကြရအောင်လား မောင် .."

ဟု ပြောတော့ မောင် ဇက်ချိုးသလို လုပ်လိုက်ရင်းမှ ငွေဝန်းကို ကြည့်သည်။

"ကောင်းသားပဲ ငွေဝန်း .. မောင်လဲ အိမ်ထဲကို မဝင်ချင်သလိုကြီး ဖြစ်နေတယ်ကွယ် .."

ဟု ပြောရှာ၏။ အိမ်ထဲရောက်လျှင် ထုံးစံအတိုင်း ကြမ်းပြင်မှာ ခြေပစ်လက်ပစ် ထိုင်ချ။ နံရံကို ကျောမှီလိုက်လျှင် မျက်ဝန်းတွေကို စုံမှိတ်ချရင်း အရမ်းကို ငြိမ်သက်စွာ ရှိနေလျက်။ ငွေဝန်း ယူလာပေးသော ရေအေးအေးတစ်ခွက်ကိုသောက် .. ခဏနား ..။ ပြီးလျှင် ငွေဝန်း ဖျော်တိုက်သည့် ရယ်ဒီမိတ်ကော်ဖီ တစ်ခွက်ကို သောက်။ ရေချိုး ..။ ထိုသို့ စက်ရုပ်တစ်ရုပ်နှယ် မောင် ရှိနေရလေသမျှ .. ညနေ့မှာတော့ ထိုအဖြစ်ကို မောင် ခံနိုင်ရည်ပင် ရှိဟန်မတူ ..။ အိမ်ထဲ မဝင်သေးဘဲ သစ်ရိပ်လေးများ တစ်ဖက်စီ ရံထားသော မြေလမ်းလေးအတိုင်း လမ်းဆက်လျှောက် လိုက်ဖို့ ခေါင်းညိတ်လိုက်ရှာဟန်တူပါ၏။

"ဒါဆို .. ခဏနော် မောင် .. ငွေဝန်း ခဏလေး အိမ်ပေါ် တက်လိုက်မယ် .."

ဟု ပြောကာ မောင့် လွယ်အိတ်လေးလွယ်လျက်ဖြင့် အိမ်ပေါ် သုတ်သုတ်ပြေးတက် ..။ မီးဖိုဆောင်လေးမှာ အသင့်ပြင်ထားပြီး ဖြစ်ပါသည့် ဆွဲခြင်းလေးကို သုတ်သုတ်ယူ။



မောင့်လွယ်အိတ်လေးကို အိပ်ခန်းခုတင်ဘေးစားပွဲငယ်လေးပေါ် တင်ခဲ့ကာ .. အောက်ပြန်ဆင်းလာမိရပါပြီ ..။ အိမ်တံခါးလေးကို တော့ စေ့ပိတ်ထားခဲ့ပါ၏။ ဆွဲခြင်းလေးဖြင့် ငွေဝန်း ပြန်ထွက်လာတာကို မောင် မြင်သည်ပါပဲ။ ဒါပေမဲ့ .. ဘာမျှကို မမေး ..။ သွားရင်း လာရင်း တစ်နေရာရာကိုများ ဝင်ချေမည်ဟု မောင် ထင်ချေသည်လား မသိ ..။ ငွေဝန်းကလည်း ဆွဲခြင်းလေးကို မောင့်ဘက်မှာ မထားဘဲ ဘယ်လက်လေးဖြင့် ဆွဲလာပါ၏။ ဘယ်တော့မဆို ငွေဝန်း မောင်နှင့် ယှဉ်လျှောက်လျှင် မောင့်ကို ငွေဝန်း၏ ညာဘက်မှာပဲ့ထား၍ လျှောက်တတ်သည်သာ ..။ ဘမာပင်နှင့် မယ်ဇလီပင်တန်းလေးတွေ ရံထားသော မြေနီလမ်းလေးအတိုင်း မောင်နှင့်အတူ ငွေဝန်း လျှောက်လာရင်း ငုံကြည့်တော့လည်း မောင်သည် အရမ်းကို ငြိမ်သက်လျှောက်နေတာကိုပဲ မြင်နေရပါသည့်အဖြစ် ..။ မောင့်နဖူးပြင်ပေါ်မှာ ဆံစများ ဝဲပြို ကျနေသည်။ တစ်ခုခုကို တွေးနေမှန်းလည်း သိသာသည်။

"မောင် .. ငွေဝန်းကို တိုင်ပင်စရာရှိတယ် .."

မောင်ပြောတော့ ငွေဝန်း မော့ခနဲ ကြည့်မိရပါ၏။ မောင့် မျက်နှာ သိပ်မလန်း ..။ စိတ်မချမ်းမသာ ဖြစ်နေမှန်း သိသာနေပါသည့်အဖြစ် ..။ မောင့်လက်ကို ငွေဝန်း ခပ်ဖွဖွ ဆုပ်လိုက်ပါ၏။ မောင် ပြောတာကို နားထောင်မည်ဆိုသည့်သဘော ..။

"ဒါဖြင့် .. ဟိုဘက်ကို လျှောက်လိုက်ကြရအောင်လား မောင် .. အဲဒီ စားကျက်ခင်းက လူသွားလမ်းလေးအတိုင်း ဆက်သွားလိုက်ရင် .. ဟိုဘက်မှာ ကုက္ကိုပင်ကြီးရှိတယ် မောင် .. အဲဒီမှာ ခဏနားကြတာပေါ့ .."

www.burmeseclassic.com



ဟု ပြောကာ နွားစားကျက်ခင်းလေးမှာ ရှိသည့် လူသွားလမ်းလေးအတိုင်း ငွေဝန်း လျှောက်တော့ မောင် အားမှ လိုက်လာသည်။ မြေနီမျဉ်းကြောင်းသဖွယ် ရှိနေသည့် လူသွားလမ်းလေးသည် မျဉ်းဖြောင့်တစ်ကြောင်းနှယ် မဟုတ် ..။ တွန့်ကွေးခွေဝိုက်နေသော မျဉ်းနီကြောင်းလေး ဖြစ်နေသည်။ ညနေခင်းမှာ စိမ်းမြသော မြက်ခင်းတွင်းဆီမှ ထိုမြေနီလူသွားလမ်းလေးအတိုင်း လျှောက်နေရသည်ကိုက .. လှပသော ပန်းချီကားကြီးတစ်ချပ်တွင်းမှာ လျှောက်နေရသည့်နှယ်ပါ ..။

"မောင် .. ဗလနဲ့ တွေ့တယ် .. မောင် ဖုန်းဆက်ခေါ်တာ .. မောင့်ပန်းချီကားတွေ အပ်ပြီး ရောင်းခိုင်းတဲ့ မြရိပ်ငြိမ်ရက်စ်တောရင့်ကပဲ ဆက်လိုက်တာ .. ဗလ ရောက်လာတယ် .."

မောင် ပြောပြီး တစ်ချက် ငွေဝန်းကို ငဲ့ကြည့်သည်။ ငေးကြည့်နေသည့် ငွေဝန်း၏ မျက်နက်ဝန်းလေးတွေကို တုံ့ပြန်ငေးစိုက်ကြည့်ရင်းမှ ငွေဝန်း၏ လက်လေးကို ပို၍ တင်းနေအောင် ဆွဲဆုပ်လာပါ၏။

"မောင် သိတယ် ငွေဝန်း .. ခု .. မောင် ပြောပြတာကို ကြားလိုက်ရချိန်မှာ ငွေဝန်း ဘာကို တွေးလိုက်မယ်ဆိုတာ မောင် သိတယ် .. အရှမ်းကို ကျပ်တည်းလာနေတဲ့ မောင်ဟာ .. ဖေဖေနဲ့ မေမေ့ဆီကို ပြန်ချဉ်းကပ်ချင်လို့ .. ကြားလူအဖြစ် ဗလကို ဆက်သွယ်လိုက်တယ်လို့ ငွေဝန်း တွေးနေတယ် မဟုတ်လား .."

ငွေဝန်း ပြန်မဖြေ ..။ မောင့်ကို အတန်ကြာမျှ မော့ကြည့်နေမိသဲ ..။ နောက်တော့ မောင့်ကို သနားစိတ်ဖြင့်



မျက်ရည်လည်တက်ရင်းမှ .. ဖျတ်ခနဲ ခေါင်းလေး ငုံ့ချလိုက်တော့ မောင် လမ်းဆက်မလျှောက်တော့ဘဲ ရပ်ပစ်လိုက်သည်။ တစ်ခုခုကို မောင် အရေးတကြီး ပြောတော့မည်ဆိုတာ ငွေဝန်း သိနေသည်။ ဒါပေမဲ့ ငွေဝန်း ခေါင်းလေး ခါလိုက်ကာ ..

"ဟင့်အင်း .. မောင် မပြောသေးပါနဲ့ဦး .. ငွေဝန်း သိနေတာကို ငွေဝန်း အရင်ပြောပါရစေ မောင်ရယ် .. ခု .. ငွေဝန်း မျက်ရည်ကျနေတာဟာ .. မောင် .. မောင့်မိဘတွေဆီကို ပြန်သွားတော့မှာပဲ ဆိုပြီး မျက်ရည်ကျတာမျိုး မဟုတ်ဘူး မောင်ရယ် .. မောင် .. မောင့်မိဘတွေဆီကို ဆက်သွယ်မှာ မဟုတ်ဘူးဆိုတာ ငွေဝန်း သိနေပါတယ် မောင် .. ငွေဝန်းကို ချစ်လွန်းလို့ လက်ထပ်ထားတဲ့ မောင့်ကို .. ငွေဝန်း သိနေပါတယ် မောင်ရယ် .. ခု .. မျက်ရည်ကျတာက .. မောင့်ကို သနားလွန်းလို့ပါ .. မောင် .. ကိုဗလဆီက .. အလုပ်တစ်ခုခုများ ရနိုင်မလားလို့ အကူအညီတောင်းတာ မဟုတ်လား မောင် .. ဟင် .."

ဟု ရင်ထဲမချိနိုင်သလိုလေးဖြင့် ခေါင်းလေး တမော့မော့ဖြင့် မေးလိုက်တော့ မောင် ငိုင်ကျသွားပါပြီ ..။ ငွေဝန်း၏ မျက်ရည်ကို မောင် တယုတယ သုတ်ပေးရှာသည်။ ပခုံးလေးကို မောင် ဖေးကိုင်လိုက်ရင်းမှ ..

"ဟုတ်တယ် ငွေဝန်း .. မောင် .. အိမ်အတွက် တာဝန်မကျေနိုင်ဘဲ ဖြစ်နေတယ် .. သိပ်ကို ကြာနေပြီ .. ဒီတော့ မောင် .. မောင် .. ဗလကို ဖုန်းဆက်ခေါ်လိုက်တော့ .. ဘာလို့လဲဆိုတော့ .. မောင်တို့အိမ်ထောင်သက်က ခြောက်

www.burmeseclassic.com

www.burmeseclassic.com



လထဲ ရောက်လာပြီ .. အိမ်ထောင်ရှင်တစ်ယောက်အနေနဲ့ .. မောင် .. ပုံမှန်ဝင်ငွေတစ်ခုတော့ ရှိသင့်နေတယ်လေ .. အဲဒီအတွက် .. ဗလကို ဆက်သွယ်တာပါကွယ် .."

ဟု မောင် ပြောပြီး ငွေဝန်း၏ ဆံစလေးကို သပ်တင်ပေးသည်။ တယုတယနိုင်သော မောင့်လက်ဖဝါးများ၏ အထိအတွေ့ကို ငွေဝန်း မြတ်နိုးစွာ ခံယူလိုက်သည်ပါပဲ ..။

"တစ်ခုတော့ ကျေးဇူးတင်တယ် ငွေဝန်း .. မောင့်လုံမဟာ မောင့်အချစ်ကို အထင်မသေးတဲ့အတွက်ပါ .. မောင် .. ဗလကို ဆက်သွယ်တာဟာ .. မိဘထံ ပြန်ဖို့ မဟုတ်ဘူး ဆိုတာကို ငွေဝန်း သိနေတယ်ဆိုကတည်းက .. မောင့်အချစ်ကို ငွေဝန်း သက်ဝင်ယုံကြည်စိတ်ချထားလို့ မဟုတ်လား .."

ဟု တိုးဖွဖွ ပြောလာသည်။ နောက်တော့လည်း မောင်ရော ငွေဝန်းရော ကုက္ကိုပင်ကြီး၏ သစ်မြစ်ဆုံကြီးထက်မှာ ထိုင်ဖြစ်ကြသည်။

"ဒါပေမဲ့ .. ငွေဝန်းရယ် .. အရာရာဟာ ပြောင်းလဲတတ်နေတယ် ငွေဝန်း .. ဗလဟာ မောင့်သူငယ်ချင်းဖြစ်တယ်၊ ငွေဝန်းနဲ့ မောင်တို့ရဲ့ ချစ်ခြင်းကိုလဲ နားလည်ပေးတဲ့သူလဲ ဖြစ်ခဲ့တယ် .. မောင်နဲ့ ငွေဝန်းကို ဖေဖေနဲ့ မေမေတို့ သဘောမတူမှာကိုလဲ သိတာမို့ .. မောင်တို့ မဝေးကြရအောင် .. မောင်တို့ကို ကူညီပေးခဲ့တဲ့ သူလဲ ဖြစ်ခဲ့တယ်၊ မောင်တို့ရဲ့ လက်ထပ်စာချုပ်မှာ သူ့လက်မှတ်ပါနေတာပဲလေ .."



ဟု စိတ်ပင်ပန်းစွာ မောင် ပြောနေတော့ ငွေဝန်း ရင်ထဲ မကောင်းနိုင်တော့ .. ငွေဝန်း ရိပ်မိလာပါပြီ ..။ ရှေ့ဆက်ပြောလာမည့် မောင့်စကားများသည် စိတ်ချမ်းမြေ့ဖွယ် ရှိနိုင်တော့မည်မဟုတ် ..။ ဘာကြောင့်ဆို .. မောင်သည် မောင့်သူငယ်ချင်းတစ်ယောက်၏ အကြောင်းကို ပြောပြနေစဉ်ခိုက်မှာ ရှင်လန်းတက်ကြွမှုများ ပျောက်ဆုံးနေကြသည်မဟုတ်ပါလား ..။ ထိုခိုက်နာကျင်စွာ ပြောပြနေမှန်း မောင့်မျက်ဝန်းများဆီမှ ဆို့နင့်နာကျင်နေသော အရိပ်များ ပြည့်သိပ်နေမှုဖြင့်ပင် ငွေဝန်း ကြိုတင်သိနှင့်နေမိရပါပြီ ..။

မောင့်လက်တွေကို ငွေဝန်း တွေးဆုပ်မိစဉ်ခိုက်မှာ မောင်ကလည်း ငွေဝန်း၏ ခေါင်းလေးကို လက်ဖဝါးဖြင့် ဖေးအုပ်လိုက်ကာ မောင့်ပခုံးပေါ် ဖေးတင်မှီထားလိုက်စေပါ၏။ အရှမ်းကို စိတ်ထိခိုက်နေချိန်မှာပင် မောင့်ရင်ထဲမှာ ရှိနေသည့် ကြင်နာရိပ်များသည် ပျောက်လွင့်မသွားနိုင်ခဲ့ ..။ တယုတယနိုင်နေသော ချစ်ခြင်းများသည် သိမ်မွေ့နွေးထွေးစွာ မောင့်နှလုံးအိမ်မှာ ရှိနေဆဲ ..။ ရှိနေစေမြဲပါတကား ..။

"တစ်ခုတော့ ရှိတာပေါ့လေ .. မောင် ဖုန်းဆက်ခေါ်တော့ သူ လိုက်လာတာကိုပါ .. သူ လာမတွေ့ဘဲနေရင်လဲ မောင် ဘာတတ်နိုင်မှာလဲ .. သူ ရောက်လာတော့ .. ခေါက်ဆွဲကြော်နှစ်ပွဲ သူပဲ မှာတယ် .. မောင့်ကို တစ်ချက် အကဲခတ်သလို ကြည့်တယ် .. အဆင်ပြေ .. မပြေမေးတယ်၊ မောင်ကလဲ လိုရင်းကို ပြောလိုက်တာပါပဲ .. အလုပ်တစ်ခုခု မောင် ရနိုင်မလားပေါ့ .. သူရော မောင်ရော အင်ဂျင်နီယာ

www.burmeseclassic.com

www.burmeseclassic.com



တွေ မဟုတ်လား ... မောင်က ... ဖေဖေ့ နွေဦးမွှန် အိမ်ရာ
ဆောက်လုပ်ရေးလုပ်ငန်းနဲ့ နွေဦးမွှန်ဟိုတယ်မှာ လုပ်ကိုင်
ခဲ့တာမို့ ... အပြင်မှာ အလုပ်အကိုင်ရှာဖွေဖို့ ဆိုတာမှ မပေါ်
အစ်ခဲ့ဘဲကိုး ... ဖလ ကိုယ်တိုင်ကိုက ... မောင့်ဟိုတယ်
လုပ်ငန်းနဲ့ နွေဦးမွှန် ဆောက်လုပ်ရေး လုပ်ငန်းတွေကို
စိတ်ဝင်စားနေခဲ့တာ ... မှဖေဖေ့ နွေဦးမွှန် အိမ်ရာဆောက်လုပ်
ရေးလုပ်ငန်းမှာ မောင်နဲ့မေတ္တ အင်ဂျင်နီယာအဖြစ် လုပ်ကိုင်
ဖို့ မောင်ပဲ ဖေဖေ့ကို ပြောခဲ့ ... အလုပ်ရစေခဲ့တာလေ ...
နွေဦးမွှန်ဟိုတယ်မှာလဲ လက်ထောက်မန်နေဂျာအဖြစ် သူ
ကို မောင် ထားခဲ့တာပါ ... မောင်ကလဲ အခု သူနဲ့တွေ့တော့
ပြောပါတယ် ... ဖေဖေ သင်ပေးတဲ့ပညာနဲ့ ... ဖေဖေ့
စင်ပြိုင်လုပ်ကိုင်တာမျိုး မလုပ်ချင်ဘူးဆိုတာ ... အိမ်ရာဆောက်
လုပ်ရေးလုပ်ငန်းမျိုးတွေမှာ မောင် မလုပ်ချင်ဘူးဆိုတာ
အသိပေးထားတာပါပဲ ... မောင် တတ်ထားတဲ့ပညာနဲ့ ...
ခုခုဆိုပါတော့ ... လမ်းတံတားလို နေရာမျိုးမှာပဲဖြစ်ဖြစ်
အို ... အဆုံးစွန် ... ကျူရှင်ပြရတာမျိုးပဲဖြစ်ဖြစ် ... တစ်ခုခုပေါ့
ရနိုင်မလားပေါ့ ... စုံစမ်းပေးဖို့ ပြောတာပါ၊ မောင့်မှာ
အလုပ်ရှာဖို့ အချိန်မရတာလဲပါတယ် ... ပန်းချီဆွဲနေရတာ
ပန်းချီကား လာအပ်ရတာ ... အဲဒါတွေ ရှိတာကိုး ...
ပြီးတော့ ... မောင် ကိုယ်တိုင် အလုပ်ရှာဖို့ဆိုတာကျတော့
ဖေဖေ့ကို အားနာတယ် ... ဖေဖေ့ကို လူသိများတာ
မဟုတ်လား ... မောင့်ကိုလဲ သိကြတာပါပဲ၊ ဒါပေမဲ့ ...
ဘယ်လိုပြောမလဲ ငွေဝန်းရယ် ... မောင် ကိုယ်တိုင် အလု



လိုက်ရှာတာထက် ... ဖလက ရှာပေးတာမျိုးကျတော့ ဖေဖေ့ကို ထောက်ထားရာ ရောက်မလားလို့ပါ ...”

ဟု မောင် ပြောလာသည်။ ငွေဝန်း နားလည်ပါသည်လေ ...။ မောင့် ဖေဖေကို မောင် ထောက်ထားအားနာသည်ဆိုခြင်းက ... ဦးမြင့်မောင်ရဲ့သားက ... ငါတို့ဆီ အလုပ်လာရှာတယ် ... ဆိုတာမျိုး မဖြစ်စေချင်၍ဆိုခြင်းကိုပါ ...။ မောင် ပင်ပန်းစွာ ပင်စည်ကို ကျောမှီပစ်လိုက်ပြီး ငွေဝန်းကို အလိုက်သင့် ရင်ခွင်ထဲ မှေးမှီစေပါ၏။ မောင်သည် ပြောရမည့်စကားများကို ငွေဝန်း၏ မျက်နှာလေးကို ကြည့်၍ပင် မပြောရက်နိုင်ဘဲ ဖြစ်နေဟန်တူပါ၏။ မျက်နှာလေးကို ရင်ခွင်မှာ မှေးမှီစေကာ ငွေဝန်း၏ ခေါင်းလေးကို မေးဖျားဖြင့် ဖေးထိထားပါ၏။

“ဒါပေမဲ့ ... ဗကက ပြောတယ် ... အလုပ်ရှာတာထက် ... ဖေဖေနဲ့ မေမေ့ဆီကို ပြန်ပါလားတဲ့ ... သားတစ်ယောက်အနေနဲ့ တောင်းပန်ပါလားတဲ့ ... အဲဒီအထိတော့ ထားပါတော့လေ ... သူငယ်ချင်းပေမို့ ... ကောင်းစေချင်လို့ ပြောတယ်လို့ ...”

ပြောလက်စ ... စကားကို ခဏ မောင် ရပ်သည်။ နောက်တော့မှ စကားဆက်လာပြန်သည့်အဖြစ် ...။ မောင့် နှုတ်ခမ်းဖဝါးတွေက ငွေဝန်း၏ ပခုံးလေးထက်မှာ ဖေးတင်သိုင်းမွေ့ထားမြဲ ...။

“ဗလကပြောတယ် ... ဖေဖေရော မေမေရော အခုအချိန်အရမ်းကို စိတ်ဆိုးနေကြတုန်းပဲတဲ့ ... အထူးသဖြင့်မေမေက ပိုပြီး စိတ်ကြီးတယ်တဲ့ ... အထူးသဖြင့် ... မောင်တို့

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်တဲ့ကိစ္စမှာ ဗလ လက်မှတ်ထိုးပေးခဲ့တာကိုရော .. ဥက္ကာ လက်မှတ်ထိုးပေးခဲ့တာကိုရော .. မေမေ မသိသေးလို့ .. ဗလနဲ့ ဥက္ကာတို့ .. ခုထိ .. မောင့်ဖေဖေဆီမှာ အလုပ်မြဲနေကြရတာတဲ့ .. မေမေ သိရင် အလုပ်ပြုတ်ပြီတဲ့ .. ပြီးတော့ .. မောင်နေရာမှာ ဗလကို လောလောဆယ် .. ဖေဖေက တာဝန်ပေးထားတာတဲ့ .. ဒါကြောင့် .. ဖေဖေ့အပေါ်မှာ သူ သစ္စာရှိရမယ်တဲ့ .. မောင့်အတွက် သူ အလုပ်ရှာပေးတယ်ဆိုတာ ဖေဖေ သိရင် ဘယ်ကောင်းမလဲတဲ့ .. မေမေ သိရင်လဲ စိတ်ဆိုးမှာတဲ့ .. သူ .. မောင့်ကို သူငယ်ချင်းဆိုပြီး ချစ်ခင်လို့ .. မောင်တို့ လက်ထပ်တဲ့ကိစ္စမှာ လက်မှတ်တောင် ထိုးပေးခဲ့တာပဲတဲ့ .. ခုတော့ .. သူဆက်ပြီး .. မောင့်မိဘတွေ မကြည်ဖြူမယ့်ဥစ္စာကို .. မလုပ်ချင်တော့ဘူးတဲ့ .. အဲဒါ .. သူ့အဖြေပဲ ငွေဝန်း .."

ဟု မောင် ပြောကာ သက်ပြင်းရှိုက်သည်။ ငွေဝန်း မောင့် မျက်နှာကို မော့မကြည့်ရက် ..။ အရမ်းကို ယုံကြည်အားထားလိုက်မိပါသော မောင့်သူငယ်ချင်းအပေါ်မှာ မောင် အဘယ်မျှထိ .. အံ့ဩတုန်လှုပ်သွားခဲ့ရှာမည်ဆိုတာ ငွေဝန်း တွေးပင်မတွေးရက် ..။

"လောလောဆယ်မှာ .. ဗလဟာ .. မောင့် နေရာမှာ တာဝန် ယူထားရတယ်လေ .. သူ .. ဘယ်လောက်ထိအရေးပါတဲ့ နေရာမှာ ရပ်တည်နေတယ်ဆိုတာ ရွှေဦးမွန်အိမ်ရာလုပ်ငန်းကြီးက .. သက်သေထူနေမှာပါ .. အဲဒါကို မောင် သိပါတယ် .. မောင့်ကို .. ကူညီရင် .. သူ .. အဲဒီ



နေရာက အလုပ်ပြုတ်သွားမှာကိုလဲ စိုးရိမ်မှာပေါ့လေ .. မောင့်ကို အလုပ်ရအောင် သူ မကူညီပေးရဲဘူးဆိုတာ သူ့အလုပ်တည်မြဲရေးအတွက်ပဲဆိုတာ မောင် နားလည်တယ်၊ ဒါကြောင့် သူ့အပေါ် ဖေဖေနဲ့ မေမေ မငြိုငြင်အောင် .. မိဘဆီ ပြန်ဖို့ သူပြောတာပေါ့ .. လောလောဆယ်မှာ ငွေဝန်းကို မကျေနပ်သေးပေမယ့် .. တဖြည်းဖြည်း ကြိုးစားယူဖို့ သူက တိုက်တွန်းတယ် .. မောင် အလိမ္မာနဲ့ နေပြပြီး .. အဲဒီမှာ ကြိုးစားယူပေါ့တဲ့လေ .. ငွေဝန်းကိုတော့ .. ရွာမှာပဲ ဆက်ထားပေါ့တဲ့ .. ဘာပဲဖြစ်ဖြစ်ပေါ့ ငွေဝန်းရယ် .. သူ့အလုပ်အကိုင် တည်မြဲရေးနဲ့ .. လခကောင်းကြီး ရနေတဲ့ မက်မောစရာများဟာ သူ့စိတ်ကို ပြောင်းလဲစေခဲ့တယ်လို့ပဲ မောင် မှတ်ယူလိုက်ပါတယ် .."

ဟု မောင် ခပ်လေးလေး ပြောသည်။ မထင်မှတ်သောအရာတစ်ခုကို .. နင့်နေအောင် လက်ခံနားလည်ပေးလိုက်ရရှာပါသည့် မောင့်ကို .. ငွေဝန်း သနားလှပါပြီ ..။ သူငယ်ချင်း၏ မျက်နှာကို ငေးကြည့်ရင်း .. ဘဝတစ်ခုမှာ .. မထင်မှတ်နိုင်သော ပြောင်းလဲခြင်းများကို နားလည် လက်ခံပေးလိုက်နိုင်ဖို့အတွက် အဘယ်မျှအထိ မောင် ကြိုးစားခဲ့ရရှာမည်ကို ငွေဝန်းသာ မတွေးရက်နိုင် ..။ ကိုဗလကို .. မည်သည့် ခနဲ့စကားကိုမျှ မောင် ပြောခဲ့ချေသည် မဟုတ်တာကိုလည်း ငွေဝန်း သိနေသည်ပါပဲ ..။ ငွေဝန်းသည် ငွေဝန်း လက်ထပ်ထားပါသော မောင့်ကို .. နားလည်နေသည့် .. နားလည်ပေးနေသည့် ဇနီးသည်တစ်ယောက်အဖြစ် ရှိနေချေသည်ပဲလေ ..။

www.burmeseclassic.com

www.burmeseclassic.com



"မောင် .. သူ့ကို ဘာမှ မပြောတော့ပါဘူး .. ဥက္ကာလဲ သူ့လိုပဲ ပြောင်းလဲသွားခဲ့ပြီလို့ မောင် မှတ်ယူလိုက်တာပါ လေ .. ဗလကို ဥက္ကာထက် ပိုအားကိုးမိလို့ .. အားထား မိလို့ .. ဖုန်းဆက်ခေါ်မိခဲ့တာပဲ မဟုတ်လား .. တစ်ယော တည်းနဲ့ပဲ .. မောင် .. ဘဝဆိုတာကြီးကို နားလည်ပေးလို ပါတယ် ငွေဝန်းရယ် .. မောင်ဟာ .. အရင်တုန်းကဖြစ် တဲ့ .. မောင်မောင်ဆိုတာမှ မဟုတ်တော့ဘဲကိုး .. ခု သာမန်ပန်းချီဆရာလေး မောင်မောင် .. ဘာဆို ဘာမှ ကျောထောက်နောက်ခံရယ်လို့ မရှိတော့တဲ့ မောင်မော ဖြစ်သွားပြီကိုး .. သူ့ကို .. မောင် .. ခွင့်လွှတ်လိုက် တယ် .."

"ခေါက်ဆွဲကြော်ဖိုးကို သူ ရှင်းမယ် ဆိုတော့မှ မော ခေါင်းခါခဲ့တယ် .. ပန်းချီဆရာ တစ်ယောက်ဟာ .. သူမျ ကျွေးစာ မွေးစာကို စားမှ ဝမ်းပြည့်မှာ မဟုတ်ဘူး တာလောက်ကိုတော့ မောင် ပြောလိုက်ပါတယ် .. သူငယ် ချင်းတစ်ယောက်ကို ကျွေးလိုက်နိုင်ပါတယ်လို့လဲ ပြောလို မိတယ် .. ဒါကတော့ .. မောင် မှန်မယ်လို့ မောင် ထ တယ်လေ .. မောင်က သူ့ကို ဆက်သွယ်ခေါ်ခဲ့သူပဲ မောင် ခေါ်လို့ သူ ရောက်လာတာ မဟုတ်လား .. မော ရှိတဲ့နေရာကို ရောက်လာချိန်မှာ .. မောင်တို့ စားသောက် စားပွဲပေါ်က အစားအစာအတွက် .. မောင် အကုန်အကျခ မှာပေါ့ .. မောင် ခေါ်လို့ ရောက်လာတဲ့သူက ဝင်ရှင်းပေးသွာ ရမယ် ဆိုတာကတော့ .. မဟုတ်သေးဘူးလေ .. မောင်မော



ဆိုတာ ဘယ်လိုနေရာမှာပဲ ရပ်တည်ရပ်တည် .. သူများ ဝင်ရှင်းသွားတဲ့ အစားကို .. စားလိုက်တဲ့သူ .. စားခဲ့ဖူးသူ တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

မောင့်မာနသံသည် .. ငွေဝန်း၏ ရင်ကို နာနာ ကျင် တိုးဝင်လာပါ၏။ မောင် ခံပြင်းစိတ်နှင့် ပြောခြင်းဆိုတာ ာ့ ငွေဝန်း သိသည်။

"အေးလေ .. မောင်က .. လောလောဆယ်မှာ .. ကျောက်ခဲ သလဲလို ဖြစ်နေတာကိုး .. သူ .. စိတ်ပြောင်း သွားတာကို .. မောင် .. ခံနိုင်ရည်ရှိပါတယ် .."

ဟု ခေါင်းကို တစ်ချက်မော့၍ အဲခကာ မောင် လာတော့ ငွေဝန်း မောင့်ရင်ခွင်မှ ခွာကာ မောင့်ရှေ့နေရာလေး နေရာပြောင်းထိုင်သည်။ မောင့် မျက်ဝန်းများကို တည့်တည့် တ်ပင် ငွေဝန်း ကြည့်မိသည်။ မောင့် လက်တွေကို ဆွဲစု၍ း၏ လက်လေးနှစ်ဖက်ဖြင့် ခပ်တင်းတင်း ဆုပ်ကိုင်ထား ၏။

"ကျောက်ခဲသလဲဆိုတာ .. တံတိုင်းကြီးတွေချည်းပဲ တည် ဆောက်ဖို့ မဟုတ်ပါဘူး မောင်ရယ် .. ဘဝကို ပေါင်းကူး ပေးတဲ့ .. ခိုင်ခံ့တဲ့ တံတားကြီးတွေလဲ ဖြစ်တည်စေနိုင်စွမ်း တာပါပဲ .. အဲဒီပေါင်းကူးတဲ့ တံတားကြီးကို မောင်နဲ့ ငွေဝန်းတို့ တည်ဆောက်နိုင်ကြမှာပါ .. မောင့် အရည်အချင်း၊ မောင့်အနုပညာနဲ့ .. ငွေဝန်းတို့ရဲ့ ဘဝဟာ .. သာယာအေး ချမ်းနေတာ့ပါပဲ မောင် .. လောလောဆယ်မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲ ဆိုတာကလဲ .. ဘယ်လောက်များ ကြီးမားနေ

www.burmeseclassic.com



တဲ့ တံတိုင်းကြီးမို့လို့လဲ မောင်ရယ် .. စောစောက ငွေ
ပြောခဲ့ပြီပဲ .. ကျောက်ခဲ သလဲ ဆိုတာ .. တံတိုင်းကြီး
ချည်း တည်ဆောက်တာ မဟုတ်ပါဘူးလို့ .. တံတိုင်း
ချည်းပဲ ဖြစ်တည်စေတာ မဟုတ်ပါဘူးလို့ .. ဟိုး
ဒီဘက်ကို .. ဖြောင့်ဖြူးအောင် .. ပေါင်းကူးပေးတဲ့ တံ
ကြီးတွေကိုလည်း ဖြစ်တည် တည်ဆောက်စေပါတယ်လို့

ဟု ပြောတော့ မောင် မမိတ်မသုန် ငွေဝန်း
မျက်နှာလေးကို စိုက်ကြည့်သည်။ မောင့်လက်တွေက ငွေဝန်း
လက်လေးတွေကို စုစည်းထားလျက် ပုံလေးဖြင့်ပဲ မြှောက်ယူ
ရင်း တစ်ဆက်တည်းမှာပဲ မောင့် ခေါင်းသည်လည်း ဖေး
လိုက်ဆင်းလာကာ ငွေဝန်း၏ လက်လေးတွေပေါ်မှာ နှုတ်ခ
ဖေးတင်၍ အတန်ကြာမျှ သိမ်မွေ့စွာ နမ်းရှိုက်လာပါ၏။
တော့ မောင် ခေါင်းတွေ မော့လာသည်။ မောင့်ကို ငေးကြည့်
သည့် မျက်ဝန်းများနှင့် ဆုံတော့လည်း အတန်ကြာမျှ
အကြည့်တွေက မမိတ်မသုန်ပင် ခပ်မော့မော့ ရှိနေသည်။
တော့ .. မောင့်ကိုယ် ပြန်မတ်လာကာ ငွေဝန်း၏ နဖူးပြင်
ပေါ်မှာ အနမ်းက ဖေးတင်လာပြန်ပါ၏။

"ကျေးဇူးတင်ပါတယ် ငွေဝန်းရယ် .. မောင် တ
ပြောချင်တယ် .. မောင့်ဘဝမှာ .. မောင့်လုံမ ရှိ
ပြည့်စုံနေတာပါပဲ .. မောင့်ဘဝမှာ အရေးအကြီးဆုံး
မောင်တို့ .. မခွဲမခွာ .. ရှိနေကြဖို့ပါပဲကွယ် .. မောင်
မောင့်ငွေဝန်းကို .. တမြတ်တနိုး ချစ်နေမိတာပဲ သိနေတာ
အဲဒါပဲ သိနေတော့တယ်ကွယ် .."



ဟု ပြောကာ ရင်ခွင်တွင်းသို့ ငွေဝန်း၏ ကိုယ်လေး
သိမ်းပွေ့ထားလိုက်ပါသတည်း။ ငွေဝန်း မောင့်ကို တုံ့ပြန်၍
ကို မြတ်နိုးစွာ ဖက်ထားလိုက်မိပြီးမှ ခေါင်းလေးမော့လိုက်
..

"မောင့်ကို ပြောပြစရာလဲ ရှိနေတယ်မောင် .. လောလော
ဆယ်မှာ မောင်နဲ့အတူ .. ဒီနေရာလေးမှာ .. စကားလေးတွေ
ပြောရင်း ဟော့ဒီကောက်ညှင်းချိတ်နဲ့ ငါးကြော်လေးလဲ
စားရင်း .. ဒီညနေလေးကို အချိန်ဖြုန်းဖို့ ငွေဝန်း စီစဉ်
ထားတာ မောင်ရဲ့ .."

ဟု ပြောကာ ဆွဲခြင်းလေးကို ယူ၍ ချိုင့်လေးကို
..။ ကောက်ညှင်းပူပူလေးနှင့် .. ငါးသေးကြော်လေးကို
င့်ကို ခွံ့ကျွေးတော့ မောင် စားလည်းစား ..

"မောင် ချစ်လိုက်တာ လုံမရယ် .. ခုလို .. မောင့်အပေါ်
နားလည်ပေးလေလေ .. မောင့်အပေါ် စိတ်ချမ်းသာအောင်
စဉ်းစားပေးလေလေ .. မောင့်မယားလိမ္မာလေလေ ..
မောင့်မှာလေ .. မောင့်မယားဟောဒီလုံမကို .. ရွှေလို ဥထား
ချင်လေလေပါ .."

ဟု ငွေဝန်းကို ချမ်းချမ်းသာသာ မထားနိုင်ရလေသမျှ
ညည်းညည်း ပြောရှာပါ၏။ ငွေဝန်းကိုလည်း မောင် ခွံ့ခွံ့ကျွေး
ည်မို့ မောင် ခွံ့ကျွေးနေသမျှ လိုက်လိုက်စားနေရရှင်းမှ ..

"မောင် မစားတော့ဘူးလား .."

ဟု ဖွင့်မေးယူရပါသည်အထိပါ ..။ ထိုအခါကျမှ
ရယ်လိုက်ကာ ငွေဝန်းကို ကြည့်၍ ..

www.burmeseclassic.com

www.burmeseclassic.com



"မောင် စားဖို့ မေ့နေတယ် ... ငွေဝန်းကို ကျွေးနေချင်တာ
တစ်ခုပဲ ရှိနေတာလေ ... ဟုတ်တော့ဟုတ်နေပြီကွ
မောင့်မယား ချက်ထားတာကို ... မောင်က ... မျက်နှာလ
ပြီး ကျွေးနေတယ် ... မဖြစ်ပါဘူး ... မနက်ဖြန်ကျမှ
မောင် ကိုယ်တိုင် ချက်ပြုတ်ကျွေးဦးမယ် ... ဒီနေ
မောင် ပန်းချီကားတစ်ချပ် ရောင်းဖြစ်တယ် သိလား
ဗလနဲ့ ပြောဆိုနေကြတာ ဦးဖေယျလဲ ကောင်တာကမ
ကြားသင့်သလောက်တော့ ကြားနေပုံရတယ် ... မောင်
လူချမ်းသာဘဝကနေပြီး ... လောလောဆယ်မှာ ... ရှ
နေရတယ်ဆိုတာ သိသွားပုံပဲ ... သူ ... ပန်းချီကားတ
ကို ဝယ်လိုက်တယ် ငွေဝန်း ... အဲဒီအတွက် သူ့ကို
အားနာနေတယ် ... မောင့်ကို ကူညီတဲ့သဘောနဲ့ ဝယ်
တာမျိုး ဖြစ်မှာကိုတော့ ... မောင် အားနာတယ်လေ

ဟု ဆက်ပြောလာပါ၏။

"မောင့်ခမျာမှာလဲ ... ငွေဝန်းကြောင့် ... သိမ်ငယ်
ရရှာတာ မနည်းမနောကြီးပါလား ..."

ဟု တွေးရင်း ငွေဝန်း ရင်ထဲမှာ မချိ ...။

"ငွေဝန်းလဲ ... ယာခင်းမှာ သွားလုပ်ချင်ပါတ
ပြောနေတာပဲ မောင်ရယ် ... ယာခင်း ဆိုတာက
ငွေဝန်းတို့ရဲ့ ယာခင်းတွေပဲဥစ္စာ ... လောလောဆ
ဒေါ်လေးက ... ကိုဖိုးရင်ကို ရတဲ့ ငွေတ်နဲ့ ကြ
ထက်ဝက်ဆီယူမယ်ဆိုပြီး အလုပ်ခိုင်းထားတာ မဟုတ်
နောက်နှစ်တွေကျတော့ ... ငွေဝန်းတို့ လုပ်ကိုင်လို့ဖြစ်



လောလောဆယ်လဲ အလုပ်အတွေ့အကြုံရအောင် လုပ်ဖို့
ဥစ္စာ ... မောင်က ... ပေးမလုပ်တာ ခက်တယ်"

ဟု ပြောရတော့ မောင် ခေါင်းခါသည်။

"ဒေါ်လေးက ကိုဖိုးရင်နဲ့ လုပ်စေတဲ့ကိစ္စ ... သူ့ပဲ
ဆက်လုပ်ပါစေ ... အဲသလို ... ငွေဝန်း အငြိမ့်မင်းသမီး
ဘဝကရတဲ့ ငွေကြေးနဲ့ ဝယ်ထားတဲ့ ယာခင်းက ... ရလာမယ့်
ငွေကိုတောင် ... မောင် ... မစားချင်ဘူး သိရဲ့လား ...
မေမေ့ စကားကို မောင် မမေ့ဘူး ... မောင်က ... ငွေဝန်း
ရဲ့ ရှာစာနဲ့ စားမယ်ဆိုတာလေ ..."

မျက်နှာအပျက်ပျက်ဖြင့် မောင် ပြောလာတော့
ငွေဝန်း ပြုံးလိုက်ကာ ...

"ဟော ... မောင်ကတော့လေ ... အဲလိုတော့ မျက်နှာကြီး
ညိုမနေနဲ့ကွယ် ... မောင် မကြိုက်ရင် ... ငွေဝန်း ဘာမှ
မလုပ်ပါဘူးဆိုမှ ... ခုလဲ ... အဲသလို ယာခင်းတွေမှာ လုပ်
နိုင်တယ်ဆိုတာလောက်ပဲ ပြောတာပါ ... ကဲ ... ကဲ ...
အဲဒါကို မေ့ထားလိုက်တော့ မောင် ... မောင့်ကို ငွေဝန်း
အသိပေးစရာ ရှိနေတယ် မောင်ရဲ့ ... မောင် ပြုံးနေရမယ်
နော် ... အို ... ပြုံးကိုပြုံးနေမှာပါ ... မောင် ... ပျော်လဲ
ပျော်နေမှာပါ ..."

ပြောရမည့် စကားအတွက် ... မောင့်ရင်ခွင်ထဲ
ခင်ရင်း ငွေဝန်း ကြည်နူးစွာ ပြောတော့ တစ်ချက် မောင် ငြိမ်
သည်။ နောက်တော့ ငွေဝန်းကို မျက်နှာလေး မေးမော့စေ
...

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ငွေဝန်း .. ပြောလေ .. ပြောစမ်းပါ .. ဘုရား
ရေ .. မောင် ပျော်စေမယ့်စကား .. ဟုတ်လား .. အို ..
မောင် ထင်သလိုများလား .. မောင် မျှော်လင့်ထားသည်
များလား .. မောင် ပျော်စေ့မယ်အရာဆိုတာ .. မောင်တို့ ..
မောင်တို့ဘဝမှာ .. ရင်သွေးလေး တိုးလာစေမယ့်အရာပဲ ..
အို .. အဲဒါများလား မောင့် လုံမ .. ဟင် .. ပြောပါ ..
ပြောစမ်းပါ လုံမရဲ့ .."

နှင့် စိတ်လှုပ်ရှားစွာ မောင် မေးလာတော့ မောင့် မျက်နှာကို ငွေဝန်း ကြည်နူးစွာ မော့ကြည့်မိရပါပြီတည်း ..။

မောင်သည် .. မောင်သည် .. မောင့်ရင်သွေးလေး၏ စိတ်လှုပ်ရှားစွာ .. ကြည်နူးပျော်ရွှင်စွာ မျှော်လင့်နေချေသည် တကား ..။

အရမ်းကို .. ရှန်းလဲ့တောက်ပနေသည့် မောင့် မျက်ဝန်းများကို .. တမက်တမော .. မြတ်နိုးလွန်းစွာ မော့ငေးကြည့်နေ မှ ..။ မောင့် မျက်နှာကို ငွေဝန်း၏ လက်ဖဝါးလေးတွေ ဖေးတင် အုပ်မိုးလိုက်မိရင်း မော့ကြည့်မိရာမှ ..။ ဖျတ်ခနဲ မျက်တောင်ရှည် လေးတွေကို ဖေးယှက်လိုက်မိရာမှ ..

"ဟုတ်တယ် မောင် .. ငွေဝန်းမှာ .. မောင့်လုံမမှာ ..
မောင့်ရင်သွေးလေး ရှိနေပါပြီ မောင် .."

ဟု တိုးသက်စွာ ဖြေလိုက်မိရပါပြီ ..။

"အို .. ငွေဝန်းရယ် .."

ဤတစ်ကြိမ်မှာတော့ မောင်သည် .. ငွေဝန်း၏ ကိုယ်လေးကို သိမ်းပွေ့လိုက်ရင်းမှ မျက်နှာလေးအနှံ့ မြတ်နိုးသော



မ်းများ ဖေးအပ်ယှက်ဖြာစေခဲ့ပါ၏။ အေးမြမြညနေခင်း၏ ပြည်သည် .. စားကျက်ခင်းဆီမှ .. တောပန်းတို့၏ ရနံ့ကို ယ်ဆောင်၍ .. မောင်နှင့် ငွေဝန်းတို့ထံ .. တိုးဝှေ့ဝင်ရောက် ကြပါချေ၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

မောင့် လက်ဝတ်လက်စားဖြစ်သည့် ဆွဲကြိုးနှင့် လက်စွပ်တို့ကို ရောင်းချ၍ ဝယ်လာခဲ့ပါသည့် ကင်းဗတ်ဖျင်များ အားလုံးလိုလိုသည် ယခုတော့ မောင့်ပန်းချီကားချပ်များအဖြစ်ဆီသို့ ပြောင်းလဲကုန်ကြပြီ ..။

မောင်သည် .. ကိုဗလနှင့် ဆုံခဲ့ရပြီးသည့်နောက်မှာ ဘယ်ကိုမှ မသွားတော့ ..။ အိမ်မှာပဲ အစဉ်တစိုက် နေနေခဲ့လျက်။ ပန်းချီကားချပ်များကိုသာ သဲသဲမဲမဲ တဆွဲတည်းဆွဲခဲ့လျက် ..။ ပန်းချီဆွဲနားချိန်များမှာလည်း အိမ်ရှေ့ရှိအကျော်ပင် အောက်မှာ တစ်ယောက်တည်း တိတ်ဆိတ်စွာ သွားရောက်ထိုင်နေတတ်ပြန်သည်။ မိဘအိမ်မှ ဆင်းခဲ့သည်နှင့် .. ကြွယ်ဝချမ်းသာမှုများ အလယ်မှာ ရှိခဲ့ပါသည့် မောင်မောင်ဆိုသည့် ဘဝတစ်ခုကိုလည်း တစ်ပါတည်း ချန်ခဲ့ရရှာပါသည့် မောင်သည် .. ယခုလို ငယ်ပေါင်းသူငယ်ချင်း၏ ဖယ်ကျဉ်ကျဉ်ပြုသည့် အဖြစ်တစ်ခုကို ရင်ဆိုင်လက်ခံပေးလိုက်ရသည့်အတွက် .. ပြင်းထန်သော ကြေကွဲမှုကို တနင့်နင့်နေအောင် ခံစားနေရသည် ဆိုတာကိုတော့ ငွေဝန်းသာ နားလည်ရပါ၏။



မောင့်ကို သနားစိတ်ဖြင့် ငွေဝန်းသာ ဘာကိုမှ မပြောရက်နိုင်တော့ဘဲ ငြိမ်သက်နေတတ်ပါသည့် မောင့်ကို အနှောင့်အယှက် မပေးဘဲ အလိုက်သင့်နေခဲ့ရပါ၏။ ကိုဗလနှင့် ပတ်သက်၍လည်း ဘာကိုမှ မောင့်ကို မပြော ..။ မောင် စိတ်မကောင်းမဖြစ်ဖို့ဆိုတာလောက်ကိုမှ ထပ်မပြောတော့ ..။ လောလောဆယ်မှာ .. မောင် ကြေကွဲခံစားနေတာကို .. မပိတ်ပင်ရက်နိုင်တော့ ..။ အရှိန်ပြင်းပြင်းဖြင့် လောင်မြိုက်နေသော မီးညွှန့်များသည် .. အချိန်သင့်လာလျှင် ပြန်၍ အညွှန့်ကျိုး ငြိမ်းသွားစေနိုင်သည် မဟုတ်ပါလား ..။ မောင့် ရင်ထဲမှာ လောင်မြိုက်နေသည့် ထိုကြေကွဲခြင်း မီးညွှန့်ကို ငွေဝန်းသာ မည်သည့် ဖျောင်းဖျစကားနှင့်မျှ ငြိမ်းစေနိုင်တော့မည် မဟုတ်မှန်း သိနေရချေသည်မို့လည်း .. အချိန်သင့်၍ မီးငြိမ်းအေးမည့် ကာလတစ်ခုကိုသာ တိတ်ဆိတ်ပန်းလျစွာ စောင့်ဆိုင်းပေးလိုက်ရပါသည့်အဖြစ် ..။

မောင့်ကို ဂရုစိုက်၍ ထမင်းစားချိန် .. အိပ်ချိန်မှန်ဖို့ကိုသာ ငွေဝန်းသာ ပြောရဆိုရပါ၏။

နေ့လယ်စာ စားဖို့ ထမင်းပွဲပြင်ပြီးပြီမို့ မောင် ပန်းချီဆွဲနေရာဆီသို့ ငွေဝန်းသာ ရောက်လာရပါပြီ ..။ မောင်သည် အကျော်ပင်အောက်မှာ ဤပန်းချီကားကို နောက်ဆုံးပန်းချီကား တစ်ချပ်အဖြစ် ဆွဲခဲ့ပါ၏။ ဆွဲသည့် ပန်းချီကားသည်လည်း အကျော်ပင်တစ်ပင်အောက်တွင် ကင်းဗတ်ဖျင်ဘောင်ကြမ်းပေါ် ထက်မှာ ပြီးစီးလုလု ဖြစ်နေပြီ ..။ ပန်းချီကားထဲမှ ပုံရိပ်သည် အကျော်ပင်အောက်တွင် ပန်းချီဆွဲနေသည့် ပန်းချီဆရာတစ်ယောက်၏ ပန်းချီပုံ ဖြစ်နေသည်။ ပန်းချီကားထဲမှာ ပန်းချီဆရာသည်

www.burmeseclassic.com

www.burmeseclassic.com



မောင့်ပုံရိပ် ဖြစ်လျက် ..။ နုပျိုသောသူတစ်ယောက်၏ ပန်းချီကားတစ်ချပ်ကို မျှော်လင့်ခြင်းများ၊ အားမာန်များဖြင့် ရေးဆွဲနေသည့် ပန်းချီဆရာ ..။ ကိုယ့်အနုပညာအပေါ် ကိုယ် ယုံကြည်စိတ်ချနေသည့် သူတစ်ယောက်၏သွင်ပြင် ..။ မာနတရားများဖြင့် ပြည့်ဝနေသော မျက်ဝန်းများသည် ဖိတ်ဖိတ်လက်နေသည်။ အနိမ့်ခံသူဆင်းရဲ ပန်းချီဆရာတစ်ယောက် ရင်တွင်းဆီမှ မာနတရားများကို ထိုမျက်ဝန်းအစုံက ကြည့်သူတို့၏ ရင်နှလုံးကို သိမ်းကျုံးနားလည်နေစေလောက်သည်အထိ မောင့် လက်ရာသည် အသက်ဝင်နေသည်။ သြော် .. မောင်သည် .. မောင့်ရုပ်သွင်ဖြင့် ပန်းချီဆရာတစ်ယောက်ကို ဤပန်းချီကားတစ်ချပ်ဝယ် အသက်သွင်းလိုက်လျက် .. မောင့်ရင်ထဲမှ မာနတရားများကိုလည်း ပန်းချီကားချပ်တွင်းမှ တောက်ပစူးရှနေသော မျက်ဝန်းများဖြင့် အသက်ဝင်နေစေသည်တကား ..။

ငွေဝန်းသာ ရင်ထဲမှာ ဖြုတ်ခနဲ ဝမ်းသာရိပ်တို့ တိုးဝင်လာကြပါပြီ ..။ ဘုရားရေ .. မောင်သည် .. မောင်သည် .. မောင့်ရင်တွင်းဆီမှ ကြေကွဲနေမှုများကို ထိန်းချုပ်လိုက်နိုင်ချေပြီတကား ..။ မောင့်ရင်တွင်းဆီသို့ အနုပညာသည်တစ်ယောက်၏ ထက်ရှပြင်းထန်သော မာနတရားများ .. တည်ငြိမ်ရင့်ကျက်ခြင်းများ .. မျှော်လင့်ခြင်းများအပေါ် သက်ဝင်ယုံကြည်နေမှုများတို့သည် .. ပြန်လည်၍ တည်ငြိမ်စွာ တိုးဝင်ခဲ့ချေပြီတည့် ..။ ဤပန်းချီကားကို .. ထိုခံစားချက်များဖြင့် ရင်ကို နှစ်၍ မောင်ဆွဲခဲ့ခြင်း ..။ ဟုတ်သည် ..။ မောင် ဆွဲခဲ့ခြင်း ..။ ပန်းချီကားထဲမှ မောင်သည် .. အကျော်ပွင့်များ ဖွေးစင်ဆွတ်ခဲ့စွာ ပွင့်နေသော



အကျော်ပင်အောက်မှာ ရှိနေသည်။ မောင့် ခပ်လှမ်းလှမ်းနေရာလေးဝယ် .. ယခု .. ငွေဝန်းတို့ နေထိုင်ရာ သဘော်ဆေးသုတ်အိမ်ငယ်လေးသည်လည်း ရှိနေသည်။ ပန်းချီဆရာ၏ နွမ်းပါးသော ဘဝကို ထိုပန်းချီကားထဲမှာ ရှာဖွေတွေ့ရှိနိုင်ပါ၏။

ဒါပေမဲ့ .. ထိုပန်းချီကားချပ်ထဲမှာ ပန်းချီဆရာမောင်သည် .. ကိုယ့်ပန်းချီနှင့်ကိုယ် နှစ်ဝင်ကြည်နူးနေသော သူတစ်ယောက် ဖြစ်နေပြီ ..။ ကိုယ်ရှေ့ဆက်ရမည့် ဘဝအတွက် ခြေလှမ်းများ ခိုင်မာလျက် ယုံကြည်မှုဖြင့် ပြည့်ဝနေသည့် သူတစ်ယောက် ဖြစ်နေသည်။ ဆင်းရဲမှုများ၏ အောက်မှာ ကြေကွဲနေသည့် အားငယ်နေသည့် သူတစ်ယောက် ဖြစ်မနေ ..။

"ထမင်းပွဲပြင်ပြီးပြီ မောင် .. ထမင်းစားရအောင်နော် .. ဒေါ်လေးကိုလဲ ဆိုင်ကို ငွေဝန်း ထမင်းချိုင့် ပို့ခဲ့ပြီးမှ .. ပြန်လာမှ ထမင်းပွဲပြင်တာပါ .. မောင် ဆာနေရောပေါ့ .."

မွန်းမတည့်သေးသည့် နေသည် အိမ်ရှေ့လမ်းတစ်ဖက်ရှိ မယ်ဇလီပင်၏ အဖျားကို ကျော်စပြုနေပြီ ..။ မောင့်အကြည့်က ပန်းချီကားထက်ဆီမှ ငွေဝန်းထံ ရောက်လာသည်။ မောင့် မျက်ဝန်းများသည် ပန်းချီကားထဲမှ မျက်ဝန်းများနှင့် တစ်ထပ်တည်း ဖြစ်နေပါ၏။

"မောင် ထမင်းစားပြီးတာနဲ့ .. လှိုင်းကားနဲ့ မြို့ပေါ်ကို သွားမယ် ငွေဝန်း .. ပန်းချီကားတချို့လဲ ယူသွားမယ် .. ဒီအချိန်ဆို ထွက်တဲ့ လှိုင်းကားလဲ ချောင်တယ် .."

ဟု ပြောလာသည်။ မောင်သည် .. ပန်းချီကားများနှင့် အတူ မြရိပ်ငြိမ်ဆီသို့ သွားဖို့ ဆုံးဖြတ်ထားပြီးနေပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"မောင့်မှာ ပန်းချီဆက်ဆွဲစရာ ကင်းဗတ်ဖျင်လဲ မရှိတော့ဘူး .. အားလုံး မောင့်ပန်းချီကားတွေ ဖြစ်ကုန်ကြပြီ .. ကင်းဗတ်ဖျင်တွေလဲ မောင် ဝယ်ရလိမ့်မယ် ငွေဝန်း .. ဒီနေ့ဟာ မောင့်ဘဝမှာ .. တစ်ခုခု ထူးခြားမှုကို ပိုင်ဆိုင်လက်ခံရလိမ့်မယ်လို့လဲ မောင့်စိတ်ထဲမှာ ယုံကြည်နေတယ်၊ ဒီပန်းချီကားကို မောင် အဆုံးသတ်လိုက်နိုင်ပြီ .. ဒါပေမဲ့ .. ဒီပန်းချီကားကိုတော့ .. မောင် .. ယူမသွားသေးဘူး .. နောက်နေ့တွေကျမှပဲ မောင် ယူသွားမယ် .. ဒီနေ့ မောင်သွားတဲ့အခါမှာ .. ငွေဝန်း ရွေးချယ်ပေးလိုက်တဲ့ ပန်းချီကားချပ်တချို့ကို ယူသွားမယ်လေ .."

ဟု မောင် တည်ငြိမ်စွာပဲ ဆက်ပြောလာပြန်သည်။ ပန်းချီဆွဲဒေါက်နှင့် ပန်းချီကားကို မောင် သိမ်းတော့ ပန်းချီကားချပ်ကို တရိုတသေလေးပင် ငွေဝန်း မောင့်လက်ထဲမှ ယူသည်။ ပန်းချီဆွဲစုတ်တံ၊ ဆေးပုံသည့် ပက်လက်ပျဉ်ပြားတို့ကို မောင် သိမ်းသည်။

စုတ်တံများကို ဆေးကြော ...။ ဆေးပုံသည့်ပက်လက်ပျဉ်ကို မောင် ဆေးကြောပြီးသည့်နောက်မှာ ထမင်းစားပွဲသို့ မောင် လာထိုင်ပါ၏။ ငါးငယ်လေးအိုးကပ်၊ ချဉ်ပေါင်ဟင်းနှင့် ပုစွန်ခြောက်နည်းနည်းဖြင့် ကြော်ထားသော ဘာလချောင်ကြော်တို့ဖြင့် မောင် မြိန်မြိန်ရှက်ရှက် စားသည်။ မောင်စားသောက်ကောင်းကောင်းဖြင့် စားမြိန်နေတာကို ကြည့်လျက် ငွေဝန်း ရင်ထဲ ဝမ်းသာရသည်။ ဒါပေမဲ့ .. တစ်ဆက်တည်းမှာလည်း ရင်ထဲမကောင်း ..။ မောင် နေထိုင်ခဲ့ရာ နွေဦးမွန် အိမ်ကြီးမှာ ထမင်း



စားဆောင်ကျယ်ကြီးရှိ ထမင်းစားပွဲကြီးတွင် ဟင်းအမယ်များစွာဖြင့် မောင် စားသောက်ခဲ့ရသည်သာ ..။ ခုကျတော့ စားပွဲဝိုင်းငယ်လေးရှိ ဤဟင်းအမယ်လေးမျှကို .. ကြမ်းပေါ်ရှိ ဖျာဟောင်းလေးပေါ်မှာထိုင်ရင်း မောင်သည် .. မြိန်မြိန်ရှက်ရှက် စားရှာသည်တကား ..။ မောင်သည် .. ငွေဝန်းကို မြတ်နိုးရသည်နှင့်အမျှ .. မောင့်ဘဝကြီး တစ်ခုလုံးနှင့် လဲလှယ်လိုက်ရရှာချေသည်ပဲ။

မောင်စားသောက်ပြီးစီးကာ လက်ဆေးတော့ ငွေဝန်း ထမင်းပွဲ မြန်မြန်သိမ်း။ မောင် အဝတ်အစားလဲဖို့ သေတ္တာငယ်လေးထဲမှ မီးပူကျ အဝတ်လေးတွေထုတ် ..။ မောင်ယူသွားဖို့ ပန်းချီကားချပ် တချို့ကို ရွေးချယ်နှင့် အလုပ်များသွားရပါ၏။

ငွေဝန်း ရွေးချယ်လိုက်သည်က .. တယောအိုတစ်လက် ထိုးနေသည့် သူအိုအဘိုးကြီးတစ်ယောက်၏ပုံ ..။ ထိုပုံထဲ အဘိုးအိုသည် မျက်နှာထက်မှာ အရေးအကြောင်းများ ထင်နေသည်။ တယောဘိုးတံကို ကိုင်ထားသည့် လက်တို့သည်လည်း အကြောဖြိုင်းဖြိုင်း ထနေသည်။ ဆံပင်တို့ ဖြူနေကြလျက် အသားညိုညိုတို့မှာ ဇရာကြောင့် ပို၍ညိုညစ်နေသည်သို့ ရှိနေပါ၏။

ထိုတယောထိုးနေသည့် အဘိုးအို၏ မျက်ဝန်းများထဲ ဇရာအိုတစ်ယောက်၏ အားငယ်နေသော ခံစားမှု ..၊ အနာဂတ်ကိုသာ အဖော်ပြု ဖြတ်သန်းနေသည့် သူအိုတစ်ယောက်၏ ကျန်မှုများကို ရှာဖွေတွေ့ရှိနေနိုင်သည်။ မြင်ရသူ၏ ရင်ထဲ သူအိုတို့အပေါ် စာနာနာ လည်ပေးစေသည့် ကရုဏာမြစ်ကို ဖန်တီးဖြစ်တည်စေနိုင်သည်ဟု ငွေဝန်း ထင်သည်။ ထိုပန်းချီကားကို ငွေဝန်း ရွေးချယ်ပြီးသည့်နောက်မှာ မန်ကျည်းဖျော်

www.burmeseclassic.com

www.burmeseclassic.com



ရည်သည်တစ်ယောက်၏ ဆိုင်းထမ်းကိုချ၍ ဖင်ထိုင်ခုံပုငယ်ပေ... မှာ ထိုင်လျက် မောပန်းနေသမျှ ဦးထုပ်ဟောင်းလေးဖြင့် ယ... ခတ်နေသည့်ပုံ ..။

သောက်ရသူတို့၏ ရင်ဝယ် မန်ကျည်းဖျော်ရေ... အေးတို့ဖြင့် ရှိစေသည့် သူတစ်ယောက်သည် မျက်နှာထက်... ချွေးသီးတို့ တင်နေသည်။ ယပ်ခတ်နေသည့် ဦးထုပ်လေးသ... အနားစတို့ ဖွာနေပြီ ..။ ထိုပန်းချီကားသည် ငွေဝန်း၏ရင်... သိမ်းကျုံးညှို့ငင်ထားနိုင်သည့် ပန်းချီကားတစ်ချပ်အဖြစ်လ... ရှိနေပါ၏။ အို ... မောင့်ပန်းချီကားတိုင်းသည် ငွေဝန်းအတွ... ကတော့ .. ညှို့ငင်ခြင်းများဖြင့် ပြည့်ဝနေသည်ချည်းပါ ..။

နောက်ထပ် ပန်းချီကားတစ်ချပ်ကို ငွေဝန်း ... ချယ်မိပါ၏။ ထိုပန်းချီကားကတော့ဖြင့် ... တမာနှင့် မဲ... တို့ အုတ်အုတ်ရုတ်ရုတ်ဖြင့် တန်းစီရှိနေသော ရွာလမ်းလေး... နံနက်ခင်း နေခြည်တို့ တမာနှင့် မယ်ဇလီပင်ရွက် ကိုင်းတံတို့... ဆီမှ ဖြာကျတိုးဝင် နေသည့်ပုံ ...။ နံနက်ဦး၏ နေခြည်တို့ ... နေပါသည့် လမ်းလေးသည် မြေနီလမ်းလေးဖြစ်လျက် ..။ ထို... လေးသည် .. ငွေဝန်းတို့၏ အိမ်ရှေ့လမ်းလေးလည်း ဖြစ်...

ပန်းချီကားလေးသည် ရိုးရှင်းလွန်းနေသည်။ သ... တရားမှအပ အခြား ဘာမျှမပါရှိ။ မြေနီလမ်းလေးနှင့် နေခြည်... မြေနီလမ်းလေးနှင့် မယ်ဇလီပင်တန်း .. တမာပင်တန်း ..။ ... သည်။

ထိုပန်းချီကားသုံးချပ်ကို မောင်သိမ်းထုပ်ကာ ... ကို ဖြိုး၍ကြည့်ပါ၏။



"မောင့်အပေါ် နားလည်ပေးတဲ့ ငွေဝန်းကို မောင် ကျေးဇူးတင်တယ်ကွယ် .. မောင် အရမ်းခံစားနေရလေသမျှကို .. ဘာတစ်ခုမှ အနှောင့်အယှက် မပေးဘဲ .. ခုလို တည်ငြိမ်လာတဲ့အထိ .. ငွေဝန်း ထိန်းပေးခဲ့လို့ပေါ့ .. မောင့်စိတ်တွေ အားလုံးကို လွှတ်ပေးလိုက်ခဲ့ပြီးတဲ့ နောက်မှာ .. မောင် .. ပြန်ပြီး တည်ငြိမ်လာတယ် လုံမ .. ခု .. မောင့်ဘဝမှာ .. ဟောဒီ မောင့်လုံမနဲ့အတူ .. ရဲဝံ့တဲ့ ခြေလှမ်းတွေနဲ့ ပြန်လျှောက်နေတဲ့ သူတစ်ယောက် ပြန်ဖြစ်သွားပြီလေ .. ဗလကြောင့် မောင် ခံပြင်းစိတ်နဲ့ ကြေကွဲခံစား မျိုး ရတာတွေဟာ ဘာမှအဓိပ္ပာယ်မရှိဘူးဆိုတာ မောင် ပြန် ဖြတ် တွေးမိ .. နားလည်လာမိဖို့အတွက် ... ဒီလောက်ရက်လေးတွေတော့ မောင့်မှာ ရင်နီးခဲ့ရတာပေါ့လေ .. ကဲ .. မောင် မာန် သွားမယ် .. မောင် ယုံကြည်တယ် ငွေဝန်း .. မောင်တို့ဘဝမှာ .. ရင်သွေးလေး ရောက်လာတော့မယ်ဆိုတဲ့ အဖြစ်တစ်ခုဟာ .. ထူးခြားတဲ့ တိုးတက်ကောင်းမွန်ခြင်းများကိုပါ သယ်ဆောင်လာခြင်းပဲ ဖြစ်တယ်လို့ .."

သန်းချိန်ထိ

ဟု ပြောပြီး နောက်တစ်ကြိမ် ညင်သာစွာ... တစ်ကြိမ်တော့ ...ပြင်လေးကို မောင် နမ်းပြန်သည်။ နဖူးစပ်ဆီ... အမှန်ပါ ..။ ... မောင် သပ်ပေးပြီးသည့်နောက်မှာလည်း မျ... နေသူ တစ်ယောက် ...သုန် တစ်မှိုင်မှိုင်ကြည့်ရင်းမှ ...

"ပြီးတော့ .. မောင်တို့ရဲ့ ရင်ခွင်ထဲကို .. သမီး... မောင့်ခြေလှမ်းများ လာမယ်လို့ မောင် ထင်နေတယ် .. မောင် .. ငွေ... ခြင်းများနှင့် ဝေး သမီးလေး တစ်ယောက်ကို လိုချင်တယ် မော... ဖြစ်ခြင်း အပြန်

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်လှုပ်ရှားစွာ ပြောလာပြီးသည့် နောက်

ငွေဝန်း၏ ပါးပြင်လေးကို ငုံ့မိုးနမ်းရှိုက်ပြန်ပါ၏။

"နာမည်လေးတောင် မောင် ရွေးထားပြီးပြီ .. ဒါလေး

အခု မပြောသေးဘူး ငွေဝန်းလေး .. မောင်ပြန်လာမှ

မယ် .. ကဲ .. မောင်သွားမယ် .. အိမ်မှာ တစ်ယော

တည်းရှိနေတုန်း အလုပ်တွေ နင်းကန်လဲ လုပ်မနေနဲ့

တစ်ရေးတစ်မောလေးလဲအိပ် .. ကြားရဲ့လား ကလေး

ရေတွင်းထဲက ရေမငင်နဲ့ .. မောင်ပြန်လာမှ ခရေခပ်

ကြားရဲ့ မဟုတ်လား .. ရင်သွေးလွယ်ထားပြီ ဆို

မမေ့နဲ့ .. ကြားလား .."

ကြားရဲ့လား ... ကြားရဲ့လားနှင့် တမှာတည်း

နေသည့် မောင့်ကို ငွေဝန်းသာ ပြုံး၍ ခေါင်းလေးသာ ညိ

လိုက်ရပါ၏။ မောင့်ကို ခြံဝအထိသာမက .. မြေနီလ

အတိုင်း အတော်လေးရောက်အောင် တူတူလျှောက်ရင်း

တော့ မောင် ပြုံး၍ကြည့်ကာ ..

"မြရိပ်ငြိမ်ရက်စ်တောရင့် အထိများ လိုက်ပို့တော

နေပါသ လား လုံမရဲ့ .."

လေးသည် ဟု မေးသည်မို့ နေရာလေးမှာ ပြုံး၍ ရပ်က

ခေါင်းလေးကို မောင်ရယ်၍ တစ်ချက်မျှ ခပ်

တရားမှအပ ဒ ႏမှ ဆက်လျှောက်သွားပါ၏။

မြေနီလမ်းဖေ ခပ်လှမ်းလှမ်း ရောက်သည်အထိ နေရာ

သည်။ ပ်ကျန်ငေးကြည့်နေမိရမြဲ ...။ စိုက်စိုက် ...

မာင် ခြေလှမ်းသုတ်သုတ်ဖြင့် ကားဂိတ်ရှိရာသို့

ကို ပြုံး၍



နေသမျှ ..။ လမ်းချိုးကွေ့လေးအတိုင်း ချိုးကွေ့ပျောက်သွားမှ

ငွေဝန်းသာ အိမ်လေးဆီသို့ ပြန်လာရပါ၏။

အိမ်ထဲသို့ ရောက်တော့လည်း ရင်ထဲမှာ လှုပ်ရှား

နေမိရဆဲ ..။ မောင့်ကို .. အပြန်လမ်းမှာ ရွှင်လန်းကြည်မွေ့စွာ

ပြန်လာတာမျိုးကိုပဲ ငွေဝန်း ကြုံချင်ပါ၏။ မောင် စိတ်ဓာတ်ပြန်

ကျသွားတာမျိုးကို ရင်ဆိုင်လက်ခံပေးလိုက်ရမှာ တုန်လှုပ်ချောက်

ချားနေမိရသည်။ ငွေဝန်းကတော့ မောင်နှင့်အတူ မခွဲမခွာနေနေ

ရသည့် ဘဝမှာ ကြည်မွေ့အေးချမ်းနေပေမဲ့ ..။ မောင့်ကိုကျတော့

ဤဆင်းရဲသည့်ဘဝထဲမှာ စိတ်ဓာတ်အရာ ကျဆင်းလာတာမျိုး

ထပ်မံဖြစ်ရ .. ကြုံရမှာကို .. သနားနေမိရသည်လေ ..။ မြတ်

ဘုရားရှင်ရှေ့ဝယ် ဦးခိုက်လျက်ဖြင့် ..

"ဘုရားတပည့်တော်မ၏ ခင်ပွန်းသည်အား .. အားမာန်

များ ဖြစ်တည်စေမယ့် ဘဝကို .. ချီးမြှင့်အပ်နှင်းပေးတော်

မူပါ မြတ်စွာဘုရား .. ပေးသနားတော်မူပါ ဘုရား .."

ဟု ဦးခိုက်၍ မျက်ရည်ဖြာကျရင်း ရှိုက်သံမျှင်မျှင်

ဖြင့် ဆုတောင်းမိရပါပြီ ..။ ညနေခင်းတစ်ခုကို ဖြတ်သန်းချိန်ထိ

မောင် ပြန်ရောက်မလာသေး ..။ ရင်ထဲမှာ ဤတစ်ကြိမ်တော့

ငွေဝန်းသာ အတော်ကြီးကို လှုပ်ရှားနေမိတာ အမှန်ပါ ..။

စိတ်ဓာတ်အရာ ချုံးချုံးကျဆင်းနေသူ တစ်ယောက်

အဖြစ် မောင် ပြန်ရောက်မလာရပါစေနှင့် ..။ မောင့်ခြေလှမ်းများ

သည် နွေးကွေးလေးလံနေကြလျက် .. မျှော်လင့်ခြင်းများနှင့်ဝေး

ကွာလွန်းနေသူ တစ်ယောက်၏ ခြေလှမ်းများအဖြစ်ဖြင့် အပြန်

ခရီးသည် ဖြစ်မလာရပါစေနှင့် ..။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်မှာလည်း မောင့်စိတ်များ ကြေကွဲခြင်းများဖြင့် နင့်နင့်ကျေအောင် ခံစားရင်း ပြန်လာရသည့်အဖြစ်နှင့် မကြုံရပါစေနှင့် ..။

ငွေဝန်း အတွက် အရေးကြီးတကာ့ အရေးအကြီးဆုံး ဖြစ်နေသည်က .. အိမ်၏ဝင်ငွေ ဖြောင့်ဖြူးရေးအတွက် မဟုတ်ဝါ ..။ မောင့်စိတ်ဓာတ်များ ကျဆင်းမသွားစေဖို့အတွက် ဖြစ်ပါသည်။ အစစ ကြွယ်ဝခြင်းများ၊ လုပ်ငန်းကြီးများဖြင့် ရွှေများစွာကို အလွယ်တကူ ရှာဖွေလုပ်ကိုင်နိုင်စွမ်းခဲ့ပါသည့် ရွှေမှုန်၏ အရှင်သခင်ဘဝမှသည် .. ပန်းချီကားချပ်များကို ရင်ကိုနင်း၍ ရေးဆွဲရင်း ဝင်ငွေတစ်ခု ရရှိနိုင်ရန်အတွက် အလွန်တရာကိုး ခက်ခဲစွာ ရှာဖွေနေရရှာပါသည့် မောင့်ကို ငွေဝန်း သနားရလွန်းပါပြီ ..။

ငွေတွင်းတစ်ခုဆီမှ ခုန်ထွက်လာကာ .. ငွေစတချို့ကို ပန်းဟိုက်နေအောင် ရှာဖွေနေရသူ တစ်ယောက်နှင့် တူနေပါသည့် မောင့်ကို ငွေဝန်း သနားရလွန်းပါပြီ။ ငွေရရှိဖို့အတွက် အဘယ်မျှထိ ခက်ခဲလွန်းနေသည် ဆိုတာ မောင့်မှာ မြန်ဆန်လွန်းသော ဘဝအပြောင်းအလဲ တစ်ခုအတွင်းမှာ .. ငွေကို ရှာဖွေရင်း .. ရှာဖွေရင်းဖြင့် သိသိနေရတာကိုက .. အရှမ်းကို ပင်ပန်းနေစေသည် မဟုတ်ပါလား ..။

ခြံဝလေးဆီမှလှမ်း၍ မြေနီလမ်းလေးအတိုင်း မောင် ချိုးကွေ့ဝင်လာမည့် ပုံရိပ်လေးကို တမျှော်တည်း မျှော်နေမိသော ခိုက် ..။ တကယ်ပဲ .. မောင် လမ်းချိုးလေးဆီမှ ဝင်ရောက်လာ တာကို လှမ်းမြင်ရပါပြီ ..။



"မောင် .."

ခပ်တိုးတိုး ခေါ်သံလေးတစ်ခုသည်ပင် ငွေဝန်းသာ၏ နှုတ်ဖျားဆီမှ ပွင့်ကျလာစေသည်အထိ အရှမ်းကို စိတ်လှုပ်ရှားနေမိသည်မှာလည်း အမှန်ပါတည့် ..။

မောင့်ခြေလှမ်းများသည် သွက်သွက်လက်လက်ဖြစ်နေသည်။ မောင့်လက်တွင်းဆီမှလည်း ကြွပ်ကြွပ်အိတ်တချို့ကို ကိုင်ဆွဲလျက် ပါလာပါ၏။

ဘုရားရေ ..။ မောင်သည် .. မောင်သည် .. ရွှင်လန်းအေးချမ်းသော သူတစ်ယောက်အဖြစ် .. ပြန်လာခွင့် .. ရရှိဖို့ .. ဘုရားရှင်က .. ဖန်တီးဖြစ်တည်စေခဲ့ချေပြီတကား ...။

ငွေဝန်းသာ၏ မျက်ဝန်းများဆီမှ မျက်ရည်များ တနစ်နစ်ပါအောင် ကျလာသည်။ ဘုရားရှင်တော်မြတ်ကို ရည်မှန်း၍ လက်အုပ်လေးပင် ချီလိုက်မိရပါပြီ ..။

မောင် အဆင်ပြေလာသည်မို့ .. အိမ်အတွက် .. ကြွပ်ကြွပ်အိတ်တွေဆွဲ၍ ဝယ်ခြမ်းလာချေသည် မဟုတ်ပါလား ..။ အဆင်မပြေပါချေလျှင် မောင်သည် ခေါင်းငိုက်စိုက်ချ၍ ပန်းချီကားတချို့ကို ပြန်ပိုက်ကာ ခြေလှမ်းလေးလေးဖြင့် လျှောက်လာချေသည်သာ ..။

အိမ်ပေါ်ဆီသို့ ငွေဝန်းသာ ကလေးလိုပင် ပြေးတက် ..။ ဘုရားစင်ရှေ့မှာ ပျပ်ဝပ်စွာ လက်အုပ်လေးချီ၍ ဦးချရသည်မှာလည်း မျက်ရည်များဖြင့်ပါ ..။ ဆွမ်း၊ ပန်းရေချမ်းတို့ ကို ပူဇော်ထားအပ်ပါသော မြတ်ဘုရားရှင်တော်မြတ်အား လက်အုပ်လေးချီ၍ မော့ကြည့်ဖူးမြော် ပူဇော်မိရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားတပည့်တော်မ၏ ခင်ပွန်းသည်အား .. အားမာန်များ ဖြစ်တည်စေသည့် ဘဝကို .. ပေးသနားတော်မူပါသည့် အတွက် .. ဦးချ ကန်တော့အပ်ပါသည်ဘုရား .."

ဟု ကလေးလိုပင် တမော့မော့ နှုတ်မှ ပြောမိရပါသည့် အဖြစ် ..။

လတ်တလောမှာ ငွေဝန်းသာ ကလေးလေးလိုပဲ ပြန်ဖြစ်သွားသည့်နှယ် ရှိနေရပါ၏။ ရင်ထဲမှာ အပျော်တွေပဲ ရှိနေသည်။ ကမန်းကတန်းလေး ပြန်၍ အိမ်ပေါ်မှ ဆင်းလာမိပြန်သည့် အဖြစ် ..။

ခြံဝသို့ရောက်တော့ ခပ်လှမ်းလှမ်းဆီမှာ မောင် ရောက်နေပြီ ..။

မောင့်မျက်နှာသည် ဝင်းကြည်နေသည်ပါပဲ ..။

ငွေဝန်းကို မြင်တော့ မောင့်ခြေလှမ်းတွေ ပိုသွက်လာသည်။

"စောစောက ... မောင် လှမ်းမြင်ပါတယ် လုံမ .. နောက်ခြံထဲပြန်ပြေးဝင်သွားတာ မြင်ရတော့ မောင် နည်းနည်း အံ့သြနေတယ်ကွယ့် လုံမရဲ့ .."

ဟု ပြုံး၍ ပြောလာပါ၏။ ငွေဝန်းသာ ဘာမျှမပြောမိ ..။ မောင့်ကိုသာ ပြုံး၍ ကြည့်မိရပါ၏။ မောင် ငွေဝန်းအားမှာ ရပ်လာသည်။ တူတူယှဉ်၍ လျှောက်သည်။

လက်တွင်းမှ ကြွပ်ကြွပ်အိတ်တွေကို ငွေဝန်း လက်ထဲ ထည့်ပေးသည်။ အမယ်တော်တော်စုံအောင် မောင် ဝယ်လာသည့်အဖြစ် ..။ အဝတ်အစားတွေလည်း ပါသည်။ စားစရာမုန့်



...ပါသည်။ ပြီးတော့ .. ဘဲကင်လည်း ပါလာဦးမှာ သေချာ...သည်။

အိမ်၏ဧည့်ခန်းလေးသို့တိုင် မောင်သည် ငွေဝန်း၏ ...လေးကို တကြည်မွေ့မွေ့ဖြင့် သိုင်းငင်ပွေ့ထားရင်း ယှဉ်တွဲ...လာပါ၏။ ဧည့်ခန်းရှိ ဖျာချောလေးထက်မှာလည်း တူယှဉ် ...ထိုင်စေသည်။ ကြွပ်ကြွပ်အိတ်လေးတွေကို ဘေးမှာချထားစေ... မောင် ပြုံး၍ ငွေဝန်းကို တစိမ့်စိမ့်ကြည့်သည်။ မောင့်ရင် ...အပျော်သည် ငွေဝန်း၏ ရင်သို့တိုင် တစိမ့်စိမ့်မျှ ကူးစက်...င်လာသည်ပါပဲ ..။ မောင့်လက်ဖဝါးတွေက ငွေဝန်း၏ ...လေးများကို သပ်တင်ပေးလာသည်။ နဖူးပြင်လေးကိုလည်း ...နမ်းသည်။

"မောင် .. ကြည်နူးတယ် ငွေဝန်း .. မောင် ပြောပြမယ် .. ပန်းချီပြခန်းငယ်လေး တစ်ခုဟာ မြရိပ်ငြိမ်ရက်တောရင့်မှာပဲ တစ်စိတ်တစ်ပိုင်းကို ကာရံပြီး .. ကျဉ်းမြောင်းပေမဲ့ လှပတဲ့ အပြင်အဆင် အခင်းအကျင်းတွေနဲ့အတူ ဖြစ်တည်လာတော့မယ် ငွေဝန်း .. နွေဦးမွန်ဟိုတယ်ကြီးရဲ့ ပန်းချီခန်းတစ်ခုလို မသားနားပေမယ့် .. မြရိပ်ငြိမ်ဆိုတဲ့ ပန်းချီအရောင်းခန်းလေးဟာ ကျဉ်းမြောင်းနေပေမယ့် .. သစ်လွင်တဲ့ ဆေးလေးတွေ သုတ်ထားတဲ့ နံရံ .. လှပတဲ့ နံရံကပ်မီးအိမ်ရောင်စုံလေးတွေ .. မျက်နှာကြက်ဆီမှာ ရှိနေမယ့် မီးဆိုင်းလှလှလေးတွေ .. လှပတဲ့ ပန်းအိုးလေးတွေ .. သေးငယ်တဲ့ ကောင်တာလေးတစ်ခုနဲ့ .. ခေတ်မီတဲ့အပြင်အဆင်လေးတွေနဲ့ အတူရှိလာရတော့မယ် ငွေဝန်း ..

www.burmeseclassic.com

www.burmeseclassic.com



မြရိပ်ငြိမ်ရက်စ်တောရင့် ပိုင်ရှင် ဦးဖေယျဟာ .. ဟိုနေ့က မောင်နဲ့ ဗလတို့ ပြောကြ ဆိုကြတာကို ကြားသင့်သလောက် ကြားထားတာမို့ .. မောင့်အပေါ်မှာ ပိုပြီး နားလည်စာနာလာတယ် .. သိလာတယ် .. ဗလရဲ့ ဆက်ဆံသွားတာကိုလဲ .. သူ စိတ်မကောင်း ဖြစ်ကျန်ခဲ့တယ်လေ .."

မောင် ပြောပြီး ငွေဝန်းသာ၏ လက်လေးကို ထွေးဆုပ်ထားပြန်သည်။ မောင့်မျက်နှာထက်တွင် ထင်ဟပ်နေသည့် ကြည်နူးရိပ်များကို ငေးကြည့်၍ ငွေဝန်းမှာ မဝနိုင်ဘဲ ဖြစ်နေသည်ပါပဲ ..။ မောင့်မေးရိုး ပြန့်ပြန့်ထက်မှာ ငွေဝန်း၏ လက်ဖဝါးလေးတွေကို ဖေးအုပ်လိုက်ချင်သည်။ မောင့်နဖူးပြင်ကို ငွေဝန်း ဖွဖွမျှင်မျှင်မျှ နမ်းလိုက်ချင်သည်။

ဒါပေမဲ့ .. ပျော်နေသည့် မောင့်အပျော်နှင့် ပြောနေသည့် စကားများကို ခေတ္တတန့်သွားမှာကို မဖြစ်စေချင်သည်မို့ ငွေဝန်း မောင့်ကို မော့၍သာ ချစ်ခြင်းများဖြင့် ကြည်နူးစွာ ငေးကြည့်နေမိရဆဲပါ ..။

"အဲဒါ .. မောင် ပြန်သွားကတည်းက .. နောက်နေ့ကပြီး .. အန်ကယ်ဦးဖေယျ .. မောင့်ကို မျှော်နေတာတဲ့ .. သူ့ရဲ့ ရက်စ်တောရင့်မှာ တစ်စိတ်တစ်ပိုင်းကို ကာလိုက်ပြီး အခန်းဖွဲ့လိုက်မယ် .. အဲဒီမှာ မောင့်ပန်းချီကားတွေကို ချိတ်ပြီး အရောင်းခန်းလေး ဖွင့်မယ် .. မြရိပ်ငြိမ်ပန်းချီ ခန်းဆောင်ငယ်လေးတစ်ခုအဖြစ် ရှိစေမယ်တဲ့ .. သူ့ဆိုင်မှာက .. လာစားသောက်ကြသူတွေ များတယ်မဟုတ်လား .. နိုင်ငံခြားသား တိုးရစ်တွေလဲ ရှိတတ်ကြတယ် .. အဲဒီ



တုန်းကထက် .. အန်ကယ် မောင့်အပေါ် ပိုနားလည်လာတာမို့ .. အဲ့သလို စီစဉ်ဆုံးဖြတ်ထားတာတဲ့ .. မောင့်ဖွဲ့ကိုလည်း သိလာရတာလဲ ပါတယ်တဲ့ .. အရင်တုန်းကတော့ ဆိုင်မှာ ပန်းချီကားလေးတွေ ချိတ်ထားပြီး .. မေးသူရှိရင် ရောင်းပေးလိုက်တဲ့သဘော ဖြစ်ခဲ့ပေမယ့် .. ခုလို နေရာသတ်သတ်မှတ်မှတ်နဲ့ ခန်းဆောင်လေး ဖွင့်လိုက်ရင် ပိုပြီး ရောင်းဖြစ်မယ်တဲ့ .. မောင် ဟိုကိုမရောက်ခင်ရက်ပိုင်းမှာလဲ .. ဆိုင်မှာ အန်ကယ်ချိတ်ထားပေးတဲ့ ပန်းချီကားလေးချပ် ရောင်းဖြစ်ခဲ့တယ်တဲ့ .. ပိုက်ဆံလဲ မောင့်ကို ပေးလိုက်တယ် .. ခု .. အန်ကယ်နဲ့ မောင်က .. အကျိုးစီးပွားစပ်တူလုပ်တဲ့ သဘောနဲ့ အန်ကယ်က .. အရောင်းခန်းဆောင်ငယ်လေးကို ဖွင့်မယ်တဲ့ .. မောင် သဘောတူ မတူကို သိဖို့စောင့်နေတာတဲ့ .. ဒီနေ့ .. သူနဲ့ မောင် .. စာချုပ်လုပ်ဖြစ်တယ် .. ရတဲ့အကျိုးအမြတ်ကို ထက်ဝက်စီ ခွဲစားမယ် .. သူက .. နေရာအတွက် တာဝန်ယူမယ် .. မောင်က ပန်းချီကားတွေ ဆွဲပေးရမယ် .."

မောင့်အသံတွေထဲမှာ အားမာန်များ ပါနေသည်။ မောင့် မျက်နှာထက်မှာ ချမ်းမြေ့ခြင်းများဖြင့် ပြည့်ဝနေသည်။

မောင် ခပ်သွက်သွက် ကြွပ်ကြွပ်အိတ်တွေကို လှမ်းယူသည်။ မောင့်အသွင်သည် ကိုယ်ယူလာသည့် လက်ဆောင်ပစ္စည်းများကို ခပ်ပျော်ပျော် .. ခပ်ကြွားကြွားလေး ထုတ်ပြဖို့ ဟာစုနေသည့် ကလေးလေးတစ်ယောက်နှင့်ပင် တူနေသေးတော့သည့် အဖြစ် ..။

www.burmeseclassic.com



ကြွပ်ကြွပ်အိတ်တွင်းဆီမှ စက္ကူအိတ်တွေဖြင့် သီးသီးသန့်သန့် ရှိနေသည့် အဝတ်အစားတွေကို ထုတ်ပြသည်။

“ဒါက .. ဒေါ်လေးအတွက် .. ဒါက .. မောင့်လုံမအတွက် .. ဝမ်းဆက်လို့ ပြောတာပဲ .. ဒါတိတ်စလေးတွေ လှတာနဲ့ မောင်ဝယ်လာတာ .. ဒါက .. အင်္ကျီထု .. ဒါက ကလေးအတွက်ပိတ်စ .. အနှီးလုပ်ဖို့လေ ..”

ပြောနေရင်း မောင့်မျက်နှာ ပို၍ပြုံးလာသည်။ ငွေဝန်းကို ကြည့်ကာ ကိုယ်ကိုကိုင်း၍ ငွေဝန်း၏ နဖူးလေးကို နမ်းပြန်သည်။ မောင့်တစ်ကိုယ်လုံးသည် အပျော်များဖြင့် နစ်မြှုပ်နေသည့်နှယ် ဖြစ်နေသည်။ သောကငွေ့များ ကင်းစင်နေသည့် မောင့်မျက်နှာကို တစိမ့်စိမ့်မျှ ငွေဝန်း တကြည့်တည်းကြည့် ..။ တကြည်နူးနူးနှင့် ဖြစ်နေရသည်ပါပဲ။

“မောင်ပြောတယ် မဟုတ်လား .. မောင့်သမီးလေးဟာ .. ကံကောင်းခြင်း တရားတွေကို သယ်ဆောင် လာမယ်လို့ ..”

သမီး ..။ သမီးလေးတဲ့လားလေ ..။ မောင်သည် .. သမီးလေး ရမည်ဟု အခိုင်အမာ ယုံကြည်ထားသည့် အသွင် ..။ မောင့်လက်တွင်းမှာ ခင်းနှီးစချုပ်ဖို့အတွက် ဝယ်လာသည့်ပိတ်စ ဖွေးဖွေးသည် ရှိနေဆဲ ..။

မကြာသေးမီကမှ .. ငွေဝန်းထံမှာ မောင့်ရင်သွေးလေး ရှိနေသည်ဆိုတာ မောင့်ကို ငွေဝန်း ပြောပြခဲ့ဖြစ်ပေမယ့် ..။ ခု .. မောင်သည် .. ကလေးအတွက် ဖွေးစင်နူးညံ့သော ပိတ်သားစတို့ကို ဝယ်လာသည့် ဖခင်တစ်ယောက် ဖြစ်နေချေသည်တကား ..။



...တစ်ယောက်၏ မေတ္တာတို့သည်လည်း မောင့်မျက်နှာထက်မှာ ...ထက်ဖြစ်တည်နေကြချေသည်တည့် ..။

“အနက်ကယ်က .. မောင့်ကို စရန်အဖြစ် .. ငွေတွေပေးလိုက်တယ် ငွေဝန်း .. ဒါက .. မောင် ကျန်တဲ့ပိုက်ဆံ ..”

ဟု ဝမ်းသာအားရ အိတ်ကပ်တွင်းမှ ပိုက်ဆံထပ် ...ငွေဝန်း လက်ထဲ အပ်သည်။ မောင့်လက်တွေ တုန်နေကြတာ ...ငွေဝန်း တွေ့မြင်နေရပါ၏။ မောင်သည် .. အိမ်ထောင်ရှင်မ ...ပွေထားသမျှကို အပ်နှံနေသည့် ခင်ပွန်းသည်တစ်ယောက် ... .. အခိုင်အမာ ရပ်တည်ခွင့် ရချေပြီကော .. ဟုခံစားရင်း ...ကို .. စိတ်တွေ လှုပ်ရှားကြည်နူးနေရှာသည်ပဲ ..။ မောင့် ...ချစ်ရသည်နှင့်အမျှ .. သနားရသည်နှင့်အမျှ .. မြတ်နိုး ...ိုးရလွန်းစိတ်ဖြင့် မောင့်ရင်ခွင်မှာ ငွေဝန်း တိုးဝင်၍ .. ...ည်များ ဖြာခနဲ ကျလာရပါပြီ ..။

မောင်ရယ်သည်။ ကြည်နူး၍ကျသော မျက်ရည် ... မောင်လည်း သိချေမည်သာ ..။ ငွေဝန်း၏ ဆံစကို မောင် ...ပေးကာ ..

“ဟောဗျာ .. မောင့်လုံမက .. ဝမ်းသာရင်လဲ ငိုတတ်သကိုး ..”

ဟု ရယ်သံဖြင့် ပြောသည်။ မေးဖျားကို ဖေးမော့စေ...

“မောင် .. ပြောခဲ့တယ်နော် .. သမီးလေးအတွက် နာမည်လေး မောင် ရွေးထားတယ်လို့ ..”

ဟု စိတ်လှုပ်ရှားစွာ ခပ်တိုးတိုး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ မောင့်လုံမနဲ့တူတဲ့ သမီးလေး တစ်ယောက်ကို မောင် နာမည်လေး ကြိုပေးထားပါရဲ့ .. သိပ်လှတဲ့ နာမည် လေးပေါ့ .. ပန်းချီဆရာ မောင်မောင်နွေဦးနဲ့ အငြိမ့်မင်း သမီးလေး ငွေဝန်းသာရဲ့ သမီးလေး .. နာမည်က .. ငွေဒေါင်းမေတဲ့ .. ဘယ်လောက်လှလိုက်တဲ့ နာမည်လေး လဲ .."

ဟု ပြောကာ ငွေဝန်းသာ၏ ကိုယ်လေးကို ရင်ခွင် တွင်းဆီသို့ ထွေးပွေ့ယူလိုက်ပါပြီ ..။

ဩော် ..

သမီးလေး ...။

ငွေဝန်း၏ သမီးလေး .. မောင့်သမီးလေး၏အမည် သည် .. ငွေဒေါင်းမေတဲ့ လားလေ ...။

ခပ်တိုးတိုး ခေါ်ကြည့်ရင်းမှ .. ရင်တွင်းဆီမှ .. ကြည်နူးချမ်းမြေ့ခြင်းများက မျက်ဝန်းများဆီသို့တိုင်လျက် မျက် ရည်သည် စိမ့်တက်လာရပါသည်ကောလေ ...။

ဤသည်ကလည်း .. ကြည်နူးမျက်ရည်သာ .. ဖြစ် ရပါချေသည် သမီးလေး ငွေဒေါင်းမေ ..။

## အခန်း(၁၀)

သမီးလေး ငွေဒေါင်းမေသည် မောင်နှင့် ငွေဝန်းသာ တို့၏ ဘဝတွင် လမင်းလေး တစ်မင်းပမာ အေးမြချမ်းငြိမ်းခြင်း များကို သယ်ဆောင်၍ ဝင်ရောက်လာခဲ့ပါ၏။ မြရိပ်ငြိမ်ပန်းချီ …နံ့ဆောင်လေးသည် အောင်မြင်ခြင်းလမ်းကြောင်းတွင် တည့်မတ် တည်ငြိမ်စွာ လျှောက်လှမ်းနိုင်စေခဲ့သည့် ကာလမှာလည်း သမီး လေး၏ တစ်သက်ပေမို့ ခုံ .. လေးနှစ်ကျော် ကာလတွင်းသို့ပင် တိုင်လာခဲ့ချေပြီတည့် ..။

မောင်သည် .. သမီးလေးကို မြရိပ်ငြိမ်သို့ မသွားမိ ဘဲ တချိပ္ပေ့ပွေ့ ရှိခဲ့သည့်နှယ် ..။

မြရိပ်ငြိမ်မှ ပြန်လာခဲ့လျှင်လည်း တစ်နေ့တာမော သမျှ ပြေစေသည့်နှယ် သမီးလေးကို ချီပွေ့နမ်းရှိုက်မဆုံးခဲ့ ..။ သမီးလေးကလည်း အဖေကို မနက်ခင်းမှသည် ညနေခင်းသို့ တိုင် တွေ့ပဲ ရှိခဲ့ရလေသမျှ .. အဖေလွမ်း သမီးလေးအဖြစ် မောင့် ရင်ခွင်မှာ တကပ်တည်း ကပ်နေသည့် သမီးလေးပါ ..။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း သမီးလေးသည် မောင် မျှော်လ
ဘို့နှယ် ဖွေးဥဥလေးဖြင့် နွဲ့နွဲ့သေးသေးလေးဖြင့် တက
သးနှယ် လှပါ၏။

ဒါပေမဲ့ .. သမီးလေးသည် ငွေဝန်းသာနှင့်လည်
စွပ်မတူသည့်နှယ် မောင်နှင့်လည်း ချွတ်စွပ်မတူ .။ မောင်
ငွေဝန်းသာတို့ထံမှ လှပခြင်းများကို ပေါင်းစပ်ယူထားသည့်
ရှိပါသည့် အဖြစ် ..။ လှပသော ပါးချိုင့်လေးလည်း ငွေဒေါင်း
မှာ ရှိသည်။ ပျောင်းနွဲ့သော ဆံနွယ်နက်နက်နုနုလေးများသ
လည်း ရှိလျက် ..။ မည်းနက်သော မျက်ခုံးတန်းသည် မောင်
တူနေကာ မျက်ဝန်းလေးတွေကျတော့ ငွေဝန်းသာထံမှ မျက်တော
ရှည်ထူထူအလှလေးပါ မကျန်အောင် အရယူထားနိုင်ပါ၏
နှာတံကျပုံလေးက မောင်နှင့် တူသည်။ နှုတ်ခမ်းနနအိအိလေ
ကျတော့ ငွေဝန်းနှင့် တူပါ၏။ အသားလေးကလည်း ငွေ
နှယ်ပင် ဖွေးဥဥလေးနှင့် ပါးပြင်လေးမှာ အကြောမျှင် မြ
ရှိမ်းတို့ ထင်နေပါ၏။

မောင်ကတော့ .. သမီးလေးကို အဖေတူသမီးလေး
အမေတူသမီးလေးနှင့် မျက်ခုံးလေးတို့လိုက် မျက်ဝန်းလေး
လိုက်နှင့် အရမ်းကို ချစ်ရှာပါ၏။

မောင်ဝယ်လာသော အရုပ်လေးများ၊ ဂါဝန်လ
လေးများသည် သမီးလေးအတွက် အမြဲအလျှံပယ်မျှပင် ဖြစ်
တတ်ကြရမြဲ ..။

ငွေဒေါင်းမေ .. ဟူသည့် သမီးလေးသည် .. ဒေါ
ဒေါ်ထားမေ၏ အယုအယ၊ မောင့်ချစ်ခြင်းများ၊ ငွေဝန်းသာ



အရိပ်တကြည့်ကြည့် ချစ်နေရမှုများ အလယ်တွင် အေးမြချမ်းငြိမ်း
စွာဖြင့် ဘဝကို ဖြတ်သန်းခဲ့ရပေတော့မည်ဟု မောင်ရော ငွေဝန်း
ရော အလွန်တရာကိုမှ ယုံကြည်စိတ်ချနေမိခဲ့ကြရသည်မှာလည်း
အမှန်ပါ ..။

မောင်သည် .. ငွေဝန်းတို့၏ ရွာလေးမှာ ပန်းချီ
ဆရာလေးတစ်ယောက်အဖြစ် အများတို့၏ လေးစားချစ်ခင်မှုကို
ပင် ရနေပါပြီ ..။

လသာသော ညများမှာ မောင်သည် ငွေဝန်းကို
ဘေးတွင်ထိုင်စေလျက် ..။ အိပ်ပျော်နေသည့် သမီးလေးရှိရာ
ခုတင်ဘေးတွင် ကုလားထိုင်လေးတစ်လုံးဖြင့် ပြတင်းအနီးမှာ
ထိုင်ကာ .. ချစ်မိုးစွေ သီချင်းကို တယောလေးထိုးရင်း ဆိုညည်း
တတ်သည်။

ထိုသို့ လသာညများကို အေးမြချမ်းငြိမ်းစွာ ဖြတ်
သန်းခဲ့ရသည့် ကာလသည် .. နှစ်ကာလများသို့တိုင် အစဉ်တ
စိုက် ရှိခဲ့သည်သာ ..။

ထိုမျှ အေးမြကြည်စင်နေသည့် ဘဝတွင်းမှာ အ
ကို တုန်လှုပ်ချောက်ချားစေမည့် ကံကြမ္မာဆိုးကြီးတစ်ခု ၄
ခမန်းလိလိ ကျရောက်ရောက်လာချေလိမ့်မည်ဟု ဘ
မထင့်မှတ်စေနိုင်ခဲ့ ..။ ဒါပေမဲ့ .. ထိုအဖြစ်သည် .. တက
ပဲ လက်တွေ့ဘဝမှာ ဖြစ်တည်ခဲ့ရပါ၏။

ထိုနေ့က မောင်သည် .. တစ်ပတ်တာမျှ အိမ်တွင်
ဆက်တိုက်နေကာ ဆွဲခဲ့ပါသည့် ပန်းချီကားတချို့နှင့်အတူ ..
မြို့ပိုင်ငြိမ်သို့ ထွက်ခွာသွားခဲ့သည်။ မနေ့ကပင် အန်ကယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးဖေယျမှ အိမ်သို့ လာလည်ခဲ့သေးကာ .. မကြာမီကာလမှာ မြရိပ်ငြိမ်ပန်းချီအရောင်းခန်းမဆောင် တစ်ခုကို .. နေရာကောင်းမှာ ထပ်မံဝယ်ယူ၍ ဖွင့်လှစ်ရန် အားလုံး အသင့်ဖြစ်နေပြီဟုဝင် ပြောပြခဲ့သေးသည်။ မောင် .. ရုတ်တရက် သိပြီး ဝမ်းသာကြည်နူးအောင် ယခုမှ ပြောခြင်းဖြစ်ကြောင်းကိုလည်း ပြောပြခဲ့ပါ၏။ အန်ကယ်ဦးဖေယျနှင့် ငွေဝန်းသာတို့မှာ မိသားစုများပမာ ခင်မင်ရင်းနှီးခဲ့ကြပြီးလည်း ဖြစ်ပါ၏။

မောင် မြရိပ်ငြိမ်သို့ ထွက်ခွာသွားစဉ်မှာ .. ရှေ့အနာဂတ်ခရီးအတွက် မျှော်လင့်ခြင်းများ ပို၍ပြည့်လျှမ်းနေသည့် ခြေလှမ်းများဖြင့် ဖြစ်ပါ၏။ ဒါပေမဲ့ .. မောင့်အပြန်ခရီးသည် အမှောင်တို့ လွှမ်းမိုးနေသည့် ဘဝတစ်ခုကို လက်ခံလိုက်ပြီးရသည့် သူတစ်ယောက် ဖြစ်နေချေသည်တကား ..။

မောင်တို့ စီးသွားခဲ့ပါသော လိုင်းကားသည် လမ်းမှာ ဘီးပေါက်သည်နှင့် စပယ်ယာဘီးလည်း မပါဘဲ မှေ့နေသည်ဆိုကာ လမ်းခုလတ်မှာ ခရီးကြန့်ကြာနေသည်မို့ မောင်သည် ရွာ ...်လည်း မဝေးသေးသည်မို့ .. အိမ်သို့ ပြန်လာခဲ့သည်တဲ့ ..။

ထုပ်ပိုးထားသော ပန်းချီကားချပ်များပါသည့် လက်လိုက်ကိုဆွဲလျက် မောင်တစ်ယောက်တည်း ရွာသို့ပြန်လာခဲ့သည်။ ထိုအခိုက် .. မနက်ကတည်းက ညို့ယောင်ဆင်နေသည့် မိုးသည် ရုတ်ချည်း အရှိန်နှင့်လည်း ရွာချ ..။ မိုးကြီးလေကြီးကျလာသည်မို့ မောင် လမ်းဘေးသစ်ပင်ကြီးအောက် ဝင်ခိုခဲ့ရာမှ ..။

မိုးလေကြောင့် ကျိုးကျပါသည့် သစ်ကိုင်းသည် မောင့်ကိုယ်ပေါ်ကျ၍ ..။



မောင် သတိလစ်နေလေသမျှကို .. မိုးသက်လေငြိမ်...ားစပယ်ယာလေး ရွာပြန်လာစဉ်ခိုက် ..။ ပန်းချီကားထည့်...ာအိတ်၏ဘေးတွင် ခေါင်းတွင်ဒဏ်ရာရ၍ သတိမေ့နေပါ...ည့် မောင့်ကို မြင်ရတွေ့ရသည်မို့ ..။ သစ်ကိုင်းကို ဖယ်ရှား... မောင့်ကို ထမ်းပိုး၍ အိမ်သို့ လာပို့ပေးခဲ့ပါ၏။ သွေးသံများ...သည့် မောင့်ခေါင်းမှ ဒဏ်ရာကို မြင်ရသည်နှင့် ငွေဝန်းသာမှာ ...ဲ ထိတ်ပျာချောက်ချားနေရရင်း ခြေမကိုင်မိ လက်မကိုင်မိ ...ဖြစ်နေရလေသမျှ ..။ ဒေါ်လေး ခေါ်မေးပါသော ရွာမှ သူနာ...ပြုမလေးနှင့် ဖြင့်ပင် ခေါင်းမှ ဒဏ်ရာကိုချုပ် ..။ ဆေးထိုး...ထည့်နှင့် ရှိနေချိန်မှာ ငွေဝန်းမှာ မောင့်ခြေဖဝါးလေးတွေ ...ဆုပ်ပေးလိုက်။ ငြိမ်သက်နေသည့် မောင့်ကို ကြည့်လိုက် ..။ ...ငိုကျလိုက်နှင့် ဆောက်တည်မရအောင် သောကများဖြင့် ...င်မြိုက်နေရပါ၏။

ဆရာမကလေးက ... မောင့်ကို .. ဆေးရုံသို့ ခေါ်...သင့်သည်ဟုတော့ ပြောပါ၏။ ခေါင်းကို ထိသည်မို့ .. ...ရုံသို့ သွားပြသင့်သည်ဟု ပြောသည်။ ထိုသို့ပြောမှ ငွေဝန်း...မောင့်အတွက် ပို၍စိုးရိမ်ရ မောင့်မျက်နှာ ဖြူဖျော့ဖျော့ကို ...သေးစမ်းကြည့် ပါးလေးစမ်းကြည့်နှင့် ဖြစ်ရပြန်ပါ၏။

"လူလေး သတိရလာတော့ .. စီစဉ်ကြတာပေါ့ကွယ် .. ခုလောလောဆယ် ကားလဲငှားလို့မှ မရသေးတာ .."

ဟု ဒေါ်လေး ပြောခိုက်မှာပင် မောင့်ကိုယ်ကြီး...ဲ ဖြစ်သည်မို့ ငွေဝန်းသာမှာ မောင့် လက်ကို ဆုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



"မောင် ... သတိရပြီလားဟင် ... သတိရလာပြီလား ... မော
ခေါင်းတွေ ကိုက်နေလားဟင် ... သိပ်နာနေလား မော
ခေါင်းမူးနေလား မောင် ... ဟင် ... မျက်စိဖွင့်လို့ ရပြီ
မောင်"

နှင့် စိတ်ထဲ ပူပန်နေသမျှ တမေးတည်း မေး
တော့ မောင် ခေါင်းယမ်းပြသည်။

ငွေဝန်းအသံကို မောင် သတိရလာချင်းချင်း
သိနေနိုင်ဟန် တူသည်။

ဒါပေမဲ့ မောင့်မျက်ဝန်းတွေ ဖွင့်မလာနိုင်သေး
တိုးသဲ့သဲ့တစ်ချက် မောင် ညည်းလိုက်သည်မို့ ...

"မောင် ... ခေါင်းထဲက သိပ်နာနေလားဟင် ... လက်
မှာလဲ သစ်ကိုင်းတွေ ခြစ်ထား ပွန်းထားတဲ့ အရာ
မောင်ရယ် ..."

ဟု မချိတင်ကဲ့ ပြောမိရင်း ငွေဝန်း မျက်ရည်
လာသည်။ ဒေါ်လေးမှ ငွေဝန်းကို လက်ကာပြလျက် ...

"လူလေး ခဏနားနေပါစေလား လုံမရယ် ... မော
စိတ်ပင်ပန်းရှာမယ် ... လူလေးက ... သူ့ဒဏ်ရာထ
လုံမ ငိုနေတာကို ကြားရသမျှ ပိုစိတ်ထိခိုက် ခံစား
မှာ ... လုံမကို ... မျက်ရည်အကျခံတဲ့သူမှ မဟုတ်
ခုမှ သတိရစ လူလေးကို စိတ်မပင်ပန်းစေနဲ့ လုံမ

ဟု သတိပေးနေစဉ်ခိုက်မှာပင် မောင့် မျက်ဝန်း
ဖြည်းဖြည်းချင်း ပွင့်လာသည်။ ဘာတွေ ဖြစ်ပျက်ကုန်
ဆိုတာကိုလည်း သိနိုင်အောင် ကြိုးစားနေခြင်းကြောင့်များလား



မှမဟုတ် ... ဒဏ်ရာက နာကျင်လွန်းနေ၍လား မသိ ...။ မောင့်
မျက်ခုံးတွေ တွန့်ထားသည်။

"မောင် ..."

"ငွေဝန်း ..."

မောင့်လက်တွေ မြှောက်လာသည်။ ငွေဝန်းရှိရာ
ဘက်ကို လက်ကို ဆန့်တန်းလာသည်။

"မောင် ... မောင် ... ဘာမှ မမြင်ရတော့ဘူး ငွေဝန်း ...
ဘုရားရေ ... မောင် ... ဘာမှ မမြင်ရတော့ပါလား ..."

မောင့်အသံတွေ အရမ်းကို တုန်ခါနေသည်။ ဤ
အစ်ကြိမ်တွင် မောင်သည် ရင်တွင်းမှ ခံစားမှုများကို မဖုံးကွယ်
နိုင်တော့သည့်နှယ် ချောက်ချောက်ချားချားကြီး ဖြစ်နေပါပြီ။
ဆရာမလေးနှင်းပင် ကိုယ်လေး တောင့်ခနဲ ဖြစ်သွားကာ မောင့်
ကို စိတ်ထိခိုက်သလိုလေး ငေးစိုက်ကြည့်နေစဉ်ခိုက်မှာ ...။ ငွေ
ဝန်းသာမှာဖြင့် မောင့်ကို ကြေကွဲစိတ်ဖြင့် သိမ်းကျုံးပွေ့ပင်
ထွေ့လိုက်မိရပါပြီ ...။

"ဘုရား ... ဘုရား ... မောင်ရယ် ... ဖြစ်ရလေ မောင်ရယ် ...
ကိုယ်ကျိုးနည်းပါပေါ့လား မောင့်ရဲ့ ..."

ဟု အသံလေးတွေ အက်ကျရင်း မောင့်ရင်ခွင်မှာ
ခေါင်းကို တိုးထား အပ်ထားမိရင်း ငိုချလိုက်တော့ မောင့်ကိုယ်
ကြီး လန့်ခနဲ ဖြစ်တော့မည့်နှယ် ရှိသွားတာမို့ ဒေါ်လေးမှာ
လခန်းကတန်းကြီး မောင့်ကျောကို နောက်မှ ဖေးထိန်းရ ...

"လုံမ ... စိတ်ကိုထိန်းလေ ... ခု လူလေးခမျာ ... စိတ်ထိခိုက်
နေရှာရှိန်ပါ ... သူ့ကိုအားပေးရမှာ ... အားပေးပြော လုံမရဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်ရည်ကျရင်း ပြောနေတော့ မောင် အရမ်းကို ငြိမ်ကျသွားသည်။ ရှေ့တည့်တည့်ကို မောင်ကြည့်နေ၏။ မောင့် မျက်ဝန်းမှာ မျက်ရည်တို့ အိုင်တက်လာနေသည်။

အံကို တင်းနေအောင် ကြိတ်ထားရင်း မောင် အတန်ကြာမျှ ရှေ့တည့်တည့်ကို ကြည့်မြဲကြည့်နေသည်။ ငွေဝန်း လည်း မောင့်ရင်ခွင်မှခွာ၍ မောင့်လှုပ်ရှားမှုများကို မလွတ်တမ်း မျက်ရည်များ ဖြိုင်မိုးကျနေရင်း ရင်ထဲ ကျပ်ခဲလောင်မြိုက်စွာ ကြည့်နေမိရပါ၏။ ပတ်တီးစည်းထားသော မောင့်ခေါင်းမှ ဒဏ ရာသည် .. မောင့်အမြင်အာရုံကို .. မောင့်ထံမှ ပျောက်ဆုံးစေ သည်တဲ့လား ..။ ဤအဖြစ်ကို ငွေဝန်းသာ လက်ခံပေးလိုက် မှာ ချောက်ချားနေသည်။ ဆောက်တည်ရာမဲ့နေသည်။ မောင့် သနားစိတ်ဖြင့် ရင်သည် ဗြန်းခနဲ ကွဲလုမတတ် ဖြစ်နေသည် လည်ချောင်းမှာ ဆို့နေလျက် ရင်သည် နင့်နေရပါသည့် အဖြစ် ..

မောင့်မျက်ဝန်းများကို ပြန်၍ စုံမှိတ်ချလိုက်ပါ လက်ဖဝါးနှစ်ဖက်သည် မွေ့ရာထက်မှာ တွဲရရွဲကြီး ဖေးတင် သည်က အားအင်ပြတ်နေသည့်နှယ်ပါတည့် ...။

"သေချာသွားပြီး ငွေဝန်း .. မောင် .. ကန်းပြီ .."

အက်အက်ကွဲကွဲကြီး ပြောချပြီးသည့်နောက်မှာ ကိုယ်ကိုပြန်၍ လျှောချသည်၊ အလိုက်သင့် ဒေါ်လေးမှ မောင့် အိပ်ရာထက်တွင် လှဲနေစေဖို့ ဘေးမှ ထိန်းပေးရှာပါ၏။ ငွေ ကိုယ်လေး တောင့်နေဆဲ ..။ မောင်ပြောသည့် စကားသည် ကို ပြင်းထန်စွာ အလဲထိုးလိုက်သည့်နှယ် ရှိနေဆဲ ..။

"မောင် .. လူပိုကြီးတစ်ယောက် ဖြစ်ပါပေါ့လား လုံး



မျက်ဝန်းများကို စုံမှိတ်ချလိုက်ကာ ကလေးတစ် ယောက်နှယ်ပင် မောင် မျက်ရည်ကျလာရင်း ထိထိခိုက်ခိုက်ကြီး ပြောချလာတော့ ငွေဝန်း မောင့်ကို သနားလွန်း၍ ရှိုက်သံကို ပွင့် ကျစေရက် ..။

မျက်ရည်ကိုသာ ဖြိုင်ဖြိုနေအောင် ကျခွင့်ပြုလိုက်ရ သမယ့် ရှိုက်သံပွင့်ကျမလာအောင် ငွေဝန်း အံခဲထိန်းထားလိုက် ပါပြီတည်း ..။

"မဟုတ်တာ မောင်ရယ် .. ဒါ .. ခဏဖြစ်မှာပါ .. မောင့် ကို .. ငွေဝန်းတို့ .. ကုသမှာပေါ့ .. ဆရာဝန်ကြီးတွေ ရှိတာပဲ ဥစ္စာ .."

ဟု ငွေဝန်း မောင့်လက်ကိုထွေး၍ ပြောသည်။ ရာမလေး နှင်းမှ ဒေါ်လေးကို ကြည့်ကာ ..

"သူ့ကို ခဏ ငြိမ်ငြိမ်လေး နားနေစေလိုက်တာ ကောင်း တယ် ဒေါ်လေး၊ နောက်တော့လဲ .. ရန်ကုန်သွားပြီး .. ကုသကြတာပေါ့ .. ရွာနဲ့ ဝေးတဲ့ခရီးမှ မဟုတ်တာ .. ခု မိုးလေးရှိနေတုန်းတော့ ထားပေါ့လေ .."

ဟု ပြောကာ မောင့်ကို ဆေးဘစ်လုံး ထိုးပေးသည်။ ကြာလိုက် ..။ မောင် အိပ်ပျော်သွားရှာပါ၏။

ထိုအခါမှ ငွေဝန်း မောင့်ဘေးမှာ ငြိမ်ငြိမ်သက် လေးထိုင်၍ .. မောင့်မျက်နှာကို ငေးစိုက်ကြည့်ရင်း မျက်ရည် ဖြိုင်ဖြိုကျနေရပါသည့် အဖြစ် ..။

မယုံရဲချင် ..။ မယုံရက်နိုင် ..။ မောင် .. ကွဲ့တ ရောက်ရချေပြီတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာ တစ်ယောက်ထံတွင် မျက်ဝန်း၏ အလင်းသည် အဘယ်မျှထိ အရေးပါသော နေရာတွင် ရှိနေပါသလဲ ..။ ပန်းချီဆွဲသော လက်ချောင်းလေးများကို လိုရာရောက်အောင် ပို့ဆောင်အပ်နှင်းပါသည့် အလင်းရောင် ..။ ပန်းချီရဲ့ ကြောင်းလေးများကို မှန်ကန်သေသပ်စွာ ဆွဲနိုင်စေဖို့အတွက် အရေးတကြီးတကာ အရေးကြီးဆုံးသော နေရာတွင် ရှိပါသည့် မျက်ဝန်း၏ အမြင်အာရုံ ..။ ထိုအရာသည် .. မောင့်ထံမှ .. လောလောလတ်လတ်ကြီးမှာ .. လုံးဝထွက်ခွာသွားလိုက်ချေပြီတကား ..။

မနက်ကပင် .. မောင်သည် .. အကောင်းပကတိ ရှိနေခဲ့သည်။

ခု .. မောင်သည် .. မျက်မမြင်ဘဝကို ရောက်သွားရချေပြီတဲ့လား ..။

"မောင်ရယ် .. ဖြစ်ရလေ .. ဖြစ်ရလေချင်း မောင်ရယ် .. မောင့်ကိုယ်စား .. ငွေဝန်းပဲ ဖြစ်လိုက်ချင်ပါတယ် မောင် .. မောင် အားငယ်နေမှာ .. စိတ်ထိခိုက်နေမှာကို မမြင်ရက်တာမို့ .. ငွေဝန်းပဲ ခံလိုက်ချင်ပါတယ် မောင်ရယ် .. ဘုရား .. ကိုယ်ကျိုးတော့ .. နည်းပါပေ့လား .."

ဟုတွေးရင် မျက်ရည်များကျလာလျက် မောင့်ဆံပင်တွေကို ဖေးယူကာ မျက်နှာလေး ဖေးအပ်၍ တိတ်ဆိတ်စွာ မျက်ရည်များ တကျကျတည်း ကျနေရပါသည့် အဖြစ် ..။

မောင်သည် .. ငွေဝန်းကို .. ရှာဖွေကြွေးမွေးသည်ဆိုရာ၌ ..။ ပန်းချီအရောင်းခန်းရှိရာ မြရိပ်ငြိမ်သို့ အသွားကားကြမ္မာဆိုးကြောင့် .. မျက်မမြင်ဘဝသို့ ရောက်ရချေသည်။



မောင်သည် .. ငွေဝန်းတို့ မိသားစုလေးကို .. ဦးဖြိုးပြီး၍ .. ဘဝကို ရင်း၍ .. စွန့်လွှတ်ကာ .. ရှာဖွေကျွေးမွေးသည်မို့ ..။

"မောင်ရယ် .."

ဟု အထပ်ထပ် ခေါ်နေမိရင်း .. ပန်းချီဆွဲခဲ့ပါလေသော မောင့်လက်ချောင်း နုနုသွယ်သွယ်လေးများကို ဖွဖွနမ်းမိ ..။ မောင့် မျက်ဝန်းများ မှေးပိတ်ထားရာ မျက်ခွံလေးပေါ် ဖွဖွရှိုက်မိရနှင့် အရှုံးတစ်ပိုင်း ဖြစ်နေရပါချေသည်တကား ..။

* ၁၈ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

မောင့်ဇနီးအဖြစ် မောင့်ကိုယ်စားမှာ နေရာထား

အန်ကယ်ဦးဖေယျ ပြောနေသမျှ စကားများကို ငွေဝန်းသာ ငြိ

သက်စွာ ခေါင်းလေးငုံ့၍ နားထောင်နေရစဉ်မိုက် ရင်ထဲ

နာကျင်နေတာပဲ ရှိနေသည်။

မောင့်ပန်းချီကားများကို ရောင်းချ၍ ရသည့်အ

အမြတ်များကို ထက်ဝက်စီ ခံစားခွင့် ရကြဖို့အတွက် နှစ်

သဘောတူမှု ရှိခဲ့ကြသည်မှာ အမှန်။ ဒါပေမဲ့ ... လက်ရှိအ

မှာ မောင်သည် ပန်းချီကားများကို ရေးဆွဲနိုင်စွမ်းသည့် ပ

ဆရာတစ်ယောက်အဖြစ် မရပ်တည်နိုင်တော့သည်မို့ ..။

"ဘာပဲဖြစ်ဖြစ် .. မောင်မောင်ရဲ့ရှေ့မှာ မပြောချင်တာ

ဒီမြရိပ်ငြိမ်ကိုပဲ လာခဲ့ဖို့ အန်ကယ် တကူးတက ငွေ

သာတို့ဆီကို ဆိုင်ကကောင်လေးနဲ့ စာရေးပြီး အခေါ်

လိုက်တာပါကွယ် .. မောင်မောင် ရောက်မလာတာ ဖြ

နေတာမို့ အန်ကယ် ရွာကိုလိုက်ခဲ့တော့မှ .. အဖြစ်

သိခဲ့ရတုန်းကလည်း အန်ကယ် အတော်ကြီးကို စိတ်



ကောင်း ဖြစ်မိတာ ငါ့ဇူးမ ယုံပါ .. မောင်မောင်ဟာ တကယ့်ကို စိတ်ရင်းကောင်းတဲ့ သူငယ်လေးပါ .. အန်ကယ် လည်း သူ့ကို တူသားရင်းလိုပဲ သံယောဇဉ် ရှိပါတယ် .. ခုလို .. သူ .. အမြင်အာရုံ ကွယ်သွားတဲ့အတွက်လည်း အန်ကယ် အတော်ကြီးကို ယူကျုံးမရ ဖြစ်နေတာပါ .."

အန်ကယ်ပြောနေသမျှ စကားများကို ခေါင်းလေး ငုံ့ရင်း နားထောင်နေရပေမယ့် အန်ကယ်သည် မောင့်ရှေ့မှာ မပြောချင်သည်မို့သာ ရွာထိ အန်ကယ့် မြရိပ်ငြိမ်ရက်တော့ရင့်မှ အလုပ်သမားလေးဖြင့် စာရေး၍ ငွေဝန်းကို အခေါ်ခိုင်းခဲ့ခြင်းဆို တာ သိနေရသည်ပါပဲ။ ဒါကြောင့်မို့လည်း ဘာကိုမျှဝင်၍ စကား ကို ဖြတ်မပြောဘဲ ငြိမ်နားထောင်နေမိရခြင်းပါ။ အကယ်၍သာ .. မောင့်ကို မသိစေချင်သည့် စကားများ မပါရှိဘူးဆိုလျှင် ငွေဝန်းကို ခုလို .. မောင့်မျက်ကွယ်နေရာမှာ .. မောင်မကြားနိုင်သည့် နေရာ မှ တကန်တက ခေါ်ပြောရန် အကြောင်းမှ မရှိချေပါလေ ..။

ငွေဝန်း၏အကြည့်က ပန်းချီအရောင်းခန်းဆောင် ငယ်လေးရှိ ကောင်တာလေးဆီသို့သာတန့်နေသည်။ မောင်သည် ကြောမလင့်သေးသော ကာလ ရက်အပိုင်းအခြားလေးဆီက .. ထိုကောင်တာနေရာလေးမှာ ထိုင်ခဲ့ချေသည်။ ဤအရောင်းခန်း ဆောင်ငယ်လေးရှိ .. နံရံများမှာ ချိတ်ထားသော ပန်းချီကား အားလုံးသည် မောင့်လက်ရာချည်းသာ ဖြစ်ချေသည်မို့ .. မောင် သည် ကြည်နူးပီတိနှင့် ငေးကြည့်နေခဲ့ပါချေလိမ့်မည်။ ပန်းချီကား များကို လာကြည့်သူများ ..။ ဝယ်သူများကိုလည်း ပြုံး၍ကြည် စင်စွာ စကားများ ဆိုခဲ့ပါချေလိမ့်မည်။ အန်ကယ့်ဝန်ထမ်းကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်နှင့်အတူ မောင်သည် .. ဤမြရိပ်ငြိမ်ပန်းချီ အရောင်းခန်းဆောင်ငယ်လေးမှာ ..။ အလှဆင်ပန်းအိုးများနှင့် ရှိနေသည့် ဤနေရာလေးမှာ ..။

လှပသော အနာဂတ်ကာလများကို ယုံကြည်စိတ်ချစွာ မျှော်လင့်ထားရင်း ရှိခဲ့ပါချေလိမ့်မည် ..။ မောင်သည် .. မျက်ဝန်းများထံမှ အာရုံအလင်းတန်းများကို ပျောက်ဆုံးလိုက်ရချေမည့်သူ တစ်ယောက်အဖြစ် မည်သို့ ရှေ့အနာဂတ်ခရီးကို ထိုစဉ်က မျှော်လင့်ခဲ့ပါချေလိမ့်မည်တဲ့လေ ..။

သြော် .. ယခုတော့မောင်သည် .. အိမ်ငယ်လေးတစ်လုံး၏ ဝရန်တာဆောင်လေးဆီမှာ တိတ်ဆိတ်စွာထိုင်ရင်း ရှေ့ဆက်ရမည့် ဘဝခရီးအတွက် ကြေကွဲနေသည့်သူ တစ်ယောက်အဖြစ် အိမ်တွင် ကျန်ရစ်ခဲ့ချေသည်တကား ..။

မောင့်ကိုတော့ ငွေဝန်းသာ မယုတ်မလွန်လေး အသိပေးခဲ့ရပါ၏။ အန်ကယ်ဦးဇေယျမှ အခေါ်ခိုင်းသည်ဆိုတာကိုလည်း အသိပေးခဲ့သည်။ မောင့်အတွက် စိတ်မကောင်း၍ ခေါ်ခြင်းပါ .. ဟု အမှာစကားဖြင့် အခေါ်ခိုင်းလာခြင်းပေမို့ ငွေဝန်းလိုက်သွားပါမည်ဟုလည်း ပြောခဲ့ရပါ၏။ မောင် တစ်ချက်တော့ ငိုင်သည်။ အန်ကယ် အိမ်သို့တိုင်အောင် လိုက်လာခဲ့သည်မှာလည်း အမှန်။ နောက်တော့ စိတ်မကောင်းကြောင်းပြောကာ ငွေတစ်သောင်း ပေးခဲ့ပြီး ပြန်သွားခဲ့သည်။ နောက်နှစ်ရက်ပင် မကြာ ..။ ခု .. ငွေဝန်းသာကို အခေါ်လွှတ်လာသည့်အဖြစ်။ မောင် .. ခဏငြိမ်စဉ်းစားခဲ့ပြီးမှ ဒေါ်လေးနှင့်အတူ မြရိပ်ငြိမ်သို့ သွားဖို့ ခွင့်ပြုခဲ့ခြင်းပါ ..။



"ဒီအရောင်းခန်းဆောင်လေးကို ပြင်ဆင်ရတာ .. အခန်းတွေ ဖွဲ့စည်းတည်ဆောက်ရတာ .. အတော်လေးကို ကုန်ကျတယ် ငွေဝန်းသာ၊ နောက်ပြီး .. မောင်မောင့် အတွက် အရောင်းပန်းချီခန်းဆောင်ကျယ်ကြီး တစ်ခုကိုလည်း အန်ကယ်က ဝယ်ထား .. ပြုပြင်မှုတွေ .. အခင်းအကျင်းတွေ လုပ်ထားပြီးနေတာလည်း ရှိနေခဲ့ပြီးပြီ .. သူရော .,အန်ကယ်ရော .. ခုလို .. သူ့မှာ အမြင်အာရုံ ပျောက်ကွယ်သွားတော့မယ်ဆိုတာ ဘယ်လိုသိနိုင်ကြမှာလဲ .. ငါတို့မတွေးကြည့်လေ .. သူက .. ပန်းချီဆရာ .. သူ မမြင်ရတော့တာမို့ .. ဘယ်လိုပန်းချီဆွဲနိုင်တော့မလဲ၊ သူ့မှာ .. သူ့အနုပညာကို .. ဆုံးရှုံးရပြီ .. သူ .. ပန်းချီမဆွဲနိုင်တော့ဘူး .. အန်ကယ်က .. သူ့ပန်းချီကားတွေ ရောင်းနေတာမို့ .. သူ ပန်းချီဆွဲနေနိုင်မယ် ဆိုတာကိုလဲ ယုံကြည်နားလည်ထားတာမို့ .. သူ့အနုပညာလက်ရာကို .. ယုံကြည်စိတ်ချထားတာမို့ .. စောစောက ပြောသလိုပဲ .. ခန်းမဆောင်ကြီး တစ်ခုကိုတောင် အန်ကယ်က .. ဝယ်ပြီးနေပြီ .. ပြင်ဆင်ထားနေပြီ .. ဒီအချိန်မှာမှ .. ဒီအဖြစ်ကကြုံရတာ .. သူက လေလျော့ရင်း တက်ကျိုးရသလိုပါပဲ .."

ဒေါ်လေးကတော့ ဘေးမှာ ငြိမ်ငြိမ်သက်သက်ပဲ ထောင်နေသည်။ ငွေဝန်းသည်လည်း တိတ်ဆိတ်ငြိမ်ကျနေသည် ပဲ။ ငွေဝန်း ဘာပြောရမည်တဲ့လဲလေ ..။ လာသည်ကိုက အန် ယ်ပြောသမျှတွေကို .. ဦးစွာ နားထောင်ပေးဖို့အတွက် မဟုတ် လား။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ကျတော့ .. ငွေကြေးဆုံးရှုံးနေရပြီ .. သူ့ဆီက
ပန်းချီကားတွေ အန်ကယ်မရနိုင်တော့ဘူး .. ဒီနံရံမှာချိတ်
ထားတဲ့ ပန်းချီကားတွေ အားလုံးကို ရောင်းလိုက်ရပြီ
ထား .. အန်ကယ် မြှုပ်နှံထားခဲ့ရတဲ့ ငွေကြေးကို ဘယ်
မှ ပြန်မရနိုင်တော့ဘူး .. အန်ကယ် .. နစ်နေအောင် ငွေ
ကြေးအားဖြင့် ဆုံးရှုံးတယ် .. စီးပွားရေးစကားမျိုး ပြော
လိုက်ရရင်တော့ .. ခွက်ခွက်လန်အောင် ရှုံးတယ်လို့ ပြော
ရမလို ဖြစ်နေတယ် .."

ငွေဝန်းသာ ရင်ထဲမှာ ပို၍ နာကြင်ကြေကွဲလာ
သည်။ စီးပွားရေး စကားအရပြောလျှင် ခွက်ခွက်လန်အောင် ဆုံး
ရှုံးသည်တဲ့လားလေ ..။ မောင့်မျက်မမြင်ဘဝကို ထည့်မတွက်
တော့ဘူးလားဟု မေးရန် အားပင်မကျန် ..။ မောင့်မှာ .. တစ်
လုံး အမှောင်တိုက်ထဲ ရောက်သွားရခြင်းပါ ..။ အန်ကယ်
သည့်နှယ် စကားကပ်ပြောကြစတမ်းဆိုလျှင် .. မြရိပ်ငြိမ်
ပန်းချီကားများကို ယူဆောင်သွားရင်း မြရိပ်ငြိမ်သို့ သွားရင်း ..
မမျှော်လင့်သော ကံကြမ္မာဆိုးကြောင့် .. ခုလို .. အဖြစ်ဆိုး
ခဲ့ရခြင်းပါ ..။ ဒါပေမဲ့ .. အန်ကယ်ဦးဖေယျသည်လည်း ..
ကျခံထားသည့် ငွေကြေးကိန်းဂဏန်းများကိုသာ ထည့်သွင်း
အရေးတကြီးဖြင့် .. ရှေ့တန်းတင်နေချေသည်ကောလေ ..။

"အန်ကယ်ကလဲ .. အန်ကယ့်ဇနီးဖြစ်တဲ့သူရဲ့ လက်
လက်စားတွေကအစ ထုခွဲတန်တာတွေကိုပါ ထုခွဲပြီး ..
အရောင်းခန်းမဆောင် အသစ်အတွက် ရင်းခဲ့ရတာ ..
တွမ သိမှာပဲလေ .. ရန်ကုန်လိုမြို့ကြီးရဲ့ အချက်အ



ကျတဲ့ နေရာမျိုးမှာမှလဲ ပန်းချီအရောင်းခန်းမဆောင်ဆို
တာက ရှိသင့်တာ မဟုတ်လား .. အရင်းအနှီး ဘယ်လောက်
ကြီးမယ်ဆိုတာ မှန်းနိုင်ပါတယ် .."

ဒေါ်လေးထံမှ ခပ်တိုးတိုး သက်ပြင်းရှိုက်သံကို
ငွေဝန်းသာ ကြားလိုက်ရပါ၏။ ငွေဝန်းသာမှာဖြင့် သက်ပြင်းချ
အားပင်မကျန်တော့သယောင် ရင်ထဲမှာ အဆို့ကြီး ဆို့နေကာ
တစ်ခုလုံး ကျုပ်ခဲနေတာပဲ သိနေရပါသည့် အဖြစ်။ အန်ကယ်
ကို ရည်ရွယ်နေသည်ဆိုတာ တဖြည်းဖြည်း ပို၍သိလာရ
လေ ..။ ရင်ထဲမှာ မကောင်းနိုင်လေပါ။

လေးနှစ်တာကာလအတွင်း အန်ကယ်သည် ငွေဝန်း
အိမ်လေးသို့ အကြိမ်ကြိမ် ရောက်လာခဲ့ဖူးသည်။ တစ်ခါတစ်ခါ
.. အိမ်မှာပင် နေ့လယ်စာ စားဖြစ်သွားတာမျိုးပင် ရှိခဲ့ဖူး
သည်။ စတည်ခဲ့သည့် ပန်းချီ အရောင်းခန်းငယ်လေးသည် ယခု
ရှိနေဆဲပေမယ့် ..။ ဤအရောင်းခန်းငယ်လေးကို အန်ကယ်
တည်ခဲ့စဉ်က မောင်နှင့် ရှယ်ယာသဘောဖြင့် လုပ်ခဲ့ကြခြင်း
..။ ထက်ပက်အကျိုးတူ လုပ်ခဲ့ကြခြင်း ..။ နောက်ပိုင်းမှာ
ပန်းချီကားများကို တခမ်းတနား အရောင်းခန်းဆောင်ကျယ်
ဆိုလျှင် ပိုရောင်းဖြစ်ချေမည်ဆိုသည့် အမြင်ဖြင့် အန်ကယ်
ရောင်းခန်းဆောင်ကြီး တစ်ခုကို .. အခန်းနေရာကအစ
ခဲ့ခြင်းပါ။ ဤသည်ကတော့ .. စီးပွားရေးအမြင်ဖြင့် အန်
က .. စီစဉ်ခဲ့ခြင်းပါ။ ထိုမျှများပြားသည့် ငွေကိုလည်း
မှ မရင်းနှီးနိုင်ချေပဲလေ ..။ ထိုစဉ်တုန်းကတော့ မောင်
မျက်မမြင်ဘဝ ရောက်ချေမည်ဟုမှ မသိနိုင်ကြချေသည်မို့ ..

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝမ်းလက်ညီဖြင့် ရှိကြလျက်။ အန်ကယ်ကလည်း သူ့ဘက် ကိုယ့်ဘက် မတွက်ချက်တော့ဘဲ ပန်းချီအရောင်းခန်းဆောင်သစ် အတွက် အစစ .. စီစဉ်ခဲ့ခြင်းပါ ..။ ခုကျတော့ .. မောင့်ထံ ပန်းချီကားများကို မရနိုင်တော့သည်မို့ အန်ကယ်သည်လည်း ... သားဗီဗီ ငွေကိစ္စကို .. ဦးတည်ပြောဆိုလာရေးသည့် အဖြစ် တကား ..။

"အန်ကယ် သိပါတယ် .. ရှယ်ယာလုပ်ကြတာမျိုးဆိုတော့ အကယ်၍ ဒီလိုနေရာကောင်းကောင်း တစ်ခုကို .. ပြော ပြီး ပန်းချီအရောင်းခန်းမ လုပ်မယ်ဆိုရင်လဲ မောင်မောင် အကုန်အကျ ထက်ဝက်ခံရမှာ မဟုတ်လား .. ဒါပေမဲ့ အဲဒါကို အန်ကယ် မကပ်တွက်ခဲ့ပါဘူး။ သူ့မှ မတတ် တာ .. အန်ကယ်က တတ်နိုင်နေတယ် .. အဲဒါ လုပ် ပေါ့၊ ရှယ်ယာရဲ့ အကျိုးအမြတ်ကိစ္စမှာကျတော့ .. ပန်း ကား ရောင်းရငွေရဲ့ အကျိုးခံစားမှုပိုင်းမှာ အချိုးကိုပြော ဖို့ ညှိယူရမှာပေါ့ .. အဲသလို ရှိခဲ့တာ .. ပြီးတော့ .. အရောင်းခန်းဆောင်သစ်ရဲ့ နေရာမှာ .. တခြားအနု ပစ္စည်းတချို့ကိုလဲ အန်ကယ်က တွဲဖွင့်မယ်လို့ တွေး တာ .. ဥပမာ .. ယွန်းထည်လို ပစ္စည်းမျိုး .. ကော ပန်းချီလိုမျိုး .. ကျောက်စီပန်းချီကားလိုမျိုးတွေ ဆိုပါ အဲဒါကျတော့ .. တခြားပညာရှင်တွေနဲ့ အန်ကယ် သွယ်ယူမယ်ပေါ့ .. ခု .. ပြောရမှာက .. ငွေကြေးပိုင်း

အန်ကယ် ပြောနေတာကို နားထောင်ရင်း ... နောက်ချီလာနေပြီ ..။ လိုရင်းကို ပြောပါလား အန်ကယ်



ချပြောလိုက်ချင်လာသည်။ ရွာမှာက မောင် တစ်ယောက်တည်း ကျန်ခဲ့သည်။ သမီးလေးကို ဒေါ်လေး၏အိမ်ဆိုင်ကို စောင့်ပေး နေပါသည့် ဒေါ်နု ထံမှာပဲ အပ်ထားခဲ့ရသည်။ ကြာလျှင်မကောင်း တော့ပြီလေ ..။

"ဒီတော့ .. ဒီကပန်းချီ ..းတွေ အားလုံးကို .. အန်ကယ် .. ဝယ်လိုက်မယ် .. အပြီးအပြတ် ဝယ်လိုက်မယ် .. ရှယ်ယာ ကိစ္စကို ဖျက်သိမ်းလိုက်မယ် .. နောက်နောင်ကို .. မြရိပ်ငြိမ် ပန်းချီရိပ်မြုံဆိုတဲ့ ပန်းချီအရောင်းခန်းမနဲ့ ပတ်သက်လို့ .. ဘာမှ မနှောင့်ယှက်တော့ပါဘူး ဆိုတာကိုတော့ မောင်မောင့် ဇနီး အဖြစ် .. မောင်မောင့် ကိုယ်စား ဒီစာချုပ်မှာ လက် မှတ် ထိုးပေးစေချင်ပါတယ် .. အရင် .. အန်ကယ်နဲ့ မောင်မောင်တို့ ချုပ်ခဲ့တဲ့ ရှယ်ယာစာချုပ်ကိုကိုလဲ ဖျက်သိမ်း တာကိုလဲ အဲဒီ .. ခု .. ဒီစာချုပ်ထဲမှာ ထည့်ရိုက်ထားပါ တယ် .. ဘာလို့လဲဆိုတော့ .. မောင်မောင်ဟာ ခုထိ .. မြရိပ်ငြိမ်ပန်းချီရိပ်မြုံရဲ့ ရှယ်ယာဝင်ဖြစ်နေတယ်လေ .. နောက်နောင်မှာ .. အန်ကယ့် ပန်းချီခန်းဆောင်ကြီးဆီက ရလာမယ့် အကျိုးအမြတ်တွေ အပေါ်မှာ .. သူ ဆက်ပြီး အကျိုးခံစားခွင့် တောင်းလာနိုင်တာမျိုးက .. စာချုပ်သဘော အရဆို ရှိနေသေးတယ် .. ဒါကြောင့် .. အဲဒီစာချုပ်ကို ပျက်ပြယ်စေဖို့အတွက် .. သူ့ကိုယ်စား ဒီစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ ပြောချင်တာပါ .. သူ မျက်မမြင်ဖြစ် နေတဲ့အတွက် .. သူ့ကိုယ်စား လက်မှတ်ထိုးပေးခြင်းပါ လို့လဲ ဒီစာချုပ်မှာ ထည့်ရိုက်ထားပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေသမျှကို ငွေဝန်းသာ အံလေးခဲ၍ နားထောင်နေမိရပါ၏။ ဘာပဲဖြစ်ဖြစ်။ အန်ကယ် ခုလိုအချိန်မှာ .. ဤစကားကို ဘယ်လိုပဲ ပြောထွက်ရက်သည်ပဲဖြစ်ဖြစ် ..။ အန်ကယ့်ကျေးဇူးတရားက ရှိခဲ့ဖူးသည်မို့ ငွေဝန်းသာ ဘာမျှကို တုံ့ပြန်ပြောမထွက်ပါ ..။ ဘာကြောင့်ဆို .. ဗလကြောင့် စိတ်ဓာတ်အရာ မောင် ကျဆင်းခဲ့ရဖူးသည်။

ထိုကာလများဆီက .. မောင် .. အန်ကယ့်ကြောင့်ပင်လျှင် မြရိမ်ငြိမ်ဆိုသည့် ပန်းချီအရောင်းခန်းဆောင်ငယ်လေး တစ်ခုမှာ ပန်းချီကားများကို ဣန္ဒြေရရဖြင့် ရောင်းချနိုင်ခွင့် ရခဲ့သည် မဟုတ်ပါလား။ အန်ကယ့်ကျေးဇူးကြောင့် စားရသည့် ထမင်းလုတ်များဟုပင် ငွေဝန်း မှတ်ယူပါသည်။

"ငွေဝန်း .. ထိုးပေးပါ့မယ် အန်ကယ် .."

ငွေဝန်းသာ ခပ်တိုးတိုး ဖြေသည်။ ဒေါ်လေးကတော့ မျက်နှာမကောင်း။ မခံချင်ဖြစ်နေမှန်းလည်း ရဲတက်လာနေသည့် မျက်နှာကြောင့်ပင် သိသာနေပါ၏။ ဒါပေမဲ့ .. ဒေါ်လေး ဘာဆို ဘာမျှကို ဝင်မပြောရှာ။ ငွေဝန်း ရင်ထဲမှာ ကြေကွဲနေတာပဲရှိနေသည်။ မောင့်ကို သနားနေတာပဲ ရှိနေသည်။ မျက်မမြင်ဘဝမှာ မောင် ရှုပ်တည်နေရခြင်းကိုက .. မောင့်ကို ကျိန်စာသင့်နေစေသည်နယ် ခံစားနေရရှာသည် မဟုတ်ပါလား။ မောင်သည် .. ဓေ တတ် မထိုင်တတ်ကြီး ဖြစ်နေသည်။

ဆောက်တည်ရာမဲ့ ဖြစ်နေသည်။ ဒါပေမဲ့ .. ငွေဝန်းကို သနားစိတ်ဖြင့် ထိုခံစားမှုများကို ထိန်းကွပ်ချုပ်တီးဖို့ အခ နိုင် ကြိုးစားနေရရှာသည့် အဖြစ်။ ခုလည်း .. အန်ကယ် ပ



သည်ဆို၍ .. မောင့်မျက်နှာထက်မှာ မျှော်လင့်ခြင်းများ၏ အရိပ်သည် ယှက်သမ်းခဲ့သည် မဟုတ်ပါလား။ အန်ကယ်သည် .. မောင့်အပေါ် သားတစ်ယောက်နှယ် သံယောဇဉ်ရှိသည်ဟု မောင် ယုံကြည်ထားသည်လေ ..။

"အန်ကယ် .. ငွေ .. ငါးသောင်းခွဲ ပေးလိုက်ပါ့မယ် .."

မောင့်ပန်းချီကားများသည် မနည်းလှ ..။ ဒါပေမဲ့ ငွေဝန်း ဘာကိုမျှ မပြော။ မောင့်ပန်းချီကား ဘယ်နှချပ်အတွက် ဤငွေကို ပေးသလဲ .. ဟုပင် မမေး။ အန်ကယ် ပေးလာသည့် ချက်မှာ ငွေဝန်း လက်မှတ်ထိုးပေးသည်။ အန်ကယ် ပေးလာသည့် ငွေငါးသောင်းခွဲကို တရိုတသေပင် လက်နှစ်ဖက်ဖြင့်ယူသည်။ ကြမ်းပေါ်မှာထိုင်၍ လက်အုပ်ချီလိုက်ကာ အန်ကယ့်ကို မော့ကြည့်သည်။

"အန်ကယ် ကျွေးတဲ့ထမင်းကို ငွေဝန်းတို့ မိသားစု စားခဲ့တယ်ဆိုတာ ငွေဝန်း အမြဲသတိရနေမှာပါ အန်ကယ် .. ငွေဝန်း အာမခံပါတယ် အန်ကယ် .. မောင်ဟာ မျက်စိအလင်းကို ဆုံးရှုံးလိုက်ရရှာပေမယ့် ကိုယ်ကျင့်တရား ဘယ်တော့မှ မဆုံးရှုံးဘူး ဆိုတာကိုပါ အန်ကယ် .. ကိုယ့်ကျေးဇူးရှင်တစ်ယောက် အပေါ်မှာ စောင့်ထိန်းတည်မြဲအပ်တဲ့ ကိုယ်ကျင့်တရားကို .. မောင် ထိန်းသိမ်းထားတတ်သူပါ .. ငွေဝန်းတို့ ပြန်ကြပါမယ် အန်ကယ် .."

ဟု ပြောတော့ အန်ကယ် တစ်ချက် တွေခနဲဖြစ် မျက်နှာမကောင်းပဲ တစ်ချက် ငိုင်ခနဲတော့ ဖြစ်သည်။ ကြည်ကြည်သာသာ ငွေဝန်း ဘက်မှ လက်မှတ်ထိုးပေးပါ

www.burmeseclassic.com

www.burmeseclassic.com



မည်လားဟု အန်ကယ် တွေးပူခဲ့ချေသည်လား မသိ ..။ ပုထုဇဉ်ပီပီ .. အန်ကယ်သည်လည်း ငွေကြေးကိစ္စပေမို့ .. ငွေဝန်းဘက်မှ ရှုပ်ထွေးလာမှာကို စိုးရိမ်ခဲ့ဟန် တူပါ၏။

"အကယ်၍ .. မောင်မောင့်အတွက် ဆေးဖိုးဝါးခလိုအပ်လာရင်လဲ အကူအညီ လိုတဲ့အခါများမှာ .. ယူ၊တောင်းနိုင်ပါတယ်ကွယ် .. လောလောဆယ်မှာသာ .. အန်ကယ်လဲ .. စောစောက ပြောထားတဲ့အတိုင်း ငွေကုန်ကြေးကျများနေတာမို့ .. မကူသာသေးတာပါ .. ငါ့တူမလက်ထဲ လောလောဆယ်ရှိနေတဲ့ ငွေကြေးနဲ့လဲ .. အထိုက်အလျောက်တော့ .. ကုသနိုင်မှာပါ .."

ဟု တစ်ချက်ပြောတော့ ဒေါ်လေး ငွေဝန်းကို လက်တို့သည်။ ပြန်ကြရအောင်ဆိုသည့် သဘော ..။ ငွေဝန်း အန်ကယ့်ကို ခေါင်းလေးညိတ်ပြခဲ့ကာ ပြန်ထွက်ခဲ့ပါ၏။

ရင်ထဲမှာ ပန်းဟိုက်နေသည်။ ရေငတ်နေတာပဲ သိနေသည်။ လောင်မြိုက်လွန်းရသည့် ရင်ကို တင်းမခံနိုင်ဘဲ ဖြစ်နေသည်။ ခပ်သုတ်သုတ် ခေါင်းလေးငုံ့၍ နေပူကျဲကျဲအောက်မှာ ငွေဝန်း လျှောက်သည်။ နီးရာအအေးဆိုင်လေးမှာ ဝင်ထိုင်လိုက်ကာ ဖျော်ရည်ဘူး နှစ်ဘူးမှာ၍ ဒေါ်လေးနှင့် ငွေဝန်း တစ်ဘူးစီ ဖောက်သောက်ဖြစ်ခဲ့ရပါ၏။

မန်ကျည်းဖျော်ရည် အရသာသည် လည်ချောင်းတွင်းဆီသို့ ရေခဲစိမ့်ဘူးအားကိုးဖြင့် စီးမျောကိုးဝင်သည်။

"ရင်ထဲနာလိုက်တာ အေရယ် .. လူ့စိတ်များ အံ့ယူရပါ အေရယ် .. ဒီလောက် သဘောကောင်းတဲ့လူကြီးလို့ မှတ်



ယူထားတဲ့လူက .. ခုလို .. ပြောလိုက် ဆိုလိုက်တာ ကြုံရတော့ အေရယ် .. ကျုပ်အိမ်မှာ သူလာနားတုန်း ဧည့်ဝတ်ပြုမိခဲ့တာကို ရင်ထဲနာမိပါရဲ့ .."

ဟု ပြောတော့ ငွေဝန်း ခေါင်းလေး ငုံ့ထားသည်။ ဘာမှကို ပြောမထွက်နိုင်ဘဲ ဖြစ်နေသည်။ လောလောဆယ် ဘ်ခမ်းကိုပင် မလှုပ်ချင်။ စကားကိုပင် မပြောနိုင်ပဲ ဖြစ်သည်။ အားတွေကုန်နေသည်က တစ်ကိုယ်လုံးမှာရှိသည့် ကြောတွေကို ဆွဲယူချသွားသည့်နှယ် ဖြစ်နေသည်။

"တော်သေးတာပေါ့အေရယ် .. ဒေါ်လေးတို့ ရောက်ရောက်ချင်း သူ ဧည့်ဝတ်ပြုထားပေးတဲ့ လက်ဖက်ရည်နဲ့ မုန့်ကို ယူမစားမိခဲ့လို့ .. စားများ စားမိရင် .. သူ့ဆီကအထွက်မှာ .. လက်ထိုးပြီးတော့တောင် အန်ချထားပစ်ခဲ့ချင်ပါရဲ့ .. ငါတို့က တောသားများပေမို့ .. သူများဧည့်ဝတ်ပြုစာဆိုထဲ ချက်ချင်းယူမစားရဲဘဲ ရှက်တတ်ကြသကိုးအေ .. အဲဒီရှက်စိတ်နဲ့ ယူမစားဝံ့ပဲ ရှိနေတုန်းမှာ သူပြောပြောချတဲ့ စကားတွေ ကြားရလေ .. ထပြန်ချင်စိတ်ပဲ ရှိရလေ .. သူ့ဥစ္စာတွေလဲ မစားဖြစ်ခဲ့ပဲ ရှိရတော့တာ .. အင်း .. ကြောင့် ကြားဖူးတာ .. မြစ်ကွေ့ကောက်တာသာ မြင်နိုင်သတဲ့ .. လူကွေ့ကောက်တာ မမြင်နိုင်ဘူး ဆိုတာဆ .."

ဒေါ်လေးကတော့ တကွတ်ကွတ်ဖြင့် ဖျော်ရည်ဘူး သောက်လိုက် ..။ ရွတ်လိုက်ဖြင့် ရင်ထဲ တင်းခဲနေသည်ကို ဖြင့် ဖွင့်ချနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဒေါ်လေးရယ် .. အန်ကယ်က .. ငွေကြေး
ကိစ္စ ရှုပ်ထွေးမှုတွေ ဝင်လာမှာ စိုးနေတာပါ .. ကော
ကျစ်တာတော့ မဟုတ်ပါဘူး၊ စိတ်ပူလွန်ကုန်တာပါ

ဟု ခပ်တိုးတိုး ဝင်ထိန်းရပါ၏။ မထိန်း၍ကလည်း မဖြစ်တော့ပြီ ..။ ဒေါ်လေး အရမ်းကို ခံပြင်းနေသည်ကိုးလေ ဒေါ်လေးကိုလည်း အဆိုးမဆိုရက်ပါ။ တကန်တက မြရိပ်ငြိမ် တိုင် ခေါ်၍ ခုလိုပြောသည် ဆိုတော့လည်း ..။ ဒေါ်လေး ကားတစ်တန်စီး၍ ဤစကားကို လာနားထောင်နေသလို ဖြစ်နေသည်ကိုး။

"အင်း .. မိုးဖျက်လို့ ငရုတ်ခင်းတွေကပျက် .. ပိုက်
အကုန်အကျ ရှိခဲ့တာကလဲရှိ .. အိမ်က မီးဖိုဆောင်
ဟောင်းတွေအစား သွပ်ကအသစ်လဲမိုးမိခဲ့တာကလဲ
ရေတွင်းကိုလဲ ဂဝံကျောက်စီထားမိခဲ့ .. ဒီလိုဖြစ်မယ်
မှ မသိခဲ့တာကိုး အေရယ် .. ခုကျတော့ .. လူလော
လဲ မျက်စိကိစ္စပေါ်၊ ဒီမြရိပ်ငြိမ် ဆိုတာကလဲ .. သူတ
တစ်ဦးတည်းပိုင်ဖြစ် .."

ဟု ညည်းနေသည့် ဒေါ်လေးကို ငွေဝန်းသာကြည့် ၍ ..

"အန်ကယ့် အပိုင်ပါပဲ ဒေါ်လေးရယ် .. အန်ကယ်က
စိုက်စိုက်လုပ်ခဲ့တာတွေပါ .."

ဟုသာ ဝင်ဝင်ထိန်းနေရပါသည့် အဖြစ်။ တ လည်း အိမ်မှာက ငွေကြေးသိပ်ရှိတော့တာ မဟုတ်။ အန်ကယ် အရောင်းခန်းမဆောင်ကြီးတစ်ခု လုပ်မည်ဆိုတာမို့ .. မောင်



ရမ်းကို ပျော်ခဲ့လေသမျှ ..။ ခုကျတော့ အရာရာသည် .. ကြေကွဲခြင်းများဖြင့်သာ အဆုံးသတ်ရချေပြီတကား ..။

"ဒေါ်လေး .. ရန်ကုန်ရောက်ခိုက်မှာ ငွေဝန်း .. သွားစရာ
ရှိနေတယ် .. အဲဒီကို အရင်သွားကြရအောင် .. ပြီးတော့မှ
ပြန်ကြတာပေါ့ ဒေါ်လေးရယ် .. မောင်ကြိုက်တတ်တဲ့
ဘဲကင်လေးလဲ ဝယ်သွားကြတာပေါ့ .."

ဟု ပြောတော့ ဒေါ်လေး တစ်ချက်ကြည့်သည်။ သယ်စာကို မစားဖြစ်သေးပေမယ့် ဝမ်းထဲမှာ စားသောက်လို လည်း မရှိ။ ဆာလည်းမဆာ။ ဆာရမှန်းလည်း မသိတော့ ဒေါ်လေးကို ကြည့်တော့လည်း ထမင်းမေ့ ဟင်းမေ့ဖြင့် စိတ် နေရှာသည့် အသွင် ..။ လောလောဆယ် ဖျော်ရည်တစ်ဘူး ကထားလိုက်တာမို့ ထမင်းလည်း စားဝင်နိုင်ဦးမည် မဟုတ်။ ရည်ဖြင့်ပင် ဝမ်းထဲ ပြည့်နေပြီ ..။

"ဘယ်သွားမလို့လဲ"

ဆိုင်ထဲမှအထွက် နေပူကျဲထဲ ပြန်ရောက်တော့ လေး လက်ဖဝါးဖြင့် မျက်နှာရှေ့ကို နေကာသလိုလုပ်ရင်း ပါ၏။

ငွေဝန်း တက္ကစီတစ်စီးကို တား၍ ကားထဲဝင်

"ရွှေကောင်းကင်ဟိုတယ်ကို မောင်းပါရှင် .."

ဟုပြောတော့ ဒေါ်လေး အကဲခတ်သလို ကြည့်လာ ။ နားမလည်သလိုလေးဖြင့်လည်း တစ်ခုခု မေးတော့မည့် ရှိလာခိုက် ..

www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာဆီမှာ ငွေဝန်း လမင်းဝါဝါအငြိမ့်မှာ ကနေတုန်း အဲဒီဟိုတယ်က ကမ်းလှမ်းဖူးတယ် .. သူ့ဟိုတယ်မှာ ငွေဝန်းရဲ့အကကို အပတ်စဉ် တနင်္ဂနွေကနေပြီး ကြာသပတေးနေ့ ညများမှာ .. အချိန်ပိုင်းပေါ့လေ .. ပေးစေချင်ပါတယ်တဲ့ .. သူတို့ရဲ့ ဟိုတယ်မှာ အကကို .. တည်းခိုသူတွေ .. တချို့ကျတော့ လာစား ကြရင်း အနုပညာခန်းဆောင်မှာ လာကြည့်ကြတာ မို့ .. ငွေဝန်းရဲ့အကကို .. တန်ဖိုးထားပြီးတော့ကို .. ဆက်ချင်ကြတာတဲ့ .. ဘာဘာက ပြောတယ်လေ .. ရာသီမဟုတ်ချိန်မှာ ငွေဝန်း အားနေတာ မှန်ပါတယ် ဒါပေမဲ့ .. သူ့တူမကို .. မလွှတ်နိုင်ပါဘူးတဲ့လေ .. ပဲ .. ငွေဝန်း ဆီကို ကမ်းလှမ်းခဲ့တဲ့ .. အဲဒီ ကမ်းလှမ်း မအောင်မြင်ခဲ့ဘူး ဆိုပါတော့ .."

ဟု ပြောတော့ ဒေါ်လေး ငေးကြည့်နေသ ငွေဝန်း ဘာလုပ်တော့မည် ဆိုတာ သိနေသည့် အသွင် ..

"မောင့်ကို မျက်စိပြန်မြင်အောင် ကုသရမယ့်ကိစ္စ နေတယ် ဒေါ်လေး၊ လောလောဆယ်မှာ .. မောင်က အ ကို ငြင်းနေတာမို့ .. သူစိတ်ပိုဆင်းရဲမှာ စိုးလို့ ငြိမ်နေရတာ .. တကယ်က .. မြန်မြန်ကုသလေ မျက်စိပြန်မြင်ဖို့ မျှော်လင့်ချက် ပိုရှိလေပါ .. အဲသ ငွေဝန်း ထင်တယ်လေ .. နားလည်ထားတယ်လေ ဒါပေမဲ့ .. မောင်ကလဲ .. မောင့်ကြောင့် .. ငွေဝန်း တာဝန်ပိုကြီးမှာ .. ငွေတွေ အရမ်းကုန်မှာ .. အိမ်



လဲ .. ငွေကြေးဆိုတာက နစ်ခနဲနေအောင် ထုတ်သုံးစရာ ရှိယ်လို့အထိတော့ မရှိတာ .. မောင် သိနေတာမို့ .. ချောင်ချောင်လည်လည် စားနေနိုင်ရုံပဲ ရှိသေးတဲ့အိမ်အခြေ အနေကြောင့် .. မောင် .. ခုလို .. ဆေးခန်းပြဖို့ .. ဆေး ကုခံဖို့ဆိုတာတွေကို တငြင်းတည်း ငြင်းနေမှန်း ငွေဝန်း သိပါတယ် .. မောင် အရမ်းစိတ်လှုပ်ရှား ထိခိုက်မှာကိုလဲ ငွေဝန်း စိုးရိမ်တယ်လေ .. သူ လောလောဆယ် မလုပ်ချင် တာကြီးကို ဖွတ်အတင်း လုပ်ရင်လဲ မောင် စိတ်ထိခိုက် .. စိတ်ပင်ပန်းနေရှာမှာ .. စိတ်ထိခိုက်တယ် ဆိုတာက .. ငွေဝန်းတို့ ငွေကြေးရှာဖွေ ပင်ပန်းကြ .. ချေးကြ ငှားကြ ဖြစ်နေပြီဆိုပြီး ထိခိုက်တာမျိုး ဖြစ်နေတာ .."

ဟု ပြောနေတော့ ဒေါ်လေး သက်ပြင်းရှိုက်နေသည် ပါပဲ ..။

"ဒါကြောင့် .. ငွေဝန်း .. ရွှေကောင်းကင်ကို သွားမလို့ ပါ .. ဟိုမှာ အလုပ်အကိုင် အဆင်ပြေသွားရင်လဲ ပိုက်ဆံ စုရမှာပေါ့ ဒေါ်လေးရယ် .. မောင့်ကို ဆေးမကုပဲ ထားလို့ တော့ ဘယ်ဖြစ်မလဲ .. ယာခင်းလေးတွေကိုလဲ ရောင်းမယ် ဆိုတော့ .. မောင်က .. ယာခင်းရောင်းတယ် ကြားတာ နဲ့ .. အိမ်က ထွက်သွားမယ်ချည်း ပြောနေတာမို့ မရောင်း ရဲဘူး ဖြစ်နေရတာ .."

"အေး .. ယာခင်း ရောင်းလိုက်ရင် .. ရွာကကျင်းတော့ .. လူလေး ပြန်ကြားနိုင်တာမို့ .. ဒေါ်လေးတို့ မသိအောင် ညဘက်မှာပဲဖြစ်ဖြစ် သူ တကယ်ထွက်သွားမှာ ကြောက်လို့

www.burmeseclassic.com



မရောင်းဖြစ်ခဲ့တာ .. အဲဒါ .. ထားပါတော့ .. ခု .. ညည်း ကလို့ဖြစ်ပါမလား .. လူလေးက ခွင့်မပြုဘူးဆိုတာ သိ တယ် မဟုတ်လား လုံမ .. သူ သိရင် .. မလွယ်ဘူး နော် ..”

ဟု ပြောနေသည့် ဒေါ်လေးကို ငွေဝန်း မျက်ရည်ဝဲ လျက် ကြည့်မိသည်။ အဲယားကွန်းပါသည့် တက္ကစီပေမို့ ကား တွင်းမှာ အေးနေပါ၏။ ဒါပေမဲ့ .. ရင်ထဲမှာ ကိုယ်စီလောင်မြိုက် နေကြပါသည့် ဒေါ်လေးနှင့် ငွေဝန်းသာတို့မှာ ချွေးများ မျက်နှာမှာစို့နေကြသည်ပါပဲ ..။ မောင့်မေမေ့ စကားကို မောင် အရမ်းကြေကွဲစိတ်ဖြင့် မှတ်မှတ်ထင်အောင် မှတ်ထားလွန်း သည့်ကိစ္စကို ဒေါ်လေးလည်း သိနေသည်ကိုးလေ။ မောင်ကလည်း ဒေါ်လေးကို ပြောပြဖူးသည်။ ငွေဝန်းကလည်း ပြောပြဖူးခဲ့သည် ကိုး။

“ဘယ်တတ်နိုင်မလဲ ဒေါ်လေးရယ် .. ဘဘဆီလဲ အငြိမ့် ပြန်ကခွင့်မှ မရှိတော့တာ .. ဘဘကလဲ စိတ်ဆိုးနေတုန်း ပဲ .. သူ့အရှက်ခွဲရမလား ဆိုပြီးတော့လေ .. ပြီးတော့ .. အငြိမ့်ကရင် .. ငွေဝန်းသာ အငြိမ့်ပြန်ကပြီဆိုပြီး နာမည် က ကြီးလာဦးမှာ .. မောင် .. တစ်နည်းနည်းနဲ့ ကြားရင် ဖြင့် .. ငွေဝန်းကို မောင် .. အရမ်းစိတ်နာသွားမှာ .. ထား ပစ်ခဲ့မှာ .. တစ်နေရာကို ငွေဝန်းတို့ မသိအောင် ထွက် သွားမှာ ငွေဝန်း ကြောက်တယ်လေ .. ခု .. ဟိုတယ်မှာ ဆိုတော့ .. တခြားနာမည်နဲ့ ငွေဝန်း ကမှာပေါ့ .. အငြိမ့် ကသလိုကြီးတော့ .. လူမသိနိုင်ပါဘူး .. မောင့်အတွက် ..



ငွေဝန်းက အလုပ်လုပ်မှ ဖြစ်မှာလေ .. ငွေဝန်းမှာ .. အနုပညာရှိတယ် .. အဲဒါနဲ့ ငွေဝန်း .. မောင့်အတွက် ဆေးကုဖို့ ငွေစုရမှာပါပဲ ..”

ဟု ပြောခိုက်မှာပဲ ကားလေးက ရွှေကောင်းကင် ဟိုတယ်ကြီးရှိရာ ခြံဝင်းကျယ်ကြီးတွင်းဆီသို့ ချိုးကွေ့ဝင်လာပါ သည် ..။

အသွေးစုံသော ပန်းခြံကျယ်ကြီးက အရင်ဆီး၍ ကြိုလိုက်ချေသတည်း ...။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

အကျော်ပင်အောက်မှာ ထိုင်နေပါသည့် မောင့်...
ငွေဝန်းသာ မြင်ရခိုက် ရင်ထဲမှာ နင့်နေရသည်ပါပဲ ..။ ...
မောင်သည် .. ငွေဝန်း၏ အငြိမ့်မင်းသမီးတစ်ယောက်၏ အ...
ဖြင့် ရရှိလာပါသော ငွေကြေးဖြင့် ဘဝကို .. ဆက်လက်ရှင်...
ရပ်တည်ရချေမည် ဆိုတာ သိချေလျှင်ဖြင့် .. အဘယ်မျှထိ ...
ထိခိုက်ခံစားရချေမည် မသိ ..။

ပြီးတော့ .. ခါးခါးသီးသီးလည်း ငြင်းဆန်ချေ...
မည်မှာ အမှန် ..။ မောင့်ထံမှာ ရှိနေပါသော ယောကျ်ားသ...
တစ်ယောက်၏ မာနသည် .. မောင့်မျက်ဝန်းများကို အလင်း...
ခွင့် ဆုံးရှုံးခံစေလိုက်ဖို့အထိ ထက်မြက်စူးရှနေဆဲ ဆိုတာ ငွေ...
သိပါသည်။ ရွှေကောင်းကင်၏ အနုပညာဆောင်မှာ .. ငွေ...
သည် .. လှပနူးညံ့သော အကများကို တင်ဆက်ရပါသည့် ...
သမီးလေး .. မငွေစင် အဖြစ် .. ရပ်တည်သွားရချေတော့...
တကား ..။ ဤအတွက် .. ငွေဝန်းသည် .. တစ်လလျှင် ...
သောင်းမျှသော အခကြေးငွေကို ရချေမည် ..။



ရွှေကောင်းကင်တွင် ငွေဝန်းသာ တစ်ခုကိုတော့ တောင်းဆိုခဲ့ပါ၏။ ဟိုတယ်မန်နေဂျာ ဦးယုက ပိုင်ရှင်ဖြစ်သူ .. ဦးမြတ်မွန် ထံသို့ ခေါ်ဆောင်သွားခဲ့လျက် ..။

"အစ်ကိုကြီး .. တစ်ခါက အပြောခိုင်းတဲ့ .. ဟိုတယ်ရဲ့ အနုပညာဆောင်မှာ .. အကလေးတွေကို တင်ဆက်ဖို့ အတွက် ကမ်းလှမ်းခဲ့ဖူးတဲ့ .. အငြိမ့်မင်းသမီး ငွေဝန်းသာ ကို .. အစ်ကိုကြီး မှတ်မိနေမယ် ထင်ပါရဲ့ .."

ဟူသော စကားဖြင့် ငွေဝန်းသာနှင့် ဦးမြတ်မွန်ကို မိတ်ဆက်ပေးခဲ့ပါ၏။

"ကျွန်တော် မှတ်မိနေပါတယ် ကိုယု .. သူ့အကကို ကျွန်တော် ကြည့်ခဲ့ .. အားပေးခဲ့ဖူးတာပဲဗျာ .. ဒါကြောင့်မို့ လို့လဲ .. ကျွန်တော့် ရွှေကောင်းကင်ရဲ့ အနုပညာဆောင်မှာ .. သူ့အကတွေကို တင်ဆက်ချင်ခဲ့တာပေါ့ .. ထိုင်ပါ .. ထိုင်ပါ မငွေဝန်းသာ .."

ဟူ၍ ပြုံးလျက် ပြန်ပြောခဲ့ကာ ..။ ငွေဝန်း ထို အလုပ်ကို လုပ်ချင်ပါကြောင်း ပွင့်လင်းစွာလည်း ပြောပြ ..။ လောလောဆယ်မှာ မောင့်အတွက် ဆေးကုသချင်၍ ဆိုတာကို လည်း ဝန်ခံခဲ့လျက် ..။ မောင့်ကို .. ခုလို .. ငွေဝန်း၏အကလေး ဖြင့် ရရှိလာမည် ဖြစ်ပါသော ငွေကြေးဖြင့် ဆေးဝါးကုသမည် ဆိုပါလျှင်လည်း မောင်က လက်ခံမှာမဟုတ်တာကအစ ပြောပြ အသိပေးလိုက်ရလျက်မှ ..။ ငွေစင် ဟူသော အမည်ဖြင့်သာ ကခွင့်ရမည်ဆိုလျှင် ဦးမြတ်မွန်၏ ရွှေကောင်းကင်ဟိုတယ်ကြီး၏ အနုပညာခန်းဆောင်မှာ ငွေဝန်းသာ ကရမည့်အလုပ်ကို လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ပါမည်ဟု အားလုံးကို အသိပေးလျက် ပြောဆိုခဲ့တော့လည်း ဦးမြတ်မွန်သည် ဘာတစ်ခွန်းမျှ ဝင်ရောက်စွက်ဖက် မေးမြန်းတာမျိုး မလုပ်ခဲ့ပဲ တိတ်ဆိတ်စွာ ငြိမ်ငြိမ်သက်သက် စိတ်ဝင်တစားဖြင့် နားထောင်ခဲ့ပါ၏။ နောက်တော့ .. အတန်ကြာမျှ ငွေဝန်းသာ၏ မျက်နှာကို လေးစားရိပ်ဖြင့် ကြည့်ခဲ့ကာ .. အားလုံးသောတောင်းဆိုမှုများကို ဦးမြတ်မွန် ဘက်မှ လိုက်လျောခဲ့ပါ၏။ ငွေဝန်းသာကို .. တစ်လလျှင် ငါးသောင်းပေးမည်။ အကြိုအပို့လုပ်ပေးမည်။ လောလောဆယ်မှာ ညဘက်တွင် တာဝန်ထမ်းရန်မလို ..။ နေ့ခင်းဘက်တွင် ဟိုတယ်တွင် တည်းခိုသူများ၊ နေ့လယ်စာ စားချိန်နှင့် ညနေခင်းဘက် နားနေ အပန်းဖြေကြချိန်များတွင် .. ထိုအနုပညာဆောင်တွင် ငွေဝန်းသာသည် ထိုပရိသတ်တို့ကို ကပြရမည်။ အိမ်သို့ ညနေခြောက်နာရီခွဲတွင် ပြန်နိုင်သည်။ ဟိုတယ်မှကားဖြင့် လိုက်ပို့ပေးမည်။ ဒါက .. ဦးမြတ်မွန်၏ အစီအစဉ် ..။

အနုပညာဆောင်သည် .. တည်းခိုသူများနှင့် .. ဟိုတယ်တွင် လာရောက်၍ တမင်စားသောက်သူများ အတွက် ပျော်ဖြေမှု အစီအစဉ်နှင့် တွဲလျက်ထားရှိပါသော အဆောင်ပါ ..။

ဘာပဲဖြစ်ဖြစ် ..။ ငွေဝန်းသည် ရွှေကောင်းကင်တွင် အလုပ်လက်ခံခဲ့ပြီ ဖြစ်ပါသည့် မင်းသမီးလေး တစ်လက်တော့ ဖြစ်ခဲ့ပြီ ..။ ဒေါ်လေးကို ဤကိစ္စ မောင့်ကို ဖွင့်မပြောဖို့ တားမြစ်ခဲ့ရစဉ်ကလည်း ဒေါ်လေး သက်ပြင်းရှိုက်၍ ခေါင်းသာ အနိုင်နိုင် ညိတ်ခဲ့သည်ပါပဲ ..။ ငွေဝန်း၏လက်တွင် .. ကြိုတင်လစာအဖြစ် ငွေငါးသောင်းကို ရွှေကောင်းကင်၏ ပိုင်ရှင်ဖြစ်သူ ဦးမြတ်မွန်မှ



တစ်ပါတည်း ပေးခဲ့သည်မို့ အိမ်အပြန်ခရီးတွင် လွယ်ထားသော လွယ်အိတ်လေးတွင်းမှာ ပါလာခဲ့ပြီ ..။

ခု .. မောင့်ကို .. အကျော်ပန်းပင်အောက်မှာ ထိုင်လျက်ရှိနေတာကို မြင်ရသည်မို့ ရင်ထဲမှာ ဆို့နေရသည်ပါပဲ ..။ မောင်သည် .. ငွေဝန်းတို့ကို .. အိမ်ထဲတွင် စောင့်နေရသည်ကိုပင် .. နေမထိ ထိုင်မသာ ဖြစ်နေခဲ့ရှာဟန် တူပါ၏။ အကျော်ပင်အောက်ထိဆင်းကာ စိတ်တစောစောဖြင့် .. မျှော်နေခဲ့ရှာဟန်တူပါ၏။

ခြံတံခါးရှေ့ ငွေဝန်းတို့ ရပ်ခိုက်မှာ ခြေသံတွေကို ကြားရသည်မို့ မောင် ဆတ်ခနဲ ထရပ်သည်။ ဘာမျှမမြင်နိုင်ပြီဖြစ်သော မျက်ဝန်းတို့က အသံလာရာဘက်ဆီသို့ နားစွင့်အာရုံစိုက်နေလျက်ဖြင့် ရောက်လာသည်။ မမြင်သော မျက်ဝန်းများကို မျက်တောင် တဖျပ်ဖျပ်ခတ်နေရှာသည့် မောင် ..။ ခြေသံကိုနားအာရုံစိုက်နေပါသည့် မောင့်ကို ငေးကြည့်ရင်း ငွေဝန်း၏ မျက်ဝန်းမှာ မျက်ရည်များ စို့တက်လာနေရပါပြီ ..။

"ငွေဝန်းလေး .."

မောင်ခေါ်စဉ်ခိုက် ငွေဝန်းသာ ခပ်သုတ်သုတ် လျှောက်ပါ၏။ မောင့်ရှေ့ရောက်တော့ အလိုက်သင့် ကမ်းပေးနေပါသော မောင့်လက်အစုံကို ငွေဝန်း ဖွဖွဖေးကိုင်မိသည်။ ဒေါ်လေးကတော့ လမ်းကတည်းက ပြောထားသည့်အတိုင်း ...

"ယိမ်တဲ့ကိစ္စ .. ညည်းလေးပဲ .. ရှေ့ဆောင်ပြော .. ဒေါ်လေးကတော့ဖြင့် ဦးဆောင် မပြောရက်ပါဘူး .. သူမေးလာရင်တော့ .. ဒေါ်လေး .. ညည်းပြောတာတွေ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လို့တော့ မလိမ်မဖြစ်လို့ လိမ်ပေး ညာပေးရမှာပေါ့ အေ .. ဒုက္ခိတ တစ်ယောက်ကို .. လိမ်ရတယ်ဆိုတာ လိပ်ပြာမသန့်စရာပဲ .. အင်း .. ဒါပေမဲ့ .. ဒီလမ်းပဲရှိသေးသကိုး .."

ဟု ခပ်ညည်းညည်း ပြောခဲ့သည်က .. အပြန်ခရီးကို လိုက်ပို့ပေးပါသော ရွှေကောင်းကင်၏ မာတ်တူးကားနက်ပြာရောင်လေး၏ နောက်ခန်းမှာ ထိုင်လိုက်လာရစဉ်ကတည်းကပါ ..။

ငွေဝန်းသာ မောင့်ရှေ့မှာ ရှိနေစဉ်ခိုက် ဒေါ်လေးကတော့ ခပ်သုတ်သုတ်ပင် ပျောက်သွားနေရင်းမှ ...

"ဆိုင်စောင့်ပေးနေတဲ့ မနုဆီကို ဒေါ်လေး သွားလိုက်ဦးမယ် .. ငွေဒေါင်းမေလေးလဲ ဟိုမှာ အိပ်နေလောက်ပြီထင်ပါရဲ့ .. ဒါမှမဟုတ် ကလေးက အမေကိုလွမ်းပြီး ဂျီတိုက်ရင်လဲ တိုက်နေမှာ .. မနုမှာ ကလေးထိန်းတစ်ဖက် .. ဈေးရောင်းတစ်ဖက်နဲ့ ရှိနေလိမ့်မယ် .."

ဟု ဒေါ်လေး၏ ဆိုင်လေးကို ရောင်းပေးဖို့ အပ်ခဲ့ပါသည့် ဒေါ်နု ထံသို့ အရေးတကြီးပုံဖြင့် ထွက်သွားပါ၏။ အကျော်ပင်အောက်မှာ ငွေဝန်းနှင့်မောင် .. နှစ်ယောက်တည်းကျန်ခဲ့သည်။ မမြင်သော မောင်သည် တိတ်ဆိတ်စွာ ငွေဝန်းရှေ့မှာ ခြေစုံရပ်နေသည်။ ငွေဝန်းထံမှ ပြောလာမည့် စကားကို စောင့်ဆိုင်းနေသည့် အသွင် ..။

တစ်ခုခုကိုလည်း စိတ်ထဲ စိုးရိမ်နေသည့်အသွင် ..။ မောင့်လက်သည် ငွေဝန်း၏ မျက်နှာလေးဆီသို့ ငွေဝန်း၏ ပခုံး



ကို လွှတ်လိုက်ကာ ဖေးကိုင်စမ်းကြည့်လာသည်။ မောင့်[illegible]ဝါးတွေက ငွေဝန်း၏ ပါးပြင်နှစ်ဖက်ကို အုပ်မိုးဖေးအပ်[illegible]၏။ နောက် .. ပါးပြင်နေရာမှသည် မျက်ဝန်းအိမ်ဆီသို့[illegible] .. တစ္စစ္စ ရွေ့လျားလျက် ရောက်လာသည်။ ငွေဝန်း မျက်[illegible]ကျအောင် ထိန်းထားရပါ၏ ..။ သြော် .. မောင်သည် ..[illegible] တိတ်ဆိတ်စွာ မျက်ရည်ကျနေချေသည်လား ဆိုတာကို[illegible]တွေဖြင့် မျက်ရည်ကို စမ်းကြည့်နေခြင်းပါ တကား ..။[illegible]ည်စကို စမ်း၍မတွေ့တော့မှ မောင့်မျက်နှာ နည်းနည်းလန်း[illegible]သည်။ စိတ်သက်သာရာ ရသည့်နှယ် မျက်ဝန်းများတွင်[illegible]ဝင်ရိပ် တိုးလာသည်။ နှုတ်ခမ်းတွင် အပြုံးသဲ့သဲ့မျှ ခပ်[illegible]င်ယောင်လေး ထင်လာပါ၏။

"မောင်တို့ ခဏ ဒီမှာပဲ ဆက်ထိုင်လိုက်ကြရအောင်လား .. လက်ထဲမှာ ကြွပ်ကြွပ်အိတ်တွေလဲ ပါလာတာကိုး .. ဘာတွေဝယ်လာလဲ လုံမ .."

ဟု မေးလာသည်။

"မောင်စားဖို့ ဘဲကင် ဝယ်လာတယ် မောင် .. မုန့်လဲဝယ်လာတယ် .. အန်ကယ်က .. မောင့်ပန်းချီကားတစ်ချပ်ရောင်းလိုက်ရလို့တဲ့ .. ပိုက်ဆံပေးလာတယ် မောင် .. သူမလာအားတာမို့ ခွင့်လွှတ်ဖို့လဲ မောင့်ကို အမှာခိုင်းလိုက်သေးတယ် .. မောင်မရှိတော့ .. ဟိုမှာ အန်ကယ် တစ်ယောက်တည်းလို ဖြစ်နေတာမို့ပါတဲ့ .. ရက်စ်တောရင့်တစ်ဖက် .. ပန်းချီအရောင်းခန်းက တစ်ဖက်နဲ့မို့ အန်ကယ့်မှာ .. မနားမနေကို အလုပ်များနေရလို့ပါတဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ မောင့်မျက်နှာ ပို၍လန်းလာသည်

"ပိုက်ဆံအပိုကုန်အောင် လုံမရယ် .. ဘာလို့ ဘာကင်း

ဘာတွေ ဝယ်လာရတာလဲ .. အိမ်မှာလဲ .. ဟင်းတွေ

တာပဲ ဥစ္စာ .."

ဟု ပြောရှာသည်။ ငွေဝန်း ခပ်တိုးတိုးလေး

ပြရပါ၏။ မောင် .. ပို၍ .. ငွေဝန်း ပြောလာမည့် စကားများ

ယုံကြည်လာစေရန်အတွက်ပါ ..။ မောင့်ကို လိမ်ညာ၍ ပြော

ခြင်းဟု မထင်စေရအောင်ပါ ..။ ရင်ထဲမှာ မောင့်အပေါ် မ

ရက်သည့် ခံစားမှုတွေ နင့်နေအောင် ခံစားနေရလျက် .. ဆို

ခဲနေရပေမယ့် ထိုအလိမ်စကားများကို မပြော၍လည်း မဖြစ်သ

မို့ ..

"မောင့်ကို ပြောပြရဦးမယ် မောင် .. အန်ကယ်နဲ့ စ

ပြောနေတုန်းမှာ ဟိုတယ်တစ်ခုက .. မန်နေဂျာရယ်

ပိုင်ရှင်ရယ် .. ရောက်လာတယ် မောင် .. သူတို့က

ပန်းချီကားတွေကို ဝင်ကြည့်ဖြစ်ကြတာ .. အဲဒီမှာ နော

ထပ် ပန်းချီကားတစ်ချပ် ဝယ်သွားတယ် မောင်ရဲ့ ..

သောင်းတောင်မှ ပေးတာ .."

"ဟင် .. ဟုတ်လား .."

ဟု တစ်ချက် မောင် ဝမ်းသာသလို လွတ်ခနဲ

လာသည်။ ဖျတ်ခနဲလည်း ပီတိပြုံးသည် မောင့်မျက်နှာထက်

လန်းလန်းသစ်သစ် ပေါ်လာပါ၏။ ဒါပေမဲ့ .. မကြာလိုက်

မောင်ပြန်၍ မျက်ဝန်းများ မှိန်ဖျော့ကျသွားကာ လက်နှစ်ဖက်

ကျစ်နေအောင် လက်ချင်းပြန်၍ ဖေးဆုပ်ပစ်လိုက်ကာ ငြိမ်



ရှာပါ၏။ ငွေဝန်းသိပါသည်။ နောက်ထပ် ပန်းချီကားများ

အောင် မဆွဲနိုင်တော့သည်မို့ .. မောင့်ရင်ထဲမှာ မွမွကြေနေကြ

ဆိုခြင်းကိုပါ ..။ မောင့်လက်တွေကို ငွေဝန်း အတင်းဆွဲခွာ

ကာ ငွေဝန်း၏ လက်လေးတွေဖြင့် ဖေးဆုပ်ထားတော့

မောင် သက်ပြင်းရှိုက်သည်။ စိတ်ကိုပြန်၍ မနည်းအားစိုက်ယူ

စုစည်းယူပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်၍ ထိန်းယူနိုင်ဖို့ မောင်

အားရှာပါ၏။ နောက်တော့ ငွေဝန်းဘက်ကိုငဲ့၍ ပြုံးကာ ..

"ဆက်ပြောလေ လုံမ .."

ဟု ပြောလာပါ၏။ မောင့်ပခုံးပေါ် ငွေဝန်း ခေါင်း

မှေးတင်လိုက်ကာ ..

"ခွင့်လွှတ်ပါ မောင်ရယ် .. မောင့်ကို ညာနေတဲ့ ငွေဝန်း

ရဲ့ စကားတွေကို .. မောင် .. နားထောင်ပေးနေရ ..

ယုံကြည်ပေးနေရတာတွေကို မြင်မြင်နေရရင်း .. ငွေဝန်း

ဖြင့် .. ရင်ကွဲနေရပါပြီ မောင်ရယ် .."

ဟု ရင်ထဲမှ တွေးရင်း လက်အုပ်ချီကာ မောင့်ရှေ့

ဆိုင်လိုက်ချင်တော့သည်ပါပဲ ..။ ငွေဝန်းကို ခွင့်လွှတ်ပါမောင်

ဟု ကန်တော့တောင်းပန်လိုက်ချင်သည်ပါပဲ ..။ ဒုက္ခိတပေ

လိမ်ချင်သလို လိမ်၍ရသည် ဆိုတာမျိုးကြီး မောင့် ခများ ..

ရှာသည် မဟုတ်ပါလား ..။ ဒါပေမဲ့ .. မောင့်ကို ဆေးကုသ

တာက .. ငွေဝန်း .. အလုပ်လုပ်မှ ဖြစ်မည်။ ငွေရှိမှဖြစ်မည်

တ်ပါလားလေ ..။ မောင့်ကို ချစ်မြတ်နိုး၍ လိမ်ညာရပါသော

ဖြစ်ကို .. မောင် ခွင့်လွှတ်နိုင်ပါချေလိမ့်မည်ဟုသာ အနိုင်

အားတင်းမျှော်လင့်ယူလိုက်ပါသည် မောင် ..။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ အန်ကယ်က .. မောင့်ဇနီး ဆိုပြီး အဲဒီသူဌေး နဲ့ မန်နေဂျာကို မိတ်ဆက်ပေးတယ် မောင် .. ဒါ .. အဲဒီ ပန်းချီဆရာလေး မမောင်မောင်နွေဦးရဲ့ ဇနီးပါပေါ့ .."

ဤတစ်ကြိမ်မှာတော့ မောင့်ကိုယ်ကြီး မတ်ခနဲဖြ လာသည်။ တစ်ခုခုကို ခပ်ဆဆ တွေးနေသလိုဖြင့် တစ်ချ ငွေဝန်းဘက်ကို ခေါင်းငဲ့သည်။ မောင့်လက်တွေက ငွေဝန်း ပခုံးဆီသို့ ဖေးတင်လာပါ၏။ တစ်ချက် တင်းခနဲ ဆုပ်ပစ်လို ရင်းမှ ..

"ဘယ်သူတွေလဲ .. သူတို့က .."

ဟု မေးလာသည်။

"ရွှေကောင်းကင်ဟိုတယ်ကပါ မောင် .. သူဌေး ဦးမြတ်မွန်တဲ့ .. သူ့မန်နေဂျာက .. ဦးယုတဲ့ .. သူတို့ မောင့်ပန်းချီကားတွေကို .. နောက်ထပ်လေးငါးခုလော ထပ်ဝယ်ကြဦးမယ်တဲ့ .."

ဟု ဆက်ပြောပြနေမိရသည်။ ဤသည်ကလည တစ်ပိုင်းတစ်စိတ်တော့ မှန်နေသည်ပါလေ။ အဖြစ်အပျက်မျာ ရွှေကောင်းကင်မှာ ငွေဝန်းသာ အမှန်အတိုင်း အသိပေးစဉ် မြရိပ်ငြိမ်မှာ မောင့်ပန်းချီကားတွေ ရှိသည်ဆိုတာကို ထည့်ပြော တော့ .. ဦးမြတ်မွန်က .. နောက်နေ့မှ ထိုပန်းချီကားများကို သွာ ဝယ်လိုက်မည်ဟုတော့ ပြောခဲ့သည် မဟုတ်ပါလား ..။ ငွေဝ ကို သနားစိတ်ဖြင့်ပြောခြင်း ဆိုတာကိုလည်း ငွေဝန်း နားလည် ပါ၏။ ထိုပန်းချီကားများကို .. ရွှေကောင်းကင်၏ အနုပည ဆောင်မှာ ချိတ်မည်တဲ့ ..။ မောင့်ပန်းချီကားများ ရှိနေရာ အ



ညာခန်းဆောင်မှာ ငွေဝန်းသည် .. လှပနည်းကျစွာ ကာရချေမည့် ဖြစ်အတွက် ငွေဝန်း၏ ရင်မှာ အားအင်များ ပို၍ဖြစ်ထွန်းမည် သည်း ယုံကြည်မိပါသည်တဲ့ ..။ ထိုကဲ့သို့ ဦးမြတ်မွန် ပြောခဲ့ သည် မဟုတ်ပါလား ..။ ဦးမြတ်မွန်သည် .. အသက်လေးဆယ် ဘို့မျှလောက်တော့ ရှိမည်။ စာနာတတ်ပုံရလျက် ..။ စိတ်ထား သဘောထား ကောင်းမွန်သည့်သူတစ်ယောက် ..။ စိတ်ထားပြည့်ဝ တစ်ယောက်အဖြစ် .. ငွေဝန်းသာ တစ်ခဏတာမျှ .. ထိုကြို ဆက်ပြောဆိုရချိန်များ အတွင်းမှာပင် နားလည်ခဲ့ရသည်မှာလည်း မှန်ပါ ..။

ဒါပေမဲ့ .. လောလောဆယ်မှာတော့ .. မောင့်ကို ပြောပြနေရသည့် စကားတွေထဲမှာ ရွှေကောင်းကင်သို့ ငွေဝန်း ထက်သွားရရင်း ဆုံခဲ့ရတာမျိုး မဟုတ်ဘဲ ..။ မြရိပ်ငြိမ်သို့ နှင့်အတူ မောင့်ပန်းချီကားတစ်ချပ်ကို လာဝယ်သည့် သူဌေး ယောက်အဖြစ် .. ဇာတ်အိမ်ဆင်၍ ပြောခဲ့ရပါသည့် အဖြစ် ..။ ဒီမှ မပြောလျှင်လည်း မဖြစ်ချေသည်မို့ ငွေဝန်းမှာ ထိုလမ်း သာ ရွေးရခြင်းပါ ..။

"အဲဒါ .. ဦးမြတ်မွန်က ပြောတယ် မောင် .. မောင့် ပန်းချီကားတွေကို ဝယ်ပြီးတော့ .. သူ့ရဲ့အနုပညာခန်း ဆောင်မှာ ချိတ်တဲ့အခါ .. ဘယ်လိုထားသို ချိတ်ရင် ကောင်းမယ် ဆိုတာ .. ကာယကံရှင် ပန်းချီဆရာကိုခေါ် ပြီး .. အကြံယူချင်တယ်လို့ ပြောလာတယ် မောင် .."

ဤစကားသည် မောင့်နှလုံးအိမ်ကိုစိုက်မည့် အဆိပ် သော မြားတစ်စင်း ဖြစ်သည်ဆိုတာ ငွေဝန်းသာ သိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ .. ငွေဝန်း .. ငွေဝန်း .. ရှေ့ဆက်ပြောမည့် စကားများ
အတွက် .. ဤသို့မှ မပြောချေလျှင် မဖြစ်ချေသည်မို့ .. ဖွင့်
ပြောရခြင်းပါ ..။ မောင် ငိုင်ကျသွားစဉ်ခိုက် ငွေဝန်း ရင်ထဲ
မချိ ..။ မောင့်လက်ဖမိုးကို ဖေးယူ၍ ငွေဝန်း နမ်းရှိုက်မိရပါ
ဤတစ်ကြိမ်မှာတော့ ငွေဝန်း မထိန်းထားနိုင်စွမ်းသည်မို့ ငွေဝ
၏ မျက်ရည်စက်သည် မောင့်လက်ဖမိုးထက်မှာ ဖေးတင်စီး
ကုန်ကြရသည်ပါပဲ ..။ မောင့်ရင်ခွင်မှာ ငွေဝန်း ခေါင်းလေး
ဝင်ကာ ငိုချလိုက်တော့ မောင် လည်ချောင်းတနင်နင်ဖြင့် ဖြစ်
သည်။ ငွေဝန်း၏ ဆံစများကို မောင်သပ်ပေးနေသည်။ ရင်
ကြေကွဲနေသည့် သူတစ်ယောက်က .. မချိတင်ကဲ ငိုနေသူတ
ယောက်ကို ဖျောင်းဖျနှစ်သိမ့်ဖို့ ကြိုးစားပမ်းစား ရှိနေသ
အသွင် ..။

"အဖြစ်စုံကို .. ဦးမြတ်မွန် သိသွားပါတယ် မောင်
ငွေဝန်း .. ပြောပြလိုက်ပါတယ် .."

ဟုတ်သည်။ ပြောပြခဲ့သည် ..။ ငွေဝန်း တ
ကိုပဲ .. ရွှေကောင်းကင်မှာ ပြောပြခဲ့သည်လေ ..။ ဤစကား
တော့ .. မှန်သည့်စကားများပါ ..။

"အဲဒီမှာ .. ဦးမြတ်မွန်က .. ငွေဝန်းကို ပြောတယ်
မောင့်ပန်းချီကားတွေကို .. ငွေဝန်းက ချိတ်ပေးပါ
ငွေဝန်းကိုလဲ .. အဲဒီ အနုပညာဆောင်မှာရော .. ဟို
ကြီးမှာရော .. အလှအပတွေ ပြင်ဆင်ပေးတဲ့သူအဖြ
ခန့်ထားပေးပါမယ်တဲ့ .. သူ့ရဲ့ ဟိုတယ်ကြီးဟာ ..
တိုင်းမှာ ပန်းချီကားချပ် နှစ်ခုလောက်တော့ ချိတ်ထား



တဲ့ အခန်းတွေ ဖြစ်နေတယ်တဲ့ .. ပန်းအလှပြင်တာ ..
ပန်းအိုးအလှထိုးတာ .. မင်္ဂလာခန်းဆောင်တွေအတွက်
အလှအုပ္ပ ပြင်ဆင်တာမျိုးတွေ လုပ်နိုင်ခလားတဲ့ .. အဲဒါ
တွေ မေးတော့ ငွေဝန်း ခေါင်းလေးနဲ့ တိုင်ပင်တယ် ..
ငွေဝန်း စမ်းလုပ်ကြည့်ချင်တယ် မောင် .. လုပ်ကိုင်လို့ ..
သူတို့သဘောကျ လက်ခံကျေနပ်ရင်လဲ .. ငွေဝန်းအလုပ်
တစ်ခု ရမှာပေါ့ မောင် .. မကြိုက်ဘူးဆိုရင်လဲ .. အလုပ်
မမြဲပဲ ပြန်လာရမှာပေါ့ .. ငွေဝန်းကို စိတ်မဆိုးပါနဲ့မောင် ..
အဲဒီအလုပ်ကို ငွေဝန်း လက်ခံခဲ့ပါတယ် .. ငွေဝန်း ..
ငွေဝန်း .. လုပ်ပါရစေ မောင်ရယ် .. မောင့်ကိုချစ်တဲ့
ငွေဝန်း .. လုပ်ပါရစေ၊ မောင့်ကို .. ငွေဝန်း .. ဆေးကု
ပါရစေ မောင် .."

ဟု မောင့်ရင်ခွင်မှာ မောင့်ပခုံးကို တင်းနေအောင်
ဆုပ်ကိုင်ရင်း မော့ပြော ပြောနေရာမှ ငွေဝန်း ငိုချလိုက်မိရပါပြီ ..။
တယ့်ကို .. ငွေဝန်း .. ငွေဝန်း .. ရင်ထဲမှာ မဆန့်အောင်
ကြေကွဲခံစားနေရသည်။ မောင့်ကိုချစ်သည့်စောဖြင့် မောင့်ကို
ဆေးကုသလိုခြင်းမှ တစ်ပါး အခြား ဘာမျှကိုမသိဘဲ ရှိနေရလေ
သူ .. ငိုချနေမိရခြင်းပါ ..။ မောင် ကန့်ကွက်မှာကို ငွေဝန်း
စိတ်လန့်နေသည်။ ချောက်ချားနေသည်။ အတုန်လှုပ်ကြီး တုန်
လှုပ်နေသည်။ မလုပ်နဲ့ .. ဟု မောင် တားလိုက်မှာကို သေလု
ထိတ် ကြောက်နေသည်။ မတားပါနဲ့ မောင်ရယ် .. မတားလိုက်
နဲ့ .. ဟု နှလုံးအိမ်မှ တစာစာ တောင်းပန်နေသည်။ ငွေဝန်း
ထိတ်ယှက်၍ လက်အုပ်ပေး ချီမိကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ငွေဝန်း ကန်တော့ တောင်းပန်ပါတယ် မောင်ရယ် မောင့်ကို ငွေဝန်း ဆေးကုချင်လွန်းလို့ပါ .. ဒီတိုင်းကြ ငွေဝန်း .. ထိုင်မကြည့်နေနိုင်ဘူး မောင့်ရဲ့ .. ငွေဝန်း သေရလိမ့်မယ် .. မောင့်ကို သနားရလွန်းလို့ .. မော အဖြစ်ကို ရင်ထဲမချိလွန်းလို့ .. နှလုံးကြေပြီး သေရပါ မယ် မောင်ရဲ့ .. ဒီအခွင့်အရေးလေးတော့ ငွေဝန်းကို ပါမောင် .. မောင့်ကို .. မောင့်ကို .. ငွေဝန်း ဆေးကု နိုင်ဖို့အတွက် .. ငွေစုခွင့်လေးတော့ ပေးပါ မောင်ရယ် ငွေဝန်း ချစ်လွန်းလို့ ပြောနေရတာပါမောင် .. ငွေ ချစ်လွန်းလို့ ပြောနေရတာပါမောင် .."

ဟု အထပ်ထပ် ပြောရင်း ငွေဝန်း အသံတွေ အ ကျနေရင်း ရှိုက်သံတွေက နင့်နေအောင် ပွင့်ကျနေကြရာမှာ မောင့်လက်တွေ ငွေဝန်း၏ လက်အုပ်ချီထားပါသော လက်အ ကို ဖေးစမ်းကိုင်ရင်း မျက်ရည်ကျလာနေကြချိန်မှာ ..။ ငွေ ကိုယ်လေး ငိုက်ကျသွားကာ မောင့်ခြေဖမိုးပေါ်မှာ နဖူးကိုဖေးအ တင်ရင်း ခေါင်းကို ဘယ်ညာနွဲ့၍ မျက်ရည်များ ဖြိုင်ဖြိုင်ကျလာ ကြရကာ ..

"ငွေဝန်း .. ငွေဝန်း .. အလုပ်လုပ်ပါရစေ မောင်ရဲ့ မောင့်ကို ဆေးကုပါရစေ မောင်ရဲ့ .. ဒီအခွင့်အရေးလေး ငွေဝန်းကို မောင် ပေးပါ .. ပေးပါ မောင် .. ကြာရင် ငွေဝန်း .. ရင်ကွဲနာကျ သေရမှာပါ မောင်ရဲ့ .. ဒီအတိုင်း မောင့်ကို .. မောင့်ကို .. ငွေဝန်း မကြည့်ရက်နိုင်ဘူ မောင် .. အမှောင်ထဲမှာရှိနေတဲ့ မောင့်ကို ငွေဝန်း အလင်



ထဲ ခေါ်ခွင့်ရပါရစေ .. ပန်းချီဆွဲတဲ့ မောင့်လက်ချောင်း လေးတွေဆီကို .. အလင်းတန်းတွေ တွန်းပို့ပါရစေ မောင်"

ဟု အရှုးလိုပြော ငိုချနေတော့ မောင့်ကိုယ်ကြီး ိုင်းလာသည်။ မောင့်ခြေဖမိုးပေါ်မှာ ကြွေသက်နေပါသည့် ျက်ရည်စက်တို့၏ အထိအတွေ့ကိုလည်း မောင် ခံစားနေရချေ ည်သာ ..။ ငွေဝန်း .. မောင့်ကိုချစ်သည့်အဖြစ် .. ပြောနေသမျှ.. ံစားနေရလေသမျှ .. မျက်ရည်တွေ ပြိုကျနေရလေသမျှ ..။ ောင်သည်လည်း .. မျက်ရည်ကျနေရှာချေသည်တကား ..။ ငွေဝန်း၏ ကိုယ်လေးကို ထွေးပွေ့ယူကာ တုန်နေသော မောင့် က်တွေက .. ငွေဝန်း၏ မျက်ရည်တွေကို တွင်တွင်သုတ်ပေး နေသည်။ မျက်ရည်သုတ်ပေးနေသည့် မောင်ကိုယ်တိုင်သည်လည်း ျက်ရည်ကျနေသည်။ ငွေဝန်း၏ မျက်နှာလေးကို ရင်ခွင်မှာ အပ်ယူလိုက်ကာ ဆံစလေးတွေကို မောင် သပ်ပေးနေတော့ သည်။

"မောင် .. အဲဒီကို .. တစ်ကြိမ်လိုက်ခွင့် ပေးနိုင်မလား ငွေဝန်း .. အဲဒီ ဦးမြတ်မွန်ကို .. မောင် ဆုံချင်တယ် .."

မောင် အနိုင်နိုင် အားယူပြောရှာသည်။ ငွေဝန်း ရှမ်းကို ခံစားငိုချလိုက်လေသမျှ ငွေဝန်း ခယယယနိုင်စွာ .. ပြာပြခွင့်တောင်းနေလေသမျှ ..။ ငွေဝန်း၏ အရှုံးတစ်ပိုင်းမျှ .. နေရလေသမျှ ..။ ဒါတွေကို မောင် သိနေသည်မို့ ငြင်းမစ်ရမှာ ်လေးလာရဟန် တူပါ၏။ ပြောသည့် မောင့်စကားသည်လည်း ဝန်း၏ရင်ကို ဆို့တက်လာရစေသည်ပါပဲ ..။ ဪ .. ဦးမြတ်မွန် ို မောင် ဆုံချင်သည်တဲ့ ..။

www.burmeseclassic.com



ဆုံချင်သည် ..။ စကားသည် တာသွားပါသည်ဆော
လေ ..။ မျက်မမြင်တစ်ယောက်သည် လူတစ်ယောက်ကို မြင်ချ
ကြုံချင်သည်ဟု ပြောခွင့်မသာသည့် ဘဝပေမို့ ..။ ဆုံချင်သည်
မောင် ပြောလာရှာခြင်းပါ ..။

မောင့်လက်တွေက ငွေဝန်း၏ မျက်နှာလေး
ပေးကိုင်ထားသည်။ မောင့်လက်ဖဝါးတွေက ငွေဝန်း၏ မျက်
လေးကို ပေးမှော့နေစေသည်။ မောင့်လက်တွေ တဖြည်းဖြည်းနူ
နူးညံ့ညင်သာစွာ ငွေဝန်း၏ မျက်နှာလေးကို ဖွဖွလေး ပွတ်
သည်။

"မောင် သိပါတယ် .. မောင့်ကို ချစ်တယ်ဆိုတာ မော
သိပါတယ် .. မောင့်ကိုချစ်လို့ .. ဒီလို .. ခွင့်ပန်နေတာ
ဆိုတာလဲ မောင် သိပါတယ် .. မငိုနဲ့နော် .. မငိုပါနဲ့
ရှယ် .. လုံမ သိပ်ကို ပင်ပန်းနေပြီ .. မောင်သနားလို့
တာ .. သနားလိုက်တာ .."

ဟု မျက်ရည်ကျရင်းလည်း ပြောနေသည်။

ဤတစ်ကြိမ်တွင် မောင်သည် စိတ်လိုက်မာန်ပါ ..
မျက်ဝန်းတွေကို စုံမှိတ်ကျ ..။ ငွေဝန်း၏ ကိုယ်လေးကိုလည်း
တင်းနေအောင် ဆွဲပွေ့ကာ ..။ ရင်ခွင်မှာ ကလေးလေးလို ပိုက်
ထားပစ်ရင်းမှ ..

"မောင် လက်ထပ်တာ .. ငွေဝန်းကို လက်ထပ်လိုက်
ဟာ .. တာဝန်တွေ ပိနေစေဖို့ပါလားဟင် .. ဟင် .. လုံမ .."

ဟု အက်ကွဲနေသည့် အသံဖြင့် မချိတင်ကဲ ..
လိုက်ပါသတည်း ..။



"အဲလိုမပြောပါနဲ့ မောင် .. မပြောပါနဲ့ မောင်ရဲ့ .."

ဟု ငွေဝန်း ကလေးလေးလို ပြောငိုရင်း မောင့်ပါး
စပ်ကို လက်ချောင်းနုနုလေးတွေဖြင့် ပေးတင်ခိုက် ..။ မောင့်
မျက်နှာ ငိုက်ကျသွားကာ ငွေဝန်း၏ ခေါင်းလေးပေါ် မောင့် မေး
ဖျားတို့ တင်လာလျက်မှ ..

"မောင် .. ငွေဝန်းကို .. လက်မထပ်ခဲ့မိရင် ကောင်းသား ..
ဒီအတွေးကို မတွေးရက်ပေမဲ့ .. မောင် .. တွေးနေမိတတ်
ပြီ လုံမ .."

ဟု ဆက်၍ ပြောသံက ရင်ကို မြည့်မြည့်ကြေ
အောင် ခွဲချေ၍ ထွက်လာသည့်နှယ် .. အက်အက်ကွဲကွဲ နိုင်နေပါ
သတည်း ..။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"မောင် ဖြစ်တာက ‥ ခေါင်းပိုင်းမှာ အာရုံကြောတစ်ခု ကို ထိခိုက်လို့ ဖြစ်တာမျိုးဆိုတော့ ‥ ခေါင်းကိုင်းကို ခွဲစိတ် ဖွင့်ရမယ့်အထိ အတိုင်းအတာက ခက်ခဲတဲ့ နေရာမျိုးမှာ ရှိနေတယ်လို့ နားလည်ထားတယ် ငွေဝန်း ‥ ဒါကြောင့် ပိုက်ဆံတော့ ကုန်မှာပဲ ‥ အတိုင်းအတာ တော်တော်လေး တော့ ရှိမှာပဲ ‥ ဒါကြောင့် ‥ မောင့်ကျန်တဲ့ သက်တမ်း ကို ဒီလိုဘဝနဲ့ ဖြတ်သန်းဖို့အထိ မောင် ရင်ဆိုင်ရဲပါတယ် မောင့်အတွက်ကြောင့် မောင့်လုံမ ပင်ပန်းမယ် ‥ ဝန်ပိမယ် ဆိုတာမျိုးကို မောင် မဖြစ်စေချင်ဘူး ‥ ခု ‥ လုံမ ‥ အလုပ် လုပ်နေတာ နှစ်လထဲ ရောက်လာပြီ ‥ မနက်ကို အိမ်ရှေ့ အရောက် ကားလာကြိုတယ် ‥ အပြန်ကို အိမ်ရှေ့အရောက် ပြန်ပို့ပေးတယ် ဆိုတာကတော့ ‥ သွားရေး လာရေးအတွက် အလွန်ကို အဆင်ပြေစေတာမို့ ‥ ဦးမြတ်မွန်ကို အလွန် ကျေးဇူးတင်ထိုက်တယ် လုံမ ‥"



မောင်ပြောနေသမျှ ငွေဝန်း ငြိမ်သက်နားထောင်ရင်း မောင့်ကို သနားစိတ်ဖြင့် ငေးကြည့်နေမိရပါသည့် အဖြစ် ‥။ ဒေါ်လေးကတော့ ထုံးစံအတိုင်း မနက်ဘက် အိမ်ဆိုင်ဖွင့် ထွက် သွားပြီ ‥။ သမီးလေးကိုလည်း ခေါ်သွားသည်ပါပဲ ‥။ မောင်က ချက်မမြင်ပေမို့ သမီးလေးကို ထိန်းကျောင်းနိုင်စွမ်းသည်မှ မဟုတ် ချေပဲလေ ‥။ ဒေါ်လေး အိမ်ဆိုင်သို့ မသွားမီအထိကတော့ မောင် သည် သမီးလေးကို တချီပွေ့ပွေ့ဖြင့် ရှိတတ်ပါ၏။ လေးနှစ် အရွယ်လေးပေမို့လည်း သမီးလေးသည် စကားလေးတွေ တီတီ တာတာဖြင့် ပြောဆိုတတ်သည်မို့ မောင့်မှာ သမီးလေးကိုဆို အသည်းဖြစ်နေသည်ပါပဲ ‥။ ဒါပေမဲ့ ‥ ကလေးပေမို့ မာလကာ ပင်ပေါ်တက် ဘာတက် ဖြစ်မှာ ‥။ မတက်တတ်သည့် သစ်ပင် ကို ကောက်တက်လိုက်လျှင် ပြုတ်ကျကျိုးမဲ့မှာကို မောင်က စိုးရိမ်သည်။ ရေတွင်းအကာ အောင်ပေါ်တက်ခွတာမျိုးလုပ်၍ ရေတွင်းထဲ ကျသွားမှာမျိုးကိုလည်း စိုးရိမ်သည်။ ခြံစည်းရိုးပေါ် တက်ဆော့ ကျော်ခွတာမျိုး ဖြစ်မှာကိုလည်း မောင်ကြောင့်ကြ သည်။

မောင်သည် သမီးလေးနှင့် ပတ်သက်လာလျှင် အစစ စိုးရိမ်လွန်ကဲကာ သမီးလေး ဘာမျှမလုပ်ဖူးသေးသော အရာတွေ ကို လုပ်တော့မည့် အရာတွေအဖြစ် တွေးတောပူပန်နေတတ်ပါ၏။ ဥပမာ ‥ သမီးလေး မာလကာပင်ပေါ် ကုပ်ကပ်တက်မှာမျိုး ‥ ရေတွင်း သစ်သားတန်း အကာမှာ တွဲခိုကျော်၍ အထဲဘက်ကို ငုံ့ကြည့်၍ ပြုတ်ကျမှာမျိုး ‥။ ဒါတွေကို ခုပဲ ချက်ချင်းဖြစ်လာ နိုင်တော့မည့် အန္တရာယ်တစ်ခုပမာ ကြိုတင်တွေးရင်း ပူပန်တတ်

www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ဒေါ်လေးနှင့် အိမ်ဆိုင်ဆီသို့ တစ်ပါတည်း ထည့်လွှတ်လိုက်တတ်ပါ၏။ အိမ်မှာကလည်း ငွေဝန်းသာမှ မရှိချေပဲလေ ..။

ခုလည်း အိမ်မှာ သမီးလေး မရှိပြီ ..။ တာ့တာ .. ဟု အသံချိုလေးဖြင့် သမီးလေး နှုတ်ဆက်ကာ ဒေါ်လေးနှင့် ပါသွားခဲ့ပြီ ..။

အကျော်ပင်အောက်မှာ မောင်နှင့်အတူ ငွေဝန်း ထိုင်ရင်း ကြိုလာမည့်ကားကို စောင့်နေစဉ်ခိုက် .. မောင်ပြောခဲ့သမျှ စကားတွေကိုလည်း နားထောင်ရင်း စိတ်ထဲ မကောင်းနိုင် .. မောင့်ကို လိမ်ညာထားရသည် မဟုတ်ပါလားလေ ..။ တကယ်တမ်း ငွေဝန်းသည် ရွှေကောင်းကင်၏ အနုပညာခန်းဆောင်မှာ အကလေးများဖြင့် ကပြဖျော်ဖြေနေရပါသည့် ငွေစင်ဖြစ် ရှိနေမှန်း မောင် သိချေလျှင် အရမ်းကို စိတ်ထိခိုက် ကြေကွဲရှာချေမှာ အမှန် ..။ မောင်သည် ဒုက္ခိတဘဝသို့ ရောက်သည့်တိုင် နွေးမွန်သို့ မပြန်ခဲ့ ..။ မိဘများထံ ခေါင်းငုံ့ဝင်လိုက်တာမျိုးကို ရှောင်ခဲ့ ..။

မောင်သည် မောင်ရွေးချယ်သော လမ်းမှာ မောင်အဆုံးအဖြတ်ဖြင့် လျှောက်ခဲ့ပြီးပြီမို့ လက်ရှိ လက်ခံဖြစ်တည်နေရသော ဘဝမှာလည်း မိဘထံပြန်၍ တာဝန်ပေးအပ်လိုက်တာမျိုးကို မပြုခဲ့ ..။ မောင်သည် လက်ရှိဘဝမှာ .. ကံကြမ္မာဖန်တီးရာအတိုင်း မျက်မမြင်ဘဝဖြင့် နေခဲ့ရှာသည်ပါပဲ ..။

မောင့်မေမေပြောသည့် စကားတစ်ခွန်းသည် မောင်ရင်ကို အထိမှန်ကြီး ထိမှန်ခဲ့သည်မို့ ..။ ငွေဝန်းကရှာရသည့် ငွေကြေးဖြင့် မရပ်တည်ဟု ယတိပြတ် ဆုံးဖြတ်ခဲ့တာကိုလည်း ..



ထဲမှာ ဘယ်သောအခါတွင်မှ မပျောက်လွင့်စေခဲ့သည်ကလည်း ခိုင်ခိုင်မာမာကြီးပါ ..။

"ဘာပဲဖြစ်ဖြစ်ပေါ့ မောင်ရယ် .. အိမ်မှာက .. အိမ်ဆိုင်က ရတဲ့ ငွေကြေးနဲ့ စားသောက်နေကြတာပဲ .. ယာခင်းကရတဲ့ ငရုတ်တွေကလဲ ဒီနှစ်မိုးဖျက်လို့ ပျက်ပေမယ့် .. နောင်နှစ်တွေကျတော့လဲ ရသင့်သလောက်တော့ ရနေမှာပါပဲမောင် .. မောင့်ကို .. ဆေးကုဖို့က အရေးကြီးပါတယ် မောင် .. ဟောဒီ မောင့်လက်ချောင်းလေးတွေ ပန်းချီပြန်ဆွဲရဖို့ အရေးကြီးပါတယ် မောင်ရယ် .. မောင်ဟာ .. ငွေဝန်း အတွက် .. အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပါ .. ဘဝသခင်ပါ .. မောင့်ကို .. ငွေဝန်း သိပ်ချစ်ပါတယ် မောင်"

ဟု ပြောတော့ မောင် အံခဲ၍ မျက်တောင် တဖျပ်ဖျပ် ခတ်သည်။ ငွေဝန်း၏ လက်လေးတွေကို တင်းနေအောင် ဆုပ်သည်။ စကားတစ်ခွန်းမျှတော့ ထပ်မပြောမလာ ..။

ဦးမြတ်မွန်နှင့် ဆုံချင်သည်ဟု မောင် ပြောခဲ့ပေသည့် .. တကယ်တမ်းကျတော့ မောင်သည် တစ်ကြိမ်မျှ ရွှေကောင်းကင်သို့ လိုက်မလာခဲ့ ..။ အလုပ်ဝင်ခါစမှာ အလုပ်ရှင်ကို စိတ်အနှောင့်အယှက် ပေးသလိုမျိုး ဖြစ်မှာကို စိုးသည်ဟု မောင် ပြောခဲ့ရှာပြန်ပါ၏။ ငွေဝန်းကို အလုပ်မလုပ်စေချင်မှန်းလည်း အရမ်းသိသာသည်။ ဒါပေမဲ့ .. မောင်သည် .. ငွေရှာနိုင်သည့်သူ တစ်ယောက်မဟုတ်ချေသည်ပဲဟု ကိုယ့်ကိုယ်ကိုယ် နားလည်လျက် ငွေဝန်း အလုပ်မလုပ်ဖို့ တားမြစ်နေခြင်းသည် .. ငွေဝန်းအပေါ်မှာ စိတ်ဆင်းရဲစေအောင် ပြုရာရောက်မည်ဟု သဘောပိုက် နား

www.burmeseclassic.com



လည်ထားပုံဖြင့် .. ခေါင်းမညိတ်ရက်ပေမယ့် ညိတ်ခဲ့ရှာခြင်းဆိုတာကိုလည်း ငွေဝန်း နားလည်ပါသည်။ ဘာကြောင့်ဆို ငွေဝန်း အလုပ်လုပ်ခွင့် ရစေဖို့ .. မောင့်ခြေဖမိုးပေါ် နဖူးလေးတင်၍ ရှိက်ငိုတောင်းပန်ခဲ့သည် မဟုတ်ပါလား ..။ ထိုအဖြစ်သည် .. မောင့်ရင်ကို ထိစေခဲ့ဟန် တူပါ၏။

အိမ်ရှေ့လမ်းနေရာမှာ အကြိုရောက်လာသည့် မတ်တူးကားလေး ရပ်လိုက်သံကြောင့် မောင် ထရပ်သည်။ ငွေဝန်း ခြံဝင်းလေးတွင်းမှ ထွက်လာသည်အထိ ဘေးမှ မောင် ယှဉ်၍ လိုက်ပါလာပါ၏။ ကားမောင်းသည့် ဦးဘမှိုနှင့် မောင်သည် ရင်းနှီးနေပြီ ..။

အသက်ခပ်ကြီးကြီး ဒရိုင်ဘာကိုမှ ဦးမြတ်မွန်က ကားကြိုလွှတ်သည့်ကား ဒရိုင်ဘာအဖြစ် ရွေးချယ်လွှတ်သည်မှာလည်း ဘေးဝန်းကျင်မှာ အမြင်တင့်အောင်ဆိုတာ ငွေဝန်း နားလည်ရပါ၏။ ဦးမြတ်မွန်သည် အစစ .. နားလည်စာနာတတ်သည့် စိတ်ထားပြည့်ဝသူ အဖြစ် ငွေဝန်း လေးစားရသည်မှာလည်း အမှန်ပါ ..။

"ကျေးဇူးပါပဲ ဦး .."

ကားတံခါးနားအထိ ထုံးစံအတိုင်း မောင် လိုက်ပါလာသည်။ ဦးဘမှိုကိုလည်း ကျေးဇူးတင်စကား မောင် ပြောသည်။ ဦးဘမှိုကတော့ အရွယ်ငယ်ငယ်နှင့် မျက်မမြင်ဘဝမှာ ရှိနေရှာပါသည့် မောင့်ကို သနားစိတ် ပိုရှာပါ၏။ ဖြစ်ရလေ .. ဟု ငွေဝန်းကို စိတ်ထိခိုက်စွာ မောင်နှင့် ပတ်သက်၍ ညည်းခဲ့ဖူးပါ၏။



"အသွားအလာ သတိထားနော် ငါ့တူ .. အထူးသဖြင့် လှေကား အတက်အဆင်းပေါ့"

ဟု ဦးဘမှိုကလည်း မောင့်ကို မှာသည်။ မောင် ...၍ ..

"ဒီလိုနဲ့ပဲ .. ကျင့်သားတွေလဲ ရနေပါပြီ ဦးရယ် .. ဒီခြံဝင်းထဲ သွားလာနေရတာ .. မမြင်တာတစ်ခုကလွဲလို့ .. ခြေထောက်တွေက အလိုလိုသိ .. လက်တွေက အလိုလို မှတ်မိနေကြပါပြီ ခင်ဗျာ .. ဘယ်နေရာမှာ ဘာရှိတယ် ဆိုတာမျိုးပေါ့ ဦးရယ် .."

ဟု ပြောရှာပါ၏။ ရေတွင်းထဲမှ ရေတွေငင်ငင် ...းပါသည့် မောင် ..။ ရေချိုးဖို့ ရေပီပါပြည့် ..။ မီးဖိုထဲရေ ...ည်ပြည့်အောင် ခပ်ထားတတ်ပါသည့် မောင့်ကို ဘယ်လိုပဲ ...ဝန်း တားပေမယ့်မရ ..။ ဒေါ်လေး တားလည်း မရ ..။ ဖွတ် ...ရှာသည့် မောင်ပါ ..။ ငွေဝန်းမှ ရေတွေပြည့်အောင် ခပ်ခဲ့ ...ည့်နေ့ကဆို .. ရေတွေအားလုံး မောင် ချက်ချင်းသွန်ပစ်တာ ...ဝန်း ရှေ့မှာပင် ရေတွေထပ်ခပ်ဖြည့်ပြသည်။

"ကန်းနေပေမယ့် .. ဒီလောက်လေးတော့ မောင် လုပ်တတ်ပါသေးတယ် ငွေဝန်း .. ဒီလက်တွေက ပန်းချီဆွဲမတော့ပေမယ့် .. ရေတော့ ငင်နိုင်ပါသေးတယ် .. ရေပုန်းတော့ ဆွဲနိုင်ပါသေးတယ် .."

ဟု အံခဲပြောသည့် နေ့ကစ၍ ငွေဝန်း မျက်ရည် ...ငြိုင်ကျရင်း မောင့်ကို မတားနိုင်တော့သည့်အဖြစ်။ မတားရက် ...သည့်အဖြစ် ကြုံခဲ့ရဖူးပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ကားလေး ထွက်သွားသည်အထိ နေရာမှာ မောင် ရပ်ကျန်ခဲ့ရှာသည်ပါပဲ။

ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင် ..။

ဟိုတယ်သို့ ရောက်သည့်တိုင် ဘဘဦးဘမိုးနှင့်ဝင် စကားသိပ်မပြောဖြစ် ..။ မျက်ရည်လည်းရင်း ငွေဝန်း ငြိမ်နေတော့ ဘဘဦးဘမိုးမှ သက်ပြင်းရှိုက်၍ ..

"မောင်မောင်ရဲ့ အဖြစ်အတွက် အဘလဲ ရင်ထဲမကောင်းပါဘူးကွယ် .. အနေအထိုင် အလွန်တည်ငြိမ်တဲ့ သူတစ်ယောက်ပေပဲ .. နမြောဖို့ အလွန်ကောင်းပေတာပဲ .. တကယ့်လူအဖိုးတန်လေး .. မျက်စိ မမြင်တာနဲ့ အားလုံး ဆုံးရှုံးကုန်ရတော့တာ .."

ဟု ညည်းရှာသည်။ ငွေဝန်း မျက်ရည်သာ ကျနေရသည်ပါပဲ ..။ ကားရပ်ခါနီး ပြောခဲ့ပါသည့် ဘဘကိုလည်း မော့ခနဲ တစ်ချက်ကြည့်မိကာ ..

"မောင်ဟာ .. အရမ်းကို ချမ်းသာတဲ့ ဘဝကနေပြီး .. ငွေဝန်းကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ ဒီဒုက္ခထဲမှာ ရောက်တဲ့အထိ .. နေနေရရှာတာပါ ဘဘရယ် .."

ဟု ဖွင့်ပြောပြလိုက်ချင်သည်။ ဒါပေမဲ့ မပြောဖြစ်တော့ပါ ..။ နှလုံးအိမ်က ခံနိုင်ရည်မရှိတော့သည့် အဖြစ် ..။ ကားပေါ်မှ ငွေဝန်း ဆင်းသည်။ ဟိုတယ်၏ တတိယထပ်သို့ ဓာတ်လှေကားဖြင့် တက်ခဲ့သည်။ အနုပညာဆောင်၏ အလှပြင်ခန်းလေးထဲသို့တိုင် တောက်လျှောက် လျှောက်ခဲ့ပါ၏။ အလှပြင်ခန်းလေးထဲရောက်တော့ အသင့်စောင့်နေသည့် မမဦးကို တွေ့ရ



ပြီ ..။ ငွေဝန်းကို အလှပြင်ပေးပါသည့် မမဦးသည် အရမ်းကို ရည်သဘောကောင်းသူပါ ..။ ငွေဝန်း ခဏနား ..။ ပြီးတော့ ချိုးခန်းဝင် ..။ ရေမိုးချိုး ..။ ပါလာသည့် အိတ်ထဲမှ အဝတ် သဲ ..။ မှန်တင်ခုံရှေ့ထိုင်ကာ မမဦး အလှပြင်ပေးသမျှကို ငြိမ်ခံလိုက်သည်ပါပဲ ..။ ပြီးတော့ .. ငွေဝန်း မင်္ဂလာသမီးအဝတ် သည်။

ဦးမြတ်မွန်က .. ငွေဝန်းအတွက် .. မင်္ဂလာသမီးဝတ်စုံတွေ ဗီရိုကြီးထဲမှာ ဆယ်စုံမျှ အသစ်တွေဖြင့် ရှိနေစေခဲ့သည် ..။ ငွေဝန်း၏ အကလေးများသည်လည်း ရွှေကောင်းကင် င် အထူးနှစ်သက် အားပေးကြခြင်းကို ခံနေရပါပြီ ..။ ငွေဝန်း အသဲ ..။ ငွေဝန်း၏ အကလေးများသည် .. ကြည့်ရှုသူတို့၏ ကို ချမ်းမြေ့ကြည်နူး ခံစားစေသည်ဟု မမဦးကတော့ အမြဲ တတ်ပါ၏။

ငွေဝန်း အနုပညာခန်းဆောင်၏ စင်လေးထက်မှာ နေ့စဉ်ခိုက် စားသောက်သူတို့ .. အမောပြေထိုင်ရာ နေရာမှာ င်နေကြသူတို့က ခန်းဆောင်ပြည့်မျှပင် ရှိနေကြပါပြီ ..။ စားပွဲ တွေမှာလည်း စားသောက်နေကြသူတွေ ရှိနေသည်။

ရွှေကောင်းကင်တွင် .. ငွေဝန်း၏ ရွှေစင်မွန်းအက သည့် အခန်းကဏ္ဍလေးသည် လူတိုင်း မျှော်လင့်စောင့်ဆိုင်းကြရသည့် ကဏ္ဍလေးအဖြစ် အောင်အောင်မြင်မြင် ရှိနေသည် သည်း အမှန် ..။ ရွှေကောင်းကင်သည် ငွေစင်၏ ရွှေစင်မွန်း .. ဆိုသည့် အခန်းကဏ္ဍကြောင့် .. ပို၍ .. ဆွဲဆောင်မှုများ လာသည်ဟုလည်း ဦးမြတ်မွန်က ဆိုပါ၏။ ငွေဝန်းကို ..

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်စာချုပ် ချုပ်ထားလိုက်ကာ တစ်လလျှင် ခြောက်သော
အထိ လစာကို တိုးမြှင့်ပေးလာပါ၏။ နောက်လများမှာလည်း
လစာသည် တိုးမြှင့်လာနိုင်ဖွယ် ရှိသည်ဟု ဦးယုနှင့် မမဦးကလည်း
ပြောနေကြပါသည့် အဖြစ် ..။

ဘာပဲဖြစ်ဖြစ် ..။ ငွေဝန်းသည် ဤရွှေကောင်း
တွင် အလုပ်တည်မြဲနေပြီဖြစ်လျက် ..။ ဘာကြောင့်ပဲဖြစ်ဖြစ်
နှစ်တာမျှတော့ မလွဲမသွေ လုပ်ကိုလုပ်ရချေတော့မည်။ ဒေါ်
ကတော့ .. စာချုပ်ဆိုတာကို သိပ်မနှစ်သက်ချင် ..။ ငွေ
အလုပ်ဝင်ပြီး ဆယ့်ငါးရက်မှာ ထိုစာချုပ်ကို ချုပ်ဖြစ်လိုက်ရသည်
လက်မှတ်မထိုးဘဲနေ၍ မကောင်း ..။ ကိုယ်က အလုပ်လို
ကိုယ်တိုင်ပြောခဲ့သည့်သူ ..။ တစ်ဖက်က အကြိုအပို့ကအစ
ပေးသည်အထိ ရှိခဲ့သည့်အဖြစ် ..။ ခု .. ကိုယ်လုပ်လိုပါသည်
ပြောခဲ့သည့် အလုပ်ကို သုံးနှစ်စာချုပ် ချုပ်လာချင်သည့် အ
မှာ .. ခေါင်းခါတာမျိုးကိုတော့ မလုပ်အပ်ဟု ငွေဝန်း ထင်သည်
အလုပ်ရှင်ကို စော်ကားရာ ရောက်မည်။ စိတ်ထဲမကောင်း
လုပ်ရာ ရောက်မည်ဟု ငွေဝန်း ထင်သည်လေ ..။ လော
ဆယ်မှာက ငွေဝန်းအတွက်က .. ရွှေကောင်းကင်မှ ဦးမြတ်
သည် ကျေးဇူးရှင်တစ်ယောက် ဖြစ်နေချေသည်လေ ..။ ဘာပဲ
ဖြစ် ..။ နောက်ပိုင်း လလေးအတန်ရလာလျှင် ကိုတင်လစာ
ဘာလေးယူ၍ .. မောင့်ကို ဆေးခန်းပြ ..။ အထူးကုနှင့်ပြ

ခွဲစိတ်ဖို့ ငွေကြေးလေးလည်း အသင့်ဖြစ်နိုင်
ခွဲစိတ်ကုသသင့်လျှင်ကုသ ..။ ထိုသို့ ငွေဝန်း မျှော်လင့်ထား
ထိုသို့ ကြိုငွေလေး ယူနိုင်ဖို့ဆိုတာ အာမခံချက်အဖြစ် ဤ



ချုပ် ဆိုတာကလည်း ရှိနေသည်မို့ ဦးမြတ်မွန် အနေဖြင့်လည်း
ကို ကြိုပေးဖို့ ပို၍စိတ်ချလက်ချ ရှိစေနိုင်မည်ဟု ငွေဝန်းကတော့
ကောင်းဘက်ကတွေးကာ ထိုသုံးနှစ်စာချုပ်ကို လက်မှတ်ရေး
ခဲ့ခြင်းပါ ..။ ဒေါ်လေးကတော့ .. ဘာပဲဖြစ်ဖြစ် .. စာချုပ်
တာ မရှိလျှင် အနှောင်အဖွဲ့ သက်သာသည်ဟု ပြောသည်ပါ
..။

ငွေဝန်းကတော့ .. ငွေဝန်း လက်မှတ်ထိုးခဲ့ခြင်းသည်
တန်သည်ဟု ကြာလေ ပို၍နားလည်လာရလေပါ ..။ ဤသည်
သည် 'မောင့်ကို ဆေးကုချင်စောက ရှိနေသည်ကိုး။ ငွေလို
ချင် လိုသလောက်တော့ .. ချေးယူနိုင်သည့် အခွင့်အရေးဆိုတာ
ထိုစာချုပ်ကြောင့် ကိုယ့်ဘက်မှာ ပို၍ရှိလာနိုင်သည်ဟု မှတ်
ထားသည်လေ ..။

"ငွေဝန်း အတွက် .. ကဖို့အချိန်တော့ ရောက်လာပြီ .."

ဟု ကိုယ့်ကိုယ်ကို ပြန်၍ အားပေးယူရသည်။
ကောင်းဆုံးဖြစ်အောင် ငွေဝန်း ကရမည်။ ဤသည်က ငွေဝန်း
တွက် အားမာန်များ ..။ ဩော် .. မောင့်ကို ဆေးကုသခွင့် ရစေ
.. ဟူသော အရာသည် ငွေဝန်းအတွက် အားမာန်များပါ
..။

ငွေဝန်း၏ မျက်နှာလေးထက်မှာ အပြုံးရိပ်လေး
သာ၏။ ပါးချိုင့်လေးတွေ ချစ်စဖွယ် ထင်နေသည့် မျက်နှာ
ကို ပရိသတ်ကလည်း ငေးခနဲ ကြည့်ကြသည်ပါပဲ ..။

တည်းခိုသူချည်းသာ မဟုတ် ..။ တချို့ ..
မ်း ကသည့်အချိန်ကို တမင်လာကြည့်ကာ ဟိုတယ်မှာ စား

www.burmeseclassic.com

www.burmeseclassic.com



သောက်ကြသူတွေပင် ရှိသည်။ ငွေဝန်း၏ ကိုယ်လေးက နွဲ့နွဲ့
နှောင်းနှောင်းလေးဖြင့် ရှိနေပါ၏။ ခြေဘစ်ဖက်ကို ဖနောင့်
ကြွ၍ ဒူးလေးကို ညွှတ်ထားပါသည့် ငွေဝန်း၏ အသွင်လေး
ပျံတော့မည့် ကိန္နရီလေး၏ အသွင်နှယ် ရုပ်လုံးကြွကာ နု
ကြော့စင်နေသည်။ တကယ့်ကို ရွှေစင်သွန်း၍ထားသည့် ရွှေ
ရုပ်လေးနှယ်လည်း ရှိနေသည်။ အဝါရောင် မင်းသမီးဝတ်စုံ
ကြောင့် ငွေဝန်းသည် ရွှေရုပ်တုလေးနှင့် ပိုတူနေသည်။

မြခြေကျင်း ဒေါ်ငွေမြိုင်၏ ညဥ့်ရုံတော်သီချင်း
ဆို၍ ငွေဝန်း က,လိုက်သည်။ အကလေး ညက်နေပါ၏။
နားကို ခတ်၍ ခတ်၍ ကသည်ကလည်း ဝဲခနဲ ဝိုက်၍ပါ
လျက် အလွန် လက်ဆစ်ခြေဆစ်ကျိုးသောအက .. အ
နွဲ့နှောင်းလှပသော အကလေးများ ဖြစ်နေသည်မို့ အားလုံး
ငေးခနဲ ကြည့်နေကြရသည်ပါပဲ ..။ ကသည့်အကတွင် လက်
ပခုံးသည် မတိမ်းမယိမ်း ပျောင်းနွဲ့စွာရှိလျက် ပခုံးအထက်
လက်သည် မြောက်ပါမသွား ..။ လက်ဆစ်လက်ချိုးသည်
သော လက်ချောင်းလေးများအထိ လှလှပပ ပျောင်းပျောင်း
ရှိ၏။ ကိုယ်ဟန်အချိုးသည် အလှဆုံးသော ပန်းပုရုပ်လေး
နှယ် အလှည့်အပြောင်းတိုင်း၌ မြင်သူတိုင်း၏ရင်ကို ဖမ်း
ငင်ထားသည့်နှယ် အလွန်တရာကိုမှ နန်းဆန်ကျက်သရေရှိ
သည့်အဖြစ် ..။ ကြော့ကြော့စင်မျှ လှသည်က ရွှေရည်ပန်း
မျှပမာသာတည့် ..။

"ငွေမြိုင်ကို ခိုးမယ်လို့ လူဆိုးတွေနဲ့ မောင်တိုင်ပင်တ
မန်းမြို့တောင် ညောင်ပင်ကြီးမှာ .. မြင်းကိုယ်စီပါတဲ့



လထွက်ကလေးကိုတဲ့ မြင်းပေါ်တင် .. လမဝင်ခင် မန်း
တောင်ရောက်အောင် .. မြင်းငေါက်ကြပါစို့ရှင် .."

အသံလေးသည်ချိုလျက် ပီပီသသရှိသည်။ အသံ၏
ာင်းခြင်းကလည်း မင်းသမီးလေး မငွေစင်အပေါ် ပို၍အမည်
က်စေခဲ့သည်ပါပဲ ..။ လူတို့ဆိုသည်က .. ခေတ်အရမ်းကိုမိ
ကြလျက် .. အရမ်းကို သစ်ဆန်းနေသော တေးသွားများကို
ားရဖန်များလာကြသည့် အခါများမှာ ..။ ငွေဝန်းသာ၏
ာင်းနွဲ့နန်းဆန်သော အက .. အေးမြချိုလွင်သော တေးသံတို့
ပို၍မြတ်နိုးလာကြရပြန်သည်။ မင်းသမီးလေး မငွေစင်၏အက
.. တကူးတက လာကြည့် .. တကူးတက စောင့်ကြည့်အား
ကြပါသည့် ရွှေကောင်းကင်၏ ပရိသတ်ဆိုတာက ရှိနေပြီ ..။
တယ်ဆိုသည်က အပြိုင်လုပ်ငန်းပေမို့ ရွှေကောင်းကင်သည်
သည်းခိုသူတို့အတွက် အဆင့်မြင့်သော အခင်းအကျင်းတို့ဖြင့်၊
ားအသောက်တို့ဖြင့် ဆွဲဆောင်နိုင်ခဲ့သည့်နှယ် အခြားဟိုတယ်
ဆက် တစ်ပန်းသာနေရသည်က ဤဖျော်ဖြေရေးခန်းဆောင်၏
ျော်ကြားမှုလည်း ဖြစ်ပါ၏။ မငွေစင်၏ အကလေးများသည်
ည့်ရသူတို့၏ ရင်ကို အေးမြစေသည် .. အသံချိုလေးကလည်း
ရက်နိုင်စရာ ဖြစ်နေသည် .. ဆိုသည့် အချက်တစ်ရပ်က ..
လုံးသော ဟိုတယ်တို့၏ ဖျော်ဖြေမှု အစီအစဉ်များကို ကျော်
ဖြစ်တည်သွားစေနိုင်လောက်သည်အထိ .. ငွေဝန်းသာ၏
ပညာအရှိန်ဩဇာ လွှမ်းနိုင်ခဲ့ပါ၏။

ငွေဝန်း၏အက ..။ ငွေဝန်း၏အဆို နောက်ဆီသို့
သတ်တို့သည် ကောက်ကောက်ပါမျှ မှင်တက်မျောပါခဲ့ကြရ

www.burmeseclassic.com



သည်တည့် ..။ ကိုယ်အနွဲ့နှင့်လှည့်၍ ကသည့်အခါတွင်လည်း ထဘီအနား ဖွေးစင်စင်သည် ဝဲခနဲ လှပစွာ ရှိရှိသွားသည်ကလည်း ကြည့်ရသူတို့ ကြည့်မဝ မြတ်နိုးဖွယ် ဖြစ်နေကြပြန်သည်။ ငှက်ကလေး ပျံဝဲတော့မည်နှယ်ပါလားဟု ကြည့်သူတို့က ဖွင့်ဟချီးကျူးကြရသည်အထိ ထဘီအနားပိုးသားတို့၏ ဝဲခနဲ လှလှပပလေး ရှိနေပုံလေးက အရမ်းကို လှနေပါသည့်အဖြစ် ..။

"အို .. မောင့်တဘောင်ရှေးကအတိတ်နဲ့စီစဉ် .. မနေနိုင် နိုင်စရာပိုးတဲ့ ... ပိုးတဲ့ခင် .. ငွေမြိုင်ကာယနိုးလှည့်ပါတော့ ရှင် .. မမှာတာစခန်းမတော့ စန်းတဘောင်ဆောင်လျှင် .. ရတနာလျှမ်းတဲ့ မန်းမြို့တော့ငြောင်ပင် .. အတင်းခိုးမယ် လို့ မြင်းကိုယ်စီ မောင်ကပြင် .. ညအဆက်ကြောင့် .. လ ထွက်ကိုတဲ့ မြင်းပေါ်တင် .."

သီချင်းလေး ဆိုနေရင်းမှာ ငွေဝန်း၏ အကြည့်က တံခါးဆီသို့ ရောက်၏။

ငွေဝန်း၏ ရင်ဆီသို့ ပြင်းထန်သော အရှိန်ဖြင့် ဆောင့်လိုက်သည့်နှယ် ခံစားလိုက်ရလျက် သွေးတွေ အေးခဲကျ ချေပြီလားဟု ချောက်ချားစိတ်ဖြင့် ခံစားလိုက်ရပါပြီတည်း ..။

ဘုရားရေ ..။

တံခါးဝတွင် မောင်ပါတကား ..။ မောင်သည် တံခါးဘောင်တန်းကို လက်ဖြင့်ဖေးကိုင်ထားလျက် အံခဲ၍ ရပ် နေသည်။ မောင့်မျက်နှာသည် ငွေဝန်းရှိရာဘက်ဆီသို့ သွေးဆော လွှမ်းလျက် မျက်နှာမှုလျက်သားကြီး ရှိနေသည်။ တစ်ဆက်တည်း မှာပင် မောင့်မျက်နှာထက်တွင် ကြေကွဲမှုများနှင့် နာကြည်းခြင်း



များ .. အရှက်သည်းမှုများ ပိတ်ပိတ်ဖုန်းနေသည်ဟု ငွေဝန်း ခံစားနားလည်နေမိရပါပြီ ..။

"မောင် .. မောင် လိုက်လာတယ် .."

ချောက်ချောက်ချားချားကြီး အသံမဲ့ ပြောနေမိရပါ သည့် စကားများသည် ရင်ထဲမှာပဲ ချောက်ချားစွာ ရှိနေကြပါ၏။

"ညအဆက်ကြောင့် လထွက်ကိုတဲ့ မြင်းပေါ်တင် .."

ဆိုသည့် သီချင်းလေးကို တစ်ချက် ကယောင်က တမ်းလေးနှယ် ဆိုလိုက်မိရသည်မို့ သီချင်းသံလေးသာ နှုတ်ဖျား ဆီမှ တိုးထွက်လာရပါသည့် အဖြစ် ..။

ဆက်မကာ၍ကလည်းမဖြစ် ..။ တေးသွားနှင့်အညီ စည်းချက်ဝါးချက် ကျကျလှလှပပလေး ဆက်မကာဘဲ ရပ်နေ၍ ဖြစ်ချေသည်မို့ ငွေဝန်း ဆက်ကလိုက်ရပါ၏ ..။ ရင်သည် လောင်မြိုက်လျက် ရှိနေချေ၏။ မခြင်ရသော မောင့်မျက်ဝန်းများ သည် အသံလာရာဘက်ဆီသို့ ကြည့်နေသည်။ ငွေဝန်းသိပါသည်။ ငွေဝန်း အသံကို မောင်မသိဘဲ ရှိချေမည်မှ မဟုတ်ချေပဲလေ ..။ ငွေဝန်း .. ရွှေကောင်းကင်၏ အနုပညာခန်းဆောင်မှာ မင်းသမီး လေးအဖြစ် ကနေသည်ဆိုတာ မောင် သိသွားချေပြီဆိုတာ ငွေဝန်း သိနေရပါပြီ ..။ မောင့်ရင်ကိုလည်း ငွေဝန်း မြင်နေနိုင် ပြီ ..။ မောင် အဘယ်မျှထိ တမြည့်မြည့်ကြွေအောင် .. ကြေ အောင် .. ခံစားနေရရှာပြီဆိုတာ ငွေဝန်း သိနေသည်။ သိနေနိုင် သည်။ စိတ်အစဉ်က မောင့်ထံကိုပဲ ရောက်နေသည်။ မောင်ရှေ့ ... လှမ်းခေါ်လိုက်ချင်သည်။ ငွေဝန်းကို စိတ်မဆိုးပါနဲ့မောင် .. ... ပြေး၍ ရင်ခွင်ထဲ ကလေးလိုပဲ ဝင်ချင့်ကြွေးရင်း တောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



နေချင်သည်။ စိတ်လိုက်မာန်ပါကြီး မောင် တွန်းထုတ်လိုက်လျှ သော်မှ မောင့်ခြေသလုံးကိုဖက်၍ လူတွေအားလုံးရှေ့မှာ ငိုကြွေး တောင်းပန်နေချင်သည်။ ဒါပေမဲ့ .. ဩော် .. ဒါပေမဲ့ .. ငွေဝ ဆက်မကျ၍ မဖြစ် ..။ တကယ့် ဆိုင်းဗိုင်း၊ တီးဗိုင်းနှင့် ကရေ မို့ .. တီးခတ်နေသူတို့၏ တေးသွားနှင့်အညီ .. စည်းဝါးနှင့်အ ငွေဝန်း ဆက်ကနေရပါ၏။

မောင်သည် .. တံခါးဘောင်ကို လက်ဖြင့်အနိုင် ဖေးကိုင်ရပ်နေသည့်အသွင် ဖြစ်လာနေသည်။ မောင့်ခေါင်းသ ငိုက်ကျနေသည့်ဘက်ကို ပြောင်းသွားပြီ ..။

"မောင် .. မောင်ရေ .. မောင် ငိုနေသလားဟင် .."

ဟု လှမ်းအော်မေးလိုက်ချင်သည်။ မောင့်ထံ ပြေ သွားချင်နေသည်။ ဒါပေမဲ့ .. ငွေဝန်း ကိုယ်လေးကိုလှည့် ကကြိုးအတိုင်း ပျောင်းနွဲ့စွာ ကလိုက်ရသည်ပါပဲ ..။ ကိုယ်လေ ပြန်၍လှည့်လာစဉ်ခိုက် အကြည့်သည် ကမန်းကတန်းလေး တံ ရှိရာဘက်ဆီသို့ရောက်တော့ မောင် မရှိတော့ပြီ ..။ စောစော မောင်ရပ်နေသည့် ဘေးဘက်နောက်နား မကျတကျတွင် ရပ်နေ သည့် လူစိမ်းတစ်ယောက်သည်လည်း မရှိတော့ပြီ ..။

အို .. မောင်သည် .. မောင်သည် .. ထိခိုက်နာကျ နေသော ခြေလှမ်းများဖြင့် .. ကြေကွဲလောင်မြိုက်နေသောရင်ဖြင့် .. ခံပြင်းနာကြည်းနေသော ခံစားမှုများဖြင့် ဤနေရာဆီမှ ထွက်ခွာ သွားချေပြီတကား ..။



အခန်း(၁၄)

အလောတကြီး တက်လာသည့် ခြေသံကြောင့် သူ့ အကြည့်က ဝရန်တာဘက်ဆီသို့ ရောက်၏။ မျက်ဝန်းများတွင် ခံစားမှုများစွာသည် ရောပြွန်းရှုပ်ထွေးနေသည့် အရိပ်တွေဖြင့် ပြည့်သိပ်နေကြသည်။ မျက်နှာထက်တွင် စွန်းထင်းနေသည့် အရိပ်တွေကလည်း အားလုံး ရောပြွန်းရှုပ်ထွေးနေသည်ပါပဲ ..။ ကြေကွဲမှုများ ..။ ခံပြင်းမှုများ ..။ နာကျင်နေမှုများ ..။ မာနကို ချိုးခံလိုက်ရသည့်နှယ် ခြွန်းခြွန်းကျနေသည့် သူတစ်ယောက် ထံမှာ ခေါင်းထောင်ထနေသည့် မြွေဟောက်တစ်ကောင်နှယ် အဆိပ်များ ပြွန်းတီးနေသည့် ရန်လိုဒေါသရိပ်များ ..။ အားလုံး သည် ဆန့်ကျင်ရှုပ်ထွေးနေသော ခံစားမှုများ၏ အရိပ်များအဖြစ် သူ့ထံမှာ ရှိနေကြပြီ ..။

ကြမ်းပြင်တွင် ထိုင်ချလျက် နံရံကို ကျောမှီနေသည့် အနေအထားမှ ကိုယ်ကို သူပြန်မတ်လိုက်ချိန်မှာပဲ တုန်ခါနေသော ခေါ်သံလေးက ရှေ့ဆီမှ မဝံ့မရဲလေး ပေါ်ထွက်လာပါ၏။

"မောင် .."

www.burmeseclassic.com

www.burmeseclassic.com



ငွေဝန်းသာ၏ အသံတိုးတိုးလေး ..။ ချောက်ချား နေသည့်နှယ် တုန်ခါနေသည့် အသံလေး ..။ ရှိုက်သံမျှင်မျှင်ပေါ နေသည့် ခခယယခေါ်သံလေး ..။ ဒါပေမဲ့ .. လောလောဆယ်မှာ သူ့ရင်ထဲမှ ရှိုက်သံက ပို၍စူးစူးနင့်နင့် နိုင်နေသည်။ သူ့ရင်ထဲမှ ကြေကွဲခံပြင်းမှုများက ကြီးမားသောအရှိန်ဖြင့် သူ့ရင်ကို နာကျင် နေစေသည်။ ရင်ကို မွမွကြေနေစေသည်။ သူသည် သူ့ခံစားမှု များစွာတို့၏ နှိပ်စက်မှုများကြားမှာ .. စုန်းစုန်းမြုပ်နေသည်။ ထို နှိပ်စက်မှုသည် .. သူ၏ လုံမကြောင့် ဖြစ်နေချေသည်တကား။

"သြော် .. မင်းရောက်လာပြီကိုး .. ငါ သိပါတယ် .. မင်း ရောက်လာလိမ့်မယ် ဆိုတာ .. ငါသိထားပါတယ် .. ခုလို အမြန်ကြီး ရောက်လာလိမ့်မယ်လို့တော့ မထင်မိဘူးပေါ့ လေ .. ခါတိုင်းလိုပဲ ပြန်ချိန်တန်တဲ့အခါမှာ .. ပြန်ရောက် လာလိမ့်မယ်လို့ပဲ ထင်ထားမိတာ .. ဘာပဲဖြစ်ဖြစ် .. ခုလို အမြန်ကြီး ရောက်လာတဲ့အတွက်တော့ .. ငါ .. မင်းကို ကျေးဇူးတင်ပါတယ် .. ငါတစ်ယောက်တည်း ဒီထဲမှာ .. ဒီအိမ်လေးထဲမှာ အရူးတစ်ယောက်လို ကျိတ်ခံစားနေ တာတွေကို ပေါက်ကွဲခွင့် စောစောရလိုက်တဲ့အတွက် ဆိုပါတော့ .."

သူ့အသံတွေ အက်နေသည်။ ငွေဝန်းသာ မျက်ရည် များကြားမှ တောင်းပန်ဖို့ ကြိုးစားနေချေမည်လား။ တစ်ခုခုကို ရှင်းပြဖို့ ကြိုးစားနေချေသည်လား ..။ သူ လက်မခံနိုင် ..။ ခေါင်း ယမ်းပြလိုက်မိသည်။ လက်ဖြင့် လှမ်းတားလိုက်သလိုလည်း ပြုမိသည်။ ငွေဝန်းသာ၏ မျက်နှာကို သူ မမြင်ရပေမဲ့ ရှိုက်သံ



ကို သူ ကြားနေရသည်လေ ..။ ထိုသို့ ငိုရှိုက်ရင်း သူ့ကိုရှင်းပြဖို့ ငွေဝန်းသာ ကြိုးစားလိမ့်မည်။ သူသည် ငွေဝန်းသာ၏ မျက်ရည်များကြားမှာ ခံနိုင်ရည်မရှိစွာ အရာရာ စိတ်တွေလျှော့ချလိုက်လိမ့်မည်ဟု ငွေဝန်းသာ ယုံကြည်ထားပုံရသည်။ ထိုမျက်ရည်ဖြင့် သူ့နှလုံးအိမ်သည် အကြိမ်ကြိမ်မျှသော လိုက်လျောခြင်းများကို ငွေဝန်းသာအတွက် အပ်နှံပေးလိုက်စေသည်ချည်း ..။ ငွေဝန်း အလုပ်လုပ်ချင်သည် ဆိုတုန်းကလည်း ထိုမျက်ရည်စက်များ ကြောင့် .. သူ မလိုက်လျောချင်ပါပဲနှင့် လိုက်လျောပေးခဲ့ရသည်။ သူ့ကို ချစ်လွန်းသည့် လုံမအဖြစ် .. သူ လိုက်လျောနားလည်ပေး ခဲ့ရသည်။

"မျက်စိမမြင်တဲ့ ယောကျ်ားဆိုတော့လဲ .. မင်းလှည့်ချင် သလို လှည့်လိုက်လို့ ရတာပဲပေါ့ ငွေဝန်းသာ .. မင်းကွာ .. ငါ့ကို .. ငါ့မာနကို .. ငါ့ဘဝကို .. ပုံပုံကျအောင် ရိုက် ချိုးပြလိုက်တာပါပဲလား .. မင်း ရွှေကောင်းကင်မှာ ငွေ ဝန်းသာအဖြစ် ကနေတာကို .. ဖေဖေနဲ့ မေမေ ကြားရင် .. ငါ့ကို ဘာပြောမလဲ .. ဟင် .. မိန်းမရဲ့ အငြိမ့်မင်းသမီး ကလို့တဲ့ငွေနဲ့ ထိုင်စားနေတဲ့ အစွမ်းအစမဲ့ လူတစ်ယောက် အဖြစ် ပြောကြမယ် .. ငါ့အပေါင်းအသင်းတွေ ဘာပြော မလဲ .. ငါ့ဝန်းကျင် .. ငါချန်ရစ်ခဲ့တဲ့ ဝန်းကျင်ကလူတွေ ဘာပြောကြမလဲ .. မောင်မောင်ဟာ .. သူ့မိန်းမကို .. က ခိုင်းတဲ့အထိ .. အစွမ်းအစ မဲ့နေတဲ့ကောင်လို့ .. ပြောကြ ပေမပေါ့ .. ဒီကောင် ဘာမှမလုပ်ကိုင်တတ်တဲ့ လူစလူန မဟုတ်တဲ့ကောင်လို့ ပြောကြမပေါ့ .. မင်း ကလို့ရတဲ့ငွေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ .. ငါ .. မစားဘူးကွ .. ငါ မစားဘူး .. ဒါ .. ဒါ .. ငါ့ရင်ထဲမှာ စွဲနေတဲ့ ခံစားမှု .. မင်း သိရက်နဲ့ ငွေဝန်းသာ .. သိရက်နဲ့ကွာ .."

သူ ဆက်တိုက်ပြောတော့ ငွေဝန်းသာ ငိုသည်။ သူ့ခြေအစုံကို လက်နှင့်လာအထိ သူ့ခြေကို နောက်သို့ရုပ်မိသည်၊ ဆုတ်ပစ်လိုက်မိသည်။

ကယောင်ကတမ်းဆန်သော သူတစ်ယောက်နှယ် သူ့လက်တွေကို ကြေကြေကွဲကွဲကြီး ဖော့ယမ်းနေမိသည်။ ရှေ့တိုး မလာနှင့် ဆိုသည့်သဘော ..။ ငွေဝန်းထံမှ ရှိုက်သံတွေ ပို၍ပွင့်ကျလာနေကြပါသည့်အဖြစ် ..။ ဤတစ်ကြိမ်တွင်တော့ သူသည် ငွေဝန်းသာ၏ မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးညှပ်ကာ မျက်ရည်လေးများကို တယုတယ ဖျောင်းဖျသုတ်ပေးဖို့ မကြိုးစားတော့ ..။ သူကိုယ်တိုင်ပင် မျက်ရည်ကို အနိုင်နိုင်ထိန်းနေသည့်ကြားမှ ထိန်းမရအောင် ဖြာဖြာကျနေသည်။ သူ့မျက်ရည်ကို သူ သုတ်၍ပင် မနိုင် ..။ ခပ်ကြမ်းကြမ်းပင် ပါးပေါ်မှ မျက်ရည်ကို သူ့ဘာသာသူ သုတ်ပစ်လိုက်မိရပါ၏။

"ငါ .. ဒီက မင်းထွက်သွားပြီးတဲ့နောက်မှာ .. အိမ်ကနေပြီး အငှားလိုင်းကားဂိတ်ထိ .. လက်ကိုင်တုတ်နဲ့ လမ်းလေးအတိုင်း လျှောက်သွားခဲ့တယ် .. ငါ့မှာ မင်းပေးထားတဲ့ ပိုက်ဆံတွေ စုထား သိမ်းထားတာတွေ ရှိတယ်လေ .. အကန်းတစ်ယောက်က ပိုက်ဆံသုံးစရာမှ မရှိတာကိုး .."

သူ တိုးသဲ့သဲ့ ရယ်ခိုက် ..

"အဲသလိုတော့ မပြောပါနဲ့ မောင်ရယ် .."



ဟု ခဲယဲယဲလေး တောင်းပန်နေပါသည့် ငွေဝန်းသာ၏ အသံကို ကြားနေရသည်။ သူ လက်ကာလိုက်ပြန်လျက် ..

"ငါ့စကား ငါဆက်မယ် ငွေဝန်းသာ .. အဲဒီလို ငါ ရန်ကုန်မြို့ပေါ်ကို ရောက်တယ် .. ကားဂိတ်ကနေပြီးတော့ .. တက္ကစီတစ်စီး ငှားတယ် .. ရွှေကောင်းကင်ကို မောင်းခိုင်းတယ် .. ငါ မျက်မမြင်ဖြစ်တာကိုလဲ ကားဒရိုင်ဘာကို ပြောပြခဲ့တယ် .. ဟိုကိုရောက်ရင် .. ဟိုတယ်ရဲ့ ရှိဆက်ပ်ရှင်မှာ အနုပညာခန်းဆောင်ရှိတဲ့ နေရာကို မေးပေးဖို့ .. ငါ့ကို အဲဒီအရောက် လိုက်ပို့ပေးဖို့ အကူအညီတောင်းခဲ့တယ် .. သဘောကောင်းတဲ့ ဒရိုင်ဘာဟာ မျက်မမြင်ဖြစ်တဲ့ ငါ့ကို ကရုဏာသက်ပုံလဲ ရပါတယ် .. ငါ့ကို .. အားလုံး လိုက်ကူညီပေးခဲ့တာပါပဲ .. အဲဒီမှာ .. အနုပညာခန်းဆောင်ကို ငါ ရောက်ခဲ့တယ်လေ .. အဲဒီမှာ .. အဲဒီမှာ .."

သူ့အသံက တစ်ချက် တိမ်ဝင်၏။ ခေါင်းကိုယမ်းသည်။ အရှက်တရားတို့ သိပ်သည်းနေသော ခံစားမှုများက သူ့ရင်မှာ ပြည့်သိပ်လှုံကျနေကြပြီ ..။

"မင်း ပြောတဲ့ .. အလှအပ .. ပြင်ဆင်တဲ့ အလုပ် .. ပန်းတွေ အလှပြင်တဲ့ အလုပ်တွေကို ငါ .. သိခဲ့ရတယ်လေ .. ဘာလဲဆိုတော့ .. မင်းရဲ့အသံ .. မင်းသီချင်းဆိုနေတဲ့ အသံ .. တီးသံ .. ကကြိုး ကကွက်တွေကို ဖြစ်တည်စေနေတဲ့ တီးမှုတ်သံ .. ဂီတသံ .. အဲဒါတွေကို ငါ ကြားလိုက်ရတယ် .. မင်း .. ရွှေကောင်းကင်မှာ .. ဘာလုပ်နေတယ်ဆိုတာ ငါ သိလိုက်ရတယ် ငွေဝန်းသာ .."

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောပြီး စိတ်လိုက်မာန်ပါ ဝရန်တာဆောင် ငယ်လေး ရှိရာသို့ လျှောက်တော့ ..

"အရမ်းမသွားပါနဲ့ မောင်ရယ် .. မြင်ရတာလဲ မဟုတ်တာ မို့ .. တိုက်မိပါ့မယ် .. ရှေ့မှာ ဝရန်တာဘက်ဆင်းတဲ့ ကြမ်းနေရာ ရောက်နေပြီ မောင် .. အနိမ့်ဘက် ရောက် တော့မှာ .."

ဟု လှမ်း၍ သတိပေးသံကို သူ ကြားနေရတော့ လည်း နောက်ကို သူ့ခေါင်းတွေ မလှည့်။ မမြင်သည့်သူ တစ် ယောက်သည် အသံလာရာဘက်ဆီသို့လှည့်၍ကော .. ဘာကို မမြင်နိုင်သည်ပဲလေ ..။ သူ .. တံခါးဘောင်ကို ကိုင်စမ်းမိတော့ ဝရန်တာကြမ်းပြင်ဆီသို့ ထိန်းဆင်းသည်။

"ဟင် .. မောင် .. မောင် .. ဘယ်သွားမလို့လဲ .. ဘယ် သွားမလို့လဲ မောင် .."

သူ အိမ်ကထွက်ခွာသွားတော့မည် ဆိုတာ နားလည် လာပုံဖြင့် ငွေဝန်းသာ အတင်း သူ့လက်မောင်းကိုဆွဲ၍ စိုးရိမ် တကြီး မေးနေတော့ သူ အံခဲ၍ ငြိမ်သည်။

"အဲဒီ အနုပညာခန်းဆောင်မှာ .. ငါ .. ဘယ်လောက်အထိ ခံစားခဲ့ရတယ်ဆိုတာ .. ငါ ပြန်မပြောပြချင်တော့ဘူး ငွေ ဝန်းသာ .. အဲဒီ ခံစားမှုဟာ မကုန်ခန်းသွားဘူး .. ရင်ထဲမှာ ရှိနေတယ် .. ငါ .. ငါက အကန်းကိုး .. အကန်း ဆိုတာ လီမ်ညာသမျှ ယုံပေးလိုက်ရတာပဲပေါ့ .."

ဟု အက်အက်ပါနေသော ကြေကွဲမှုများဖြင့် သူ ပြောချိုက် ငွေဝန်းသာ သူ့ပခုံးပေါ် ခေါင်းလေးတင်လာရင်း ..



"အဲသလိုတော့ မပြောပါနဲ့ မောင်ရယ် .. ငွေဝန်း .. ငွေဝန်း .. မောင့်ကို ဆေးကုပေးချင်လွန်းလို့ပါ .. မောင့်ကို ချစ်လွန်း ပါ .."

ဟု ငိုယို တောင်းပန်လာတော့ သူ အံခဲထားမိ သည်။

"အရှက်တရားရဲ့ နက်ရှိုင်းကျယ်ပြန့်တဲ့ ခံစားမှုကို မင်း နားမလည်ပါဘူး ငွေဝန်းသာ .. ငါက .. မင်းရဲ့ကပြပြီး ရတဲ့ငွေနဲ့ မစားချင်တဲ့ကောင်ပါ .. အဲသလို .. ဆေးကုသ ဖို့ဆိုတာကတော့ ပိုပြီး မဖြစ်ချင်တဲ့ကောင်ပါ ငွေဝန်းသာ .. မေမေက ပြောတယ် .. ငါဟာ .. အစွမ်းအစမရှိတဲ့ကောင် .. မင်းအငြိမ့်မင်းသမီးလုပ်လို့ ရတာနဲ့ စားမယ့်ကောင်လို့ ပြောခဲ့တာ .. ငါလဲ ပြောခဲ့တာပဲ .. အဲသလို ငါဘယ်တော့ မှ မစားဘူး ဆိုတာလေ .. ခု .. ခု .. ငါက .. စားလဲစား ခဲ့ရပြီ .. ဟင် .. ဆေးကုလဲ ခံရဦးမယ် .. ဟုတ်လား .. ငါ .. ငါ .. အကန်းနဲ့ပဲ ရှေ့ဆက်သွားမယ် ငွေဝန်းသာ .. ကန်းပေ့စေ .. ကန်းနေပေ့စေ .."

သူ့အသံတွေက ရင်ခေါင်းထဲမှ ကြေကွဲထိခိုက်စွာ တနာကျင်ကျင်ကြီး ပေါက်ကွဲပွင့်လာတာနှင့် တူနေသည်။ လှိုက် ၍ အက်နေသည်။ အသံတွေက သူ့အသံနှင့်ပင် တူမနေတော့ ပြီ ..။ မချိမဆန့် ခံစားရင်း ပွင့်ထွက်လာနေသည့် အသံမျိုးဖြစ်နေ သည်။ အသံနက်ကြီး ဖြစ်နေသည်။ ကြေကွဲခြင်းတရားများကို ရင်နှင့်မဆန့် ခံစားနေရသည့် အရှက်ရသူတစ်ဦး၏အသံ ဖြစ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက် .. မင်းမှာလဲ ဝန်ထုပ်ဝန်ပိုး ဖြစ်နေတာပါ ငွေဝန်းသာ .. ငါ .. ထွက်သွားဖို့ ဆုံးဖြတ်ထားပြီးသား ပါ .. မင်း နေရစ်ပါ .. မင်း ကြိုက်သလို နေရစ်ပါ .. ငါက မျက်ကန်းကြီးအဖြစ်နဲ့ မင်း ညာတာတွေကို မယုံ ရစေနဲ့တော့ .. ချစ်လို့ ညာတယ်ပဲထား .. ညာတာဟာ ညာတာပါပဲ .. ချစ်လို့ လိမ်ညာလိုက်တဲ့အတွက် အလိမ် ညာခံလိုက်ရတဲ့သူရဲ့ ရလိုက်တဲ့ အရှက်တရားနဲ့ .. ကြေ လောင်မြိုက်မှုတွေဟာ ချိုမြိန်မလာနိုင်ကြပါဘူး .. ကြေ ခြင်းဆိုတာက ကြေကွဲခြင်းကိုပဲ ပေးတာပါပဲ .. အရှ တရား ဆိုတာကလဲ .. အရှက်တရားရဲ့ ခံစားမှုကိုပဲ ပေ မှာပဲ .. ငါ .. ရွှေကောင်းကင်က အပြန်မှာပဲ အဲဒီတ နဲ့ပဲ .. မြရိပ်ငြိမ်ကို ရောက်ခဲ့သေးတယ် .. အဲဒီမှာ .. ငါ ပန်းချီကားကို .. ရွှေကောင်းကင်က .. ပိုင်ရှင်သူဌေး ဦးမြတ်မွန် ဆို .. မင်း .. အန်ကယ်ဦးဇေယျ ဆီရော ခဲ့တဲ့နေ့ရဲ့ နောက်တစ်နေ့မှာပဲ အားလုံး လာဝယ်သွားတယ် လို့ ပြောပြတာကို ငါ ကြားခဲ့ရတယ် .. ဒါပေမဲ့ .. မင်း အဲဒီကို ရောက်ခဲ့တဲ့နေ့က .. ဘယ်ဟိုတယ်သူဌေးကမှ .. လာမဝယ်ခဲ့ဘူး ဆိုတာကို ငါ ထပ်သိခဲ့ရတယ် .. အဲ အပြင် .. မြရိပ်ငြိမ် ပန်းချီခန်းဟာလဲ ငါနဲ့ ဘာမှမဆိုင် ကြောင်း မင်း လက်မှတ်ထိုးခဲ့တာကိုပါ ငါ ထပ်သိရ ပြန်တယ် .. မင်း လှူဒါန်းခဲ့တာမို့ .. အဲဒီနေရာကို ငါ ရောက်သွားခဲ့ရတာမို့ .. ငါ အရှက်တကွဲနဲ့ အဲဒီက ပြန် ရတာကွ .."



ကြေကွဲစွာ အရှက်သည်းစွာ သူပြောနေသမျှ ငွေဝန်းသာ ဘာမျှတုံ့ပြန်ပြောမလာနိုင်သည့်နှယ် ပို၍ငိုနေတာပဲ သူကြား ကြားနေရပါသည့်အဖြစ် ..။ သူ့လက်ကိုတော့ ငွေဝန်းသာမလွှတ်။ အတင်းကြီးကို ကျပ်ခဲနေအောင် မလွှတ်တမ်း ဆွဲထားပါ၏။

"ငါသိလာတယ်လေ .. မင်း .. အဲဒီ ရွှေကောင်းကင်ကို .. အဲဒီအန်ကယ့်ဆီကို သွားတဲ့နေ့က .. အပြန်မှာ .. တမင် ကို သွားခဲ့တယ်လို့ .. ဒီအလုပ်ကို သွားတောင်းခဲ့တယ် လို့ .. ငါ သိလာတယ် .. မင်းကွာ .. တမင့်ကို .. သွား လုပ်ရတယ်လို့ကွာ .."

ဟု ပြောစဉ်နိုက် ..

"ဟုတ်ပါတယ် မောင်ရယ် .. မောင့်ကို .. ဆေးကုချင်လို့ ပါ မောင်ရယ် .. မောင့်ကိုချစ်လွန်းလို့ပါ .. ချစ်လွန်းလို့ ပါ မောင်ရဲ့ .."

ဟု ဝန်ခံသံကို သူကြားတော့ ကြေကြေကွဲကွဲ ပြုံး သည်။

"ငါပြောပြီးပြီပဲ ငွေဝန်းသာ .. မင်းက .. အငြိမ့်မင်းသမီး .. မင်းအနုပညာကို ချစ်လို့ကို .. မင်းကို ချစ်လို့ကို .. ငါ လက်ထပ်ခဲ့တာ .. အနုပညာကို ငါ အထင်သေးနေတာ မဟုတ်ဘူး .. ဒါပေမဲ့ .. မေမေ့စကားကို ငါ မမေ့နိုင်တာ .. ငါ .. ငါ့မှာ .. မာနရှိတယ် .. ငါ ရွေးချယ်တဲ့လမ်းကို ငါလျှောက်ခဲ့ပြီးပြီ .. မင်းနဲ့ ညားတာကို လက်မခံခဲ့တဲ့ မေမေကလဲ .. ငါ့ကို ပြတ်စဲခဲ့ပြီးပြီ .. သားအဖြစ်က .. စွန့်လွှတ်ခဲ့ပြီးပြီ .. ငါ .. အရှက်မရှိရင် .. မင်း .. ကပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ငွေကိုစောင့်ပြီး ဆေးကုဖို့ မလိုဘူး .. မီးဘထဲပြန်ပြီး .. အကန်းဘဝကို .. ကယ်ပေးဖို့ တောင်းပန်လိုက်ရင် ရတယ် ကွ .. ရတယ် .. ငါ .. ငါ .. မသွားဘူး .. ငါမသွား ဘူး ငွေဝန်းသာ .. ငါ ရှက်တယ် .. ငါ ရှက်တယ် .. အဲသလိုသွားရမှာကို ငါ ရှက်တယ် .. ငါ .. ငါ .. အကန်း ဘဝနဲ့ပဲ နေမယ် .. အဲသလို မသွားဘူး .. နားလည်ရဲ့ လား .. ခုတော့ မင်းကွာ .. လူသူအများ လူချမ်းသာ အများနဲ့ ပတ်သက်တဲ့ .. တကယ့် နာမည်ကြီး ရွှေကောင် ကင်ဟိုတယ်ကြီးမှာ .. မောင်မောင့်မယားအဖြစ် .. ငါ့မယား အဖြစ်နဲ့ ရှိနေတဲ့ ငွေဝန်းသာက .. ကနေ့ရသတဲ့လား မင်း .. ငါ့ခံစားမှုကို နားမလည်ပါဘူး .. နားလည်ပေး လဲ မဟုတ်ပါဘူး .. ဒီမှာ ငွေဝန်းသာ .. တချို့နေရာ မှာ .. ချစ်လို့လုပ်တာ မှန်ပေမယ့် .. တစ်ဖက်သား ထိခိုက်တတ်ရင် .. မလုပ်ရဘူးဆိုတာ .. နားလည် တယ် .. နားလည်သင့်တယ် သိရဲ့လား .."

ဟု သူဆက်တိုက်ပြောတော့ ငွေဝန်းသာ ငိုနေသည် ပါပဲ ..။

"ငါ .. တမင်ကို .. ဒီနှစ်လအထိ စောင့်နေခဲ့တာ .. ကနေ့မှ .. ငါ .. အဲဒီကို လိုက်လာခဲ့တာ .. မင်းပြော အမှန်အတိုင်း ဖြစ်နေတယ် ဆိုရင်လဲ .. အဲဒီ ဦးမြတ် ကို သွားပြီး ကျေးဇူးတင်စကား ပြောဖို့ပါပဲ .."

ဟု ပြောတော့ ငွေဝန်းသာ သူ့ရင်ခွင်ထဲ ခေါင်း လေးတိုးဝင်၍ ..



"ငွေဝန်း .. တောင်းပန်ပါတယ် မောင်ရယ် .. ငွေဝန်း .. မောင့်ကို ချစ်လွန်းလို့ပါ .. ဒီလိုလုပ်မိတာပါ မောင် .."

ဟု တခြား ပြောပြရှင်းပြစရာ မရှိတော့သည့်နှယ် ထပ်ထပ် ပြောနေတော့ သူ သက်ပြင်းရှိုက်သည်။

"မသွားပါနဲ့ မောင်ရယ် .. မောင် မရှိရင် .. ငွေဝန်းတော့ ရင်ကွဲသေမှာ .."

ဟု ပြောကာ ခြေသလုံးကိုဖက်၍ ခေါင်းတင်ငို တော့ သူ တစ်ချက်ငိုင်သည်။ မျက်ဝန်းများကို သူ စုံမှိတ်ချလိုက် ပါ၏။ ရင်သည် ပန်းဟိုက်နေသည်။ အပြန်ခရီးမှာရော .. မှာရော .. သူ .. ပြောင်းဆန်နေအောင် ဆောက်တည်ရာမဲ့မျှ ယောက်တည်း ကြေကွဲလောင်မြိုက်နေခဲ့ရသည် မဟုတ်ပါ .။ တက္ကစီအငှားကား ဒရိုင်ဘာသည် သူ့အပေါ် အစစ နားလည်ပေးလျက် .. သူ့ကို .. ရွာသို့တိုင်အောင် လိုက်ပို့ပေးခဲ့ ၏။ သူ့မှာ .. အရမ်းကို ကြေကွဲမှုယ်ရာသော အဖြစ်တို့ကို ခဲ့ရပြီ ဆိုတာကိုလည်း နားလည်ခဲ့ပေးပုံ ရပါ၏။ သူ့ကို .. ဂိတ်သို့ပင် လိုက်မပို့တော့ပါ ..။ ကားဂိတ်နေရာ ပို့ပေးဖို့ တော့ .. ဘယ်ကိုပြန်မည်လဲ ဆိုတာ မေး၍ .. ရွာထဲတိုင် အောင် အိမ်တိုင်ရာရောက် လာပို့ပေးခဲ့ရှာပါ၏။

"မောင့်ကို ဆေးကုချင်လို့ပါ မောင်ရယ် .."

ဟု ပြောနေတော့ သူ မျက်ဝန်းများကို ပြန်ဖွင့်မိ မျက်ဝန်းများကို ပိတ်ထားထား၊ ဖွင့်ထားထား ..။ ဘာမျှ သည့် ဘဝ ..။ ခြော် .. မှောင်နေသည့် အရာများဖြင့် ရှိနေ သည့် ဘဝပါတကား ..။

www.burmeseclassic.com

www.burmeseclassic.com



"မင်း .. တောင်းပန်နေတာလား ငွေဝန်းသာ .. ဒါ
အဲဒီတောင်းပန်မှုထဲမှာ .. ဒီအလုပ်ကို ဆက်မလုပ်တော့
ဘူးလို့တော့ ပြောမလာပါလား ဟင် .. အငြိမ့်မင်းသ
တစ်ယောက်ဟာ ကပဲကတတ်တာမို့ .. ကပြီးတော့
မောင့်ကို ဆေးကုနိုင်မှာပါလို့တော့ ပြောမလာပါနဲ့ ငွေ
သာ .. ငါပြောပြီးပြီလေ .. ငါ .. အကန်းဘဝနဲ့ပဲ
နေမယ်လို့ .. တခြားနည်းနဲ့ အလုပ်တွေလုပ်ပြီး ပိုက်
မယ် သိရဲ့လား .. ငါ .. ကျောင်းမှာ ရေခဲချောင်းပဲ
ရ .. ရောင်းရ .. ဘာပဲလုပ်ရ .. လုပ်ရ .. လုပ်မယ်
မင်းလဲ တခြားအလုပ်တစ်ခုခုကိုလုပ် .."

ငွေဝန်းသာ အရမ်းကို ငိုနေသည်မို့ .. သူ့စိတ်
အထိုက်အသင့် ပြန်လျှော့ကာ ပြောလိုက်စဉ်ခိုက် ရင်ထဲမှာတော့
အလိုလို .. စိတ်ချစွာ မျှော်လင့်လိုက်မိရပါ၏။ ငွေဝန်းသာထံ
နောက်ကို .. ဤအလုပ်ကို မလုပ်တော့ပါ .. ဆိုသည့် စကား
ကြားရမည်ဟု ..။

ဤသည်ကလည်း ငွေဝန်းသာ အရမ်းကို ငိုနေ
ပါ ..။ သူ့ခြေသလုံးကိုဖက်၍ ခေါင်းတင်ငိုနေသည်က ရင်
မတတ် မဟုတ်ပါလားလေ ..။ ဩော် .. နောက်ဆုံးတော့လည်း
သူသည် .. ငွေဝန်း၏ မျက်ရည်များကို .. ခံနိုင်ရည်စွမ်း မရှိ
သည့် သူတစ်ယောက် ပြန်ဖြစ်သွားရချေသည်ကော .. ဟု နား
လာမိရပြန်သည်။

"ငွေဝန်းကို .. စိတ်မဆိုးပါနဲ့ မောင်ရယ် .. ငွေဝန်း
ငွေဝန်း .. ဒီအလုပ်ကို .. ဒီအလုပ်ကို .. သုံးနှစ်
ချုပ်ထားပါတယ် မောင် .."



ဟု မဝံ့မရဲလေး တောင်းပန်သလို ငိုသံလေးဖြင့်
လည်းပြော ..။ သူ့လက်ကို အတင်းဆုပ်ထားတော့ သူရင်ထဲ
နဲ့ ဖြစ်သည်။ ကျုပ်ခဲနေသော နာကျင်မှုသည် ရင်ကို အား
နှင့် ဆောင့်၏။ ကိုယ်သည် ရုတ်ခနဲ ယိုင်ကျသွားတာမို့
တွေက အိမ်နံရံကို ဖေးထောက်လိုက်လျက်သား ဖြစ်သွား
၏။

"ဩော် .. မင်းက .. စာချုပ်တွေ ဘာတွေတောင်မှ .. ငါ့
မျက်ကွယ်မှာ .. မင်းရဲ့ဆုံးဖြတ်ချက် တစ်ခုတည်းနဲ့ လုပ်
တတ်နေတဲ့ .. ငွေဝန်းသာ ဖြစ်သွားပြီကိုး .."

ဟု နာနာကြည်းကြည်းကြီး ပြောချပြီးတာနှင့်
ကွဲသွားရလျက်မှ သူသည် စိတ်လိုက်မာန်ပါကြီး ဝရန်တာ
လေးဆီမှ တိုင်ကိုစမ်း၍ ဖေးကိုင်လိုက်ပြီးမှ အားနှင့်အင်နှင့်
ကို ဆောင့်ဆောင့် တိုက်ပစ်လိုက်မိရပါပြီတည်း ..။

"ငါ .. ဒီက ထွက်ခွာခွင့် မရရင် .. အသေနဲ့ထွက်မယ်
ငွေဝန်းသာ .. အသေနဲ့ ထွက်မယ်ကွ .."

ဟု အသံနက်ကြီးဖြင့် စူးစူးဝါးဝါးကြီး အော်ကာ
တိုက်ကြီး နဖူးနှင့် တိုင်ကို ဆောင့်တိုက်နေတော့ ငွေဝန်းသာ
င်းဆွဲသည်။

သူ့မှာ အားအင်တွေ အရမ်းကို တိုးဝင်လာသည့်
ဖြစ်လျက် အရူးအမူးလည်း နိုင်နေသည်။ သူ့နဖူးဆီမှ စေး
နွေးသော သွေးများစီးကျလာနေကြတာကို သူသိနေသည်။
..။ သုံးနှစ် .. ဟု သူ့နှုတ်က အက်အက်ကွဲကွဲကြီး အော်
ခြံဝဆီမှ ..

www.burmeseclassic.com



"အို .. ဘုရားရေ .. ဘယ့်နှယ်တွေ ဖြစ်ကုန်တာတဲ့ ..
လူလေး .. လူလေး .. ညည်း .. ညည်းကြောင့် .. ဒီ
ဖြစ်ရပြီ မဟုတ်လား မီငွေဝန်းသာ .. လူလေး .. ဟို
သိပြီမဟုတ်လားဟဲ့ .."

ဟု အော်သံ ..။ ပြေးလာသံတွေကို သူ ကြား
သည်။ သမီးလေး၏ လန့်ငိုနေသံကို သူ ကြားတော့မှ ဖျတ်
သတိဝင်လာသည်။ သူငြိမ်ကျသွားရပါပြီတည်း ..။

"လုပ်ပါဦး .. မောင် ရူးသွားပြီလား မသိပါဘူး ဒေါ်
ရဲ့ .."

ဟု သူ့ကို သိမ်းဖက်ထားရင်း ငွေဝန်း အော်ငို
နေသံကိုလည်း ကြားနေရသည်။ ဒေါ်လေးနှင့် ပါလာသော သ
လေးသည် သွေးသံများဖြင့် ဖြစ်နေသော သူ့ကို လှမ်းလင့်
သည်မို့ .. လန့်ဖျပ် ငိုကြွေးလိုက်ရာခြင်း ဆိုတာကို သူသိ
သည်။

လှေကားအတိုင်း တက်လာနေသည့် ခြေသံကို
ခိုက် ..

"ဖေဖေ .. ဘာမှမဖြစ်ဘူး သမီးလေး .."

ဟု သူ လှေကားဘက်ကို မျက်နှာလှည့်၍
သည်။ လက်တွေက မျက်နှာထက်မှ သွေးတွေကို ပွတ်သု
နေသည်။ သမီးလေး၏ ပို၍ကြောက်လန့်တကြား ငိုကြွေး
ကို ကြားနေရပါ၏။

သူ .. ဝရန်တာဆောင် အခင်းထက်မှာ ထိုင်ချ
ရင်းမှ ..



"ကျွန်တော် .. ငွေဝန်းသာနဲ့ ကွာရှင်းလိုက်တော့မယ်
ဒေါ်လေး .. သူ .. သူရွေးချယ်ထားတဲ့လမ်းမှာ သုံးနှစ်လုံး
လုံး လုပ်ကိုင်နေသမျှ .. ကျွန်တော် .. အရှက်မရှိ .. ဒီနေ
ရာမှာထိုင်ပြီး လက်ခံပေးနေရတဲ့ ခင်ပွန်းသည်အဖြစ် ..
မရပ်တည်နိုင်တာမို့ .. သူ့ကို .. ကွာရှင်းလိုက်ဖို့ပဲ ..
ကျွန်တော့်မှာ ရွေးချယ်စရာလမ်း ရှိပါတော့တယ် .. ကွာ
ရှင်းတယ် ဆိုတာ .. ပြတ်စဲလိုက်ခြင်းရဲ့ အဓိပ္ပာယ်ပေမို့ ..
သူ့ကို .. ကျွန်တော် .. စာချုပ်တစ်စောင်မှာ လက်မှတ်ထိုး
ပေးလိုက်ပါ့မယ် .. သူလုပ်တဲ့ သုံးနှစ်စာချုပ်နဲ့ .. ကျွန်တော်
ပေးအပ်လိုက်တဲ့ စာချုပ်တို့ရဲ့ လဲလှယ်မှုပဲပေါ့ .."

ဟု ပြောသည်က နောက်မဆုတ်စတမ်း ဆုံးဖြတ်
လိုက်သည့် အသံဖြင့်ပါ ..။

"မောင့်ကို မကွာရှင်းနိုင်ပါဘူး မောင် .. မကွာရှင်းနိုင်ပါ
ဘူး မောင် .."

ဟု ငွေဝန်းသာ တစာစာ ပြောနေပေမယ့် သူ့
လက်မခံ ..။ ဆုပ်လာသည့်လက်ကို ဖယ်ပစ်သည်။

"မောင် .. မောင် .. ဘယ်ကိုသွားမှာလဲ .. မောင်က ..
မြင်ရတာမှ မဟုတ်တာ .."

"စိတ်မပူပါနဲ့ .."

သူ သံပြတ်ဖြင့် ပြောသည်။ နောက်တော့ ရေချိုး
ခန်းရှိရာသို့ လှေကားအတိုင်း လက်ရန်းကိုကိုင်၍ ဆင်းသည်။
ဆင်းရသည်မှာ မျက်နှာသွားသစ်နေစဉ် ငွေဝန်းသာ၏ ငိုရှိုက်သံ
ကို သူ ကြားလိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို .. ဘယ်သွားမလို့လဲ .. လုံမရဲ့ .."

"ငွေဝန်း .. ဒီက ထွက်သွားပေးလိုက်ပါတော့မယ် ဒေါ်လေးရယ်၊ ငွေဝန်း လက်မှတ်ထိုးထားတဲ့ စာချုပ်ကိုလဲ ပို့ပေးလိုက်ပါ့မယ် .. သမီးလေးကိုတော့ ငွေဝန်း တာဝန်မယူနိုင်ဘူး ဒေါ်လေး .. သူ့အဖေပဲ စောင့်ရှောက်ပါစေ၊ ငွေဝန်းက အပျိုလုပ်ပြီး ကရမှာ .."

ဟု ပြောချလိုက်သံနှင့် ..။ ပြေးထွက်သွားသံကို သူ ကြားနေရသည်။ သူ့ရင်ထဲမှာ လှိုက်နေသည်။ နာကျင်နေသည်။ ဪ .. သမီးလေးကို တာဝန်မယူနိုင်ပါတဲ့လား ငွေဝန်းသာ။ ရွှေကောင်းကင်သည် ငွေဝန်းသာ၏ စိတ်ကိုပင် ပြောင်းလဲစေလိုက်နိုင်ချေသည်တဲ့လားလေ ..။

သူ .. သမီးလေး၏ ငိုကြွေးနေဆဲ အသံလေးကို ကြားနေရဆဲ ..။

သူ .. သူ .. ဤအိမ်လေးဆီမှ ထွက်ခွာ၍ မရနိုင်တော့ချေပြီကော ..။ သမီးလေးကို ငွေဝန်းသာသည် ထားရစ်ခဲ့ချေပြီတကား ...။

❋ ❧ ❋



## အခန်း(၁၅)

"အစကတည်းက ဒေါ်လေး သတိပေးခဲ့တာပဲ လုံမ .. စာချုပ် ဆိုတာ အနှောင်အဖွဲ့ပေပဲလို့ .. စာချုပ် မချုပ်ဖူးဆိုရင် .. ကိုယ့်မှာ တက်သာ ဆုတ်သာတယ် .. ခု .. ညည်းရင်ကွဲနေရပြီ မဟုတ်လား .."

အိမ်ဆိုင်လေးမှာ စိတ်မောလက်မောဖြင့် ထိုင်နေရင်း ဒေါ်လေး ပြောတော့ ငွေဝန်းသာ ငိုနေသည်ပါပဲ ..။

"ဦးမြတ်မွန်က မင်းသမီးဝတ်စုံတွေ ဆိုတာ .. အရမ်းကို အကောင်းစားတွေချည်းနဲ့ ချုပ်ပေးတာ .. ငွေရင်းနှီးထားရတာလဲ နည်းတာ မဟုတ်ဘူး .. ငွေဝန်း ကဖို့ဆိုတာကို တကယ့် ဆိုင်းဝိုင်းကြီးတွေကို ငှားပေးထားတာ .. နိုင်ငံခြားသား ခရီးသွားတွေကလဲ .. ငွေဝန်းရဲ့ အကကို .. အရမ်းနှစ်သက်နေကြတယ် ဒေါ်လေး .. ရွှေကောင်းကင်မှာ ငွေစင်ရဲ့ အကဆိုတာက .. ဟိုတယ်ကြီးရဲ့ အရေးပါတဲ့ အစိတ်အပိုင်း တစ်ခုလိုကို ဖြစ်နေတာ .. ငွေဝန်း ..

www.burmeseclassic.com



စာချုပ်ကို ဖျက်ရင် .. ဘယ်ကောင်းတော့မလဲ .. စာချု
ကိုဖျက်ရင် လျော်ရမယ့်ငွေကလဲ ရှိသေးတာ .. ဦးမြတ်မွ
ဟာ .. အစစ နားလည်ပေးတတ်သူမို့ သူ့ကိုရှင်းပြရင်
အသနားခံရင် .. အဲဒီ လျော်ရမယ်ဆိုတဲ့ ငွေတွေကိုလဲ မ
ရက်မယ့်သူ မဟုတ်ဘူး ဆိုတာ ငွေဝန်း သိနေပါတယ်
ဒါကြောင့် ပိုပြီး ငွေဝန်းမှာ အားနာရပါတယ် ဒေါ်လေ
ရယ် .. ဒီဘက်ကျတော့လဲ .. မောင်က အရမ်းကို စိ
ထိခိုက်နေတာ .. စိတ်နာနေတာ .. ငွေဝန်း မကပဲနေရင်
မောင် ခွင့်လွှတ်ကောင်း ခွင့်လွှတ်နိုင်မှန်း ငွေဝန်း မျှေ
လင့်လိုက်ချင်ပါတယ် .. ဒါပေမဲ့ ဒေါ်လေးရယ် .. ဦးမြ
မွန်ဆီမှာ ငွေဝန်း ကိုယ်တိုင် အလုပ်သွားတောင်းခဲ့တ
ပါ .. အားလုံးကို နားလည်ပေးနေတဲ့သူမို့ ... ငွေဝန်း
ကိုယ့်အိမ်တွင်းရေးကြောင့် .. ကိုယ့်ကတိကဝတ်ကို မဖျ
ချင်ဘူး ဒေါ်လေးရယ် .. ဒါ .. အနုပညာသည်တို့ရဲ့
ခံယူချက်ပါ .."

ဟု ပြောလာတော့ ဒေါ်လေး ငိုင်နေသည်။ စိ
လည်း နည်းနည်းပျက်သလိုဖြင့် ကြည့်လာသည်။

"အေး .. ညည်းက .. အငြိမ်မင်းသမီးပေမို့ .. အနုပညာ
သည် ဆိုပြီးတော့ .. ကိုယ့်အိမ်တွင်းရေးကိစ္စကြောင့်
အနုပညာဘက်မှာ ကိုယ့်ကတိကဝတ်ကို မပျက်နိုင်
ဖြစ်နေတာကတော့ ထားပါ .. ဒါပေမဲ့ မောင်မောင့်မှာက
ခံစားနေရတာ ငွေဝန်းသာ .. ပြီးတော့ ကလေးက ရှိသေး
တယ် .."



"ငွေဝန်း .. မောင့်ကို ဆေးကုချင်တာပါပဲ ဒေါ်လေးရယ် ..
သူ့ စိတ်ဆိုးရင်လဲ .. ကာလလေး နည်းနည်းကြာလာတော့
ပြေလာမယ်လို့ ငွေဝန်း ထင်ပါတယ် .. သွေးပူနေတုန်း
တော့ .. မောင် ခံစား ဒေါသဖြစ်နေမှာ အမှန်ပါပဲ .. ဒါ
ကလဲ .. မောင့်မေမေ ပြောခဲ့တဲ့ အထင်သေး စကား
ကြောင့် ကြေကွဲနာကျင်နေတဲ့ ခံစားမှုကြောင့် ဖြစ်လာရ
တာ မဟုတ်လား .. မောင့်ရင်ထဲမှာ .. ငွေဝန်းကို ချစ်
တဲ့အချစ်နဲ့ .. ငွေဝန်းရဲ့ အနုပညာကိုချစ်တဲ့ အချစ်တွေ
ရှိနေတာပဲ ဥစ္စာ .. တစ်နေ့ .. မောင် .. ငွေဝန်းကို ခွင့်
လွှတ်နိုင်မှာပါ .. ဒါကြောင့် မောင့်ကို ဆေးကုသနိုင်ဖို့
ငွေဝန်းက နေရဦးမှာပဲ ဒေါ်လေး .. ခု .. အလုပ်တစ်ထွက်
လိုက် .. မောင် စိတ်ပြန်ပြေတော့ .. ငွေဝန်းရဲ့ မောင် ..
စိတ်ပြန်ပြေပြီမို့ ပြန်ပြီး အလုပ်ဝင်ပါရစေ ဆိုတာမျိုးတော့
ဦးမြတ်မွန် အပေါ်မှာ ငွေဝန်း မလုပ်သင့်ဘူးလေ .. သူ
သဘောကောင်းတိုင်း ငွေဝန်းက .. ခုတစ်မျိုး တော်ကြာ
တစ်မျိုး ပြင်နေလုပ်နေရတာမျိုး ဖြစ်နေမှာ ဒေါ်လေးရဲ့ ..
တစ်ဖက်သားကို အားနာဖို့ ကောင်းပါတယ် .. ပြီးတော့ ..
ရွှေကောင်းကင်မှာ ရှိနေတဲ့ ငွေဝန်းရဲ့ အကကို အားပေး
နေကြသူတွေရဲ့ အနုပညာ မြတ်နိုးမှုတွေကို ငွေဝန်း
လေးစားသင့်တယ် .. ဦးမြတ်မွန် အတွက်ကျတော့လဲ ..
စီးပွားရေးအားဖြင့် အရေးပါတဲ့ နေရာတစ်ခုမှာ ငွေဝန်း
ရဲ့ အကလေးတွေက .. အနုပညာခန်းဆောင်ပဲ နေရာယူ
ထားတာမို့ .. ဦးမြတ်မွန်ရဲ့ ရွှေကောင်းကင် အောင်မြင်မှု

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အစိတ်အပိုင်း တစ်ခုကို ငွေဝန်း ပြန်နုတ်ယူလိုက်သလို ဖြစ်သွားမှာ စိုးရတယ် ..”

ဟု ပြောနေတော့ ဒေါ်လေး ခေါင်းယမ်းသည်။ စိတ်ပုံ့ပုံ့ကျနေသည့် အသွင် ..။

“ဒေါ်လေးရယ် ... ဒါမျိုးကို .. အနုပညာသည်တွေမှ သိနားလည်ကြရတာပါ .. ငွေဝန်းတို့ အနုပညာသည်ဆိုတာ ကိုယ့်အခက်အခဲ တစ်ခုတည်းကို ကွက်ကြည့်ပြီး .. စိတ်ခါတ်ပျော့ညံ့နေလို့ မရဘူး ဒေါ်လေး .. အားလုံးအတွက် မျှကြည့်ပေးရပါတယ် .. မောင့်ကို .. ငွေဝန်း ချစ်ပါတယ် .. မောင့်ကို မခွဲနိုင်ပါဘူး ဒေါ်လေးရယ် .. မောင်ဟာ .. ငွေဝန်းကို ချစ်မြတ်နိုးလွန်းလို့ .. မောင့်အဝန်းအဝိုင်း အားလုံးကို ဆန့်ကျင်ပြီး ချန်ရစ်ခဲ့ပြီးတော့ကို .. ငွေဝန်းရဲ့ ဘဝထဲမှာ နေနေတဲ့သူပါ .. ဒါကြောင့် .. မောင့်ကို .. ဒီမျက်မမြင်ဘဝက ကင်းလွတ်ဖို့ ငွေဝန်း .. ကြိုးစားရမှာပါ .. ငွေရှာရမှာပါ .. ငွေစုရမှာပါ ဒေါ်လေး .. ဒါကြောင့် ငွေဝန်း စောစောကပြောတဲ့ နှစ်ဖက်မျှတွေးပေးရတဲ့ ခံစားမှုဆိုတဲ့အထဲမှာ .. အဲဒီ အတ္တဆိုတာ တစ်ခုကလဲ ပါနေတာကို ငွေဝန်း ဝန်ခံပေးပါတယ် ဒေါ်လေးရယ် ..”

ဟု ပြောဆိုနေတော့ ဒေါ်လေး ဆေးလိပ်ဖွာရင်း ငိုင်နေသည်။

“ဒေါ်လေး အထင် ပြောရရင် .. ညည်းတို့ကိစ္စက .. အပျက်အပျက်နဲ့ ဒုက္ခဖြစ်ကြမယ် ထင်တယ် .. ညည်းက ချစ်ဇောနဲ့ လုပ်တာပဲ .. ဒါကတော့ ထားပါတော့ .. အဲဒါ



က ညည်း အပိုင်းပေကိုး ... ဒါပေမဲ့ .. လူလေးဘက်က ကြည့်တော့ .. သူ မလုပ်ပါနဲ့လို့ တားတဲ့ဥစ္စာကိုမှ ညည်းက တမင်ရွေးချယ်လုပ်သလိုကြီး ဖြစ်နေတယ် .. သူ .. မတားပဲ ရှိခဲ့ဖူးရင်တော့ ထားပါတော့ အေရယ် .. ခုဥစ္စာက .. ညည်းဘက်က .. တမင်ကို ရွေးလုပ်သလို ဖြစ်နေတာကိုး ..”

ဒေါ်လေး ကိုယ်တိုင်ကလည်း ငွေဝန်းကို နည်းနည်းတော့ အပြစ်ဆိုချင်နေသည့် လေသံတွေ ပါလာနေသည့်အဖြစ် ..။ ငွေဝန်း မျက်ရည်ကို သုတ်သည်။ အံခဲ၍ တစ်ချက် စိတ်ကိုတင်းယူနေရပါ၏။ မြတ်နိုးစွာ ချစ်သော အချစ်တို့ဆီမှ ဖြစ်တည်လာသော စွန့်စားရမှုဆိုသည့် အရာကို .. ကိုယ့်နှလုံးအိမ်ကသာ သိနေရချေသည်ပဲလေ ..။ မောင့်ကို ကုသချင်လွန်း၍ ငွေဝန်း ပြန်ကခြင်း ဆိုတာ .. နားလည်ပေးကြဖို့ ငွေဝန်း ဘယ်လိုမှ ဒီ့ထက်ပို၍လည်း ရှင်းမပြတတ်တော့သည့် အဖြစ် ..။

“ငွေဝန်း .. မင်းသမီးတစ်ယောက် အနေနဲ့ .. ကတတ်တာမို့ .. ငွေဝန်းရဲ့ အနုပညာနဲ့ .. မောင့်ကို ကုသဖို့ ကြိုးစားခြင်းဟာ .. မှန်ကန်တယ်လို့ ငွေဝန်း ယုံကြည်တယ် ဒေါ်လေး .. မောင့်ကို အကန်းဘဝကြီးထဲမှာ ထားပြီး .. အိမ်လေးထဲမှာ .. မောင် မမြင်မစမ်းနဲ့ သွားနေရတဲ့ဘဝကို .. ရင်ကျိုးခံပြီး ငြိမ်နေရမယ့် အစား .. မောင့်ကို ကုသပေးနိုင်ဖို့အတွက် .. မောင့်အမုန်းနဲ့ နာကြည်းမှုကို ရင်ကွဲခံ လက်ခံပေးပြီး .. ငွေဝန်း ကလိုက်တာက .. ပိုပြီး မှန်ကန်ပါတယ် ဒေါ်လေး .. ငွေဝန်း လစဉ် ဒေါ်လေးဆီ

www.burmeseclassic.com



ကို ငွေအပ်ပါမယ် .. သမီးလေးနဲ့ မောင့်ကို ဒေါ်လေး စောင့်ရှောက်ပေးပါ .. မောင် စိတ်ပြေလာတယ် ဆိုတာ ဒေါ်လေး လှမ်းအကြောင်းကြားရင် ငွေဝန်း ပြေးလာပါ့ မယ် ဒေါ်လေး .. ဒီကြားထဲ .. ဒီအိမ်ဆိုင်လေးကို ငွေဝန်း မကြာ မကြာ လာလာနေမယ် ဆိုရင်လဲ .. တစ်နည်းနည်း နဲ့ တစ်ယောက်ယောက်က .. မောင့်ဆီကို .. စကားကြ လို့ ပြောတာမျိုး ဖြစ်သွားရင် .. မောင် .. အိမ်ကထမင် တောင် မစားဘဲ နေလိုက်မှာ ငွေဝန်း သိနေတာမို့ .. ဒီနေရာလေးကိုလဲ ငွေဝန်း မကြာခဏတော့ မလာတော့ ဘူး ဒေါ်လေးရယ် ..”

အသံတိမ်လေးဖြင့် ငွေဝန်း ပြောပြီး မျက်ရည်ကျလာ တော့ ဒေါ်လေး ဘာမျှကို အဆိုးအကောင်း မဝေဖန်တော့ဟု ဆုံ ဖြတ်လိုက်ပုံရသည်။ ဆေးလိပ်သာ တွင်တွင်ဖွာ၍ ငိုင်နေပါ၏။

“ဒါကြောင့်လဲ .. မောင် ထွက်သွားမှာစိုးလို့ .. ငွေဝန်း အိမ်က ထွက်သွားမယ်လို့ လက်ဦးအောင် ပြောရ .. သမီး လေးကို ခေါ်မထားနိုင်ဘူးလို့လဲ .. မိခင်တာဝန်မဲ့သလို စကားမျိုးကို တမင် ရင်ကွဲခံပြီး ပြောရနဲ့ ရှိခဲ့ရတာပါ .. သမီးလေးကို ငွေဝန်း ချန်ထားခဲ့မှ .. မောင် အိမ်ကထွက် မသွားဘဲ ရှိရမှာပေါ့ ဒေါ်လေးရယ် .. သမီးလေးကို ချန် ခဲ့ပြီး .. မောင် ဘယ်လိုလုပ် ထွက်သွားရက်နိုင်ပါ့မလဲ .. ဒါကြောင့် .. ငွေဝန်း တမင့်ကို .. သမီးလေးကို တာဝန် မယူနိုင်ဘူးတို့ .. ငွေဝန်း အပျိုလုပ် ကရမှာတို့ကို .. မောင့်ရင်ထဲ နာအနေအောင် ပြောခဲ့ရတာပါ .. ငွေဝန်း



မောင့်ကို .. ဘယ်ထိ ချစ်တယ်ဆိုတာ .. ရင်တွေကြေအောင် မွမွကြေအောင်ခံစားရင်း .. ပြောခဲ့ရတဲ့ အဖြစ်တွေနဲ့ ဒေါ်လေး နားလည်ပေးပါ .. နားလည်ပေးပါ ဒေါ်လေးရယ် ..”

ဟု လက်အုပ်ချီ ပြောနေတော့ ဒေါ်လေး မျက်ရည် ကျလာသည်။ ဒါပေမဲ့ .. တစ်ခွန်းမျှ မပြောတော့ ..။ ဆေးလိပ် ကိုသာ ထောင်းထောင်းထအောင် ဖွာနေသည်။ ဒေါ်လေးကိုယ် တိုင်သည်လည်း ဆေးလိပ်ကို .. ထိုမျှအထိ ဖွာနေမိတာကို အာရုံ ဘဲ သိနေပုံမရ ..။

“မနေ့က .. ဒေါ်လေးနဲ့ မောင့်ကို .. အဲသလိုပြောပြီး ငွေဝန်း ရွှေကောင်းကင်ကို သွားခဲ့တယ် .. ဟိုမှာ အဖြစ် မှန်ကို .. ဦးမြတ်မွန်ကိုလဲ ပြောပြတယ် .. ငွေဝန်းကို အလုပ်ပြင်ပေးတဲ့ မမဦးကိုလဲ ပြောပြခဲ့တယ် .. ငွေဝန်း အရမ်းငိုယိုနေတာမို့ ဦးမြတ်မွန်က .. မောင့်ကို လိုက်ရှင်း ပြမယ်လို့လဲ ပြောပါတယ် .. ငွေဝန်း မကဘဲ နေချင်သေး တယ် ဆိုရင်လဲ .. နားချင်နေရင်လဲ နားနေပါလို့ ပြော တယ် .. ငွေဝန်းကိုက .. မောင့်နာကြည်းမှုရဲ့ နက်ရှိုင်းမှု ကို သိနေတာမို့ .. ဦးမြတ်မွန် သွားရှင်းပြလို့ လက်ခံမှာ မဟုတ်ဘူး ဆိုတာ သိနေတော့ .. ငွေဝန်း မောင့်အတွက် ဆေးကုသဖို့ .. ဒီအလုပ်ကို လုပ်ရမှာပါပဲလို့ ပြောတော့ ဦးမြတ်မွန် အတော်စိတ်မကောင်း ဖြစ်နေပုံပါပဲ .. ငွေဘယ် လောက်လိုသလဲ သူ လောလောဆယ် အပြည့်အဝ စိုက် ထားပေးမယ်လို့ကို ပြောပါတယ်၊ ဒါပေမဲ့ .. မောင်က .. ခုလို .. ဖြုန်းစားကြီး ငွေတွေအဆင်သင့် ရှိနေတဲ့ပုံနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက .. မောင့်ကို အဲဒီကုသမှုတွေအတွက် .. ဆေး… ဆေးခန်းတွေကို ခေါ်သွားလိုက်မယ် ဆိုတာနဲ့ တစ်ပြိုင်နက် .. ဒါ .. ငွေဝန်း ကလို့ရတဲ့ ပိုက်ဆံဆိုတာ သိမှာ… ငွေဝန်း နားလည်ထားနှင့်တယ်လေ .. မောင် လှူညံ့တာ… ယောက်မှ မဟုတ်တာ .. ဘယ်လက်ခံမလဲ .. ဒါကြောင့် ငွေဝန်း ငွေတွေယူရင်လဲ .. ဒီကုသမှုဟာ ဖြစ်လာ… မဟုတ်ဘူး .." မောင် ငြင်းကို ငြင်းမှာလို့ ငွေဝန်း ဦးမြတ်မွန်ကို ပြောပြရင်း မျက်ရည်ကျနေခဲ့တာ .."

ငွေဝန်း ဘာတွေပဲ ပြောနေနေ ..။ ရှင်းပြနေနေ… ဒေါ်လေး တစ်ခွန်းမျှဝင်၍ အဆိုးအကောင်း မပြောတော့… အငြိမ်ကြီး ငြိမ်နေလျက် ဆေးလိပ်ကြီးသာ တွင်တွင်ဖွာနေဆဲ… ငွေဝန်း ဒေါ်လေးရှိရာသို့ အိမ်ဆိုင်လေးသို့ မနက်ပိုင်းမှာ ရောက်လာကာ ပြောပြ ရှင်းပြနေလေသမျှ နားကျတော့လည်း .. စကား… ပြောတတ်သည့် အရပ်တစ်ခုနှယ် ဒေါ်လေး ငြိမ်နားထောင်နေသည်…

"မောင် ရွှေကောင်းကင်ကို ထပ်လိုက်လာမှာ ငွေဝ… စိုးရိမ်တယ် ဒေါ်လေး .. မောင် လိုက်မလာဘူးဆိုတာ… မောင့် မာနကို သိနေပေမယ့် .. စိတ်လိုက်မာန်ပါကြီး… ရောက်များရောက်လာမလားဆိုတာကိုလဲ တစ်ဖက်က နိုး… ဇောက ရှိနေတယ် .."

ဟု ပြောတော့ တစ်ချက် ဒေါ်လေး ကြည့်လာသည်… နောက် ခေါင်းကို ယမ်းသည်။ အသက်မပါသော အပြုံး… နှုတ်ခမ်းထက်မှာ ဖေးတင်ပစ်လိုက်ရင်းမှ ..

"သူ .. မလာနိုင်ပါဘူး .. မလာလောက်ပါဘူး အေရယ် .."



ဟုသာ ပြောလာသည်။

"ဦးမြတ်မွန်ကလဲ စိုးရိမ်တယ် .. မောင် .. ငွေဝန်း ကနေတုန်း တစ်ခုခုများ .. လာပြောနေလေမလားပေါ့ .. ဒါကတော့ .. သူက ပိုင်ရှင်ကိုး .."

"ပိုင်ရှင်ကြီးဆိုတာ ထည့်မပြောပါနဲ့အေရယ် .. ငါတို့ဆင်းရဲတာ .. ငါတို့က သိနေပြီးသားပါ .. သူ ချမ်းသာတာကြီးတွေ .. သူ အလုပ်ရှင်ဖြစ်နေတာတွေကို .. ငါ သိနေပြီးတဲ့ဥစ္စာ .. ထည့်ရှင်းနေစရာ မလိုတော့ပါဘူး .."

ဟု ဒေါ်လေး တစ်ချက်ပြောလာတော့ ငွေဝန်း …လာသည်။ ဒေါ်လေးလည်း 'ငွေဝန်းအပေါ် စိတ်နည်းနည်း …ပုံရသည်ဟု ..။

"အဲဒါ .. ငွေဝန်းကို .. ဦးမြတ်မွန်ရဲ့ .. တောင်ကြီးက ရွှေကောင်းကင်ဟိုတယ်မှာ .. ခဏပြောင်းနေ .. လုပ်ခိုင်းမယ်တဲ့ .. မမဦးလဲ ပါမယ် .. ဟိုတယ်မှာ အခန်းတစ်ခန်း ပေးထားမယ် .. ဟိုမှာ စားသောက်ဖို့အတွက်လဲ ဟိုတယ်ကပဲ တာဝန်ယူမယ် .."

"အေး .. အဲဒါ .. ညည်း လက်ခံခဲ့ပြီ မဟုတ်လား .. ပိုက်ဆံကို .. ဟိုကနေ ပို့ပေးမယ်လို့လဲ ငါ့ကို ထပ်ပြောပြမယ် မဟုတ်လား .. လုပ်လေ .. ညည်းလုပ်မယ့်ဥစ္စာတွေ ငါ့ လာအသိပေးတာပဲ .. ညည်း သမီးလေးကလဲ ငါ့ လက်ထဲရှိနေတော့ .. သူ့အမေက ပို့တာ .. သူ့သမီးလေးအတွက်တော့ စုထားပေးရမပေါ့ .. အေး .. ညည်း ပိုက်ဆံ ငါစုထားမယ် .. ပိုက်ဆံများလာရင် ..

www.burmeseclassic.com

www.burmeseclassic.com



ဆေးကုဖို့ လုံလောက်ပြီလို့ထင်ရင် .. ညည်းဘာသာ လူလေးဆီကိုလာ .. ညည်း ဦးဆောင်ပြီး ခေါ်သွား ဆေးကု .. ခွဲစိတ် .. ငါကတော့ .. သူ့ကို လိမ်လဲမယ် တော့ဘူး .. သူ့ကို .. သူ လက်မခံနိုင်တဲ့ ပိုက်ဆံနဲ့ ကုမပေးဘူး .. ဒါပဲ .."

ဟု ဒေါ်လေး ပြောကာ တစ်ဖက်သို့ ငဲ့၍ ငိုင် တော့ ငွေဝန်း ရှိုက်သည်။ ဒေါ်လေးကို လက်အုပ်ချီကန်တော့ နိုက်မှာလည်း ဒေါ်လေး ငိုင်နေသည်ပါပဲ ..။

"မောင့်ကို ချစ်လွန်းလို့ပါ ဒေါ်လေးရယ် .."

ဟု အနိုင်နိုင် ပြောယူရသည်က ရှိုက်ငင်နေသ ကြားမှပါ ..။ ဒေါ်လေး သက်ပြင်းရှိုက်ကာ ငွေဝန်းသာကို ကြ လာသည်။ ဒေါ်လေး၏ မျက်နှာထက်တွင် အကြင်နာရိုပ် နေရာယူလာကြပြန်ပါ၏။

"ငါတော့ .. ရှုံးချင်တော့တာပါပဲ လုံမရယ် .. ညည်းတို့ ယောက်ကြားမှာ ရှုံးလိုက်ချင်တော့ပါပဲ .. ခုတော့ အားလုံး မြင်နေရ .. စိတ်ထိခိုက်ရ .. အင်း .. ဒုက္ခ ကြီးပါလားနော် .."

ဟုလည်းညည်းတော့ ငွေဝန်းသာ ဒေါ်လေးပေါ် မှာ မျက်နှာလေး ဖေးတင်ကာ ကလေးလို ငိုချနေမိရပါပြီတည်း

"ငွေဝန်း စာချုပ်တစ်စောင် ယူလာတယ် ဒေါ်လေး အဲဒီမှာ စာတွေလဲ ရေးထားပြီးသားပါ .. မောင့်ကို လောလောဆယ်မှာ .. အဲဒီ စာချုပ်ဟာ ငွေဝ လက်ရေးနဲ့ ကွာရှင်းစာတွေ ရေးလာတဲ့ စာချုပ်



ဒေါ်လေး ပြောပေးပါ .. ဒါမှ မဟုတ်ရင် .. ဟိုတယ်ကို ကွာရှင်းစာချုပ်တစ်ခုကို မောင် မမြင်မကမ်းနဲ့ ရေးချလာ ပြီး .. ရောက်လာနိုင်ပါတယ် .. ငွေဝန်းကတော့ .. ချစ် လွန်းတဲ့သူမို့ .. အားလုံး တွေးတွေးပြီး စိတ်ထိခိုက်ရ .. စိတ်ပူရနဲ့ ရှိနေရတဲ့သူပါ .. ဒါကြောင့် မောင့်လက်ရေးနဲ့ ရေးလာနိုင်တဲ့ စာချုပ်တစ်ခုမှာ ကွာရှင်းပေးရသူအဖြစ် ငွေဝန်း လက်မှတ်မထိုးနိုင်တာမို့ .. မောင့်ကွာရှင်း လက်မှတ် ဆိုတာကိုလဲ ငွေဝန်း ကြည့်နိုင်မယ့်အားအင် မရှိတာမို့ .. ဒီစာချုပ်ကို ကွာရှင်းစာချုပ်အဖြစ် ဒေါ်လေး မောင့်လက်ထဲ အရင်အပ်ပေးပါနော် .."

ဟု ပြောတော့ ဒေါ်လေး မျက်ရည်ကျလာသည်။ င်းကြချေတော့မည်ကိုးဟု ရင်ထဲ ထိထိခိုက်ခိုက် ခံစားနေ း သိသာသည်။ ငွေဝန်း ဒေါ်လေး၏ လက်ထဲ စာချုပ်တစ် ကို အပ်တော့ ဒေါ်လေး လှမ်းမယူ ..။ ယူမည့်ပုံလည်း ..။ စာချုပ်လေးကို ဒေါ်လေးရှေ့ ဖြန့်ပြတော့ စိတ်မပါ ဝါ ကြည့်လာပါ၏။

## သစ္စာတည်သောစာချုပ်

ကျွန်မ ငွေဝန်းသာသည် ခင်ပွန်းသည် မောင့်အပေါ် တွင် တစ်သက်တာမျှ ချစ်မြတ်နိုးအပ်ပါသော ငွေဝန်းသာ အဖြစ်၊ မောင့်ကို ချစ်မြတ်နိုးစွာ ကိုးကွယ်ကြည်ညိုပါလေ သော ဇနီးသည်အဖြစ် ရပ်တည်ပါမည်ဟု အသက်ကို ပိုင်တည်လျက် သစ္စာပြုအပ်ပါသည် မောင်။

ငွေဝန်းသာ ..

www.burmeseclassic.com

www.burmeseclassic.com



ဟု စာချုပ်နေ့စွဲဖြင့် ရေးသားထားပါသော စာသ
များကို တွေ့တော့ ဒေါ်လေး စိတ်ကို မထိန်းသာ ..။ ငွေဝန်းသ
၏ ကိုယ်လေးကို ဆွဲပိုက်၍ ငိုချလိုက်ပါသတည်း ..။

"ငါ့နယ် .. ရင်ကွဲရပါချေသကော ငွေဝန်းသာရဲ့ .."

ဟု ရှိုက်သံကြီးဖြင့် ညည်းရင်း မျက်ရည်
တွင်တွင်ကျနေတော့ ငွေဝန်း ဒေါ်လေး ရင်ခွင်မှာ မျက်ရည်
ဖြိုင်ဖြိုင်ကျနေသည်ပါပဲ ..။

"လောလောဆယ်မှာတော့ .. မောင် လက်မှတ်ထိုးပါ
မယ် ဒေါ်လေး .. မောင့်ကို ကွာရှင်းစာချုပ်တစ်ခု ပို့
တဲ့ မိန်းမတစ်ယောက်အဖြစ်နဲ့လဲ မောင်ဟာ ငွေဝန်းအ
နာကြည်းနေပါလိမ့်မယ် .. မောင် အရှမ်းခံစားရမှာ
ငွေဝန်း သိနေပါတယ် ဒေါ်လေးရယ် .. ဒါပေမဲ့ ငွေဝန်း
ရွေးချယ်စရာလမ်းမှ မရှိတော့တာ .. မောင့်ဆီက
မယ့် ကွာရှင်းစာချုပ်တစ်စောင်ကို ငွေဝန်း လက်မှတ်
ရမယ့်အဖြစ်တစ်ခုကို .. ရင်မဆိုင်နိုင်တဲ့ ငွေဝန်းဟာ
ငွေဝန်းရဲ့ သစ္စာတိုင်တဲ့ .. ဒီလို စာချုပ်တစ်စောင်
ဆီ အရင်ပို့မှ ဖြစ်မှာမို့ပါ .. မောင် တစ်နေ့ မျက်
မြင် လာတဲ့အခါမျှမှ အဲဒီစာချုပ်ကို ဖတ်ပြီးရင် ..
အပေါ်မှာ နားလည်ခွင့်လွှတ်ရင်း .. မောင့်ချစ်မြတ်နိုး
ကို ငွေဝန်းအတွက် ပြန်လည်အပ်နှံပေးလာဖို့ ..
မျှော်လင့်နေမိတော့တာပါပဲ ဒေါ်လေးရဲ့ .."

ဟု ကလေးလို ဒေါ်လေးရင်ခွင်ထဲ ခေါ်
ငိုချလိုက်တော့ ဒေါ်လေး မျက်နှာထက်တွင် စောစောမကြာ



သားမှာ ဖြစ်တည်ဖူးတင်ခဲ့ဖူးသော အပြစ်တင်လိုရိပ်များ လုံး၀
ပျောက်လွင့်စင်ကုန်ကြရလျက် သနားစိတ်ဖြင့် ဖြစ်တည်လာအပ်
သော အကြင်နာရိပ်များသာ ထိထိခိုက်ခိုက်ကြီး ဖြစ်တည်လာ
ပါချေ၏။

"ဖြစ်ရလေ အေရယ် .. ညည်းတို့ကျမှ .. ဒီအဖြစ်ဆိုးကြီး
က .. ဆိုက်ဆိုက်ရောက်ရောက် .. ဖြစ်လာရချေသကိုးအေ၊
ညည်းတို့ ချစ်ကြလေသမျှ .. သောကနဲ့ ဒုက္ခကလဲ ကြီး
လွန်းလှသကိုး .."

ဟု ဒေါ်လေး ညည်းရှာသည်။

"ကလေးကို .. လူလေးက .. သူ့ဆီ ဖွတ်ခေါ်ထားနေတယ်၊
ကလေးကလဲ .. အမေ ပျောက်နေတော့ .. အမေကို ထပ်
မပျောက်မှာစိုးနေသလိုကြီး ဖြစ်ပြီး အမေဆီမှာ တကပ်တည်း
ကပ်နေတယ် .. ငါ့မှာ ဆိုင်မထွက်မဖြစ်လို့ ထွက်သာလာ
ရတာ .. ဟိုကို ပြန်မှဖြစ်မယ် .. ထုံးစံအတိုင်း မနက်ကို
ဆိုင်ခဏစောင့်ခေါ်ထားခဲ့ရမှာ .. ကဲ .. ညည်းလဲ .. ပြန်ချေ
တော့ .. ရွာမှာတော့ .. ညည်းတို့အဖြစ် .. လူသိမခံပါဘူး
အေရယ် .. ညည်း .. အလုပ်နဲ့ ဟိုမှာ ခဏကြာနေရမယ်
လို့ပဲ လောလောဆယ်မှာ ငါ မနုတို့ကို မနေ့ကတည်းက
ပြောပြထားလိုက်ရတာ .. လူလေးက နဖူးဒဏ်ရာလဲ .. ချော်
ကျလို့ .. ဆိုပြီး လိမ်ထားရတယ် .. ဆရာမလေး နှင်းကို
ခေါ်ဆေးထည့် .. ဆေးထိုးခိုင်းရသကိုး အေရဲ့ .. အဲသလို
ပဲ ညာရလိမ်ရနဲ့ ရှိရပေသပေါ့ .. ငါ့မှာလဲ .. အသက်ကြီးမှ
ညည်းတို့ကိစ္စ .. လိမ်ရညာရနဲ့ မကောင်းပါဘူး လုံးရယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟုသာ ဒေါ်လေး အနိုင်နိုင်ပြောရှာသည်။ သမီးလေး
ကိုမှ မတွေ့လိုက်ရချေသည့်အတွက် ငွေဝန်းသာ မျက်ရည်ထပ်က
ရပါသတည်း ..။ ရောက်ကတည်းက သမီးလေးကို ရှာနေမိရ
သည့် ငွေဝန်းသာ ..။ ဒေါ်လေးကို မမေးရဲသည်မို့ ငြိမ်နေရပါသည
ငွေဝန်းသာ ..။ ခုကျတော့လည်း .. မောင်နှင့် ဝေးရ .. သမီးလေ
နှင့်ဝေးရချေသည်ကော .. ဟု ရင်ကွဲခံ၍ သိနေရရင်း မျက်ရ
သာ ဖြိုင်ကျလာရပါသတည်း ..။ ချစ်လွန်း၍ .. ဝေးကွာခြ
ဆိုတာကို တစ်ခါတစ်ရံမှာ ဖြစ်တည်လက်ခံပေးရသည့် ဘဝ
တာလည်း လောကကြီးမှာ လက်တွေ့ဖြစ်တည်လာရတတ်သည
ကော .. ဟု ငွေဝန်း နားလည်လိုက်ရသည်က တော်ရုံရင်န
လိုက်ရမှုဖြင့် မဟုတ် ..။ နှလုံးသားကို ရင်းနှီး၍ .. သက်မှူနှင်းအပ
သော ချစ်ခြင်းများ ဖြစ်တည်ရာနှလုံးသားကို ရင်းနှီး၍ သိလ
ရခြင်းပါ ..။ ထိုတစ်ခါတစ်ရံဆိုသော ကာလသည် ကြာတောင့်ကြ
ရှည် မဖြစ်တည်ရပါစေနှင့်ဟုလည်း ငွေဝန်းသာ ဆုတောင်းနေ
ရသည်ပါပဲ ..။

ဪ .. လွန်စွာမှ .. မြတ်နိုးအပ်ပါသော ချစ်ခြ
များစွာတို့ကို တိုင်တည်၍ .. ငွေဝန်း ဆုတောင်းရပါသည်ကော
မောင် ..။

* * *



# ငွေခေါင်းမေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

"ဖီလာမြောင်ကာဆီးပါလို့ တောင်ကြီးရယ်ညိုညို .. အလှ
ငယ်ပို လေရူးရယ်မှ သွေးတယ်သွေးတယ် .. သွေးတ
သွေးတယ် .. သွေးတယ်သွေးတယ်လေးတော့အဖေး

ဆိုင်းတစ်ချက်ဝင်၍ တောတီးပေးသံနှင့်အတူ ကို
လေး ထဲ၌ လှပကြော့စင်စွာ ဝဲဖျံတက်သည့်နယ် .. လှပပျောင်
စွာ ပြန်ဆင်းလာသည်နှယ် ကလေသည်မို့ ကြည့်နေသ
ဘိုးလေးဦးအောင်မောင်းမှာ တူမဖြစ်သူ ငွေဝန်းသာကို မျက်
အာရုံဝယ် .. မြင်လာနေရသည့်နှယ်ပါ ..။ ငွေဒေါင်းမေသ
အကတွင်မင် ကိုယ်သဘာဝကိုက နေပုံ ရပ်ပုံလေးကအ
ပါရမီပါလျက် ပျောင်းနွဲ့နွဲ့ဖြင့် နန်းဆန်ကြော့စင်သူလေး
ငွေဒေါင်းမေသည်လည်း အမေ့ခြေရာနင်းသည့် သမီးလေ
တကား ..။ အငြိမ့်ထောင်ခဲ့သည့် ဦးအောင်မောင်းဆိုသ
ဘဝတစ်ခုကို _ အသက်အရွယ် ရလာတော့ ရပ်နားလိုက်ပေမယ့်
ဦးအောင်မောင်း၏ ရင်ထဲမှာ ရှိနေသည့် အနုပညာမြတ်နိ
သည် ရပ်တန့်မနေ ..။ ခု .. တူမဖြစ်သူ ငွေဝန်းသာ၏ သမီး



လေး ရောက်လာတော့လည်း .. အိမ်တွင် ကက်ဆက်နှင့် သွင်း
ထားပါသော တေးသံနှင့်အတူ .. မြေးငွေဒေါင်းမေကို ကိန္နရီအကကို
သင်ပေးမိရသည်ပါပဲ ..။ အိမ်နီးမှာက မင်းသမီးကြီး မြိုင်ကြည်ကြည်
ဆိုတာက ရှိသည်ကိုး ..။ ငွေဝန်းသာ မရှိတော့သည့်နောက်မှာ
ဦးအောင်မောင်း၏ လမင်းဝါဝါ အငြိမ့်တွင် ထိုမင်းသမီးလေး
မြိုင်ကြည်ကြည်ပဲ ခေါင်းဆောင်မင်းသမီးအဖြစ် ဆက်ကခဲ့သည်။
အငြိမ့်ထောင်ထားတာကို ဦးအောင်မောင်း နားလိုက်တော့လည်း
မြိုင်ကြည်ကြည်သည်လည်း အခြားအငြိမ့်နှင့် လိုက်ကတာမျိုး
မရှိတော့ဘဲ ..။ ဦးအောင်မောင်း၏ အိမ်ဘေးဘက် မြေနေရာလေး
မှာပဲ အပျိုကြီးဘဝဖြင့် မုဆိုးမ မိခင်ကြီးနှင့်အတူ အေးအေးချမ်း
ချမ်း ဆက်နေနေသည့်အဖြစ် ..။ စင်စစ်ကဖြင့် .. ထိုမြေနေရာသည်
ပင်လျှင် ဦးအောင်မောင်းမှ ဈေးသက်သက်သာသာဖြင့် ရောင်းပေး
လိုက်သော မြေနေရာလေးဖြစ်ကာ ..။ အိမ်ဆောက်သည်ကအစ
ဦးအောင်မောင်းပဲ စီမံပေးခဲ့ခြင်းပါ ..။ ထိုမှာရေးခြားရှိလျက်
လမင်းဝါဝါအပေါ်မှာ သစ္စာရှိလွန်းသော မြိုင်ကြည်ကြည်ကို ..
တကယ့်နှမလေးပမာ ဦးအောင်မောင်း သံယောဇဉ် ဖြစ်လျက်။
ဒေါ်မြိုင်ကြည်ကြည်ကလည်း အစ်ကိုကြီးပမာ ရိုသေလေးစားစွာ
နေထိုင်လာခဲ့သည်ပါပဲ ..။

ခု .. ကိန္နရီအကကို ဒေါ်မြိုင်ကြည်ကြည်မှ သင်ပေး
ခြင်းပါ ..။

ငွေဒေါင်းမေသည် အိမ်နေအဝတ်အစားလေးဖြင့်
လှုပ်လှုပ်ပလေး ကနေခြင်းပါ ..။ ခေါင်းမှာ ကိန္နရီခေါင်းစည်းပုံ
ဆောင်းမထား ..။ လက်တွင် ကိန္နရီတောင်နှစ်ခုကို တပ်မထား _။

www.burmeseclassic.com

www.burmeseclassic.com



ကိုနှရိဝတ်စုံလေးကို ဝင်ဆင်ထားခြင်း မရှိ ..။ ဒါပေမဲ့ ငွေခေါင်းမေ၏ အသွင်သည် ကိုနှရီအသွင်လေး ဖြစ်နေသည်။ ကနေပုံလေးက အသက်ဝင်လွှန်းနေသည် ..။ ခေါတွင်ရှိနေသည့် မြိုင်ကြည်ကြည်သည်လည်း ဦးအောင်မောင်းကို ကြည့်ကာ ..

"ညီမလေး ငွေဝန်းသာကို သတိရလိုက်တာ အစ်ကိုကြီးရယ် တကယ့်အမေခြေရာကို နင်းခဲ့တဲ့ကလေး .. ရုပ်လေးက တော့ .. အဖေနဲ့ အမေကို မျှတူပေမယ့် .. အမေဘက် ကို တူတာများပါတယ် .. လှလိုက်တာ အစ်ကိုကြီးရယ် ကိုယ်ဟန်အချိုးလေးကတော့ဖြင့် ညီမလေး ငွေဝန်းသာ အတိုင်းပါပဲ .. ကျောက်ဆစ်ရုပ်လေး ထုထားသလိုက် လှတာပါ .. ငွေဝန်းကို လွှမ်းလိုက်တာ အစ်ကိုကြီးရယ် .. သူတို့ အိမ်ထောင်ရေး ကြားရမှုထဲမှာ .. ခုလို .. ခွဲခွာ နေကြရတဲ့အဖြစ်ကို အသနားဆုံးပါပဲ .. ဘယ်လိုမှ မကွဲကွာသင့်ကြတဲ့ အိမ်ထောင်ပါ .."

ဟု ယူကျုံးမရသံလေးဖြင့် ပြောတော့ ဦးအောင် မောင်း ငိုင်နေသည်။

"ဟိုကမ်းပါးယံ တောင်ထက်က မယ်စကကာယ့်ခေါ်ယောင် ရွှေဖိုးခေါင်လွှမ်းအောင်ခုနော် လွှမ်းချင်းငယ်ဖော်ကြွေးကြော် ကျူးတယ် ကျူးတယ် .. ကျူးတယ် ကျူးတယ် .. ကျူးတယ် ကျူးတယ်လေး .. တော့အဝေး .."

ဆိုင်းအတောနှင့် ငွေခေါင်းမေ ကနေပုံလေးကို ငေးကြည့်ရင်း ခေါ်မြိုင်ကြည်ကြည် မျက်ရည် ဝေ့ချင်၏။ အသေ အိုကြီးနှင့် နေရင်း ..။ အိမ်ရှေ့မှာ အိမ်ဆိုင်လေး ဖွင့်ထားလျက်



သားအမိနှစ်ယောက် စားဝတ်နေရေး ပူပန်စရာမရှိပါသည့် ခေါ်မြိုင်ကြည်ကြည် ..။ ငွေဝန်းသာအပေါ် သံယောဇဉ်ကြီးပါသည့် ခေါ်မြိုင်ကြည်ကြည်သည် ငွေခေါင်းမေ ကနေသမျှကိုသာ ကြည့်နေပါသည့်အဖြစ် ..။

"သူ့အဖေက .. အတော်ကြီးကို မာနကြီးတာ .. ငွေဝန်းသာကလို့ရတဲ့ငွေနဲ့ ဆေးမကုဘူးဆိုပြီး နေနေတဲ့ကိစ္စ .. မမြိုင်လဲ သိနေပြီပဲ .. အားလုံး ငါ ပြောပြထားပြီးပြီပဲလေ၊ သူ့အမေပြောတဲ့ စကားကို အသေမှတ်ပြီး .. မာနနဲ့ တင်းခံ .. လုံးဝကို မျက်စိကို မကုတာဘဲကြည့် .. မထားမေက ငါ့ကို ပြောပြတယ် .. ငွေဝန်းသာ သူ့ဆီကို ပိုက်ဆံ ပို့ထားတာလေးတော့ ရှိတယ်တဲ့ .. အဲဒါ .. မထားမေက သူ့ကို ပြောခဲ့တယ်တဲ့ .. ဆေးကုမယ်ပေါ့ .. သူက ဘာပြန်ပြောလဲဆိုတော့ .. သူ့ကို ကုသဖို့အတွက် အိမ်မှာ ငွေပိုငွေလျှံများများ မရှိဘူးဆိုတာ သူ သိတယ်တဲ့ .. သူ့ကို ဆေးကုမယ်ဆိုရင် .. ငွေဝန်းသာ ပို့တဲ့ငွေပဲ ဖြစ်မှာ ပဲတဲ့ .. သူ့ကို ကွာရှင်းထားတဲ့ မိန်းမတစ်ယောက်ရဲ့ ပိုက်ဆံနဲ့ သူ ဆေးမကုဘူးတဲ့ .. အင်း .. မာနပေါ့ .. ယောကျ်ားတစ်ယောက်အနေနဲ့ကျတော့လဲ .. အဲဒီမာနကို အပြစ်မတင်ထိုက်ပြန်ဘူး မမြိုင် .."

"စာချုပ်နဲ့ကို ကွာရှင်းလိုက်တာဆို .."

"မထားမေ အပြောကတော့ .. စာချုပ်တစ်စောင် ရေးခဲ့ တယ်လို့ မထားမေ ပြောတာတစ်ခုပဲ ငါလဲ သိရတယ် မမြိုင် .. မထားမေအကြောင်းလဲ ညည်း သိသာပဲ .. ငါက

www.burmeseclassic.com

www.burmeseclassic.com



ငါ့နမဝမ်းကွဲပေမို့ ပိုသိပေတာပေါ့ .. အတော့်ကို နူ
စည်းစောင့်တဲ့သူ .. စာချုပ်နဲ့ ပတ်သက်လို့ .. မောင်မော
မျက်စိ ပြန်မြင်မှ .. အစစ .. ရှင်းမယ့်ကိစ္စပေမို့ .. 
ငါ့ကို ဘာမှ မပြောပြထားနိုင်ဘူးတဲ့လေ .. မောင်မော
က .. ငွေဝန်းသာကို ကွာမယ်ဆိုတော့ ငွေဝန်းသာက ကျ
စာပို့မေးလာမယ်လို့ ပြောသွားခဲ့ပြီး .. အဲဒီစာချုပ်
လာပေးသွားတယ်ဆိုတာလောက်ပဲ ပြောပြတာရှိတယ် ..
ငါ့နမ နှုတ်လုံပုံကိုများ .. ငွေဝန်းသာ ပိုက်ဆံပို့တယ် 
ဘူးဆိုတာတောင် ဘယ်လောက်ရှိပြီ ဆိုတာကိုတော
မပြောဘဲ နေနေတာ .. ဘယ်လောက် ပို့ထားတယ်ဆိုတာ
ကို ငါ့ကိုတောင် မပြောပြဘူး မမြိုင် .. ငွေအတိုင်းအတာ
ဘယ်လောက်ထိ သူ့ဆီကို ငွေဝန်းသာ ပို့ထားတယ်ဆိုတာ
တစ်ယောက်စကား တစ်ယောက်စကားနဲ့ မောင်မောင့်ဆီ
ပေါက်သွား ရောက်သွားမှာကို စိုးရိမ်ပုံ ရတယ် ..”

မှာ ဆက်ပြောနေခိုက်မှာ ငွေဒေါင်းမေလေးကတော
ကိုယ့်အကာနှင့်ကိုယ် နစ်ဝင်နေလျက် ကြည်ကြည်မွှေ့မွှေ့လေး
နေဆဲ။

“သစ်ဆင့်သဇင် ဂမုန်းအင်သဇင် လှိုင်ပျံ့မွှေးတယ် ..
မွှေးတယ် .. မွှေးတယ် .. မွှေးတယ်လေး .. တော့အလေ”

ငွေဒေါင်းမေ၏ အကလေးသည် တောင်ပံကို ခတ်
အပေါ်သို့ ပျံတက်တော့မည့် ကိန္နရီလေးနှယ်ပါတကား ..။

“အဲဒါ .. ကလေး ရှစ်တန်းအောင်တော့ .. အထက်တန်း
ကျောင်းဆက်တက်ဖို့ကိစ္စ .. ရှိလာတော့ .. မောင်မောင့်



မထားမေက ဘော်ဒါပို့ထားပြီး .. စာဆက်သင်ချင်ပါတယ်
လို့ မနည်းပြောယူရတယ်တဲ့ .. မောင်မောင့်ကို ပြောယူ
ရတာပေါ့လေ .. ကလေး ထူးထူးချွန်ချွန် ဖြစ်အောင်ပေါ့၊
ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ရင်ဆေးလိုင်း
ကောင်းကောင်းတက်နိုင်မှာပါပေါ့ .. အဲသလို ပြောယူတော့
ပထမတော့ သိပ်မလွှတ်ချင်ဘူး .. ရွာက အထက်တန်း
ကျောင်းမရှိသေးတာမို့ .. လွှတ်လိုက်ရတော့တာ .. ဘော်
ဒါမှာ ငွေဒေါင်းမေကို မထားဘဲ .. ငါ့ဆီမှာ ထားတယ်ဆို
တာ သူ မသိဘူး မမြိုင် .. ခု .. ရွာမှာ အထက်တန်းကျောင်း
ဆောက်နေပြီဆိုတော့ လာမယ့်နှစ် .. ကလေး .. ဟိုမှာပဲ
ကျောင်းဆက်တက်ဖြစ်တော့မယ် ထင်ပါရဲ့ .. အင်း ..
ခက်တာက .. ကလေးမှာက အမေ့သွေးပါတာမို့ .. အနု
ပညာကို အလွန်အမင်း ဝါသနာကြီးနေတဲ့အဖြစ်ပေပဲ ..
ခုလို .. ကလေးကို .. အကသင်ပေးတာများ သူ့အဖေ
သိရင် လွယ်မယ်တောင် မထင်တော့ဘူး .. ခုလဲ ..
ငွေဒေါင်းမေ .. စာမေးပွဲအပြီး .. ရွာပြန်ခါနီးကို ..
ဒီအကကို .. ညက်နေအောင် အကသင်နေတာပဲကြည့် ..
သူ့အကကို .. သူ .. သိပ်စိတ်တိုင်းမကျနိုင်ဘဲ ဖြစ်နေတာ
ကိုပဲကြည့် .. တကယ် .. မအေ့သွေးပေပဲ .. ငွေဝန်းသာ
တုန်းကလဲ အဲသလိုပဲ မဟုတ်လား .. သူ့အကကို .. သူ့
ဘာသာ တော်တော်နဲ့ စိတ်တိုင်းမကျနိုင်ဘူး .. အလွန်ဝီရိယ
ကြီးတဲ့ကလေး .. သူ့ပရိသတ်အပေါ် အလွန်လေးစား
ဝတ္တရားကျေတဲ့ စိတ်ဓာတ်ရှိတဲ့ မင်းသမီး ..”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေရင်း အကကို ငေးကြည့်သည်။ ကိန္နရီက ကချေသည့် ငွေဒေါင်းမေ၏ လှည့်၍ ကြည့်လိုက်သည့် လည်တိုင် ထားပုံလေးက တကယ့်ငှက်လေး၏ လည်တိုင်အငွဲ့နှယ် လှလိုက် ပါသည့်အဖြစ် ..။ မျက်တောင်ရှည်လျားလျားသည့် ကော့ညွှတ် ညွှတ်နှင့်ရှိ၏။ အသားအရေ၏ လှပခြင်းတွင် ပါရမီကံထူးလွန်း ပါသည့် ငွေဒေါင်းမေ၏ အလှတရားသည် ဝင်းစင်မွတ်ဝင်းနေ အောင်လှနေခြင်းပါတည့် ..။ အကြောမျှင်တို့ ရေးရေးထင်နေသည့် မျက်နှာ ..။ လည်တိုင်နုနုဝန်းဝန်း ..။ နှာတံစင်းစင်းထင်းထင်း လေးနှင့် နှုတ်ခမ်းနုနုဖူးဖူးလေး ..။ ဝန်းသွယ်သော မျက်နှာကျ လေးကလည်း တကယ့်ပန်းချီကျော်တစ်ယောက်၏ ရေးဆွဲထား ပါသည့် မျက်နှာလေးနှယ် ရှိလင့်၏။ နက်မှောင်သန်စွမ်းလွန်းပါ သော ဆံပင်နက်ဖွေးဖွေးတို့သည် ဒူးဆစ်အောက်တိုင် ရှိလျက် အဖျားလေး ကော့နေကာ ဆံရင်းဖျားညီအောင် ထူပိတ်နေပါသည့် အဖြစ် ..။ မနိမ့်မမြင့် အရပ်လေးသည် အချိုးတကျ ရှိလျက် ပျောင်းနွဲ့နွဲ့ကနေပုံလေးမှာ လက်ဆစ်လက်ချိုး၊ ခြေကြွ ခြေချသည် ကအစ အလွန်အချိုးတကျရှိကာ ကြည့်၍ မဝနိုင်ဖွယ်ပါတည့် ..။ တကယ့် အရှိန်ပြင်းသည့် နူးညံ့သော အလှတရားများဖြင့် ပြည့်ဝနေပါသော ပါရမီသည် ငွေဒေါင်းမေထံတွင် အငြိမ်းမင်းသမီး ကောင်းတစ်ယောက် ဖြစ်ချေမည့် မွေးရာပါ အရည်အသွေးများ အဖြစ် ရှိနေချေသည်တကား ..။ ငွေဒေါင်းမေသည် .. မင်းသမီး ဖြစ်ရန်အတွက် မွေးဖွားလာသည့် သူလေးနှင့် တူနေသည်။ အကလည်း လှလျက်ညက်ကာ ပျောင်းနွဲ့နန်းဆန်ကြော့စင်သည်။ ရုပ်ရည်လေးကလည်း ကရုဏာကို အခြေတည်သော အလှတရား



များဖြင့်လည်း ရှိနေကြကာ ..။ ထိုမေတ္တာကရုဏာတို့ကို ဖြစ်စေသည့် အသော ဟန်ပန်မူရာလေးများဖြင့်ပင် ကြည့်ရသူတိုင်း၏ ရင်ကို မြှားညို့ငင်ထားနိုင်စေလောက်သည့်အထိ အလှတရားများ၏ အရှိန်သြဇာသည် ပြင်းနေပြန်ပါသည့်အဖြစ် ..။ ထိုသို့သော မိန်း ကလေးတစ်ယောက်ကို .. ငွေဝန်းသာ၏ သမီးလေးအဖြစ် ဦးအောင်မောင်းသည် တွေ့မြင်နေရချေသည်တကား ..။

ငွေဒေါင်းမေသည် လောလောဆယ်မှာ အရာရာကို မေ့နေသည်။ ကိန္နရီအကတွင် နစ်ဝင်နေသည်။ အနုပညာ၏ အရှိန်သြဇာအောက်တွင် စုန်းစုန်းမြုပ်နေလျက် အနုပညာတွင်းဝယ် အသက်ဝင်နေသည်သို့ ရှိနေပါချေ၏။ မျက်ဝန်းနက်နက်ရွှန်းရွှန်း လေးတွေက လက်၏ အရွေ့တွင် လိုက်ပါသွားသည်လည်း ရှိ၏။ ကောင်းကင်ယံဆီသို့ မော့ခနဲ ကြည့်သည်သို့လည်း ရှိ၏။ တောတောင်တို့ဆီဝယ် ငေးဝဲကြည့်သည်သို့လည်း ရှိ၏။ အပြုံးလေး သည် သိမ်မွေ့ခြင်းဘက်စီသို့နှယ်၏။ အသံလေးက ချိုလျက် လွင်သာသာလေးရှိသည်မို့ .. အဘယ်သူမှ .. ဤအက .. ဤအလှ .. ဤအသံသာသာလေး၏ ညို့ငင်ဖမ်းစားမှုနောက်ဆီသို့ မလိုက်မျောမပါဘဲ မနေနိုင်စွမ်းဟု အငြိမ့်ပွဲတစ်ခုကို အမြင်အာရုံမှာ မြင်နေမိရင်း ဦးအောင်မောင်း တွေးနေမိရပါ၏။

"သစ်ဆင့်သခင်ဂမုန်းအင်သခင်လှိုင်ပျံ့မွှေးတယ် .. မွှေး တယ် .. မွှေးတယ် .. မွှေးတယ်လေး .. တော့အဆေး .."

ကိန္နရာရင်ခွဲ ကောင်းပံ့ခတ်အကဖြင့် ပျံတက်တော့ မယောင် ကနေသည့် ငွေဒေါင်းမေ ..။ ဦးအောင်မောင်း ငေး ကြည့်နေရင်း ရင်ထဲတွင် ကြေကွဲလာနေနှင့်ရပြီ ..။ ပြော .. ဤ

www.burmeseclassic.com

www.burmeseclassic.com



ကလေး မကြာမတင်မီမှာဖြင့် ရွာသို့ ပြန်ချော်တော့မည်။ ပညာ ရေးအကြောင်းပြ၍ ဒေါ်ထားမေက ဦးအောင်မောင်းထံမှာ ပို့ထား ပါ၏။ နောက်နောင် မပတ်သက်အောင် နေကြပါဟု ဦးအောင် မောင်း တစ်ချိန်က အငြိမ့်မင်းသမီး အဝတ်အစားတွေက အ ဒေါ်ထားမေကို အပ်ကာ ငွေဝန်းသာနှင့် မောင်မောင်တို့ကို မှာ ခဲ့သည့် အဖြစ်တစ်ခုသည် ..။ လောလောဆယ်မှာရော .. နော များတွင်မှာပါ .. အစဉ်တစိုက် .. မောင်မောင့် ရင်ထဲမှာ နစ် နေအောင် မှတ်ထားခဲ့ချေပြီ ဆိုတာကိုလည်း .. ဦးအောင်မော သိနှင့်နေသည်။ မောင်မောင်သည် .. မိခင်ဖြစ်သူ ဒေါ်ခင်သင်းသာ နှုတ်ခမ်းမှ ပြောခဲ့သော စကားတစ်ခွန်းကိုပင် မမေ့နိုင်အော ခံစားကာ မျက်မမြင်ဘဝဖြင့် နှစ်ကြာရှည်နေနေသည်အထိ ရှိခဲ့သ မဟုတ်ပါလား ..။ ဦးအောင်မောင်းမှ ပြောခဲ့ဖူးသည့် ထိုနာကြည ဖွယ် စကားများကိုလည်း ဘယ်သောအခါတွင်မှ မောင်မောင်သည ရင်ထဲမှ ပယ်ဖျောက်ပစ်ချေမည် မဟုတ်ဆိုတာကို ဦးအောင်မော သိနေခဲ့ပြီးပါပြီ ..။

ဒါကြောင့်လည်း ငွေဝန်းသာတို့ လင်မယား အကွဲအကွာကို ဒေါ်ထားမေ ပြောစဉ်က ကလေးအတွက် မေးမြန်း ပေးမယ့် .. ခေါ်ထား၍မရနိုင်တာကို သိထားခဲ့ရသည်မို့ .. ဆိုင် တိုးရဲ့ လိုက်၍ ခါတိုင်းလို ရွာအနီးရှိ မြို့လေးမှာ သွားမဝယ်တော့ ပဲ ရန်ကုန်သို့ ဒေါ်ထားမေ တစ်ပတ်တစ်ခါ မြို့တက်လာ ဆိုင်အတွက်ပစ္စည်းတွေ ဝယ်လာချိန်များမှာ .. ဦးအောင်မော ထံ အမြဲဝင်ခဲ့ဖို့လည်း မှာခဲ့ကာ .. ကလေးအတွက် ငွေကြေး ထောက်ပံ့ပေးခဲ့သည်က ဦးအောင်မောင်းပါ ..။ ထိုသို့ ထောက်



ကိုလည်း မောင်မောင် မသိစေဖို့ဆိုတာကို ဦးအောင်မောင်း ပြသတိပေးဖို့ပင်မလို ..။ ဒေါ်ထားမေက အတွင်းသိ အစင်းသိ ဖြစ် မောင်မောင့်မာနကို သိထားသည်မို့ ရေငုံနှုတ်ပိတ်ဖြင့် သည်ပါပဲ ..။ နောက်ပိုင်း ကလေး အရွယ်လေးရလာတော့ ာ်အဖြစ် မြို့သို့ခေါ်လာကာ ..။ ဘိုးလေးတော်သူ ဦးအောင် ာင်း အိမ်သို့လည်း ခေါ်လာ ..။ ထိုစဉ်ကတည်းက .. အကဝါသနာ လေးကို အကလေးတွေ ဒေါ်မြိုင်ကြည်ကြည်မှ သင်ပေးနှင့် ရှိ မှ ..။ ခု .. ကိုးတန်းကျောင်းသူဘဝရောက်မှ .. ဦးအောင်မောင်း သို့လည်း ငွေဒေါင်းမေလေး လာ၍နေဖြစ်ခဲ့ရ။ အကလေးတွေ ည်း သင့်ဖြစ်ခဲ့ရသည်ပါပဲ ..။ ဒါပေမဲ့ .. ထိုသို့ နေဖြစ်ခဲ့ရလေ မှုကို .. ဖခင်ကြီး မသိအောင် ငွေဒေါင်းမေက အစ နှုတ်လုံ ဝှက်ထားခဲ့ရသည်ကလည်း လူကြီးများက တားထား၍ပါ ..။ ကြောင့်ဆို .. အရွယ်လေး ရောက်လာစကတည်းက .. ဘိုးလေး ၏ အိမ်ကို အဝင်အထွက်လုပ်ခြင်းများကို အဖေဖြစ်သူ မသိအောင် ဝှက်ထားရမည်ဟု ဘွားလေး ဒေါ်ထားမေက အထူးသတိပေး ားခဲ့သည် မဟုတ်ပါလားလေ ..။

"ယောက်ဖခွေးခေါ် .. ယောက်ဖခွေးခေါ် .. ဖိုးခေါင်ကျော် .. ကြင်ဖော်မ ယ လျှင်ယ်ဆွေးတယ် .. ဆွေးတယ် .. ဆွေးတယ် ဆွေးတယ် .. ဆွေးတယ် .. ဆွေးတယ်လေး .. တော့ အဝေး .."

ငွေဒေါင်းမေ၏ အသံလေး ဆွေးလျလျဖြင့် ဆိုနိုက် ပင် ..

"မိဒေါင်းမေ .. ငွေဒေါင်းမေ .."

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဖေဖေ့ အသံမာမာကြီးက တံခါး
ပေါ်လာတာမို့ လန့်ခနဲနေအောင် ဖြစ်သွားရကာ ငွေဒေါင်း
ကြည့်လိုက်မိရပါပြီတည်း ..။ ဘုရားရေ ..။ တံခါးဝဝယ် မျက်
ကြီးတစ်ခုလုံး ရဲနေလျက် အံခဲ၍ အသံလာရာဘက်ဆီသို့ မျ
ဝန်းအိမ်များ ငြိမ်တန့်နေပါသည့် ဖေဖေပါတကား ..။
မျက်ဝန်းတွေ နီနေသည်။ မျက်ရည်များလည်း ပြည့်သိပ်နေကြ
သည့်အဖြစ် ..။ တုတ်ကောက်ကိုင်ထားသော ဖေဖေ့လက်
တုန်ခါနေသည်။ လက်နှစ်ဖက်စလုံးသည် တုတ်ကောက်ပေါ်
အုပ်မိုးဆုပ်ခဲ၍ ရှိနေကြပါ၏။ ဖေဖေ့ဘေးမှာ ဘွားလေး
တကား ..။ မျက်နှာအပျက်ပျက်ဖြင့် ဘိုးလေးကို ကြည့်နေပါသ
ဘွားလေး၏ မျက်နှာထက်တွင် တောင်းပန်ရိပ်လည်း ထင်နေသ
ဘိုးလေးကို တောင်းပန်ရိပ် ..။ ထိတ်လန့်ရိပ်လည်း ထင်နေသ
ဖေဖေ့ကို ထိတ်လန့်ရိပ် ..။

"ဘော်ဒါကို လိုက်ပို့ .. သမီးကို သွားကြိုမယ်ချည်း
နေလို့ .. ဘယ်လိုမှ တားမရ .. ဖျောင်းဖျမရနဲ့ ဖြစ်နေ
ကျွန်မ ဘယ်လိုတတ်နိုင်တော့မှာလဲ အစ်ကိုကြီးရယ်
ဘော်ဒါဆိုတာ တကယ်မှမရှိတာ .. ဘော်ဒါမှာမှ ငွေဒေ
မေလေးကို တကယ်မှ မထားတာမို့ .. မတတ်သာတဲ့အ
ဒီကိုပဲ ခေါ်လာလိုက်ရတော့တာ .. လူလေးက .. လိုင်း
ပေါ်ထိ ဖွတ်တက်ထိုင်နေတာကိုး၊ သမီးကိုလွမ်းသတဲ့
ကျောင်းပိတ်တာတောင်မှ ပြန်မလာသေးလို့ဆိုပြီး .. ဒ
လိုင်းကားပေါ်ထိ ရောက်နေတော့လဲ .. သမီးအခေါ်ထွ
လူလေးကို .. ကျွန်မ ဒီကိုပဲ ခေါ်လာရတော့တာပါပဲ



ဟု အသံတွေ တုန်ခါနေရင်း ဘွားလေး ပြောနေသမျှ
ဖေဖေ အံခဲ၍ နားထောင်နေပါ၏။ နောက် .. ရှေ့သို့ စိတ်လိုက်
မာန်ပါ လျှောက်လာတော့ ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်သည်မို့
ရှေ့တွင် ကာနေသော ထိုင်ခုံတန်းကို တိုက်မိခိုက်မိနှင့် ဖြစ်ရကာ
ဖေဖေ လဲမယောင်ဖြစ်ရှာ၏။ ကိုယ်ကို ပြန်ထိန်း ..။ အံခဲ၍
ဖေဖေ မျက်ရည်ဝဲနေသမျှ မကြည့်ရက်သည်မို့ ငွေဒေါင်းမေ
ပြေးကာ ဖေဖေ့လက်ကို ထိန်းတော့ ဖေဖေ အံခဲ၍ လက်ကို
ဆောင့်ခါရုန်းလာသည် ..။ ငွေဒေါင်းမေ မျက်ရည်ကျလာနေရရင်း
မှ ဖေဖေ့ကို မော့ကြည့်ရင်း အသံလေးတွေ တုန်ခါနေလျက်ဖြင့် ..

"ငွေဒေါင်းကို စိတ်မဆိုးပါနဲ့ ဖေဖေရယ် .. ဘိုးလေးကို
လဲ စိတ်မဆိုးပါနဲ့ ဖေဖေရယ် .."

ဟု လန့်ရှိန်လေးဖြင့် ပြောငိုနေတော့ ဖေဖေ တစ်ချက်
ငြိမ်သည်။ နောက်တော့ ကြေကြေကွဲကွဲ ပြုံးသည်။ ဖေဖေ့
ကြေကွဲပြုံးသည် ငွေဒေါင်းမေ ရင်ကို လာထိ၍ နင့်ခနဲနေအောင်
ခံစားနေရစေပါပြီ ..။ ဖေဖေ အရမ်းကို စိတ်အထိခိုက်ကြီး
ထိခိုက်နေချေပြီဆိုတာ ငွေဒေါင်းမေ သိနေရသည်ကိုး ..။ ဖေဖေ့
ပါးပြင်ရှိ အကြောမျှင်တွေ ဆတ်ခနဲ ဆတ်ခနဲ ခါလာကြသည်သို့
ရှိ၏။ အလွန်တရာကိုမှ စိတ်ကို ချုပ်တည်းထားရသည့်အသွင် ..။
ဖေဖေသည် ဖေဖေ့ ရင်ထဲမှာ ကြေကွဲမှုများကိုလည်း ထိန်းချုပ်
ထားသည်။ နာကြည်းနေသည့် ခံစားမှုများကိုလည်း ထိန်းချုပ်
ထားသည်။ မာနတရား၏ တောက်လောင်နေသော ပူပြင်းမှုများ
ကိုလည်း ရင်ထဲမှာ အနိုင်နိုင် လွှယ်ထားရင်း ချုပ်တည်းထားနေ
သည်။ ဒါကို .. ငွေဒေါင်းမေ မြင်ရတော့လည်း ဘိုးလေးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



နေမိခဲ့ခြင်းသည် အမှားကြီးမှားချေပြီကော .. ဟု နောင်တဖြစ်ရပါပြီ အစတုန်းကတော့ ကလေးပေမို့ .. ဘိုးလေးအိမ်မှာ နေသည်ပဲလေ .. ဟု တွေးကာ .. ခပ်ပေါ့ပေါ့ပဲ ဖေဖေ့ ခံစားမှုအပေါ် မတွေး ရှိခဲ့ပါ၏။ ဖေဖေ သိသည်မှ မဟုတ်ချေဘဲလေ .. ဟု ကလေး တွေးနှင့် အကြောင့်ကြကင်းကင်းဖြင့် နေမိခဲ့ခြင်း ..။ ခု တကယ်တမ်းကျတော့ .. ဖေဖေ သိသွားခဲ့ပြီ ..။ သိချိန်မှာ ဖေဖေသည် စကားတစ်ခွန်းသော်မျှ မဆိုလာတော့ ..။ အံခဲ ဝေဒနာများ ပြွန်းတီးနှိပ်စက်နေလေသမျှကို ကြိတ်မှိတ်ခံစားနေသည့် အရိပ်များ စွန်းထင်းနေပါသည့် မျက်နှာကိုသာ ငွေခေါင်းမေ ရင်ကွဲမတတ် တွေ့မြင်နေရပါချေ၏။

"ဖေဖေ .."

ငွေခေါင်းမေ .. ကလေးလိုပဲ ဖေဖေ့ ရင်ခွင်ထဲ တိုးဝင်၍ ခေါ်တော့လည်း ခါတိုင်းလို .. ငွေခေါင်းမေ့၏ ဆံပင် လေးတွေကို သပ်ပေးတာမျိုး .. ကိုယ်လေးကို ကြင်နာစွာ ပွေ့ ပိုက်ထားတာမျိုး ပြုမလာခဲ့ ..။ ဖေဖေ့ လက်နှစ်ဖက်သည် တွဲလျား ကျနေသည်။ ဖေဖေ့ လက်ထဲမှ တုတ်ကောက်သည်လည်း ကြမ်း ပြင်ပေါ်သို့ အသံမြည်အောင် ကျသွားပါချေ၏။

"စိတ်မပူပါနဲ့ .. ဖေဖေ .. သမီးရဲ့ ဘိုးလေးကို ဘာ မပြောပါဘူး .. ဖေဖေ့ သမီးက .. ဒီအိမ်ပေါ် သမီး ရှိလို့ တက်လာတာပဲ .. လက်ခံသူကို ဖေဖေ အပြစ်မပြော သာပါဘူး .. တက်လာသူက ဖေဖေ့သမီး ကိုယ်တိုင် ဖြစ် နေတာပဲ မဟုတ်လား .. ဖေဖေက အကန်းကြီးပဲလေ .. အကန်းဆိုတာ .. ကိုယ့်ရှေ့မှာ ကိုယ်မသိအောင် ဘာကို



လုပ်လုပ် .. သိနိုင်စရာမှ မဟုတ်ဘဲ .. ခုလို တစ်မြို့တစ်ရွာ ကိုယ့်မျက်ကွယ်မှာ ကိုယ်မသိအောင် လုပ်နေကြတာကို .. ဘာတတ်နိုင်မှာလဲ .. ဟောဒီမျက်စိနှစ်လုံးဟာ ရှိနေပေ မယ့် .. မြင်မှ မမြင်ရတော့တာပဲကိုး .. ရုတ်တရက်တော့ သူများအိမ်ပေါ်မှာ ဖေဖေက .. ဖေဖေ့သမီးကို ခပ်မာမာ ခေါ်မိလိုက်တယ် .. ဖေဖေ မှားသွားတယ် .. ကိုယ့်သမီး တက်နေတဲ့ အိမ်အပေါ်မှာ ဟောဒီက အကန်းကြီးရဲ့ ခြေ ထောက်တွေ ရပ်နေပြီးတော့ .. ဒီအိမ်ပေါ်မှာ ရှိတဲ့ ကိုယ့် သမီးကို .. ကိုယ် ခပ်မာမာ ပြောခေါ်ခွင့် မရှိဘူးဆိုတာ တစ်ချက်လေး ဖေဖေ သတိလစ်သွားတယ် .. မေ့လျော့သွား တယ် .."

ဟု အသံတွေ အက်ကျနေရင်း ဖေဖေ ပြောနေသမျှ ငွေခေါင်းမေ လန့်လာသည်။ ဖေဖေ့ မျက်နှာထက်တွင် ကြေကွဲ ခြင်းများအစား အေးစက်စက်အရိပ်များ အုပ်မိုးလာနေကြချေသည် ပါတကား ..။ ဖေဖေ့ လက်တွေက အသာအယာပင် ငွေခေါင်းမေ၏ လက်လေးတွေကို ဖြေယူဖယ်ရှားပစ်နိုင်ဖို့ ကြိုးစားနေသည်။ ငွေခေါင်းမေကလည်း ဖေဖေ့ကို ဖွတ်တိုး၍ အတင်းတွယ်ဖက်ထား လိုက်မိရပါပြီ ..။

"ဟင့်အင်း .. ဟင့်အင်း .. ဖေဖေ စိတ်မဆိုးပါနဲ့ .. သမီး ကို မုန်းမသွားပါနဲ့ ဖေဖေရဲ့ .."

ဟု ပြောငိုနေတော့လည်း ဖေဖေ့ လက်တွေက ငွေခေါင်းမေ၏ မျက်နှာလေးကို စမ်းမလာကြ ..။ မျက်ရည်ကို သုတ်ပေးမလာကြ ..။ အံခဲ၍ ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကနေတယ် မဟုတ်လား .. ဆက်ကပါ .. ဆက်ကပါ .. သမီးက .. ငွေဝန်းသာရဲ့ သမီးပဲ မဟုတ်လား .. က ကရမှာပေါ့ .. အငြိမ့်မင်းသမီး လုပ်ချင်သလား .. လုပ်ပါ .. လုပ်ပါ .. ဖေဖေ အစကတည်းက သတိပေးခဲ့ဖူးတယ် .. အငြိမ့်မင်းသမီး ဘယ်တော့မှ မလုပ်ရဘူး .. မကရဘူး လေ .. ဒါပေမဲ့ .. ခု .. ဖေဖေ နားလည်လာပြီ .. လူ တစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာ .. ဝါသနာကို .. ဘယ်တား မြစ်လို့ရမလဲ .. သမီးဆိုတာလဲ .. ကိုယ်မှ မဟုတ်ချေဘဲ .. သူတစ်ပါးပေပဲပေါ့ .. ဖေဖေက .. အစက ထင်မိတယ် လေ .. သမီးဆိုတာ .. ကိုယ့်ကိုယ်ပွား .. အဲသလို ထင် မိတာ .. အဲဒါ မှားတယ် .."

ဟု အသံတွေ တိမ်ကျသွားအောင် အံခဲ၍ တစ်လုံး ချင်း ပီပီသသကြီး ပြောချနေတော့ ငွေဒေါင်းမေ ပို၍ ထိတ်လန့် လာသည်။ ဖေဖေ .. တစ်ခုခုကို လုပ်တော့မည် ..။ ပြတ်ပြတ် သားသားကြီး လုပ်တော့မည်။ ထိုသို့ ပြတ်သားမှုကိုလည်း ပြော ချဖွင့်ချလိုက်တော့မည်ဟု ..။

"သမီးမှာ .. သမီး မေမေက .. သူ အပျိုလုပ်ရမှာဆိုပြီး ထားခဲ့တာမို့ .. အဖေတစ်ယောက်အနေနဲ့ .. အကန်းဘဝ ပဲ .. အဖေ့ရဲ့ အရိပ်တစ်ခုကို .. သမီးအပေါ်မှာ ထေး တာ .. ခု .. ဖေဖေ့အတွက် တာဝန်ကုန်ပြီ .. အဲဒီတာဝန် ကို ကုန်အောင် သမီးလေး လုပ်ခဲ့ပြီးနေပြီ .. သမီးမှာ စောင့်ရှောက်မယ့်သူရှိတယ် .. နေရမယ့်နေရာလဲ ရှိတယ် .. ကိုယ့်ဘဝကိုယ် ကျောင်းဖို့ အကာလဲ ကောင်းကောင်းတာ



လောက်ပြီ .. ဖေဖေ့သမီး ဘယ်လောက် အသံကောင်းတယ် ဆိုတာကတော့ .. ဖေဖေ့တယောသံနဲ့ အတူ သမီးလေးဆို ခဲ့တဲ့ သီချင်းလေးတွေကြောင့် ဖေဖေ သိထားတာပဲ .. သမီးလေး ထိုးတဲ့ တယောသံကိုလဲ ဖေဖေ နားထောင်ခဲ့ ရတာပဲ .. သမီးလေး ကိုယ်တိုင် တယောထိုးရင်းဆိုခဲ့တဲ့ တေးသံလေးတွေကိုလဲ .. ဖေဖေ မမေ့နိုင်တာမို့ .. ရွာက အိမ်လေးမှာ .. တယောလေးကို ပွတ်သပ်ရင်း ဖေဖေ လွမ်းခဲ့ရဖူးတယ်လေ .. ကဲ .. ကဲ .. ဖေဖေ့ဆီက တယော ထိုးသင်ခဲ့ တတ်မြောက်ခဲ့တဲ့ သမီး .. ခု .. အကလဲ တတ် ပြီ .. အဆိုလဲ ပိုင်ပြီ .. နေစရာအိမ်လဲ ရှိပြီ .. နေခဲ့ .."

ဟု ပြောကာ ဟိုဟိုသည်သည် မျက်ဝန်းအိမ်သည် များ၏ ..။ ခုထိ စကားတစ်ခွန်းမှ ဝင်မပြောနိုင်သေးဘဲ အနေသည့်နှယ် ငြိမ်ခြင်းမက ငြိမ်ကျရင်း ကြေကြေကွဲကွဲကြီး ည့်နေပါသည့် ဘိုးလေးကို ဘယ်နေရာမှာ ရှိနေမှန်းမသိသည့် ဖေဖေ လည်ချောင်းတစ်ချက် ရှင်း၍ လက်အုပ်သာချီပြကာ ..

"ဒီအိမ်ကို .. ကျွန်တော် လာမိတဲ့အတွက် တောင်းပန်ပါ တယ် ဦးလေး .. တစ်ချိန်က အပြတ်ပြောပြသတိပေးခဲ့တဲ့ စကားကို ပယ်ရှားလိုတဲ့ ဆန္ဒနဲ့လာတာ မဟုတ်ပါဘူးခင်ဗျာ၊ ဒေါ်လေး ခေါ်လာလို့ ပါလာရတာပါ .. ဘော်ဒါဆောင် တစ်ခုကို လာခဲ့တဲ့ ကျွန်တော်ဟာ .. ဒီကို ရောက်ခဲ့ရတာ ပါ .. ဘယ်တော့မှ မပတ်သက်ပါနဲ့လို့ ပြောထားခဲ့တဲ့ ဦးလေးရဲ့ တားမြစ်စကားကို ပယ်ရှားသလိုကြီး ခုလို အိမ်ပေါ်တိုင်အောင် ရောက်လာခဲ့ရတဲ့အပြစ်အတွက် ခွင့်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးပါခင်ဗျာ .. နောက်နောင်လဲ .. ကျွန်တော် ဘယ်တော့မှ လာမှာ မဟုတ်ပါဘူး .. ကလေးကိစ္စကလေး သူ ရွေးချယ်တဲ့ဘ၀ .. သူ လျှောက်ပါစေ .. ကျွန်တော် ပြန်ပါ့မယ် ..”

ဟု အရာရာ ဆုံးဖြတ်ထားပြီးသည့်သူတစ်ယော နှယ် အေးစက်နေသော မျက်နှာဖြင့် ဖေဖေ ပြောသည်။ အေ မျက်နှာထက်တွင် အရှက်တရားကိုလည်း ငွေဒေါင်းမေ တွေ့နေ ၏။

“မဟုတ်ပါဘူးကွယ် .. ဟိုတုန်းက ဦးလေး ရှက်စိတ် ပြောမိပြောရာ ပြောမိခဲ့ပေမယ့် .. နောင်မှာ .. စိတ် မကောင်းဖြစ်ခဲ့ရတာပါ .. အထူးသဖြင့် .. မင်း .. မ မမြင်ဖြစ်တယ်ကြားတော့ ပိုစိတ်ထိခိုက်ခဲ့ရတာပါ .. စိ ထိခိုက်ရလွန်းလို့လဲ .. ရွာက အိမ်ကို မင်းမသိအေ ရောက်ခဲ့ပါသေးတယ် .. ငွေ၀န်းသာက .. နောင်မလာ တော့လို့ ငိုပြောခဲ့လို့ပါ .. မင်း .. အရှမ်းကို စိတ်ထိခ ချိန်မှာ .. ထပ်စိတ်မထိခိုက်စေချင်တော့လို့ပါ .. လို့ ေ လို့ပါကွာ ..”

ဟု ပြောတော့ ဖေဖေ ငိုင်နေသည်။ ဘာ ပြောမလာတော့ ..။

“မထားမေကတော့ .. မကြာမကြာ လာနေတာပ ဦးလဲ တတ်နိုင်သလောက် အမြဲ ထောက်ပံ့ပါတယ်

ဟု ပြောနေတော့လည်း ဖေဖေ ငြိမ်နေသ ငွေဒေါင်းမေ စိတ်ထဲ ရှုပ်ထွေးလာရပါ၏။ ဘိုးလေးနှင့် ဖေဖေ



ကြားမှာ ထိုမျှအထိ နက်ရှိုင်းသော စကားကျွံမှုတွေ ရှိခဲ့သည် ဆိုတာကိုတော့ ငွေဒေါင်းမေမှ မသိခဲ့ရပေဘဲလေ ..။ ဘွားလေး တ်လည်း ပြောမပြခဲ့စဖူး ..။ ဖေဖေ့ကို မပတ်သက်ဘဲနေပါဟူ၍ ဖြတ်ထင်လွန်းသည့် စကားမျိုးကို ဘိုးလေး ပြောခဲ့သည်ဟု ဘွားလေးကလည်း ပြောမပြခဲ့စဖူး ..။

“ဘွားလေး ပြောခဲ့တာက .. ဖေဖေနဲ့ မေမေတို့နှစ်ဦး သဘောတူယူကြလို့ .. ဘိုးလေးကလဲ .. စိတ်ဆိုးခဲ့တယ်၊ ဖေဖေ့ဘက်က မိဘတွေကလဲ စိတ်ဆိုးခဲ့တယ် .. အဲ သလောက်ပဲ သိခဲ့ရတာ .. ဘိုးလေးကတော့ .. နောက်ပိုင်း စိတ်ပျော့ပျောင်းလာပေမယ့် .. ဖေဖေက စိတ်မပြေဘဲ ရှိနေတာဆိုတာလောက်ပဲ သိရတာ .. ငယ်တုန်းကတည်း က .. ဘွားလေးနဲ့အတူ .. မြို့ပေါ်ပါလာတဲ့အခါ ဘိုးလေး ဆီ၀င်တော့လဲ .. အရှမ်းကို သဘောကောင်း .. ဒေါင်းမေ ကို အလွန်ချစ်တာမို့ .. ဒီလောက်ကြီးထိ .. စိတ်အခန့်မသင့် လောက်အောင် ရှိခဲ့တယ်လို့ ဘယ်ထင်မိပါ့မလဲ ..”

ဟု တွေးနေရင်းဖြင့်ပင် ဖေဖေ့ကို ပို၍ တင်းနေအောင် က်ပစ်ကာ ..

“ဟင့်အင်း .. မိဒေါင်း .. ဖေဖေ့နောက်ကို လိုက်မယ် ..”

ဟု ပြောငိုနေတော့ ဖေဖေ သက်ပြင်းရှိုက်သည်။

“မိဒေါင်း ကန်တော့ပါတယ် ဖေဖေရဲ့ .. ဖေဖေ ဒီထိ စိတ်ထိခိုက်မယ်ဆိုတာ မသိလို့ပါ ဖေဖေရဲ့ .. ဖေဖေ မကြိုက်တဲ့ အလုပ်ကို မိဒေါင်း လုပ်မိတာ ၀န်ခံပါတယ် ဖေဖေ .. မိဒေါင်း .. ကမိတာပါ .. ဒါကလဲ .. ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com



ဆိက တယောထိုးကို သင်သလို ... ဝါသနာအမွေယူသလို ... မေမေ့ အနုပညာအမွေဆိုတာကိုလဲ မီးဒေါင်း ရင်ထဲမှာကို က ... ပါလာနေလို့ပါ ဖေဖေရဲ့ ... အို ... ဖေဖေ ... စိတ်မဆိုးပါနဲ့ ... ငွေဒေါင်း ဖေဖေ့နောက်ကို လိုက်မှာပါ ... ဖေဖေ စိတ်မနာပါနဲ့ ဖေဖေ ... စိတ်မနာပါနဲ့ ဖေဖေ ... မီးဒေါင်း မှားပါတယ် ဖေဖေရဲ့ ..."

နှင့် ကလေးပီပီ ပြောင်ချနေတော့ ဖေဖေ ငြိမ်နေသည်။ ကျနေသော ဖေဖေ့တုတ်ကောက်ကို ငွေဒေါင်းမေ ကောက်ယူ၍ ဖေဖေ့ လက်ထဲ ထည့်ပေးတော့လည်း ဖေဖေ မငြင်းရှာ။ အံ့ခဲရင်း လက်ခံလိုက်ရှာသည်ပါပဲ ...။ ဤတစ်ကြိမ်မှ ဖေဖေ နှုတ်ခမ်းတွေ တုန်ခါလာသည်။ လည်ချောင်းတနင်နင်ဖြင့် ဖြစ်လာသည်။ တံတွေးတနင်နင်ဖြင့် ရင်ထဲ ဆို့နေသမျှကို ထိန်းနေရှာသည်။ မျက်တောင် တဖျပ်ဖျပ်ခတ်၍ မျက်ရည်ကိုလည်း ထိန်းနေသည်။ မျက်ဝန်းတွေကို ဖေဖေ စုံမှိတ်ချထားရှာပါ၏။ ဖေဖေ့အသွင်သည် ... အရုပ်ကြီးပြတ်ဆန်လာသည်။ ကိုယ်ကို မနည်းထိန်း၍ လဲကျမသွားအောင် အနိုင်နိုင် ထိန်းယူနေရဟန်လည်း သိသာလာနေသည်။ ငွေဒေါင်းမေ ပို၍ ရင်ထဲမချိ ... အကန်းကြီးပေမို့ ... ဟု ဖေဖေ မချိတင်ကဲ ပြောခဲ့လေသည့် စကားသည် ရင်ကို အထိခိုက်စေဆုံး ...

"လိုက်သွား ... လိုက်သွား ငါ့မြေး ... ညည်းလေးရဲ့ အမေနဲ့ လိုက်သွား ... မထားမေ ... လူလေးကို ခေါ်သွား ... လူလေး စိတ်ထိခိုက်စေတဲ့အဖြစ်တွေအတွက် ... ဦးလေး တောင်းပန်ပါတယ် ..."



ဟု ဘိုးလေး ပြောခိုက်မှာ ဖေဖေ လက်ကာလေသည်။

"ကျွန်တော် ... သမီးရဲ့ အတွင်းစိတ်ကို မတားဆီးရက်ပါ ဦးလေး ... သူ ကချင်နေတာ ... ကပါစေ ... သူ့ကို ကျွန်တော် တားလို့ ဘယ်တရားမလဲ ... သူ ပျော်ရာမှာ နေပါစေ ... သူ လုပ်ချင်တာကို လုပ်ပါစေ ... ကဲ ... နေပါ ... နေခဲ့ပါ ... သမီး စိတ်ထဲမှာ ... လုပ်ချင်တာတွေ အများကြီး ရှိနေတယ် မဟုတ်လား ... မိုးပေါ်မှာ ပျံသန်းနေတဲ့ ငှက်ကလေးလို ... လွတ်လွတ်လပ်လပ် ပျံပါ ... ဖေဖေ ... မဟန့်တားဘူး ... သမီးမှာ ... လုံခြုံတဲ့ အရိပ်လဲ ရှိပြီ ... ဒီမှာနေ ... နေပ့ါ ... တစ်နှစ်လုံးတောင် နေခဲ့ပြီပဲ၊ နေသားကျနေပါပြီ ... ဖေဖေလဲ ... ရွာကို ပြန်ဖို့မလိုတော့ပါဘူး ... ဖေဖေ့အရိပ်ကို ... ဖေဖေ ရွေးချယ်နိုင်ပါတယ် ... ကဲ ... နေခဲ့ ... နေခဲ့ ... ဒေါ်လေး ... သမီးနဲ့ နေခဲ့ ..."

ဟု ပြောကာ ချာခနဲ လှည့်သည်။ ငွေဒေါင်းမေ မျက်ရည်များ သွန်ကျကာ ဖေဖေ့ကို နောက်မှ ခါးကို သိမ်းဖက်ထားရင်း ...

"ဖေဖေမှ မမြင်ရတာ ... ဘယ်ကို သွားမလို့လဲ ဖေဖေရဲ့ ... မသွားပါနဲ့ ... သမီး ... ဒီမှာ မနေဘူး ... ဖေဖေနဲ့ မခွဲဘူး၊ ဖေဖေ ထွက်သွားရင် ... ဖေဖေ့နောက်ကို တကောက်ကောက် လိုက်နေမှာ ... လိုက်နေမှာ ... မီးဒေါင်း ... ဖေဖေ့လက် ပေါ် ကြီးခဲ့ရတာ ... ဖေဖေ့တယောသံနဲ့ ကြီးလာရတာ၊ ဖေဖေ သင်ပေးတဲ့သီချင်းတွေ ... တယောတီးတာလေးတွေနဲ့ ကြီး:

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာ .. မိခေါင်း .. ဖေဖေ့ကို .. မခွဲနိုင်ဘူး၊ ဖေဖေ့
မိခေါင်း သိပ်ချစ်တာ ဖေဖေရဲ့ ..”

ဟု အတင်းပြောဆိုနေရင်း မလွှတ်ဘဲ ဖွတ်ဆွဲ
တော့ ဖေဖေ ငြိမ်ကျသွားပါ၏။

“မင်းဟာ .. အမေတူသမီးပေပဲ .. ဒီလိုပဲတား .. ဒီ
ငိုခဲ့တာပါပဲလား ..”

ဟု မေမေ့ကို ရည်ရွယ်၍ ဖေဖေ ညည်းပြော
ငွေခေါင်းမေ မျက်ရည်သာ တွင်တွင်သုတ်နေသည်။ လက်
သုတ်ခြင်း မဟုတ် ..။ ဖေဖေ့ ကျောပြင်ဘက်မှ အင်္ကျီထက်
ပွတ်လူး၍ သုတ်နေခြင်း ..။ ဖေဖေ လွှတ်ထွက်မသွားအောင်
နောက်မှ သိမ်းကျုံးဖက်ထားဆဲ။ လက်လွှတ်လိုက်လျှင် ဖေဖေ
ထွက်သွားမှာကို ကြောက်နေသည့် စိတ်ပဲရင်ထဲမှာ ချောက်ချား
ရှိနေကြပါသည့်အဖြစ် ..။ မေမေ့နှင့် ပတ်သက်၍လည်း ဤတစ်
မှာ ဤသို့ ဖေဖေ ခပ်ညည်းညည်း ပြောလာခြင်းပါ ..။ ဖေဖေ
ခေါင်းတစ်ချက်ယမ်းသည်။

“လူလေးရယ် .. မင်း ပိုးမွေးသလို မွေးထားတဲ့ ချစ်
သမီးလေး ငိုနေရင်း .. မေ့မြောသွားတော့မယ် သိရဲ့လား
မျက်နှာလေး ဖွေးဖျော့လာနေပြီ .. ကလေးကို ခွင့်လွှတ်
လိုက်ပါတော့ ..”

ဟု စိုးရိမ်တကြီးဖြင့် ဘွားလေး ပြောနေခိုက်မှာ
ငွေခေါင်းမေ ကိုယ်တိုင်လည်း သိနေသည်။ ရင်ထဲမှာ လှိုက်
နေသည်။ မျက်ဝန်းတွေ ပြာလာနေကြပြီ ..။ ဒါပေမဲ့ .. ဖေဖေ
ကျောပြင်ကို နောက်မှ သိမ်းကျုံးဆွဲဖက်တွယ်ထားလေသည်



က်တွေကို လျှော့မသွားစေရ ..။ ဖေဖေ ကျောပြင်ပေါ် ခေါင်း
သားကို အတင်းဖိကပ်၍ မျက်နှာအပ်ထားပစ်လိုက်ရင်းမှ ..

“မသွားဘူးလို့ ပြောပါ ဖေဖေရဲ့ .. မသွားပါဘူးလို့ ပြော
ပေးပါ ဖေဖေရဲ့ ..”

ဟု ကလေးလို ချောက်ချားထိတ်လန့်စွာ ပြောဆို
နေရင်း ရင်ထဲမှာ ဆို့တက်လာနေသည်။ ရုတ်ခနဲ ငွေခေါင်းမေ၏
ကိုယ်လေး လန်ခနဲ နောက်ဘက်ဆီသို့ ပါသွားစဉ်ခိုက် တင်းနေ
အောင် ဆုပ်ထားသော လက်ဝါးနှစ်ဖက်သည်လည်း ပြေခနဲ ဖြစ်
သွားရပါပြီ ..။

“သမီး .. သမီးလေး ..”

ပြေခနဲဖြစ်သော လက်၏ ဆုပ်အားအလျော့မှာ
ရမ်းကို မြန်ဆန်လှစွာပဲ ထိုလက်လေးတွေကို ပြန်၍ဆွဲထိန်း
လိုက်ပါသည့် ဖေဖေ့လက်များ ..။ စိုးရိမ်စွာ ခေါ်လိုက်ပါသည့်
ဖေ့ ခေါ်သံ ..။ နောက်ပါးဆီသို့ ရောက်လာပါသည့် ဘွားလေး
၏ ထိန်းပေးထားမှု ..။ မျက်ရည်များ ဖြိုင်ဖြိုင်လူးလဲကျနေသည့်
ကြကွဲနောင်တနှင့် ချောက်ချားမှုများဖြင့် အရောရော အထွေးထွေး
ဖြစ်နေရင်းမှ ငွေခေါင်းမေ၏ ကိုယ်လေး တအိအိ ညွတ်ကျသွား
ပါပြီတည်း ..။

“ဟဲ့ .. မိန်းကလေး .. မေးလေး .. ဟဲ့ .. ရေယူလာပါဟဲ့ ..
မမြိုင်ရဲ့ ..”

နှင့် ဘွားလေး၏ စိုးရိမ်တကြီး ပြောနေသံနှင့် ..

“ခေါ်လေး .. သမီးလေး ဘာဖြစ်သွားတာလဲဟင် .. သူ..
သူ .. ဘာဖြစ်သွားပြီလဲ .. ကျွန်တော်တော့ .. သမီးလေး

www.burmeseclassic.com

www.burmeseclassic.com



အဖေါ် .. တင်းတင်းမာမာကြီး ရက်စက်လိုက်မိသ ကြီး ဖြစ်ပါပေါ့လား .. ဖေဖေ ချစ်လွန်းလို့ပါ သမီးလေး ခံစားရလွန်းလို့ပါ .. ဘုရား .. ဘုရား .. ကျွန်တေ သမီးလေးကို ကျွန်တော့် ရင်ခွင်ထဲ ထည့်ပေးကြပါ .. ထည့်ပေးကြပါ .."

နှင့် အရှုးအမူးကြီး ပြောနေသံများကို ငွေဒေါင်း ကြားနေရစဉ်ခိုက် ဖေဖေ့ ရင်ခွင်တွင်းဆီသို့ ပျော့ညွတ် ရောက်ရှိသွားရပါပြီတည်း ..။

ဖေဖေသည် .. ငွေဒေါင်းမေကို .. ဘယ်တော့ ချန်ခဲ့ရက်နိုင်စွမ်းမည် မဟုတ်ချေပြီကော .. ဟု သိနားလည် ရစဉ်ခိုက် .. ချောက်ချားနေသော ရင်သည် ငြိမ်...ငြိမ်းအေး ပြုလာ၏။ အားကုန်အားပြတ် ဖြစ်နေသည့် ခန္ဓာတွင်းဆီ အားအင်တွေ တိုးဝင်လာနေသည်သို့ပင် ..။ ပြာဝေနေသော မျ ဝန်းများဖြင့် ဖေဖေ့ မျက်နှာဆီသို့ အားယူ၍ ကြည့်မိရရင်း

"ဖေ .. ဖေ .."

ဟု အနိုင်နိုင် ခေါ်ရင်း ဖေဖေ့ လက်ကို အားထား ၍ ဆုပ်ထားမိရပါပြီတည်း ..။ နောက် .. မျက်ဝန်းများ ပြာဝေ ဖြစ်လာသည်ထက် တိုး၍ ဖြစ်ဖြစ်လာနေကြပါသည့်အဖြစ် ..

* * *



## အခန်း(၁၇)

မီးဖိုဆောင်ငယ်လေး၏ ကြမ်းပြင်ထက်မှာ မျက်နှာလေး ညှိုးဖျော့လျက် ငွေဒေါင်းမေ ထိုင်နေသည်မှ တကယ့်ကျောက်ရုပ်လေးနှယ် ငြိမ်ခြင်းမက ငြိမ်နေခြင်းဖြင့်ပါ။ ဘွားလေးကလည်း သက်ပြင်းတရှိုက်ရှိုက်ဖြင့် အိမ်ရှေ့ဝရန်တာလေးဆီမှာ ငြိမ်ထိုင်နေပါသည့် ဖေဖေ့ကို တကြည့်တည်း ကြည့်နေသည်ပါပဲ ..။

ဘိုးလေး ဦးအောင်မောင်း၏ အိမ်မှ ငွေဒေါင်းမေ အငှားကားလေးဖြင့် ရွာသို့ ပြန်ဖြစ်ခဲ့သည်။ ကားကို ဘိုးလေး ကိုယ်တိုင် ငှားပေးခြင်းပါ ..။ ဖေဖေ့ရင်ခွင်မှာ ငွေဒေါင်းမေ သတိလက်လွတ် ဖြစ်သွားပြီးသည့်နောက်မှာ အနီးရှိ ဆရာဝန်မလေး ဒေါ်နွဲ့နွဲ့ယဉ်ကို ဘိုးလေး ပြေးခေါ်သည်တဲ့ ..။ နောက် .. ငွေဒေါင်းမေကို ဆေးထိုးပေးသည်။ သိပ်မကြာခင်လေးမှာပဲ ငွေဒေါင်းမေ သတိပြန်လည်သည်မို့ ဆေးတိုက် အနားယူစေပါ၏။ ဒါပေမဲ့ ဘိုးလေးက ငွေဒေါင်းမေကို ညမအိပ်စေတော့ ..။ ငွေဒေါင်းမေကလည်း ရွာသို့ ပြန်ချင်နေတာပဲ ရှိနေသည်။ ဖေဖေ့ ရင်ထဲမှာ အရှိန်ပြင်းပြင်းဖြင့် လောင်မြိုက်နေသည့် ခြောက်ကွဲ

www.burmeseclassic.com



ခြင်း မီးတောက်တွေကို ငွေဒေါင်းမေ ကြာရှည်မကြည့်ရက်နိုင်တော့ပြီ ..။ ဒါကြောင့် အိုးလေးကို မျက်ရည်ကျရင်းဖြင့် ငွေဒေါင်းမေ ရွာပြန်ချင်တာတွေချည်းပဲ တတွတ်တွတ် ပြောနေသည်မို့ ဘိုးလေးခမျာ တက္ကစီတစ်စီးကို ရွာအထိ လိုက်ပို့ပေးဖို့ ကား ငှားပေးခဲ့ရှာသည်ပါပဲ ..။

ငွေဒေါင်းမေ သတိလစ်သွားကတည်းက .. ဖေဖေ ငြိမ်ကျသွားသည်မှာ ဘာဆိုဘာမှ မပြောတော့သည့်အထိပါ .. ငွေဒေါင်းမေ သတိစလည်စဉ်က ပထမဆုံး စတင်တွေ့ရသည် လည်း ဖေဖေ့ မျက်နှာပါ ..။ အရမ်းကို တုန်လှုပ်ချောက်ချား သည့် ဖေဖေ မျက်နှာ ..။ သွေးတွေ မကျန်တော့ပြီလားဟု ငွေဒေါင်းမေ ဖေဖေ့ မျက်နှာကို မြင်မြင်ချင်း ထိပ်လန့်သွား ရသည် မဟုတ်ပါလား ..။ ဖေဖေ့ မျက်နှာသည် ဖြူဆုတ်ဆု ဖြစ်နေသည်။ နှုတ်ခမ်းတွေကအစ ဖွေးကျနေသည်။ ငွေဒေါင်း ၏ ကိုယ်လေးကို မလွှတ်တမ်း ပွေ့ပိုက်ထားသည်။ မျက်ရည်တွေ ဖြိုင်ကျနေသည်။ သမီးဆိုသည့် အသံတွေသာ ဖေဖေ့နှုတ်ခမ်း ကယောင်ကတမ်းဆန်စွာ ပွင့်ကျနေသည် ..။ ထိုစဉ်တုန်း ဖေဖေ့ကို အားယူကျုံးဖက်ရင်း ဖေဖေနဲ့ ပြန်လိုက်ပါရစေ ဖေဖေရဲ့ .. ဟု ငွေဒေါင်းမေ ငိုပြောတော့ ဖေဖေ လည်းခေါင်း တနင်နင်ဖြင့် ခေါင်းသာ တွင်တွင်ညိတ်ပြခဲ့ရှာသည် မဟုတ်ပါလား

ရွာပြန်ရောက်တော့လည်း ငွေဒေါင်းမေကို ဘာ ခွန်းမှ ဖေဖေ မပြောရှာ ..။ အပြစ်တင်စကားလည်းမပြော .. ဖျောင်းဖျစကားလည်းမဆို ..။ ဤမျှလောက်ထိ ဖေဖေ ငြိမ် လွန်းနေတာမျိုးကို ငွေဒေါင်းမေ မကြုံစဖူး ..။ ငွေဒေါင်း



ငယ်ပေမို့ .. ကြေကွဲရှိန်ကြီးလေသမျှ သတိလက်လွှတ်ဖြစ်တုန်း ဖြစ်ခဲ့ပေမဲ့ .. ခု .. ဖေဖေနှင့်အတူ ရွာသို့ ပြန်လိုက်ဖြစ်ခဲ့ တည်းက .. ဖေဖေသည် ငွေဒေါင်းမေတို့နှင့် မခွဲခွာဘဲ ရှိနေ သည်ပဲ .. ဟု သိနေလိုက်ရပြီမို့ .. စိတ်တွေ ပြန်အေးသွားခဲ့ သည့် နောက်မှာ ..။ သတိလစ်သွားရလောက်အောင် ချောက် ချားနေခဲ့ရသည့် တုန်လှုပ်ပူပန်ရမှုတွေ လျော့ပါးသွားခဲ့ရပြီမို့ .. ငယ်တို့၏ အားအင်တွေ အမြန်ပင် ပြန်၍ ကိုယ်ထဲ စီးမျော ခဲ့သည်ပါပဲ ..။ ဒါပေမဲ့ .. ဖေဖေကျတော့ ထိုသို့ ဖြစ်မလာ။ ဖေ့ မျက်နှာမှာ စွန်းထင်းနေသည့် ကြေကွဲမှုတွေသည် ပျောက် ကင်းကုန်ဆုံးမသွား ..။ ငြိမ်သက်ခြင်းကလည်း အရမ်းကို ကြာရှည် နေသည်။ ဘေးက ကြည့်မြင်နေရသည့်သူတွေ နေမထိထိုင် သာဖြစ်လာလောက်အောင်ကို ငြိမ်သက်ခြင်းက ဆိုးဆိုးဝါးဝါး င်နေသည်။

ဖေဖေ့ကို ကြည့်လိုက်လျှင် အသက်ပင် ရှူနေပါရဲ့ ားဟု ထင်မှတ်မှားရလောက်အောင်ကို မလှုပ်မယှက်နိုင်နေသည်။ သည်း .. ဝရန်တာငယ်လေးမှာ အိမ်၏ ဘေးဘက်နံရံကို မှေးမှီ င်ရင်း ငြိမ်နေသည်က အရာရာ ဆုတ်ယုတ်ကျဆင်းနေသူတစ် ာက်နှယ် အားကုန်အားပြတ်နိုင်နေသည်။ ဘာကိုမှ မမြင်နိုင် ည့် မျက်ဝန်းအစုံကလည်း ရှေ့တည့်တည့်နေရာဘက်ဆီသို့ မျော့စွာ တန့်နေသည်။

"ဘွားလေး .. ဖေဖေ .. ငွေဒေါင်းကို အရမ်းစိတ်နာသွား ပြီထင်ပါရဲ့ .. ငွေဒေါင်း သတိလက်လွှတ် ဖြစ်ခဲ့တာကိုလဲ ဘာမှကို မပြောတော့ဘဲ .. ရင်ထဲက ခံစားရလေသမျှကို

www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ခံနေတာ အရမ်းသိသာနေတာပါပဲ .. မီဒေါင်း ဖေဖေ့ကို မြင်နေရရင်း .. ရင်ကွဲတော့မှာပဲ ဘွားလေး ဖေဖေ့ကို သနားလှပါပြီ .. ဖေဖေ့ ကျန်းမာရေးအတွ လဲ စိတ်ပူလှပါပြီ .. မီဒေါင်း .. မီဒေါင်း ဘိုးလေးဆီ နေမိတာ မှားတော့တာပါပဲ .. ဖေဖေ မကြိုက်တဲ့ အ လဲ သင်မိတာ .. အမှားကြီး မှားရတော့တာပါပဲ ..

ရင်ထဲရှိနေလေသမျှ ငွေဒေါင်းမေ ဘွားလေး ခပ်တိုးတိုး ပြောရင်း ဖေဖေ့ကို မကြည့်ရက်တော့သည်မို့ ခေါ ငုံ့ငိုချနေတော့ ဘွားလေး သက်ပြင်းရှိုက်သည်။

"ငါမှားတာ .. အစကတည်းက ဘွားလေးပါပဲ မီဒေါ ရယ် .. ကလေးကို .. ဘိုးလေးနဲ့လဲ သိရအောင် .. ရင်း ချာချာရှိရအောင် .. ငယ်ကကည်းက .. ကိုယ့်စိတ်နဲ့ကို တွေးပြီး ခေါ်ခေါ်သွားမိခဲ့တာကိုက .. စပြီး အမှား မှားခဲ့ပေတာပဲ .. လူလေးက ရင်ထဲမှာ ကြေကွဲစိတ်နဲ့ ထားရင် .. တယ်ပြေခဲပေသကိုး .. အဲဒါကိုလဲ သိ သလောက် သိနေပါရက်ကယ်နဲ့ .. ဒီအမှားကို .. မှာ ခဲ့တာကိုက .. ဘွားလေး အလွန်ပါ .. လူလေးခမျာ လေးတို့ အဝန်းအဝိုင်းထဲကို .. သမီးရဲ့မေမေ့ကို ချစ်တဲ့ တစ်ခုတည်းနဲ့ .. ဝင်လာခဲ့တာ .. သူ ကြေကြေကွဲကွဲ အောင် ဘွားလေး မလုပ်သင့်ပေဘူး .. ဩော် .. ဘိုးလေးဆီ သူ့မြေး ခဏနေတာပဲလေ .. လို့ ခပ် ပေါ့ တွေးဖြစ်မိခဲ့တာ .. ခု ပြန်ဆည်လို့မရတော့တဲ့ အ ဖြစ်သွားခဲ့ပြီ .."



ဟု ကြေကွဲနောင်တဖြင့် ဘွားလေး ခပ်ညည်းညည်း ပြောတာ အပြစ်မကင်းသူနှယ် ..

မျက်ရည်ကျလာသည်က ဖြိုင်နေအောင်ပါ ..။

ငွေဒေါင်းမေ ကျိတ်၍ မျက်ရည်ကို မိမိဘာသာ သုတ်နေခိုက် ဘွားလေး ခြံနောက်ဖေးဘက် ဆင်းသွားရှာပါ၏။ ငွေဒေါင်းမေ နောက်မှ ခပ်သုတ်သုတ် လိုက်သွားမိကာ မယ်ဇာ်ရိပ်တွင် တစ်ယောက်တည်း ထိုင်နေသည့် ဘွားလေး ဘေးမှာ ဝင်ထိုင်လိုက်မိရင်းမှ ..

"ဘာပဲဖြစ်ဖြစ် .. ဖေဖေနဲ့မေမေတို့ အဖြစ်ကို .. ဘွားလေး သေချာကို ပြောပြမှ ဖြစ်တော့မယ် ဘွားလေး .. အစတုန်းကတော့ မီဒေါင်းရဲ့ ဖေဖေနဲ့ မေမေတို့ဟာ .. ချစ်ရက်နဲ့ ဝေးနေကြရတယ် .. ဖေဖေ့ကို .. မျက်စိမြင်အောင် ကုချင်နေတဲ့ မေမေ့ကို .. ဖေဖေက .. ခွင့်မပြုတဲ့ကိစ္စကနေပြီး .. ကွဲကွာသွားကြရတယ် .. အဲဒါလောက်ပဲ ငွေဒေါင်းမေ သိခဲ့ရတာ .. ဖေဖေက .. မိန်းမရဲ့ .. ရှာဖွေတဲ့ ငွေနဲ့ ဆေးမကုချင်တဲ့မာနရှိတယ် .. ဆိုတာပဲ .. ဘွားလေးက ပြောပြထားတာမို့ .. မေမေ့ကိုလဲ သနား .. ဖေဖေ့မာနကိုလဲ .. အံ့သြနဲ့ ရှိခဲ့ပေမယ့် .. ဖေဖေနဲ့ မေမေ့ကို ဘယ်သူ့ကိုမှ မီဒေါင်း အပြစ်မမြင်ခဲ့တာပဲ ဘွားလေး အသိပါ .. မီဒေါင်းကို မကရဘူးဆိုတာ ဖေဖေ တားခဲ့တာကလဲ .. မေမေဟာ အငြိမ့်မင်းသမီးပေမို့ .. မီဒေါင်းကို .. အငြိမ့်ကမှာ စိုးလို့ ဖြစ်မယ်လို့ပဲ .. မီဒေါင်း အရွယ်လေးရလာတော့ နားလည်လာမိခဲ့ပေမယ့် .. ခုလို

www.burmeseclassic.com

www.burmeseclassic.com



မိဒေါင်း .. ဝါသနာကြီးလွန်းလို့ အကသင်တာလောက် တော့ .. ဖေဖေ ဒီထိ .. ပြင်းပြင်းထန်ထန် ခံစားကြေ ရမယ်ဆိုတာ မသိခဲ့ မထင်ခဲ့တာ အမှန်ပါ .."

ဟု ငွေဒေါင်းမေ ပြောနေတော့ ဘွားလေး သက်ပြ ရှိုက်သည်။ ငွေဒေါင်းမေ၏ ဆံစလေးများကို သပ်ပေးသည်

"မသိအပ်သေးပါဘူး ကလေးရယ် .. တစ်နေ့ကျမှ ဘွားလေး ပြောပြပါ့မယ် .. လောလောဆယ်မှာ မိဒေါင်းကို မကစေချင်တဲ့ မိဒေါင်းရဲ့ ဖေဖေ့ စကား နားထောင်လိုက်ပါ .. အဲဒါ .. ဘွားလေးပြောချင်ပါတယ် သွားနားချေတော့ .. နားချေတော့ .."

ဟု ဘွားလေး ပြောသည်မို့ ငွေဒေါင်းမေ စိတ်အော သွားရသည်ပါပဲ .။ မိဒေါင်းတို့၏ မိသားစုအတွင်းရေးကိစ္စကျ လည်း အတွင်းကျကျ သိကြတာဆို၍ ဘွားလေးနှင့် ဖေ ရှိတာမို့ .. ရွာမှာ ဘွားနတို့ကို မေး၍လည်း ရနိုင်မှာမဟု ပြီးတော့ .. မေးဖို့ကျတော့လည်း ကိုယ့်မိသားစုအတွင်းရေ ဘေးလူကို မေးတာမျိုးက မပြုအပ်သည့်အရာပေမို့ .. မိဒေါ မမေးဖြစ်ခဲ့ပါ။ ဘွားလေးကလည်း မှာထားသည်လေ။ ပြော ချိန်ကျလျှင် .. အားလုံး ပြောပြမည်။ ဘေးကို သွားမေးတာ မလုပ်ရ .. ဟူ၍ပါ ..။ ကိုယ့်အိမ်တွင်းရေးကို ဟိုဘေးလူ သည် ဘေးလူမေး လုပ်ခြင်းသည် ကိုယ့်အရှက်ကိုယ် ခွဲနေ နှယ်ဟု ဘွားလေး ပြောထားသည်လေ ..။

ငယ်ကတည်းက ဘွားလေး လက်ပေါ်မှာ ကြီး ရသော ငွေဒေါင်းမေ .. ဘွားလေး မကြိုက်တာကို မလုပ်ရ



ဒေါင်းကို တချို့ပွေ့ပွေ့ဖြင့် ရှိပါလေသော ဖေဖေ့ကို ငယ်တုန်းက ဒေါင်း ပုံရိပ်လေးတွေ ပြန်မြင်ခံစားနေရင်းဖြင့်လည်း ဖေဖေ့ကို မေးရက် ..။ မေးလည်း မမေးရဲ ..။ ဖေဖေသည် .. မေမေနှင့်ပတ် တက်လာလျှင် ဘာကိုမျှ မေးမလာပါနှင့်ဟု မိဒေါင်း သိတတ်လာစ ငယ်ကတည်းက .. နာကျင်စွာ ပြောခဲ့သည် မဟုတ်ပါလား ..။

"မဟုတ်သေးပါဘူး ဘွားလေးရယ် .. ဒီအချိန်မှာတောင်မှ မသိသင့်သေးဘူးလား .. မသိအပ်သေးဘူးလားဟင် .. ခုပဲ ကြည့် .. အတိုင်းအတာကို မသိတော့ .. ခပ်ပေါ့ပေါ့ လုပ်မိတဲ့အဖြစ်ကြောင့် ဖေဖေ့ကို မိဒေါင်း ဘယ်အထိ စိတ်ထိခိုက်အောင် အလုပ်ကြီးလုပ်မိခဲ့ပြီလဲ .."

ဟု တိထိခိုက်ခိုက် ပြောပေမယ့် ဘွားလေးကတော့ အတိုင်း မပြောတော့ဘူးဆိုလျှင် ဘာတစ်ခွန်းမျှ နှုတ်ခမ်းဆီမှ ကျလာနိုင်တော့သည့် နှုတ်ပိတ်ခြင်းမျိုးပဲ ငြိမ်နေသည်မို့ .. ဒေါင်းမေ စိတ်အားလျှော့ချ၍ အိမ်လေးဆီသို့ ဝရန်တာဆောင် ဘက် ဦးတည်၍ ခြေလှမ်းနှေးနှေးဖြင့် ပြန်လျှောက်လာမိ ၏။

ဝရန်တာနေရာလေးမှာ ဖေဖေ ငြိမ်သက်ထိုင်နေဆဲ။ ကားရင်းမှာ ဖိနပ်ချွတ်နေရာလေးမှာ ဖိနပ်လေးကိုချွတ် ..။ ဥ ရေပတ်ဝတ်ဖြင့် ပွတ်တိုက်ထားသည်မို့ သန့်စင်နေလျက် ရောင်အဝါရည်သွေးလေး ပြောင်တင်းနေအောင် ရှိနေပါသည့် အားထစ်လေးတွေအတိုင်း မိဒေါင်း တက်လာတော့လည်း ခြေသံကြားရာ လှေကားဆီသို့ မမြင်နိုင်သည့် မျက်ရှင်များ ယ် .. အရင်တုန်းကလို .. မျက်ဝန်းအစုံက အလိုလိုရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတာမျိုးပင် မရှိခဲ့ ..။ အရင်တုန်းကဆို .. မိဒေါင်း၏ ခြေ
လေးတွေ လေကားထစ်ဆီမှာပဲဖြစ်ဖြစ် ..။ အိမ်ပေါ်မှာပဲဖြစ်ဖြစ်
ကြားလိုက်ရလျှင် ဖေဖေ့ မျက်ဝန်းတွေသည် ခြေသံကြားရာဘက်
ဆီသို့ ရောက်လာတတ်သည်။ နှုတ်ခမ်းလည်း ပြုံးလာတတ်သည်
သမီး၏ ခြေသံကို ဖေဖေသည် မှတ်မိသိနေသည်ချည်း ..။ ခုမှ
တော့ .. ဖေဖေသည် ခြေသံကြားရာဘက်ဆီသို့လည်း မျက်ဝန်း
တွေ ရွေ့လျားမလာ ..။ မျက်နှာလည်း လှည့်မလာ ..။ လ
ဘက်ဆီသို့သာ အကြည့်က တန့်နေသည်။ မှောင်နေသော အ
တစ်ခုထဲမှာ နစ်မြုပ်နေရပါသည့် ဖေဖေသည် ဘာတွေကို
တွေးနေပါသလဲ ..။ အဘယ်မျှထိ .. ရင်ထဲမှာ ကြေကွဲထိခိုက်
နေရှာပါမည်လဲ ..။ ဘိုးလေး အိမ်မှာတုန်းက .. ငါက အဘ
ကြီးကိုး .. ဟု ဖွင့်ချပြောစဉ်က ဖေဖေ့ မျက်ဝန်းတွေမှာ အဘယ်
မျှထိ မျက်ရည်တွေ ပြည့်သိပ်နေကြပါသလဲ ..။ ထိခိုက်နာကျင်
ရိပ်တွေ အဘယ်မျှထိ စွန်းထင်းလွှမ်းမိုးနေခဲ့ပါသလဲ ..။ ထိုအ
ကို .. မိဒေါင်း ဘယ်တော့မှ မမေ့နိုင်စွမ်း ..။ ထိုကြေကွဲ
အဖြစ်ကို ဘယ်တော့မှလည်း ရင်ထဲမှ ဖယ်ရှားနိုင်စွမ်း မရှိ
ရင်ထဲမှာ နောင်တသည် ထုထည်နှင့် ရှိနေသည်။ ပြုမိသ
အမှားအတွက် .. ယူကျုံးမရ ဖြစ်နေရသည်။ ဖေဖေ့ မျက်
မှာ ငွေဒေါင်းမေ ကနေခြင်းသည် .. ဖေဖေ့ သတိပေးစကား
မနာခံရာရောက်နေသည် ဆိုတာလေးလောက်တော့ ရင်ထဲ
သတိလေးထားလိုက်ဖို့ ကောင်းသည်ပေါ့ ..။ ဝါသနာကြီး
နေသည့် ဖောတစ်ခုသည် .. ခုကျတော့ .. ထိုဖော၏ တိုက်
မှုနောက် ကောက်ကောက်ပါအောင် လိုက်မိသည်မို့ .. ဖေ



ကွဲနေစေသည့် အဖြစ်တစ်ခုကို .. ရက်ရက်စက်စက် အပ်နှင်း
လိုက်ခြင်းနှင့် တူနေချေသည်တကား ..။

"ဖေဖေ .."

ဖေဖေ့ရှေ့မှာ မဝံ့မရဲလေး ထိုင်ရင်း ဖေဖေ့ ခြေ
ထောက်တွေကို နှိပ်ပေးကာ ခပ်တိုးတိုးခေါ်တော့ ဖေဖေ ဘာမျှ
မပြော ..။ ထူးလည်းမထူး ..။ မိဒေါင်း ဖေဖေ့ ခြေဖမိုးလေး
တွေကို နှိပ်ပေးနေမိသည်ကလည်း လောလောဆယ်မှာ ..

"မိဒေါင်းကို စိတ်မဆိုးပါနဲ့ ဖေဖေ .. စိတ်မနာပါနဲ့
ဖေဖေရယ် .."

ဟု တောင်းပန်ချင်စော်ဖြင့် .. ခြေထောက်လေးတွေ
ကို ဆုပ်နယ်နှိပ်ပေးနေမိရင်းမှ မဝံ့မရဲလေး ကြည့်ကြည့်နေမိရခြင်း
..။ အရင်တုန်းကဆို .. မိဒေါင်း .. ဖေဖေ့ ခြေထောက်တွေကို
လို နှိပ်ပေးလျှင် ဖေဖေ အမြဲပြုံးကာ ..

"အမယ် .. ဖေဖေ့သမီးကတော့ .. ဖေဖေ့ကို တယောထိုး
ခိုင်းတော့မယ် ထင်ပါရဲ့ .. ဟုတ်လား .. ဘယ်သီချင်းများ
ဆိုချင်နေသလဲ ဖေဖေ့အဆိုတော်သမီးလေးရဲ့ .. ဒေါင်း
လေးရဲ့ .."

နှင့် ပြောတတ်စမြဲ ..။ မိဒေါင်းကလည်း ..

"ဟင် .. ဒါက .. ဖေဖေ့ကို ချစ်လို့ နှိပ်ပေးတာပါနော် .."

ဟု ပြုံး၍ ချွဲမိနေကျ ..။ ဖေဖေ့ ရင်ခွင်ထဲ ခေါင်း
သား တိုးဝင်နေကျ ..။ ဖေဖေ၏ လက်တွေ ငွေဒေါင်းခေါ်
ဆံလေးတွေကို သပ်ပေးလာလေသမျှကို ကလေးလေးနှယ်
ဖေဖေ့ကို ချစ်မဆုံးစွာ မော့ကြည့်ရင်း ခံယူနေကျ ..။ ခုကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဘာကိုမျှ ပြောမလာ ..။ နှိပ်ပေးနေတာကိုလည်း မတား
အညောင်းပြေလိုက်တာ သမီးရယ် .. ဟုလည်း ခါတိုင်းလိုလည်း
မပြော ..။ ကြာတော့ မိဒေါင်း ရင်ထဲမှာ အားငယ်လာသည်
ချောက်ချားလာသည်။ ဝမ်းနည်းပန်းနည်း ဖြစ်လာသည်။ ဖေ
ဖေဖေသည် မိဒေါင်းကို .. စကားပင် မပြောချင်တော့ပြီထင့် ..
ဖေဖေ့ထံမှ အချစ်တွေကို မိဒေါင်း ဆုံးရှုံးလိုက်ရပြီထင့် ..။

နှိပ်နေသည့် လက်ချောင်းလေးတွေ ဖေဖေ့
ထောက်ပေါ်မှာ ငြိမ်တန့်သွားတော့လည်း ဖေဖေ ငြိမ်နေသ
ပါပဲ ..။ မိဒေါင်း၏ နဖူးလေးတွေ ဖေဖေ့ခြေဖမိုးပေါ် ဖေး
ကာ ကလေးလို ရှိုက်ကြီးတငင်လည်း ငိုချ ..။ မျက်ရည်
တွေလည်း ဖေဖေ့ ခြေဖမိုးပေါ် ကျနေရင်းမှ ..

"မိဒေါင်းက .. ဖေဖေ့ လက်ပေါ် ကြီးရတာပါ ဖေဖေ
ဖေဖေ့ အချစ်ကိုပဲ ရခဲ့တာပါ .. မိဒေါင်းမှာလဲ ဖေ
ချစ်ဖို့ရှိတာပါ .. ခု .. ခုလို .. ဖေဖေ .. မိဒေါင်းကို
နေမှဖြင့် မိဒေါင်း .. ဘယ့်နှယ်လုပ် နေလို့တတ်ပါ
မလဲ ဖေဖေ .. မိဒေါင်းကို မမုန်းပါနဲ့ ဖေဖေရ
မိဒေါင်း ရင်ကွဲသေပါ့မယ် .. ဖေဖေ .. ခုလို ..
ခိုက်ပြီး ငြိမ်နေတာကို မိဒေါင်း မကြည့်ရက်လွန်းလို့
မိဒေါင်း .. မိဒေါင်း .. ဘိုးလေးဆီမှာ .. အကသင်
ကလဲ ဝါသနာကြီးလွန်းလို့ပါ .. ဖေဖေ့ မျက်ကွယ်
ပြီး ဖေဖေ့ကို မလေးစားလို့ မဟုတ်ပါဘူး ..
မထေမဲ့မြင်လုပ်တာလဲ မဟုတ်ပါဘူး .. ဖေဖေ ဒီလော
ထိ ခံစားရမယ်လို့ မထင်မိလို့ပါ .. ဒါပေမဲ့ ..



မှာ အပြစ်မရှိဘူးလို့ ပြောတာ မဟုတ်ပါဘူး ဖေဖေ ..
မိဒေါင်းမှာ အပြစ်ရှိပါတယ် .. ဖေဖေ မကြိုက်တာကို ..
မိဒေါင်း လုပ်မိပါတယ် ဖေဖေ .. ယခုကတည်းက ..
ဖေဖေ့စကား အမြဲနားထောင်ခဲ့မိတဲ့ မိဒေါင်းဟာ ..
ဒီတစ်ခုပဲ မိဒေါင်း နားမထောင်ခဲ့မိတာပါ .. ဒီတစ်ခုတည်း
ကပဲ ဖေဖေ့ အသည်းနှလုံးကို မွမွကြေအောင် ခြေပစ်သလို
ကြီး ဖြစ်ခဲ့တာကို .. မိဒေါင်း မြင်နေရတယ် ဖေဖေ ..
ဒီမျက်စိတွေ ကောင်းနေတာမို့ .. မိဒေါင်း မြင်ခဲ့ရတယ်
ဖေဖေရဲ့ .. တကယ်က .. မိဒေါင်းလဲ .. ဘာကိုမှ မမြင်
တဲ့ မိဒေါင်းဖြစ်ခဲ့ရင် သိပ်ကောင်းမှာ .. သိပ်ကောင်းမှာ"

ဟု ရင်ထဲ ခံစားနေရလေသမျှ .. မချိတင်ကဲလေး
ပြောငိုချတော့ ဖေဖေ့ကိုယ်ကြီး လှုပ်ရှားလာသည်။ မိဒေါင်းလည်း
ဘာကိုမှ မမြင်တဲ့ မိဒေါင်း ဖြစ်ခဲ့ရင် သိပ်ကောင်းမှာ .. ဆိုသည့်
စကားတစ်ခွန်းသည် ဖေဖေ့ ကိုယ်ကြီးကို ဆွဲခါပစ်လိုက်သည့်နှယ်
ဖြစ်သွားပါပြီ ..။ မိဒေါင်း၏ ကိုယ်လေးကို ဖေဖေ လက်တွေ
စမ်း၍ ပခုံးလေးကို ထိန်းကိုင်ထားသည်။ လက်တစ်ဖက်က ဆံစ
လေးတွေကို သပ်ပေးလာသည်။ နောက် .. မျက်နှာလေးကို
စမ်း၍ မျက်ရည်တွေကို သုတ်ပေးနေပြန်သည်။

"မျက်စိအလင်းဆိုတာ တန်ဖိုးကြီးလှပါတယ် သမီးရယ်၊
ဘယ်တော့မှ အဲသလို မကောင်းတဲ့ နိမိတ်စကားမျိုးကို
ယောင်လို့တောင်မှ .. မပြောပါနဲ့ သမီး .. ဖေဖေ
အမှောင်ကြီးထဲမှာ နေပါရစေ .. ဖေဖေ့သမီး မနေရပါစေနဲ့၊
မနေရပါစေနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တုန်ခါနေသော အသံဖြင့် ကြေကြေကွဲကွဲ ပြောကာ သမီး၏ ကိုယ်လေးကို ဖေဖေ့ ရင်ခွင်ထဲ ထွေး၍ မျက်ရည်ကျလာတော့ မိဒေါင်း ဖေဖေ့ ရင်ခွင်ထဲမှာ အားကိုးတစ်ခု ပြန်ရသည့် ခံစားမှုဖြင့် ကလေးလေးလိုပဲ မျက်နှာလေး အပ်၍ ရှိုက်ကြီးတငင် ငိုချလိုက်မိရပါပြီ ..။

"ဖေဖေ .. မိဒေါင်းကို .. မမုန်းဘူးပေါ့နော် .. စိတ်မနာ ဘူးပေါ့နော် .. ဒါဆို .. ဘာလို့ စကားမပြောဘဲ ငြိမ်နေ တာလဲ ဖေဖေရယ် .."

ဟု ပြောတော့ ဖေဖေ မိဒေါင်း၏ ဆံနွယ်လေးတွေ ကို သပ်ပေးနေရင်းမှ ..

"သမီးကို .. ဖေဖေ ဘာလို့ စိတ်နာရမှာလဲ သမီးရယ် .. ဖေဖေ့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာ .. ဖေဖေဝမ်းနည်း တာပါ .. ဘာကိုမှ မမြင်ရတဲ့ဘဝထဲမှာ .. သူများတွေ ဘာ တွေပဲ ဖေဖေမသိအောင်လုပ်လုပ် .. ဖေဖေဝမ်းမနည်းပါဘူး .. သမီးရဲ့ ဘွားလေး လုပ်တယ်ပဲထား .. ဖေဖေ .. ခံနိုင်ရည် ရှိအောင် ကြိုးစားယူနိုင်ပါ တယ် .. ဒါပေမဲ့ .. ဖေဖေ့သမီးဟာ ဖေဖေ မသိအောင် .. လုပ်လိုက်တာကို .. ဖေဖေ ဝမ်းနည်းတာ ပါ .. မျက်မမြင်ဖြစ်တဲ့ ဖေဖေ .. ဝမ်းနည်းတာပါကွယ် .."

ဟု အသံတွေ အက်ကျလာရင်း ဖေဖေ ထိထိခိုက် ခိုက် ရှင်းပြတော့မှ ငွေဒေါင်းမေ ပို၍ နောင်တဖြစ်ရ .. က,မိလေ ခြင်းဟု နောင်တအဖြစ်ကြီး ဖြစ်ရင်း ယူကျုံးမရဖြစ်ရနင့်ပါ .. ဖေဖေ အားယူပြုံးရှာပါ၏။ မိဒေါင်း၏ မျက်ရည်စလေးတွေကို သုတ်ပေးရှာပါ၏။ နဖူးပြင်လေးကို နမ်းရှာပါ၏။



"အဲသလို ခံစားရင်း .. ဖေဖေ့ ဆို့နေတဲ့ လည်ချောင်း ထဲက စကားတွေ .. တောက်လျှောက်ဖွင့်ချလိုက်မိတာမို့... ဖေဖေ့သမီးလေး သတိလစ်မေ့သွားခဲ့ရတယ် .. အဲဒီမှာ .. ဖေဖေ .. ဘယ်အထိ တုန်လှုပ်ချောက်ချားသွားခဲ့ရတယ် ထင်သလဲ .. ဘယ်လောက်ထိ သွေးပျက်မတတ် ဖြစ်သွား ရတယ်ထင်သလဲ .. ဖေဖေ့သမီးလေးသာ တစ်ခုခု ဖြစ်သွား ရင် .. ဖေဖေ့ဘဝမှာ ဒီသမီးလေးပဲ ရှိတာပါ .. ဟောဒီက ဖေဖေ့သမီးလေးပဲ ရှိတာမို့ .. ဖေဖေ ရှုံးသွားမှာပါ .. ဒီအကန်းကြီး ရှုံးသွားရမှာပါ သမီးရယ် .. ဟောဒီက အကန်းကြီး ရှုံးသွားမှာပါကွယ် .."

ဖေဖေ့ အသံသည် နှုတ်ဖျားဆီမှ ပွင့်ကျလာခြင်း မမည် ..။ ရင်ထဲမှ ထိုးနှက်ဆုပ်ချေ၍ ပွင့်ကျလာသည့်နှယ် မချိ မဆန့်ကြီး ဖြစ်နေသည်။ လည်ချောင်းတနင်နင်ဖြင့် အနိုင်နိုင် ပြောနေရင်းမှ ဖေဖေသည် ဤတစ်ကြိမ်မှာတော့ သမီးလေး၏ ပခုံးပေါ် ခေါင်းကိုတင်ကာ .. တကယ့်ကလေးတစ်ယောက်နှယ် ဝင် ရှိုက်ကြီးတငင် ငိုချလိုက်ချေသည်။

"ဒါကြောင့် .. ဖေဖေ .. ဘာဆိုဘာမှကို .. သမီးလေးကို ထပ်မပြောတော့တာပါ .. ဖေဖေ တစ်ခုခု ရင်ထဲက ကြေ ကွဲရှိန်နဲ့ ပြောချလိုက်မိရင် .. ဖေဖေ့သမီးလေး ရင်ထဲ ဆို့ပြီး .. မေ့သွားမှာ .. တစ်ခုခုဖြစ်သွားမှာ ဖေဖေ စိုးရိမ် တယ် .. ဖေဖေ ကြောက်တယ် .. ဖေဖေ့ပယောဂကြောင့် သမီးလေး ဆုံးပါးသွားမှာ .. ဖေဖေ ကြောက်တယ် .. သမီးလေးကို ဖေဖေ အဆုံးရှုံး မခံနိုင်ဘူး .. လေးနှစ်သမီး

www.burmeseclassic.com

www.burmeseclassic.com



အရွယ်လေးအထိ ဖေဖေ့သမီးလေးကို ဖြူဖြူခဲခဲလေး ဖေဖေ မြင်ခဲ့ရတဲ့ .. ဟောဒီက .. ဖေဖေ့ ရင်သွေးလေး ကို .. ဖေဖေလေ .. အရုပ်လေးလို .. ချစ်တာ .. အရိုး တကြည့်ကြည့်နဲ့ကို ချစ်ချစ်လာတာပါကွယ် .. ဒီသမီးလေး ကို .. ဖေဖေ အဆုံးရှုံး မခံနိုင်ဘူး .. သမီးလေးဟာ .. ဖေဖေ့ ဘဝပါကွယ် .. ဖေဖေ့ကြောင့် သမီးလေးမှာ အနှောင့်အယှက် ဖြစ်နေမယ်ဆိုရင်တောင် .. ဖေဖေ ထွက်သွားပေးလိုက်ဖို့ အသင့်ပါ .. သမီးလေး ကချင်တယ် မဟုတ်လား .. က .. ဖေဖေ .. ထွက်သွားပေးမယ် .. ဒီအထိ .. ဖေဖေ .. ဆုံးဖြတ်ထားပါတယ်ကွယ် ..”

ဟု ပြောနေတော့ တဆတ်ဆတ်ခါနေသည့် ဖေဖေ့ လက်တွေကို အားဖြင့် သိမ်းကျုံးဆွဲပိုက်ထားမိရင်းမှ ..

“မိဒေါင်း ဘယ်တော့မှ .. အငြိမ့်မင်းသမီး မလုပ်ပါဘူး ဖေဖေ .. မိဒေါင်း ဖေဖေ့ကို .. မလိမ်ပါဘူး ဖေဖေ .. ယုံပါ .. ယုံပါတော့နော် .. ယုံပါ ဖေဖေရယ် ..”

ဟု ပြောငိုရင်းမှ ဖေဖေ့ကို လက်အုပ်လေးချီ၍ ကန်တော့လိုက်ရပါပြီ ..။

“မိဒေါင်း ကန်တော့ပါတယ် ဖေဖေ .. ဖေဖေ ထွက် မသွားပါနဲ့ .. ထွက်သွားရင် .. မိဒေါင်း ဘာမှကို မစားဘဲ နေပစ်မှာ ..”

ဟု ပြောပြောငိုနေတော့ ဖေဖေ မျက်ရည်ကျနေရင်း မှ မိဒေါင်း၏ ခေါင်းလေးပေါ် လက်ဖဝါးတွေကို ဖေးတင်လာ ရှာပါသတည်း ..။



ဝန်းကျင်တွင်ဖြင့် .. အကျော်ပင်ဆီမှ .. မွှေးမြမြ သင်းထုံထုံ .. ပန်းရနံ့တို့က တိုးဝင်လာပါချေသည်တည့် ..။

ပြီးတော့ .. ရှိုက်သံ ...။

အံ့ခဲထားရင်းမှ .. မနိုင်ရင်ကန် ပွင့်ကျလာပါသည့် ဖေဖေ့ ရှိုက်သံပါတကား ..။

* * *

www.burmeseclassic.com



## အခန်း(၁၈)

အကျော်ပင်အောက်ဆီမှ ဖေဖေ့တယောသံနွဲ့နွဲ့သည် လရောင်ဝယ် လွမ်းစဖွယ် လွင့်ပျံ့နေချိန် ..။ ငွေဒေါင်းမေ ဝရ တာလေးဆီမှ ခပ်ငေးငေး ရပ်ကြည့်ရင်း .. ရင်ထဲမှာ ဝမ်းနည်းရ ပဲ ပြည့်နေသည်။ ခုထိ .. ဖေဖေ အရမ်းကို စိတ်ထိခိုက်နေဆဲဖြ သည်ဆိုတာကိုတော့ ငွေဒေါင်းမေ သိနေသည်။ ထမင်း ဟုတ်တိပတ်တိ မစား ..။ စကားလည်း မပြောလိုလှ .. တစ်ခွန်း မေးမှ တစ်ခွန်းပြန်ဖြေသည်ဆိုရုံပဲ ရှိနေသေးသည် ဖေဖေသည် အမြင်အာရုံ ပျောက်ဆုံးနေသည့်သူတစ်ယောက် .. ယခု .. အပြောပါ ပျောက်ဆုံးနေသည့်သူတစ်ယောက်နှယ် ဖြ လာသည်။ စက်ရုပ်တစ်ရုပ်ကို သံပတ်ပေးထားသည့်နှယ် ဖြစ်နေ သည်။ ဖေဖေ့ထံ မှာ တယောထိုးလာသင်သည့် တပည့်လေးတွေ သင်ချိန်တန်လျှင် သင်ပေးသည်။ မြို့ပေါ်မှ လူငယ်လေးတချို့ .. ဖေဖေ့ထံမှာ တယောထိုး လာသင်ကြတာရှိပါ၏။ အစတုန်း တော့ .. ရွာမှ လူငယ်တွေကို ဖေဖေ သင်ပေးသည်။ ဤသည် ကလည်း .. ဖေဖေ လုပ်နိုင်တာဆို၍ တယောထိုး သင်



တစ်ခုပဲ ရှိသည်မို့ ဘွားလေးကို ဖေဖေ ပြောခဲ့သည်တဲ့ ..။ တယောထိုးသင်ချင်သည့်သူ ရွာထဲမှာ ရှိလျှင် သင်ပေးချင်ပါသည် ဟု ..။ မေမေ အိမ်မှ ထွက်သွားပြီးသည့်နောက်မှာ ဖေဖေ အရမ်း ကို စိတ်ထိခိုက်နာကြည်းနေခဲ့ .. ကြေကွဲနေခဲ့သည်မို့ .. ဖေဖေ စိတ်အတန်ငြိမ်အောင် .. အာရုံပြောင်းနိုင်သမျှလေး ပြောင်းအောင် ဘွားလေးခမျာ ရွာမှ လူငယ်လေးတွေကို ခခယယ တောင်းပန်၍ တယောထိုး အသင်ခိုင်းခဲ့ရသည်တဲ့ ..။ သင်ခ မယူပါ .. ဟု ဘွားလေးခမျာမှာ အောက်ကျို့၍ကို ပြောခဲ့ရခြင်းပါတဲ့ ..။ သင်ခပေးသယောင်ဖြင့် ဘွားလေးကပဲ ဖေဖေ့ကို ထိုကောင်လေး တွေကိုယ်စား အစပိုင်းလတွေမှာ ပေးခဲ့ပေမယ့် ..။ နောက်ပိုင်း မှာ ထိုတပည့်ကောင်လေးတွေသည် ဖေဖေ့အပေါ် ရိုသေစိတ် .. အတ္တာစိတ် .. ကရုဏာစိတ်တို့ ဖြစ်တည်ရကြလျက် .. ဖေဖေ့ ကို သူတို့ကိုယ်တိုင်က တရိုတသေဖြင့် တယောထိုးသင်ကြားပေး ခြင်းအပေါ် လစဉ် ငွေကြေးဖြင့် ကန်တော့ကြသည်တဲ့ ..။

ထိုမှ .. တဖြည်းဖြည်း .. ဖေဖေသည် .. တယော သင်ဆရာလေးတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်လာခဲ့ကာ ..။ ထိုအခ ကြေးငွေဖြင့် ဖေဖေသည် တည်ငြိမ်စွာ ရပ်တည်နိုင်သည့်သူတစ် ယောက်အဖြစ် .. ကိုယ့်ဘဝကို .. ကိုယ် ဖြတ်သန်းနေရှာခဲ့သည် မှာ .. ခု .. ငွေဒေါင်းမေ အရွယ်လေး ရောက်လာချိန်ထိပါ ..။ မှ ဖေဖေ့တပည့်လေးများ၏ အဆက်အသွယ်ဖြင့် နောက်ပိုင်း ရွာနီးချုပ်စပ်ရွာများ ..။ နောက်တော့လည်း မြို့ပေါ်မှ တပည့် ချို့ပင် တကူးတက လာရောက်သင်ယူကြသည်အထိပါ။ ဖေဖေ့ မှာ လစဉ် .. တယောထိုးသင်သည့်တပည့်များ ခြောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ရှိနေသည်ပါပဲ ..။ မိန်းမပျိုလေးတချို့ပင် ရှိလာ
တတ်ပါသည့်အဖြစ် ..။

ငွေဒေါင်းမေတို့ အိမ်လေးမှာ ဖေဖေ့တယောထိုးသင်
ပေး၍ရသော အခကြေးငွေဖြင့် ချင့်ချင့်ချိန်ချိန်လေး စီစစ်သုံးမည်
ဆိုလျှင် သုံးလောက်နေသည့် အဆင့်ပါ။

ဘွားလေး၏ ရွာထဲရှိဆိုင်လေးဆီမှလည်း ဝင်ငွေ
လေးကလည်း ရှိနေသည်မို့ .. ငွေဒေါင်းမေတို့အတွက် ရပ်ထဲ
ရွာထဲမှာ နေအထိုင်မဆင်းရဲဘဲ ရှိနေခဲ့ကြရတာတော့ အမှန်ပါ။

ထိုစဉ်တုန်းက ဘဝလေးသည် အရမ်းကို အေးချမ်း
နေသည်ဟု ခုမှ ငွေဒေါင်းမေ ပို၍ တမ်းတချင်လာသည်။ မေမေ
မရှိသည်မှအပ .. ငွေဒေါင်းမေ၏ ဘဝမှာ ဖေဖေ့မေတ္တာ ..
ဘွားလေး၏ အကြင်နာမှာ .. အေးချမ်းစွာ ဖြတ်သန်းလာခဲ့ရခြင်း
ပေပဲဟု ခုကျတော့လည်း ထိုကျန်ခဲ့သည့် ဘဝလေးကို ပြန်တမ်း
တချင်နေသည်။

"မိဒေါင်း .. ဖေဖေ မကြိုက်တာကို .. လုပ်မိခဲ့တဲ့အတွက်
ဖေဖေ ခုလို စိတ်ထိခိုက်နေရတာ .. ဖေဖေ ခုလို ခံစားနေ
ရတာကို ကြည့်နေရတဲ့ မိဒေါင်း .. အရမ်းကို နောင်တရ
နေမိတော့တာပါပဲ ဖေဖေရယ် .. မိဒေါင်းကို ရိုက်လိုက်..
ဟောက်လိုက် .. အဲသလို ဖြစ်လိုက်တာကမှ .. မိဒေါင်း
ပျော်ပျော်ကြီး ခံယူလိုက်ပါဦးမယ် .. ခုလို .. ဖေဖေ
ခံစားနေရတာကို မကြည့်ရက်တော့ပါ .. မကြည့်ရက်တော့ပါ"

မိဒေါင်း တွေးနေရင်း ဖေဖေ့ထံ ခြေလှမ်းနေးနေး
ဖြင့် မဝံ့မရဲ သွားမိရပြန်သည်။ ဘယ်တော့မဆို .. ဖေဖေ့ မျက်



နှာကလေးကိုပဲ တကြည့်ကြည့်ဖြင့် ရှိနေသည်မှာ .. ဘိုးလေးထံမှ
ခုတစ်ခေါက် ဖေဖေ့ ရင်ကို ခွဲပြီး .. ရွာကို ပြန်လာသည့်အချိန်
တည်းကပါ ..။ ဟုတ်သည် ..။ ဖေဖေ့ ရင်ကို မိဒေါင်း ခွဲခဲ့
သည် ..။

ဤသို့ပဲ မိဒေါင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သည်။
မိဒေါင်းမှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ပြန်၍ ဒဏ်ခတ်ပစ်ရမည်
ဆိုတာပင် မတွေးတတ်တော့အောင် နောင်တ အရမ်းရနေပါ
သည့် အဖြစ် ..။

ဖေဖေ့ဘေးမှာ မိဒေါင်း ကပ်ထိုင်သည်။ ဖေဖေ
တယောထိုးနေဆဲ ..။ မိဒေါင်း ကပ်ထိုင်လိုက်တာကို ဖေဖေ
သိသည်သာ ..။ ဖေဖေ့ထံ လျှောက်လာသည့်ခြေသံ ..။ ဖေဖေ့
ဘေးမှာ ကပ်၍ ထိုင်သည့်အဖြစ် ..။ မိဒေါင်း လိမ်းထားပါသည့်
သနပ်ခါးရနံ့ ..။ ပန်ထားပါသည့် ပန်းရနံ့ ..။ အားလုံးကို ဖေဖေ
သိသည်မှ မဟုတ်ဘဲလေ ..။ မိဒေါင်းမှာ လူသာ စိတ်ချိုးချိုး
နေရပေမယ့် .. ဖေဖေ့သမီးလေးကို .. သနပ်ခါးရနံ့မွှေးမွှေး၊
ပန်းရနံ့မွှေးမွှေးလေးဖြင့် အမြဲရှိစေချင်သည်ဟု ပြောတတ်ပါ
သော စကားကြောင့် .. သနပ်ခါးလေးလိမ်းရ ..။ ပန်းလေးပန်ရနှင့်
နေရပေမယ့် ..

"ဟော့ .. ဒီနေ့ .. ဖေဖေ့သမီး .. နှင်းဆီပန်းလေး ပန်
ထားတယ် ဆိုပါတော့ .. ဘာအရောင်လေးလဲ ပန်းသခင်
မလေးရဲ့ .."

ဟူ၍ မေးလာတာမျိုး မရှိခဲ့ပြီ ..။ ဖေဖေ့ မျက်နှာကို
ကြည့်ရင်း မိဒေါင်း မျက်ရည် ဝဲတက်လာနေရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တောင်ရာညိုပြိုတော့မယ် .. မှိုင်းမှိုင်းမှုန်ဝေ .. မိုးသက်
လေဝေ့လို့ တရွေ့ရွေ့ယူသလေ .. တိမ်ဦးလေပြည်လွ
ကိုစေ .. ဖော်မစုံကျွမ်းလွမ်းစိတ်တွေမွေ .. ချစ်တဲ့သူ
ကလျာဆွေလွမ်းရတဲ့ဖြစ်အင် .. ထင်မြင့်မီစေတဲ့
တိုင်စစ်ချီရတုရေးလို့ .. ဩော် .. ကျေးငှက်ကိုစေလို့
ဖြေလည်းငယ်ပြေပြေပါနိုင်ဘဲ စစ်ထွက်ဆဲတောင်ငူဘု
လေ .. လွမ်းစာတွေရွှေပေထက်မှာတင်ရှာပေ .."

ပြည်လှပဖေ၏ နှုတ်သျှင်နောင်သီချင်း ..။ တ
သံနွဲ့နွဲ့နှင့်အတူ သီဆိုပါသည့် ဖေဖေ့ အသံ ..။ ဖေဖေ့မျက်
တွေ စုံမှိတ်ထားသည်။ ဩော် .. ဖေဖေသည် မျက်ဝန်းမျာ
ပိတ်ထားထား ..။ ဖွင့်ထားထား ..။ ဘာကိုမျှ မြင်နိုင်သ
မဟုတ်ချေသည်မို့ ..။ ဂီတာနှင့်အတူ စီးမျောနေသည့် ခံစား
ဖြင့် မျက်ဝန်းများကို မှိတ်ထားခြင်းဟူ၍သာ ငွေခေါင်းမေ
လည်နေမိရပါ၏။

"မိခေါင်းကို ဘာဆုလိုချင်သလဲ ပေးမယ်လို့ ပြော
ဖေဖေ့ မျက်စိတွေ ပြန်မြင်ပါစေလို့ပဲ ဆုတောင်းနေမိ
ဖေဖေရယ် .."

ဟု တွေးနေမိရင်းမှ ..

"ပေါ်နွေလလျှင် .. တောင်ကခြိမ့်မြုံး .. မင်းကွင်ဦး
ပြန့်ပြူးချုပ်ဆိုင်းမှုန်တိုင်းဆင်လို .. တိမ်ညိုမှိုင်းထ
ပြက်လျှပ်ပြကာ .. စိမ်းဝါမိုးပန်း .. ထွေထွေစွန်း
ရေသွန်းသာကြည် .. ပျော်ရမည်ကို .. မြရည်သတ်
ရောက်ခဲ့လတ်ဟု၊ ချစ်ထွတ်တင်သည်၊ ပြာစင်မွှန်



ဖြူဝင်းမွှတ်လျှင် .. ကြာညွတ်ဖယောင်း .. နေ့ရှိန်ပျောင်း
သို့ .. ဆင့်လောင်းလွမ်းဖွန့် .. ရှိလိမ့်ဟန့်ကို .. တိမ်စွန်
လေလျှင် .. ဖူးရောက်ချင်သည် .. ငှက်သွင်ပျံကြွမတတ်
သော် .."

ရတုပိုဒ်ကို ငွေခေါင်းမေ ဝင်ဆိုတော့ ဖေဖေ
ဆိုရပ်ကာ တယောကိုပဲ လိုက်ထိုးပေးနေပါ၏။ ရတုပိုဒ်ဆုံး
တော့ ဖေဖေ တယောဆက်မထိုး ..။ ရပ်လိုက်ကာ သက်ပြင်း
ကသည်။ မိခေါင်း ထိုင်နေသည့်ဘက်ကို ခေါင်းကို ငဲ့သည်။

"ဖေဖေတို့ စကားပြောကြတာပေါ့ မိခေါင်း .."

ဟု ပြောလာတော့ မိခေါင်းမှာ ဝမ်းသာလွန်း၍
မျက်ရည်ကျလာမိရပြန်သည်ပါပဲ ..။ အို .. အို .. ဖေဖေသည်
ခေါင်းကို စကားပြောမည်တဲ့ ..။ ဖေဖေ့ထံမှ ပျောက်ဆုံးလုမတတ်
နေသည့် စကားသံများကို မိခေါင်း ကြားရချေတော့မည်
စကား ..။ ဖေဖေ့ပခုံးပေါ် ခေါင်းလေးကို ကလေးလေးလိုပဲ
တင်ရင်း မိခေါင်း မျက်ရည်ကျရင်းမှ ရယ်လည်းရယ်လိုက်မိ
သည်။ ဖေဖေ အရမ်းကို ငြိမ်နေလေသမျှ မိခေါင်းမှာ နေမတတ်
ိုင်မတတ်ဖြင့် ရူးမတတ် ခံစားနေရသည် မဟုတ်ပါလား ..။
လေးဘဝတုန်းကနယ်ပင် ဖေဖေ့ပခုံးပေါ် ခေါင်းလေးတင်ရင်း
ဖေ ပြောပြသည့် ပုံပြင်တွေကို နားထောင်ခဲ့သည့်နယ် ..
သည်း .. ဖေဖေ ပြောလာမည့် စကားတွေကို ပျော်ရွှင်စွာ
ထောင်တော့မည့် ငွေခေါင်းမေအဖြစ် ရှိသွားရပါပြီ ..။

ဖေဖေ့လက်တွေက ငွေခေါင်းမေ၏ ဆံစလေးတွေ
ခါတိုင်းသို့နယ်ပင် သပ်ပေးလာသည်မို့ ငွေခေါင်းမေ ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com



လက်တွေကို ခေါင်းလေးပေါ်မှ မဖယ်ရှားလိုက်စေချင်သည်
လက်လေးတွေဖြင့် အပေါ်မှ ဖေးအုပ်ထားလိုက်ချင်တော့သ
ပါပဲ ..။ တကယ်လည်း ဖေဖေ့ လက်တွေက ငွေခေါင်းလေး
ဆံစလေးတွေကို ခုထိသပ်ပေးနေဆဲ ..။

"သမီး မိဒေါင်းဟာ .. ဖေဖေ့ လက်ပေါ်ကြီးလာ
ဖေဖေ့ သမီးပေမို့ .. ဖေဖေ့ သမီးလေးရဲ့ ရင်ထဲ
ဘာတွေ ရှိနေတယ် .. ဘယ်လို ခံစားနေရတယ်ဆို
ဖေဖေ သိနေပါတယ် သမီးရယ် .. ခု .. ရက်ပိုင်း
ဖေဖေ စိတ်ထိခိုက်နေရလေသမျှ ဟန်မလုပ်နိုင်
ငြိမ်နေခဲ့တာ အမှန်ပါပဲ .. ဒီအတွက် မိဒေါင်းလေး
ထိ ဖေဖေ့ကို ကြည့်ရင်း 'စိတ်ထိခိုက်နေမယ် ဆို
ဖေဖေ သိနေပါတယ်ကွယ် .. ဒါပေမဲ့ သမီးရယ်
ဒီတစ်ချိန်မှာတော့ ဖေဖေ့ နှလုံးအိမ်ကလဲ .. ကြေကွဲ
ကြီးလွန်းခဲ့ပေသမို့ .. ဘယ်လိုမှ .. ဖေဖေ ထိန်း
သိမ်းမနိုင် ဖြစ်နေရတဲ့ ဒီကြေကွဲမှုကြီးကို .. အတိုင်းအ
တစ်ခုထိတော့ .. ဖေဖေ လွှတ်မပေးရင် မရနိုင်တော့
ဖေဖေ ငြိမ်လွန်းမက ငြိမ်နေခဲ့တာပါ .. လူသာ ငြိမ်နေ
ပါ မိဒေါင်းရယ် .. စိတ်ကဖြင့် .. အနှံ့အပြား ..
သွားနေတာမျိုးပါ .."

ဖေဖေ ပြောကာ သက်ပြင်းရှိုက်သည်။ တယော
ကို မိဒေါင်းထံ ကမ်းပေးလာသည်မို့ မိဒေါင်းမှာဖြင့် ပျာနေ
ကမန်းကတန်းလေး ယူလိုက်ရသည်ပါပဲ။ ခုချိန်မှာ ဖေဖေ
ပေးလာလာ .. ဘာကိုပဲခိုင်းခိုင်း .. မိဒေါင်း ပျာနေအောင်



.. မျှော်နေမိရမည်မှာပါပဲလေ ..။ ခုလို .. ဖေဖေ့ထံမှ တယော
လေးကို ကမ်းပေးလာခြင်းသည် .. အကြီးမားဆုံးသော ပျော်
ရွှင်ကြည်နူးသာမှုကြီးတစ်ခုကို ဆုလာဘ်ကြီးပမာ မိဒေါင်း ရလိုက်
သည်ဟု ခံစားရရင်း ဝမ်းသာရှိန်တက်နေရပါသည့်အဖြစ် ..။

"တကယ်တော့ သမီးရယ် .. အနုပညာဆိုတာ အရှိန်သြဇာ
ကြီးမားလှပါတယ် .. အဲဒါကို .. ဖေဖေ မေ့ပစ်သလို ဖြစ်
ခဲ့တယ်လေ .. သမီးလေး မိဒေါင်းဟာ .. အနုပညာကို
မြတ်နိုးတဲ့ မိဘနှစ်ပါးက မွေးတာပဲ .. ဗီဇသွေးကိုက ..
အနုပညာသွေး .. ဖေဖေက .. စန္ဒရားတီးတယ် ..
တယောထိုးတယ် .. ဗေးဂီတကို မြတ်နိုးတယ် .. အင်း ..
အနုပညာသည်ဖြစ်တဲ့ မင်းသမီးလေး ငွေဝန်းသာကို ..
သူ့အနုပညာနဲ့သူ နူးညံ့သိမ်မွေ့တဲ့ အလှတရားများကြောင့်
ချစ်မြတ်နိုးလို့ လက်ထပ်ခဲ့သူလဲ ဖြစ်တယ် .."

ဘုရားရေ ..။ ဖေဖေသည် မေမေ့အကြောင်းကို
ပြောနေချေသည်တကား ..။ ငွေခေါင်းမေ အံ့သြစိတ်ဖြင့် ဖေဖေ့
မျက်နှာကို မှင်တက်ငေးကြည့်မိရပါပြီ ..။

"မအံ့သြနဲ့ သမီး .. ဒီအချိန်မှာတော့ .. ဒီအဖြစ်တွေကို
ဖေဖေ ပြောမှ ဖြစ်တော့မှာမို့ ပြောရတာပါကွယ် .. ဒီလို
မိဘနှစ်ပါးရဲ့ ရင်သွေးပေမို့ သမီးလေးဟာ အဆိုကိုလဲ
ဝါသနာကြီးတယ် .. အသံလေးလဲ ကောင်းတယ် ..
တယောထိုးကောင်းတဲ့ သမီးလေးအဖြစ်လဲ ဖေဖေ့ အမွေ
အဖြစ် ရယူထားတယ်၊ ဒီတော့ .. အဖေ့ဆီက အနုပညာ
အမွေကို ယူတဲ့သမီးလေးဟာ .. အမေဆီက အနုပညာမွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလဲ သွေးသားထဲက .. ခံယူနေမှာပဲပေါ့ .. အေ
ဘယ်လိုတားလို့ ရနိုင်ပါ့မလဲ .."

ဖေဖေ့အသံတွေက ကြေကြေကွဲကွဲ နိုင်နေတာ
ငွေဒေါင်းမေ လန့်ကျသွားရပြန်ပါပြီ။ ဒုက္ခရေ ..။ ဖေဖေ စိ
ပြန်ထိခိုက်ချေတော့မည်ပဲဟု ရင်ထဲ ထိတ်ထိတ်လန့်လန့်
ဖြစ်သွားရပါသည့် အဖြစ် ..။ ဤ .. ကံသည့်အကြောင်းကို
ဘယ်လိုမှကို .. ပြန်၍ အစမပျိုးချင်တော့ ..။

"ဟင့်အင်း .. မိဒေါင်း .. အဲဒီကတဲ့ကိစ္စကို .. ရင်ထဲ
လုံးဝမောင်းထုတ်လိုက်ပါပြီ ဖေဖေ .. မိဒေါင်း မက
တော့ပါဘူး ဖေဖေရယ် .. မိဒေါင်း မကပဲ နေနိုင်ပါတ
ဖေဖေ မရှိဘဲ မနေနိုင်တာပါ .. ဖေဖေ စိတ်ထိခိုက်
နေတာကိုသာ မကြည့်နိုင်တာပါ .. အဲဒီ .. အက
တာကြီးကို .. မိဒေါင်း မုန်းတောင် မုန်းလာမိပါ
ဖေဖေ .. မိဒေါင်း ကမိလို့ .. ဖေဖေ စိတ်ထိခိုက်
မိဒေါင်းတို့နဲ့ စကားမပြောနိုင်လောက်အောင်ကို
ရ .. အမှိုင်ကြီး မှိုင်ရနဲ့ ဖြစ်နေသမျှ .. မိဒေါင်းဖြင့်
မနာ ဖြစ်ရတာပါ .. ရင်ထဲ မချိရတာပါ ဖေဖေရယ်
အဲဒီ အက .. ဆိုတာကြီးကို မပြောပါနဲ့ ဖေဖေ ..
ပါနဲ့ .. မိဒေါင်း လိုချင်တာက .. ဖေဖေနဲ့ အရင်တု
လို နေရတဲ့ ဘဝကိုပါ .. ဖေဖေနဲ့ တယောတူတူထိုး
သီချင်းတူတူဆိုမယ် .. ဖေဖေ ခံပင်လေးတွေ သ
တာကို ခံမယ် .. ဖေဖေနဲ့အတူ .. ထမင်းစား
စကားတွေ တပြောပြောနဲ့ ရှိကြမယ် .. ညနေပိုင်း



ဖေဖေက တုတ်ကောက်လေးနဲ့ .. မိဒေါင်းက ဖေဖေ့ဘေး
မှာ ဖေဖေ့ကို အဖော်ပြု ဖေးကိုင်ပေးရင်းနဲ့ သားအဖနှစ်
ယောက် ရွာရဲ့မြေလမ်းလေးမှာ လမ်းလျှောက်ကြမယ် ..
စပါးခင်းတွေဆီက လာတဲ့လေကို ရှူကြမယ် .. အို ..
အဲဒီဘဝကိုပဲ မိဒေါင်းကို ဖေဖေ ပြန်ပေးပါ ဖေဖေ .. အဲဒီ
အရာကိုပဲ မိဒေါင်း လိုချင်ပါတယ် .."

ဟု ပြောနေရင်း မိဒေါင်း ဖေဖေ့ပခုံးပေါ် ခေါင်းတင်
ချတော့ ဖေဖေ သက်ပြင်းရှိုက်လာပါ၏။ ခေါင်းကို ခပ်ဖြည်း
ဖြည်း ယမ်းသည်။

"မဟုတ်ဘူး သမီး .. အနုပညာဗီဇသွေးဆိုတာကို သတ်
ပစ်လို့မှ မရတာ၊ သွေးကြောတွေထဲက သွေးကို တန့်ထား
လို့ မရဘူး .. ဒီသွေးတွေဟာ သွေးကြောအနှံ့ စီးနေမှာ
ပဲ .. ဒါ .. အလွန်တရာကိုမှ ရိုးစင်းတဲ့ သဘာဝတရား
ပေပဲ သမီး .. သမီး ကတာကို .. ဖေဖေ မတားရက်တော့
ဘူး .. ဒီရက်ပိုင်းမှာ ဖေဖေ ငြိမ်နေပေမယ့် .. အတွေးက
မငြိမ်ဘူး .. အတွေးတွေက ကျယ်ပြန့်နက်ရှိုင်းနေတယ် ..
အမှန်တရားက .. မာနတရားတို့ အသိတရားဆိုတဲ့ အရာ
နဲ့ ထောက်ပြလာတယ် .. မောင်မောင်နဲ့ ငွေဝန်းသာရဲ့
သမီးဟာ .. အဆိုနဲ့ အကကို မြတ်နိုးတာ အပြစ်လား ..
ဂီတကို မြတ်နိုးတာ အပြစ်လား .. တားမြစ်တယ် ဆိုရင်
ဒါ .. မတရားမှုပဲ .. ဖေဖေ့ အနုပညာ အမွေကျတော့ ယူ
စေ .. အမေဆီက အနုပညာအမွေကျ မြတ်နိုးခွင့်တောင်
မှ မရှိရစေဆိုတာ .. ဖေဖေ အတ္တကြီးတာပဲ .. အနုပညာ

www.burmeseclassic.com

www.burmeseclassic.com



ကို အတွေ့နဲ့ အနိုင်ယူလို့ မရစကောင်းဘူး ဆိုတာ
နားလည်လာတယ် .. အနုပညာဟာ အတွေ့ကို အနိုင်ယူ
တယ်လေ .. ဒါကြောင့် .. ဖေဖေ .. သမီးလေးကို
ပြုမယ် .. အကကို သင်ယူခွင့်ပြုမယ် .. မြတ်နိုးခွင့်ပြု
တစ်ခုပဲ ရှိတယ် .. အဲဒီတစ်ခုကတော့ .. ဖေဖေ့
တရားပဲ .. ဒီမာနက .. စောစောကပြောတဲ့ အတွေ့
မဟုတ်ဘူး .. ယောကျ်ားသား တစ်ယောက်ရဲ့
တဲ့ မာနလို့ .. အခုထိ .. ဖေဖေ ယုံကြည်ထားဆဲ
တယ်သမီး .. ဘာလဲ သိလား .. ဖေဖေ့ကို .. သမီး
ကပြီးတော့ မကျွေးရဘူး .. ဖေဖေ့သမီးဟာ အငြိမ့်
သမီးအဖြစ် ကပြီး .. ဖေဖေ့ကို မကျွေးရဘူး ..
ပြောတာ ရှင်းရဲ့လား သမီး .. သမီး .. ကချင်တယ်
ရင် .. ဖေဖေ တယောထိုးပေးမယ် .. က .. ဒါပေမဲ့
အသက်မွေးဝမ်းကျောင်း တစ်ခုအဖြစ်နဲ့ .. ဖေဖေ့ကို
မကျွေးမွေးရဘူး ..”

ဖေဖေ ပြောနေသမျှ မိဒေါင်း ဘာမှဝင်မပြော
ဖေဖေ ပြောသလိုသမျှ ပြောစေ။ ဖေဖေ့စကားကို ဘယ်သော
တွင်မျှ ဆင်ခြေပေး ဆန့်ကျင်ရန် စကားမရှိသည့် ငွေဒေါင်း
အဖြစ် ရှိနေရပါ၏။ ဖေဖေ ဘာကိုပဲ ပြောပြော ..။ တား
ထိုပြောသည့်အရာ .. တားမြစ်သည့်အရာကို .. မိဒေါင်း နာ
အသင့်ပါ ..။

“အဲဒါ .. ဘာလို့လဲ သိလား .. ဖေဖေဟာ ..
မေမေ .. သမီးရဲ့ဘွားဘွားကို သားတစ်ယောက်အနေ



ပြောခဲ့ဖူးတဲ့ စကားရှိခဲ့တယ် သမီး .. သမီးရဲ့ဘွားဘွား မကြည်ဖြူ လက်မခံတဲ့ အိမ်ထောင်တစ်ခုကို .. ဖေဖေ့သဘောနဲ့ ဖေဖေ ပြုခဲ့တယ် .. အဲဒီအချိန်မှာ .. မိဘရင်ခွင်ကို ခွာခဲ့တယ် .. သမီးမေမေ ကလို့ရတဲ့ ငွေကြေးနဲ့ ဘယ်တော့မှ မစားဘူးလို့ ပြောခဲ့တယ် .. ဒီတော့ .. ဖေဖေဟာ .. ခုလဲ .. သမီး အငြိမ့်မင်းသမီး လုပ်လို့ရမယ့် ငွေကြေးဆိုတာ ရှိလာရင် .. ဖေဖေ မစားဘူး သမီး .. အဲဒီနေရာမှာလဲ ဖေဖေ နေမှာမဟုတ်ဘူး .. ဒါကိုတော့ သမီးကို သိစေချင်တယ် ..”

ဟု ပြောလာတော့ မိဒေါင်း ဖေဖေ့ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်ကာ ..

“မိဒေါင်း .. ဖေဖေ့ကို သိပ်ချစ်ပါတယ် ဖေဖေ .. မိဒေါင်းလေ .. ဖေဖေ့ဆီက တစ်ခုပဲ လိုချင်ပါတယ် .. အဲဒါက .. အဲဒါက .. ဖေဖေ့ဆီက .. ဟိုးအရင်တုန်းကလိုပဲ မိဒေါင်းကိုချစ်တဲ့ အချစ်ပါပဲ ဖေဖေ .. မိဒေါင်းမှာ .. ဖေဖေ့ထက် အရေးကြီးတာ .. ဘာမှတို မရှိတာပါ ဖေဖေ ..”

ဟု ပြောရင်း မျက်ရည်ကျတော့ ဖေဖေ ပြုံးလာသည်။ မျက်ရည်သုတ်ပေးလာသည်။ ဘာကိုမျှ မမြင်နိုင်တော့ပြီဖြစ်သော မျက်ဝန်းများသည် အရောင်ရွှန်းလဲ့လာနေသည်။ မျက်ရည်များ ဖြည့်သိပ်လာနေသည်။ ဩော် .. မျက်မမြင် ဖေဖေ့ မျက်ဝန်းများသည် .. အမြင်အာရုံ ပျောက်လွင့်စဉ်နေရပေမယ့် .. ပျောက်ဆုံးနေရပေမယ့် .. မေတ္တာ၏အရိပ် .. ဖခင်၏ချစ်မျက်ရည်များကိုဖြင့် လွင့်စဉ်ပျောက်ဆုံးစေနိုင်ခြင်း မရှိမ်းသာချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



"အရူးမလေး .. ခုလဲ .. မျက်ရည်ကျနေပြီ ဆိုပါတော့ _ မငိုရဘူး သမီးရဲ့ .. ဖေဖေ့ အချစ်တွေက .. သမီးလေး အပေါ်မှာ အမြဲရှိနေတာ .. ငွေဒေါင်းမေလို့ ဖေဖေ ချ လွန်းလို့ .. ပေးထားတဲ့ ဒီနာမည်လေးကိုကြည့် .. ငွေဆ တာ ဖြူစင်တယ် .. ဒေါင်းဆိုတာက .. အလွန်လှတယ် _ မေ ဆိုတာက .. မိန်းမပျိုလေး .. ဒီလိုကို .. သမီးလေး မမွေးခင်ကတည်းက .. ဖေဖေ နာမည်ပေးထားခဲ့တာ _ သမီးလေးကို .. ဖေဖေက .. ဟိုးမမွေးခင်ကတည်းက ကြ ပြီး ချစ်နေရတာကွယ့် .."

ဟု မျက်ရည်လေးတွေကို ဖေဖေ စမ်း၍ သုတ်ပေး ရင်း ပြောတော့ မိဒေါင်း ဖေဖေ့ ရင်ခွင်ထဲ ခေါင်းဝင်ငို၍ မေ နိုင်သလို ဖြစ်နေရသည်ပါပဲ ..။ ရင်ထဲမှာ ပျော်လိုက်သည်က လည်း အရမ်း ..။ ဝမ်းနည်းနေတာလည်း ရှိနေသည်။ ကလေးလေး အားငယ်ပါးငယ်လေးလည်းငို ..။ အဖေ့ ရင်ခွင်ထဲ အားကိုး၍ ငိုနေတာမျိုးလည်း ဖြစ်နေသည်။ လိုချင်သည့်အရာကိုရ၍ _ ဝမ်းသာနေသလိုလည်း ဖြစ်နေသည်။ သြော် .. ငွေဒေါင်းမေ အရမ်းကိုလိုချင်သည့် ဖေဖေ့ မေတ္တာတွေကို .. မိဒေါင်း မဆုံးရှုံး ရတာ သေချာသွားခဲ့ချေသည်ကိုးလေ ..။

"ကဲ .. သမီးလေးက တယောဆက်ထိုး .. ဖေဖေသီချင်း ဆက်ဆိုမယ် .. ဒီအချိန်ကစပြီး .. ဖေဖေတို့ ဒီအိမ်လေး မှာ .. အရင်တုန်းကလိုပဲ .. နေကြမယ် .. အို .. မဟုတ်သေး ဘူး .. တစ်ခုပိုလာမယ် သမီးလေးရဲ့ .. သမီးလေးကို ဖေဖေ တယောထိုးပေးတဲ့အခါ .. ကလဲကဦးမှာလေ _



ဟု ပြောတော့ မိဒေါင်း နည်းနည်းလန့်လာသည်။ အဖေ တကယ်မှ ပြောတာ ဟုတ်ရဲ့လားဟု စူးစူးစမ်းစမ်းလေး ကြည့်မိတော့ ဖေဖေ ရယ်သည်။

"ဖေဖေ သိနေတယ် သမီးလေး .. သမီးလေးကို ဖေဖေ စိတ်စမ်းနေတယ်လို့ ထင်နေတယ် မဟုတ်လား .. ဖေဖေ တကယ်ပြောတာပါကွယ် .. ခု .. ခုလောလောဆယ်တော့ .. သမီးလေးက တယောထိုး .. ဖေဖေ သီချင်းဆက်ဆိုမယ်"

ဟု ပြောတာမို့ ငွေဒေါင်းမေ တယောလေး ဆက် ထိုးလိုက်ရပါပြီတည်း ..။

"ပိတောက်တွေ ရွှေရည်လူးကြမယ့် အနေ .. ပုလဲငုံ စံပယ်ဖြူ ဖူးခိုက်ဝေဝေ .. ပန်းမျိုးစုံ ရာသီစုံ ကူးခဲ့ပေါ့ လေ ချစ်သူကို ရည်ရွယ် ခူးတဲ့လို့ခြွေ .."

အသံအောင်သော ဖေဖေ့အသံသည် လွမ်းစဖွယ် သါလာလျက် တယောသံ ညက်ညက်သည်လည်း ပန်းရနံ့တွေ ဆယှက်နေသော အကျော်ပင်အောက်ဆီဝယ် လွင့်ပျံ့လျက် ရှိချေ သည်တည့် ..။ ဖြူနုနုပန်းတို့သည် အပင်တို့တွင် ဝေလျက် .. မြေပြင်တွင်လည်း ကြွေသက်မွေးပျံ့လျက် ရှိပါချေသည်တည့် ..။

❋ ❧ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"အင်း .. မြေးရဲ့ မေမေနဲ့ ပတ်သက်ပြီး .. ခုလို လူလေး ပြောလာတာ ပထမဆုံးပေပဲ .. ပြီးတော့ .. မိဒေါင်းကို က,ခွင့်ပြုတယ် ဆိုတာကလဲ အံ့သြစရာပေပဲ .. ဘာပဲဖြစ်ဖြစ် .. လူလေးဟာ .. သမီးလေးရဲ့ ခံစားမှုအပေါ်မှာ နားလည် လာရင်းနဲ့ .. ငွေဝန်းသာရဲ့သမီးဟာ အကကို ဝါသနာထုံ မယ်ဆိုတာ နားလည်ပေးလာတဲ့ သဘောပေပဲ .. ဝမ်းသာ စရာပေါ့လေ .. ကလို့ရတဲ့ ငွေကြေးနဲ့ မစားဘူး ဆိုတာက တော့ .. ဘယ်တော့မှ မပြောင်းလဲမယ့် အဖြစ်ဆိုတာကိုလဲ ဘွားလေး ပိုသိလာသလို .. လူဆိုတာ .. ဗီဇ ဆိုတဲ့သွေး ကို ဟန့်တားလို့ မရဘူး ဆိုတာကိုလဲ လူလေးနားလည် ပေးလာတာကို ဝမ်းသာမိရတော့တာပါပဲ .."

ဘွားလေး ခပ်တိုးတိုး ပြောနေရင်းမှ အိမ်၏ညှော် ခန်းငယ်လေးမှာ တပည့်လူငယ်လေး တစ်ယောက်ကို တယော ထိုး သင်ပေးနေပါသည့် ဖေဖေရှိရာဘက်ဆီသို့ တစ်ချက်ခပ်ဆဆ အတွေးဖြင့် ကြည့်သည်။ တယောထိုး သင်သူက မိဒေါင်းတို့ရွာ



အနီးမှ ကိုမျိုးညီ ဆိုသူပါ ..။ ဖေဖေသည် တပည့်နှင့်အတူ ဂီတ ၏ ညှို့ငင်ထားမှုအောက်မှာ နစ်ဝင်နေပြီ ..။ မီးဖိုဆောင်လေးမှာ ထိုင်နေရင်း ဘွားလေး မိဒေါင်းကို ဖျတ်ခနဲ ကြည့်လာသည်။ တစ်ခုခုကို ပြတ်သားစွာ ဆုံးဖြတ်လိုက်ဟန်တူသည့် အကြည့် ..။ စိတ် ဒုန်းဒုန်းချလိုက်သည့် ဆုံးဖြတ်ကြည့် ..။

"လာ .."

ဘွားလေး လက်တို့ခေါ်သည်မို့ မိဒေါင်း ဘွားလေး နောက်မှ ခြေသံလေးလုံလုံဖြင့် လိုက်ခဲ့ရပါ၏။ ဘွားလေး ခေါ် လာသည်က ဘွားလေး၏ အခန်းသို့ပါ ..။

သံသေတ္တာ သော့ခတ်ထားတာကို ဘွားလေး ဖွင့် သည်။ နောက်တော့ ပိတ်စဖြင့် ထုပ်ပတ်ထားသော ခပ်ပြားပြား အရာတစ်ခုကို ခုတင်ပေါ်တင်၍ ပိတ်စကို ဖြေသည်။ မဖြေခင် မှာ နှုတ်ခမ်းမှာ လက်ညှိုးကပ်ပြပါ၏။ သဘောက အသံမထွက် နဲ့ ဆိုသည့် သဘော ..။

မိဒေါင်း တစ်ချက် ရင်ထဲလေးကျသွားရပါပြီ ..။ ဘွားလေး ပုံစံက ဖေဖေ မသိအောင် တစ်ခုခု လုပ်တော့မည့် အသွင် ..။ ဟင့်အင်း ..။ လောလောဆယ်မှာ ဖေဖေ မကြိုက် တာ ဘာတစ်ခုကိုမှ မိဒေါင်း မလုပ်ချင် ..။ ခိုးကြောင်ခိုးဝှက် ဖြင့်လည်း မနေချင် ..။ ခု .. ဘွားလေးမှ ဖေဖေ မသိအောင် ပြမည့်အရာကိုလည်း မကြည့်ချင် ..။ ဖေဖေ မကြိုက်သည့်ကိစ္စ ဆိုတာလောက်ကိုတော့ မိဒေါင်း နားလည်လာသည်လေ ..။

ထိုအရာကို မကြည့်ရ၍ မိဒေါင်း ဘာဆိုဘာမှ မဖြစ်နိုင် ..။ မိဒေါင်း မသိဘဲ ဤအရွယ်ထိပင် ကြီးလာခဲ့ပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ မသိ၍လည်း ဘာမှုမဖြစ်နိုင် ..။ ထိုသို့ မိဒေါင်း ခံ လိုက်သည်ပါပဲ ..။ လောလောဆယ်မှာက .. ဖေဖေ စိတ်မချမ်းသာ တာဆို .. ဘာကိုမျှ မလုပ်ချင်တာ တစ်ခုပဲ ရင်ထဲမှာ ရှိနေသည် ဘွားလေး၏ သော့ခတ် သံသေတ္တာကြီးထဲမှာ ထိုပစ္စည်းသည် အဝတ်စဖြင့် ထုပ်ပတ်ထားလျက် နှစ်ပေါင်း ဘယ်လောက်ကြာ အောင် လျှို့ဝှက်စွာ ဤအိမ်ငယ်လေးထဲမှာ ဖေဖေ မသိအောင် ရှိနေခဲ့သည် မသိ ..။ ထိုလျှို့ဝှက်ခြင်းတရား၏ ဖွင့်ဟလာ အရာကိုလည်း မိဒေါင်း မသိချင် ..။ မမြင်ချင်တော့ ..။ ဆက် လျှို့ဝှက်စွာ ရှိနေစေတော့ ..။ မိဒေါင်း စိတ်မဝင်စား ..။ စိတ် ဝင်စားလို ..။

မိဒေါင်း လက်လေး ကာလိုက်ပေမယ့် ဘွားလေး အဝတ်စကို ဖြေပြီးသား ဖြစ်သွားပြီ။ အပြာရောင် ပိတ်ဖြ ပတ်ထားသော ထိုခပ်ပြားပြား အရာသည် ပန်းချီကားတစ်ချ ဖြစ်နေချေသည်တကား ..။ မင်းသမီး ဝတ်စုံလေးဖြင့် ရှိနေသည် လှပလွန်းပါသော မိန်းမသားတစ်ဦး ..။ ကနေသည့် မင်းသမီးတစ် ဦး၏ ပန်းချီကား ..။

ဘုရားရေ ..။ မိဒေါင်း၏ ရင်တွေ အဆမတန် ခုန် လာနေကြပါချေပြီတည်း ..။

သေချာ စေ့စေ့ကြည့်လေ .. မျက်လုံးလေးတွေက မိဒေါင်း၏ မျက်လုံးလေးတွေနှင့် တူနေလေ ..။ မှန်ထဲမှာ ထင် နေသည့် မိဒေါင်း၏ မျက်ခုံးလေးတွေကို ရပ်ကြည့်နေရသည် နှယ် ရှိနေပါသည့် အဖြစ် ..။ နှုတ်ခမ်းလေးကလည်း တူနေ သည်။



အို .. မျက်နှာကျပုံလေးကလည်း တူနေသည်။ မျက်ခုံးတစ်ခုသည်သာ မိဒေါင်း၏ မျက်ခုံးလေးတွေက ဖေဖေ့ နှယ် ထူထူတန်းတန်း နက်နက်လေးတွေ ဖြစ်နေလျက် .. ပန်းချီ ကားထဲမှ မျက်ခုံးလေးတွေက နက်ခုံးခုံးလေးတွေ ဖြစ်နေသည်။ ပြီးတော့ .. ပန်းချီကားထဲမှ မင်းသမီးလေး၏ နှာတံက ဂျပန် မလေးနှယ် သေးသွယ်ထင်းနေကြကာ ..။ မိဒေါင်း၏ နှာတံက ဖေဖေနှင့် တူနေလျက် အနည်းငယ် နှာဖျားလေးသည် ဝန်းဝန်း လုံးလုံးလေး ဖြစ်နေပါ၏။ ဒါပေမဲ့ .. မိဒေါင်း သိနေသည်။ မိဒေါင်း၏ ရင်ထဲမှာ အလိုလို သိနေသည်။ ထိုမျှ လှပချောမွေ့ နေပါသော မင်းသမီးလေး ..။ ပန်းချီကားတွင်းမှာ ကနေခြင်းမှ သည် .. အပြင်သို့တိုင် ဆင်းသက်လာတော့မည့်နှယ် အသက်ဝင် လွန်းနေပါသော မင်းသမီးလေးသည် .. ငွေဒေါင်းမေ၏ မေမေ ..။ ဟုတ်သည် .. မေမေ ငွေဝန်းသာပဲ ဖြစ်ရမည် ..။ ဪ .. မေမေ့ပုံတူ ပန်းချီကားတစ်ချပ်သည် .. အလွန်တရာကိုမှ အသက် ဝင်လွန်း .. လှပလွန်းနေလျက် ..။ လျှို့ဝှက်စွာပင် ဘွားလေး၏ သော့ခတ်ထားသော သံသေတ္တာကြီးတွင်းမှာ အပြာရောင် အဝတ်စ တစ်စဖြင့် ထုပ်ပတ်၍ နှစ်များစွာ ရှိနေခဲ့ရချေသည် တကား ..။

ပန်းချီကားကို မိဒေါင်း ငေးစိုက်ကြည့်နေမိရဆဲ ..။ အသက်ရှူရန်ပင် မေ့နေသည့်အလား အရာရာကို မေ့လျော့သွား လောက်အောင် မေမေ့ပုံတူ ပန်းချီကားသည် မိဒေါင်းကို ညှို့ ငင်ထားပြီး ဖြစ်နေသည်။ ဤပန်းချီကားသည် တစ်ချိန်က .. ဤ အိမ်ငယ်လေး၏ ဧည့်ခန်းဆောင်မှာ ရှိကို ရှိနေခဲ့ရချေလိမ့်မည် ..။ ဘာကြောင့်ဆို .. ပန်းချီကားကို မှန်ပေါင်ကွပ်ထားသည်ကိုးလေ ..။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ မျက်ဝန်းလေးများကို ငေးစိုက်ကြည့်နေမိ ဆဲ ..။ မေမေ့ အပြုံးနုနုလေးကိုလည်း ကြည့်မဝနိုင်ပဲ ရှိနေရဆဲ .. ထိုမျှ လှပသိမ်မွေ့သော အကြည့်နှင့် အပြုံးလေးများကို ပိုင်စိုး သည့် မေမေသည် .. ဘယ်လိုမှ စိတ်ထားမသိမ်မွေ့ပဲ မရှိနိုင် ..

ဟုတ်သည် ..။ မေမေ့ထံမှာ ထိုသိမ်မွေ့ခြင်းများ ရှိ နေသည်။ မေမေသည် .. မိဒေါင်းကို ဘွားလေးနှင့် ဖေဖေ့ထံမှာ ချန်ထားရစ်ခဲ့လျက် ..။ တစ်ခါသော်မျှပင် .. မိဒေါင်းကို လာ ကြည့်တာမျိုးပင် မရှိခဲ့ ..။ ထိုမျှထိ .. မေမေသည် .. ပြတ်သား ရက်နိုင်ခဲ့ချေသည်တဲ့လား ..။ မယုံရက် ..။ ဟုတ်သည် ..။ မေမေ့ မျက်နှာ နုနုလေးကို ကြည့်ရင်း မိဒေါင်း မယုံရက် ..။ ဖေဖေ့ ကဲ့ရသည့် ငွေကြေးဖြင့် ဆေးဝါးကုသတာကို ဖေဖေ လက်မခံ ဘူးဆိုလျှင် ..။ မေမေ မကပဲနေ၍ ဖြစ်သည်ပဲ ..။ ဘာကြောင့် မေမေသည် .. မိဒေါင်းတို့ကို စွန့်ခွာသွားရပါသတဲ့လဲ ..။

"ဒါ .. မိဒေါင်းလေးရဲ့ မေမေပဲ .."

ခပ်တိုးတိုး ဘွားလေး ပြောပြကာ ပန်းချီကား ခပ်သုတ်သုတ် ပြန်သိမ်းသည်။

မိဒေါင်း အနိုင်နိုင် ခေါင်းပဲညိတ်ပြနေမိရပါ၏ မျက်စိရှေ့မှာတင် မေမေ့ ပန်းချီကားထက်မှာ ပိတ်သားပြာပြာ သည် ပြန်၍ ခေါက်သားတကျဖြင့် အုပ်မိုးသွားကြပြီ ..။

ပန်းချီကားသည် တစ်စတစ်စဖြင့် ပိတ်သား အုပ်လိုက်မှုအတိုင်း ရုပ်ပုံလွှာလေးများက မိဒေါင်း၏ရှေ့မှာ ပျောက်ကွယ်သွားကြရပြီ ..။ ပထမ .. ဘယ်ဘက်ခြမ်း .. နောက် .. ညာဘက်ခြမ်း ..။ အထက်နှင့် အောက်ဘက် အစ



ခေါက်သားတကျထပ်၍ ပိတ်အုပ်ထားလိုက်တော့ ပန်းချီကား စ်ချပ်လုံးသည် လေးထောင့် ခပ်ပြားပြားအရာတစ်ခုအဖြစ် ပြာရောင်ပိတ်စ၏အောက်မှာ ကျန်ရစ်ခဲ့ရသည်ပါပဲ ..။

ဘွားလေးပန်းချီကားကို ပြန်၍ သေတ္တာထဲ ထည့် မ်းသည်။ နောက်တော့ ထပ်ထုတ်ယူလာသည်က မင်းသမီး ဝတ်အစားပါတကား ..။

မိဒေါင်း တိတ်ဆိတ်စွာပင် ငေးစိုက်ကြည့်နေမိရ ဲ ..။ ကိန္နရီ ခေါင်းစည်းပုံ ..။ ငှက်မွေးလေးများဖြင့် ပြုလုပ် ားပါသော ကိန္နရီတောင်ပံနှစ်ခု ..။ ခါးစည်းပဝါ ရွှေစင်နှစ် ာင် ..။ ကိန္နရီရင်အုပ် ..။ ခြူလုံးလေးများ ချိတ်ဆွဲထားသော နရီအမြီး ..။

"အဲဒါ .. ကလေးရဲ့ မေမေ ကခဲ့တဲ့ ကိန္နရီကတဲ့ ဝတ်စုံ ပဲ .. ဟိုမှာလဲ မင်းသမီး အဝတ်အစားတွေ ရှိနေသေး တယ် .. ငွေဝန်းသာဟာ .. အကမှာ အလွန်နာမည်ကြီး တဲ့ မင်းသမီး .. သူ့အကတိုင်းဟာ ကြည့်သူတိုင်းရဲ့ရင် ကို အမြဲကြည့်မဝနိုင်အောင် ဖြစ်နေစေတယ် .. အဲဒီလောက် လှတဲ့ ငွေဝန်းသာ .. အကကောင်းတဲ့ ငွေဝန်းသာရဲ့သမီး လေးဟာ .. ဒီလိုပဲ .. အကကောင်းရပေတော့မပေါ့လေ .. အကကိုဝါသနာကြီးရှာပေတော့မပေါ့ .. လာ .. လာ .."

ဟု ဘွားလေး ချော့ခန်းမှ ဖေဖေ မသိအောင် ည်းတွေ ပြန်သိမ်း ..။ ခြံအောက်ဆီသို့ ခေါ်လာခဲ့ပါ၏။ ဤ ်ကြိမ်မှာတော့ ငွေဒေါင်းမေ ဘွားလေးနောက်သို့ စိတ်ညှို့ခံ ားရသူတစ်ယောက်နှယ် လိုက်ပါလာခဲ့ပါပြီ ..။ မေမေ ..။

www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့် ပတ်သက်၍ မိဒေါင်း သိရချေတော့မည် ဆိုတာ နား လည်ထားရသည်မို့ ..။ ထိုညှို့ငင်ထားမှုနောက်ဆီသို့ တကောက် ကောက်မျှ ပါလာမိရခြင်းပါ ..။

"အဲသလောက် .. အသက်ဝင်နေတဲ့ ပန်းချီကားကို .. ဘယ်သူ ဆွဲခဲ့တာလဲဟင် .."

ဟု မိဒေါင်း မမေးတော့ပြီ ..။ ဘာကြောင့်ဆို .. အိမ်ငယ်လေးထဲမှာ ပန်းချီဆွဲသည့် ဒေါက်များကို မိဒေါင်းငယ် ကတည်းက တွေ့ခဲ့ရသည်ပဲ ..။ ဖေဖေ ပန်းချီဆွဲသည်ဆိုတာ လည်း ထိုပန်းချီဆွဲ ဒေါက်တွေကိုပြလျက် ဘွားလေး မိဒေါင်း ဟိုးငယ်ကတည်းက ပြောပြခဲ့ဖူးသည်ပဲ ..။ ထိုမျှအထိ .. အသက် ဝင်နေသော ပန်းချီကားကို ဖေဖေ ဆွဲခဲ့ခြင်းကြောင့်ပင်လျှင် .. မေမေ့ကို အဘယ်မျှထိ နက်ရှိုင်းစွာ မြတ်မြတ်နိုးနိုး ဖေဖေချစ်ခဲ့ သည်ဆိုတာကို မိဒေါင်း ပို၍နားလည်လာနေရပါသည့်အဖြစ် ..

ထိုမျှအထိ ချစ်မြတ်နိုးကြပါလျက် .. ဘာကြောင့် .. မိဒေါင်းတို့ မိသားစုလေး ခုလို ဝေးနေရပါသတဲ့လဲလေ ..။ ရင် ထဲမှာ .. မချိ ..။ မျက်ဝန်းမှာ မျက်ရည်သာ ဝိုင်းလည်တက်လာ နေရပါသည့်အဖြစ် ..

"အဲဒီပန်းချီကားကို ကလေးရဲ့ ဖေဖေပဲ ဆွဲခဲ့တာ .. အို ညများမှာ တစ်အိမ်လုံး မီးမှောင်ချပြီး .. ပန်းချီကားရှေ့ မှာ လသာမှန်အိမ်လေးကို ခုံလေးတစ်လုံးပေါ် တင်ထား ပြီး အခန်းထောင့်နေရာလောက်ဆီကြည့် .. ဆို .. အိုအေ ပြောရင်းတောင် ခုထိ ရင်ထဲတစ်မျိုး ဖြစ်ရတုန်းပဲ .. အဲသလိုကြည့်ရင်ဖြင့် .. လသာမှန်အိမ် မီးရောင်လေး



တစ်ခုတဲ့ အခန်းထဲကျန် .. မီးရောင်ကလဲ .. ပန်းချီကား ရှေ့ဆိုတော့ .. အဲဒီပန်းချီကားထဲက ပုံလေးဟာ .. အပြင် ကို ဆင်းလာတော့မယ့်အတိုင်းကို ဖြစ်နေတာ .. သူတို့ နှစ်ယောက်ကတော့ .. အဲ့သလို ကြည့်ကြသတဲ့လေ .. ဘွားလေးကတော့ .. အဲသလို ပန်းချီထဲကလူက .. အပြင် ထွက်မလို့ကြီး ဖြစ်နေတာကို .. မကြည့်ရဲဘဲ ဖြစ်လို့ .. ရှောင်နေလိုက်တော့တာပါပဲ .. အင်း .. အဲသလောက်ကို လုံမ အပေါ်မှာ လူလေးကလဲချစ် .. လုံမကလဲချစ်ကြပေ မယ့် .. ကံကြမ္မာ မကောင်းတော့လဲ .. ကံစီမံရာဖြစ်ကြရ တော့တာပါပဲလေ .."

ဟု ပြောကာ ဘွားလေး တစ်ချက်ငိုင်သည်။ ...တ်တော့ အားယူ၍ ပြုံးကာ ..

"မြေးသိဖို့က .. မြေးရဲ့မေမေဟာ .. ခင်ပွန်းသည် အပေါ် မှာ အလွန်တရာကိုမှ သစ္စာရှိရှိနဲ့ .. ချစ်မြတ်နိုးရှာတယ် ဆိုတာကိုပါပဲ .. မိခင်အပေါ်မှာ စိတ်နဲ့တောင် အပြစ် မမြင်မိစေနဲ့ .. မပြစ်မှားမိစေနဲ့ ကြားရဲ့လား .."

ဟု ပြောတော့လည်း ခေါင်းပဲ ညိတ်ပြမိရသည်ပါ ..။

"နောက်ကျမှပဲ .. ဘွားလေး .. ပြောပြသင့်ပြီထင်တဲ့ စကားကို ထပ်ပြောပြမယ် .. လောလောဆယ်တော့ .. နေ့လယ်စာ စားချိန်လဲ နီးလာပြီမို့ .. ထမင်းပွဲ ပြင်ချေ တော့ .. မြေးရဲ့ဖေဖေကိုလဲ တယောအသင် ခဏနားခိုင်း လိုက်ဦး .. ရော့ .. ဒါက .. ဘွားလေးရဲ့ သံသေတ္တာသော့

www.burmeseclassic.com



အပိုတစ်ချောင်း .. မြေးယူထား .. မြေးရဲ့မေမေကို ကြ ချင်တဲ့အခါ .. ကြည့် .. ဟုတ်ပလား ..”

ဟု ပြောကာ သော့ချောင်းလေး တစ်ချောင်း ဘွားလေး မီဒေါင်းလက်ထဲထည့်၍ ငိုင်နေပါ၏။ ပင်ကိုက သွယ်သော ဘွားလေးသည် .. အသက်လေး ရလာတော့ သေးသွယ်ပါးလျားလာပါ၏။ ဩော် .. ဘွားလေး၏ ရင်ထဲမှ မေမေနှင့် ပတ်သက်၍ .. ဆက်လက် လျှို့ဝှက်သိမ်းဆည်း သော အရာများ အဘယ်မျှထိ ကျန်နေပါသေးသည် မသိ ..

“လုံမလို့ ဘွားလေး ချစ်လွန်းလို့ ခေါ်ခဲ့ရတဲ့ .. မြေး မေမေ .. ဒီအိမ်လေးက ထွက်ခွာသွားတဲ့နောက်မှာ .. ပန်းချီကားကြီးကို .. ဖြုတ်ပစ်လိုက်ဖို့ လူလေး မျက်ရည် နေရင်း ခံပြင်းစိတ်နဲ့ ပြောပြောချင်းမှာပဲ ဘွားလေး လ လန့်နဲ့ ဖြုတ်ခဲ့တာ .. မဖြုတ်မိရင် .. သူ လက်နဲ့စမ်းပြ နံရံက အဲဒီမှန်ပေါင်သွင်းထားတဲ့ ပန်းချီကားကို ဖြုတ်ပစ် .. ကြမ်းပေါ် ပစ်ပေါက်ချပစ်နိုင်တယ်လေ အဲသလို .. ဖြစ်မှာ မခံနိုင်တာမို့ .. ချက်ချင်းကိုဖြု သိမ်းထားခဲ့ရတာ .. ဒီပန်းချီကားကို .. မြေးလေးကို တော့မှ မပြရဘူး ဆိုတာကိုလဲ .. ဘွားလေးကို .. လူ က .. မှာခဲ့တာ .. ခုတော့ .. ဒီစကားကို ဘွားလေး ရှားလိုက်ရပြီ .. အချိန်လဲ သင့်လာပြီလေ ..”

ဟု ခပ်လေးလေး ပြောပြီး ဘွားလေး တ ငိုင်နေသည်။ နောက်တော့မှ သက်ပြင်းရှိုက်ကာ ...

“ဘွားလေး မနက်ဖြန် .. ခရီးထွက်စရာ ရှိနေတယ် ..



ဟု ခပ်လေးလေး ပြောလာတော့ ငွေဒေါင်းမေ ရင် ထဲမှာ တစ်မျိုးခံစားလာရသည်။ ဤနေ့မှာ .. မေမေနှင့် ပတ် သက်၍ ဘွားလေး ပြောလာခဲ့သည် ..။ ဤနေ့မှာမှ .. ပြောလာ သည်။ နောက် .. မနက်ဖြန်မှာ ခရီးသွားမည်ဟုလည်း ပြော ာသည်။ ထိုသို့ ပြောလာချိန်မှာ .. မေမေ့ ပန်းချီကားနှင့် မင်း သမီး အဝတ်များရှိရာ သံသေတ္တာသော့ကိုပါ .. မီဒေါင်းလက်ထဲ ထပ်လာခဲ့သေးသည်။

ဘွားလေး သွားမည့် ခရီးဆိုသည့် နေရာသည် .. အမေရှိရာ ဖြစ်ချေမည်လား မသိ။ နှုတ်ခမ်းလေး လှုပ်ခတ်လာ း အလောတကြီး မေးမည်ပြုလာပါသည့် မီဒေါင်းကို ဘွားလေး က်ကာသည်။ ခေါင်းယမ်းပြသည်။ မမေးနဲ့ ဆိုသည့်သဘော။

“သွား .. ထမင်းပွဲ ပြင်ချေ .. ပြင်ချေတော့ ..”

ဟု မျက်နှာကိုလွှဲ၍ ပြောလာသည်မို့ မီဒေါင်းစိတ် ဲ မောကျသွားရပါပြီတည်း ..။ ဘွားလေးကို ဘယ်လိုမေးမေး ွားလေး ဘယ်ကိုသွားမည်ဆိုတာကို သိနိုင်ဖွယ်မရှိ။ ဘွားလေး ဟင့်အင်း .. ဆိုလျှင် .. ဘယ်လိုမှ မေး၍ရချေသည်မှ မဟုတ် ပဲလေ။

ပြောပြောဆိုဆိုဖြင့် ရေတ်ခင်းလေးဆီသို့ လျှောက် ားကာ ရေတ်သီးစိမ်းတောင့်လေးတွေ ဆွတ်နေပါသည့် ဘွား းကို မီဒေါင်း ငေးကြည့်မိရပါ၏။

သေးသွယ်သော ဘွားလေးသည် .. စိတ်ဓာတ်အရာ င် ပြတ်သားခေါင်းမာစွာ မေမေနှင့် ပတ်သက်လျှင် ရှိနေတတ် သည်ကောလေ ..။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကျလျက် .. ဘာကိုမျှ မသိနိုင်တော့

ဟု နားလည်လာနေရင်းဖြင့် .. မိဒေါင်း နောက်ပေးလျှောကာ

သို့ တက်လာစဉ်ခိုက် ဖေဖေ့ တယောသံက ညှို့ခန်း

လွင့်ပျံ့လာပါချေသည်တကား ..။

ဘာပဲဖြစ်ဖြစ် ..။ လွမ်းမောဖွယ် အတိတ်တစ်ခု

ကြေကွဲစွာဖြင့် .. ဤအိမ်ငယ်လေးဆီဝယ် .. ဖေဖေနှင့် မေ

နှစ်ဦးကြားမှာ ရှိခဲ့သည် ဆိုတာကိုတော့ .. ပို၍ .. မိဒေါင်း

လည်လာရရင်းမှ .. ရင်ထဲမှာ .. ထိထိခိုက်ခိုက် ခံစားလာ

သည်ပါပဲ ..။

* ❧ *



## အခန်း(၂၀)

ဘွားလေး ခရီးထွက်သွားသည်မှာ တစ်ပတ်မျှရှိပြီ..။ ဘွားလေးကို ငွေဒေါင်းမေ လွမ်းနေမိရသည်ပါပဲ ..။ ဘိုးလေးကို ပါ တူတူခေါ်သွားမည်ဟု ဘွားလေး ပြောခဲ့ပါ၏။ ရှမ်းပြည်နယ် ဘက် သွားမည်ဟု ပြောသည်။ ဘုရားတွေလည်း ဖူးခဲ့မည်ဟု လည်း ပြောခဲ့သည်။ နည်းနည်းကြာမည်ဟုလည်း မှာခဲ့သည်။ ဘွားလေး မျက်နှာသိပ်မလန်းခဲ့တာတော့ အမှန်ပါ ..။ ဘွားလေး အမှလိုင်းကားဖြင့် ဘိုးလေးထံသို့ သွားကာ၊ ဘိုးလေးနှင့်အတူ နောက်တစ်နေ့မှာ ခရီးဆက်သည့်အဖြစ် ..။ ဘာကိစ္စဆိုတာကို ဖေဖေ့ကိုလည်း ဘွားလေးမပြော ..။ မိဒေါင်းကိုလည်း မပြော ..။ စိတ်ပြေလက်ပျောက် ခရီးထွက်တာပေါ့ .. ဟုသာ စကားလှ အောင် ပြောခဲ့ခြင်း ..။ ဒါပေမဲ့ .. ဘွားလေး၏ မျက်နှာ အရိပ်အမြွက် ညှိုးနေသည်။ စိတ်ပြေလက်ပျောက် ခရီးထွက်မည့်သူ တစ် ယောက်ထံမှာ တွေ့ရမြဲဖြစ်သည့် တက်ကြွလန်းဆန်းနေခြင်းများ ကို မတွေ့ရ ..။

ပြီးတော့ .. ဘွားလေးသည် ဘယ်တုန်းကမှ ခရီး ထွက်ဖို့ စိတ်ကူးခဲ့တာမျိုး မရှိခဲ့ ..။ မိဒေါင်းပင် ကျွန်အရွယ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီ ..။ ဘွားလေး ရွာမှ ဘယ်ကိုမှခွာဖို့ စိတ်ကူးတာမရှိ .. မြို့ပေါ်တက်၍ ဆိုင်လေးအတွက် ပစ္စည်းဝယ်တာလောက်ပဲ .. တတ်ခဲ့ပါ၏။

ဖေဖေကတော့ ဘွားလေးမှ ခရီးထွက်မည် ဆိုတာကို ခရီးမထွက်မီညက ဖွင့်ပြော အသိပေးတော့ တစ်ချက်ငြိမ်သွား သည်။ ဘယ်ကိုသွားမှာလဲ .. ဟုပင် မမေး ..။ အကြောင်းတစ်ခုကို ခပ်ဆဆ တွေးနေသည့်နှယ် ငြိမ်နေခြင်း ..။ ဘိုးလေးကို ခေါ်သွားမည် ဆိုတော့လည်း ဖေဖေ တစ်ချက်ငိုင်ကျသွားသည်။ နောက်တော့မှ ..

"ခေါ်လေးလဲ အိမ်ထဲချည်း အောင်းနေရတာ ကြာခဲ့ပြီ လေ .. အေးအေးဆေးဆေး .. သွားပါ .. ရက်ကြာရင်လဲ စိတ်မပူပါနဲ့ .. ဒီမှာ သမီးလေး မိဒေါင်း ရှိနေတာပဲ .. ကျွန်တော့်အတွက် စိတ်မပူပါနဲ့ .. ဆိုင်ကိုလဲ မိဒေါင်းကို အထိုင်နိုင်းလို့ ရတာပဲ .."

ဟုသာ ပြောခဲ့ပါ၏။ ဒါပေမဲ့ .. ဘွားလေးက မိဒေါင်းကို ဆိုင်မထိုင်နှင့်ဟု မှာခဲ့သည်။ ဖေဖေ့ကိုသာ ဂရုစိုက် ပါဟုလည်း မှာသည်။ အိမ်မှာသုံးဖို့ပြုဖို့ ဆိုကာလည်း မိဒေါင်း လက်ထဲ ငွေနှစ်သောင်း ထည့်ပေးခဲ့သည်။ ဖေဖေ့ကို ပြောမပြနဲ့ ဟုလည်း မှာသည်။ ဘွားလေး ထိုမျှငွေတွေ ပေးထားခဲ့တာ ဖေဖေသိလျှင်လည်း ငြင်းမည်သာ ..။

ဖေဖေ တယောသင်၍ရသည့် ငွေကြေးဖြင့် သုံးလို့ လောက်ပါသည်ဟုပဲ ပြောချေမှာ အမှန်။ ဘွားလေးမှာ ဆိုင် လေးမှရသည့် ဝင်ငွေဖြင့် သုံးနေသည်ကိုပင် ဖေဖေ့ကို သိပ်အသိ



ပေးတာ မဟုတ် ..။ ဖေဖေ မစားရက် မသောက်ရက် ဖြစ်မှာ ဘွားလေး စိုးရိမ်သည်လေ ..။ ခုလည်း ခရီးထွက်မည့်အရေး .. မိဒေါင်းနှင့် ဖေဖေ့အတွက် ငွေထုတ်ပေးခဲ့ရသည်ပါပဲ ..။

ဖေဖေ့ တယောသင်ပေးသည့် အခကြေးငွေဆိုတာကလည်း တကယ်တမ်းကျတော့ အိမ်အတွက် ချင့်ချင့်ချိန်ချိန်သုံးလျှင် အသုံးလောက်နေသည်မှာ အမှန်ပါ ..။ ဒါပေမဲ့ ဖေဖေ့အတွက် အားဆေး၊ အခြားအိမ်သုံးစရိတ် ဆိုတာကတော့ ဘွားလေး၏ ဆိုင်လေးဆီမှရသည့်ငွေကို မျှသုံးရသည်ပါပဲ ..။

ဘွားလေးကလည်း မိဒေါင်း ဆယ်တန်းအောင်လျှင် တက္ကသိုလ် ဆက်တက်ဖို့ ပိုက်ဆံကို တောက်လျှောက်စုလာခဲ့သည်သာ ..။ မိဒေါင်းကို ဆရာဝန်မကြီး အရမ်းဖြစ်စေချင်သည့် ဘွားလေးပါ ..။

ခု .. ဘွားလေး မရှိတော့ မိဒေါင်း ပို၍လွမ်းနေရသည်။ ရင်ထဲမှာလည်း တစ်မျိုးကြီး ဖြစ်နေသည်။ ဘွားလေးခရီးထွက်ခြင်းသည် မေမေ့ထံသို့များလားဟုလည်း မိဒေါင်း မကြာမကြာ တွေးနေမိတတ်ပါ၏။ မသွားမီ တစ်နေ့က .. ဘွားလေးသည် မိဒေါင်းကို မေမေ့ပုံတူပန်းချီကားကိုရော ..၊ မေမေ့မင်းသမီးအဝတ်အစားတွေကိုရော ..၊ ပြခဲ့သည် မဟုတ်ပါလား ..။

ဖေဖေကတော့ .. ဘွားလေး ခရီးထွက်ခြင်းနှင့် စပ်သက်၍ ဘာဆိုဘာမျှကို ခန့်မှန်းစကား ထင်ကြေးစကားကို ပြောလာခြင်း မရှိခဲ့ ..။ ဒါပေမဲ့ .. တစ်ခုခုကို တွေးနေလျှက် စိတ်ထဲ မကောင်းနိုင်သည့်နှယ် ငြိမ်နေတတ်သည်ကတော့ သိသာနေသည်ပါပဲ။ ဖေဖေသည်လည်း မေမေ့အကြောင်း တွေးနေချေ

www.burmeseclassic.com

www.burmeseclassic.com



သာ ၂လား မသိ ..။ အကြောင်းမဲ့သွားခြင်း မဟုတ်လျှင်ဖြင့် ..  ၁စ်ခုခုကြောင့် သွားသည်ဟုသာ ဆိုရချေလိမ့်မည် ..။

ထိုတစ်ခုခုသည် မေမေနှင့် ပတ်သက်သည်ဆိုလျှ မေမေ နေမကောင်း ထိုင်မကောင်းများ ဖြစ်နေချေသည်လာ မသိ ..။ မေမေ့အတွက် မိဒေါင်း ရင်ထဲမှာ စိုးရိမ်နေမိရပါ၏။ မေမေ့ကို မမြင်ဖူးရပေမယ့် ..။ မေမေသည် မိဒေါင်း၏ မေမေ လေ။ မေမေ့ပုံတူပန်းချီကားကို မြင်တော့ ရင်ထဲမှာ ပို၍ယုံကြည် လာမိသည်က .. မေမေသည် စိတ်ထားနူးညံ့သူတစ်ယောက် ၍ပါ ..။ မိဒေါင်းတို့နှင့် မေမေ တူတူမနေသည့်အတွက် ရင်ထဲ မှာ မုန်းလည်း မမုန်းပါ ..။ နာလည်း မနာရက်ပါ ..။

မိဒေါင်း ဘွားလေး၏ သံသေတ္တာကို အသံမမြည် အောင် ဖွင့်လိုက်မိရပါ၏။ ဖေဖေ ဝရန်တာဆောင်လေးမှာ တယောကြိုးညှိနေသည်။ အသံစမ်းနေသည်။ ဖေဖေ့အာရုံသည် တယောကြိုးများမှာ ရှိနေပါလိမ့်မည် ..။ ဖေဖေသည် အခြားမတွေ မိရအောင် တမင်များ တယောကြိုးကိုညှိလိုက် .. တယောလေး ထိုးလိုက်နှင့် အချိန်ကို ကုန်ဆုံးအောင် ဖြုန်းနေချေသည်လာ မသိ ..။ ဒါဆိုလျှင် .. ဖေဖေသည် ဘာကိုမတွေးမိအောင် ကြိ စားနေပါသလဲ ..။ မေမေ့ အကြောင်းများပေလား ..။ မိဒေါင် ရင်ထဲမှာ ရှိနေသည့် အတွေးတွေကို လွှတ်ထားမိရင်းမှ ပြန်၍ စိတ်ကို စုစည်းယူလိုက်မိရပါ၏။ ဪ .. ဖေဖေ့ ရင်ထဲမှာ ဘာ တွေရှိနေသည်ဆိုတာ မိဒေါင်း သိလိုက်ချင်ပါတော့သည်လေ ..။

သေတ္တာတွင်းမှ မေမေ့ ပန်းချီကားကို ထုတ်၍ ငေးကြည့်နေမိရပါ၏။ ခုတင်ထက်မှာ မေမေ့ ပန်းချီကား



ခေါင်းရင်းမှာ မှီထောင်ထားလိုက်ပြီးသည့်နောက်မှာ မိဒေါင်း ကြမ်းပေါ်တွင် ပျပ်ဝပ်စွာထိုင်၍ လက်အုပ်လေး ချီလိုက်မိရရင်းမှ မော့ငေးကြည့်မိရပါ၏။ ပန်းချီကားတွင်းမှ ရွှန်းတောက်နေသော မေမေ့ မျက်ဝန်းလှလှလေးတွေက ကြည်နူးချမ်းမြေ့စွာ မိဒေါင်းကို လိုက်ကြည့်နေသည်ဟု ခံစားဖြစ်ရသည်။ လှပစွာ ပြုံးနေသည့် နှုတ်ခမ်းလေးတွေကလည်း မိဒေါင်းကို သမီးရေ .. ဟု ခေါ်လိုက်တော့မယောင် မော့ငေးကြည့်ရင်း ထင်လာနေမိရပါ၏။ မေမေ့သည် ပန်းချီကားတွင်းမှ ဆင်းသက်လာရင်း မိဒေါင်း အေးမှာ ထိုင်ကာ မိဒေါင်း၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်တော့မည် ဟုပင် ထင်လာနေမိရပါ၏။ မိဒေါင်း ရင်ထဲ ကျင်ခနဲ ခံစားလိုက်ရပါပြီ ..။ အသက်မျှထိ အသက်ဝင်နေသော ပန်းချီကားလေးပင် ဖြစ်စေ ..။ တကယ်တမ်းကျတော့ .. မိဒေါင်း အေးမှာ သက်ဝင် လှုပ်ရှား လာထိုင်နိုင်ချေသည်မှ မဟုတ်ချေပဲလေ ..။ မိဒေါင်း ဘဝတွင် .. မေမေနှင့် အတူတကွ .. ဖေဖေနှင့် အတူနေထိုင်ရသော အဖြစ်လေးတွေကို ကြည်နူးချမ်းမြေ့ဖွယ် အတိဖြင့် ဖြစ်တည်လာနိုင်စွမ်းစေလိုက်ချင်တော့သည်တကား ..။

လက်အုပ်လေးချီထားလျက်ဖြင့် မိဒေါင်း မေမေ့ကို တစိမ့်စိမ့်မျှ မော့ငေးကြည့်နေမိရင်း ..

"မေမေ့ကို .. ခုမှ .. မြင်ဖူးခွင့်ရ .. ခုလို .. ငေးခွင့်ရပေမယ့် ဒီလို ကန်တော့တာကတော့ .. ခုမှမဟုတ်ပါဘူး မေမေရယ် .. မေမေ့ကို ရည်မှန်းပြီး .. အမြဲ ကန်တော့ခဲ့တဲ့ မိဒေါင်းပါ မေမေ .. မေမေ့ကို မိဒေါင်း ချစ်ပါတယ် .. ဘာကြောင့် ဒီလောက်အကြာကြီး တခြားနေရာမှာ သွား

www.burmeseclassic.com

www.burmeseclassic.com



နေနေရတာလဲ မေမေ .. မေမေ ပြန်လာခဲ့ရင် .. အချ

ကို .. ကျေနပ်အောင် ပြောနိုင်မှာပါ .. ပြောလိုက်

မေမေ .. ပြီးရင် မိဒေါင်းတို့ တူတူနေကြတာပေါ့နော်

ခု .. မိဒေါင်း .. မေမေ့ကို ကန်တော့ပါတယ် မေမေ

ဟု စိတ်ထဲမှ ပြောနေမိရင်း မျက်ရည်တွေ ဖြိုင်ကျ နေလျက် မေမေ့ကို ကန်တော့လိုက်မိရသည်က မိဒေါင်းပါး နှုတ်မှ ဖွင့်မပြောရဲ ..။ ဖေဖေ ကြားသွားမှာ စိုးသည်လေ မေမေ့ လက်အစုံနုနုတို့သည် မိဒေါင်း၏ ဆံစလေးတွေ သပ်ပေးနေသည်ဟု ထင်လာနေမိသည်။ မေမေ ဝတ်ထားသော မင်းသမီး အဝတ်အစားတို့ဆီမှ လည်ဆွဲပုတီးတို့၏ တိုးသဲ့သာ မြည်လာနေသည့် အသံလေးတွေကို ကြားနေရသည်ဟု ထင်လာ နေမိသည်။

မေမေသည် ထိုတိုးသဲ့နေသော အသံလေးများနှင့် အတူ လှုပ်ရှားဆင်းသက်လာသည်ဟု ထင်လာနေမိသည်။ မေမေ ဆီမှ မွှေးကြိုင်သင်းသော ရနံ့လေးတွေ မိဒေါင်းဘေးအနီးမှာ လေနှင့်အတူ မျောလွင့်လာနေသည်ဟုလည်း ထင်နေမိရပါသည် ကော မေမေ ..။

မျက်ရည်သည်သာ .. ဖြိုင်ဖြိုင်ကျနေရင်းမှ မိဒေါင်း ပန်းချီကားလေးကို တယုတယ ပြန်၍ ပိတ်သားစဖြင့် ထုပ်ပတ် နေသားတကျ ပြန်၍ထားမိကာ ..။ မေမေ့ မင်းသမီး အဝတ်အစား လေးတွေကို သေတ္တာတွင်းမှာ ခေါက်သားတကျ ရှိနေသမျှ လက်ကလေးဖြင့် ဖွဖွပေးသပ် ပွတ်ကြည့်နေမိရပါပြီ ..။

"မေမေ .."



ခပ်တိုးတိုးလေး အသံလေး နှုတ်ဖျားမှ ထွက်သည်ဆို ရုံမျှ ခပ်ဖွဖွလေး ခေါ်မိရပါ၏။

.. ဤအချိန်မှာ မေမေသည်ရော မိဒေါင်းတို့အကြောင်း ကို တွေးနေချေမည်လား မသိ။ မေမေ့အကြောင်းကို မိဒေါင်း တွေးနေသည် ဆိုတာကိုရော .. မေမေ မည်သို့ သိနိုင်ပါမည်တဲ့ သဲလေ ..။

သံသေတ္တာကို ပြန်၍ပိတ် ..။ သော့ခပ်ကာ သော့ လေးကို ခေါင်းအုံးအောက်မှာ နေသားတကျ ပြန်ထား၍ ကိုယ် လေးကို လှည့်လိုက်စဉ်ခိုက် ..။

"ဟင် .."

ဖေဖေ့ တယောသင်တပည့် ကိုမြင့်ဦးပါ တကား ..။ မျက်ဝန်းများက ရီဝေနေသည်။ ဘုရားရေ ..။ ကိုမြင့်ဦးသည် ဘယ်အချိန်ကတည်းက ဤအခန်းတံခါးဘောင်ကို လက်နှစ်ဖက် ဖြင့် ဆုပ်ကိုင်ထားရင် ရပ်နေချေသည်လည်း မသိ ..။ ဖေဖေသည် ထိုသို့ ကိုမြင့်ဦးကို အိမ်အတွင်းမှာ ဤပုံစံမျိုးဖြင့် ဝင်လာခွင့်ပြု သည့်သူ မဟုတ် ..။ တပည့်ကို တယောထိုး သင်ပေးသည်ကဖြင့် သည့်ခန်းမှာ ဆိုပေမယ့် ..။ မိဒေါင်းနှင့် တရင်းတနှီး ဘယ်သူ့ ကိုမှ ပြောဆိုခွင့်မပြု ..။ ဤသည်က .. မည်သည့်တပည့်ကိုမဆို သက်မခံခင်ကတည်းက ချမှတ်ထားသော စည်းမျဉ်း ..။ စောစော က ဖေဖေသည် အိမ်ရှေ့ ဝရန်တာလေးမှာ တယောကြိုးညှိနေခဲ့ သည်ပဲ ..။ ခု .. ဖေဖေသည် .. ထိုကိုမြင့်ဦး အိမ်ပေါ်တက်လာ သည်ကို မသိပဲ ရှိနိုင်ပါမည်တဲ့လား ..။ ကိုမြင့်ဦး၏ ခြေသံကို ကြားရချေမည်သာ ..။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဦးဆိုတာ မိဒေါင်းတို့ရွာမှမဟုတ် ..။ အခြားရွာကဝါ ..။ ပြီးတော့ .. ဤနေ့သည် .. ဖေဖေ တယောသင် နားသည့်ရက် ..။ တနင်္ဂနွေနေ့တိုင်း ဖေဖေ တစ်ရက်နားစမြဲ ..။ ခုကိုမြင့်ဦးသည် ဘာကိစ္စဖြင့် အိမ်သို့ ရောက်လာ ရပါတဲ့လဲ ..။

မိဒေါင်း၏ နားစည်တွင်းဆီသို့ ရေသံတဖွမ်းဖွမ်းကို ကြားနေရသည်။ ဖေဖေ ရေချိုးနေချေသည်တကား ..။ မိဒေါင်း အခန်းထဲမှာ ရှိနေချိန် .. ဖေဖေ ရေဆင်းချိုးလိုက်ဟန် တူသည်။ ဒါကြောင့်လည်း ကိုမြင့်ဦး ရောက်လာတာကို သိလိုက်ဟန်မတူ။

"ဖေဖေ ရေချိုးနေတယ် .. ဧည့်ခန်းမှာ ထိုင်စောင့်ပါ .."

"သိတယ် .. ဒါပေမဲ့ .. ငါက .. မင်းကို .. ချစ်တဲ့အကြောင်း ပြောချင်နေတာမို့ .. ခုလို အခွင့်အရေးရတုန်း .. ဒီလို မင်းကိုပဲ ရပ်စောင့်ငေးကြည့်နေရတာပေါ့ကွာ .. ငါ .. မင်းအဖေကို .. ဝယောကွမ်လောင်းကြီးအဖြစ် ဖားချင်နေလို့ တယောလေးတစ်လက် ဝယ်လာပြီး လက်ဆောင်ပေးဖို့ လာခဲ့တာကွ .. ဒီရောက်တော့ ငါ့ဝယောကွမ်လောင်းကြီးက .. ရေချိုးနေတယ် .. ငါ ခြေသံမကြားအောင် အိမ်ပေါ်တက်လာခဲ့တာ .. စက်ဘီးကို ခြံထောင့်မှာ တင်ထောင်ထားခဲ့တာလေ .. ကဲ .. မိဒေါင်း .. ငါ့ရင်ထဲက အချစ်တွေကိုဖြင့် ဖွင့်ချလိုက်ပါရစေတော့ .. ကိုယ်က တောသူဌေးသားပါ မိဒေါင်းရဲ့ .. ကိုယ်တို့ရွာမှာ ဆန်စက်ကြီး ဟီးနေအောင်ပိုင်တာ မိဒေါင်းရဲ့ဖေဖေလဲ သိပါတယ် .. ငါပြောပြထားတယ်လေ .. အဲသလိုပိုင်တဲ့အကြောင်း .. ဆန်စက်ကိစ္စတွေ ဘာတွေ ပြောသလိုလိုနဲ့ ငါချမ်းသာတာကို



သိအောင် သွယ်ဝိုက်ပြီး အသိပေးထားတာပေါ့ကွ .. ငါ ဆယ်တန်းမအောင်ပေမယ့် .. ပိုက်ဆံတော့ ချမ်းသာပါတယ် ငွေဒေါင်းမေ .. နင့်ကို ကောင်းကောင်းထားနိုင်ပါတယ် .. နင့်အဖေကိုလဲ မျက်စိမမြင်ရပေမယ့် .. ကောင်းကောင်းထားပေးပါ့မယ် .. ငါ .. ချစ်လွန်းလို့ပါဟာ .. နင့်ကို ဒီရွာ ငါလာရင်းနဲ့ မြင်မြင်ချင်း ချစ်ရလွန်းလို့ .. ဒီကို တယောတိုးသင်ဆိုပြီး ဝင်နိုင်အောင် ကြိုးစားခဲ့ရတာပါ .."

ဟု ပြောလည်းပြော ..။ ရှေ့သို့လည်း တိုးလာတော့ ဒေါင်း အသားတွေ ဆတ်ဆတ်တုန်လာသည်။ ဖေဖေ မျက်စိ မြင်တာ မှန်ပါသည်။ ဒါပေမဲ့ .. အဖေလုပ်သူ ရေချိုးနေချိန် အခွင့်ကောင်းယူ၍ မိန်းမပျိုလေး၏ အခန်းထဲထိ ဝင်လာ ချစ်ကြိုက်စကား ပြောခြင်းသည် ဖေဖေ့ကို စော်ကားရာလည်း ကျတ်သည်။ မိဒေါင်းကို အထင်သေးရာလည်း ရောက်သည်။

"နေရာတင် ရပ်လိုက်ပါ ကိုမြင့်ဦး .. မိဒေါင်းကို အထင်မသေးနဲ့နော်၊ မိဒေါင်း အသားကို ထိဖို့လဲ မစဉ်းစားနဲ့ .. ချစ်ကြိုက်စကား ပြောတာကိုလဲ ရှေ့ဆက်မလာပါနဲ့ .. ဒီ အခန်းထဲက ခုထွက်သွားပါ .. ရှင်ဟာ .. ဖေဖေ့ကိုရော .. မိဒေါင်းကိုရော တစ်ချိန်တည်းမှာ စော်ကားမော်ကားလုပ်တာနဲ့ တူနေပြီ .. အဲဒါ နားလည်ရဲ့လား .. မိဒေါင်းရဲ့ ဖေဖေဟာ မျက်စိမမြင်ရပေမယ့် .. ဖေဖေ့မှာ စွမ်းအားတွေ ရှိတယ် .. ရှင် သနားလို့ တင်ကျွေးထားတဲ့ အဖြစ်မျိုး အလွယ်တကူ မိဒေါင်းတို့သားအဖ ရောက်သွားမယ် မထင်နဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခိုက်မှာ ကိုမြင့်ဦးမှာ မျက်နှာကြီး ပျက်ကာ ရင်းမှ မထူးတော့သည့်နှယ် ရှေ့တိုးလာပါ၏။

"ခုမှတော့ မထူးတော့ဘူး မိဒေါင်း .. ငါက ဖွင့်ပြောလိုက်မိပြီ .. နောင်လဲ ဒီအိမ်ကို ဝင်ထွက်ခွင့် ရတော့မှာ မဟုတ်ဖူး .. ဒီအခွင့်အရေးကို နောက် ဘယ်တော့မှလဲ ရနိုင်မှာ မဟုတ်ဖူး .. ငါ .. ချစ်လွန်းလို့ပါ မိဒေါင်းရယ် .. လက်ထပ်ယူပါ့မယ် .. လာတောင်းရမ်းပါ့မယ် .. ငွေတွေ ရွှေတွေ တင်တောင်းပါ့မယ် .. နော် .."

ပညာကလည်း အခြေတကျမအောင် ..။ ငွေကြေးကလည်း ချမ်းသာသည်မို့ ဖွတ်တရွတ်နိုင်စိတ်ဖြင့် ကိုမြင့်ဦး ရှေ့တိုးလာကာ မိဒေါင်း၏ လက်လေးကို ဖျတ်ခနဲဆွဲတော့ မိဒေါင်း ဆောင့်ရုန်းသည်။ ဖေဖေရေ .. ဟု လှမ်းအော်လိုက်ချင်သည်။ မိဒေါင်း အသံလေးခြစ်၍ ဖေဖေ ကြားအောင် အော်လိုက်တာနှင့် မမြင်မစမ်းဖြင့် ဖေဖေ ပြေးတက်လာရင်း တိုက်ခိုက်မိ ..။ လဲကျရင်း ထိခိုက်ဒဏ်ရာတွေ ရကုန်မှာလည်း မိဒေါင်း စိတ်ပူရသည်မို့ မအော်ရဲပြန် ..။ မိဒေါင်း၏ ကိုယ်လေးကို သိမ်းကျုံး၍ ရှေ့ပိုက်ကာ ပါးပြင်လေးကို နမ်းရှိုက်ဖို့ ကြိုးစားနေသည့် ကိုမြင့်ဦးကို မိဒေါင်း ခုတင်ဘေးမှာ မှန်တင်ခုံငယ်လေးပေါ်မှာ ရှိနေသည့် သနပ်ခါးတုံးဖြင့် နဖူးကို အားကုန်ဆောင့်ရိုက်ထုလိုက်တော့ ကိုမြင့်ဦး၏ နဖူးဆီမှ သွေးတွေ ရဲခနဲ မျက်နှာပေါ် ဖြာကျကုန်လျက် မျက်နှာကို လက်ဖဝါးဖြင့် ကာမန်းကတန်း ကယောင်ချောက်ချားနိုင်စွာ ဘ...ိုက်သည့်က .. ကိုမြင့်ဦး ..။ မိဒေါင်း ကိုယ်လေး လွတ်သွား...ာ ကိုယ်လေး နောက်ဆုတ်



ပို့တိုး၍ ဆုတ်လိုက်ရင်းမှ ကျောက်ပျဉ်ငယ်လေးကို ကောက်ကိုင်လိုက်ရပါပြီ ..။

"ရှေ့ဆက်တိုးလာရင်တော့ .. ဒီကျောက်ပြင်နဲ့ လှမ်းအပေါက်ပဲ သိလား၊ အာမှတ်လဲ .. မိဒေါင်းဟာ ဖေဖေ့သမီး .. ဖေဖေ မျက်စိမမြင်ပေမယ့် ဖေဖေ့မှာ သတ္တိတွေ ရှိတယ် .. အဲဒီ သတ္တိမျိုး မိဒေါင်းမှာလဲ ရှိတယ် .. ရှင် နောက်ကို .. ဒီအိမ်ပေါ် .. ခြေဖျားဖို့တောင် စိတ်မကူးပါနဲ့.."

ဟု ပြောနေခိုက် ..

"ဖော့ကောင် .."

ဟူသော အသံ ..။ ရှေ့ဆီသို့ လက်ဖြင့်စမ်းယမ်းမေး၀င်လာရင်းမှ ကိုမြင့်ဦးကို ထိလိုက်တာနှင့် ချာခနဲလည်ပါသာအောင် ဆွဲယူရင်း ဝမ်းဗိုက်ဆီသို့မှန်း၍ ဖေဖေ ထိုးလိုက်ပါချေသည်တကား ..။ ဖေဖေ့ကိုယ်ထက်မှာ ရေစက်တွေ တင်နေဆဲ ..။ ဖေဖေ့ပုဆိုးသည် ရေစိုကွက်များနှင့် ဖြစ်နေဆဲ ..။ ရေချိုးပြီး အပေါ်ပြန်တက်လာစဉ် ဖေဖေ အသံကြား၍ ဝင်လာသည်ဆင့် ..။

ဖေဖေ့လက်သီးတစ်ချက်သည် .. အတော်ကြီးကို ...သွားကာ ကိုမြင့်ဦး ခါးကြီးကုန်းကျသွားရင်း နာကျင်လွန်း၍ ...ရစ္ဆာန်တစ်ကောင် ညည်းညူနေသည့်နှယ် မချိမဆန့်ကြီး ညည်းနေသည်မှ ထွန့်ထွန့်လူးပါ ..။ ဖေဖေ့လက်တစ်ဖက်သည် ကိုမြင့်ဦး၏ ပခုံးကို မြဲမြဲစွာ ဆုပ်ထားဆဲ ..။ ကိုမြင့်ဦးမှာ ရုန်း၍မရနေအောင် ဖြစ်နေပါသည့် အဖြစ် ..။ နောက်တစ်ချက် ဖေဖေ ကိုမြင့်ဦး၏ အရိုက်ကို ဆက်ထိုးသည်။ နောက်တော့ အကိုခဲ၍..

www.burmeseclassic.com



"ဟော့ကောင် .. ဆင်းစမ်း .. ငါ့အိမ်ပေါ်က အခုဆင်း စမ်း .. ငါ့ရေချိုးပြီး တက်လာတော့ သမီးရဲ့အသံကြား တာမို့ ငါဝင်လာခဲ့တာ .. အတော်ခံပြင်းစိတ်နဲ့ ပြောနေ[...] အသံကိုး .. မင်း .. မင်း ဘယ်သူလဲ .."

ဟု မေးနေခိုက်မှာ ကိုမြင့်ဦးမှ ဝမ်းဗိုက်ကိုလ[...] ဖြင့်အုပ်၍လည်း ညည်းနေဆဲ ..။ ပြန်၍ မဖြေနိုင်။

"ငါမမြင်ရဲပေမယ့် .. ငါ့လက်တွေမှာ အားအင်ရှိတယ်ကွ.. သိလား .. သမီး .. ဒီကောင် ဘယ်ကောင်လဲ .."

ဟု မေးခိုက် ကိုမြင့်ဦးမှ ဖေဖေ့လက်ထဲမှ လန့်လ[...] ဖြင့် ဆောင့်ရုန်း၍ တစ်ချိုးတည်း ပြေးဆင်းပါပြီတည်း ..။ [...] အခါကျမှ မိဒေါင်း ကလေးလေးလို ဖေဖေ့ ရင်ခွင်ထဲ ပြေး[...] ငိုချလိုက်မိရပါပြီတည်း ..။

"တောက် .. မျက်မမြင်ကြီးဆိုပြီး .. စော်ကားရဲလိုက်[...] ကွာ .. ဒီကောင် ဘယ်ကောင်လဲ .. ဟင် .."

ဟု ဖေဖေ တွင်တွင် မေးနေသည်။ ဖေဖေ ရော[...] လာချိန်မှာကျတော့ ကိုမြင့်ဦးမှ စကားပြောနေတာမျိုး မရှိ[...] ဘဲ မိဒေါင်း အသံလေးသာ ရှုံးရှုံးရှုံးဖြင့် ရှိနေတာမို့ ဘယ်သူ[...] ဖေဖေ မမှန်းဆနိုင်ဘဲ ဖြစ်နေခြင်းပါ ..။ ကိုမြင့်ဦး၏ စကား[...] ကို ကြားလျှင်တော့ အသံကျက်မိနေသည်မို့ ဖေဖေ ချက်ချ[...] သိမည်သာ။

"ကိုမြင့်ဦးပါ ဖေဖေ .. သူက .. သမီးကို ဖေဖေ [...] နေတုန်း .. ခုလို .. လာပြီ .. ကိုယ်ထိလက်ရောက် [...] ကားဖို့အထိ ကြံတာပါ ဖေဖေ၊ မိဒေါင်း .. သူ့[...]



သနပ်ခါးတုံးနဲ့ ထုရိုက်လိုက်တာ နဖူးကွဲသွားတယ် ဖေဖေ .. နောက် .. ဖေဖေ ရောက်လာတာပါပဲ .."

ဟု ဖေဖေ့ကို မော့၍ ကလေးလေးလိုပဲ ပြောလည်း [...]ပြ ..။

ခံပြင်းစိတ်ဖြင့် မျက်ရည်လည်း ကျနေရသည်ပါပဲ ..။

"ဖေဖေ့ကို မျက်မမြင် ဆိုပြီးတော့ .. စော်ကားတာ .."

ဟု ရင်ထဲမှာ မိဒေါင်း ခံစားနေရသည် မဟုတ်ပါ [...] ..။ မိဒေါင်းကိုလည်း မျက်မမြင်သမီးပေမို့ ငွေနှင့်ပေါက်၍ [...]စကားပြောလျှင် အလွယ်နှင့် တိမ်းပါသွားမည်ဟု အထင်တ [...] ရှိခဲ့သည်လေ ..။ ရင်ထဲမှာ ခံပြင်းနာကြည်းနေသည်။ [...]ကြကွဲနေသည်။ မျက်မမြင်တစ်ယောက်၏ ဘဝသည် လူတို့ [...]လေးမစားပြုရန်အတွက် သက်သက်ဖြစ်နေရချေမည်တဲ့လား ..။ [...]ခဲ့မြင် .. မထေလေစား လုပ်ရဲလေသမျှကို ခံရမည်ဟုများ [...]ကိုသည် ထင်နေကြချေသည်တဲ့လားလေ ..။ ဖေဖေ့ကို သနား [...]ဖြင့် မိဒေါင်း မော့ကြည့်ရင်း မျက်ရည်သာ ခံပြင်းစွာ ကျနေ [...]ည်ပါပဲ ..။ အသားတွေ ဆတ်ဆတ်တုန်အောင် ဒေါသဖြစ် [...]သည့် ဖေဖေ့ကို ကြာရှည့်မကြည့်ရက် ..။ ဖေဖေ့ကို သနား [...]ပြီ ..။ အဖေတစ်ယောက်လုံး ရှိနေပါသည့် အိမ်တစ်အိမ်မှာ [...]ယောကျ်ားတစ်ယောက်က .. ခုလို .. လုပ်ဝံ့သည် ဆိုခြင်း [...] .. ဖေဖေ မျက်စိမမြင်၍ဆိုတာ .. ဖေဖေ ကြေကွဲခံစားရ [...]ည်ပေါ့ ..။

တက်တစ်ချက် ဖေဖေ ခေါက်သည်။ မိဒေါင်း၏ [...]တွေကို သပ်ပေးနေရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ဒါ .. ဒေါ်လေး အိမ်မှာမရှိမှန်းသိလို့ ဒီလို အတင် တာ .. ဒေါ်လေး ရှိတုန်းကလဲ .. ဆိုင်ရောင်းနေတာ ရှိ မယ့် .. နေ့လယ်နေ့ခင်းလည်း အိမ်မှာ ထမင်းလာ ဆိုင်ကို ဘွားနဲ့ အပ်ခဲ့တာမျိုး ရှိတာကိုး .. သမီး ရယ် .. ဖေဖေ ရှိနေရက်နဲ့ကွယ် .. အင်း .. ဖေဖေ ရ မကောင်းလိုက်တာ .. သမီးလေး မိဒေါင်း သတ္တိရှိ သာပေါ့ .."

ဟု ပြောရင်းမှ ..

"ဖေဖေ့ကို လှမ်းအော်ခေါ်လိုက်ရောပေါ့ သမီးရယ် .."

ဟု ပြောခိုက် ..

"ဖေဖေ စိတ်ပူပြီး အရမ်းပြေးတက်လာရင် .. ဖေဖေ မှာ .. တိုက်မိ ခိုက်မိမှာ .. ဒဏ်ရာရမှာစိုးလို့ပါ ဖေဖေ .."

ဟု အဖေကို ချစ်စိတ်ဖြင့် မိဒေါင်း ပြော ဖေဖေ မျက်ရည်ဖြိုင်နေအောင် ကျလာရှာပါသတည်း ..။ မိဒေါ ၏ ဆံစလေးတွေကို သပ်ပေးနေရင်းမှ ..

"သမီးရယ် .."

ဟုသာ ရင်ကိုခွဲ၍ မချိတင်ကဲကြီး ပွင့်ကျလာ နယ် ခေါ်လည်းခေါ် ..။ မျက်ရည်မစဲနိုင်ပဲ ရှိနေရပါပြီတည် ..

ဤသည်ကား .. မျက်မမြင်တစ်ယောက်၏ .. ဘဝအတွက် .. ကြေကွဲစွာ တမြည့်မြည့်နိုင်အောင် ခံစား ပွင့်ကျလာပါသည့် ညည်းသံ ..။ ခေါ်သံ ..။ ပြီးတော့ .. နိုင်အောင် .. ဖြိုင်ဖြိုကျနေပါသည့် မျက်ရည်များပါတကား ..

❋ ❧ ❋



## အခန်း(၂၁)

နံနက်စာ ထမင်းကြမ်းကြော်နှင့် ငါးသေးသေးလေး ကြော်ကို ရေနွေးကြမ်းဖြင့် ဖေဖေနှင့် အတူစားသောက်နေရာမှ ဒေါင်းမေ တစ်ချက် တစ်ချက် အကဲခတ်သလို ကြည့်နေမိရ ပါ၏။ ဖေဖေ တစ်ခုခုကို ခပ်ဆဆတွေး၍ ငြိမ်နေပြန်ပါ၏။ ထမင်းကို ဆက်မစားသေး ..။ ရေနွေးငွေ့ တလွန့်လွန့် တက်နေ သည့် ရေနွေးကြမ်း ပန်းကန်သည်ပင်လျှင် သိပ်မလျော့လှသေး ..။ ဖေဖေသည် မနေ့ညကလည်း မအိပ်နိုင်ဘဲ ရှိနေခဲ့ရှာသည်ပါပဲ ..။ မနေ့က ကိုမြင့်ဦး အိမ်ပေါ်တက်၍ မိဒေါင်းကို ချစ်ကြိုက်စကား ပြောသည်းပြော ကိုယ်ထိလက်ရောက် အတင်း လက်ဆွဲခြေဆွဲ လုပ် သည့်ကိစ္စကို ဖေဖေ့ ရင်ထဲက တော်ရုံနှင့် မောင်းထုတ်နိုင်မှာ မဟုတ်တာကို မိဒေါင်း သိပါသည်။

မနေ့က ထိုအဖြစ် ဖြစ်ခဲ့သည့်နောက်မှာ ဖေဖေသည် ညောင်ပင်ကြီးအောက်မှာ တစ်ယောက်တည်း အတန်ကြာ သွား ထိုင်နေခဲ့သည်။ မိဒေါင်း ဖေဖေ့ထံ သွားထိုင်တော့လည်း ဆက် ငြိမ်နေရှိက်၍ ဆံစလေးတွေကို စမ်း၍ သပ်ပေးခဲ့ရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ တစ်ယောက်တည်း ခဏနေချင်တယ် သမီးရယ် ... ဖေဖေ ခဏလေး ဒီလိုနေချင်သေးတယ် ... အတွေးတွေ ... ပေါ့ သမီးရယ် ... ဖေဖေ ရှေ့ခရီးကို စဉ်းစားနေပါရ ... ဦး ..."

ဟု ပြောလာခဲ့တာမို့ မိဒေါင်း ရင်ထဲ မကောင်း ... ပဲ အိမ်ပေါ်ပြန်တက်ခဲ့ရသည် မဟုတ်ပါလား။ မနေ့က နေ့လ ... စာရော ... ညစာကိုရော ... ဖေဖေ သိပ်ဟက်ဟက်ပက်ပက် ... ခဲ့ ...။ ညကျတော့လည်း ... အိမ်ရှေ့ ဝရန်တာဆောင်လေး ... ညဉ့်နက်သည်အထိ ထိုင်နေခဲ့သည်ပါပဲ ...။ ဖေဖေ့ထံသွား၍ ... ပြန်လျှင်လည်း ဖေဖေသည် ... တစ်ယောက်တည်း နေချင်သ ... ဟုသာ ပြောပြောလွှတ်နေသည်မို့ မိဒေါင်း ရင်ထဲမှာမကောင်း ...

ဖေဖေ အရမ်းကို စိတ်ထိခိုက်နေချေသည်ကော ... ဟု သိနေရလေလေ ...။ ဖေဖေ့ကို သနားရလေလေပါ ...။ ... မမြင်ဖြစ်သည့် ဘဝပေမို့ ... ဖေဖေသည် ကိုယ့်သမီးလေးကို ... မကာကွယ်နိုင်သည့်နှယ် ခံစားနေရရှာသည်ထင့် ...။ ကြေကွဲ ... ရှာသည်ထင့် ...။ အားငယ်နေရှာသည်ထင့် ...။ ဖေဖေ့ ရင် ... သမီးလေးအတွက် စိုးရိမ်သောကတွေ အဘယ်မျှထိ ပြည့်သိ ... ကြကာ အဘယ်မျှထိ နက်ရှိုင်းစွာ ဖေဖေ့နှလုံးသားကို ... ချေမှုန်းနေကြချေပြီမသိ ...။

ခု ... မနက်ကျတော့လည်း ဖေဖေသည် ... ထမင်းကြော်ကိုလည်း သိပ်မစားလှ။ ပန်းကန်ကို လက် ... ပြီးသည့်နောက်မှာ ထမင်းလုတ်လေး ငါးလုတ်လောက်ပဲ ... ဘာသည်။ ငါးကြော်လေးတွေ ဖေဖေ့ ပန်းကန်ထဲ ထည့် ...



လည်း ဖေဖေ့လက်တွေက ငါးကြော်ကို စမ်းမိကြပေမယ့် ယူမ ... စား ...။ ကြာတော့ မိဒေါင်း ရင်ထဲမှာ နေ၍မရနိုင် ...။ မျက်ရည် ကျလာရသည်ပါပဲ ...။ ဖေဖေ့ကို သနားရလွန်း၍ပါ ...။ ဖေဖေ လက်ဆေးဇလုံမှာ လက်ဆေးလိုက်သည်မို့ ဖေဖေ မသိအောင် ... ကိုက်၍ မျက်ရည်ကျနေရာမှ မိဒေါင်း မျက်နှာလေး မကောင်းနိုင် တော့ပဲ ...

"ဟင် ... ဖေဖေ တော်ပြီလား ... စားမကောင်းလို့လား ဖေဖေ ..."

ဟု မေးတော့ ဖေဖေ သက်ပြင်းရှိုက်သည်။ တစ်ခုခု ကို ပြတ်သားစွာ ဆုံးဖြတ်လိုက်သည့် အသွင်ဖြင့် ပြတ်သားသည့် မျက်နှာထားဖြင့် မိဒေါင်း ရှိရာဘက်ဆီသို့ ခေါင်းကိုလှည့်လာ သည်။ မိဒေါင်း ဘယ်မှာထိုင်နေသည် ဆိုတာ မိဒေါင်း၏ လှုပ် ရှားမှုလေးများ၊ မိဒေါင်း၏ စကားသံတို့ဖြင့် ဖေဖေ သိနေသည်မို့ ဖေဖေ့ ခေါင်းတည့်တည့်ကြည့်သည်ကို ဘေးမှကြည့်လိုက်ချေလျှင် ... တကယ့် အကောင်းနှယ်ပါ ...။ မျက်စိမြင်နေသည့်သူနှယ် ... ဘည့် ...။ တကယ်ပဲ ဖေဖေ့ကို မျက်ဝန်းများမှာ အလင်းရလိုက် ... ချင်တော့သည်ပါပဲ ...။

"မိဒေါင်း ... အဝတ်အစားထဲက ကောင်းတာလေးတွေ ထည့် ... ဖေဖေ့ အဝတ်အစား တချို့လဲထည့် ... ဖေဖေတို့ မြို့ပေါ် ခဏတက်ကြမယ် ... သမီးလေး လိုချင်တာလေး တွေ ထည့်လာပေါ့ ... ဖေဖေ့ ဆေးတွေလဲ ထည့်ခဲ့ ... ကြား ရဲ့လား ... ဖေဖေ ခဏနားပြီးရင် ... ရေချိုးမယ် ... ပြီးရင် မြို့ပေါ် သွားကြမယ် ... မီးဖိုထဲမှာ မီးကြွင်းမီးကျန် မကျန်

www.burmeseclassic.com

www.burmeseclassic.com



စေနဲ့ .. သချော ရေနဲ့သပ်ခဲ့ .. အိုးခွက်တွေ အားလုံး ဆေး ကြောသန့်စင်ခဲ့ .. အိမ်ကို သေချာစေ့စေ့စပ်စပ် တံခါး ပြတင်းတွေ ပိတ်ခဲ့ .. ဖေဖေတို့ ခဏ မြို့ပေါ်တက်သွား ကြကြောင်း .. မကြာခင် ပြန်လာမှာ ဖြစ်ကြောင်းကို စာ လေးတစ်စောင်ရေးပြီး သမီး ဘွားလေးအတွက် သမီး ဘွားလေးနဆီမှာ သေချာကို အိမ်သော့နဲ့ အပ်ထားခဲ့ .. ကြားရဲ့လား .. ဖေဖေတို့ မရှိခိုက် သမီးဘွားလေး ပြန် လာရင် .. အိမ်ထဲဝင်လို့ဖြစ်အောင်နဲ့ စိတ်မပူအောင် စာ ရေးထားခဲ့မှ ဖြစ်မှာလေ .."

ဟု ပြောကာ ဘာမျှ မိဒေါင်း ဆက်မပြောနိုင်ခဲ မှာ၊ ဖေဖေ ဝရန်တာဘက် ထွက်သွားကာ၊ လှေကားအတိုင်း ဆင်းသွားတော့ မိဒေါင်း ဖေဖေ့နောက်ကို လိုက်ကြည့်ရင်း သွားမိရသည်ပါပဲ ..။ အကျော်ပင်ကြီးအောက်မှာ ဖေဖေ သွား နေသည်မို့ မိဒေါင်း တစ်ချက်ငြိမ်၍ ငေးကြည့်ပြီးမှ ..။ အိမ် ပြန်ဝင်ရ ..။ ဖေဖေမှာသည့်အတိုင်း အားလုံး တောက်လျှော လိုက်လုပ်ရပါ၏။ အိမ်ကိစ္စအားလုံး သိမ်းဆည်း၊ ပြတင်းတံခါး တွေကအစပိတ် ..။ နောက်ဆုံးမှာ အဝတ်အစားတွေ ... အတွက် သားရေအိတ်လေးနှင့် တစ်အိတ် ..။ မိဒေါင်းအတွက် သားရေအိတ်လေးနှင့် တစ်အိတ် သီးသန့်စီထည့် ..။ တ... အိတ်လေးကိုလည်း သေချာထည့်နှင့် ရှိသွားရသည်ပါပဲ .. သြော် .. မိဒေါင်း၏ သားရေအိတ်တွင်းမှာ မေမေ့ ဝင်... ဝတ်စုံလေးတွေ ကိန္နရီဝတ်စုံလေးတွေ ပါလာသည်ကို ဖေဖေ... လျှင် စိတ်ဆိုးချေမည်လား မသိ ..။ ဘာကြောင့်ပါဖြစ်ခြင်း



မိဒေါင်း ဤအိမ်လေးဆီမှ ထွက်ခွာရချိန်မှာဖြင့် မေမေ့ အဝတ် အစားလေးတွေကို ဤအိမ်ငယ်လေးရှိ ဘွားလေး၏ သံသေတ္တာထဲ မှာ ချန်မထားခဲ့ရက်နိုင်သည့်နှယ် ခံစားနေရသည်လေ။

မေမေ့ ပန်းချီကားကိုတော့ ယူသွား၍ မဖြစ်နိုင် ..။ ဖေဖေ မမြင်ရပေမယ့် .. မိဒေါင်း သယ်လာသည့် ပစ္စည်းတွေကို စမ်းကြည့်လျှင် သားရေအိတ် ဆိုတာကတော့ အတွင်းဘက်မှ အဝတ်အစားကို စမ်းနိုင် သိနိုင်တာ မဟုတ်ပေမယ့် ..။ ပန်းချီ ကားချပ် ဆိုတာကျတော့ မှန်ပေါင်သွင်းထားသည့်အရာ ဖြစ်နေတာမို့ ဖေဖေ သိသွားနိုင်သည်လေ ..။ မေမေ့ပုံတူပန်းချီကားကို မိဒေါင်း လက်အုပ်လေးချီ၍ ကန်တော့ ..။ သေချာထုပ်ပတ်၍ သံသေတ္တာထဲ ပြန်၍ တရိုတသေလေးထည့် ..။ သေတ္တာကို သော့ခတ်ကာ အခန်းလေးကို လှည့်ပတ်ကြည့်မိရပါ၏။ ဖေဖေသည် မိဒေါင်းကို အဘယ်အရပ်ဆီသို့ ခေါ်သွားချေမည် မသိ။ ဤအိမ်လေးဆီမှ အဘယ်နေရာ ဆီသို့ ခေါ်သွားဖို့ ဆုံးဖြတ်ခဲ့သည် မသိ ..။ ထိုသို့ ဆုံးဖြတ်ဖို့ အတွက် ဖေဖေသည် မနေ့က တစ်နေ့လုံး တစ်ညလုံး .. တောက်လျှောက် ချိန်ဆစဉ်းစားနေခဲ့ဟန် တူပါ၏။ ဤမနက်ကျ မှ .. ယတိပြတ် ဆုံးဖြတ်လိုက်သည့်အသွင် ..။

ဘွားလေး ပေးထားသော ပိုက်ဆံ ..။ ဖေဖေ ပေး ထားသော ပိုက်ဆံလေးတွေ စုဆောင်းထားသမျှကို သားရေပိုက် ဆံအိတ်လေးထဲထည့် ..။ လွယ်အိတ်လေးထဲ ပိုက်ဆံအိတ်လေး ကိုထည့်ကာ ဖေဖေ ဆောင်းဖို့ ထီးကောက်ကြီးတစ်လက် ..။ ဖေဖေ့ လက်ကိုင်တုတ်ကောက်လေးကအစ .. အားလုံး အိမ်ရှေ့ ... တာလေးဆီမှာ စုပုံထားခဲ့ကာ ..။ ဖေဖေ မှာထားသည့်နှယ်

www.burmeseclassic.com

www.burmeseclassic.com



ဟာကိုရေး၍ အိမ်သော့နှင့်တကွ ဘွားနှအိမ်သို့ သွားအပ်ခဲ့ရ။ ဘယ်သွားကြမလို့လဲ ကလေးရဲ့ .. ဟု ဘွားနှ မေးသမျှကိုလည်း မိဒေါင်းမှ .. မြို့ပေါ်ကို သွားမယ်ပြောတာပဲ ဘွားနှရယ် .. ဆို သည့် အဖြေလေးကိုပဲ ပေးခဲ့ရပါသည့် အဖြစ်။

အားလုံး အသင့်ဖြစ်ပြီ ဆိုတာကို ဖေဖေ့ကို ပြော တော့ လိုင်းကားဂိတ်သို့ သွားမည်ဟု ဖေဖေ ပြောခဲ့ပါ၏။ သား အဖနှစ်ယောက် .. ဖေဖေက သားရေအိတ်တစ်လုံးကိုလွယ် .. လက်ကိုင်တုတ်ကောက်လေးဖြင့် မြေလမ်းလေးအတိုင်း လျှောက် ကြကာ .. မိဒေါင်းက သားရေအိတ်ရော လွယ်အိတ်လေးရော .. တယောအိတ်လေးရော သိုင်းလွယ်ကာ ဖေဖေ့ကို ဘေးမှထိန်း၍ ကားဂိတ်သို့ ရောက်ခဲ့ရ .။ သားအဖနှစ်ယောက် လိုင်းကားဖြင့် ရန်ကုန်မြို့သို့ ရောက်ခဲ့ကြရပါ၏။

ရောက်တော့လည်း တက္ကစီတစ်စီးကို ဖေဖေ ငှာ ခိုင်းသည်မို့ မိဒေါင်း ငှားခဲ့ရကာ ဖေဖေ့ကို ခေါ်လာတော့ သွား ရမည့်လိပ်စာကို ဖေဖေ ဒရိုင်ဘာအား ပြောတော့ .. နွေဦးမွှ ဆိုသည့် အမည်တစ်ခုကို မိဒေါင်း ကြားလိုက်ရကာ၊ အိမ်အမှတ် .. လိပ်စာတွေ ဖေဖေ ရွတ်ပြနေသမျှ ဒရိုင်ဘာကလည်း သိသည် ခေါင်းညိတ်သည်ပါပဲ .။ တက္ကစီလေးနှင့် သားအဖနှစ်ယော နွေဦးမွှန် ဆိုသည့် ခြံတံခါးကျယ်ကြီးနှင့် ရှိပါလေသော သံ ခတ် ခြံကျယ်ကြီးရှေ့ ရောက်ကြတော့ ဖေဖေ မိဒေါင်းကိုတွဲ ဆင်းသည်။ ကားကို စောင့်ခိုင်းထားသည်မို့ ဒရိုင်ဘာက ခေါင်းညိတ်ပြပါ၏။ ဖေဖေ မျက်စိမမြင်တာကို ဒရိုင်ဘာလည်း သိလာခဲ့ပြီမို့ မိဒေါင်းတို့ သားအဖအပေါ် စေတနာထား ညှာ



မှန်း ကရုဏာမျက်ဝန်းများဖြင့် ကြည့်ကြည့်နေတာ တစ်ချဖြင့်ပင် မိဒေါင်း နားလည်ခဲ့ရသည်ပါပဲ .။

"သမီး .. ခြံဝမှာ လူခေါ်ဘဲလ်လေးရှိတယ် .. နှိပ်လိုက် .."

ဟု ဖေဖေ ပြောတာမို့ မိဒေါင်း နှိပ်လိုက်တော့ မကြာလိုက် .။ အသားညိုညို .။ တုတ်ခိုင်ခိုင်နှင့် အနည်းငယ် ဆံပင်တွေ ဖြူစပြုနေပြီဖြစ်ပါသည့် လူတစ်ယောက် ခြံတံခါးရှေ့ ရောက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ .."

ဟု မေးသံအဆုံးမှာ ဖေဖေ အားယူ၍ ပြုံးလာပါ ၏။ ဖေဖေ့ မျက်ဝန်းတွေထဲမှာ ကြေကွဲရိပ်သမ်းနေသည်။ ပြီး တော့ .. မျက်နှာသည်လည်း နီမြန်းမြန်း ဖြစ်နေ၏။ ဖေဖေ စိတ် ထိခိုက်နေသည် ဆိုတာကို မိဒေါင်း သိရသည်ပါပဲ .။ ခေါင်း မှာ ဆောင်းထားသည့် ချည်သားအနားဝိုင်း ဦးထုပ်ဟောင်းပျော့ ပျော့လေးကို ဖေဖေ့လက်တွေက ဖယ်ရှားကိုင်လိုက်ရင်းမှ ..

"ဦးညို မဟုတ်လားဟင် .."

ဟု မေးသံပေါ်လာခိုက် ထိုဦးကြီးမှာ သေချာကြီး အံ့ဩတုန်လှုပ်ဟန်ဖြင့် ငေးခနဲကြည့် ..

"ဘုရားရေ .. အစ်ကိုလေးပါလား .. အစ်ကိုလေးပါလား .. ဖြုန်းဆို မမှတ်မိလိုက်တာ အစ်ကိုလေးရယ် .. ခုလို ဦးထုပ်လေး ချွတ်လိုက်မှ မှတ်မိလာတော့တာ .."

ဟု ပြောရင်းမှ ဖေဖေ့လက်ထဲမှာ ကိုင်ထားသည့် တုတ်ကောက်ကို တကြည့်ကြည့်ဖြင့် ရှိနေပါ၏။ လက်ထဲမှ တုတ်ကို ဖေဖေ တင်းတင်းဆုပ်ထားရင်းမှ ..

www.burmeseclassic.com



"အိမ်ထဲ ခဏဝင်လို့ ဖြစ်မလား ဦးညို .."

ဟု မေးတော့ ဦးညိုမှ မျက်ရည်တွေ ဝဲတက်လာရင်းမှ ဖျာဖျာသလဲ ခြံတံခါးကြီးကိုဖွင့် ..။ ဖေဖေ့ကို ဝမ်းသာဝမ်းနည်းကြီး ကြည့်လာရင်းမှ ..

"အဲသလိုကြီးတော့ မမေးပါနဲ့ အစ်ကိုလေးရယ် .. ဒီအိမ်တံခါးကို .. အစ်ကိုလေးလာရင် ဘယ်တော့မဆို ဦးညိုက ဖွင့်ပေးရမှာပါ .. ခုလို .. ကာလတွေကြာရှည်အောင် ဆေးနေရ .. မတွေ့ဘဲ ရှိရရင်း .. ခုလို .. မမျှော်မလင့်ကြီး တွေ့ရတော့ .. ရင်ထဲ .. ဝမ်းသာဝမ်းနည်း ဖြစ်နေရတော့ တာပါပဲ အစ်ကိုလေးရယ် .. ဒါကိုပဲ ပြောတာပါတော့ တယ် .."

ဟု ပြောကာ ဖေဖေ့ကို ကြည့်စဉ်မိုက် ..။ ဖေဖေ မိဒေါင်းကို တစ်ချက်ငဲ့ကြည့်သည်။

"သမီး .. ဒီမှာ ခဏနေခဲ့ .. ဖေဖေ .. အိမ်ထဲခဏဝင် သွားလိုက်ဦးမယ် .. ကားထဲမှာ စောင့်နေ .. ဟုတ်ပလား .."

ဟု ပြောလာတော့ မိဒေါင်း ခေါင်းလေးညိတ်ပြရပါ၏။ ဖေဖေ တုတ်ကောက်လေးဖြင့် ရှေ့ကို ထောက်ထောက်ပြီး၍ လျှောက်တော့ ဦးညို မှင်တက်ကြည့်ရင်းမှ မျက်ရည်တွေ ဝိုင်းတက်လာရင်း ..

"အစ်ကိုလေး .. အစ်ကိုလေးက .."

ဟု တစ်ဆို့ဆို့ကြီးဖြင့် မေးလာစဉ်မိုက် ဖေဖေ ကြေကြေကွဲကွဲပြုံး၍ ခေါင်းညိတ်လိုက်တာကို မိဒေါင်း မြင်နေရင်း ရင်ထဲဆို့တက်လာရသည်ပါပဲ ..။ ဖေဖေသည် လောကခံ



အထုအထောင်းကို ကျေနေအောင် လူးလိမ့်ခံနေရရှာလျက် ..။ ထိုလောကခံတရားကို အကောင်းအဆိုး မပြောတော့ဘဲ .. ရင်ဆိုင်လက်ခံပေးလိုက်ဖို့ ဒုန်းဒုန်းချ စိတ်ပိုင်းဖြတ်ထားသည့်နှယ် ပါတကား ..။

"ဟုတ်တယ် .. ကျွန်တော် .. ကြောင်တောင်ကန်းကြီး ဖြစ်နေတယ် ဦးညို .. မျက်စိမမြင်ရတဲ့ အကန်းကြီးပေါ့ .. ခု .. နွေဦးမွန်ရဲ့ ခြံတံခါးဝမှာ သမီးလေးနဲ့အတူ ရောက်လာနေရတဲ့ မောင်မောင်ပေါ့ .."

ဟု အက်ကွဲနေသောအသံဖြင့် ပြောလာပါ၏။ ဖေဖေ အံခဲထားတာကို မိဒေါင်း သေးတိုက်ရပ်နေရင်း မြင်နေရသည်။

"ဖြစ်ရလေ အစ်ကိုလေးရယ် .. ဘယ်လိုဖြစ်ရတာလဲဗျာ.. ဘယ်လိုဖြစ်သွားရတာလဲ .. ရင်ထဲမကောင်းလိုက်တာ အစ်ကိုလေးရယ် .. ခုလို အဖြစ်မျိုးနဲ့မှ ပြန်ဆုံရတယ်လို့.. ဦးကြီးရင်ထဲ မချိလိုက်တာ .."

ဟု ရင်ထဲမကောင်းနိုင်သမျှ မျက်ရည်ကျရင်း ဦးညို ပြောကာ မိဒေါင်းကို ကြည့်သည်။ အကြည့်တွင် ချစ်ကြင်မှုပါ၏။ မျက်ရည်များဖြင့် ဦးညိုက မိဒေါင်းကို ပြုံးပြသည်။ မိဒေါင်းကလည်း ဖေဖေ့ကို သနားရလွန်း၍ မျက်ရည်များ ပြည့်နေရာမှ .. မျက်ရည်များဖြင့်ပဲ .. ဦးညို ဆိုသည့် ဦးကြီးကို ပြုံးပြလိုက်ရပါ၏။

"သမီးလေးက ချောလိုက်တာ .. ချောလိုက်တာ .."

ဟု ဦးညို ပြောတော့ ဖေဖေ အားယူပြုံးရင်း ခေါင်းညိတ်ပြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲသလို ချောလွန်းလို့ ခက်တာပေါ့ ဦးညိုရယ် .. ကဲ .. ကျွန်တော့်ကို အထဲခေါ်သွားပါလား .. သမီးလေးကတော့ အပြင်ကပဲ စောင့်နေလိမ့်မယ် .."

ဟု ပြောတာမို့ မိဒေါင်းမှာ နေခဲ့ရပါပြီ ..။

ဖေဖေကတော့ ဘေးမှ ဦးညို တွဲထိန်းခေါ်နေသည့်နောက်သို့ တုတ်ကောက်လေး တထောက်ထောက်ဖြင့် လိုက်သွားရင်းမှ ..

"ဒီလမ်းတွေကို .. ကျွန်တော် မှတ်မိပါတယ်ဗျ .."

ဟု ရယ်နိုင်အောင် ကြိုးစားရင်း ပြောလိုက်သံကို မိဒေါင်း ကြားလိုက်ရပါသတည်း။ မိဒေါင်းကဖြင့် အသွေးစုံသော ပန်းဥယျာဉ်ကြီးလည်း ရှိသော ..။ လှပသော မြက်ခင်းကျယ် စိမ်းမြမြတို့လည်း ရှိသော ..။ လှပခန့်ထည်သော အိမ်ကြီးလည်း ရှိသော ခြံဝင်းကျယ်ကြီး၏ ကွန်ကရစ်ခင်းလမ်းလေးအတိုင်း ဦးညိုနှင့်အတူ တုတ်ကောက်လေးဖြင့် သွားနေပါသည့် ဖေဖေ့ ကျောပြင်ကို ငေးကြည့်ရင်း ကျန်ခဲ့ရပါ၏။

ဤနေရာသည် .. ဖေဖေနှင့် အဘယ်မျှထိ ပတ်သက်ခဲ့ပါသလဲ ..။

ဘွားလေးက ပြောဖူးသည် ..။ ဖေဖေသည် ဖေဖေ့ အဝန်းအဝိုင်းကို စွန့်လွှတ်၍ မေမေ့ကို လက်ထပ်ခဲ့ခြင်းဟူ၍ ..။

အို .. အို .. ဤမျှခြဦးမွန် ဆိုသည့် နေရာသည် .. ဖေဖေ နေခဲ့သော .. ဖေဖေ့အိမ် ဖြစ်နေချေမည်လား ..။

မိဒေါင်း .. ကမန်းကတန်းလေး ကားဆီသို့သွားကာ သားရေအိတ်လေးတွေဆွဲ၍ ခြံထဲပြေးဝင်ခဲ့ကာ ..။ ကား



ဒရိုင်ဘာ ဦးကြီးကိုတော့ စောင့်ပေးပါ .. ဟု တောင်းပန်ခဲ့ရပါ၏။ ဘာပဲဖြစ်ဖြစ် ..။ ပစ္စည်းတွေကိုတော့ ကားထဲ အားလုံးချန်ထားခဲ့၍မဖြစ် ..။ လူကို မယုံကြည်တာတော့ မဟုတ် ..။ ဒါပေမဲ့ မတော် .. ကားမောင်းထွက်သွားလျှင် ဘယ့်နှယ်လုပ်ရပါ့မလဲလေ ..။ မိဒေါင်းတို့ ဒုက္ခရောက်ရမည်ပေါ့ ..။ ဒါပေမဲ့ .. မိဒေါင်း .. ဖေဖေ့နောက်ကို မလိုက်၍ကလည်း မဖြစ်တော့သည်မို့ .. စိတ်နောက်ကိုယ်ပါလေးမျှဖြင့်ပင် .. နောက်မှ လိုက်သွားရပါပြီ ..။

ဖေဖေ့နောက်ကို လိုက်သွားခဲ့သည့်အတွက် ဖေဖေ တိုက်ဆိုးမည်လား မသိ ..။

ဖေဖေက နေခဲ့ဟု ပြောထားသည်လေ ..။

ဒါပေမဲ့ .. ဘာပဲဖြစ်ဖြစ် ..။ မိဒေါင်း .. ဖေဖေ့အနားမှာ .. ရှိနေသင့်သည်ဟု နားလည်ခံယူထားလိုက်ရသည်ပါပဲ ..။ ဖေဖေသည် တစ်ယောက်တည်းမဟုတ်။ ဖေဖေ့သွေး .. မိဒေါင်းသည်လည်း .. ဖေဖေ့အပါးမှာ ရှိနေသင့်သည်လေ။

ဘာကြောင့်ဆို .. ဖေဖေသည် .. မေမေ့ကို ဘဝ ဖော်အဖြစ် လက်တွဲခဲ့သည့်အတွက် .. ဖေဖေ့ အဝန်းအဝိုင်းမှ ထွက်ခွာခဲ့ရသည်ဆိုလျှင် ..။

ယခု .. ဖေဖေ့ကို ကျဉ်ထားပါသော ဖေဖေ့နေရာ ဟောင်းတစ်ခုဆီသို့ .. ဖေဖေ တစ်ယောက်တည်းသောအားဖြင့် သွားလိုက်ရတာမျိုး မဖြစ်စေချင် ..။ ဖေဖေ့ဘေးမှာ မိဒေါင်းရှိရမည် ..။ ဖေဖေ့သမီး မိဒေါင်းသည်လည်း ရှိနေရချေလိမ့် မည်သာတကား ..။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ဆို .. ဖေဖေ့ အဝန်းအဝိုင်းဆီမှ .. ဖေဖေ့ကိုရော .. မိခေါင်းကိုရော .. ဘယ်တုန်းကမှ .. ဆက်သွယ် လာခြင်းမျိုး မရှိခဲ့သည့် အဖြစ်တစ်ခုကို လက်ခံနားလည်ထား ရပြီးပြီမို့ ..။ ဖေဖေ့ကို .. ဤတစ်ကြိမ် တွေ့ဆုံချိန်မှာ .. ဖေဖေ့ မိဘများသည် .. မည်သို့ ပြန်လည်ဆက်ဆံလိုက်ချေမည် ဆိုတာ မိခေါင်း .. မတွေးရက်။ အဖြေသည် .. ကောင်းမည်မဟုတ် နားလည်မျှော်လင့်ထားမိသည်။

ပြတ်ပြတ်ထင်ထင် .. ကင်းပြတ်အောင် နေခဲ့သည့် အတိတ်ကာလသည် .. ထိုအဖြေရမည်ဆိုသည့် အသိတရားတ ကို .. လောလောဆယ်မှာ မိခေါင်း ရင်မှာ အပ်နှံထားခဲ့ချေ မဟုတ်ပါလားလေ ..။

* * *



အခန်း(၂၂)

ဦးညို ဦးဆောင်၍ ခေါ်လာသော ရွှေဦးမွန် အိမ် ကြီး၏ ကျယ်လွန့်လွန်းလှသော ဧည့်ခန်းဆောင်ကြီးမှာ မိခေါင်း သဖေနှင့်အတူ ရပ်နေလိုက်ရစဉ်ခိုက် ဦးကြီးညိုကဖြင့် မီးဖိုဆောင် ဘက်ဆီသို့ ခဏဝင်သွားပြီး အမျိုးသမီးကြီး တစ်ယောက်နှင့် အတူ ထွက်လာပါ၏။ အသားဖြူဖြူ တုတ်တုတ်အိအိကြီးဖြင့် မျက်နှာဝိုင်းဝိုင်းနှင့် အရမ်းကို အရွယ်နှင့် မလိုက်စွာ အပြေးတစ် ခင်း ထွက်လာပါသည့် အခေါ်ကြီး ..။ မျက်ဝန်းများမှာ မျက်ရည် ည်နေသည်။ ဖေဖေ့ရှေ့မှာ လာရပ်ကာ ..

"အို .. အစ်ကိုလေးရယ် .. ဒေါ်ကြီးဥမှာဖြင့် ဒီတစ်သက် တော့ ပြန်ဆုံကြတော့မယ်တောင် မထင်အောင်ဖြစ်ခဲ့ .. စိတ်ထိခိုက်နေမိခဲ့ရတာ .. အစ်ကိုလေးရဲ့ မေမေ .. စာ ကြည့်ခန်းထဲမှာ ရှိနေတယ် .. လာ .. လာ .. အို .. ဒါက သမီးလေးဆို .. ကိုညို အားလုံး ပြောပြတယ် .. အားလုံး ပြောပြတယ် .."

www.burmeseclassic.com



ဟု ပြောနေရင်း ရှေ့မှ ဦးဆောင်၍သွားသော ဖေဖေ နောက်မှ မိဒေါင်းနှင့်အတူ လိုက်လာခဲ့ပါ၏။

ဖေဖေ့မေမေ ..။ ဒါဆို .. ဒါဆို .. မိဒေါင်းသည် မိဒေါင်း၏ ဘွားဘွားရှိရာသို့ ဦးတည်၍ သွားနေသည်ပေါ့ .. အဘယ်မျှ ခမ်းနားပါသော အိမ်ကြီးမှာ ဖေဖေသည် မွေးဖွားခဲ့ ပါသတဲ့လဲ ..။ မိဒေါင်း .. ဧည့်ခန်းကြီးကို ဇေ့ခနဲကြည့်မိရပါ၏။

အဖိုးတန် သားမွေးကော်ဇောစိမ်းမြမြကြီးကို ခင်း လုံးပြည့် ခင်းထားလျက် ..။ အနီရောင်ကတ္တီပါဖုံး ဆိုဖာကြီးများ .. ပန်းကနုတ်ထွင်း စားပွဲကြီးနှင့် ပန်းအလှထိုး ငွေပန်းအိုးကြီးမှာ အနီရောင်ရဲရဲ နှင်းဆီများ လန်းဆတ်စွာ ထိုးထားပါသည့် ဧည့် ခန်းဆောင် ..။ အိမ်၏နံရံမှာ ပန်းချီကားတွေ ချိတ်ထားသည်

ဖြူနုနု အမျိုးသမီးတစ်ယောက်နှင့် ခန့်သန့်နေသော အမျိုးသားတစ်ယောက်တို့၏ မင်္ဂလာပုံတူပန်းချီကား တစ်ချပ်ငး ချိတ်ထားသေးသည်ပဲ ..။ စိန်တွေ ညွတ်အိနေအောင် ဝတ်ထား သော သတို့သမီးသည် ဘီအေဆံထုံးနှင့် ..၊ စိန်ပန်းခိုင်တွေနှင့် ပိုးချိတ်သတို့သမီးဝတ်စုံနှင့် ..။ ပိုးခြုံပဝါနှင့် လှနေသည့်နယ် .. သတို့သားကလည်း ပိုးချိတ်တောင်ရှည်ပုဆိုးနှင့်၊ ပိုးတိုက်ပုံနှင့် ပိုးခေါင်းပေါင်းတို့ဖြင့် မွန်ရည်သန့်ပြန့်နေသည်ပါပဲ ..။ ထိုသတို့ သားသည် .. ဖေဖေ့ မျက်နှာကျနှင့် အတော်ကြီး တူနေသည်မို့ .. ထိုပန်းချီကားထဲမှ သူတို့သည် .. ငွေဒေါင်းမေ၏ ဘိုးဘိုးနှင့် ဘွားဘွားတို့၏ မင်္ဂလာရက်က ပုံတူပန်းချီကားကြီး ဆိုတာ နားလည်လာမိရပါ၏။ အရမ်းကိုချမ်းသာကြမှန်း သိသာနေသည် ပါပဲ ..။ ထိုသို့ ချမ်းသာလွန်းသည့် သူနှစ်ယောက်၏ စုံဖက်သော



အိမ်ထောင်မှာ ဖေဖေသည် .. သားတစ်ယောက်အဖြစ် မွေးဖွား ကြီးပြင်းခဲ့ပါလျက် ..။ အရမ်းကို .. သေးငယ်သော အိမ်လေး တစ်လုံးမှာ မေမေနှင့်အတူ အဲရာရာကို စွန့်ခွာ၍ နေခဲ့ရှာချေ သည်တကား ..။

ဖေဖေသည် .. မီးပန်းဆိုင်းကြီးများ လှပစွာရှိနေ သော မျက်နှာကြက်များ၊ ပိုးသားခန်းဆီးကြီးများ တပ်ဆင်ထား သော ပြတင်းပေါက်များ ..။

လှပသော ပွတ်လုံးများဖြင့် ခွေဝိုက်စွာ အပေါ်ထပ် သို့တက်သည့် ကော်ဇောပြာခင်း လှေကားထစ်များဖြင့် ရှိနေ သည့် တောက်ပနေသော လှေကားနှင့် .. ငွေထည်လက်ရာ များ ထားရှိရာ ဗီရိုကြီးများ၊ တောက်ပသော စန္ဒရားကြီး ရှိနေပါ သည့် နွေဦးမွန်၏ ခမ်းနားမှုများကို .. ဘယ်တုန်းကမှ မိဒေါင်း ကို ပုံပြင်လှလှလေးတစ်ပုဒ် အဖြစ်ပင် ပြောပြခဲ့ဖူးတာ မရှိဖူးခဲ့ ..။

မိဒေါင်း တစ်သက်တွင် .. ဤသို့ နွေဦးမွန်၏ ခမ်းနားမှုများ ပြည့်ဝနေသည့် ဧည့်ခန်းဆောင်ကြီး တစ်ခုကို ဖြတ်သန်း၍ လျှောက်နေရခြင်းသည် .. ဖေဖေ့အိမ်နေရာပါတကား ဟု သိလာရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်လျက် ..။ အလွန်ထူး ခြားနေသော အဖြစ်တစ်ခုအတွင်းမှာ ရှိနေရခြင်း ဆိုတာကိုလည်း ခံစားသိ နေသည်။ ဟုတ်သည်။ ဤသို့သော အိမ်ကြီးမျိုး ကျယ်ကြီးမျိုးကို မိဒေါင်း .. ဘယ်တုန်းကမှ .. ဝင်ထွက်ခဲ့ရဖူးတာ မရှိ ..။ မြင်ခဲ့ဖူးတာလည်း မရှိ ..။ ခု .. လူကိုယ်တိုင်ကြီး ဤနေ ရာလို တခမ်းတနား နိုင်မှုများကြားမှာ ဖြတ်သန်းနေရခြင်းသည် ခြင်ထဲက နန်းဆောင်ကြီး တစ်ခုအတွင်းမှာ ဖြတ်သန်းနေရသည့်

www.burmeseclassic.com

www.burmeseclassic.com



နယ် ဖြစ်နေသည်။ ထူးဆန်းနေသည်။ မိဒေါင်းတို့ နေခဲ့ကြီးပြင်း ခဲ့သည့် ရွာလေးဆိုတာက .. မြေနီလမ်းလေးနှင့် ..။ မယ်ဇယ် တန်းလေးနှင့် ..။ လယ်ကွင်းကျယ် စိမ်းမြမြနှင့် ..။

ဩော် .. စပါးတွေ ရင့်မှည့်ချိန်ဆို .. ရွှေရည်လောင်း ကျံထားသည့်နှယ် လေအတိုးတွင် ယိမ်းကနေသည့်နှယ် ရှိနေ သည့် စပါးခင်း ..။ အနီရောင် ပတ္တမြားလေးများပမာရှိသော ငရုတ်သီးနီနီလေးတွေ ရင့်မှည့်ရာ ငရုတ်ခင်းများ၊ ထိုအရာ သာ မိဒေါင်း ဝန်းကျင်မှာ ရှိခဲ့သည် မဟုတ်ပါလား ..။

တစ်ခုတော့ရှိသည်။ မိဒေါင်း ရင်ထဲမှာ ကြည် မနေ ..။ ဖေဖေ့ကို စိမ်းပြတ်ခဲ့သော ဤအိမ်ကြီးမှာ ဖေဖေ ကြောင့် ခေါင်းငုံ့ဝင်လာသည် ဆိုတာကို မသိနိုင်ပဲလည်း ဖြစ် သည်။ အဘယ်မျှထိ ဖေဖေသည် တစ်ခုခုကို ခံ့ဖြတ်ပြီး နောက်မဆုတ်တတ်တာ မိဒေါင်း သိနေသည်ပဲ ..။ ဖေဖေ့ မည်ကဲ့သို့ .. ဘွားဘွားမှ တုံ့ပြန်ဆက်ဆံလိုက်မည် ဆိုတာ လည်း မိဒေါင်း မသိနိုင်သေး ..။

နွေဦးမွန်မှ ဦးကြီးညိုနှင့် ဒေါ်ဥတို့လို အဒေါ် တို့ကတော့ ဝမ်းနည်းဝမ်းသာ မျက်ရည်ဝေရင်း ကြိုနေကြပေ ဖေဖေ့ မေမေသည် မည်သို့ တုံ့ပြန်မည်ဆိုတာ မိဒေါင်း မသိ

ဒါကြောင့်လည်း .. ဖေဖေ့နောက်သို့ မိဒေါ အတင်းလိုက်လာခဲ့ခြင်းပါ ..။

ဖေဖေ့ လက်ကို မိဒေါင်း ဆွဲခဲ့စဉ်တုန်းက ခေါင်းတစ်ချက်ငုံ့၍ မိဒေါင်းဘက်ကို မျက်ဝန်းများ စုံမှိတ် လှည့်လိုက်ရင်းမှ ..



"ဘာလို့ လိုက်လာတာလဲ မိဒေါင်းရယ် .."

ဟု မေးခဲ့စဉ်က .. မိဒေါင်း ဘာကိုမှ မဖြေဘဲ ဖေဖေ့ လက်ကိုသာ တင်းနေအောင် ဆုပ်ထားခဲ့သည် မဟုတ်ပါ လား ..။

ဖေဖေ့ဘေးမှာ မိဒေါင်း ရှိနေရမှာပေါ့ ဖေဖေ ..ဟု မိဒေါင်း ပြောပြနေရန် မလိုဟု မိဒေါင်း ထင်သည်။ ဖေဖေသိ နေမည်သာ ..။

ခုကျတော့ .. ဖေဖေနှင့် မိဒေါင်းသည် စာကြည့်ခန်း ဆိုသည့် နေရာတစ်ခုဆီသို့ ဦးတည်လျှောက်နေရချေသည်တကား ..။

အခန်းတံခါးသည် ထန့်စင်နေသော မီးပူကျ ပိုးခန်း ဆီးအပြာရောင်လေးတစ်ခုခြားလျက် ဖေဖေနှင့် မိဒေါင်းတို့ကြား မှာ ရှိနေပြီ ..။

"ရောက်ပြီလား .. ဒါ .. စာကြည့်ခန်းနေရာဆိုတာ ကျွန် တော့် ခြေလှမ်းတွေက သိနေပါတယ် ဒေါ်ဥ .."

ဟု ဖေဖေ ပြောတော့ ဒေါ်ဥနှင့် ဦးကြီးညိုတို့မှ မထိန်းနိုင်သည့်နှယ် မျက်ရည်ကျလာကြပါ၏။ ခုလို .. ဖေဖေ ဒုက္ခိတဘဝဖြင့် ရောက်လာတာကို ရင်ထဲ မချိတင်ကဲ ဖြစ်နေကြတာ အရမ်းကို သိသာနေပါ၏။ ဖေဖေ ပြုံးသည်။ ငြိမ် နေကြသည့် ဦးကြီးညိုနှင့် ဒေါ်ဥတို့၏ ရင်ထဲမှာ ဘာတွေဖြစ်နေ တာကို သိနေသည့်အပြုံး ..။ ကြေကွဲပြုံး ..။

"ကျွန်တော် .. အခန်းထဲဝင်မယ် .. ဦးကြီးညိုနဲ့ ဒေါ်ဥတို့ လိုက်မဝင်လာကြပါနဲ့ .. အထဲမှာ မေမေ ရှိနေတယ် မဟုတ်လား .."

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးတော့ ..

"ရှိတယ် .. ခုပဲ ဒေါ်ဥ .. မမကြီးအတွက် နွားနို့သွား
လာခဲ့တာ .. ဒီနေ့ .. ဒီနေ့ဟာ .. နွေဦးမွှန် အတွက်
မင်္ဂလာရှိတဲ့နေ့ ဖြစ်ရတော့မှာပါပဲ အစ်ကိုလေးရယ်

ဖေဖေ့ကို .. အလွန်ချစ်မှန်း .. သံယောဇဉ်ကြီးမ
သိသာနေပါသည့် စကားများပါ ..။ ဖေဖေ မိဒေါင်းကိုခေါ်
၍ ..

"အထဲဝင်ကြမယ် သမီး .. သမီးကို ဖေဖေ ချန်ခဲ့ပေမယ့်
လိုက်လာတာကိုး .. အေးလေ .. လိုက်လာမှတော့လ
အတူ အထဲဝင်ကြရတော့တာပေါ့ .. တကယ်က .. ဘယ
အဖြစ်တစ်ခုကို ရင်ဆိုင်ရမယ်ဆိုတာ မသိရသေးတာ
ဖေဖေ .. သမီးရဲ့ ရင်ထဲမှာ .. တစ်ခုခု ခံစားကျန်
ကို စိုးရိမ်တယ်လေ .. ဒါကြောင့် ချန်ခဲ့တာ .. ဖေဖေ့သ
က ဖေဖေ့သွေးပဲလေ .. လိုက်လာချင်တာကို .. ရအေ
လိုက်လာကော့တာကိုး .. ကဲ .. ဝင်ကြရအောင် သမီ

ဟုပြောတော့ မိဒေါင်း ဖေဖေ့လက်ကို တွဲဆုပ်
ရင်း အခန်းတွင်းဆီသို့ ဝင်ခဲ့ရပါပြီ ..။ ပိုးခန်းဆီးတစ်ခုကို ဖြ
သန်းလိုက်တာနှင့် မိဒေါင်းသည် ဒရင်းအက် တစ်ခုတွင် လှဲလျ
ရင်း ရွှေရောင်မျက်မှန် တစ်လက်ကို တပ်ထားလျက် စာအ
တစ်အုပ်ကို ဖတ်နေသည့် ဘွားကို မြင်လိုက်ရချေပြီ တကာ
ပန်းချီကားထဲကအတိုင်းပင် ဘွားသည် ပျောင်းနွဲ့နွဲ့ရှိနေသ
ချောမောနေသည်။ ဒါပေမဲ့ .. ဆံစတို့ မသိမသာလေး ဖြ
နေချေပြီတည့် ..။



စာကြည့်ခန်း၏ ပြတင်းပေါက်တိုင်းသည် ဖွင့်နေ
ကြလျက် ..။ ပိုးသားခန်းဆီးများကို တစ်ဖက်စီသို့ ချဲ့၍ဆွဲထား
တာမို့ စာကြည့်ခန်းသည် လျှပ်စစ်မီးရောင် မလိုအပ်သော လင်း
ချင်းနေသည့် စာကြည့်ခန်းကြီး ဖြစ်နေသည်။ လေတိုးနေသော
ပြတင်းခန်းဆီးတို့ကတော့ တလွန့်လွန့် ..။ ပြီးတော့ .. လေနှင့်
အတူ သင်းပျံ့သော ပန်းရနံ့တို့ကလည်း ဥယျာဉ်ကျယ်ကြီးဆီမှ
အခန်းတွင်းသို့တိုင် မျောလွင့်ပါလာနေကြပါ၏။

ဖေဖေသည် .. ဤသို့ ပန်းရနံ့တို့ကို ရှူရှိုက်ရင်း ..။
အကြိမ်ပေါင်း မြောက်မြားစွာ .. ဤအခန်းမှာ စာဖတ်နေခဲ့ချေ
မည်တကား ..။ မိဒေါင်း ဖေဖေ့ကို ,မော့ခနဲ ကြည့်မိသည်။
အရမ်းကို တည်ငြိမ်အောင် ကြိုးစားနေပါသည့် ဖေဖေ ..။ နှုတ်
ခမ်းလွှာကို လျှာဖြင့်သပ်ယှက်နေပါသည့် ဖေဖေ ..။ ဖေဖေသည် ..
ဤအိမ်ကြီးကို စွန့်ခွာခဲ့သည်။ လှည့်ပြန်ရန် ဘယ်တုန်းကမျှ
စိတ်ကူးထဲ မရှိခဲ့ ..။ ဒါကို မိဒေါင်း သိနေသည်။ သေးငယ်သော
အိမ်ငယ်လေးမှာ ဖေဖေသည် အုသားတကျ နေနေခဲ့သည် မဟုတ်
ပါလား ..။

ခု .. ဘာကြောင့် ဖေဖေသည် .. ဖေဖေချန်ခဲ့သော
နေရာတစ်ခုကို .. ဖြန်းစားကြီး ပြန်လာဖို့ ဆုံးဖြတ်ခဲ့ရပါသလဲ ..။

ဖေဖေ့ထံမှာ .. လောလောဆယ် မိဒေါင်း တွေ့မြင်
နေရသည်က .. စိုးရိမ်ကြောင့်ကြခြင်း ..။ ထစ်ခနဲခုကို .. စိတ်ထိ
ခိုက်ဖွယ်ရာ လက်ခံလိုက်ရမှာကို စိုးရိမ်ထိတ်လန့်နေခြင်းများပါ
တည့် ..။

"မေမေ .."

www.burmeseclassic.com



မိခေါင်းတို့ ဝင်လာတာကို မသိဘဲ စာထဲနစ်ဝင် ငြိမ်သက်နေပါသည့် ဘွားသည် ဖေဖေ့အသံကြောင့် လှဲနေသည့် ကိုယ်ကြီး မတ်ခနဲ ဖြစ်သွားရကာ ခေါင်းသည် အင်အားကြီးမား သော အရာတစ်ခု၏ ဆွဲလိုက်တာကို ခံလိုက်ရသည့်နှယ် မိခေါင်း နှင့် ဖေဖေတို့ရှိရာဆီသို့ လှည့်လာသည်။ ပြီးတော့ .. ဘွားထံမှ တွေ့လိုက်ရသည်က .. မယုံကြည်နိုင်ခြင်းဆိုသည့် အရာများ စွန်းထင်းနေသည့် မျက်ဝန်းများ ..။ ဟုတ်သည် ..။ ခုလို .. ဖေဖေသည် .. ဘွားရှိရာ စာကြည့်ခန်းဆီသို့တိုင် ရောက်လာကာ ဘွားကို .. မေမေ .. ဟု ဤနေ့မှာ ခေါ်လိုက်လိမ့်မည်ဟု ဘွား ကိုယ်တိုင်သည်လည်း ထင်မှတ် မျှော်လင့်ထားပုံ မရ။

"ဟင် .."

ဘွား၏နှုတ်မှ ပွင့်ကျလာပါသည့်အသံ ..။ နောက် တော့ ငေးစိုက်ကြည့်နေသည်မှ အတန်ကြာသည် အထိပါ .. ဖေဖေသည် ငြိမ်သက်စွာပဲ တောင့်မတ်စွာ ရပ်နေသည်။ ဖေဖေ့ မျက်ဝန်းများသည် ဘွားထံမှာ ရှိမနေ ..။ မျက်မမြင်ပေမို့ ဘယ် နေရာမှာ ဘွား ရှိနေတာကို ဖေဖေ မသိနိုင်ရှာ ..။ ရှေ့တည့် တည့်ကိုသာ ရီဝေစွာ မျက်ဝန်းတွေက ငေးစိုက်ငြိမ်တန့်နေသည်။ ဘွားကတော့ ဖေဖေ့ကို စိုက်ကြည့်နေရာမှ တဖြည်းဖြည်း မိခေါင်း ဘက်ဆီသို့ ရောက်လာသည်။ ဘွား၏ အကြည့်ထဲမှာ မျက်ညှို တွေ ဗထမပိုင်းမှာ ရှိနေပေမယ့် ..။ မိခေါင်းကို စိုက်ကြည့်နေ ရင်းမှ တဖြည်းဖြည်း မျက်နှာထား တင်းမာသည့်ဘက်ဆီသို့ ပြောင်းလဲလာနေတာကို ဖေဖေ မမြင်ရတာကိုပဲ မိခေါင်း ဝမ်း သာနေမိလိုက်ရပါပြီ ..။ ဖေဖေ မြင်လျှင် စိတ်ထိခိုက်ရှာချေမည်



သာ ..။ ဤအကြည့်တွေကို မိခေါင်း ရင်ဆိုင်ခံယူဖို့ ဤနေရာထိ ရောက်အောင် ဖေဖေ ခေါ်လာခဲ့မိလေခြင်းဟု ရင်ထုမနာ ကြေကွဲ ရှာချေမည်သာ ..။ မိခေါင်းကတော့ .. အရာရာကို .. ရင်ဆိုင် လိုက်ဖို့ ဆုံးဖြတ်ထားပြီးသူ တစ်ယောက် ဖြစ်နေပါပြီ ..။ မိခေါင်း ကိုယ်ကိုပင် မိခေါင်း ဤမျှ တည်ငြိမ်နေနိုင်စွမ်းမည်ဟုပင် မထင် ထားမိ ..။

"မိခေါင်းမှာ တည်ငြိမ်နေဖို့ အရမ်းအရေးကြီးနေတယ် .. ဖေဖေက မျက်မမြင်ဘဝမှာ ရှိနေရတာ .. တစ်ခုခု .. မမျှော်လင့်ရဲလောက်အောင် ထိခိုက်နာကျင်စရာများ ကြုံ လာရရင် .. ငါ .. အရမ်း စိတ်ထိခိုက် နာကျင်နေလို့ မဖြစ်ဘူး .. ကြေကွဲငိုကြွေးနေလို့ မဖြစ်ဘူး .. ဖေဖေ့ကို .. ငါက ဖျောင်းဖျရမှာ .. အားပေးရမှာ .. ဒီနေရာက .. အမြန်ဆုံး ဖေဖေ့ကို တည်တည်ငြိမ်ငြိမ်နဲ့ ဦးဆောင်ပြီး ခေါ်ပြန်သွားရမှာ .."

ဟု ကိုယ့်ကိုယ်ကိုယ် အသိပေးနေရခြင်းကြောင့်ပင် လျှင် မိခေါင်းသည် အလွန်တရာကိုမှ တည်ငြိမ်နေသော မိခေါင်း ဖြစ်နေရချေသည်တည့် ..။

"သြော် .. ခုတော့ .. မင်း .. ခေါင်းလျှိုပြီး .. ဒီနေရာကို ပြန်ဝင်လာပြီပေါ့ မောင်မောင် .. ဟင် .. ဆယ့်ရှစ်နှစ် ကျော်အောင် .. မင်းရွေးချယ်ခဲ့တဲ့ အသိုက်အမြုံမှာ မင်းနေ ခဲ့ပြီးမှ .. ခု .. ငါ့အရိပ်ကို .. ခေါင်းလျှိုပြီး ပြန်ဝင်လာ ပြီပေါ့ .. ဟုတ်လား .. မင်း .. ဒီကထွက်သွားတုန်းက ပြောခဲ့တဲ့ စကားသံ .. ရှိနေခဲ့တဲ့မျက်နှာ .. ခု .. ဘယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မှ ရှာမတွေ့ရလောက်အောင်ကို .. ဖြစ်နေပါလား .. အမေ ဆိုတာကို .. ဆယ့်ရှစ်နှစ်ကျော်လုံးလုံး .. မင်းမေ့ထားခဲ့ နိုင်တာကို မေမေ ချီးကျူးပါတယ် .. ဒီလို ခေါင်းလျှိုဝင် မယ့်အတူတူ .. အမွေပြတ်ကြော်ငြာစာ သတင်းစာထဲပါက တည်းက .. ပြန့်ဝင်လာခဲ့ပါလား .. သားမှားပါပြီ မေမေ ရယ်လို့ ပြောဝင်ခဲ့ပါတော့လား .. ဟင် .. မင်းက .. မင်း က .. နာနာကြင်ကြင်နဲ့ ရှိနေတဲ့ အမေကို .. အမေ့ရင်က အဲဒီတုန်းက .. ဘာတစ်ခုမှ ပြန်ထောက်ညှာဖို့ မတွေးခဲ့ ပြတ်ပြတ်ထင်ထင် နေပြခဲ့ပေသကိုး .. နေစမ်းပါဦး .. မင်းဘေးက .. ကောင်မလေးက .. မင်းရဲ့သမီးလား .. ရုပ်ကတော့ .. မင်းနဲ့လဲ ခပ်ဆင်ဆင်ပေပဲ .. ခု .. ဘာလာ လုပ်တာလဲ .."

ဟု ဘွားမေးခိုက် ဖေဖေ ခေါင်းငုံ့ ငြိမ်နေသည်။ ဖေဖေ့လက်တွေကို ဆုပ်ထားတာမို့ ဖေဖေ့လက်တွေ စိတ်ထိခိုက် ရှိန်ဖြင့် တုန်ခါနေကြတာကို မိဒေါင်း သိနေရပါ၏။

နွေးထွေးအားမြသော ကိုဆိုမှုများ ကင်းမဲ့နေသည့် နေရာတစ်ခုမှာ မိဒေါင်း ဖေဖေ့လက်တွေကို ဆုပ်ကိုင်ထားရင်း ငြိမ်သက်ရပ်နေရဆဲ ..။ လည်ချောင်းတနင်နင်ဖြင့် ရှိနေပါသည့် ဖေဖေ့ကို မော့ကြည့်ရင်း ရင်ထဲမှာဆို့နေသည်။ ဖေဖေ့ကို သနား စိတ်က ရင်ထဲမှာ မဆန့်ရင်ကန် ဖြစ်နေကြပါသည့်အဖြစ် ..။

"ဘာလို့ ဒီစကားတွေကို နားထောင်ဖို့အတွက် .. တကူး တကကြီး .. ရောက်လာရတာလဲ ဖေဖေရယ် .. ဒီနေရာကို ဘာလို့ ရောက်လာရတာလဲရှင် .."



ဟုသာ ရင်ထဲမှ ကြေကြေကွဲကွဲကြီး တွေးနေမိရပါ၏။ ဘွားသည် ရှေ့မှာရှိနေသည့် လူသားနှစ်ဦးမှာ သားနှင့်မြေး ဖြစ်နေချေသည့်ကော .. ဆိုသည့် ခံစားမှုများ ရင်ထဲမှာ ပျောက် ဆုံးနေရလောက်အောင် .. နာကြင်နာကြည်းမှုများက ဖေဖေ့အပေါ် မှာ ခါးသီးစွာ ဖုံးနေကြချေသည်တကား ..။ ဘွားထံမှာ .. ကြည်နူး ရိပ်ကို မျက်နှာမှာရော .. မျက်ဝန်းများမှာပါ ရှာမတွေ့ရ ..။ အေးစက်ခါးသီးနေသော အကြည့်များသည် ပြင်းထန်သော နာကျင် မှုများဖြင့် ပြည့်သိပ်နေသည်ဟု မိဒေါင်း နားလည်လာနေရ သည်။

"ခု .. ဘာလာလုပ်တာလဲလို့ ငါမေးနေတယ်လေ .. ဖြေ စမ်းပါဦး .. အဝတ်ဟောင်းမွောင်းနွမ်းနွမ်းနဲ့ ဒီအိမ်ရဲ့ ကြမ်းပြင်ပေါ်မှာ ခြေလာချနေတဲ့ မောင်မောင်ရဲ့ .. ဒီအဝတ် အစားမျိုးကို ဒီအိမ်မှာ ဦးညိုတောင် မဝတ်ဖူး သိရဲ့လား .. မင်း .. ဘယ်လောက် စုတ်ပြတ်အောင် ဆင်းရဲနေတယ် ဆိုတာ ငါသိနေရတယ်ဟဲ့ ငမောင်ရဲ့ .. ငါသိနေ မြင်နေ ရတယ်ဟဲ့ .. ဒါတွေကို .. မင်း .. ငါသိအောင် လာရပ်ပြ နေတယ် ဆိုပါတော့ .."

ဟု အသံတွေ ကွဲအက်လာရင်း ဘွားပြောတော့ ဖေဖေ ခေါင်းငုံ့ခံနေသည်။ မျက်တောင်ကို တဖျပ်ဖျပ်ခတ်နေ သည်။ မျက်ရည်မကျအောင် ထိန်းနေသည်။ မျက်မမြင်တစ်ယောက် သည် .. အရာရာကို မမြင်ရပေမယ့် .. ရင်ထဲမှ ကြေကွဲမှုများ ကိုဖြင့် .. ထိုမမြင်ရပါသော မျက်ဝန်းများဆီမှ မျက်ရည်များ အဖြစ်တော့ ကျဆင်းစီးသွယ်နေခွင့် တစ်ခုကိုတော့ ပိုင်ဆိုင်နေပါ

www.burmeseclassic.com



သေးသည်တကား ..။ ထိုကျလာမည့် မျက်ရည်ကိုမှုပင် ဖေဖေသည် ဘွားရှေ့မှာ မကျအောင် ရင်အုံကြီး မောက်တက်လာအောင် အံခဲ၍ အသက်ပြင်းပြင်းရှူကာ ကြိတ်ခဲတင်းခံနေရှာပါသည့်အဖြစ် ..

"ကျွန်တော့်သမီးလေးအတွက် လာတာပါ မေမေ .. သမီးလေးဟာ .. ကျွန်တော့်အရိပ်မှာ မလုံခြုံနိုင်တော့တာမို့ .. မေမေ့အရိပ် .. သူ့ရဲ့ ဘိုးဘွားများ အရိပ်မှာ လာထားတာပါ .. ဘာပဲဖြစ်ဖြစ် .. မိဒေါင်းဟာ မေမေ့မြေးပေမို့ .. သူ့ဘဝလုံခြုံမှုအတွက် .. မေမေ လက်ခံပေးပါလား မေမေ .."

ဟု ဖေဖေ အားစိုက်၍ ပြောချလိုက်တော့ မိဒေါင်း၏ ကိုယ်လေး တောင့်ခနဲ ဖြစ်သွားရကာ ဖေဖေ့လက်မောင်းအိုးကြီးကို အားအင်နှင့်စိုက်၍ ခေါင်းတင်ပစ်လိုက်ရင်းမှ ..

"ဟင် .. မိဒေါင်း .. ဖေဖေ့ကို မခွဲဘူး .. မခွဲဘူး ဖေဖေ .."

ဟု အလန့်တကြား ချောက်ချားစွာ ပြောနေမိရပါပြီတည်း ...။ ရင်ထဲမှာ ထိတ်လန့်နေရပါပြီ ..။ ဖေဖေသည် .. ဖေဖေသည် .. မိဒေါင်း အတွက် .. ဤအရိပ်ကို ခေါင်းလျှိုး၍ ဝင်လာခဲ့ရှာခြင်းပါတကား ..။ နောက်ထပ် .. ဇော်ကားမော်ကားဖြုဖို့ ကြိုးစားတာမျိုး မခံရအောင် ဖေဖေ .. သမီးဖြစ်သူကို .. ဤအရိပ်ဆီသို့ ခေါ်လာခဲ့ခြင်းပါတကား ..။ ဖေဖေ့ မာနတရားသည် .. သမီးအတွက် .. အားလုံး တင်းခံနေသော ကျောက်ဆောင် ကျောက်သားများနှယ် မရှိနိုင်တော့ဘဲ .. အစစ အလဲလဲ အပြိုပြိုဖြင့် ဝပ်စင်းခစားသည့် အဖြစ်သို့ တိုင်ခဲ့ရချေပြီတည့် .. ဖေဖေ့ ပခုံးပေါ် ခေါင်းလေးတင်၍ မိဒေါင်း ငြင်းနေခိုက် ဖေဖေမှ ဆံစလေးတွေကို သပ်ပေးနေရင်းဖြင့် ..



"ဒီလို မပြောရဘူး သမီး .. ဘွားဆီမှာ နေခွင့်ရအောင် သမီးလေးကလဲ တောင်းပန်ရမှာ .. ဘွားကိုလဲ ကန်တော့လိုက် .."

ဟု ပြောတော့လည်း ငိုရှိုက်နေရင်းမှ .. ဘွားကို တကယ်ပဲ ထိုင်ကန်တော့လိုက်သည်က မိဒေါင်းပါ ..။ ဖေဖေ ပြောတာကိုတော့ မိဒေါင်း မငြင်းဆန်နိုင်ပါ ..။ မငြင်းဆန်ရက်ပါ ..။ အထူးသဖြင့် ဖေဖေ ဘာကိုမျှ မမြင်ရတာမို့ ..။ ဖေဖေ ခိုင်းတာကို မလုပ်ပဲ ပို၍မနေရက်နိုင်ပါ ..။ မိဒေါင်း ဘွားကို မကန်တော့လည်း ဖေဖေ မြင်နိုင်သည်မှ မဟုတ်ချေပဲလေ ..။ ဒါပေမဲ့ .. မိဒေါင်း .. ဖေဖေ့စကားကို နာခံသော မိဒေါင်း အဖြစ်သာ ရှိချင်ပါသည်။ ပြီးတော့ .. ဘွားသည် .. မိဒေါင်းကို မြေးအဖြစ် လက်ခံသည်ဖြစ်စေ .. လက်မခံသည်ဖြစ်စေ .. မိဒေါင်း၏ ဘွားသာလျှင် ဖြစ်ပါ၏။ ဘွားကို ခုလို ပထမဆုံး ကြုံခွင့်တွေ့ခွင့် ရခိုက်မှာ .. မြေးတစ်ယောက် အနေဖြင့် ဘွားကို ကန်တော့ခဲ့ချင်ပါသည်။

နောက်နောင်များမှာလည်း .. ဘွားကို ထပ်ဆုံခွင့်ရဖို့ မရှိတော့သည့် အနာဂတ်ကို မိဒေါင်း သိမြင်နေနှင့်ရပြီးပါပြီ ..။ ဒါကြောင့် .. ဘွားကို ပျပ်ဝပ်စွာပဲ မိဒေါင်း ကန်တော့မိရပါ၏။ မိဒေါင်း ဘဝမှာ .. ဘွားကို ဆုံခဲ့ရပါလျက် .. မကန်တော့ဘဲ .. ပြန်လည်ထွက်ခွာသွားသော မြေးတစ်ယောက်အဖြစ် ဘဝမှာ မထင်ကျန်စေချင်ပါ ..။

မိဒေါင်း ကန်တော့နေတာကို ဘွား တစ်ချက်ငြိမ်သက်၍ ငိုင်ကြည့်နေသည်။ နောက်တော့ မျက်တောင်ကို ဖျပ်ဖျပ်

www.burmeseclassic.com

ခတ်၍ ဖေဖေ့ကို အကြည့်ဖြောင်းယူသည်။ သံယောဇဉ်အတွယ် မခံနိုင်ပဲ ဖြစ်နေသည့် ဘွားအေတစ်ယောက်နှင့် လတ်တလောမှာ တူနေသည်။ မြေးသံယောဇဉ်ဆိုတာကို .. အငြိုးခံလိုက်ရတော့မည့် နှယ် တစ်ချက် ငိုင်ခနဲ ဖြစ်သွားလေသမျှကို .. ပြန်၍ထိန်းမတ် ကာ ဖျောက်ပစ်လိုက်နိုင်ဖို့ ကြိုးစားနေတာနှင့် တူနေသည်။ မိဒေါင်းကတော့ .. ဘွား၏ လှုပ်ရှားမှုမှန်သမျှကို .. အဖြေရှာ ယူနိုင်ဖို့ ကြိုးစားရင်း တောက်လျှောက် ကြည့်နေသည့် မိဒေါင်း အဖြစ် တိရှာဆိတ်စွာ ရှိနေသည့်ပါပဲ ..။ ဖေဖေ့ လက်မောင်းတွေ ကိုတော့ မိဒေါင်း မလွှတ်သေး။ ပြန်၍ ပိုက်ထားဆဲ ..။ ဖေဖေ ကို မခွဲဘူးဆိုသည့် ဆုံးဖြတ်ချက်က ရင်ထဲမှာ ပြတ်သားစွာနေ ရာယူထားပြီးသား ဖြစ်နေသည်။ ဖေဖေ့အကြောင်းကို မိဒေါင်း သိသည်။ ဖေဖေ့ ရင်ထဲက အရာတွေကို မိဒေါင်း ကြိုသိနေသည်။ ဖေဖေသည် ဤနွေဦးမွန်မှာ မိဒေါင်းကိုသာ အပ်နှံခဲ့ချေမည် .. ဖေဖေ့ကတော့ .. နေမည်မဟုတ် ..။ ဒါကို မိဒေါင်း သိနေနှင့် ပြီးသားပါ ..။ နားလည်နေမိရပြီးသားပါ ..။ ဖေဖေ့ လက်မောင်း အိုးကြီးကို မျက်နှာလေးပါ ဖေးကပ်ထားရင်း ကလေးလေးလို အားနှင့်တွယ်ဖက်ကပ်ထားကာ မျက်လုံးဝိုင်းနက်နက်လေးတွေဖြင့် ဘွားကိုသာ ကြည့်နေသည့် မိဒေါင်းကို တစ်ချက် ဘွားကလည်း တုံ့ပြန်စိုက်ကြည့်လာသည်။

"နေစမ်းပါဦး .. ဒီကလေးက မလုံခြုံရအောင် .. သူ့အဖေ ကရော .. သမီးတစ်ယောက်ကို မထိန်းသိမ်းတတ်ဘူးလား .. ကလေးကရော .. သွန်သင်မရအောင် ဆိုးနေသလား .. ဟင် .."



ဟု မေးလာတော့ ဖေဖေ ခေါင်းငုံ့ချလိုက်ရင်းမှ ..

"သမီးလေး .. လေးနှစ်သမီးလောက်ကတည်းက .. သူနဲ့ ကျွန်တော် ကွဲသွားခဲ့ပါတယ် အမေ .."

ဟု တိုးတိုးဖြေတော့ ဘွား ကိုယ်ကိုမတ်လိုက်သည်။ မျက်ခုံးပင့်၍ သားနှင့် မြေးကို ကြည့်သည်။ ခနဲ့ပြုံးတစ်ခုသည် ဘွား၏ နှုတ်ခမ်းမှာ ပေါ်လာ၏။

"ဩော် .. မင်းရဲ့ .. မင်းသမီး အချောစားလေးက .. လေး နှစ်သမီးလေးကို ထားခဲ့သကိုး .. သူ .. ဘယ်သွားနေသလဲ .."

"မသိဘူး အမေ .. ခု .. သမီးလေး အရွယ်ရောက်လာ ပြီမို့ .. သူ့လုံခြုံမှုအတွက် .. အမေ့ဆီမှာ .. သမီးကို ထား ချင်တာပါ .. ဒီအတွက် လာတာပါ အမေ .. အမေလက် ခံမယ်ဆိုရင် .. သမီးလေးကို အမေ့ဆီမှာ ကျွန်တော် ထား ခဲ့ပါမယ် .. ထားခဲ့ပါရစေ .."

ဟု ပြောလာတော့ ဘွား၏ မျက်ဝန်းများ ပို၍ တောက်လာသည်။ ဖေဖေ့ကို မမှိတ်မသုန် အတန်ကြာအောင် ထိတ်ဆိတ်စွာ စိုက်ကြည့်နေပါ၏။

"ဩော် .. မင်းက .. ခုထိတောင် မာနကြီးနေပေသေး သကိုး .. သမီးကို ထားခဲ့မယ် .. ဟုတ်လား .. သဘော က .. မင်းကတော့ .. ငါ့အရိပ်မှာ မနေဘူး ဆိုတာကို အသိပေးလိုက်တဲ့ သဘောပေါ့ .. နေစမ်းပါဦး .. မင်းက .. အဲဒီအငြိမ့်သမသွေး ပါနေတဲ့ .. သူ့သမီးကို .. အင်း .. မင်းရဲ့သမီးကို .. အဆင်သင့် ဒီအိမ်ကနေပြီး လက်ခံဖို့ အတွက် နှစ်ပေါင်းဆယ့်ရှစ်နှစ်ကျော်ကြီး ငါက စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်များ ထင်နေသလား .. ဟင် .. မာနခဲကြီးရဲ့ .. ဟင် ဒီမယ် .. လုံးဝလက်မခံဘူး .. လုံးဝလက်မခံဘူး သိ လား .. မင်း ဆယ့်ရှစ်နှစ် ဟိုမှာနေခဲ့ပြီးပြီ .. အဲဒီမှာ မင်းရဲ့သမီးလေးလဲ မွေးခဲ့ပြီးပြီ .. မင်းစောင့်ရှောက်လို့ အရွယ်လဲ ရောက်နေခဲ့ပြီးပြီ .. မင်း ဆက်စောင့်ရှောက် ဆက်စောင့်ရှောက် .. အဲဒီအငြိမ့်သမသမီးကို .. ငါက အမွေပေးရအောင် .. ဒီအိမ်ပေါ် ခေါ်တင်ထားရမယ် မင်းက .. ဒီကနေပြီး .. ထွက်သွားမယ် .. မင်း .. မွေး မွန်ကိုလာတာ .. မင်းရဲ့သမီးလေးအတွက် သက်သက် ဟုတ်နေသေးတော့သကိုး မောင်မောင်ရဲ့ .. အို .. ထွ သွား .. ထွက်သွားစမ်းကွယ် ..”

ဟု မျက်နှာထက်တွင် ကြေကွဲရိပ်တွေ ..။ နာကြ နာကျင်ရိပ်တွေ ပြည့်သိပ်စွန်းထင်နေလျက် ဘွား အံခဲ၍ ‌ေ စဉ်ခိုက် ဖေဖေ လက်ကာ၍ ..

“မဟုတ်ဘူး မေမေ .. သားက .. သားရွေးချယ်ခဲ့တဲ့ မှာ .. နေကို နေရမှာပါ မေမေ .. ဒီသမီးလေးသာ .. မှအပြစ်မရှိတဲ့ သမီးလေးမို့ .. မေမေ့မြေးကို .. လုံလုံခြုံခြုံ နေစေချင်လို့ပါ .. မိဒေါင်းဟာ ကိုးတန် ပြီးပါပြီ မေမေ .. သူ စာမေးပွဲအောင်မှာပါ .. လိမ္မာ ခြားလဲ ရှိပါတယ် .. ကျွန်တော့်ဆီမှာ သမီးလေး တာက ..”

“တော် .. ဆက်မပြောနဲ့ .. ရပ် .. ရပ်လိုက် .. ငါ မကြ ချင်ဘူး .. အမယ်လေးဟဲ့နော် .. သားက အိမ်ပေ



သမီးလက်ကိုဆွဲပြီး တက်လာတယ် .. ပြီးတော့ .. သမီး ကို အပ်ခဲ့ပြီး ပြန်ထွက်သွားမယ် .. ကျုပ်က .. ရှင်လေးတို့ မွေးထားတဲ့ ကလေးကို မွေးထားရမယ် .. မွေးရကျိုးနပ်အောင် သားအလိမ္မာတုံးကြီးပါလားဟဲ့နော် .. ထွက် .. ထွက်သွားစမ်း ..”

ဟု အသံကုန်အော်ကာ ဘွား ဖေဖေ့ကိုရော .. မိဒေါင်းကိုရော စိတ်လိုက်မာန်ပါကြီး တွန်းတိုက်၍ အခန်းတွင်း မှ ထွက်သွားကာ လှေကားဆီသို့ လျှောက်သည်။

မိဒေါင်းလည်း ဖေဖေ့လက်ကိုဆွဲ၍ ဘွားသွားရာ သို့ခန်းဘက်ဆီသို့ ခန်းဆီးစလေးကို တွန်းဖယ်၍ ထွက်လာခဲ့ ာမို့ လှေကားဆီသို့ လျှောက်နေသည့် ဘွား ..။ လှေကားထစ် များအတိုင်း စိတ်လိုက်မာန်ပါကြီး တက်နေသည့် ဘွားကို မော့ ကြည့်တွေ့မြင်နေရပါ၏။ လှေကားတစ်ဝက်မှာ ဘွားတစ်ချက် ပ်၍ မိဒေါင်းနှင့် ဖေဖေ့ကို ငုံ့ကြည့်သည်။ ဘွား၏မျက်နှာသည်- တက်နေပါ၏။

“ဒီမယ် .. မောင်မောင် .. ငါသဘောမမျှတဲ့ မိန်းမကို မင်း ယူခဲ့ပြီးပြီ .. အဲဒီ အငြိမ့်သမ မျိုးဆက်သွေးကို .. ငါ .. ဘယ်တော့မှ လက်မခံဘူး .. ငါ့အမွေအနှစ်တွေကို မပေးဘူး .. ငါ့အမွေအနှစ်ကို ဒီမြေးဆိုတဲ့အရာနဲ့ လာပြီး ဒီအိမ်ပေါ်မှာ မခံစားစေနိုင်ဘူး .. သူ့အမေ .. တစ်နေ့ ဒီအိမ်ပေါ်ကို သူ့သမီးကို လာတွေ့တယ် ဆိုတာမျိုးလ အဖြစ်မခံနိုင်ဘူး .. ငါတို့မရှိကြတော့တဲ့နောက်မှာ .. ကွယ်လွန်တဲ့ ဘိုးဘွားအမွေဆိုတဲ့ စည်းစိမ်ပုံကြီးမှာ သူ့

www.burmeseclassic.com

www.burmeseclassic.com



အမေ လာတက်နေတာ ဖြစ်စေဖို့ ဒီသမီးက .. ခေါ်
ဒီတော့ .. အငြိမ့်သမကို .. ငါ .. ဒီအထိ စေတာ
တန် မထားနိုင်ဘူး .. ဒီမယ် မောင်မောင် ..
ကွဲကွာတယ် ဆိုပေမယ့် .. အမေနဲ့ သမီးဆိုတဲ့
တော်စပ်မှုကတော့ သူတို့သားအမိဆီမှာ ကွဲပြတ်
ဖြစ်တာမှ မဟုတ်တာ .. မင်း တိုးဝင်ခဲ့တဲ့ ငှမွဲဆိုတဲ့
ထဲမှာ .. မင်းရဲ့သမီးနဲ့မင်း နေပေတော့ .. မင်းက
မို့ .. မင်းရဲ့သမီးကို ကောင်းစားစေချင်လို့ ရင်ကော့ဝင်
မယ့် .. ငါက .. ဒီကျော့ကွင်းကြီးထဲ တိုးမဝင်နိုင်ဘူး
သွား .. ထွက်သွားစမ်း မောင်မောင် .. မင်း ဒီကို
ဒီတံခါးကနေပြီး .. ပြန်ထွက်ဖို့ ရှိနှင့်ပြီးသား ..
နှင့်ပြီးသားပဲကွယ် .. မင်း .. ပြန်ရမယ့်လမ်းကို
သမီးလေးကို ပြန်ခေါ်ပြီး ပြန်သွားရတာ တစ်ခုပဲ
ချင်တာ မဖြစ်ပဲ ပြန်ပါသွားရတာပါ .."

ဟု ပြောလည်းပြော ..။ တောက်လျှောက်
ထပ်သို့ တက်သွားကာ လှေကားထောင့်ချိုးဘက်ဆီသို့
ဝင်သွားလိုက်သည်က ဘွားပါ ..။ ဘွားကို မမြင်ရ
အထိ နေရာမှာ မိဒေါင်း ငြိမ်ရပ်နေသည်။ စောစောက
စာကြည့်ခန်းထဲ မဝင်မီ မိဒေါင်းကို ကမ်းပေးရင်း -

"ထောင့်နေရာလေးမှာ ထောင်ထားလိုက်သမီး -"

ဟူ၍ ပေးခဲ့ပါသော တုတ်ကောက်လေးကို
ဗီရိုကြီးတစ်ခုထောင့်ကို မှီထောင်ထားရာမှ သွားယူသည်။
လက်ထဲကို ထည့်ပေးသည်။



"သွားကြပါစို့ ဖေဖေရယ် .. မိဒေါင်း .. ဖေဖေ့ကို သနား
လှပါပြီ .. မိဒေါင်းကလဲ .. ဖေဖေ့ကိုခွဲပြီး မနေနိုင်ပါဘူး
ဖေဖေ .. ဒီအိမ်ကြီးမှာလဲ မပျော်နိုင်ပါဘူး .. ရွာကိုပြန်
ကြတာပေါ့ ဖေဖေ .. ရွာကိုပဲ ပြန်ကြတာပေါ့ .."

ဟု အသံလေးတိုးတိုးဖြင့် တည်ငြိမ်စွာ ပြောနေရ
ပေမယ့် .. တကယ်တမ်းမှာဖြင့် ဖေဖေ့နားအနီးမှာ မိဒေါင်း၏ရှိုက်
သံတွေ မကြားရအောင် ကြိုးစားထိန်းနေရင်းဖြင့် မျက်ရည်များ
ကျနေရသည့် အဖြစ်ဖြင့်ပါ ..။

ဖေဖေသည် .. မိဒေါင်းအတွက် .. ဤနွေဦးမွန်သို့
လာခဲ့ခြင်း ..။

ဖေဖေ့ခေါင်းသည် ငိုက်စိုက်ကျနေ၏။ အတန်ကြာ
သည်အထိ ခေါင်းသည် ပြန်မတ်မလာနိုင်။ နောက်တော့မှ လက်
ကိုင်တုတ်ကို အားဖြင့်ဆုပ်ပစ်လိုက်ရင်းမှ ..

"သွားစို့ .."

ဟု အက်နေသော အသံကြီးဖြင့် အားစိုက်အားတင်း
၍ ပြောရှာပါ၏။ ဖေဖေသည်လည်း မျက်ရည်လည်နေသည်။

ဒါပေမဲ့ .. မျက်ရည်မကျအောင် ထိန်းနေရှာပါသည့်
အဖြစ်။

ဤသည်ကလည်း မိဒေါင်း၏ စိတ်ထိခိုက်မှာစိုး၍ဆို
တာ မိဒေါင်း သိနေပါသည်။ ဖေဖေ ငိုချလိုက်လေ .. ဟု ပြော
လိုက်ချင်သည်။ ဖေဖေ့ အသွင်သည် ချုံးချုံးကျနေသည့် အသွင် ..။
ကိုယ့်ကိုယ်ကိုယ် ပြန်၍ မနည်းကြီး ရပ်တည်နိုင်ဖို့အတွက် အား
စိုက် အားယူနေရသည့် အသွင် ..။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ်ချေလျှင် ဖေဖေသည် နေရာမှာ ပုံ
လဲသွားနိုင်သည် ..။ ဖေဖေ့ ခြေလှမ်းတို့သည် အနည်းငယ်
ချင်နေသည်။ ဖေဖေ့ကို အားမှတွဲထိန်း၍ မိဒေါင်း လိုက်လာ
မှ ဖေဖေ့အတွက် စိတ်ပူနေတာပဲ ရှိနေသည်။ ဖေဖေ မေးရိုး
တင်းနေတာ ..။ မေးရိုးအောက်မှ အကြောတွေ ဆတ်ဆတ်ခါ
တာ ..။ လည်ချောင်းတနင်နင်ဖြင့် ဖြစ်နေတာ ..။ အသက်
အားစိုက်ရှူနေတာ ..။ မျက်ရည်မကျအောင် မျက်တောင်တ
ဖျပ်ခတ်နေတာ ..။ အားလုံးကို မိဒေါင်း မြင်နေရသည်
ဖေဖေ့ ရင်ထဲမှာ အဘယ်မျှထိ ပြင်းထန်သော ကြေကွဲ
အရှက်သည်းမှုများ ပြည့်သိပ်နေကြသည်ဆိုတာ ဖေဖေ့ လက်
ကြီးလာပါသည့် မိဒေါင်း သိနေရသည်ပါပဲ ..။

"သမီး .. တစ်ခု ဖေဖေ လောလောဆယ်မှာ အရေးတ
ပြောဖို့ရှိတယ် .. သမီးရဲ့ ဘွားဟာ သမီးကို လက်ခံ
အဲဒါကို သမီးကိုယ်တိုင် မြင်လည်းမြင် .. ကြားလည်း
ခဲ့ရပြီးပြီ .. ဒါပေမဲ့ .. ဘွားဘွားကို စိတ်နဲ့တောင်
ကြည်းမိစေနဲ့ .. မပြစ်မှားမိစေနဲ့ .. သမီးရဲ့ ဘွားဟာ
ရင်ထဲမှာ ရှိနေတဲ့ ခံစားမှုတွေနဲ့ ပြောဆိုရင်း ဆုံးဖြတ်
တာပါ .. အဲဒီအတွက် .. အဲဒီအဖြစ်အတွက် .. တ
တာဝန်ရှိပြီး အပြစ်မကင်းသူဟာ ဖေဖေပဲ ဖြစ်တ
သမီး မှတ်ယူပါ .. မိဘဆိုတာ .. ဒီလိုပဲ သားသမီးအ
ဆုံးဖြတ်ပိုင်ခွင့်ရှိတယ် သမီး .. ခု .. ဖေဖေတောင်
သမီးလေးအတွက် .. ဒီနေရာကို ရောက်ခဲ့တာပဲ
လား .. ဖေဖေနဲ့ သမီးလေးရဲ့ဘွားတို့ကြားမှာ ရှိ



ဖြစ်တဲ့ ဒီအဖြစ်တွေကြောင့် .. ဒီနေ့မှာ .. ဒီစကားတွေကို
ဖေဖေ .. သမီးရဲ့ဘွားဆီက ကြားရတာပါ .. ဒီအဖြစ်
ကြောင့် .. ဘွားကို .. ဘယ်တော့မှ မပြစ်မှားနဲ့ .. သံသရာ
အတွက် .. ငရဲကို .. မယူမိစေနဲ့ .. ကြားရဲ့လား .."

ဟု ဖေဖေ ပြောတော့ မိဒေါင်း ဖေဖေ့ကို မျက်ရည်
များဖြင့် မော့ကြည့်မိရင်းမှ ရင်တွေ ကြေပြုန်းနေရသည့်နှယ်
ကျုပ်ခဲနေအောင် ဖေဖေ့ကို သနားစိတ် ဖြစ်နေရပါပြီ။ ဖေဖေသည်
ဖေဖေ့ခံစားမှုများကို အနိုင်နိုင် ကြေကွဲစွာ ထိန်းချုပ်နေရင်းမှပင်
ဘွားအပေါ်မှာ မိဒေါင်း နာကြည်းခြင်းဖြင့် စိတ်ထဲမှာ ပြောနေမိ
ဆိုနေမိမှာကို စိုးရိမ်နေရှာပါ၏။

မိဒေါင်းကလည်း ..

"အို .. မိဒေါင်းကလဲ ဒီမှာ မနေချင်ပါဘူး .. ပြန်မှာပါ ..
ဖေဖေ ခေါ်လို့ ပါလာတာပါ .. ဒီကိုလာမှန်းတောင် မသိ
ပါဘူး .. ဒီလောက်ချမ်းသာတဲ့ နေရာမျိုးကို မိဒေါင်းတို့
လို အိမ်စုတ်လေးက လူတွေကလည်း မနေတတ်ပါဘူး .."

ဟု ဖေဖေ့ကို သနားစိတ်ဖြင့် လွှတ်ခနဲ စောစော
က ပြန်၍ပြောပစ်မိမယောင်ပင် ဖြစ်ခဲ့ပြီးသားပါ ..။ ဒါပေမဲ့ ..
ဖေဖေခေါ်လာသည့် နေရာပေမို့ .. ဖေဖေ စိတ်မထိခိုက်အောင် ..။
ဖေဖေ့သမီး ရိုင်းသည်ဆိုတာ မဖြစ်အောင် ..။ ပြီးတော့ကျတော့
ဘွားသည် .. မိဒေါင်း၏ ဘွားအရင်း ဖြစ်နေသည် ဆိုတာကို ရင်
ထဲက သိနေရရင်းဖြင့် ဘာဆိုဘာမျှကို မပြောဖြစ်အောင် ရင်ထဲ
ကပင် ပြန်၍သတိပေး ..။ ရင်ထဲကပင် ပြန်၍ထိန်းကျောင်းတည့်
တော်ခဲ့သည် မဟုတ်ပါလားလေ ..။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့်အတူ ... အိမ်တွင်းမှ ထွက်စဉ်ခိုက် ဧည့်ခန်းမှာ စောစောကတည်းက စောင့်နေကြရှာပါသည့် ဦးကြီးညို နှင့် ဒေါ်ကြီးဥတို့ ခမျာ မျက်ရည်သာကျ၍ ကြည့်နေကြရှာပါ၏။ စာကြည့်ခန်းထဲမှ ဘွား၏စကားသံများ ...။ စာကြည့်ခန်းထဲမှ ထွက်၍ လှေကားတစ်ဝက်မှာရပ်၍ ပြောခဲ့သော ဘွား၏ဟန်နှင့် စကားများကို အားလုံး မြင်ကြချေသည်မို့ ...

"ရင်ထဲ မကောင်းလိုက်တာ အစ်ကိုလေးရယ် ... ဖြစ်ရလေ"

ဟု ဒေါ်ကြီးဥ ပြောငိုရှာပါ၏။ ဦးကြီးညိုကတော့ ခေါင်းကို လေးလေးယမ်းသည်။

"အစ်ကိုကြီးကလဲ ဒီနေ့မှာ အလုပ်ကိစ္စ အစည်းအဝေးရှိတယ်ဆိုပြီး မနက်စောစောကတည်းက သွားလိုက်တာ - အစ်ကိုကြီးဆီ သွားလိုက်ပါလားကွာ ... အစ်ကိုလေးရာ -"

ဟု စိတ်မလျှော့နိုင်ဘဲ ပြောလာတော့ ဖေဖေ ခေါင်းယမ်းသည်။

"မေမေ လက်မခံနိုင်တာကို ... ဖေဖေ့ အစီအမံတစ်ခုနဲ့ ကျွန်တော် မလုပ်ချင်ပါဘူး ဦးကြီးညို ... ပြီးတော့ ... ဖေဖေကလဲ ... သမီးလေးကို မေမေ့လိုပဲ လက်မခံချင်ပဲ ဖြစ်နေပြန်ရင် ... ကျွန်တော့်သမီးလေး ရင်ကွဲဖို့ပဲ ရှိပါတော့တယ် ဦးကြီးညိုရယ် ... ကျွန်တော်ကတော့ ရင်ကွဲတယ်ဆိုတာ ရိုးနေပါပြီ ... မျိုးသိပ်ကျိတ်ခံစားတာလဲ အကျင့်ကြီးသို့ ဖြစ်နေပါပြီ ... သမီးလေးကို ... ထပ်ပြီး ဝေဒနာမပေးရက်တော့ပါဘူးဗျာ ... လာ ... သမီးလေး ... ဖေဖေတို့ ပြန်ကြတာပေါ့ ..."



ဟု ပြောကာ ဖေဖေ ရှေ့ဘက်ကို မျက်နှာမူ၍ ...ဘက်တော့ ဘေးမှ မိဒေါင်း လိုက်၍ထိန်းခဲ့။ လှေကားထစ်...တွေကအစ ပေါ်တီကိုကြီးအောက် မရောက်ခင် ထိန်း၍ ...ထစ်ချင်းပြော၍ ...

"ထိန်းနော် ဖေဖေ ... ရှေ့မှာ တစ်ထစ်ကျန်သေးတယ် ..."

ဟု ပြောတော့ ဖေဖေ ဟန်လုပ်၍ ရယ်ရှာသည်။

"ဖေဖေ ... နှစ်ပေါင်းများစွာ နင်းဖြတ်လာခဲ့တဲ့ လှေကားထစ်တွေပါ သမီးရယ် ... ခြေထောက်တွေက အလိုလိုသိနေကြဆဲပါကွယ် ..."

ဟု ပြောရှာပါ၏။ ဦးညိုရော ဒေါ်ဥရော မျက်ရည်...ချင်း ဘေးမှ လိုက်လာကြကာ ကားပေါ်ထိ မိဒေါင်းတို့သား... စင်ကြတာကို စောင့်ကြည့် ...။ မျက်ရည်သုတ်ရင်း ကျန်ခဲ့...သည်ပါပဲ ...။

တက္ကစီလေးပေါ်မှာ မိဒေါင်းတို့ သားအဖ ပါသွား...း လမ်းကွေ့လေးရောက်သည်အထိ ဒေါ်ကြီးနှင့် ဦးကြီးတို့က ... နေရာမှမရွေ့ ကျန်နေမြဲ ...။ ကျန်နေဆဲ ...။ ကားနောက်...ကို နောက်မြန်လှည့်၍ ကြည့်နေရာမှ ကိုယ်လေး ပြန်ငဲ့လိုက်... ဖေဖေ့ကို ကြည့်စဉ်ခိုက် ဖေဖေ အံခဲမနေ့သည့်ကြားမှ မျက်...လာသည်။ ဖေဖေ့လက်တွေက မိဒေါင်း၏ လက်လေးကို ...ကိုင်လာပါ၏။

"သမီးကို ... ဒီနေရာ ... အရောက် ... ခေါ်မိတဲ့ ... ဖေဖေ့ကို ... ခွင့်လွှတ်ပါ သမီးရယ် ... သမီးလေးကို ချစ်လွန်း...လို့ ... ဖေဖေ ခေါ်လာမိတာပါ ... ...မေ့ကို ဖေဖေမှန်းပြော

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကြိုးစားပါသေးတယ် သမီးရယ် .. မျက်မမြင်ပေမဲ့ သမီးလေးကို ဖေဖေ မစောင့်ရှောက်နိုင်ပဲ ဖြစ်နေတယ် တာကိုပါ .. ဒါပေမဲ့ .. မေမေက အပြောမခံတော့ လေ .. ဖေဖေလေ .. သမီးကို ချစ်လွန်းလို့ .. ရေတိမ် မှာစိုးလို့ .. ဒီလိုဆုံးဖြတ် .. ဒီကိုခေါ်လာမိခဲ့တာပါ သမီး ရယ် .."

ဟု ဖေဖေ ပြောနေရင်းမှ ..။ ဤတစ်ကြိမ်တွင် ဖေဖေသည် စိတ်ကို တင်းထိန်းမထားနိုင်တော့သည့်နှယ် မိခေါင်း၏ ပခုံးပေါ် ခေါင်းကိုတင်၍ ရှိုက်ငင်ကိုချလိုက်ရှာပါပြီ တကယ်တော့ .. သြော် .. တကယ်တော့ .. ဖေဖေ့ဘဝမှာ သမီး မိခေါင်းသာ ရှိလျက် ..။ မိခေါင်း ဘဝမှာလည်း ဖေဖေသာ ကြချေသည်မို့ ..။ ရင်ထဲမှ ခံစားမှုများစွာကို ထိန်းမရနိုင်သွ ဖွင့်ချရာဟူ၍လည်း .. ဤသူနှစ်ယောက်သာလျှင် .. သြော် .. နှစ်ယောက်တည်းသာလျှင် သားအဖနှစ်ယောက်အဖြစ် ဘဝ ရှိနေရချေသည်တကား ...။

* * *



## အခန်း(၂၃)

"ဟင် .. လာတာကိုက .. သမီး လာအပ်တာတဲ့ .. ဟုတ် .. ဟုတ်နေသေးတယ် မောင်မောင်ရယ် .. ဟင် .. အမေသတိ ရလို့ .. နောင်တရလို့ လာတာမျိုး မဟုတ်ဘူး .. သူ့သမီး သူ့သမီးကို .. ငါ့ဆီ လာအပ်တာတဲ့ .. ငါက ချမ်းချမ်း သာသာ စည်းစိမ်ပုံကြီးပေါ်မှာ သူ့သမီးကို ထားရမတဲ့၊ သမီးအပေါ်ကျတော့ ဖအေမေတ္တာတွေ နစ်နေတဲ့ မောင် မောင် .. ဒီအမေရဲ့ ရင်ထဲက အရာကိုကျတော့ မေ့ထားမြဲ မေ့ထားတယ် .. ဟင် .. ဟင် .. ဘယ်လောက်ကြာခဲ့ပြီ လဲ .. ဆယ့်ရှစ်နှစ်ကျော်ပြီ .. ငါ့ဆီကို တစ်နေ့ ခေါင်းငုံ့ တောင်းပန် ဝင်လာမယ်လို့ ထင်မိတဲ့သား .. လာမယ့်လာ တော့ ငါ့ရင်ခွင်ထဲ သူက မဝင်ဘဲ ပြန်မှာယ် .. သမီးအပ်ခဲ့ မယ်တဲ့ .. ပြောထွက်ရက်ပါပေရဲ့ မောင်မောင်ရယ် အမွေပြတ်လို့ ကြော်ငြာတာဟာ စိတ်လိုက်မာန်ပါကြီးဆို တာ ငါကိုယ်တိုင်တောင်မှ ချမ်းသာမာနနဲ့ သုံးနှစ်လောက် တော့ မသိဆိုးဝါး နားမလည်နိုင်ခဲ့ပေမယ့် .. နောင်ကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ .. ဘယ်နေ့များ ငါ့သား .. ငါ့ဆီ ဝင်လာပြီး တောင်းပန်လာမလဲ .. ခေါင်းလျှို့ဝင်လာမလဲလို့ ကျိတ်မျှော်မိခဲ့တာပဲ .. မလာလွန်းမက မလာတော့လဲ .. ငါ့မှာ အမေ့မာနနဲ့ .. ကင်းပြတ်အောင် ကြိုးစားနေမိခဲ့ရတာ .. ရင်ထဲမှာ သက်သာတာမှ မဟုတ်ဘဲလေ .. နင့်နေအောင် ခံစားနေရတာ .. ငါပဲသိတာ .. ခု .. ရောက်လာလို့ မြင်ရတော့လဲ .. နွမ်းဖတ်ဖတ်နဲ့ .. ချမ်းသာရပ်ကို မကျန်တော့တဲ့ သား .. ရင်နာစိတ်နဲ့ ခပ်တင်းတင်း ပြောမိပေမယ့် .. ငါ့သား ငါ့ရင်ခွင် ပြန်ဝင်လာပြီပေါ့ .. လို့ ထင်မိခဲ့လေသမျှ .."

ဒေါ်ခင်သင်းသာ တစ်ယောက်တည်း အခန်းထဲမှာ ယောက်ယက်ခတ်မျှ လူးလာတုံ့တင် လျှောက်နေရင်း အံခဲ၍ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားကာ မတန့်မနား ခံပြင်းစိတ်ဖြင့် အသံထွက်အောင် ပြောနေခပေမယ့် မျက်ဝန်းမှာ မျက်ရည်လည်နေပြီ ..။

အမေကလည်း အမေမာနနှင့် သားကိုထွက်မရှာ ..။ အစပိုင်းက အမွေပြတ် ကြေညာခဲ့မေမဲ့ နောက်ပိုင်းမှ သားကိုလွမ်းနေရှာသည်။ အဖေလုပ်သူကိုလည်း လုံးဝခွင့်မပြုခဲ့ ..။ သားကို သွားရှာလျှင် အိမ်ပေါ်က ဆင်းမည်ဟု မာနခဲစိတ်ဖြင့် ပြောနေခဲ့လေသည်မို့ ဦးမြင့်မောင်မှာလည်း ဇနီး စိတ်ထိခိုက်အောင် မလုပ်ရက်ပဲ ငြိမ် နေခဲ့ရှာသည်ပါပဲ ..။ ခု .. တကယ်တမ်း .. မမျှော်လင့်ချိန်မှာ .. သား ရောက်လာခဲ့ပြီ ..။ ဪ .. ခုတော့ .. ပြန်လည်၍ ထွက် ခွာသွားခဲ့ချေပြီတည့် ..။



မှန်တင်ခုံကြီးဆီမှ မှန်ကြီးမှာ ထင်နေသည့် အရိပ်ကို ငေးကြည့်မိပြန်သည်က ဒေါ်ခင်သင်းသာပါ ..။ ရွှေကြိုးတုတ်တုတ်ခဲခဲကြီးမှာ အရည်ကောင်း စိန်လော့ကက်သီးကြီးကို ဆွဲထားသည့် မိန်းမသားတစ်ယောက် ..။ အနည်းငယ် ကျိုးကျဲဖြူစပြုနေသော ဆံပင်အုံကောင်းကောင်းကို သေသပ်စွာ ထုံးနှောင်ထားပြီးက် ..။ ကျားခေါင်းလက်ကောက် ..။ စိန်လက်စွပ်၊ စိန်နားကပ်တို့ဖြင့် ဖွေးဥစွာ ရှိနေပါသည့် လူချမ်းသာ မိန်းမကြီးတစ်ယောက်၏ အသွင် ..။ ပိုးရင်ဖုံးအင်္ကျီဖြူ ..။ အပြာရင့်အခံမှာ ဖြူပွင့်တွေပါသော ပါတိတ်ထဘီ ..။ သန့်ပြန့်ဖြူဥနေသော မိန်းမသားတစ်ယောက်၏ သားသည် .. မကြာမတင်မီကပင် .. နွမ်းဖတ်နေသော အဝတ်ဟောင်းလေးကို ဝတ်ဆင်လျက် စကြည့်ခန်း၏ တံခါးဆီမှ ဖြတ်သန်းလာကာ .. အမေ .. ဟု ခေါ်ခဲ့ချေသည်တကား။

"သား .."

ရင်ထဲမှ မချိမဆန့် ပွင့်ကျလာသော ခေါ်သံ ..။ ခံပြင်းမာနဖြင့် ထိုအချိန်တုန်းကတော့ ပြောချင်သမျှ .. ပြောချခဲ့ပြီးပြီ ..။ မင်းကမှ မနေချင်သပဆိုရင် .. သမီးလည်း သားစရာမလိုဘူး .. ဆိုသော အတွင်းထဲမှ ခံပြင်းကြေကွဲမာနစကားသည် .. နှုတ်ဖျားဆီမှ တင်းမာပေါက်ကွဲနေသော စကားများအဖြစ် အဟာန့်အတားမရှိ .. သွန်ချ .. ပြောချမိခဲ့ပြီးနေပြီ ..။ ခုကျတော့မှ .. နက်မှောက်သော မျက်ဝန်းလေးတွေဖြင့် ကြည့်ခဲ့သော ကောင်မလေးတစ်ယောက်၏ မျက်ဝန်းများကို စိတ်စီအာရုံထဲက ဖျောက်၍မရနိုင်ပဲ ဖြစ်နေသည်။ မိုးခါင်း ..။

www.burmeseclassic.com



ထိုအမည်လေးကိုပဲ သိခဲ့ရပါသည့်အဖြစ် ..။ ဖြူဥဥလေးနှ
အတော်ကြီးကိုလှသော ထိုမိဒေါင်းသည် .. အမုန်စင်စစ် .. တော်
ချင်သည်ဖြစ်စေ .. မတော်ချင်သည်ဖြစ်စေ .. မြေးဆိုတာတော
အမှန်ဖြစ်နေချေသည်ပဲဟု ဒေါ်ခင်သင်းသာ တဖြည်းဖြည်း ရ
ထဲမှာ ခံစားလာနေမိရပါပြီ ..။ ရင်ထဲမှာ အောင့်တက်လာ
သည်။ အသက်ရှူရတာပင် မဝချင်တော့သလို ကျပ်ခဲလာသည်
ပြတင်းအနီးမှာ သွားရပ်ကာ အသက်ကို ခပ်ပြင်းပြင်း ရှိုက်
လိုက်ရပါ၏။ ပြင်ပမှ ပန်းရနံ့သင်းသောလေက နှာဖျားဆီမှ ရ
တွင်းဆီသို့ ပို့သည်မို့ အတန်အသင့် ပြန်၍လန်းလာရပါ၏
ပြတင်းအနီးမှ မခွာဘဲ ခြံဝဆီသို့ ငေးစိုက်ကြည့်ရင်း အငြိမ်ငြိ
ငြိမ်နေသည်က ဒေါ်ခင်သင်းသာ ..။

မိဒေါင်း ..။ ထပ်၍ ရင်ထဲမှ ခေါ်မိသည့် အမည်
လေး ..။

အဝတ်လေးတွေက သစ်လွင်မနေ ..။ နွမ်းသည်
ပေမယ့် သန့်စင်သည်ပါပဲ ..။

အဖေ၏လက်ကို တွယ်ဖက်ထားသည်မှာ .. တင်းခ
တစ်ခင် နိုင်သည်။ အားကိုးတကြီး နိုင်သည်။ မခွဲနိုင်အော
တွယ်တာနေသည့် အသွင်လေး ..။ အဖေကို အတော်တွယ်တာ
ချွဲမည့်သမီး။ ချစ်မည့်သမီး ..။ ဒေါ်ခင်သင်းသာ၏ နှုတ်မှ ရေ
ခနဲ အပြုံးပွင့်လာသည်။ အဖေကိုချစ်သည့်သမီး ဆိုသည့် အရာတွ
ကြည်နူးစိတ်ဝင်၍ ဖြစ်လာရပါသည့် အပြုံး ..။

ရောက်သည်မှ ပြန်သည်အထိ .. စကားတင်နှု
သော်မျှ ဆိုမသွားခဲ့ပါသော မြေး ..။



ဘွားအေပြောသမျှ စကားတွေကို အဖေ၏လက်မောင်းကြီး တွယ်ဖက်၍ နားထောင်ခဲ့ပါသောမြေး ..။ တစ်ခုပဲ ပွင့်ကျခဲ့သော စကား ..။ ဖေဖေ့ကိုမခွဲဘူး ဆိုသည့် စကား။

ဪ .. နွေဦးမွှန်မှာ မနေနိုင်ပါဟု ချမ်းသာစည်းစိမ်ကို ငြင်းဆို၍ ဖခင်နောက်လိုက်မည့်စကား ..။ ဘွားအေက ခေါ်သည်ဆိုလျှင်သော်မှ .. ထိုကလေးသည် .. နွေဦးမွှန်မှာ နေမည့်ကလေး မဟုတ် ..။ ဖအေနှင့် အတူနေရဖို့သာ အရေးတကြီးဖြင့် ရှိနေပါသည့် သမီး ..။ ဪ .. ထိုမိဒေါင်းသည် .. ဦးမြင့်မောင်နှင့် ဒေါ်ခင်သင်းသာ၏မြေး ဖြစ်နေချေသည်တကား ..။

"ငါ့ကို .. ကန်တော့ခဲ့ရှာတယ် .. ငါ့ကို ကန်တော့ခဲ့ရှာတယ် ..."

ဟု မိဒေါင်း ကန်တော့ခဲ့တာလေးကို ပြန်မြင်ရင်း နှုတ်ဖျားဆီမှ ညည်းညူသံနှယ် ကြေကြေကွဲကွဲ အသံတွေ ပွင့်ကျနေသည်။ လက်နှစ်ဖက်သည် ပြတင်းပေါက်ပေါင်တန်းပေါ်မှာ ငြိမ်သက်မနေနိုင် ..။ လှုပ်ရှားနေသည်။ ပြတင်းပေါက်ပေါင်ကို ဆုပ်ခဲထားမိလိုက်။ လက်တွေကို ပြတင်းပေါက်ပေါင်တစ်လျှောက် ဟိုသည်ရွေ့လျားနေစေမိလိုက် ..။ ပြန်၍ဆုပ်ခဲထားမိလိုက် ..။ ခြံတံခါးဝကြီးကို ငေးကြည့်နေရင်းမှ ..

"သူတို့သားအဖ .. မကြာသေးခင်ကပဲ .. အဲဒီတံခါးကြီး ဆီကနေပြီး နွေဦးမွှန်ကို ဝင်လာခဲ့ကြတယ် .. ဪ .. ပြန်သွားကြပြန်ပြီကော .."

ဟု တွေးနေရင်းမှ ရင်သည် ခံနိုင်ရည်မရှိတော့ ပြန် ..။

www.burmeseclassic.com

www.burmeseclassic.com



“ငါ့သားဟာ ဘယ်တော့မှ ငါ့ရင်ခွင်ထဲကို .. ပြန်လာ
မှာ မဟုတ်ဖူး .. ဘယ်အကြောင်းကြောင့်နဲ့မှ ငါမြင်
တော့မှာလဲ မဟုတ်ဘူး .. ဘယ်အကြောင်းနဲ့မှလဲ သူ
တော့မှ မဟုတ်ဘူး .. ဒီတစ်ခါ .. လုံးဝ .. သူ့ကို
အရိပ်က အနှင်ကြီး နှင်မိခဲ့တော့တာပါလား .. ငါဟာ
ဆယ့်ရှစ်နှစ်ကျော်လုံးလဲ .. ငါ့မာနကို ငါမွေးပြီး ..
မာနနဲ့ ငါနေရင်း .. အချိန်တွေကို ဖြုတ်သန်းလာခဲ့ပြီး
ခု .. ခု .. မကြာမတင်လေးမှာ အဲဒီမာနတရားကို
ချလိုက်ရင် .. ဘာဖြစ်မှာမို့လို့လဲ .. အမေ .. လို့ ..
သား လာခေါ်ချိန်မှာ .. ငါ .. ငါ့သားရဲ့ရှေ့မှာ ရပ်
ရင် ဘာဖြစ်သွားမှာမို့လို့လဲ .. ဆံစတွေကို သပ်ပေးလိုက်
တာနဲ့ .. အရာရာဟာ အေးအေးချမ်းချမ်း ဆက်ပြီး
တည်ရတော့မှာ .. ငါဟာ .. အတော်မိုက်လုံးကြီးခဲ့
မိန်းမ .. အဲဒီအချိန်မှာ .. နာကြည်းစိတ်တွေကို ရင်ထဲ
ထုတ်ပြီး .. မာနစကားတွေ .. ခံပြင်းစကားတွေ ..
ငါ့ဆီကို ခေါင်းလျှိုဝင်လာပြီပေါ့လို့ ခနဲ့စကားတွေ
အရသာခံ ပြောချင်နေတဲ့ အမေတစ်ယောက်အဖြစ် နေ
လိုက်မိခဲ့တယ် .. အဲဒါကို .. ငါ .. နိုင်တယ်လို့ သ
တွေးနေမိခဲ့တယ် .. ငါ .. ဘယ်လောက် မိုက်တွင်း
ခဲ့သလဲ .. ဟင် .. သားနဲ့ မာနပြိုင်မိတဲ့ အမေဖြစ်နေ
ပေါ့လား .. ငါ့သားကို .. ဆံစလေး သပ်ပေးလိုက်တာ
ငါ့သားကို .. ကြည့်ရင်း .. ဝမ်းသာအားရ ကြိုဆိုလို
တဲ့ အမေတစ်ယောက်အဖြစ် နေပြပေးလိုက်တာနဲ့ ..



အချိန်မှာဆိုရင် .. အရာရာဟာ ပျော်ရွှင်စရာအတိ ဖြစ်နေ
ရတော့မှာ .. ငါ့မြေးလဲ ငါ့ဆီမှာ ရှိနေမယ် .. ငါ့သားလဲ
ငါ့ဆီမှာ ရှိနေမယ် .. အို .. ခုလောက်ဆို .. သူ့အဖေဆီ
ကိုတောင် ငါ ဖုန်းဆက်လိုက်မှာမို့ အဖေလုပ်သူကလဲ
အလုပ်တွေမစ်ထားခဲ့ပြီး အိမ်ကိုတန်းပြန်လာနေလောက်
ပြီ ..”

ဒေါ်ခင်သင်းသာ၏ ရင်ထဲမှာ ယူကျုံးမရ နောင်တ
သည် ဆောက်တည်ရာမဲ့ ဖြစ်လာနေပြီ ..။ အမှားကြီး မှားချေ
ပြီကော .. ဟု ဖြေယူ၍ မရနိုင်အောင် ရင်ထဲမချိ ဖြစ်နေရလေ
ပြီ။

“အမေ .. လို့ .. ငါ့သားဟာ .. ငါ့ရှေ့မှာ ခေါင်းငိုက်စိုက်
ချပြီး လာရပ်နေပြီပဲ .. သူ .. လာရပ်နေပြီပဲ .. ငါ့ဆီကို
ရောက်လာနေပြီပဲ .. အဲဒါထက် .. ငါက .. ဘာကို ထပ်
လိုချင်နေသေးတာလဲ .. မပြည့်စုံသေးဘူးလား၊ အဲဒီမာန
စကားတွေ ခံပြင်းစကားတွေကို ပြောချလိုက်ရမှပဲ ပြည့်စုံ
သွားမှာတဲ့လား .. ခု .. နင် ဘာရလိုက်သလဲ .. ဘာမှ
မရတော့ဘူး .. အားလုံး ကုန်ဆုံးသွားပြီ .. ဆုံးရှုံးသွား
ပြီ .. ရှုံးသွားပြီ .. နင် ဘာကိုမှ မရလိုက်ဖူး .. မရလိုက်
ဖူး .. ရှုံးတာ .. ရှုံးတာ .. သားကိုရော မြေးကိုရော ..
ဆုံးရှုံးလိုက်ရတာ ..”

ဟု တွေးနေရင်းမှ မျက်ရည်များ သောသောဖြိုင်ဖြိုင်
ကျလာပါပြီ ..။ နေရာမှာ တစ်ချက် အငြိမ်ကြီး ငြိမ်ကျသွားလျက်
ဖြင့် အတန်ကြာမျှ ရပ်နေမိပြီးသည့်နောက်မှ မျက်ရည်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သင်းသာ သုတ်သည်။ မှန်ရှေ့မှာသွားရပ်ကာ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။ မျက်နှာထက်မှာ တို့ပတ်ဖြင့် ခပ်ပွ သနပ်ခါးမှုန့်ကို တင်သည်။ ဆံစကို ပြန်သပ်သည်။ စိတ်ကို ငြိမ် အောင် ပြန်ထိန်းသည်။ သောကများဖြင့် လောင်မြိုက်နေသည့်ဟန် များကို ပြန်၍ထိန်းယူလိုက်နိုင်ဖို့ ကြိုးစားယူနေခြင်း ..။ အကျီ ဆွဲဆန့်လိုက်ပြီးသည့်နောက်မှာ အခန်းထဲရှိ ဆိုဖာထက်မှာ ထိုင် သည်။ စားပွဲပေါ်တွေ့သည့် စာအုပ်ကို ကောက်ယူ၍ ဖွင့်သည်။ ပြီးတော့မှ .. စားပွဲပေါ်မှ လူခေါ်ဘဲလ်ကို တီးလိုက်သည်။ မကြာလိုက် ဒေါ်ဥ ရောက်လာပါ၏။ လောလောဆယ်မှာတော့ ဒေါ်ခင်သင်းသာ ဆိုတာ အရမ်းကို တည်ငြိမ်နေသော .. ဘာ ဘာမျှ သောကဖြစ်မနေသော သူတစ်ယောက်အဖြစ် ဒေါ်ဥရှေ့မှာ ဖြစ်နေပြီ ..။

"ပြန်သွားကြပြလား .. သူတို့သားအဖ .."

"ဟုတ်ကဲ့ .. ပြန်သွားကြရှာပါပြီ မမကြီး .. ကျွန်မ တစ်ခု ပြောပါရစေ .. ပြောခွင့်လဲပြုပါ မမကြီးရယ် .."

ဟု ပြောလာသည့် ဒေါ်ဥကို ဒေါ်ခင်သင်းသာ စိုက်ကြည့်သည်။ တကယ်တမ်းက .. ဒေါ်ဥမှ .. ပြန်သွားကြ ပြီ မမကြီး .. ဟုဖြေလျှင် .. ဘယ်ကိုသွားကြမယ် ပြောလိုက် သေးသလဲ .. ဟု မျက်နှာကို တည်ငြိမ်အောင်ထား၍ မေးလိုက် ဖို့ ဆုံးဖြတ်ထားခြင်းပါ။ ဒါပေမဲ့ .. လောလောဆယ်မှာ ရင်ထဲ ကိုတ်ခဲမထားနိုင်လောက်အောင် မျိုသိပ်မရသည့်ပုံဖြင့် မချိတင်က ကြီး ပြောလာပါသည့် ဒေါ်ဥကို ကြည့်၍ ..

"ဘာပြောမလို့လဲ ဒေါ်ဥ .."



ဟု မေးခိုက် ..

"အစ်ကိုလေးခများ .. သမီးလေးကို မလုံခြုံလို့ဆိုပြီး စိတ် ပူလို့ .. လာအပ်ရှာတာပါ မမကြီးရယ် .. ခများ .. အစ်ကို လေး ခများ .."

ဟု ဆက်မပြောနိုင်ဘဲ မျက်ရည်ကျနေတော့ ဒေါ်ခင် သင်းသာမှ ..

"ဘာမလုံခြုံမှုတာလဲ .. သူ့ဆီ ရှိနေတာပဲ .."

ဟု မေးမိစဉ်ခိုက် မော့ကြည့်လာသည်က ကြမ်းပေါ် နေရှာပါသည့် ဒေါ်ဥပါ ..။

"အစ်ကိုလေး .. အစ်ကိုလေး .. မျက်စိမှ မမြင်တာပဲ မမ ကြီးရယ် .."

"ဘာ .."

ချောက်ချားသော အသံသည် ရင်ခေါင်းသံကြီး နေသည်။ လက်ထဲမှ စာအုပ်သည် ကော်ဇောခင်းကြမ်းပြင် လွတ်ကျသွား၏။ မယုံကြည်နိုင်သော အကြည့်များဖြင့် ချောက်ချောက်ချားချားကြီး ဒေါ်ခင်သင်းသာ ဒေါ်ဥကို ငေးကြည့် သည်။ မျက်လုံးများက အံ့သြချောက်ချားလွန်းစိတ်ဖြင့် ပြူး ဝိုင်းစက်နေ၏။ မျက်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း စိတ်ကို စည်းယူပြီးမှ ဒေါ်ခင်သင်းသာ ကိုယ်ကိုကိုင်းညွတ်၍ ရှေ့မှ တီစားပွဲပေါ် လက်ကိုအားပြုထောက်လိုက်ကာ ဒေါ်ဥကို ကြည့်နေရင်းမှ နှုတ်ခမ်းတွေ တလှုပ်လှုပ် လှုပ်နေသည်။ ဆမဲ့ .. စကားသံက ထွက်မလာနိုင်ပဲ ဖြစ်နေလျက် လည် ချောင်းတနင်နင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ .. မျက်စိ .. မမြင်ဘူး .. ဟုတ်လား .. ဘယ်
ဖြစ် .. ဖြစ် .. ရတာလဲ .."

ဟု အနိုင်နိုင် မနည်းကြီး အားစိုက်မေးသံ ဆို့နေသည့်ရင်ကြောင့် မပီမသပဲ ပွင့်ကျလာပါသည့်အဖြေ

"မသိပါဘူး မမကြီးရယ် .. အစ်ကိုလေး ခများ .. ကောက်လေးနဲ့ စမ်းစမ်းပြီး လျှောက်ရတာပါ .. လေးက အားယူပြီးရင်း ပြောရှာပါတယ် .. သူ .. တောင်ကန်းနေတာပါတဲ့ .. ကျွန်မရင်ထဲ မချိုလိုက် မမကြီးရယ် .."

ဟု ပြောပြီး မျက်နှာငုံ့စိုက်ချရင်းမှ မျက်ရည် တကျတည်း ကျနေရာမှ ..

"ခုတော့ .. သားအဖနှစ်ယောက် .. ပြန်သွားကြရှာပါပြီ"

ဟု ပြောသံတွင် အပြစ်မတင်ရဲ၍သာ ဖွင့်မပြော ရှိနေခြင်းဆိုတာ ဒေါ်ခင်သင်းသာ အလိုလို နားလည်လာနေသည်

"ဘုရား .. ဘုရား .. ဘယ်ပြန်ကြမှာတဲ့လဲ .."

ဟု နှုတ်ခမ်းတွေ ခြောက်နေလျက် ဆောက် ရာမှ မေးစဉ်ရိုက် ဒေါ်ဥ ခေါင်းပယမ်းပြသည်မို့ ကိုယ် ယိုင်ခနဲ ဆိုဖာထက်မှာ ပုံပုံကျ မှီကျသွားကာ မျက်ရည်များ လာနေရပါပြီ ..။ မျက်နှာထက်တွင် သွေးရောင်ပျောက်နေလျ ရှေ့တည့်တည့်ကိုသာ ငြိမ်သက် ရှူးစိုက်ကြည့်နေသည်မှာ အာ အင်များ ဘာမျှမကျန်တော့သည့်နှယ် ဖြစ်နေသည်။ မျက်ဝန်း ကို ရွေ့လျားယူ၍ မရနိုင်တော့သည့်နှယ် ဖြစ်နေသည်။ နှုတ်ခမ်း တွေ ဆတ်ဆတ်တုန်နေသည်။ လက်ဖျားတွေ ဆတ်ဆတ်ခါ



သည်။ ဇက်ကို ဆိုဖာကျောမှီထက်ဆီသို့ ညည်းညူသံတွေ ပွင့် ကျနေရင်းမှ လှန်ချလိုက်ကာ ..

"အို .. အို .. သားရယ် .. သားရဲ့ .."

ဟု မချိမဆန့်ကြီး တမ်းတလိုက်သံက အက်အက် ကွဲနိုင်စွာ နှုတ်ခမ်းဆီမှ ပွင့်ကျလာပါသတည်း။ နောက်တော့ ဒေါ်ခင်သင်းသာ၏ ဇက်သည် ပြန်၍ငိုက်ကျလာသည်။ စတင်၍ ကိုငိုလာသည်။ မျက်ရည်ပေါက်များသည် ငိုက်ချထားသော နှာထက်မှာ အစီးစီး အသွယ်သွယ် ဖြစ်နေသည်။ လက်နှစ် က ဆိုဖာခင်းထက်မှာ ဖေးတင်နေ၏။ ခါးသည် အားမရှိသည့် ယ် ကုန်းညွတ်ကျနေသည်။ ဤမျှ စိတ်ဓာတ်အရာ ချူးချူးကျ ကျိုးလွန်းစွာ ကျဆင်းနေသည့် အဖြစ်မျိုးကို .. ဒေါ်ခင် င်းသာထံမှာ ဒေါ်ဥ တစ်ခါမျှမမြင်ဖူး ..။ အစဉ်အမြဲ တောက်ပ သာ မျက်ဝန်းများဖြင့် စိတ်ဓာတ်ခိုင်မာလွန်းပါသော ဒေါ်ခင် င်းသာ ..။

ပြော .. ပြောတာ တစ်ခွန်းတည်းဆိုသည့် မာနဖြင့် ည်ရှိခဲ့ပါသော ဒေါ်ခင်သင်းသာ ..။ ဤတစ်ကြိမ်သာ .. မျက် ည်များ ဖြိုကျနေရင်း ရင်နှင့်မဆန့်အောင် ပြိုလဲကျဆင်းနေသည့် ခင်တ .. တရားများဖြင့် ငိုကြွေးနေတာမျိုးကို .. ကြုံဖူးရခြင်း ။ ပြေး၍ ရေတစ်ခွက်ကို ရေခဲသေတ္တာတွင်းမှ ရေပုလင်းကိုယူ ငှဲ့ထည့် ..။ ဒေါ်ခင်သင်းသာကို တိုက်တော့မသောက် ..။ တ်ဖြင့် တွန်းဖယ်လိုက်ပါ၏။ ကိုယ်ကို ပြန်မတ် ..။ ဒေါ်ဥကို ကြည့်ကာ ..

"ငါ့ဆယ်လူလာဖုန်း ယူလာခဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာသည်မို့ ခုတင်ဘေး စားပွဲပေါ်မှ ဖုန်းလေးကို ဒေါ်ဥ ပြေးယူလာရသည်။ ဒေါ်ခင်သင်းသာ စိတ်အေးခိုက်လွန်ပြီး တစ်ခုခု ဖြစ်သွားမှာ ဒေါ်ဥ ကြောက်နေသည်ပါပဲ။

"အစ်ကိုကြီး .."

ဖုန်းခေါ်၍ တစ်ဖက်မှ ထူးသည်နှင့် ဒေါ်ခင်သင်းသာ၏နှုတ်မှ အက်ကွဲသောအသံ ပွင့်ကျလာသည်။

"သင်း .. သားကို ဘာတစ်ခုမှ ပြောပြရှင်းပြခွင့် မပေးပဲ .. မောင်းထုတ်လိုက်မိတယ် အစ်ကိုကြီး .. သားကိုရှာပါ အစ်ကိုကြီးရယ် .. သားကိုတွေ့အောင်ရှာမှ ဖြစ်မှာပါ .. သူ .. သူ .. မျက်စိမမြင်တော့ဘူး အစ်ကိုကြီးရဲ့ မျက်စိမမြင်တော့ဘူး .. စောစောလေးတင်ကပဲ .. အဲဒီသားဟာ သင်းဆီကို ရောက်ခဲ့တယ် .. သူ့ကိုပြောခွင့်မပေးခဲ့ သင်း နှင်ထုတ်ခဲ့မိပြီးပြီ .. သူပြောဖို့ ကြိုးစားသေးတယ် သင်း ခွင့်မပြုခဲ့တာပါ .. သင်း .. ရက်စက်ခဲ့တာပါ .. ရှာပေးပါ အစ်ကိုကြီးရယ် .. အစ်ကိုကြီးနဲ့ သင်းတို့ရဲ့သားနဲ့ မြေးကို ရှာပေးပါ .. မိခေါင်း ဆိုတဲ့ မြေးလေးကို သားနဲ့အတူ နွေဦးမွန်မှာ ခေါ်ထားမှ ဖြစ်မှာပါ .. အိမ်ကို အမြန်လာခဲ့ပါ .. အစ်ကိုကြီးကို .. သင်း .. လောလောဆယ်မှာ .. အားကိုးတကြီးနဲ့ .. တွေ့ချင်နေပါတယ် အစ်ကိုကြီးရယ် .. သင်း .. ရင်တွေကွဲနေရပါပြီ .. ကွဲနေရပါပြီ .."

တစ်ဖက်က ဘာတွေမေးနေသည် ဆိုတာကိုလည်း မသိတော့ ..။ ပြောချင်တာကို ရှိုက်ရင်း ငိုရင်း ပြောနေသည်



ဆက်တိုက်ပါ ..။ ပြောပြီးတာနှင့် ဖုန်းကို ပိတ်ချလိုက်ကာ ဒေါ်ခင်သင်းသာ ကိုယ့်ကိုကိုင်းညွတ်၍ မျက်နှာပေါ် လက်ဝါးအုပ်လိုက်ကာ မချိတင်ကဲ .. ယူကျုံးမရစွာ .. ငိုချလိုက်သည်က.. ရှိုက်ကြီးတငင်ပါတကား ..။

* ● *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

တက္ကစီကို မြန်မာထမင်းဆိုင်တစ်ခုရှေ့မှာ မိဒေါင်း ရပ်စေပါ၏။ တက္ကစီခရှင်း ..။ ဖေဖေ့ကို ကားပေါ်မှတွဲ၍ဆင်း ..။ ထမင်းဆိုင်မှာ ထမင်းနှစ်ပွဲကို ဆိတ်သားနှင့် ကုလားပဲဟင်းဖြင့် မှာရသည်။ ဖေဖေက ဆိတ်သား အရမ်းကြိုက်သည်လေ ..။ ခုလို မြို့ပေါ်တက်စဉ်နိုက် ဖေဖေကြိုက်သည့် ဆိတ်သားအချိုချက်နှင့် ကုလားပဲဟင်း ..။ ပြီးတော့ ဘာလချောင်ကြော်လေးဖြင့် ဤဆိုင် လေးမှာ အရန်သင့်မှာယူ၍ ရနိုင်တာကိုပဲ မိဒေါင်း ဝမ်းသာရ ၏။ မနက်ကလည်း ဖေဖေ ထမင်းကြော်ကို ဟုတ်တိပတ်တိ စားဖြစ်ခဲ့ရှာတာ မဟုတ် ..။ နွေဦးမွန်သို့ ခေါ်သွားမည့်အ တွေး၍ ဖေဖေ စိတ်လှုပ်ရှားနေခဲ့ပါလိမ့်မည် ..။ ဘာတွေရှေ မည်ဆိုတာ ဖေဖေ ထိုစဉ်ကတည်းက ရင်လေးခဲ့ရှာမည်သာ .. တကယ်လည်း .. ဖေဖေ အရမ်းကို စိတ်ထိခိုက်ရပါသည့်အ ကြီးတစ်ခုကိုသာ ရင်နှင့်မဆန့်အောင် ခံယူခဲ့ရရင်း ပြန်ခဲ့ရသည် မဟုတ်ပါလား ..။



ဖေဖေ့ ထမင်းပန်းကန်ထဲ ဆိတ်သားနှင့် အနှစ်ကို ...ည့်၍ မိဒေါင်း နယ်ပေးသည်။ ဆိတ်သားတုံးကို အနေတော် ...တွေဖဲ့၍ ဖေဖေ့ပန်းကန်ထဲ ထည့်ပေးသည်။

"စားနော် ဖေဖေ .. ဖေဖေ ကြိုက်တဲ့ ဆိတ်သားအချိုချက် ဖေဖေရဲ့ .. မြို့ချက် .. ဆိုင်ချက်ဆိုတော့ ပိုစားကောင်း မှာ .. ဒါက ဘာလချောင်ကြော် .. မိဒေါင်း ထမင်းနဲ့ ရော နယ်လိုက်မယ်နော် .. ပဲဟင်းပန်းကန်က ဒီမှာဖေဖေ .."

ဟု ပဲဟင်းရည်ပန်းကန်ဘက်ကို ဖေဖေ့လက်ကိုဆွဲ ...ပြတော့ ဖေဖေ အားယူ၍ ပြုံးရှာပါ၏။

"ရှေ့ကဟင်းခွက်တွေကို ဖေဖေ စမ်းယူလိုက်ရင် .. နောက်ကျတော့လဲ .. ဇွန်းနဲ့ ခပ်ယူလို့ ရပါတယ် သမီး ရယ် .. သမီးလေးလဲ ဆာရောပေါ့ .. စားတော့ .. စား တော့ .. ဖေဖေလဲ ဆာနေတာနဲ့ အတော်ပဲ .. ဟင်းနံ့က မွှေးလိုက်တာ သမီးရယ် .."

ဟု အဲလိုက်သင့် ပြောရှာပေမယ့် .. ဖေဖေ တကယ် ...ကျတော့ ထမင်းစား မမြိန်နိုင်ရှာပါ ..။ ဟင်းခွက်တွေကို ...ဖြင့်စမ်း၍ ဇွန်းဖြင့်ခပ်ဆယ်ယူကာ ရှေ့ရှိထမင်းပန်းကန်ထဲ ...ည့် ..။ ဘာဟင်းလဲ ဆိုတာကို လက်ဖြင့်စမ်းစမ်းကြည့်ပြီးသည့် ...က်မှာ .. ဖေဖေသည် ပဲဟင်းရည်လေးကို ခပ်သောက်လိုက် ..။ ...ရည်နှင့် ဆိတ်သားချက်ကို နယ်ဖတ်စားလိုက်နှင့် အလိုက် ...နေပေးစားပေးရှာပေမယ့် အရသာမတွေ့တာကို မိဒေါင်း ...သည်။ မိဒေါင်း ကိုယ်တိုင်လည်း ထမင်းစား မဝင်နိုင် ..။ ...ဘက ဘွားဘွား နှင့်ထုတ်ခဲ့တာကို ခေါင်းငုံ့ခံရင်း ထွက်ခဲ့

www.burmeseclassic.com



ရစဉ်က .. ဖေဖေ့ကို သနားရလွန်း၍ ရင်ထဲမှာ ခံနိုင်စွမ်းပင် … လောက်အောင် ဖြစ်ခဲ့ရသည်ပါပဲ ..။ ကားပေါ်မှာ ဖေဖေမျက်… ကျသည်က အသံထွက်ရှိုက်ငိုရင်းနှင့်ပေမို့ တက္ကစီမောင်း… ဦးကြီးပင် ရင်ထဲဆို့နေရှာသည်။ ကားရပ်တော့ ကားခမယူ… ပါ .. ဟု တွင်တွင်ငြင်းနေသည်အထိ ကရုဏာသက်ခဲ့ရှာ… အဖြစ်။ မိဒေါင်း မနည်းကြီးကို ကားခပေးယူရသည် အထိ… သြော် .. သူစိမ်းက မိဒေါင်းတို့ သားအဖ အဖြစ်ကို မကြည့်… ပဲဖြစ်ကာ သနားစိတ်ဖြင့် ကားခပင် မယူရက်ချိန် ..။ ဘွား… ကဖြင့် မိဒေါင်းတို့ သားအဖကို .. ပြတ်ပြတ်ထင်ထင် နှင်… ချေသည်တကား ..။ မိဒေါင်းကတော့ .. ဘွားကို ခုမှမြင်… မို့ .. ဘွားအေ ဆိုတာ အသိတရားထဲ ရှိသည်ကလွဲ၍ .. … လောက် ခံစားချက် မပြင်းနိုင်ဟု သိနေရလေလေ ..။ … အရှမ်းကို နင့်နေအောင် ခံစားရတာကို သနားရလေပါ … မိဒေါင်း ရင်ထဲမှ ဘွားကို စိတ်မနာပါ ..။ စိတ်မနာချင်ပါ … ဘွားဘွားပေပဲလေ ..။ မိဒေါင်းကို လက်ခံသည်ဖြစ်စေ ..။ … မခံသည်ဖြစ်စေ ..။ မိဒေါင်း၏ ဘွားဘွားပေပဲလေ ..။ ဒါ… ဖေဖေ့ကိုကျတော့ သနားရလွန်း၍ မိဒေါင်း ရင်ထဲမှာ ခုထိ… တာ မပျောက်နိုင်သေး ..။

မျိုချနေရပါသည့် ထမင်းလုတ်သည် လည်ချောင်း… တစ်ဆို့နင်နေသည်သို့ပင် ခံစားနေရသည်။ မိဒေါင်းကို … နေရာ ပို့ချင်လို့ ဖေဖေ ဒီလိုကြံ့ရတာ .. ဟု ပြောချင်… သည်။ ဒါပေမဲ့ .. တကယ်တမ်းကျတော့ အရာရာကို … နေရပါသည့်အဖြစ်။ မျက်ရည်ကို ထိန်းချုပ်ထားရသည်။ …



ကို ထိန်းချုပ်ထားရသည်။ ဖေဖေ့ကို တည်ငြိမ်အေးချမ်းနေသော မိဒေါင်း အဖြစ်ပဲ သိနေစေချင်သည်။ မိဒေါင်း စိတ်ထိခိုက်နေသည် ဆိုလျှင် .. ဖေဖေ ပို၍ ကြေကွဲရှာချေမည်ပေါ့ ..။ ပို၍ ခံစားရရှာ ချေမည်ပေါ့ ..။

"ဖေဖေ .."

ထမင်းစားမဝင်နိုင်သည့် အတူတူ ..။ ဇွန်းလေးကို ချ၍ မိဒေါင်း ခပ်တိုးတိုး ခေါ်တော့ စားလက်စ ထမင်းလုတ်ကို တန့်၍ ဖေဖေ မိဒေါင်းဘက် ခေါင်းတည့်၍ ..

"ဘာလဲ သမီး .."

ဟု မေးလာပါ၏။ မသိသူဆို .. ဖေဖေ့ကို မျက်မမြင်ဟု ဘယ်လိုမှ ထင်စရာမရှိ ..။ ဖေဖေ့ မျက်ဝန်းများသည် မှိန်နေသော မျက်ဝန်းများ မဟုတ် ..။ အသံလာရာဘက်ဆီသို့ ဖေဖေ့ မျက်ဝန်းတွေ ရောက်လာတတ်သည်။ အသံလာရာဘက် ဆီသို့ ဖေဖေ့ မျက်နှာက ဦးတည်ထားတတ်သည်။ အေးကကြည့် လျှင် ဖေဖေသည် လူကောင်းသူကောင်း တစ်ယောက်နှယ် ဖြစ် နေသည်။ သူလိုကိုယ်လို ကျန်းမာသူ .. မျက်စိမြင်သူနှယ် ဖြစ် နေသည်။

"ဒီသစ်ရိပ်လေးက အေးတယ် ဖေဖေ .. ဖေဖေ့ကို ဒါကြောင့် .. ဆိုင်ထဲမစားဘဲ ဒီမှာစားအောင် .. ဒီစားပွဲ မှာ မိဒေါင်းတို့ ထိုင်ကြတာ .. ဒီနေရာလေးနဲ့ သိပ်မဝေး တဲ့ နေရာမှာ လူကူးမျဉ်းကျား ရှိနေတယ် ဖေဖေ .. ဟို ဘက်မှာ .. ပန်းသီးတွေရောင်းနေတဲ့ လမ်းဘေးဈေးသည် ရှိနေတယ် .. တခြားအသီးတွေလဲ ရှိတယ် ဖေဖေ ..

www.burmeseclassic.com

www.burmeseclassic.com



မိဒေါင်း စားချင်တယ် ဖေဖေ .. ဖေဖေလဲ စားရမယ်နော် .. ခဏလောက် မိဒေါင်း အဲဒါကို သွားဝယ်လိုက်မယ် .. ဖေဖေ ထမင်းဆက်စားနေနော် .. မိဒေါင်း ပြန်လာတာနဲ့ ပိုက်ဆံရှင်းပါ့မယ် ..”

ဟုပြောတော့ ဖေဖေ ပြုံး၍ မိဒေါင်းကို သက်ပြင်းရှိုက် ခေါင်းညိတ်ပြပါ၏။

“ဖေဖေ့ကို စားစေချင်လို့ ဆိုတာ ဖေဖေ သိပါတယ် သမီးရယ် .. ကိုင်း .. သွားဝယ်ချေ .. သြော် .. သမီး .. သားရေအိတ်တွေတော့ သမီး သယ်သွား .. ချထားတာ သူများကောက်ယူသွားလဲ ဖေဖေ သိနိုင်တာ မဟုတ်ဖူး ..”

ဟု ပြောတာမို့ မိဒေါင်း သားရေအိတ်နှစ်လုံးကို လွယ်၍ ပိုက်ဆံအိတ်လေးပါသော လွယ်အိတ်လေးကိုပါလွယ်ကာ တစ်ဖက်လမ်းသို့ လူကူးမျဉ်းကျားမှ ကူးသည်။ ဖေဖေ့ရင်ခွင်ထဲမှာတော့ တယောအိုးပါသော တယောအိတ်ကို ထည့်ထားခဲ့ပါ၏။

ဖေဖေ့ကို တွဲခေါ်၍ လမ်းတစ်ဖက်ကူးတာတို့ ဘာတို့လုပ်တာထက် ခုလို မိဒေါင်း တစ်ယောက်တည်းကူးကာ ပန်းသီးလေးတွေ ဝယ်လိုက်တာက ပို၍ဖေဖေ့အတွက် အန္တရာယ်ကင်းသည်မို့ ..။ မိဒေါင်း တစ်ယောက်တည်း ထွက်ခဲ့ခြင်းပါ ..။

ပန်းသီးသည်ရှေ့ရောက်တော့ ပန်းသီးဈေး မေးကြည့် ..။ ပန်းသီးလေးလုံးဝယ် ..။ ပြီးတော့ .. ခပ်လှမ်းလှမ်းမှာရှိသည့် စပျစ်သီးကို အစိတ်သားဝယ်နှင့် မိဒေါင်းရှိသွားရပါ၏။ ထိုအခိုက် ထမင်းဆိုင်ဘက်ဆီမှ ..



“ဟာ .. စောစောက ကောင်မလေးရော အိတ်ရော မရှိတော့ဘူး၊ ဒီလူကြီးမဲ ကျန်ခဲ့တယ် .. ထမင်းဘိုးလဲ မရှင်းရသေးဘူး .. သူ့သမီးလာမှ ရှင်းမယ်ဆိုပြီး .. အတင်းပြောနေတယ် .. ခင်ဗျား ဘာလဲဗျ ..”

ဆိုသည့် ထမင်းဆိုင် စားပွဲထိုး ကောင်လေးတစ်ယောက်၏ ခပ်ကြွမ်းကြွမ်း ခပ်ကျယ်ကျယ် အော်သံကြားတော့ လှမ်းကြည့်လိုက်မိရပါပြီ ..။ စားပွဲထိုးလေးကလည်း ဖေဖေ့ကို မျက်မမြင်မှန်း မသိနိုင်သည်မို့ .. ခုလို မိဒေါင်းရော အိတ်တွေရော မရှိတော့သည့်အတွက် မသင်္ကာဖြစ်ဟန်လည်း တူပါ၏။ ဖေဖေကတော့ လက်တကာကာဖြင့် ရှင်းပြဖို့ ကြိုးစားနေသည်။ ဘာတွေပြောနေရှာသည် မသိ ..။ မိဒေါင်း စိတ်လက်ပူလျက် သစ်သီးဝယ်နေရာမှ လက်ကိုဝှေ့ယမ်းပြသည်က စားပွဲထိုးလေးကိုပါ ..။ ဒါပေမဲ့ ကောင်လေးက မမြင် ..။ ဖေဖေ့လက်ကို ဆုပ်ထား ကိုင်လားနှင့် လုပ်လာနေပြီ ..။ ဆိုင်ရှင်ဟု ထင်ရသူလူကြီးလည်း ဆိုင်တွင်းကောင်တာဆီမှ လျှောက်လာနေပြီ ..။

ဖေဖေပြောသည့် စကားထဲမှာ ပန်းသီးဝယ်တာပါသည်။ ပန်းသီးနေရာကို ကောင်လေးရော ဆိုင်ရှင်ရော တစ်ချက်လှမ်းကြည့်လိုက်ကြတာ မိဒေါင်း ခပ်သုတ်သုတ် လျှောက်နေရင်းလှမ်းမြင်ရသည်။ မိဒေါင်းက .. တစ်ဖက်ထောင့်နေရာဆီမှ စပျစ်သီး ထပ်ဝယ်နေခဲ့တာမို့ နေရာက လှမ်းနေသည်။ ပန်းသီးသည်နေရာမှာ မိဒေါင်း မရှိသည်မို့ ပို၍မသင်္ကာပုံဖြင့် ..

“အရင် .. ဟိုကောင်မလေး လစ်ပြီး .. ဒီလူကြီးပါပေစိမ့်လို့ဖြစ်မှာ ..”

www.burmeseclassic.com

www.burmeseclassic.com



ဟု ထမင်းဖိုးမပေးပဲ လစ်ပြေးမည်ထင်သံက စား
ထိုးကောင်လေးဆီမှ ကျယ်ကျယ်လောင်လောင် ထွက်လာခိုက်
မိဒေါင်း လူကူးမျဉ်းကျားထိ မလျှောက်နိုင်တော့ပဲ လမ်းမကျယ်
ကြီးကို စိုးရိမ်ဇောတစ်ခုတည်းဖြင့် ဖြတ်ကူးမိရသည်က သွား
အိတ်နှစ်လုံး လွယ်လျက် ..။ ကြွပ်ကြွပ်အိတ်နှင့် သစ်သီးအိတ်
လေးတွေ ဆွဲလျက်ဖြင့်ပါ ..။

"ဒီမှာ မိဒေါင်း ရှိတယ် .. ဒီမှာ .."

ဟုလည်း လှမ်း၍အော်မိ ..။ လက်ကိုဝှေ့ယမ်းမိ
ပြေးလာနေမိတော့မှ ကောင်လေး လှမ်းမြင်ပုံ ရပါ၏။

မိဒေါင်း လမ်းထောင့်ချိုးအတိုင်းဆီမှ အတင်း
ပြေးလာစဉ်ခိုက် ..

"ကျွိ .."

ခနဲ ဘရိတ်ဆွဲသံ ..။ မိဒေါင်းကိုကား ဝါဝါတ
တိုက်လိုက်မိတာ ..။ ဒါကိုတော့ မိဒေါင်း သိလိုက်ရပါ
လက်ထဲမှ ကြွပ်ကြွပ်အိတ်တွေ လွင့်ခနဲ ဖြစ်ကုန်သည်။
က လမ်းပေါ်သို့ လက်တံထောင်ထောက်လျက်ဖြင့် ကျသွား
နာကျင်မှုက တိုးဝင်၏။ ခြေထောက်ကလည်း ဒူးထောက်ကျ
မို့ ဒူးနေရာက အရမ်းနာနေသည်။ ဒါပေမဲ့ မိဒေါင်း ဂရု
အား ..။ ကားဘရိတ်ဆွဲမြန်လျက် ကားရှိန်ကလည်း ပြင်း
မဟုတ် ..။ ပြင်းနေတာက မိဒေါင်း၏ ပြေးလာသည့် အရှိန်
ကိုယ့်အရှိန်နှင့်ကိုယ် ကျရသည့် အဖြစ် ..။ သိမ်းကျုံး
ကယောင်ကတမ်း တစ်ချက်နိုင်စွာဖြင့် ကြွပ်ကြွပ်အိတ်
ကောက်ယူဖို့ ကြိုးစားမိနေရာမှ တလွင့်တခြားစီ ဖြစ်



ဗန်းသီးတွေကို မကောက်နိုင်တော့ဘဲ ဖေဖေ့ ဇောဖြင့် ပြန်ထပြေး
ပေမယ့် .. ကိုယ်က မနိုင် ..။ ဒူးညွတ်ပြန်ကျသွားပါပြီ ..။

"နေ .. နေ .. နာနေပြီဥစ္စာ .."

ဟူသော အသံ ..။

မွှန်ရည်သန့်ပြန့်သော ဟန်လေးဖြင့် လာတွဲသည့်
သူကို မော့ခနဲ ကြည့်မိရရင်းမှ ..

"မိဒေါင်းက ကိစ္စမရှိဘူး .. ဟိုမှာ .. ဖေဖေ့ဆီ ရောက်မှ
ဖြစ်မှာ .. ဖေဖေက မျက်စိမြင်တာ မဟုတ်ဖူး .. ဟိုမှာ
က .. ထမင်းဖိုးပဲ တောင်းနေကြတာ .."

ဟု မျက်ရည်တွေ ပြည့်သိပ်နေရင်း အဖေဖော
ကပ်လျက်ပြောတော့ လူရွယ်က မိဒေါင်း ညွှန်ပြရာကို ကြည့်
သည်။

"မင်းမှ မလျှောက်နိုင်တာ .. ဒီမှာပြန်ပြီး ခဏထိုင် ..
ကိုယ် .. ဟိုဘက်ကို သွားလိုက်မယ် .."

ဟု ပြောကာ မိဒေါင်းကို ပြန်တွဲခေါ်လာ ..။
လက်ဖောင်းခုံလေးမှာ ထိုင်ခိုင်းခဲ့လျက် လူကူးမျဉ်းကျားဆီမှ
ခပ်သုတ်သုတ် လျှောက်သည်။

"ဟိုမှာ ကားတိုက်ပြီ .."

ဟု အထိတလန့် အော်လိုက်သည့် စားပွဲထိုးကောင်
လေး။

"ဘယ်သူလဲ .. ဘယ်သူလဲ .."

ဟု မေးနေသည့် လူကြီးတစ်ယောက်၏ မျက်နှာ ..။
အားလုံးကို မင်းခန့် ကြားနေမြင်နေရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်သမီးလေး ဘာမှမဖြစ်ပါဘူး အန်ကယ် .. ထမင်းဖိုး ကျွန်တော် လာရှင်းတာပါ .. ဘယ်လောက်ကျ ပါသလဲ .."

ဟု ဦးလေးအရွယ် မိဒေါင်း၏ ဖေဖေကိုလည်း သူ ပြော ..။ စားပွဲထိုးလေးကိုလည်း တစ်လက်စတည်း ထမင်းခ ကျသင့်ငွေမေးကာ ရှင်းပေးလိုက်ပါ၏။

"လာပါ အန်ကယ် .. ကျွန်တော် တွဲခေါ်ပါ့မယ် .. ကျွန်တော့်နာမည် မင်းခန့်ပါခင်ဗျာ .. ကျွန်တော့်ကားနဲ့ မိဒေါင်း နည်းနည်းထိခိုက်မိကြပါတယ် .. ဘာမှမဖြစ်ပါ ဘူး .. ခြေထောက်နာသွားပါတယ် ခင်ဗျာ .. ဆေးခန်းကို လိုက်ပြဖို့တော့ လိုပါမယ် .. ကျွန်တော် ဆေးခန်းကို လိုက်ပို့ပါရစေ .. ပြီးရင် .. အန်ကယ်တို့ ပြန်မယ့်နေရာ ထိ လိုက်ပို့ပေးပါ့မယ် ခင်ဗျာ .. နောက်နေ့တွေမှာသ ဆရာဝန်ကို အိမ်ထိခေါ်လာခဲ့ပါ့မယ် .."

ဟု မင်းခန့် ပြောတော့ ..

"ကျွန်တော့်သမီးလေး ကားတိုက်ခံရတယ် .. ဟုတ်လား .. ဘုရား .. ဘုရား .. သမီး .. သမီးရေ .."

ဟု မျက်ရည်တွေ ကျလာရင်း မမြင်ရသူတို့သဘာဝ အသံကြားမှ စိတ်ချတော့သည့်နှယ် အော်ခေါ်နေရှာပုံမှာ ဘေးမှ ပင် မြင်ရင်း ရင်ထဲထိခိုက်ရစေသည် အထိပါ ..။ ကတုန်ကယင် ကြီး ဖြစ်နေပါသည့် အန်ကယ့်ကို လက်တွဲခေါ် ..။ တယောအိ ပါသည့်အိတ်ကိုပါလွယ်၍ သူ တွဲခေါ်လာခဲ့ရသည်ပါပဲ ..။

"မိဒေါင်း ရှိတယ် ဖေဖေ .. မိဒေါင်း ဘာမှမဖြစ်ဘူး .."



ဟု လည်း မိဒေါင်း လှမ်းအော်ရှာပါ၏။ သမီးအသံ ကြားသည်မို့ အန်ကယ်ကြီး စိတ်သက်သာသွားရှာမှန်း သူ နား လည်လာရလျှက် စာနာစိတ်က ထိုမျက်မမြင်သားအဖထံမှာ ဖြစ် တည်သနားနေမိရပါသည့် အဖြစ် ..။

လမ်းပေါ်ပြန့်ကျဲနေသည့် စပျစ်သီးများ ..။ ပန်းသီး များကို သူ တစ်ချက်ကြည့်ကာ .. မိဒေါင်းတို့ သားအဖကို ကား နောက်ခန်းမှာ တွဲခေါ်ထိုင်စေပြီးသည့်နောက် ..။ ပန်းသီးနှင့် စပျစ်သီးတွေ သူ စက္ကူအိတ်ပြည့်ဝယ်ကာ ကြွပ်ကြွပ်အိတ်နှင့် ပြန်၍ထည့်သိုစေသည်။ ကားရှိရာသို့ ပြန်လျှောက်လာစဉ်ခိုက် ..

"ဖေဖေ ပြောပါတယ် သမီးရယ် .. ပိုက်ဆံက သုံးမီးဆီ ပါသွားတာမို့ .. သမီးလာရင် ထမင်းဖိုး ရှင်းပါ့မယ်လို့"

ဟု ပြောနေသံ ..။

"မိဒေါင်း မှားပါတယ် ဖေဖေရယ် .. ပိုက်ဆံရှင်းပြီးမှ သွားရမှာ .."

ဟု ပြောနေပါသည့် ကောင်မလေး၏ အသံကို ကြားနေရပြီးသည့်နောက်မှာ ..။ နောက်ခန်းတံခါးကိုဖွင့်၍ သစ် သီးအိတ်လေးတွေ နောက်ထိုင်ခုံမှာထောင့်နေရာမှာ သူချရင်း အရှမ်းကို နုထွေးဖူးဉနေအောင် လှလွန်းပါသည့် ကောင်မလေး၏ မျက်နှာကို ထိုအခါမှ သတိပြုလာနိုင်သည်။ ရုပ်ရည်သန့်ပြန့်မွန် ရည်သော အန်ကယ် ..။ နုဖန့်သန့်စင်နေအောင် ချောမွေ့နေပါ သည့် ကောင်မလေး ..။ ကြည့်ရတာ .. သားရေအိတ်တွေ ဟာ ဘူနှင့်မို့ .. ဤမြို့ကတော့ ဖြစ်ဟန်မတူ ..။ နယ်ကများ တက် လာကြခြင်းများပေလား မသိ ..။ ကားတိုက်ခံရသည့်ကိစ္စ ..

www.burmeseclassic.com

www.burmeseclassic.com



ခုထိ .. ထိုသားအဖဆီမှ အပြစ်တင်စကားတစ်ခွန်း ပွင့်ကျမလာ ..။ သားအဖအနေနှင့်သာရှိလျက် အတော်ကြီးကို ချစ်ကြရှာတာ သိသာနေပါသည့် အဖြစ် ..။

"မိဒေါင်း လမ်းကူးမှားတာပါ အစ်ကိုရယ် .. ခုလို .. မိဒေါင်းကြောင့် အစ်ကိုမှာ အလုပ်တွေပိုရ .. တာဝန်တွေ ပိုရနဲ့ ဖြစ်ရတဲ့အတွက် မိဒေါင်း တောင်းပန်ပါတယ် အစ်ကို .."

ဟု မော့ကြည့်ရင်း ပြောလာသည့် မိဒေါင်းကို သူကလည်း ကားတံခါး ပြန်ပိတ်ရင်း ငေးခနဲ ကြည့်မိရပါ၏။ မျက်ရည်များ ပြည့်သိပ်နေသော မျက်ဝန်းလေး ..။ မော့ကြည့်ပြောနေပုံလေးက အရမ်းကို အပြစ်ကင်းစင်သည်။ ဒေါသရိပ် မရှိ ..။ စိတ်ဆိုးရိပ် မရှိ။ အပြစ်တင်ရိပ် မရှိ ..။ တောင်းတောင်းပန်ပန်ပင် ပြောရှာသေးသည့် အဖြစ် ..။ သူ .. ကားလေးကို မောင်းထွက်လိုက်မိရပါပြီတည်း ..။

* * *



## အခန်း(၂၅)

"ခုလို .. သားနဲ့ သမီးတို့ ကြဖန်ကြုံကြိုက်လိုက်ကြရတာကိုပဲ .. တစ်နည်းအားဖြင့် ဝမ်းသာပေးလိုက်ရမလိုတောင် ဖြစ်နေပါတယ် ကိုမောင်မောင် .. ဒါကြောင့်မို့လို့လဲ ကျွန်တော်နဲ့ ကိုမောင်မောင်တို့ ခုလိုဆုံလိုက်ကြရတာကိုး ခင်ဗျ။ ကိုမောင်မောင် မျက်စိကွယ်ခဲ့တဲ့ ဖြစ်ရပ်နဲ့ ပတ်သက်လို့ ကျွန်တော် မေးမြန်းကြည့်လို့ သိခဲ့ရလေသမျှမှာ .. ကိုမောင်မောင် မျက်စိအမြင်အာရုံ ကွယ်ပျောက်ရခြင်းဟာ .. ဦးခေါင်းကို ထိခိုက်ရာက ဖြစ်ပေါ်လာတာမို့ .. ဦးနှောက်နဲ့ အာရုံကြောပိုင်းဆိုင်ရာ ဖြစ်နေတယ် .. ကျွန်တော်ကလဲ .. ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ အထူးခွဲစိတ်ဆရာဝန်ကြီး ဖြစ်နေတယ် .. ကျွန်တော့်မှာ လင်းရောင်ခြည်ဆိုတဲ့ ကိုယ်ပိုင်ဆေးရုံကြီးလဲ ဖွင့်ထားတာ ရှိတယ် .. ကိုမောင်မောင့်ကို .. ကျွန်တော် ခွဲစိတ်ကုသပေးပါမယ် .."

ဟု ဘဘဦးဘမင်း ပြောနေသမျှ မိဒေါင်း စိတ်လှုပ်ရှားစွာ နားထောင်နေရင်း ရင်ထဲမှာ မည်သည့်အရာနှင့်မျှ နှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်၍ မရစကောင်းတော့သည့် ဝမ်းသာရှိန်က ကြီးမား
ဖြစ်တည်လာနေရ .. မျက်ရည်များ လည်တက်လာနေ
ပေပေကတော့ .. ကာယကံရှင်ပေပဲလေ ..။ လက်အုပ်
ရင်းမှ ဘဘ၏ အသံလာရာဘက်ကို မျက်နှာမူ၍ ..

"အစ်ကိုကြီး ကျေးဇူးကြီးလှပါတယ် ခင်ဗျာ .."

ဟုသာ အသံတွေ တုန်အက်လာနေရင်း
လည်လျက် ပြောရာပါ၏။

"မနက်ဖြန် .. ဆေးရုံတက်ပါ ကိုမောင်မောင် ..
တဲ့ စမ်းသပ်စစ်ဆေးမှုတွေ လုပ်ရပါမယ် ..
ဓာတ်မှန်လဲ ရိုက်ပါမယ် .. ဒီရက်မှာတော့ ..
နှစ်ယောက် .. ဒီမှာပဲ စိတ်အေးချမ်းသာ နား
မမှန် .. သူတို့ကို ညွှန်သည်တွေ နေဖို့အတွက်
အခန်းမှာ နေရာချပေးလိုက်ပါ .. ကိုမောင်မောင်က
မမြင်တာမို့ .. အောက်ထပ်က အခန်းမှာပဲ ထား
ကားအတက်အဆင်း လွတ်တာပေါ့ .. အပေါ်
မှာ မထားပါနဲ့ .. ကိုမောင်မောင်နဲ့ သမီး
ကလဲ ဘာမှ အားနာစရာ မလိုဘူး .. စိတ်အေး
ပါ .. ကိုမောင်မောင်ရဲ့ ပန်းချီကားတောင်မှ ..
တစ်ချိန်တုန်းက .. မြရိပ်ငြိမ်မှာ ဝယ်ခဲ့ဖူးတယ်
တုန်းက .. ကိုမောင်မောင်နဲ့ ကျွန်တော် မဆုံဖြစ်
ဦးဓေယျနဲ့ပဲ ကြုံခဲ့တာ .. သေချာပြန်တွေးကြည့်
အဲဒီကာလ အပိုင်းအခြားက .. ကိုမောင်မောင်
နေတဲ့ အချိန်မျိုး ဖြစ်နေတယ် .. ကိုမောင်မောင်



တဲ့ အချိန်ကာလပိုင်းနဲ့ တွေးယူတာလေ .. ကိုမောင့်လက်
ရာ .. မောင်မောင်နွေဦး ဆိုတဲ့ ပန်းချီဆရာလက်မှတ် ..
အဲဒါတွေပါတယ်ဗျ .. အကျော်ပွင့်တွေ ပွင့်နေတဲ့ အကျော်
ပင်စည်မှာ တွယ်ကပ်ပြီးရှိနေတဲ့ တောသစ်ခွမျိုးစုံတို့ ..
သစ်ခွရာသီမှာ အသွေးစုံ .. အပင်ကွဲတွေ .. သစ်ခွပွင့်စုံ
အောင် ပွင့်ဝေနေကြတဲ့ပုံဗျ .. လူရဲ့ပုံ မပါဘူး .. အားလုံး
ဟာ ပန်းတွေချည်းပဲ .. အကျော်ပင်ကြီးလဲ ပင်လုံးကျွတ်
ဖွေးဆွတ်နေအောင် ပွင့်တယ် .. ပင်စည်မှာကပ်ပြီး ရှိနေ
ကြတဲ့ တောသစ်ခွတွေကလဲ အဖြူ .. အဝါ .. နီညို ..
ခရမ်း .. မရန်း .. အပွင့်တွေ ခိုင်လိုက်ညွှတ်နေအောင်
ပင်တိုင်း ပင်တိုင်းမှာ ဆွတ်ခဲပွင့်နေကြတယ် .. လှလိုက်
တာများဗျာ .. မြင်တာနဲ့ကို မခွာနိုင်ဘဲ .. ဝယ်လာဖြစ်ရ
တော့တာ .."

ဟု ဘဘပြောတော့မှ မိဒေါင်း ညွှန်ခန်းနံရံမှာရှိ
သည့် ပန်းချီကားများထဲမှ ဘဘ ပြောသည့် ပန်းချီကား
ကြည့်မိရ ..။ သတိထားမိရ ..။ ငေးကြည့်မိရရင်းမှ ..

"အဲဒါ .. မိဒေါင်းတို့ အိမ်ရှေ့က အကျော်ပင်ပါပဲ ဘဘ..
သစ်ခွတွေကို မေမေနဲ့ ဘွားလေးတို့က .. ရွာကဈေးမှာ
လာရောင်းကြတဲ့ အထဲက ဝယ်ပြီး အပင်လေးတွေ အဲဒီ
ပင်စည်မှာကပ်ပြီးတော့ အုန်းဆန်ခွံနဲ့ကပ်ပြီး ကြိုးချည်ကပ်
ရိုက်ထားခဲ့ကြတာတဲ့ .. ခုလဲ .. အဲသလိုပဲ ဘဘရဲ့ ..
သစ်ခွတွေပွင့်နေတဲ့ နွေဦးဆို .. အရမ်း အသွေးစုံပွင့်ကြ
တော့တာ .. ပင်စည်မှာ ပန်းတွေဝေနေတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်း ပြောပြမိ ..။ ပန်းချီကားကြီး သွားရပ်၍ ကြည့်နူးစိတ်ဖြင့် ကြည့်မဝနိုင်ဘဲ ရှိနေရသည်ပါ ပြော် .. ဖေဖေသည် .. အရမ်းကိုတော်သော ပန်းချီဆရာ ယောက်ပါလားလေ ..။ ပွင့်ဖတ်လွှာလေးတွေက တက လေအနွဲ့မှာ ယိမ်းနွဲ့နေလိုက်ကြတော့မယောင် နုဖတ်လွင်နေ အသက်ဝင်လွန်းနေသည်ပါပဲ, ..။

ပန်းချီကားရှေ့ ရပ်နေရင်း ပန်းတွေကို ငေးကြည့် စဉ်မှာ ပန်းတို့၏ ရနံ့ကိုပါ ရှူရှိုက်လိုက်ရတော့မယောင် လာရစေသည်အထိ ရင်ကိုညှို့ငင်ထားနိုင်ပါသည့် ပန်းချီကား အကျော်ပွင့်တွေ ဖွေးဆုပ်ခဲစွာ ပွင့်နေကြတာကလည်း မိဒေါ် ကိုယ်တိုင် ကိုယ့်ခြံရှေ့ ကိုယ်ရပ်၍ အပင်ကြီးကို ငေးကြည့် သည့်နှယ်ပါတည့် ..။

မိဒေါ်င်းဘဝမှာ ဖေဖေ့လက်ရာ ပန်းချီကား ယခု မြင်ရခြင်းသည် ဒုတိယ ပန်းချီကားတစ်ချပ်ပါတည့် ပထမ ပန်းချီကားက မေမေ့ပုံ ..။ ပန်းချီကားနှစ်ချပ်စလုံး အရမ်းကို အသက်ဝင်နေကြသည်သာ ..။

"ဖေဖေက အရမ်းတော်တာပဲနော် .. ဒါ .. မိဒေါ် အိမ်က အပင်ကြီးကို ကြည့်နေရတဲ့ အတိုင်းပါပဲ .."

ဟု ဖေဖေ့ဘေးမှာ ကပ်၍ပြန်ထိုင်ရင်း ဝမ်း လေးဖြင့် ပြောပြီးသည့်နောက်မှာ ဖေဖေ့လက်တွေကို ကိုင်၍ မိရရင်းမှ ..

"မိဒေါ်င်း ဖေဖေ့ဆီက .. ပန်းချီဆွဲသင်မယ်နော် ဖေဖေ .. ကူသပေးလို့ ဖေဖေ့မျက်စိ ပြန်မြင်လာတဲ့ အခါမှာ



ဟု မိဒေါ်င်း ပြောတော့ ဖေဖေ ပြုံး၍ မိဒေါ်င်း၏ ..လေးများကို ထုံးစံအတိုင်း ကြင်နာစွာ ဖေးသပ်ပေးလာပါ၏။ ..ာကတော့ ကရုဏာမျက်ဝန်းများဖြင့် ကြည့်နေရှာပါ၏။ ..ဒေါ်င်း .. ကိုကြီးမင်းခန့်ကို ကျေးဇူးတတင်တင်ဖြင့် ကြည့်ကြည့် ..ဒီတာကိုလည်း ကိုကြီးက နားလည်ပေးပုံရလျက်ဖြင့် ခေါင်း ..သော ပြုံး၍ညိတ်ပြသည်။ ကိုကြီး တကာယ်တမ်း ခေါ်သွားသည် .. မိဒေါ်င်းတို့ သားအဖကို လင်းရောင်ခြည် ဆေးရုံသို့ပါ ..။ ..ဥ်တုန်းကတော့ ကိုကြီးသည် ဆရာဝန်ကြီးတစ်ဦး၏သား ..။ ..ဆေးရုံကြီးတစ်ရုံ၏ ပိုင်ရှင်ဖြစ်သူ၏ သားတစ်ယောက်ဖြစ်နေသည် .. မထင်ထားမိခဲ့။ ဟိုကိုရောက်မှ ကိုကြီးမှ မိဒေါ်င်းကိုလည်း ..ဝန်ကျ ဆရာဝန်လေးတစ်ယောက်ထံမှာအပ် ..။ ဒဏ်ရာနေ ..လေးများကို ဆရာဝန်မလေးမှ စမ်းသပ်ကာ .. အရိုးကိုမထိ ..က်ပါ .. ဟုပြောကာ ဆေးထည့်ပတ်တီးစည်းပေးလိုက်ပါ၏။ ..ကြီးမှ ဆေးရုံကြီး အပေါ်ထပ်ဆီသို့ ဖေဖေနှင့် မိဒေါ်င်းတို့ကို ..တ်လှေကားကြီးဖြင့် တက်စေကာ ..။ အခန်းကျယ်ကြီးတစ်ခု ..ဆီသို့ ခေါ်ဆောင်သွားခဲ့လျက် ..။ ဘာဘဦးအာမင်းထံ .. ဖေဖေ့ကို ..ခေါတည်း အပ်နှံခဲ့သည်ပါပဲ ..။ ထိုအချိန်ထိလည်း ဘာဘသည် ..ကိုကြီး၏ ဖေဖေမှန်း မသိခဲ့ရသေး ..။ ဘာဘက .. ဖေဖေ့ကို ..ကြောင်းကုန်စင်အဖြစ် မျက်မမြင်ဝေဒနာ၏ အစမှအဆုံးတိုင် ..သည်။

နောက် ..

"မိန်းကလေးကလဲ ဒဏ်ရာရထားတယ် .. လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်ပဲ ထော့နင်းနင်းနဲ့ ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ် .. လက်မှာလဲ ပတ်တီးနဲ့ .. သူတို့သားအ
ဖေဖေတို့ရဲ့ နှင်းရိပ်အိမ်ကြီးကိုပဲ သားခေါ်သွားတော့ ..

ဟု ပြောတော့မှ သားအဖမှန်း သိလိုက်ရပါသည့်အဖြစ် ..။

နောက်တော့လည်း ကိုကြီးတို့၏ နှင်းရိပ် ဆို
ခြံဝန်းကျယ်ကျယ် ..။ ပန်းတွေစုံသော ဥယျာဉ်ကျယ်ကြီးနှင့်
နေပါသည့် နှစ်ထပ်တိုက်အိမ်မြင့်မြင့်ကြီး တစ်ခုဆီသို့ ကိုကြီး
ကားလေးဖြင့်ဝင် ရောက်ခဲ့ရသည် မဟုတ်ပါလား ..။

လက်ကျန်လူနာတချို့ကိုကြည့်ရင်း ကျန်ခဲ့ပါသော
ဘဘသည်လည်း မကြာခင်မှာပဲ အိမ်သို့ ကားလေးဖြင့်
လာသည်ပါပဲ ..။ မိဒေါင်းတို့ သားအဖကို ကရုဏာစိတ် အ
ဖြစ်နေရှာမှန်းလည်း သိသာနေပါသည့်အဖြစ် ..။ နှင်းရိပ်
ဒေါ်ကြီးမှုန်တိုက်သော နို့တစ်ဖန်ခွက်စီနှင့် ပေါင်မုန့်မီးကင် 
ပတ်သုတ်တို့ကို စားသောက်ပြီးခါစမှာပင် ရှိပါသေးသည့် မိဒေါ
တို့ သားအဖကို ဘဘမှ .. နောက်နေ့ ဆေးရုံသို့ ဖေဖေတ
မည့်ကိစ္စကအစ အစစ စီမံပေးကာ ..။ မိဒေါင်းတို့အတွက်
အောက်ထပ်ရှိ အခန်းကျယ်ကြီးတစ်ခုဆီသို့တိုင်အောင် ဒေါ်ကြီး
နှင့် လိုက်ပို့ခိုင်းခဲ့ပါချေ၏။

အခန်းထဲမှာ ကျွန်းခုတင်နှစ်လုံး ရှိသည်။ ဗီရို
နှစ်လုံးရှိသည်။ ဧည့်သည်လာသည်ဖြစ်စေ .. မလာသည်ဖြစ်စေ
အခန်းကို အမြဲလှည်းကျင်းသန့်စင်ကာ .. ပန်းပွင့်ဝေသော
အိုးလေးတွေ တင်ထားသော စားပွဲ ..။ ဆိုဖာထူအိအိကြီးတွေ
ရှိနေပါသည့် ဆိုဖာဆက်တီတစ်စုံ ..။ တီဗီနှင့် ရေခဲသေတ္တာက



နေသည့် အခန်း။ ဘဘထံသို့ ဧည့်သည်တွေ လာတတ်ကြချေ
သည်ထင့် ..။

"ကဲ .. သမီးလေး .. ဗီရိုထဲ အဝတ်အစားလေးတွေထည့် ..
ဒေါ်ကြီးမှုန် ထည့်ပေးမယ်လေ .. ကလေးက ခြေထောက်
နာနေတာ .."

ဟုပြောတော့ မိဒေါင်း အားနာသည်။ မိဒေါင်းတို့
အဝတ်အစားတွေက သိပ်ပြီး တောက်ပသစ်လွင်နေကြတာမဟုတ်။
ကောင်းစားကြီးတွေလည်း မဟုတ်။ မိဒေါင်း သားရေအိတ်ထဲ
တန်ဖိုးကြီးတာဆို၍ မေမေ့ မင်းသမီး အဝတ်အစားတွေပဲ
သည်။ တောက်ပနေသော ဗီရိုကြီးထဲ အဝတ်လေးတွေ ထည့်
လိုက်ရဖို့ ဆိုတာကလည်း အဝတ်လေးက နည်းနည်း ..။ ဗီရို
ကြီးက ကြီးနေသည့် အဖြစ် ..။

"မိဒေါင်း နောက်မှ ထည့်ပါ့မယ် ဒေါ်ကြီး .."

ဟုပြောတော့ ဒေါ်ကြီးမှုန် ဖေဖေ့ကို ကြည့်သည်။

"ဒီမိန်းကလေးက တော်တော် အားနာတတ်တာကိုးရှင့်
ကိုမောင်မောင်ရဲ့ .."

ဟု လှမ်းပြောလိုက်သေးသည်။ ဗီရိုကြီးကို ခါးထဲမှ
သော့တွဲကြီးဖြုတ်၍ ဖွင့်ပေး၏။ ဖေဖေကတော့ ခုတင်ထက်မှာ
မိဒေါင်း ထိုင်စေထားသည့်အတိုင်း ခြေတွဲလွဲချ၍ ငြိမ်သက်နေ
ပါ၏။

"မိဒေါင်း ဖေဖေ့ဘေး ကြမ်းခင်းမှာ အိပ်ပါမယ် ဒေါ်ကြီး ..
ဖေဖေ လိုတဲ့အခါ .. ဖေဖေ့အတွက် .. ယူပေးရအောင်လို့ပါ ..
ညရေးညတာ .. ဆိုရင်လဲ .. ဖေဖေ့ကို တွဲပို့နိုင်အောင်ပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ဒေါ်ကြီး မိဒေါင်း၏ မျက်နှာလေး
ပြုံး၍ ချစ်ကြင်စွာ ကြည့်လာပါ၏။

"ဒေါ်ကြီး သိတယ် .. သိနှင့်နေတယ် မိန်းကလေးရဲ့ .. မိန်းကလေး ပြောပုံဆိုပုံလေးက အစ .. ကြည့်ပုံလေး အစ .. အဖေကို အလွန်ရိုသေပြီး .. ချစ်တယ်ဆိုတာလေး အေး .. ကိုယ့်မိဘကို မကျန်းမာစဉ် .. ပြုစုတယ် ဂရုစိုက် တယ်ဆိုတာ .. အလွန်ကုသိုလ်ကောင်းမှုပြုရာ ရောက် တယ် .. ပြုစုခွင့်ရခြင်းဟာလဲ အလွန်ကုသိုလ်ထူးခြင်းဖြစ် တယ် .. ဒါကြောင့် .. မိန်းကလေးတို့ သားအဖ .. ကိုကြီးတို့လို လူကောင်းသူကောင်းနဲ့ တိုးရအောင် .. နတ် သိကြားတွေက ဖန်ပေးလိုက်သလိုပါပဲ .. အစ်ကိုကြီးက ဆရာဝန်ပီပီ သဘောပြည့်ဝ .. ခန့်လေးကလဲ သီချင်း တွေထုတ်တဲ့ အနုပညာသည်ဆိုတော့ .. စိတ်ထားကနူးညံ့ ဒီလိုအိမ်မျိုးကို ရောက်ကြရတာ .."

ဟု ပြောလာတော့လည်း ကိုကြီး ဆိုတာ သီချင်း တွေထုတ်သည့် တေးထုတ်လုပ်ရေးလုပ်ငန်းပိုင်ရှင်ကြီးပါလား သိရ ..။ အလုပ်ကြီး အကိုင်ကြီးပေပဲ .. ဟု တွေးရနှင့် မိဒေါင်း ဖြစ်သွားရသည်ပါပဲ ..။

"ခန့်လေးက .. စီဒီသီချင်းခွေပြားတွေကို ထုတ်သေး တယ်လေ၊ အဆိုတော်တွေရဲ့ သီချင်းတွေကို .. ပုံတွေနဲ့ မင်းသား မင်းသမီးတွေကို သရုပ်ဖော်ခိုင်းတဲ့ဥစ္စာမျိုးအေး ရယ် .. ဒေါ်ကြီးကတော့ .. တောမှာ ကြီးလာရတဲ့သူဆို တော့ .. တောသူမြို့တက်လို့ ဘယ်လောက်ကြာကြာ ..



တချို့ဟာတွေ လိုက်မမီနိုင်အောင် .. နောက်ကျန်နေတုန်း ပဲ သိလား အေရဲ့ .. သူတို့ဥစ္စာ ခွေပြားချပ် လက်လက် သေးသေးလေး ဖွင့်လိုက်ရင် .. သီချင်းလဲထွက် .. တီဗီ ကြီးထဲ ရုပ်လဲထွက် .. စာလုံးတွေလဲထွက် .. လိုက်ဆိုလို့ တောင်ရသေး .. အိမ်က မိလုံးကတော့ .. ကာရာအိုကေ ဆိုမယ် .. ဆိုမယ်နဲ့ .. လိုက်လိုက်ဆိုတာ အမော .. သူ များတွေလို မိုက်ကြီးတွေ ဘာတွေနဲ့တော့ ဘယ်ဟုတ်ပေ မလဲ .. ဒီတိုင်း တီဗီကြီးရှေ့ထိုင်ပြီး စာလုံးတွေ လိုက်လိုက် ဖတ်ဆိုတော့တာပေါ့ .."

ဟု ပြောနေရင်းမှ ..

"ခု .. မိလုံး ရွာပြန်သွားသလေ .. သူ့မောင်လေးတွေ ရှင်ပြုပွဲအတွက်ပေါ့ .. သူ မရှိတော့ အိမ်မှာ လူသံတိတ် နေတော့သလိုပဲ .."

ဟု ဆက်ပြောနေရင်းမှ ပြုံး၍ ..

"ဒေါ်ကြီးကို အားမနာနဲ့နော်သမီး .. လိုတာရှိပြော .. ခုလဲ .. ပြောရဲဆိုသာ ရှိလာအောင် ပြောနေရသေးတာတောင်မှ .. မိန်းကလေးက အားနာနေသေးတာကိုး .. အဝတ်အစားတွေ ထည့်မယ်မဟုတ်လား .. ဒေါ်ကြီးထည့်ပေးမယ်လေ .."

ဟု ဖြူတုတ်တုတ် ဒေါ်ကြီး၏ စိတ်ရင်းနှလုံး ကောင်းဖြင့် ပြောနေသမျှကို အားနာစိတ်ဖြင့် သည်တိုင်းမထည့်ပဲ မနေသာပြန်တော့သည်က မိဒေါင်းပါ ..။

နောက်ဆုံးတော့လည်း ဒေါ်ကြီး စီမံသည့်အတိုင်း ဗီရိုကြီးတစ်လုံးမှာက ဖေဖွေ့ အဝတ်အစားလေးတွေ ..။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဗီရိုကြီးတစ်လုံးမှာက .. မီဒေါင်း အဝတ်လေးတွေ ထည့်ရပါ၏။ နောက်ဆုံးတော့လည်း မတတ်သာသည်မို့ မေမေ့ မင်းသမီးအဝတ်လေးတွေကိုလည်း ထုတ်လိုက်ရ ..။ ဟင်ခနဲ မေးမည်လုပ်လာဖြစ်သည့် ဒေါ်ကြီးကိုလည်း နှုတ်ခမ်းမှာ လက်ညှိုးလေးကပ်၍ တားသလိုလေးလုပ်၍ ဖေဖေ့ဘက်ကို ကြည့်ပြရနှင့် မီဒေါင်း ဖြစ်သွားရပါပြီ ..။ အဝတ်အစားတွေကို မထည့်ပြန်တော့လည်း ဒေါ်ကြီးမှုန်ကို မယုံသင်္ကာ မခိုင်းချင်ရာ ရောက်သည်။ ထုတ်ပြန်တော့လည်း မေမေ့ မင်းသမီးဝတ်တွေ ဒေါ်ကြီးမှုန် မြင်လျှင် မေးချင်တာ မေးလိုက်နိုင်သည်။ နောက်ဆုံးတော့လည်း လက်ညှိုးလေး နှုတ်ခမ်းမှာ ကပ်ပြ၍ အဝတ်အစားတွေကို ထုတ်လိုက်ရသည်က ဒွေဒေါင်းမေပါ ..။

သူတစ်ပါးထံမှာ လာ၍နေစဉ် .. ထိုအိမ်က မည်သူ့ကိုမှဆို .. ခိုင်းတာကို မလုပ်ပဲ နေလိုက်ခြင်းဖြင့် စိတ်အနှောင့်အယှက် မပေးသင့်သည်မို့ ..။ ခုလို .. ဒေါ်ကြီးမှုန် ပြောသည့်အတိုင်း အဝတ်တွေကိုထုတ်၍ ဗီရိုထဲသို့ ထည့်လိုက်ရခြင်းပါ ..။

ဒေါ်ကြီးမှာ မင်းသမီး ဝတ်စုံလေးတွေကို လိုက်၍လည်းကြည့် ..။ မေမေ့ကိုနှုရိုဝတ်စုံလေးဆို အရမ်းကို စိတ်ဝင်စားနှင့်ပါ ..။ ဒါပေမဲ့ .. မီဒေါင်း လက်ညှိုးလေး နှုတ်ခမ်းမှာ ကပ်ထားခဲ့သည့် အမူအရာလေးကြောင့် ဘာကိုမျှတော့ဖြင့် ဖေဖေ့ရှေ့မှာ မမေးရှာပါ ..။ ငြိမ်နေပါ၏။

အဝတ်ဗီရိုကြီးကို ပြန်ပိတ် ..။ ဖေဖေ့ ခုတင်ရှေ့ကြမ်းပြင်မှာ မီဒေါင်း သွားထိုင်ကာ ဖေဖေ့ ခြေသလုံးလေးတွေကို နှိပ်ပေးတော့ ဒေါ်ကြီး ငေးကြည့်နေသည်ပါပဲ ..။ အဖေကို



အရမ်းချစ်ရှိသေသော သမီးလေးသည် ထိုမင်းသမီး အဝတ်အစားတွေကို ဘာကြောင့် အဖေလှစ်သူ မသိအောင် သားရေအိတ်လေးထဲ ထည့်သို၍ ယူလာပါသလဲ .. ဟုများ တွေးနေချေသည်လားမသိ ..။ မီဒေါင်း၏ သားရေအိတ်နွမ်းဟောင်းဟောင်းလေးထဲမှာ ထိုမျှ လှဖအဖိုးတန်သော မင်းသမီးဝတ်စုံတွေ ဘယ်လိုထည့်သိုထားနိုင်ရပါမလဲ .. ဟုလည်း တွေးနေနိုင်မည်သာ ..။ ထိုဝတ်စုံလေးသည် မီဒေါင်းနှင့် အဘယ်သို့ ပတ်သက်နေပါသလဲဟုလည်း စဉ်းစားချေမည်သာ ..။

ဒါပေမဲ့ .. ဒေါ်ကြီး ဘာမျှ မမေးရှာပါ ..။

"နေပါစေ သမီးရယ် .. သမီး လက်လေးတွေ ခြေထောက်လေးတွေနာထားတာ ဖေဖေ သိနေပါတယ် .. ဖေဖေ မညောင်းပါဘူး .."

ဟု ဖေဖေ့လက်တွေ မီဒေါင်း၏ လက်လေးတွေကို ဆုပ်ကိုင်လာကာ ကြင်နာစွာ ပြောလာရင်းမှ လက်မှပတ်တီးနေရာလေးကို စမ်းနေရှာသည်။ ခေါင်းကိုလည်း စိတ်မချသလို အထပ်ထပ် စမ်းကြည့်နေသေးသည်။ ခေါင်းမှာ ဒဏ်ရာရသွားမှာ စိုးရိမ်ရှာမှန်း သိသာပါ၏။ ဖေဖေ့ခမျာ မမြင်နိုင်သည့် ဘဝပေမို့ လက်ကိုပဲ အားကိုး၍ စမ်းစမ်း .. စမ်းစမ်းနှင့် ဒဏ်ရာကို ရှာနေခြင်းပါ ..။ ခေါင်းမှဒဏ်ရာကြောင့် ဖေဖေ ခုလိုဖြစ်ခဲ့ရသည်မို့ ..။ မီဒေါင်းမှာလည်း ခေါင်းမှာ ဒဏ်ရာရသွားမှာ ဖေဖေ သွေးလန့်နေရှာပုံရပါသည့် အဖြစ် ..။ ဘာဒဏ်ရာမှ ရှာမတွေ့တော့မှ သက်ပြင်းချ၍ စိတ်အေးသွားပုံဖြင့် မျက်နှာလန်းလာသည် ..။ မီဒေါင်း၏ခေါင်းကို ဖေဖေ ကိုကြီး၏ကားပေါ်မှာ သားအဖနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ပါလာကြစဉ်ကလည်း တစမ်းတည်းစမ်းနေခဲ့ရှာသည် မဟုတ်ပါလား ..။ ခုလည်း စိတ်မချသလို အထပ်ထပ်စမ်းနေခြင်းပါ ..။

"ဖေဖေ စိတ်ပင်ပန်းထားတယ် ဆိုတော့ .. ခဏမှေးလိုက်ပါလားဟင်၊ တစ်ရေးလောက်ဖြစ်ဖြစ် အိပ်လိုက်ရင် ဖေဖေ အားရှိသွားမှာ .. မနက်ဖြန်ဆိုရင်လဲ ဖေဖေ ဆေးရုံတက်ရမှာ .. ဘာပဲဖြစ်ဖြစ် .. ခုချိန်မှာ ဖေဖေ အားရှိဖို့လိုတယ်လေ .. အိပ်လိုက်ပါလား ဖေဖေ .."

ဟု ပြောတော့လည်း ဖေဖေ ခုတင်ပေါ် လှဲလိုက်သည်ပါပဲ ..။ ခွဲစိတ်ကုသပေးမည် ဆို၍သာ ဖေဖေ ဤအိမ်ကြီးမှာ ဤသို့နေခြင်းဆိုတာ မိဒေါင်း သိသည်။ ပြီးတော့ .. ဤအိမ်ကြီးရှင်တို့သည် အရမ်းကို မေတ္တာတရား ပြည့်ဝကြသူများ ဆိုတာကိုလည်း သိ၍ ခုလို မေတ္တာကို လေးစားလျက် ဖေဖေ နေခြင်းဆိုတာကိုလည်း မိဒေါင်း နားလည်ပါ၏။ ဖေဖေသည် သူတစ်ပါးထံမှာ အားကိုး၍ ခိုကပ်နေလိုသူမှ မဟုတ်ချေပဲလေ ..။ ခုလို .. ဘဘဆရာဝန်ကြီးမှ မေတ္တာဖြင့် ကုသမည့်ကိစ္စကိုကျတော့ .. ဖေဖေသည် .. စိတ်လှုပ်ရှား အားကိုးစွာ လက်ခံခဲ့ရင်း ..။ အိမ်ကြီးမှာ နေခဲ့ရှာခြင်းပါ ..။

ဖေဖေ ခြေရင်းကြမ်းပြင်နေရာမှာ မိဒေါင်း ထိုင်လျက် ဖေဖေ့ကို ငေးကြည့်ငြိမ်သက်နေစဉ်ခိုက် ဒေါ်ကြီးမှုန် အခန်းတွင်းမှ ထွက်သွားပါပြီ ..။ သားအဖနှစ်ယောက် အဘယ်မျှထိ ချစ်ကြတာကို ကြာလေပို၍သိနားလည်လာရလေဖြင့် ဒေါ်ကြီးမှုန်၏ မျက်နှာထက်မှာ ကရုဏာရိပ်တို့သာ ပို၍ပြည့်သိပ်လာနေကြပါ၏။



ဖေဖေ အိပ်ပျော်သွားတော့မှ မိဒေါင်း ထော့နင်းနင်းလေးဖြင့် အခန်းပြင်သို့ ထွက်ခဲ့ရပါ၏။ မီးဖိုဆောင်ဘက်ဆီသို့ ဝင်ခဲ့ကာ ဒေါ်ကြီးမှုန်ကိုကူဖို့ လုပ်ကိုင်ချင်ဇောဖြင့် ဘာကိုပဲကိုင်လိုက် ကိုင်လိုက် ဒေါ်ကြီးမှာ တားနေသည်ချည်း ..။ ကြက်သွန်လည်း ပေးမခွာ ..။ ဂေါ်ဖီပန်းလည်း ပေးမသင် ..။ မုန်လာဥနီတွေ အခွံနွှာမည် ဆိုတော့လည်းတား ..။ မိဒေါင်း စိတ်ညစ်လျက်ဖြင့် ငြိမ်ထိုင်နေရပါသည့်အဖြစ် ..။

"ခြေထောက်ကြီးဖြင့် ထော့နင်းနင်း .. လက်မှာက ပတ်တီးနဲ့ ကလေးရယ် .. ငြိမ်နေစမ်းပါ .."

ဟု ပြောသည့် ဒေါ်ကြီးမှုန်မှ တစ်ချက်ပြုံးပြသည်။ ချော့မော့ပြုံး။ အလုပ်ဆေးမလုပ်တာကို လက်ခံပေးစေလိုသည့် အပြုံး ..။ တစ်အိမ်လုံး အရမ်းသဘောကောင်းကြသည်ပဲ ဟု မိဒေါင်း တွေးဖြစ်ပါ၏။ ခုချိန်ဆို ဘွား ဘာလုပ်နေရှာမည်လဲ မသိ ..။

ဘွား၏သားဖြစ်သူသည် .. နှင်းရိပ်ဆိုသော အိမ်ကြီးတစ်လုံးမှာ ရှိနေလျက် ..။ ဘွား၏မြေးဖြစ်သူသည် .. မကြာမတင်လေးကပဲ ကားတစ်စီးနှင့် တိုက်မိခဲ့ရသည် ဆိုတာတွေကို သိလျှင် ဘွား မည်သို့ ခံစားချေမည်တဲ့လဲ ..။ မိဒေါင်းတို့၏ သွေးသားရင်းဖြစ်သော ဘွားက မိဒေါင်းတို့ကို နှင်ထုတ်ခဲ့သည်။ ထိုနေ့မှာပင် မိဒေါင်းတို့နှင့် ဘာမျှ သွေးသားမတော်စပ်သည့် သူစိမ်းတို့က ဤအိမ်ကြီးပေါ်မှာ ခေါ်၍စောင့်ရှောက်ထားသည်။ ထိုအိမ်သည် ဖေဖေ့ ပန်းချီကားတစ်ချပ်ကို မြတ်နိုးစွာနှင့်မိုးထားစွာ ဧည့်ခန်းဆောင်၏ နံရံမှာ တခမ်းတနား ချိတ်ထားလျက် ..။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကိုလည်း မျက်စိပြန်မြင်အောင် ကုသပေးမည့် ဆရာဝန်ကြီး တစ်ယောက်၏ အိမ်ကြီးလည်း ဖြစ်နေသည်။

"ဘုရားရှင်ဟာ .. မိဒေါင်းတို့ သားအဖကို .. ကယ်တင် စောင့်ရှောက်တာပဲ .. အရမ်းကို အတိဒုက္ခရောက် .. စိတ် ထိခိုက်ကြေပြုန်းနေရတဲ့ မိဒေါင်းရဲ့ ဖေဖေကို .. ဒီအိမ် ကြီးပေါ်ရောက်အောင် .. နတ်သိကြားတို့နဲ့ စေခိုင်းလိုက် သလိုပါလား .."

ဟု တွေးမိကာ မျက်ရည်ဝိုင်းရင်း ငြိမ်သက်နေပါ သည့် အဖြစ် ..။

"ဘဘ ဆေးရုံပြန်သွားလိုက်ပြီလားဟင် .."

"စာကြည့်ခန်းထဲမှာ ခဏ နားတတ်တယ် ကလေးရဲ့ .. နောက်တစ်နာရီလောက်ကျမှဖြစ်ဖြစ် .. နာရီဝက်လောက် မှာဖြစ်ဖြစ် .. အဲဒီအခါမှ ဆေးရုံကြီးကို ပြန်သွားတတ် တာ .. ဒါ .. နေ့လယ်ပြန်လာတဲ့အခါမှာ အစ်ကိုကြီးအမြဲ နားနေကျ .. ကဲ .. ဒေါ်ကြီး အစိမ်းကြော်လေး ညှော်လုပ် ရတော့မယ် .. ဒဏ်ရာတွေနဲ့မို့ ကလေးအညှော်မမိအောင် ခြံထဲဖြစ်ဖြစ်ဆင်းပြီး ညှော်ရှောင်နေလိုက်ပါလား .."

ဟု ဒေါ်ကြီးပြောတာမို့ မိဒေါင်း ခြေလေးထော့နင်း နင်းဖြင့် ဧည့်ခန်းဘက်ဆီသို့ ပြန်ထွက်ခဲ့ရပါ၏။ မျက်ဝန်းလေး တွေက ဘယ်အခန်းသည် စာကြည့်ခန်း ဖြစ်ချေမည်လဲ .. ဟု ဝေ့ဝဲ၍ ကြည့်မိပြီးသည့်နောက်မှာ ..။ ဧည့်ခန်းကျယ်ကြီး၏ မြောက်ဘက် ပိုးခန်းဆီးပွင့်ရိုက်လေးတွေဖြင့် ရှိနေသော တံခါး ရှိရာသို့ လျှောက်ခဲ့ကာ အထဲဆီသို့ မဝံ့မရဲလေး ခေါင်းလေးပြူ



ကြည့်မိတော့ သားအဖနှစ်ယောက် စာကြည့်ခန်းစားပွဲမှာ မျက်နှာ ချင်းဆိုင်ထိုင်လျက် စကားပြောနေကြပါသည့် ဘဘနှင့် ကိုကြီးကို တွေ့ရပါ၏။ မရဲတရဲလေး စိတ်စောဖြင့် အခန်းထဲသို့ အရဲကိုး၍ ဝင်လာသည့် မိဒေါင်းကို ဘဘက အရင်မြင်သည်။

ပြုံး၍ ..

"ဘာများလဲ မိန်းကလေး .. ခဏနားနေတာ မဟုတ်ဘူး ကွယ် .."

ဟု ကရုဏာဖြင့် ပြောပြီးမှ ..

"ဘာပြောမလို့လဲ .. ဘာလိုလို့လဲ .. တစ်ခုခု ပြောချင် လို့လား .. လိုတာတစ်ခုခု ရှိနေလို့လား .. ဘဘကိုပြော .. မကြောက်နဲ့ .."

ဟု ပြောလာစဉ်ခိုက် မိဒေါင်း ကြမ်းပြင်လေးပေါ် ထိုင်ချကာ လက်အုပ်လေးချီ၍ ..

"မိဒေါင်း ဘဘကို ကန်တော့ချင်တာပါ ဘဘရယ် .. ကိုကြီးကိုလဲ ကန်တော့ချင်နေတာပါ .. ဘဘနဲ့ကိုကြီး ကြောင့် .. ဖေဖေဟာ ပြန်ပြီး မျက်စိမြင်ရတော့မှာပါ .. မိဒေါင်းရဲ့ ဖေဖေကို .. ပြန်ကောင်းအောင် ဘဘ ကုသ ပေးပါနော် .. မိဒေါင်း ဒီအိမ်မှာ .. ဘဘတို့ကို .. ဘယ် လိုပဲ .. ကျွန်ခံကျေးဇူးဆပ်ရဆပ်ရ .. မိဒေါင်း ဆပ်ပါ့ မယ် .. အဲဒါတောင်မှ .. အဲဒီကျေးဇူးဟာ မကုန်နိုင်အောင် ပါ ဘဘရယ် .. မိဒေါင်းလေ .. စပြီးသိတတ်လာသည့် စဉ်ကတည်းက .. ဖေဖေ့ကို မျက်မမြင်ဖေဖေဖြစ်နေတာ မြင်ခဲ့ရတာပါ .. ပန်းချီဆရာတစ်ယောက်ရဲ့သမီးဟာ ..

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပန်းချီဆွဲနေတာကို ဘယ်တုန်းကမှ မမြင်ခဲ့ရပါဘူး ဘာဘ .. ဖေဖေ တယောထိုး သင်ပေးရင်း .. ရတာလေးနဲ့ မိဒေါင်းကို စောင့်ရှောက်ခဲ့တာပါ .. ဘွားလေးက အိမ်ဆိုင်လေး ဖွင့်ပါတယ် .. ခု .. ဘွားလေး ခရီးထွက်နေတုန်း .. ခုလို .. မြို့တက်ရင်း ဘာဘတို့နဲ့ ကံကောင်းလို့ ကြုံရတာပါ ကိုကြီးရယ် .. မိဒေါင်းလေ .. ဖေဖေ့ကို .. အားလုံးမြင်နေတဲ့ ဖေဖေ အဖြစ် .. စတင်မြင်ခွင့်ရတော့မယ် .. တွေ့ကြုံခွင့်ရတော့မယ်လို့ .. ယုံကြည်ပြီး ဘာဘကို အားကိုးပါတယ် ဘာဘရယ် ..”

ဟု ပြောကာ လက်အုပ်လေးချီ၍ မျက်ရည်များ ကျလာနေရင်းမှ ပျပ်ဝပ်စွာ ကန်တော့စဉ်ခိုက် သားအဖနှစ်ယောက် စိတ်ထိနိုက်ဟန်ဖြင့် ငြိမ်သက်ကြည့်နေကြရှာသည်ပါပဲ ..။ ပထမဆုံး လှုပ်ရှားသည်က ကိုကြီးပါ ..။ ထိုင်နေရာမှ ထရပ်လိုက်ကာ မိဒေါင်း ရှေ့မှာ ဒူးတစ်ဖက်ထောက် တစ်ဖက်ထောင်၍ ထိုင်သည်။ မိဒေါင်း မျက်နှာလေးကို ကြည့်သည်။ သနားဖွေ့ကာ မျက်နှာထက်မှာ ယှက်ဖြာနေသည့်အဖြစ် ..။

မိဒေါင်း၏ မျက်ရည်စက်လေးတွေကို ကိုကြီးသုတ်ပေးလာပါ၏။

“လာ .. လာ .. ဒီမှာထိုင် ..”

ဟု ပြောကာ စားပွဲဘေးရှိ ကုလားထိုင်တစ်လုံးမှာ ထိုင်စေတော့ မိဒေါင်း ခပ်ရို့ရို့လေး ထိုင်သည်။ ကိုကြီးမှ မျက်ရည်သုတ်နေသော မိဒေါင်းကို ကြည့်ကာ မျက်ရည်သုတ်ပြီးချိန်ထိ စောင့်နေပါ၏။ နောက်တော့မှ ..



“မိဒေါင်းမှာ မင်းသမီး အဝတ်တွေ ပါလာတယ်ဆို .. စောစောကပဲ ဒေါ်ကြီးက ပြောပြတယ် .. မိဒေါင်းက မင်းသမီးလား ..”

ဟု မေးလာတော့ မိဒေါင်း ခေါင်းလေး ခါပြမိရပါ၏။ ဖေဖေ့ မျက်စိကွယ်ရတာကိုသာ မည်သို့ ကွယ်ခဲ့သည်ဆိုတာကိုပဲ ပြောပြခဲ့လျက် ..။ မိဒေါင်းတို့၏ အိမ်တွင်းရေးကိုကျတော့ အဖေကလည်း ဘာဘတို့ကို မပြောပြခဲ့ ..။ ခု .. မင်းသမီးအဝတ်အစားတွေ အိတ်ထဲပါလာသည့် အဖြစ်ကို ဒေါ်ကြီးမှန် စိတ်ဝင်စားဖြစ်လျက် ကိုကြီးကို ပြန်ပြောပြခဲ့ဟန်တူ၏။ ခု .. မေးလာနေသည့် အဖြစ် ..။

“မိဒေါင်းက ကျောင်းနေတုန်းပါ ကိုကြီး .. မင်းသမီးအဝတ်တွေက .. မေမေ့အဝတ်တွေပါ .. မေမေက .. ခု .. မိဒေါင်းတို့နဲ့ မရှိတော့ပါဘူး .. မိဒေါင်း .. ကတော့ကတတ်ပါတယ် .. မိဒေါင်းရဲ့ဘိုးလေးက မေမေ့အကတွေကို သင်ပေးခဲ့လို့ပါ ..”

ဟု မျက်လွှာလေးချ၍ ဖြေတော့ ကိုကြီးနှင့် ဘာဘတို့မှာ မေမေ မရှိတော့ဆို၍လား မသိ။ မေးရမှာ အားနာပုံဖြင့် ဆက်၍ မေမေနှင့် ပတ်သက်တာကို မေးမလာခဲ့ ..။ ထိုအတွက် ဒေါင်း ကျေးဇူးတင်ရပါ၏။ မေးလာလျှင်လည်း .. မိဒေါင်း သိမ်လိုပါ ..။ ဖေဖေ့ကို ကုသပေးမည့် ဘာဘကို အထူးသဖြင့် သိမ်လိုပါ ..။ အမှန်အတိုင်း ပြောချလိုက်ပြန်လျှင်လည်း ဖေဖေ သောတူချင်မှ တူချေမည်မို့ .. မိဒေါင်း ဖေဖေ့ကိုကျော်၍ ပြောပြရဲပါ ..။ ခုလို .. ဆက်မေးမလာတာကိုပဲ မိဒေါင်း ဝမ်းသာရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တယောထိုး သင်ပေးတယ်ဆိုတော့ .. မိဒေါင်းရဲ့ဖေဖေ က .. မိဒေါင်းကိုလဲ သင်ပေးမှာပေါ့ .. မိဒေါင်း တယော ထိုးတတ်လား .."

ဟု ကိုကြီး ဆက်မေးလာတော့ မိဒေါင်း ခေါင်းခ ညိတ်၍ ဖြေပါ၏။ ဘဘကတော့ မိဒေါင်း မျက်ရည်စလေး မျက်ဝန်းဆီမှ သွေ့ခြောက်စ ပြုလာတာကို ကြည့်ရင်းမှ ..

"ဒီမှာ .. စိတ်အားမငယ်ရဘူး .. ကြားလား ကလေးရေ .."

ဟု ပြောလာပါ၏။

"မိဒေါင်းက .. တယောလဲ ထိုးတတ်တယ် .. ကလဲကတတ် တယ် ဆိုတော့ .. သီချင်းရော မဆိုဖူးဘူးလား .. ဆိုစမ်း ပေါ့ .. ဆိုကြည့်စမ်းပါဦး .. သီချင်းလေးတစ်ပုဒ်လောက် .. ဥပမာ .. မိဒေါင်းကတဲ့အခါ ဆိုတဲ့သီချင်းမျိုး .."

ဟု ကိုကြီး ပြောလာခိုက် ..

"ဟဲ့ .. သား .. ကလေးက ဝမ်းနည်းနေချိန်ကွာ .."

ဟု ဘဘ ဝင်တားလာတော့ ကိုကြီးပြုံး၍ ..

"သားက သူ အဲသလို ဝမ်းနည်းချိန်လေးမှာ ဆိုတဲ့သီချင်း လေးတစ်ပုဒ်လောက်ကို နားထောင်ကြည့်လိုက်ချင်ပါတယ် ဖေဖေ .. ဒီမိန်းကလေးက တယောလဲ ထိုးတတ်တယ် .. ကလဲကတတ်တယ် .. သီချင်းလဲဆိုတတ်တယ် .. ဒီလောက် အနုပညာတွေနဲ့ ပြည့်ဝနေတဲ့ မိန်းကလေးမျိုးကို .. သား ကံကောင်းထောက်မပြီး တွေ့တယ်လို့ ထင်တယ် ဖေဖေ .. အနုပညာသည်ဆိုတာ .. အနုပညာတွေ ဖန်တီးနေရတဲ့သူ ဆိုတာ .. အဲသလိုပဲ .. အနုပညာသည်လေးတွေကို .. ဖျော် ဖြူးပေးနိုင်ကြတာ .. ဒီကလေးမလေးနဲ့ .. သား .. တွေ့



ကြုံရမှုဟာ .. သူ့ဘဝအတွက်လဲ .. အနုပညာလေးတွေကို ပြသခွင့်ရစေဖို့ ဖြစ်တယ်လို့ ဖေဖေ မတွေးမိဘူးလား .."

ဟု ဘဘကို ပြုံး၍ ပြောလည်းပြောကာ မိဒေါင်း ကို အေးချမ်းစွာ ကြည့်လာပါ၏။

"ကဲ .. မိဒေါင်း .. မိဒေါင်းရဲ့ ဖေဖေက ပန်းချီဆရာ .. တယောကို သင်ကြားနိုင်တဲ့ အဆင့်ထိရှိတဲ့ အနုပညာရှင် .. မိဒေါင်းရဲ့မေမေက မင်းသမီး .. ဒီတော့ .. မိဒေါင်းမှာ အနုပညာသွေးတွေ အပြည့်ပါနေတာပဲ .. ဆိုကြည့်စမ်း .. သီချင်းတစ်ပုဒ်လောက် .. လောလောဆယ်မှာ မိဒေါင်း လက်နာနေလို့သာ တယောထိုးမခိုင်းပဲ ထားနေရတာ .."

ဟု မင်းခန့် ဆက်ပြောနေတော့ ဖခင်လုပ်သူမှာ သားကို စိတ်မောစွာ ကြည့်ရုံပဲ ကြည့်နေလိုက်ရပါပြီတည်း။ ရုပ်ရှင်မှုကိစ္စ ဆင့်တဲ့ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ဗီစီဒီ ထုတ်လုပ်ရေးကို လုပ် နေပါသည့် အင်ဂျင်နီယာတစ်ယောက် ..။ အနုပညာသည်တစ် ယောက်ကို မွေးထုတ်ဖို့ ကြုံလာ ဆုံလာလျှင် .. အနုပညာဓာတ် စတည်းဖြင့်ပင် .. ခုလိုပဲ .. ခိုင်းတတ်သည့်သား။ ခုလည်း .. မိဒေါင်းကို .. ခိုင်းနေပြန်ချေပြီတကား ..။

ကလေး ဝမ်းနည်းနေချိန် .. ဝမ်းနည်းသည့် သီချင်း တစ်ပုဒ်ကို အလိုက်မသိ ဆိုခိုင်းရကောင်းလားဟု ဦးဘမင်း သွားမိရပေမယ့် ..။ ထိုအချိန်သည် .. သီဆိုသူအတွက် ခံစားမှု များ ရင်ထဲမှာ ကြွေကျွဲရှိန် မြင့်နေသည့် အချိန်ဆိုတာကိုတော့ ဦးဘမင်းလည်း နားလည်ထားရသည်မို့ ..။ ခု .. မိဒေါင်းကို .. မင်းခန့်မှ .. သီချင်းအဆိုခိုင်းနေခြင်း ဆိုတာကိုတော့ နားလည် လိုက်ရသည်ပါပဲ ..။

www.burmeseclassic.com



"ဆိုကြည့်စမ်း မိဒေါင်း .."

ဟု ပြောနေပုံက .. ဆရာတစ်ယောက်က တပည့်မလေးအပေါ် ပြောနေသည့်ဟန် ..။ မိဒေါင်း မျက်လွှာလေးချ၍ တစ်ချက် ငြိမ်နေသည်။ စောစောကပဲ မိဒေါင်း ပြောခဲ့သည်လေ .. ဘာပဲနိုင်းနိုင်း .. လုပ်ပါ့မည်ဟု ..။

လည်ချောင်းကလေး တစ်ချက်ရှင်းကာ ..

"ဖိလာမြောင်ကာဆီးပါလို့ တောင်ကြီးရယ်ညိုညို .. အလွမ်းငယ်ပိုလေချိုရယ်မှ သွေးတယ် သွေးတယ် .. သွေးတယ် သွေးတယ် .. သွေးတယ် သွေးတယ်လေးတော့ အဝေး .."

မင်းခန့်သာမက ဦးဘမင်းပါ မှင်တက်ငြိမ်ကျသွားရလျက် အေးမြကြည်စင်စွာသော .. ကောင်းလွန်းပါသည့် အေးလျလျအသံလေးနောက်ဝယ် မျောပါသွားရချေပြီတကား ..။ တကယ့် အနုပညာ ကျော့ကောင်းတစ်ပွင့်ပါတကား .. ဟု မင်းခန့် တွေးမိလိုက်ရပါပြီ ..။

"ဟိုကမ်းပါးယံတောင်ထက်က မယ်ဇက်ကယ့်ခေါ် ယောင်ချွေဖို့ခေါင် လွမ်းအောင်ခုနော် လွမ်းချင်းငယ် မော်ကြေကြော်ရင့်ကျူးတယ်ကျူးတယ် .. ကျူးတယ် ကျူးတယ် .. ကျူးတယ် .. ကျူးတယ်တော့ အဝေး .."

မိဒေါင်း ကိုယ်တိုင်ကလည်း ကိန္နရီဝတ်စုံလေးဖြင့် မေမေ ကနေမှာကို မြင်ယောင်လာနေမိသည်။ ရင်ထဲမှာ ဆို့လာနေရသည်ပါပဲ ..။ ထိုသီချင်းလေးဖြင့် မေမေသည် ကခဲ့ချေသည်။ မေမေ ကခဲ့သော ဝတ်စုံလေးသည်လည်း မိဒေါင်းထံမှာ ရှိနေချေသည်တကား ..။



"မိဒေါင်း .."

စိတ်လှုပ်ရှားစွာ ခေါ်လိုက်ပါသည့် ကိုကြီး၏ခေါ်သံ ..။ မိဒေါင်း မျက်လွှာလေးချ၍ သီချင်းလေးကို ဆိုနေရာမှ မော့ကြည့်လာတော့ အေးချမ်းသော မှုပိုင်အကြည့်များနှင့်အတူ စိတ်လှုပ်ရှားစွာ .. ပျော်မြူးစွာ .. အားတက်စွာ ထက်ထက်သန်သန်ကြီး ကြည့်နေပါသည့် ကိုကြီး၏ မျက်ဝန်းများနှင့် ဆုံသည်။

"မင်း .. ဒကာ်ရာတွေ သက်သာသွားတဲ့ အခါမှာ .. ကိုကြီး .. ဗီဒီယိုကင်မရာလေးနဲ့ .. မင်းလေးကို ကခိုင်းမယ် .. ရိုက်ထားမယ် .. အဲဒီအချိန်မှာ .. မင်းဆိုတဲ့အသံ .. မင်းကတဲ့အက .. အားလုံးဟာ .. ကိုယ့်ဗီဒီယိုကင်မရာလေးနဲ့ မှတ်တမ်းတစ်ခုအဖြစ် ရှိနေလိမ့်မယ်လို့ ကိုကြီး ထင်တယ် .. မင်း .. အလွန်အသံကောင်းတယ် မိဒေါင်း .. အဲဒီအခွေကို ပြန်ဖွင့်ကြည့်မယ် .. မင်း တယောထိုးရင်း သီချင်းဆိုတာတွေ .. မင်း .. မင်းသမီး ဝတ်စုံလေးနဲ့ ကနေတာတွေ .. အဲဒါတွေကို ငါ ပြန်ကြည့်မယ် .. အို .. မင်းကတော့ဖြင့် ငါ့ရွှေတံမျှင်ရဲ့ .. စင်တင်အဆိုတော်လေးတစ်ယောက် ဖြစ်မှာတော့ သေချာနေပြီကွယ် .."

ဟု အားတက်စွာ .. ပြောလာတော့ မိဒေါင်း ရင်ထဲ ယုံ့ရဲချင် ..။

"ကိုကြီးတို့ .. ဆုံဖြစ်ချင်လို့ကို .. ဆုံခဲ့ကြရတာကိုး .. ဒီမှာ မိဒေါင်း .. မင်းလေးရဲ့ဖေဖေကို .. မင်း .. အနုပညာနဲ့ .. ကောင်းကောင်း လုပ်ကျွေးနိုင်တော့မှာ သေချာနေတယ် မိန်းကလေးရဲ့ .. ဒီလောက် မိဘအပေါ် သိမှာတတ်တဲ့ သမီးလေး .. မိဘကို .. လုပ်ကျွေးခွင့် .. အနုပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ် ရှိရစေဖို့အတွက် .. မိဒေါင်းဟာ .. ကိုကြီးနဲ့ .. ခုလို ဆုံရတာ .."

ဟု ထပ်ပြောနေရာမှ ကိုကြီး ရပ်လိုက်ကာ မိဒေါင်း၏ ဆံစလေးတွေကို အစ်ကိုကြီးတစ်ယောက်နှယ် ဖွဖွညင်ညင်သပ်ပေးလာပါ၏။ မိဒေါင်းကတော့ မဝံ့မရဲလေး မော့ကြည့်ကာ ..

"ဖေဖေ ခွင့်ပြုမှသာ .. မိဒေါင်း လုပ်ခွင့်ရမှာပါ ကိုကြီးရယ် .."

ဟု ဖေဖေ့ကို ကျော်၍ မလုပ်ရဲသည့်စိတ်လေးဖြင့် ပြောရှာတော့ ကိုကြီး အေးချမ်းစွာ ပြုံးလာပါ၏။

"သူက .. သားထက်တောင် လိမ္မာနေသေးတယ် ဖေဖေရဲ့ .. အဖေမသိအောင် ဘာမှကိုမလုပ်တာ .. သားကတော့ .. တစ်ခါတစ်ခါ .. ဖေဖေ မသိအောင် လုပ်မိတတ်တာလေးတွေ ရှိနေတတ်သေးတယ် .."

ဟု ဘဘကို ရယ်မော၍ ပြောလိုက်ပါသည့် ကိုကြီးကို မိဒေါင်း မော့မကြည့်ရဲတော့သည်မို့ မျက်လွှာလေး မြန်မြန်ချလိုက်ကာ ..

"မိဒေါင်းက ကိုကြီးထက်တော့ ပိုပြီးမလိမ္မာနိုင်ပါဘူး ကိုကြီးရယ် .."

ဟု အနေခက်ပုံလေးဖြင့် ပြောမိသည်မို့ .. ကိုကြီးနှင့် ဘဘ ရယ်လိုက်ကြပါသတည်း။ လောလောဆယ်မှာတော့ .. အေးချမ်းကြည်စင်သော ရယ်သံက အခန်းတွင်းဝယ် လွှင့်လျှံပျံ့ပျံ့ ..။

* * *



အခန်း(၂၆)

"ညည်းကျောင်းလေးနဲ့ အမြဲ ငါ့ဆိုင်ကို လူလွှတ်ပြီး ပို့နေကျ ကောင်လေး လွန်ခဲ့တဲ့ ကိုးနှစ်လောက်ကတည်းက .. ပျောက်သွား .. အဆက်အသွယ် ပြတ်သွားလိုက်တော့ .. ညည်းအတွက် ငါ့မှာ စိတ်ပူလိုက်ရတာ လုံမရယ် .. လူလေးကိုလည်း ဖွင့်ပြောလို့က မဖြစ် .. ညည်းဆီကလဲ စာလဲမရောက် .. ငွေလဲမရောက်နဲ့ လကနေနှစ် နှစ်ကနေ .. နှစ်သက်လေး ကြာလာတော့ .. လောကမှာ ညည်းမရှိလောက်တော့ဘူး ထင်ရဲ့လို့ စိတ်ထဲ ကျိတ်ကြေကွဲနေရပေမယ့် .. ညည်းအသက်ရှင်နေဦးမှာပါလို့ .. ငါ မျှော်လင့်မိပြန်ရော .. ညည်းနဲ့ အဆက်အသွယ် ပြတ်တောက်တာကြာလွန်းလာတော့ ညည်း တစ်ခါက သွားခဲ့တဲ့ ရွှေကောင်းကင်ဟိုတယ် ဆိုတာကြီးကို ငါ အရဲကိုးပြီး မြို့တက် .. အငှားကားနဲ့ သွားခဲ့ပါရဲ့ .. အဲဒီမှာမှသိရတာ .. ဟိုတယ်ကိုလဲ ပိုင်ရှင်က ရောင်းပစ်လိုက်တယ် ဆိုတာပဲ .. ညည်းဘယ်ရောက်မှန်း မသိ .. ဘာမသိနဲ့ ပိုဖြစ်ကုန်ရရော ..

www.burmeseclassic.com

www.burmeseclassic.com



တကယ်က ဟိုတယ်ပိုင်ရှင်ကို သွားတွေ့ပြီး .. ညည်း
ရှမ်းပြည်နယ်ဘက် ဘယ်ဟိုတယ်မှာ ရှိနေလဲ ဆိုတာ
မေးဖို့ဥစ္စာ .. ပိုင်ရှင် ပြောင်းသွားပြီ ဆိုမှတော့ ငါ ..
ဆိုပြီး ပြန်ခဲ့ရတော့တာပဲ .."

ဒေါ်လေး ပြောနေသမျှ ငွေဝန်းသာ အိပ်ရာထ
မှာ လှဲနေရင်း မျက်ရည်ကျ နားထောင်နေမိရသည်ပါပဲ ..
ဒေါ်လေးသာ မချိတင်ကဲကြီး ကြည့်လိုက် ပြောလိုက်နှင့် မျက်
မဆည်နိုင်ပဲ ဖြစ်နေရလျက် ..။ ငွေဝန်းသာမှာ ဘာမျှကိုပြော
နိုင်ပဲ ရင်ထဲ ဆို့နေရတာပဲ ရှိနေသည်။ ဤမနက်မှာပဲ ဒေါ်လေး
နှင့် ဘဘဦးအောင်မောင်းတို့ ငွေဝန်းသာ၏ ငှားနေရာအိမ်
ငယ်လေးဆီသို့ ရောက်လာကြခြင်းပါ ..။ နှလုံးရောဂါဖြင့် အိ
ရာထက်မှာ ရှိနေပါသည့် တူမဖြစ်သူကို မြင်ရသည်မို့ ရင်ထု
ဖြစ်ကြရပါသည့်အဖြစ် ..။

"လုံမ ပို့လာတဲ့ငွေနဲ့ လူလေးကို ဆေးကုမယ် ဆို
လည်း .. ညည်း သိပါတယ်အေရယ် .. အလွန်ခေါင်
တဲ့ လူလေး .. အလွန်ပါးနပ်တဲ့ လူလေးက .. သူ ..
မကုဘူးလို့ပဲ ငြင်းတယ် .. လုံမ .. ပို့လာတဲ့ပိုက်ဆံ
နေမယ်ဆိုတာ သူ သိတယ်တဲ့ .. အထိုက်အလျော
အဲဒီနှစ်တွေအတွင်းက ပို့လာတဲ့ ပိုက်ဆံကို ဒေါ်
ကျစ်ကျစ်ပါအောင် စုဆောင်းထားပါတယ် .. မိသေ
အတွက် ကျောင်းစရိတ်အဖြစ် .. တက္ကသိုလ်တက်တဲ့အ
သုံးရအောင်ပေါ့ .. ခု .. ညည်းသမီး မိဒေါင်း ကိုး
ဖြေထားပြီ .. စာတော်တယ် .. လိမ္မာရေးခြားရှိတ



ညည်းနဲ့လဲ အတော်ကြီး တူပါတယ် .. အဆိုအကလဲ
ဝါသနာကြီးတယ်.. အဖေဆီက တယောပညာလဲ ရတယ်"

ဟု ဒေါ်လေး ပြောနေတော့ ငွေဝန်းသာ၏မျက်နှာ
လန်းလာသည်။ အားယူ၍ ကျုံးထကာ ..

"သူတို့သားအဖ ဓာတ်ပုံလေးများ ယူမလာဘူးလား
ဒေါ်လေးရယ် .."

ဟု မျက်ရည်ဝဲလာပြန်လျက် မေးတော့ ဒေါ်လေး
ပိုက်ဆံအိတ်တွင်းမှ ပလတ်စတစ်အိတ်ကြည်လေးဖြင့် ထည့်ယူ
လာသော ဓာတ်ပုံကိုထုတ်၍ လက်ထဲ ထည့်ပေးပါ၏။

"အဲဒါ ပြီးခဲ့တဲ့ နှစ်ကမှ .. သားအဖနှစ်ယောက် ရိုက်ထား
ကြတဲ့ ဓာတ်ပုံ .. ရွာက ဓာတ်ပုံဆရာ ကိုညာဏ်နဲ့ ရိုက်
ခိုင်းတာလေ .. သစ်ခွတွေပွင့်နေတဲ့ အကျော်ပင်ကြီးရဲ့
ပင်စည်ကြီးနားမှာ ရိုက်ထားကြတာ .."

ဟု ပြောလည်း ပြောသည်။ ငွေဝန်းသာကတော့
ခင်ပွန်းသည်နှင့် သမီးလေး၏ မျက်နှာလေးတွေကို ကြည့်မဝသလို
ငေးစိုက်ကြည့်နေရင်း မျက်ရည်ဥတွေက မျက်ဝန်းဆီမှ ဖြောက်
ဖြောက်ခနဲ ကြွေသက်နေကြပါ၏။ လက်ချောင်းလေးတွေ
ဖြင့် ဓာတ်ပုံလေးကို ဖွဖွညင်ညင် ပွတ်သပ်တို့ထိနေသည်ကလည်း
တယုတယ နိုင်နေသည်။ လောလောဆယ်မှာ ဖြူဖျော့ဖျော့ဖြင့်
ရှိနေသည့် ဝေဒနာသည်ဘဝသည် ဝေးလွင့်သွားလျက် ကိုယ့်
မိသားစုလေးနှင့်ကိုယ် နေနေရသည့်နှယ် မျက်နှာလေး လန်းကြည်
တက်လာပါ၏။ အရမ်းကို ပိန်ချုံးသွားပေမယ့် မျက်နှာလေးမှာ
ကတော့ အလှတွေ လွင့်ပြယ်မသွားနိုင်သေး ..။ ဝေဒနာသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့်ကြားမှ အလှတရားတွေကတော့ ဖေးတင်ကျန်ရှိနေမြဲ ..။ ဝင်းဥဥ အသားလေးကတော့ အရမ်းကို ဖြူဖျော့ဖျော့နိုင်နေသည်။ ပင်ကိုယ်ဖျောင်းနွဲ့နွဲ့ ကိုယ်လေးက ပို၍ပိန်ချုံးကျသွားပါသည့် အဖြစ် ..။ မျက်တောင်ရှည် ကော့ကော့လေးတွေကို မှေးငိုက်ချထားရင်း အတန်ကြာ ငွေဝန်းသာ ဓာတ်ပုံလေးကို အသက်ပင်မရှူနိုင်တော့သည့်နှယ် အငမ်းမရ စိုက်ကြည့်လိုက် .. နမ်းရှိုက်လိုက်နှင့် တစ်ယောက်တည်း အရူးမလေးနှယ် ကြေကွဲရှိုက်ငင်ရင်း ဖြစ်နေရှာတော့လည်း ဘဘဦးအောင်မောင်းမှာ မကြည့်ရက်သည်မို့ မျက်နှာကို တံခါးဘက်ဆီသို့ လွှဲလိုက်ပြန်ပါ၏။ မျက်နှာလေး လန်းလာလိုက် ..။ ကြေကွဲမျက်ရည်ကျလာလိုက်နှင့် ချက်ချင်း ခံစားချက်တွေ ပြောင်းလာနေသည်မို့ နှလုံးက မခံနိုင်ပြန် ..။ မောလာလျှင် အိပ်ရာထက်မှာ ပြန်လှဲနေလိုက်ရသည်က ငွေဝန်းသာပါ ..။ လက်ထဲမှ ဓာတ်ပုံကို ဒေါ်လေးမှ ဆက်မကြည့်စေလိုရက်တော့သည့်နှယ် ပြန်ယူတော့ ငွေဝန်းသာ မပေး ..။ ကိုင်မြဲ ကိုင်ထားကာ တစိမ့်စိမ့် ကြည့်နေရင်းမှ ..

“မောင်က .. သိပ်ပြီးတော့ ရုပ်မပြောင်းဘူးနော် ..”

ဟု ခင်မွန်းသည်ကို ချစ်စိတ်ဖြင့် တမ်းတစွာ ပြောတော့ ဒေါ်ထားမေ မျက်ရည်ကျလာသည်။

“လင်ကို ချစ်လိုက်တဲ့ မိန်းမ .. ကုသချင်လိုက်တဲ့ဖော .. ခုတော့ .. ညည်းမှာ .. လင်ဝေး .. သမီးဝေး .. ဆွေဝေး မျိုးဝေးနဲ့ .. အိပ်ရာထက် လဲနေပါပေါ့လား မိဝန်းသာ .. ဟင် .. အချစ်ကြီး ချစ်လိုက်တဲ့မိန်းမ .. ငါ့မှာ မမြင်ရက်တော့ပါလား ..”



ဟု ရင်ထဲ ကျိတ်ခံမထိန်းနိုင်တော့သည့်နှယ် ဖွင့်ဟ၍လည်း မချိတရိပြော ..။ မျက်ရည်တွေ ကျလာကာ ဒေါ်လေး ရှိုက်ငင်ငိုနေတော့ ငွေဝန်းသာ ဓာတ်ပုံလေးကို ရင်ဘတ်ပေါ်တင်၍ ..

“သူတို့ နေကောင်းကြတယ် မဟုတ်လား ဒေါ်လေး ..”

ဟု ဆက်မေးလာသည်မို့ ဒေါ်လေး ခေါင်းကိုမတ်ကာ ..

“ညည်း နေမကောင်းဖြစ်နေတယ် မဟုတ်လား ငွေဝန်းသာ ကိုယ့်ကိုယ်ကိုယ်လည်း .. ဂရုတစိုက်ရှိပါဦးဟဲ့ ..”

ဟု ရင်ခေါင်းသံကြီးနှင့် ထိထိခိုက်ခိုက်ကြီး ပြော၍ ဆက်ငိုနေတော့ ငွေဝန်းသာ အားယူ၍ ပြန်ကျုံးထကာ ..

“ခု .. ဒေါ်လေးတို့ ရောက်လာပြီပဲ .. ငွေဝန်းသာ သက်သာလာရမှာပေါ့ ..”

ဟု ပြန်၍ အားပေးဖျောင်းဖျနေရာမှ ဓာတ်ပုံလေးကို ပြန်၍ ငုံ့ကြည့်ကာ ..

“သမီးလေးက လှလိုက်တာနော် ဒေါ်လေး .. ဆံပင်ကလည်း အရှည်ကြီးပဲ .. ဆံပင်လဲ ကောင်းတယ် ..”

ဟု မိခင်ပြုံးဖြင့် ကြည်ကြည်နူးနူးပြောကာ ဓာတ်ပုံလေးကို နမ်းပြန်သည်။ တကယ့်ကို သမီးလေး ဆီးမှာ ရှိနေ၍ နမ်းရှုံ့နေသည့်နှယ် တယုတယနိုင်နေသည့်အဖြစ် ..။

“အေး .. မိခေါင်းကို ငါ .. ညည်း ပန်းချီကားပြီးလဲ ပြခဲ့တယ် .. မင်းသမီး အဝတ်တွေလဲ ပြခဲ့တယ် .. ဒီမလာခင် ရက်လေးမှာပဲ ပြခဲ့တာ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ မျှော်လင့်တကြီးနိုင်စွာ စိတ်လှုပ်ရှား ပုံလေးဖြင့် ခေါင်းလေး မတ်ခနဲ ပြန်ဖြစ်လာရပြန်လျက် ..

"ဟုတ်လား .. ငွေဝန်းပုံကို တွေ့တော့ သမီးလေးက ဘာပြောလဲဟင် ... ဘာပြောလဲဟင် .."

ဟု မေးပြီးမှ ချက်ချင်း မျက်နှာလေး ညှိုးကျသွား ကာ ..

"ထုတ်ပြခဲ့တယ်ဆိုတော့ .. မောင် .. အဲဒီပန်းချီကားကြီးကို အိမ်မှာ ပေးမချိတ်တော့လို့ ဒေါ်လေး သိမ်းထားခဲ့ရလို့ပေါ့ နော် .. မောင် .. ငွေဝန်းသာကို အလွန်စိတ်နာနေတာကိုး"

ဟု ပြောကာ ငြိမ်ကျသွားသည်မို့ စကားမှားပြီး တာ ဒေါ်လေး နောင်တဖြစ်ရပြန်သည်။ ပန်းချီကားကို ပြခဲ့ သည်ဆိုတာ ဖွင့်ပြောလိုက်မိသည်က .. သမီးလေးက အမေ့ပုံကို တွေ့ခဲ့သည် ဆိုတာကို ပြောပြဖို့ပဲ အာရုံဝင်နေခဲ့သည်ကိုး။ ဤသို့ပြောလျှင် .. ပန်းချီကားကြီးကို မိဒေါင်းလေး အစဉ်တစိုက် မတွေ့ဘဲ ရှိခဲ့ရသည် ဆိုတာကို အသိပေးရာ ရောက်မည်ဟု မတွေးမိခဲ့။ မဆင်ခြင်မိခဲ့။ ခုကျတော့ စိတ်ထိခိုက်နေသည့် ငွေဝန်းသာကို ကြည့်ရင်း ညီမဖြစ်သူကို ဦးအောင်မောင်းမှ သတိ ပေးသလို မျက်တောင့်ဖြင့် လှမ်းကြည့်လာနေပြီ ..။

"တွေ့တော့ .. သမီးလေးက ဘာပြောလဲဟင် .. သမီးလေး ကရော ငွေဝန်းကို စိတ်နာနေလား .. သားအဖနှစ်ယောက် ကို ပစ်ခဲ့တယ် ဆိုပြီးတော့လေ .."

ဟု အားအင်မဲ့နေသည့်နှယ် မျှော်လင့်စရာ မကျန် တော့သည့်နှယ် မေးလာတော့ ...



"အံမယ်လေး .. မိဒေါင်းက သူ့အမေ ပန်းချီကားကြီးကို ချစ်လွန်းလို့ ငေးကြည့်နေတာများအေရယ် .. အဝတ်အစား တွေလဲ တကိုင်ကြည့်ကြည့်နဲ့... ညည်းကို .. သူ .. မမုန်း ပါဘူးအေရယ် .. ချစ်ပါတယ် .. ညည်းပုံမြင်တော့ ဝမ်း ကိုသာလို့ .."

ဟု ခပ်မြန်မြန်ကြီး ပြောလိုက်ရသည်က ဒေါ်လေးပါ။

"နေမကောင်းလွန်းလာလို့ .. ဒေါ်လေးတို့ဆီကို .. ဒီအခန်း နီးချင်း ဒေါ်မွေးမွေးနဲ့ စာတိုက်ကို စာအထည့်ခိုင်းတာပါ ဒေါ်လေးရယ် .. ငွေဝန်းလဲ .. မောင့်ကို ဆေးကုသချင် တဲ့အောက်ပြီး မောင် မကြိုက်တာကို ဖွတ်လုပ်မိလို့ ကံကြီးထိုက်တယ်ပဲ ပြောရမှာပါပဲရှင် .. တောင်ကြီးက .. ရွှေကောင်းကင်ဟိုတယ်မှာ မိဝန်းသာ နှစ်နှစ်လောက်ပဲ ကဖြစ်လိုက်ရပါတယ် .. အစ်ကိုကြီး ဦးမြတ်မွန်ကလဲ .. ငွေဝန်းသာကို သနားကရုဏာရှိတာမို့ .. လခလေး တိုးပေးနေတော့ .. မနာလိုတဲ့ ဝန်ထမ်းထဲက .. အစ်ကိုကြီး ရဲ့ဇနီးကို လှမ်းပြီး စာရေးတော့တာပါပဲ .. အစ်ကိုကြီးနဲ့ ငွေဝန်းသာတို့ပဲ မလွတ်သလိုလို .. ရေးတာပါ .. အစ်ကို ကြီးကတော့ သူ့အလုပ်ထုံးစံအတိုင်း ဟိုတယ်တွေကို အားလုံး လစဉ် .. လိုက်လိုက်စစ်ဆေး .. လိုအပ်တာ ရှိရင် .. ဖြည့် .. အဲသလို ဂရုစိုက်တာမို့ .. တောင်ကြီး ရွှေကောင်းကင်ကိုလဲ ရောက်တာပါ .. အဲဒါ .. တောင်ကြီး ကို ရောက်ရင် .. အစ်ကိုကြီးက ငွေဝန်းကို .. မောင့်မှာကိစ္စ အခြေအနေ အမြဲမေးပါတယ် .. ဘာလိုသလဲ ဆိုတာလဲ

www.burmeseclassic.com

www.burmeseclassic.com



မေးပါတယ် ‥ ဂရုစိုက်တာပေါ့ ဒေါ်လေးရယ် ‥ အဲဒ
အစ်ကိုကြီးရဲ့ ဇနီးဆီ ‥ မဟုတ်မတရားတွေရေးပြီး အတို
အဆောင်လုပ်တာမို့ ‥ မမဆွေ ရောက်လာတာပါ ‥"

ဟု ပြောနေစိုက် ဒေါ်လေးကတော့ ဘာမျှကို ဝင် မပြောနိုင်တော့သည့်နှယ် ထိထိခိုက်ခိုက်ကြီး အငြိမ်ကြီးငြိမ်ကျသွား ရပါပြီတည်း ‥။ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ထိခိုက်ပုတ် ခတ်စော်ကားခံရချေသည့်အဖြစ်ပေပို့ ‥ ဒေါ်လေး စိတ်အတော် ကြီး ထိသွားရှာပါသည့်အဖြစ် ‥။

"အဲဒါ ‥ အစ်ကိုကြီး ရုံးခန်းမှာ ငွေဝန်းသာကို မောင့်ကို ဆေးကုလို့ မဖြစ်သေးတဲ့ကိစ္စ ‥ စိတ်မကောင်းနိုင်ဘဲ မေးနေတဲ့ အစ်ကိုကြီး ‥ ငွေဝန်းရဲ့ သမီးလေး အရွယ် ငယ်ငယ် ကျန်ခဲ့တာကို စိတ်မကောင်းကြောင်းပြောရင်း ဒီတစ်ခေါက် အပြန်မှာ ‥ မောင့်ဆီကို အစ်ကိုကြီး သွား ဖျောင်းဖျကြည့်မယ်လို့ ပြောနေတုန်းမှာ မမဆွေ ရောက် လာပြီး ‥ အို ‥ စွပ်စွဲစကားတွေပြော ‥ ငွေဝန်းကိုလဲ ပါးရိုက်တော့တာပဲ ‥ အဲဒီအချိန်မှာက ‥ ငွေဝန်းကလဲ အစ်ကိုကြီး စေတနာစကားကြောင့် မျက်ရည်ကျနေတုန်း အစ်ကိုကြီးက မျက်ရည်သုတ်ပေးနေချိန်ကြီးနဲ့ မမဆွေရဲ့ တံခါးအဖွင့်အဝင်ကလဲ တိုးခဲ့တာကိုး ‥ မမဆွေ အပြစ်မရှိ ပါဘူး ဒေါ်လေးရယ် ‥"

ဟု ပြောတော့ ဒေါ်လေး ဆတ်ခနဲ ကြည့်ကာ ‥
"အေး ‥ မဆင်မခြင်လုပ်တဲ့ အဲဒီမမဆွေက အပြစ်မရှိဘူး ညည်းကို ပါးရိုက်တဲ့ မမဆွေကလဲ အပြစ်မရှိဘူး ‥



အပြစ်ရှိတာက ‥ ဟောဒီက ညည်းရဲ့ ဘဘ ‥ ငါ့ရဲ့ အစ်ကိုကြီး ကိုအောင်မောင်းပဲ ‥ ညည်းကို မင်းသမီး အဖြစ် တင်ခဲ့တာကိုး ‥ မင်းသမီး ငွေဝန်းသာဟာ ‥ မောင်မောင်နဲ့ အဲဒါကြောင့် ဆုံရတာ ‥ မင်းသမီးဖြစ်လို့ ညည်း ‥ အဲဒီ ကိုမြတ်မွန်ဆိုတဲ့လူကြီးရဲ့ ဟိုတယ်မှာ က, ဖြစ်ခဲ့ရတာ ‥"

ဟု ရင်ထုမနာသံကြီးဖြင့် ပြောချလိုက်ပါသတည်း။
"အစ်ကိုကြီးလဲ ရုံးခန်းတံခါးမှာ ဝန်ထမ်းတွေက မမဆွေရဲ့ ဆူညံသံ ‥ ငိုယိုစွပ်စွဲသံ ‥ ရန်တွေ့သံ ‥ ငွေဝန်းကို ကိုယ် ထိလက်ရောက် ဆွဲဆောင့်တွန်းချနဲ့ လုပ်နေသံတွေကြောင့် စုပြုံလာကြည့်ကြတော့ ရှက်တာပေါ့ ‥ မိန်းမကိုလဲ တား မရ ‥ ငွေဝန်းလဲ ငိုယိုထွက်ခဲ့တော့တာပါပဲ ‥ အဲဒီကတည်း က အစ်ကိုကြီးနဲ့ ‥ ငွေဝန်း မတွေ့ဖြစ်ကြတော့တာပါ ‥ ဘာတွေ ဆက်ဖြစ်ကုန်ကြသလဲတော့ မသိတော့ပါဘူး ဒေါ်လေးရယ် ‥ ငွေဝန်း ‥ အခန်းပြန်ပြီး စုဆောင်းထားတဲ့ ပိုက်ဆံလေးယူ ‥ အဝတ်အစားလေးတွေ အိတ်ထဲထည့်ပြီး ဒီရှမ်းပြည်နယ်ထဲက ရေဦးဆိုတဲ့ ရွာလေးကို ရောက်ခဲ့ ရတာပါပဲ ‥ ဒီမှာ အကြော်ရောင်းနေခဲ့တာ ဒီနေ့ထိပါ ‥"

ဟု ပြောတော့ ဒေါ်လေး ငိုင်နေသည်။
"ရေဦးရွာဆိုတာက ‥ ငွေဝန်းသာ ဒေါ်လေးဆီ ပိုက်ဆံ အပို့လွှတ်ခဲ့တဲ့ ကောင်လေးရဲ့ ဇာတိရွာလေးပါ ‥ ငွေဝန်း ကို အစ်မတစ်ယောက်လို သံယောဇဉ်ရှိရှာပါတယ် ‥ အဖြစ်စုံကို သူ့ကိုတော့ ဖွင့်ပြောပြရ ‥ မောင်နဲ့ ဒေါ်လေးတို့

www.burmeseclassic.com



သမီးလေးတို့အတွက် ပိုက်ဆံပို့ပေးဖို့ သူ့ကိုပဲ လွှတ်ခဲ့ရတာပါ .. အစ်ကိုကြီးကလဲ .. သူ့ကို အဲသလို လွှတ်တာကို ခွင့်ပြုပေးခဲ့ရှာပါတယ် .. အဲဒီ့ စိုင်းအွတ်နဲ့ပဲ ဒီရွာကို ရောက်တာပါ .. စိုင်းအွတ်လဲ .. ငွေဝန်း အဲသလို ဖြစ်တာကို သနားပြီး ရွာထိ ခေါ်လာခဲ့ရှာတာပါ .. သူလဲ အလုပ်မသွားတော့ပါဘူး .. မမဆွေကို သူ အတော်ကြီး စိတ်ပျက်ခဲ့တယ်တဲ့ .. အဲသလို ပြောခဲ့တာပါပဲ .. သူက တော့ .. တစ်နှစ်ကပဲ .. အင်းလေးဘက်က မိန်းကလေး တစ်ယောက်နဲ့ အိမ်ထောင်ကျသွားခဲ့တာ .."

ဟု ပြောပြနေတော့ ဒေါ်လေး သက်ပြင်းရှိုက်နေပါ၏။

"ဒေါ်လေးတို့ဆီ သူ သွားမယ်လို့ စိုင်းအွတ်လဲ ပြောပါတယ် .. ဒီလောကကြီးထဲ မမဆွေ စွပ်စွဲ .. ပါးနားရိုက်ခံထားရတဲ့ ဘဝမှာ ငွေဝန်း .. ဒီအဖြစ်ကြီးကို .. မောင့်ရှေ့ ချမပြဝံ့တော့ပါဘူး ဒေါ်လေးရယ် .. ရှက်ပါတယ် .. မောင် မကြိုက်တဲ့အလုပ်ကို .. ချစ်လို့ပဲ လုပ်လုပ် .. မှတ်လုပ်မိတဲ့ ငွေဝန်းမှာ အပြစ်ရှိတာမို့ .. ခုလို .. ဝဋ်ဆိုက်ရတယ်လို့ပဲ မှတ်ပါတယ် .. ခု .. ခုကျတော့ .. ငွေဝန်း အလွန်နေမကောင်းလဲဖြစ်လာ .. ရှေ့ခရီးကိုလဲ .. အချိန်ကျန်တော့မယ် သိပ်မထင်တော့တာမို့ .. မောင့်ဆီကို .. သမီးလေးဆီကို .. မသေခင်လေးမှာ .. ပြန်နေခွင့်လေး ရချင်လာတာမို့ .. ခုလို .. ခေါ်လိုက်ရတာပါ ဒေါ်လေးတို့ရယ် .. ဒေါ်လေးကို ခေါ်လိုက်ရတာပါ .."



ဟု ပြောငိုတော့ ဒေါ်လေးနှင့် ဘဘ လိုက်၍ မျက်ရည်ကျကြရင်းမှ ..

"ဩော် .. နုနုယဉ်ယဉ် ကတဲ့ လက်လေးတွေ .. အကြော်ရောင်းရင်း ဘဝကို ဖြတ်သန်းပေသကိုး .."

ဟု ဘဘ ခပ်ယဲ့ယဲ့ ညည်းရှာကာ အခန်းပြင်ဘက်သို့ ထွက်၏။

"ဒီမယ် .. ညည်း .. စိတ်ကြောင့်ဖြစ်ရတဲ့ရောဂါ .. စိတ်ထောင်းလို့ ကိုယ်ကြေရတဲ့ရောဂါ .. ဘာလို့ ညည်းအသက်တိုရမှာလဲ .. ခဏ အားမွေး .. ဒီရွာက ဆေးခန်းမှာ ပြပြီး ညည်းကို အားရှိအောင် ငါ စောင့်မယ် .. သက်သာတာနဲ့ ရွာကို ပြန်ကြမယ် .."

ဟု ဒေါ်လေး စိတ်တင်း၍ ပြောလာပါ၏။ မျက်ရည်ကျနေပေမယ့် မျက်ဝန်းများမှာ တူမကို အဆုံးရှုံးမခံနိုင်သည့် အဒေါ်တစ်ယောက်၏ ဓာမျှားဖြင့် တောက်ပစူးလက်နေကြသည့် အရိပ်တွေက ပြည့်သိပ်နေကြပါ၏။

"ဒေါ်လေးရယ် .. လင့်အရိပ်ဆိုတာ အလွန်တန်ဖိုးကြီးတာပါ .. မျက်မမြင်ဖြစ်ပေမယ့် .. မောင်ဟာ ငွေဝန်းရဲ့ ခင်ပွန်းလင် ဘေးမှာရှိနေရင် .. ဘယ် .. အဲသလို မမဆွေရဲ့ အစော်ကားကို အစွပ်စွဲကို ခံရပါ့မလဲ .. မောင့်ကို ချန်ခဲ့လို့ .. ငွေဝန်းရဲ့ ဘေးမှာ မောင် မရှိလို့သာ .. အဲသလို ငွေဝန်း .. ခံရတာပါ .. ကံကြီးထိုက်ရတာပါ ဒေါ်လေးရယ် .. မောင်ဟာ .. အရာရာကို စွန့်လွှတ်ပြီး ငွေဝန်းဘဝထဲကို ဝင်လာခဲ့တာပါ .. ပန်းချီဆရာလေးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရှာကျွေးခဲ့ရှာတာပါ .. ရှာကျွေးရင်း .. မျက်မမြင် ဖြစ်ရရှာတာပါ .. အဲဒါ .. မောင့်ကို ဆေးကုချင်တာပဲ ဆိုပြီး .. ငွေဝန်း .. မောင် မကြိုက်တာကို လုပ်မိခဲ့တာ လေ .. အဲဒီလို လုပ်မိတဲ့အတွက် .. ငွေဝန်း .. ခုလို သမီးလေးကို တမ်းတ .. မောင့်ကို တမ်းတရင်း .. နှ တွေ ကြေပြုန်းနေရတဲ့ .. မိန်းမတစ်ယောက်အဖြစ် ရှိနေရတော့တာပါ .."

ဟု ပြော၍ ရှိုက်ငိုချစဉ်ခိုက် ဒေါ်လေးမှ ငွေဝ သာ၏ ကိုယ်လေးကို ရင်ခွင်မှာ ထွေးပိုက်ထားလိုက်ပါပြီ ..

ဘဘဦးအောင်မောင်းကတော့ .. မြင်ကွင်းကို မကြ ရက်သည်မို့ ဝရန်တာငယ်လေးဆီသို့ ထွက်သွားသည်။ အခန်း ချင်း ဒေါ်မွှေးမွှေးမှ ဆန်ပြုတ်ပူပူလေးကို ငွေဝန်းအတွက် ယူလ တာနှင့် တိုးသည်မို့ .. ဦးအောင်မောင်းမှာ တူမလေးကို ရှောက်ထားရှာပါသော ဒေါ်မွှေးမွှေးကို .. ကျေးဇူးတင်စွာ ကြ ရင်း မျက်ရည်ဝိုင်းတက်လာနေရပါသည့်အဖြစ် ..။ အိမ် လေးဆီမှာက အကြော်တဲငယ်လေးတစ်ခု ..။ သစ်တော့ခြံက များဆီမှ စိမ်းညို့ညို့ အရိပ်သည် လမ်းတစ်ဖက်ဆီဝယ် ရှိနေ

✻ ✻



## အခန်း(၂၇)

ဆေးရုံမှာ ဖေဖေ တစ်ပတ်မျှတက်နေရင်းမှ .. မ်းသပ်မှုများစွာကို ခံယူပြီးသည့်နောက်မှာ .. ဘဘသည် နောက်နေ့မှာ ဖေဖေ့ကို ခွဲစိတ်မည်ဟု ဆုံးဖြတ်လိုက်ပါပြီ။ ခေါင်းမှာ ဖေဖေနှင့် အတူ ညှို့သည်တွေ့ချိန်လေးမှာပဲ တွေ့ခွင့် သည်မို့ ရင်ထဲမှာ အားမလိုအားမရ ဖြစ်နေရပေမယ့် ..။ ဘဘ၏ ဆေးရုံစည်းကမ်းပေမို့ .. နာခံရသည်ပါပဲ။ ဘဘ၏ လင်းရောင်ခြည် ဆေးရုံကြီးသည် .. ကျွမ်းကျင်သော ဆရာဝန်ကြီးများစွာ၊ ဆရာဝန် ငယ်လေးများစွာ၊ သူနာပြုအင်အားများစွာဖြင့် တည်ငြိမ်စွာ ကောင်း သတင်းများဖြင့် ရပ်တည်နေပါသည့် ဆေးရုံကြီးတစ်ရုံပါ ..။

ဆေးရုံတွင်းမှာ လူနာများအတွက် စားသောက်ရန် းသောက်စရာများ ရောင်းချပေးသည့် ခန်းဆောင်လည်းရှိသည်။ းဆိုင်လည်း ရှိသည်။ သက်သာကာ အနားယူအပန်းဖြေလို ခြင် ပန်းခြံဥယျာဉ်လှလှကြီးတစ်ခုသည်လည်း အမိုးပါသည့် ဥယျာဉ်ကြီးအဖြစ်ဖြင့် ရှိနေသည်။ နေရာတိုင်းသည် ဆေးရုံပီသ ာ အလွန်တရာကိုမှ သန့်ရှင်းနေသည်။

www.burmeseclassic.com



ပြီးတော့ စည်းကမ်းလည်း ကြီးသည်။ လူနာ လူနာတွေ့ချိန်မှအပ မည်သူမျှ မတွေ့ရ။ လူနာတိုင်းအတွ စိတ်ချရချေအောင် သူနာပြုများကို တာဝန်ပေးထားသည်။ လောက်သော ဆရာဝန်များရှိသည်။ ဆေးရုံတက်လူနာအတွ သင့်လျော်သည့် အစားအစာကအစ ဆေးရုံကပဲ တာဝန်ယူ ခုတင်အရောက် ပို့ဆောင်ပေးသည့်စနစ် ရှိသည်။

"မနက်ဖြန် မနက်ကိုးနာရီမှာ ဖေဖေ့ကို ခွဲစိတ် သမီး .. ဘုရားရှင်တော်မြတ်ဆီမှာ ဆုတောင်းနော် ဖေဖေလဲ ဆုတောင်းနေတာပဲ သမီး .. ကဲ .. ဖေဖေ နှိပ်ပေးနေတာ ညောင်းရောပေါ့ .. နားတော့သမီး"

ဟု ဖေဖေ ပြောရှာပါ၏။ သူနာပြုဆရာမ မမဖွေးကတော့ သားအဖနှစ်ယောက်ကို ကြည်နူးစွာ ကြည့်နေသ ပါပဲ။ စောစောကပဲ ဖေဖေ့ကို ပန်းသီးစိပ်လေးတွေ ကျွေးခဲ့ပြီး မိဒေါင်း ခွံ့ခွံ့ကျွေးသမျှ ဖေဖေ စားရှာပါ၏။

ကိုကြီးကတော့ အခန်းတွင်းဆီ ဆိုဖာထက် ထိုင်ရင်း သားအဖနှစ်ယောက်ကို ငေးကြည့်နေပါသည့်အပြ ဖေဖေ့ကို မိဒေါင်း အရမ်းရှိသေတာ .. ချစ်တာကို .. နှစ်သ ပုံဖြင့် ကိုကြီး ငေးကြည့်နေတာကိုလည်း မိဒေါင်း သိသည်

ဖေဖေ တစ်ချက်ငြိမ်၍ စဉ်းစားနေရာမှ ..

"ရွာကို လိုင်းကားနဲ့ ခဏသွားလိုက်ပါလား သမီး သမီးရဲ့ ဘွားလေးများ ပြန်ရောက်နေပြီလား မသိဘူး ဖေဖေတို့ ထွက်လာကြတာလဲ ရက်ကြာလာပြီဆိုတော့ ဟိုမှာ .. စိတ်ပူနေလိမ့်မယ် .. ဘွားနုက ဖေဖေတို့ သ



အဖ ရက်တရက် ဘယ်နေ့ကတည်းက ထွက်သွားတယ် ဆိုတာ ပြောပြမှာပဲလေ .. ဒီလောက်ရက်ကြာအောင် ဖေဖေတို့ ဘယ်ထွက်သွားကြသလဲ .. ဘာများ ဖြစ်နေကြ ပြီလဲနဲ့ စိတ်ပူရှာလိမ့်မယ် .."

ဟု ဖေဖေ ပြောတော့ မိဒေါင်းမှ ဖေဖေ့ လက်ကို ဆွဲဆုပ်ထားရင်း ..

"ဟုတ်ကဲ့ပါ ဖေဖေ .. မိဒေါင်း သွားလိုက်ပါ့မယ် .. ဘွား လေးကို တွေ့ရင် .. တစ်ခါတည်း မြို့ပေါ် ခေါ်လာလို့ ရတာပဲဥစ္စာ .. ဘွားလေးကတော့ .. ဘိုးလေး အိမ်မှာပဲ တည်းခိုမှာပါ .. မိဒေါင်းတို့နဲ့ အတူလိုက်နေဖို့ကတော့ အားနာမှာပါ ဖေဖေ .."

ဟု ပြောတော့ ကိုကြီး ကြားပုံဖြင့် ထရပ်ကာ ..

"အိမ်မှာတည်းပါစေ မိဒေါင်းရဲ့ .. မိဒေါင်းလဲ အဖော် ရတာပေါ့ .. အားလဲ ရှိတာပေါ့ .. အားနာစရာမှ မဟုတ်ဘဲ"

ဟု ပြောစဉ်ခိုက်မှာပဲ ညှို့နှင်ခေါင်းလောင်း မြည် သည်မို့ ..

"ကဲ .. ကဲ .. ပြန်ချေဦး .. ညနေကျမှ တွေ့တာပေါ့ မိဒေါင်းလေး .."

ဟု ဖေဖေ ပြောသည်မို့ မိဒေါင်း ဖေဖေ့ခြေထောက် သားတွေကို ထပ်၍ တစ်ကျော့ အချိန်လု၍ နှိပ်ပေးနေပြန်တော့ ဖေဖေ ရယ်၍ ...

"ဒီအခန်းထဲ ဖေဖေ တုတ်ကောက်လေးနဲ့ လမ်းလျှောက် နေရတာပဲကွယ် .. ဖေဖေ့ ခြေထောက်တွေ ညောင်းမဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး .. ညောင်းလဲ မညောင်းပါဘူး .. ကဲ .. ပြန် -
ပြန် ..”

ဟု အတွင်ပြန်ခိုင်းနေတော့မှ မိဒေါင်း ထရပ်သည်။ ဖေဖေ့ အခန်းသည် ထောင့်ခန်းကျယ်ကြီး ဖြစ်လျက်၊ ပြတင်းများ ဆီမှ လတ်ဆတ်သောလေတို့ ဝင်နိုင်သည်။ လင်းလင်းချင်းချင်း လည်းရှိသည်။ အခန်းထဲမှာ ရေခဲသေတ္တာ ..။ တီဗီကအစ ရှိသည်။ ဤအခန်းမှာ နေခဲ့သော ယခင်လူနာတစ်ယောက်အတွက် ကတော့ ထိုတီဗီဆိုတာက အသုံးတည့်သည့်ပစ္စည်း ဖြစ်ချေမည် သာ ..။ ခုကျတော့ .. ထိုတီဗီသည် ပိတ်ထားရသည့် ပစ္စည်းတစ်ခု အဖြစ် အခန်းထဲမှာ ရှိနေပါသည့်အဖြစ် ..။

“မနက်ဖြန်မှာ .. မိဒေါင်း .. ဖေဖေ့ရှေ့မှာ ရပ်နေမှာ သိလား ကိုကြီး .. ဖေဖေ မမြင်ရတဲ့သူဟာ .. မိဒေါင်း ဖြစ်ရမယ် ..”

ဟု စိတ်လှုပ်ရှားစွာ မျှော်လင့်တကြီး ပြောနေပါသည် မိဒေါင်းကို သူ ငုံ့ကြည့်ဖြစ်၏။ မိဒေါင်း၏ မျက်ဝန်းမှာ မျက်ရည်လေးတွေကတော့ လည်နေသည်ပါပဲ ..။ ဝမ်းသာလွန်း၍ ဆိုတာ သူ သိပါ၏။

“အလင်းရောင် ပျောက်ဆုံးနေတဲ့ သူတစ်ယောက်ရဲ့ ဆုံးရှုံး မှုဟာ အလွန်ဆိုးဝါးတယ်ဆိုတာ ကိုကြီး နားလည်တယ် - စာနာတယ် မိဒေါင်း .. ကြည့် .. မိဒေါင်းရဲ့ ဖေဖေဟာ အလွန်တော်တဲ့ ပန်းချီဆရာတစ်ယောက် .. မျက်စိ မမြင် ရတော့တာနဲ့ အဲဒီပန်းချီကားဆိုတဲ့ အရာတွေကို မဖန်တီး နိုင်ရှာတော့ဘူး ... အလွန်နှမြောဖို့ကောင်းတာ .. နောင်မှာ



မှာ .. မိဒေါင်းရဲ့ ဖေဖေ့ ပန်းချီကားတွေ ပြန်ပြီး အသစ် အသစ်တွေ ရှိလာကြတော့မှာပါကွယ် ..”

ဟု ကိုကြီး ပြောတော့ မိဒေါင်း ကြည်နူးလွန်း၍ မျက်ရည်သာ တလည်လည် လည်တက်နေရင်းမှ ကိုကြီးကိုလည်း အမော့မော့ ကြည့်မိရင်း ..

“အဲဒါ .. ကိုကြီးနဲ့ မိဒေါင်း ဆုံခွင့်ရလို့ပါ .. ကိုကြီး ကြောင့်ပါ .. ကိုကြီးနဲ့ ဘာဘာတို့ကြောင့်သာ ဖေဖေ ခုလို ကုသခံရတာပါ .. ကိုကြီးကို မိဒေါင်း ဘယ်တော့မှ ကျေးဇူးဆပ်ကုန်နိုင်တော့မှာ မဟုတ်ပါဘူး ကိုကြီးရယ် .. ကိုကြီးကို မိဒေါင်း ကန်တော့နေချင်တော့တာပါပဲ ..”

ဟု လက်အုပ်လေးချီ၍ အရမ်းကို ဖြူစင်လွန်းစွာ ငင်ထဲရှိသမျှပြောတော့ ကိုကြီး ရယ်၍လည်းကြည့် ..။ လက်လေးကို ခမ်းဆုပ်၍ ဘေးဘီကို ကြည့်ကာ ..

“ဘေးမှာ လူတွေ ရှိတယ် အမိလေးရဲ့ .. အိမ်မှာလဲ ကန် တော့ .. ခု .. ဆေးရုံမှာ သွားရင်းလာရင်းနဲ့လဲ ကန်တော့၊ ဒီကောင်မလေးနဲ့တော့ .. ကိုကြီးဖြင့် .. အကန်တော့ခံပုဂ္ဂိုလ် ကြီးကို နေရာတိုင်းမှာ ဖြစ်နေပြန်ပါရောလား ..”

ဟု ပြောလာရင်းမှ ..

“ကိုကြီးတို့ မိဒေါင်းရဲ့ ရွာလေးကို ဘုတ္တူသွားကြတာပေါ့၊ ဒါပေမဲ့ .. အိမ်မှာက .. ကိုကြီး မမနွယ်ကို လာဖို့ အားလုံး မှာထားတာမို့ မမနွယ်တို့ ရောက်နေလောက်ပြီ၊ ကင်မရာအဖွဲ့ထဲက တချို့ကိုလဲ ကိုကြီး ခေါ်ထားတယ်၊ မိဒေါင်းကို မမနွယ်က မိတ်ကပ်ပြင်ပေးလိုက်လိမ့်မယ် ..

www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် .. မိခေါင်း တယောထိုးပြီး သီချင်းဆိုတာ
တစ်ပုဒ်ရိုက်မယ် .. ပြီးရင် .. မိခေါင်းရဲ့ မင်းသမီးဝတ်
ထဲက မနေ့က ကိုကြီး ဈေးလိုက်တဲ့ ကိန္နရီဝတ်စုံလေး
က,တာကို ရိုက်မယ် .. အဲဒီနှစ်ခုပဲ ရိုက်မယ် .. ဈေး
ပြန်ကြည့်မယ် .. အဲဒါက စီစဉ်ပြီးသားဖြစ်နေပြီ .. အဲ
လုပ်ပြီးရင် .. ရွာကို သွားကြတာပေါ့ .. ဒေါ်လေးမှုန်
လဲ ခေါ်သွားမယ်လေ .. လမ်းမှာ အဖော်ရတာပေါ့ ..”

ဟု ပြောသည်မို့ မိခေါင်း ရင်ထဲမှာ လှုပ်ရှားရပါ၏
ကိုကြီးက .. မိခေါင်းကို တယောထိုး၍ သီချင်းဆိုနိုင်းမှာ ..
မင်းသမီးက,ကနိုင်းမှာတွေကို ဖေဖေ့ထံ ပြောပြခွင့်တောင်းတော့ ..
သီချင်းဆိုတာကိုတော့ ခွင့်ပြုသည်က ရှောရှောရှူရှူပေါ့ ..။ က
ကိုကျတော့ တစ်ချက် တွေခနဲဖြစ်သည်။ နောက်တော့လည်း ..
ဘဘနှင့် ကိုကြီးတို့၏ ဖြူစင်သော စိတ်ထားနှင့် ကျေးဇူးတ
ဆိုတာကြောင့် .. ကခွင့်ပြုလိုက်ခြင်းပါ ..။ အငြိမ့်စင်ပေါ် တ
ကတာမှ မဟုတ်ဘဲ သမီးရယ် .. ဟုသာ ခပ်လေးလေးတွေး
ပြောခဲ့သည့် ဖေဖေ့စကားကို မိခေါင်း ခုထိ မမေ့နိုင်သေ
ဖေဖေသည် မိခေါင်းကို အငြိမ့်စင်ပေါ်တက်၍ ကသည့်အဖြစ်မျိုး
လုံးဝခွင့်မပြုနိုင်ဘဲ အရမ်းကို တားမြစ်သည့် စိတ်တွေပဲ ရင်ထဲ
မှာထန်လွန်းစွာ ဖြစ်တည်နေဆဲပါတကား ..။

ကားလေးဖြင့် အိမ်ပြန်လာခဲ့ရ ..။ တကယ်လည်း
ဧည့်ခန်းဆောင်ကျယ်ကြီးမှာ အားလုံး ရောက်နေကြလေ
ဒေါ်ကြီးမှုန် ဧည့်ခံသည့် ခေါက်ဆွဲကြော်တွေ စားနေကြပါသည်
မမနွယ်တို့ကို တပျော်တပါးပုံလေးဖြင့် တွေ့လိုက်ရပါ၏။



“ဟော .. ကိုခန့် ရောက်လာပြီ ..”

ဟု ကင်မရာလေး ဘေးချ၍ ဆိုဖာထက်မှာ ခေါက်ဆွဲကြော် စားနေသည့် လူငယ်တစ်ယောက်ကို လှမ်း၍ နှုတ်ဆက်သည်။ မမနွယ်နှင့် မိခေါင်းကို မနေ့ညနေက တစ်ခေါက်တွေ့ဆုံခဲ့ပါသည့် ကိုကြီးကလည်း လှမ်း၍ ..

“မမနွယ် ကြာနေပြီလား .. မိခေါင်း ဖေဖေ့ကို သွားတွေ့နေလို့ပါ ..”

ဟု လှမ်းနှုတ်ဆက်ရင်းမှ ကင်မရာမင်းကိုလည်း လက်လှမ်းပြသည်။

မကြာလိုက် ..။ ကိုကြီး ရောက်လာသည်ဆိုတာနှင့် အစားအသောက်အမြန်ကိစ္စသိမ်းကြ။ မိခေါင်းကို မမနွယ်က အလှပြင်ဖို့ မိခေါင်းအခန်းထဲ လိုက်ခဲ့ကာ ..။ ကင်မရာမင်း နှစ်ယောက်နှင့် ကိုကြီးက ဧည့်ခန်းမှာ စကားပြောကျန်ခဲ့ကြသည်။

“ကိုခန့်က အရမ်းကို အနုပညာမှာ ပါရမီရှိတာ .. သူက သူ့ရွှေတိမ်မျှင်ကနေပြီး .. တော်တဲ့ ထူးချွန်အောင်မြင်တဲ့ ဂီတသမား .. အဆိုတော်တွေကို မွေးထုတ်ဖြစ်တာ မနည်းတော့ဘူး .. သူ စင်တင်တဲ့သူတွေကလဲ .. ရွှေတိမ်မျှင်အတွက်ဆို .. သူတို့အလုပ်တွေ ဘယ်လောက်ပဲ အရေးကြီးနေနေ .. လာဆိုပေး လာရိုက်ပေးကြတာ ..”

ဟု မမနွယ်မှ မိခေါင်းကို မျက်နှာလေး မိတ်ကပ်ခြယ်ပေးနေရင်းမှ စကားလေးတပြောပြောဖြင့် ရှိနေပါသည့်အဖြစ်။

“အရည်အချင်းရှိသူမှ ကိုခန့်က .. ခုလို .. ရဲရဲကြီး စင်တင်တာ မိခေါင်းရဲ့ .. သူ့အခွေတွေ အမြဲအောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



တာချည်းပဲ .. အရည်အချင်း မရှိဘဲ .. သူ့ဆီကို အဆိုတော်ဖြစ်ချင်လို့ လာပြီး ချဉ်းကပ်ကြသူကိုလဲ .. သူ .. နားထောင်ကြည့်ပြီးရင် .. ငြင်းလိုက်တာပဲ .. ရွှေတိမ်မျှင်က ထုတ်လုပ်ရုံပဲ ထုတ်လုပ်ပေးပါ .. သူတို့ပဲ ငွေကြေးကုန်ကျခံပါ့မယ်လို့ပြောလဲ မရဘူး .. အဲသလို .. ရှိတယ် .. ဒါကြောင့် .. ရွှေတိမ်မျှင်ကဆိုရင် .. သီချင်းဆိုတဲ့ အဆိုတော်အသစ်လေးကိုပဲတင်တင် .. ဗီစီဒီတို့ ခွေကို့ ထုတ်ထုတ် .. အားလုံးက စိတ်ချလက်ချ ရှိကြတယ် .. အဲဒီအဆိုတော်လဲ အောင်မြင်တာချည်းပါပဲ .."

ဟု မမနွယ် ပြောနေရင်းမှ မိဒေါင်းကို ကြည့်သည်။ မှန်ထဲမှ အရိပ်လေးကို မိဒေါင်း ငေးကြည့်နေမိရပါ၏။ အပြာရောင် ပိုးသားဂါဝန်ရှည်နွဲ့နွဲ့လေးသည် အနီရောင် ပိုးသားနှင်းဆီပွင့်ဖိုးလေးများနှင့် အဖြူရောင်ပုလဲလုံးလေးများ သီချုပ်ထားလျက်ဖြင့် လှပပျောင်းနွဲ့စွာ ရှိနေသည်။ ဆံနွယ်လေးများကို ဖားလျားလေး ပျောင်းနွဲ့နွဲ့ ချထားလျက် ခေါင်းထက်မှာ အဖြူရောင် ပိုးသားနှင်းဆီပွင့်လေးများဖြင့် ပန်းသရဖူလေးကို ဆောင်းထားသည်မို့ .. လှပသော ကောင်မလေးတစ်ယောက်ကို နုနုနှည့်ညှံ့လေး .. နန်းဆန်ကြော့စင်လွန်းသည့် အသွင်လေးဖြင့် မြင်နေရပါ၏။

"အဲဒါ .. ငါ့မျက်နှာလေးပါလား .."

ဟုပင် ကိုယ့်မျက်နှာလေးကို ကိုယ် ငေးကြည့်ဖြစ်ရင်း အံ့ဩချင်၏။ မိတ်ကပ်လေးခြယ်ထားလျက် နှုတ်ခမ်းလေးကို ပန်းရင့်ရောင်လေး ဆိုးထားတာမို့ မိဒေါင်း မျက်နှာလေးသည် ပုံမြင်ထဲမှ ပန်းဝတ်မှုန်လေးများပေါ်မှာ တောင်ပံလေးနှင့် ပျံ့ပဲ



နေသည့် နတ်သမီးလေးပမာ ဖြစ်နေသည်ဟု မမနွယ်ကတော့ တဖွဖွ ဘေားမှ ပြောနေပါ၏။ ထိုနတ်သမီးဆိုတာမျိုးကို မိဒေါင်း ဘယ့်နှယ်လုပ်၍ ကိုယ့်ကိုယ်ကိုယ် .. တင်စားပြောရဲပါ့မည်တဲ့လဲလေ ..။ ရှက်သွေးလေး စိမ့်စိမ့်ဖြာနေရင်း မိဒေါင်း မျက်လွှာလေးချနေတော့ ရှက်နေမှန်းသိ၍ မမနွယ် ခပ်တိုးတိုး ရယ်ကာ နှာဖျားလေးကို ခပ်ဖွဖွ ထိသည်။

"မိဒေါင်းက အရမ်းကို ဖြူစင်တာကိုး .."

ဟု ချစ်စိတ်ဖြင့် ပြောပြီးမှ အခန်းတွင်းဆီမှ မိဒေါင်းကို ခေါ်ထုတ်လာပါ၏။ မနေ့က မမနွယ်ကိုပဲ မိဒေါင်းနှင့်အတူ ကုန်တိုက်သို့ သွားခိုင်း ..။ မမနွယ်ကိုပဲ .. မိဒေါင်း တယောထိုးရင်း သီချင်းဆိုခန်းမှာ ဝတ်ရမည့် အဝတ်ကို ရွေးချယ်ဝယ်ခိုင်းခဲ့သည်က ကိုကြီးပါ ..။ ကုန်တိုက်၏ ဝတ်စုံအရောင်းခန်းမမှာ ဤဝတ်စုံလေးကိုပဲ မမနွယ် ရွေးချယ်ဝယ်ခဲ့သည်။ နည်းနည်းပွနေတာကိုလည်း ထိုခန်းမဆောင်ရှိ စက်ချုပ်ဆောင်မှာပဲ မမနွယ်မှ ပြန်၍ မိဒေါင်း၏ ကိုယ်တိုင်းလေးကို တိုင်းစေကာ ပြန်၍ ကျဉ်းစေခဲ့ပါ၏။ မမနွယ်နှင့် ထိုအရောင်းခန်းဆောင်ပိုင်ရှင် မမတို့သည်လည်း ရင်းနှီးနေကြသည်ပဲ။ မိတ်ကပ်ဆရာမလေးအဖြစ် အရမ်းကို နာမည်ကြီးသော မမနွယ်သည် ထိုဝတ်စုံအရောင်းခန်းမဆောင်၏ ပိုင်ရှင်နှင့် လုပ်ငန်းချင်းကိုက ဆက်စပ်နေသည်ကိုးလေ ..။

ဧည့်ခန်းထဲမှ စကားပြောသံတွေ ရုတ်ခြည်း ငြိမ်ကျသွားလျက် အကြည့်တွေက ခပ်ငေးငေး ရှိနေပါ၏။ ကိုကြီး၏ မျက်ဝန်းတွေကလည်း မိဒေါင်းထံမှာပဲ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဒေါင်းကို မမနွယ်မှ ရေမိုးချိုးစေကာ၊ လက်မောင်းလေးတွေကအစ အလှရည်လူး၊ မိတ်ကပ်ကအစ လူးပေးထားတာမို့ ..။ ပို၍ ငွေဒေါင်းမေသည် ဖြူဥဥနိုင်လာသည်။ ဝင်းဥဥရွှေစင်ကို ထပ်၍ အရောင်တင်လိုက်သည့်နှယ်ပါတကား ..။

"တွေ့တယ် မဟုတ်လား .. ဒီလိုပုံလေးမျိုး .. ပရိသတ်ရှေ့ကို တယောလေးထိုးနေတဲ့ပုံလေးနဲ့ ရင်ထဲကို ရောက်အောင် အပ်နှံလိုက်ကြည့် .. တကယ့်ကို အောင်မြင်မယ့်ပုံလေး .."

ဟု မမနွယ်မှ ပြုံး၍ ပြောစဉ်ခိုက်မှာလည်း ကိုကြီး၏ အကြည့်က မိဒေါင်းထံမှာ တန့်နေဆဲ။ နောက်တော့ ကိုကြီး၏ မျက်ဝန်းတွေ ကျေနပ်ရိပ်တွေ ပို၍ ပြည့်သိပ်လာနေကြသည်။ ကြည်နူးရိပ်တွေ ထင်လာနေကြသည်။ မိဒေါင်းကို အောင်မြင်သော မိဒေါင်းဖြစ်စေတော့မည်ဟု ပို၍ ယုံကြည်လာနေသည့် အကြည့်များဖြင့် ပီတိအကြည့်ဖြင့် ကြည့်နေသည့်အဖြစ် ..။

"သူ့အသံက အရမ်းကို ကောင်းတာ .. ဒီလို ချစ်စရာ ရုပ်လေးကလဲရှိ .. အသံလေးကလဲကောင်းရင် .. သူ .. သူ့ကို ပရိသတ်မချစ်ဘဲ မနေနိုင်ပါဘူး .."

ဟု ကိုကြီး ထပ်ပြောလာပါ၏။ မိဒေါင်းကို တယောအိုးလေး ကမ်းပေးကာ တယောထိုးစေသည်ကလည်း ကိုကြီးပါ ..။

"မိဒေါင်း .. ဘေးဘက်ကို အာရုံမပြုနဲ့ .. ကိုကြီးတို့ ကင်မရာတွေနဲ့ ရိုက်နေတာကို စိတ်ထဲ အာရုံမထားနဲ့ .. မိဒေါင်း လုပ်နေကျအတိုင်း တယောထိုး .. သီချင်းဆို .. ကြားရဲ့လား .. ဘေးကအရာတွေကို အာရုံထားမိရင် ..



မိဒေါင်းရဲ့ အရည်အချင်းတွေကို ချပြရတဲ့နေရာမှာ လျော့ပါးကုန်လိမ့်မယ် .. မိဒေါင်းရဲ့ စိတ်တွေ တောင့်တင်းမနေဖို့လဲ လိုတယ် .. စိတ်က တယောရယ် .. သီချင်းရယ် .. အဲဒီမှာ ရှိရမယ် .."

ဟု ကိုကြီး တည်ငြိမ်စွာမှာတော့ မိဒေါင်း ကြိုးစားခေါင်းညိတ်ယူရပါ၏။

ဒါပေမဲ့ စိတ်က မလှုပ်ရှားနဲ့ဆို၍ ရသည်မှ မဟုတ်ပဲလေ ..။ စိတ်တွေ လှုပ်ခတ်နေရသည်ပါပဲ ..။ ဒါပေမဲ့ .. မိဒေါင်း မျက်လွှာလေးကို ချထားကာ စိတ်ကို ငြိမ်အောင် ကြိုးစားနေရသည့် အဖြစ်ကို .. ကိုကြီးတို့ မရိပ်မိအောင် ထိန်းချုပ်ကြိုးစားနေလိုက်ရပါ၏။ မိဒေါင်း .. အဆိုတော်တစ်ယောက်ဖြစ်လျှင် .. ဖေဖေ့ကို .. အေးချမ်းစွာ ပြုစုခွင့်ရချေမည် မဟုတ်ပါလား။ ဖေဖေကလည်း .. ဖေဖေ့သမီးအဖြစ် .. တယောလေးနှင့် သီချင်းဆိုနေမည့် သမီးလေးအတွက် ကြည်နူးဂုဏ်ယူမည်သာ ..။ စိတ်သည် .. အတော်လေး ငြိမ်သက်စပြုလာပြီ ..။ ထိုအခါမှ ဘေးမှာ ရပ်နေပါသည့် ကိုကြီးကို မော့ခနဲ ကြည့်မိတော့ တည်ငြိမ်ရင့်ကျက်သော အကြည့်များဖြင့် မိဒေါင်း၏ ရင်တွင်းမှ ခံစားမှုတိုင်းကို စောင့်ကြည့်နေသည့်ဟန်ဖြင့် ကြည့်နေပါသည့် ကိုကြီး၏ မျက်ဝန်းများနှင့် ဆုံသည်။

မိဒေါင်း စိတ်နည်းနည်းငြိမ်လာပြီဆိုတာ ကိုကြီး သိလိုက်ပုံရပါ၏။ ပြုံး၍ .. မိဒေါင်း တယောကြိုးကို ညှိသည်၊ အသံကျေနပ်ပြီမို့ .. ကိုကြီးကို ခေါင်းလေး ညိတ်ပြတော့ ကိုကြီး နောက်သို့ ဆုတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. မိဒေါင်း .. စတော့ .."

ဟု ကိုကြီး လှမ်းပြောတော့ မိဒေါင်း တယောအိုးကို ဘယ်ဘက်ပခုံးတွင် တင်လိုက်မိရပါ၏။ တယောအိုးကို မေးဖြင့် ညှပ်၍ တယောလက်ပေါက်ပျဉ်ကို တယော၏ လည်တံအောက်မှ လျှို၍ ကိုင်လိုက်မိသည်။ မိဒေါင်း၏ ဘယ်ဘက်လက်ချောင်း ထိပ်လေးတွေက တယောကြိုးကို ပိုင်နိုင်စွာနှိပ်သည်။ ညာလက်က ဘိုးတံဖြင့် တယောထိုးနေလိုက်ပါချေပြီတကား။ ရှေ့ဘက်ဆီမှ ဖွင့်ထားသော ပန်ကာလေကြောင့် မိဒေါင်း ဆံနွယ်ဉ်တို့ တနော့နော့ တယဉ်ယဉ် လူးလွန့်နေကြပါချေ၏။

အားလုံး၏ အကြည့်က မိဒေါင်းထံမှာပါ ..။ တကယ့် ကြွေရုပ်လေးနှယ်ပါတကား ..။ လက်မောင်းလေးတွေ .. လက်ချောင်းလေးတွေကအစ ဖြူဥဥဖွေးနုနုနိုင်သည့် မိန်းကလေး။ ထူတန်းနေသော မျက်ခုံးတန်းနက်နက် ..။ ရှည်လျားသော မျက်တောင်ထူအိအိ ..။ နှာတံထင်းထင်း ..။ နှုတ်ခမ်းဖူးနုနု ..။ ဝန်းသွယ်သော မျက်နှာကျ ..။ အကြောမျှင်တို့ ရိုးရိပ်ထင်သော မျက်နှာနုနု ..။ ဖြူသော ပိုးသားဝတ်စုံလေးဖြင့် တယောထိုးနေသည့်ဟန်လေးသည် .. တကယ့် တော်ဝင်မင်းသမီးလေးနှယ်ပါတည့် ..။ မျက်ဝန်းများကို တစ်ချက်ပိတ်၍ တယောထဲ နစ်ဝင်နေသော စိတ်ဖြင့် ဆက်၍ ထိုးလိုက်တော့ .. ဘေးတိုက်လေးဝေမို့ ရှည်လျားထူထဲသော မျက်တောင်သည် ပို၍ ထင်းထင်းပပရှိ၏။ မိဒေါင်းဆိုသည့် သီချင်းက .. မိုးဒေဝါတေး ..။ အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည် ရေးသည့်တေး ..။ ဒေါ်လှရွှေဆိုခဲ့ပါလေသော အလွန်တရာကိုမှ နက်နဲသည့်တေး ..။

"အို .. မိုးဒေဝါ .. ရှစ်တိုင်းမှိုင်းဆင်ကာ .. ခိုးလှဲ့မှုန်ပြာ .. ညှိုးဖွယ်ညှိုးဖွယ်ကြုံလာ .. စာနာသင့်ပါငဲ့ .. ငြိုးမာန်တော် မဝင့်ပါနဲ့ ရှာသင့်မှရှာ .."

လှမ်းစဖွယ် .. တယောသံနွဲ့နွဲ့နှင့်အတူ မိဒေါင်း၏ လှမ်းစဖွယ် ညို့ငင်ပါလေသည့် တေးသံက တလွင့်ပျံ့ပျံ့ ..။

* ❧ *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

မင်းခန့် ငေးခနဲ ကြည့်နေမိရသည်က ကိန္နရီလေးကိုပါတကား ..။ ဟုတ်သည် ..။ ကိန္နရီ ..။ လှလိုက်ပါသည့် မိန်းကလေး ..။ ဆံနွယ် ခက်ခက်ရှည်ရှည် နက်နက်ကြီးတွေက အဖျားလေး ကော့လျက် ဒူးဆစ်အောက်သို့တိုင်နေအောင် ရှိကာ ခေါင်းမှာ .. လှပသော ခေါင်းစည်းပုံလေးကို ဆောင်းထားပါသည့် ငွေဒေါင်းမေ ..။ လက်တွင် ငှက်မွေးလေးများဖြင့် ကိန္နရီတောင်နှစ်ခုကို တပ်ထားကာ .. ပဝါကို ခါးတွင် စည်း၍ ကိန္နရီ ရင်အုပ်တပ်ထားပြီး .. နောက်ပိုင်းတွင် ချူလုံးလေးများ ချိတ်ဆွဲထားပါသော ကိန္နရီအမြီးကို ထပ်ထားပါသည့် ကိန္နရီအပြင်အဆင်နှင့် ငွေဒေါင်းမေ ..။ ထိုကိန္နရီမယ်လေးသည် တကယ့်ငှက်လေး တောင်ပံခတ်၍ အပေါ်သို့ ပျံတက်တော့မည့်နှယ်လည်း ကသည်။ အောက်သို့ ဝဲဆင်းလာသည့်နှယ်လည်း ကသည်။ မင်းခန့်၏ နားစည်တွင်းဆီသို့ ကိန္နရီအမြီးဆီမှ ချူလုံးလေးများ၏ မြည်သံ ချိုလွင်လွင်လေးများက တိုးတိုးဝင်ဝင် ..။ အားလုံးကို သူ တစ် ချက်ဝေ့ကြည့်တော့ မိဒေါင်း၏ အကထဲမှာ အားလုံး နစ်ဝင်ငေး ကြည့်နေကြပါသည့်အဖြစ် ..။



"သစ်ဆင့်သဇော်ဂမုန်းအင်သဇင်လှိုင်ပျံ့မွှေးတယ် .. မွှေးတယ် .. မွှေးတယ် .. မွှေးတယ် .. မွှေးတယ်လေး .. တော့အဝေး .."

ကိန္နရာရင်ခွဲတောင်ပံခတ်အကဖြင့် ပျံတက်တော့မည့်နှယ် ကနေပါသည့် မိဒေါင်း ..။ တကယ့်ကို တိမ်ညွှန့်များဆီတို့တိုင် ပျံဝဲတက်တော့မယောင် ထင်မိနေစေသည့်အထိ။ တကယ့် ကိန္နရီမယ်လေးအဖြစ် ရှိနေကာ မိဒေါင်းသည် ပျောက်သွားလျက် ကိန္နရီလေးသည် အသက်ဝင်လျက် ကြည့်ရသူတို့၏ ရင်ကို ဖမ်းစားထားနိုင်ပြီး ဖြစ်နေချေ၏။ အလွန်တရာကိုမှ လှလွန်းပါသည့် ကကြိုးကကွက် ..။ အလွန်တရာကိုမှ .. ကောင်းလွန်းပါသည့် အသံဆွေးလျလျ ..။ အသံလေးသည် နစ်ဝင်သွားတာမျိုးမရှိ ..။ ဆွဲချင်သလောက်ဆွဲ .. ဆွဲ၍ရနေသည်။ အသံတိမ်မသွား ..။ မြုပ်မသွား .. အလှနှင့်အက ..။ အကနှင့်အလှ ..။ အကနှင့်အသံ ..။ အသံနှင့်အက ..။ အားလုံးသည် တစ်သားတည်းဖြစ်နေသည်။ မှော်ဝင်စားထားသည်သို့ အားလုံး၏ ရင်ကို ညို့ငင်ထားနိုင်နေသည်။

"ယောက်ဖခွေးခေါ် .. ယောက်ဖခွေးခေါ် .. ဖိုးခေါင်ကျော် .. ကြင်ဖော်မယ်လျှငယ် .. ဆွေးတယ်ဆွေးတယ် .. ဆွေးတယ် ဆွေးတယ် .. ဆွေးတယ်ဆွေးတယ်လေး .. တော့အဝေး"

မိဒေါင်း ကနေဆဲ ..။ အကလေးထဲမှာ နစ်ဝင်နေဆဲ။ ဤအဝတ်များဖြင့် မိဒေါင်းကရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်လျက် ..။ ဤကိန္နရီအဝတ်လှလှလေးသည် မေမေ့ အဝတ်များ ဖြစ်နေချေသည်တကား ..။ မေမေသည် .. မေမေ့ ကခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



အကကို ‥ မေမေ ဝတ်ခဲ့သော ကိန္နရီဝတ်စုံလေးဖြင့် မိဒေါင်း ကနေသည်ဆိုတာ သိချေလျှင် ‥ မည်သို့ ခံစားနေရရှာမည်တဲ့လဲ။ မိဒေါင်းမှာဖြင့် ‥ မေမေ့ကို တမ်းတစိတ်ဖြင့် ‥ မျက်ရည်ကျလာ ပါပြီ ‥။ မိဒေါင်း၏ ကိုယ်ထဲမှာ မေမေ့အနုပညာတို့ ဝင်၍ ပူးကပ်နေကြသည်ဟု ခံစားယုံကြည်နေမိသည်။ မေမေ့ အငွေ့ အသက်တွေ ဤဝတ်စုံလေးထဲမှာ စွဲမြဲကျန်ရစ်နေဆဲဟု ယုံကြည် ထားမိသည်မို့ ‥ မေမေနှင့်အတူ မိဒေါင်း ကနေရခြင်းဟု ထင် နေမိရသည်ပါပဲ ‥။ ကြိုးစားလိုက်စမ်း သမီးလေး ‥ ဟု မေမေ ပြောနေသည်ဟု ထင်နေမိသည်။ မေမေ့ လက်ချောင်းလေးတွေ၏ အညွှတ်အကွေးသည် မိဒေါင်း၏ လက်ချောင်းလေးတွေထဲသို့ စီးဝင်ပူးကပ်နေသည်ဟု ထင်မိသည်။ မေမေ့ ခြေအရွေ့သည် မိဒေါင်း၏ ခြေအရွေ့ ဖြစ်နေသည်ဟု ထင်နေမိသည်။

"မေမေရေ ‥"

ဟု မိဒေါင်း ရင်ကို နှစ်၍ တမ်းတလိုက်မိရပါ သတည်း ‥။ မျက်ရည်က ပို၍ ကျလာနေသည့်အဖြစ် ‥။ ဟိုစောစောက ‥ ဖေဖေ သင်ပေးသော တယော ‥။ ဖေဖေ့ တယော လေးဖြင့် မိဒေါင်း မိုးဒေဝါကို ဆိုခဲ့သည်။ ကြိုးစားလိုက်စမ်း သမီးလေး ‥ ဟု ဖေဖေ ပြောနေသည်ဟု ခံစားရင်း အားအင် တွေ ဖြစ်တည်အားကိုးရလျက်ဖြင့် အကောင်းဆုံး ဖြစ်အောင် မိဒေါင်း တယောလေးကိုလည်း ထိုးခဲ့၊ သီချင်းကိုလည်း ဆိုဖြစ် ခဲ့ရပါ၏။ ပြော်ာ ‥ ခုတော့ ‥ မိဒေါင်းသည် ‥ မေမေ့ ဝတ်စုံ လေးဖြင့် ကိန္နရီအကကို ‥ ကနေရချိန်မှာ ‥ မေမေ့ အားပေးသံ ကို ရင်ထဲမှ တမ်းတနေမိခြင်းပါတကား ‥။ ဘယ်သောအခါတွင်



‥ မေမေ့ကို ‥ မေမေ့ ခြေဖမိုးအစုံရှေ့မှာ ဦးခိုက်၍ ‥ ကန် တော့ခွင့် ရနိုင်ပါမည်လဲမေ ‥ ဟု မျှော်လင့်ချက် ဝေးနေသည့် ခံစားမှုဖြင့် မွတ်သိပ်တောင့်တမိရသည်ကလည်း မိဒေါင်းပါ။ ဟုတ်သည်။ မျှော်လင့်ချက်သည် ဝေးနေရသည်ပါပဲ။ မေမေ ဘယ်မှာရှိသည်ဆိုတာကို မိဒေါင်း မသိရ။ မေမေကလည်း ‥ မိဒေါင်းထံသို့ ‥ ဤနှစ်များသို့တိုင်အောင် ‥ ရောက်မလာနိုင်ခဲ့ သည်ပဲ ‥။ စောစောက ‥ မိဒေါင်း အခန်းထဲမှာ ဤကိန္နရီဝတ် စုံလေးကို ဝတ်ဆင်ခဲ့ရခိုက်မှာ ‥ မှန်တင်ခုံမှန်ထက်မှာ ထင်နေပါ သည့် ပုံရိပ်လေးကို ကြည့်ရင်း ‥ မေမေ့ကို တမ်းတမိခဲ့သည်ပဲ။ မျက်ဝန်းလေးများ ဝိုင်းစက်နေသည့် ကိန္နရီမိန်းကလေး ‥။ သွားလေးက ပြောဖူးသည်လေ ‥။ မိဒေါင်း၏ မျက်ဝန်းလေးတွေ က မေမေနှင့် တစ်ထေရာတည်းပါတဲ့ ‥။ မိဒေါင်း ပါးချိုင့်လေး တွေကလည်း တစ်ထေရာတည်းပါပဲတဲ့လေ ‥။ အလွန်တရာကိုမှ ချောင်းမွဲ့လှပနေသော ကိန္နရီမလေးတစ်ယောက်ကို မှန်ထဲမှာ မြင်နေရသည်ဟု ခံစားရလျက် ‥။ ထိုသူသည် ‥ မေမေ ဖြစ်နေ သည့်နှယ်ပင် မိဒေါင်း ထင်နေမိခဲ့ရသည် မဟုတ်ပါလား ‥။

ကကြိုးလေးဆုံးတော့ ‥ မိဒေါင်း နေရာလေးမှာ ငြိမ်းလျလျထိုင်နေရင်း မျက်ရည်သာ ကျနေပါသည့်အဖြစ်။ အက ထဲမှာ နစ်ဝင်နေကြသူတို့ထံမှ လက်ခုပ်သံတွေ တညီတည်း ထွက်လာပေမယ့် လက်ခုတ်သံသည် မကြာရှည်လိုက်ရ ‥။ မိဒေါင်း မျက်ရည်ကျနေတာမို့ ဘေးမှာ လာဝိုင်းကြရင်းမှ ‥

"အံမယ်လေး ‥ အားငယ်နေလိုက်တာကွာ ‥ စိတ်ချ ‥ ဘာမှမပူနဲ့ ‥ အားလုံး အဆင်ချောနေတာကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မမနွယ် ပြေးပွေ့လျက် ပြောသည်ကဖြင့် မိဒေါင်း အဆိုတော်မဖြစ်မှာ ကြောက်၍ ငိုသည်ဟု ထင်၍များလား မသိ။ မိဒေါင်း ကိုကြီးကို မော့ကြည့်တော့ တိတ်ဆိတ်စွာ ကြည့်နေပါသည့် ကိုကြီး ..။ ကိုကြီး၏ မျက်ဝန်းတွေမှာ ကရုဏာရိပ်တွေ့ရပါ၏။ အရပ်မြင့်မြင့်ကြီးနှင့် ကိုကြီးသည် .. မျက်ခုံးထူထူ မျက်လုံးတောက်တောက်ကြီးတွေနှင့် နှာတံထင်းထင်း၊ နှုတ်ခမ်းပါးပါး၊ မေးရိုးပြန့်ပြန့်နှင့် ဘယ်တော့ကြည့်ကြည့် .. အရမ်းစိတ်အေးချမ်းစေသော အပြုံးကို ပြုံးပြတတ်ပါသည့် ကိုကြီးပါ။ ဒါပေမဲ့ .. ဤတစ်ကြိမ်မှာတော့ ကိုကြီး၏ မျက်ဝန်းတွေမှာ ပြုံးရိပ်မထင်နေ ..။ ကရုဏာသာ ပြည့်သိပ်နေကြချေ၏။ သြော် .. ကိုကြီးသည် .. မိဒေါင်းမှာ .. မေမေ ရှိမနေတာလောက်ကိုတော့ သိထားရသည့်သူပေမို့ ..။ ခုလို .. မေမေ့ အဝတ်ဂေါ်းတွေပြီး မိဒေါင်း ကနေရင်း ဘာကြောင့် မျက်ရည်ကျနေရသည်ဆိုတာကိုဖြင့် .. နားလည်နေသည့်နှယ်ပါတကား ..။ ကိုကြီးသည် .. မိဒေါင်း၏ ရင်ကို ထွင်းပသိမြင်နိုင်သည့်နှယ် ..။ စာနာပေးတတ်သူလည်း ဖြစ်နေပါချေသည်ကောလေ ..။

မိဒေါင်းဘေးမှာ ကိုကြီး ထိုင်သည်။ မျက်နှာလေးကို ကြည့်သည်။ နောက်တော့ .. ဆံစလေးကို သပ်ပေးရင်း ..

"ကိုယ့်ညီမ မိဒေါင်း .. အဆိုတော်ကောင်းတစ်ယောက် ဖြစ်ပြီလို့ .. ကိုကြီး ပြောလိုက်ပါရဲ့ကွယ် .. ကိုကြီး သီချင်းတွေ တချို့စပ်မယ် .. တချို့လဲ .. ကိုကြီး သူငယ်ချင်း သီချင်းရေးဆရာတွေဆီ အပ်မယ် .. မိဒေါင်း သီချင်းဆိုရတော့မယ် .."



ဟု တည်ငြိမ်စွာ ပြောလာပါ၏။ ကိုကြီး ဘေးမှ ကင်မရာမင်းတွေကလည်း အားပေးပြုံးတွေဖြင့် ရှိနေကြသည်မပါပဲ။ မျက်ဝါးထင်ထင်ကြီးကိုပဲ မိဒေါင်း၏ အသံ .. မိဒေါင်း၏ အက လေးတွေကို မြင်ထားရသည်ကိုးလေ ..။

"အဲဒီ ဗီစီဒီခွေမှာ .. မိဒေါင်းကိုပဲ .. သရုပ်ဆောင်အဖြစ် ကိုကြီး သရုပ်ဆောင်ခိုင်းမယ် .. ကြားရဲ့လား .. ဒီလို .. အကကိုလဲ .. ထည့်မယ် .. ကြားရဲ့လား ကလေးမ .."

ဟု ထပ်ပြောပြီးသည့်နောက် ပြုံး၍ ပခုံးလေးကို ဖွဖွပုတ်ကာ ..

"သွားနားတော့ .. အဝတ်အစားလဲ .. ရေမိုးချိုးလိုက် .. ပြီးရင် .. ထမင်းစားကြတာပေါ့ .. နောက် .. ဒေါ်ကြီးနဲ့ အတူ ရွာကို သွားကြမယ် .. ဟုတ်လား"

ဟု မိဒေါင်း စိတ်ထဲ ပျော်သွားအောင် ပြောပေးရှာသည်ကလည်း ကိုကြီးပါ ..။ မိဒေါင်း အခန်းလေးထဲဝင်တော့ မမနွယ် လိုက်လာသည်။ အဝတ်အစားလေးတွေ လဲဖို့ ခေါင်းဆောင်းလေးတွေကအစ ဖြုတ်ပေးရှာပါ၏။

"လှလိုက်တာ မိဒေါင်းရယ် .. အဟုတ် .. ကဲ .. ခဏနား .. မမနွယ် .. အပြင်မှာ .. အဲဒီရိုက်ထားတာကို ကိုခန့်တို့နဲ့အတူ တစ်ချက်သွားကြည့်လိုက်ဦးမယ် .. မိဒေါင်းလေးက .. စိတ်ကို နှစ်ပြီးတော့ ကတာကိုး .. ကိန္နရီလေး မျက်ရည်ကျခန်းဆို လိုက်ကျတော့တာကိုး .."

ဟု ဖွဖွလေးနမ်း၍ ပြောခဲ့ပြီးမှ .. အခန်းတွင်းမှ ထွက်သွားပါ၏။ မိဒေါင်း အဝတ်အစားလဲ ..။ မေမေ့ အဝတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို သေချာဘိရိုထဲ တရိုတသေသိမ်း ..။ မေမေ့ကို ရည်မှန်း၍ ကန်တော့ပြီးမှ ..။ ရေမိုးချိုး ..။ အဝတ်အစားလဲကာ အပြင်သို့ သုတ်သုတ် ထွက်ခဲ့ရပါ၏။ ဧည့်ခန်းမှာ ကိုကြီးတို့အားလုံး စောစောက ရိုက်ထားရာကို ဝိုင်းကြည့်နေကြတာနှင့် တိုးသည်။ မိဒေါင်း ထွက်လာတာမြင်တော့ အားလုံး ဝိုင်း၍ လက်ခုပ်တီး ကြပါ၏။ ဤတစ်ကြိမ်မှာတော့ မိဒေါင်း ငိုနေတာမျိုး မဟုတ်၍ ထင့် ..။ လက်ခုပ်သံက အတန်ကြာသည်။ မိဒေါင်း ရှက်စနိုးလေး ပြုံးတော့ ဝိုင်းရယ်ကြပြန်သည်ပဲ ..။

"အစ်ကိုလေးရဲ့ မိဒေါင်းကတော့ .. တကယ့်ကို .. အနုပညာရှင်ဖြစ်ဖို့ မွေးဖွားလာသလိုပါပဲလား အစ်ကိုလေးရဲ"

ဟု စောစောက ဗီဒီယို လိုက်ရိုက်နေခဲ့ပါသည့် အစ်ကိုက ပြောတော့ မိဒေါင်း ပြုံးငြိမ်နေရပါ၏။ ကိုကြီးကို ကြည့်တော့ ပြုံး၍ ကြည့်နေတာနှင့် တိုးသည်။ တပည့်ကောင်း တစ်ယောက်ကိုရသည့် ဆရာ၏အကြည့် ..။ ပြော် .. ပြီးတော့ အနုပညာသည်လေးကို မွေးဖွားပေးလိုက်နိုင်သည့် .. ဖန်တီးရှင် ရသူတစ်ယောက်၏ ကြည်နူးချမ်းမြေ့နေသည့် ပီတိကြည့် ..။

"ကျွန်တော်တို့က ခေါက်ဆွဲကြော်တွေ စားထားတာ .. ဗိုက်ပြည့်နေပြီ .. ပြန်တော့မယ် အစ်ကိုလေး .."

ဟု ပြောပြီး ပြန်ကြတော့ မမနွယ်လည်း ပြန်သွားပါ၏။ နေ့လယ်စာကို အစ်ကိုလေးနှင့် တူတူစားဖြစ်ကာ ဒေါ်ကြီးနှင့်အတူ ရွာကို ကားလေးဖြင့် ထွက်ခဲ့ချိန်သည် မွန်းလွဲ ပိုင်းသို့တိုင်နေပါပြီ။ ညနေ ဆေးရုံသို့ ဖေဖေ့ကို လူနာကြည့်ချိန်အမီ မိဒေါင်း ပြန်ချင်တာ ကိုကြီး သိသည်မို့ ရွာသို့ အနည်းငယ်



မြန်နေသည့်နှုန်းဖြင့် ကိုကြီး ကားလေးကို မောင်းခဲ့သည်ပါပဲ ..။ ရှုခင်းတွေကို ဒေါ်ကြီးမှုန် ကြည့်ရင်း လိုက်လာကာ ..

"ခုလိုကျတော့လဲ .. ဒေါ်ကြီးရဲ့ ရွာကို လွမ်းပြန်ရော အေ ရယ်"

ဟု တစ်ချက်တော့ ရွာကို လွမ်းသည့် စကားဆိုသည်။ ရှေ့ခန်းမှာ ကိုကြီးတစ်ယောက်တည်း ရှိနေလျက် စကားလည်း သိပ်မဆိုဖြစ် ..။ တောက်လျှောက် ကားကို ဂရုတစိုက်ဖြင့် မောင်းနေဆဲ ..။ မြေနီလမ်းလေးဘေးရှိ မိဒေါင်းတို့၏ အိမ်လေး ရှေ့မှာ ကားကို ရပ်စဉ်ခိုက် အကျော်ပင်တွေ ဝေနေသော အပင် ကြီး ..။ ပင်စည်မှ ညသစ်ခွပွင့်တွေ ပွင့်ဝေနေတာကို ကိုကြီး မြင်သည်မို့ ..

"ဟုတ်သားပဲ .. ဒီလို မြင်ကွင်းကို .. ကိုကြီးတို့ရဲ့ ဧည့် ခန်းနံရံမှာ ယှဉ်ချိတ်ထားသလို ထင်ရအောင် .. ပန်းချီကား တစ်ချပ်ကို .. မိဒေါင်းရဲ့ ဖေဖေ ဆွဲထားနိုင်ခဲ့တာပဲ .."

ဟု အံ့သြစွာ ကိုကြီး ပြောနေခိုက် မိဒေါင်းမှာ ပွင့်နေသော တံခါးပြတင်းများကို ကြည့်၍ ..

"ဘွားလေး ပြန်ရောက်နေပြီ ကိုကြီးရဲ့ .."

ဟု ပြောကာ .. ဖေဖေ့ သတင်းကို ပြောလိုစောဖြင့် ကမန်းကတန်းလေး ကားပေါ်မှ ဝမ်းသာအားရလေး ဆင်းလိုက် ကာ ခြံတွင်းပြေးဝင်လာမိသည်။

"ဘွားလေးရေ .."

ဟုလည်း ကလေးလေးလိုပဲ အော်ခေါ်လိုက်မိသည်။ ဖေဖေ မျက်စိ ပြန်မြင်တော့မှာ ဘွားလေးရဲ့ .. ဟု ရင်ခွင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်ပြောချလိုက်လိုက်ချင်တာပဲ ရှိနေသည်။ နောက်မှ ကိုကြီး... ကို သတိရကာ ခြေစုံလေးရယ် ..။ ပြန်လှည့်ကြည့်တော့ ... ရှေ့ခန်းမှာ ထိုင်နေလျက်ရှိဆဲဖြစ်၍ .. တံခါးဘောင်ပေါ် လက်မောင်း ကို တင်ထားလျက် ပြုံး၍ကြည့်နေပါသည့် ကိုကြီးကို မြင်ရတော့ အားနာစိတ်ဖြင့် တောင်းပန်သလိုလေး ပြုံးပြမိရပါပြီ ..။ ကိုကြီး တို့ကို ချန်ထားရစ်ခဲ့သလိုကြီး ဖြစ်သွားရသည်ကိုးလေ ..။ အိမ် ထဲဝင်ဖို့ ခေါ်မည့်ဟန် မိဒေါင်း ဟန်ပြင်ခိုက်မှာပဲ ကိုကြီး လက် ကာသည်။ သွား .. ဟူ၍လည်း လက်လေး ယမ်းပြသည်။ မိဒေါင်း ကိုကြီးကို ရယ်ပြလိုက်မိကာ .. နောက်ဘက် ပြန်လှည့် ၍ ...

"ဘွားလေးရေ .."

ဟု ထပ်ခေါ်မိရပြန်ပါပြီ ..။ ဖေဖေ မျက်စိပြန်မြင် တော့မယ် .. ဟုလည်း ပြောပြချင်လွန်းနေသည်မို့ လှေကားထစ် လေးတွေကို မြန်မြန်ပြေးတက် ..။ ပေါ့ပေါ့ပါးပါးလေး ဝရန်တာ ဆောင်ငယ်လေးအတိုင်း ဆက်ပြေး ..။ ဘွားလေးကို တွေ့ချင် စောပဲ ကြီးနေသည်။ ဖေဖေ မျက်စိပြန်မြင်တော့မည် ဆိုတာများ ဘွားလေး သိလျှင် အဘယ်မျှထိ အံ့သြမှင်သက်စွာ .. ရှိသွားမည် တဲ့လဲ ..။ ဝမ်းသာသွားမည်တဲ့လဲ ..။

"ဟဲ့ .. ဘယ်နှယ်လုပ်ပြီး အဲဒီလို ညည်းလေးက စိ... လာနိုင်တာတဲ့လဲ .."

ဟုလည်း မေးမည်။

"ဟဲ့ .. အိမ်ရှေ့က ကားက ဘယ်သူ့ကားလဲ .. ဘယ်သူ တွေတုံး .."



ဟုလည်း မေးဦးမှာ သေချာသည်။ ထိုအခါမှာ ဘွားလေး၏ ရင်ခွင်ထဲ ကလေးလို ခေါင်းလေးတိုးဝင်၍ ကြုံရလေ သမျှကို ပြောပြပစ်လိုက်မည်။ ဘွားလေး အံ့သြမည့်အထဲမှာ မိဒေါင်း သီချင်းဆိုရတော့မည့်ကိစ္စလည်း ပါချေဦးမည်ပဲ ..။

ဘွားလေးကို .. အံ့သြဖွယ်အဖြစ်တွေ .. ပျော်ရွှင် ဖွယ်အဖြစ်တွေကို တသီတတန်းကြီး ပြောပြရချေဦးတော့မည်။ ထိုအခါမှာ .. အိမ်ပေါ်သို့ တက်လာကြမည့် ကိုကြီးနှင့် ဒေါ်ကြီး တို့ကလည်း ပြုံး၍ ကြည့်နေကြပါချေဦးမည်သာသည့်။

ဧည့်ခန်းငယ်လေးအတွင်းသို့ ဖိနပ်လေးငုံ့ချွတ်ကာ ပြေးဝင်ခိုက်မှာ အိပ်ခန်းတွင်းဆီမှ ထွက်လာသော ဘွားလေးနှင့် တိုးသည်မို့ ..။ ကလေးလိုပဲ ပြေး၍ ဘွားလေး၏ ရင်ခွင်ထဲ တိုးဝင်ကာ ဖက်ပစ်ရင်းမှ ..

"ဘွားလေး .."

ဟု ခေါ်လိုက်စဉ်ခိုက်မှာပဲ .. နောက်ထပ် ခန်းဆီး လေး လှပ်ခတ်လိုက်တာ ..။ ဖြူနွဲ့နွဲ့ဖြင့် တံခါးဘောင်ကို အားခဲ ဆုပ်ကိုင်ထားရင်း မျက်တောင်မခတ်မှုဖြင့် မိဒေါင်းကို ငေးကြည့် နေပါသည့် မေမေ့ကို တွေ့လိုက်ရပါချေသည်တကား ..။ ဟုတ် သည်။ မေမေ ..။ မိဒေါင်း၏ မေမေ ..။ စောစောကပဲ .. ဘယ် သောအခါတွင်မှ မတွေ့နိုင်တော့ပြီကောဟု အားလျော့စိတ်ဖြင့် တမ်းတမိခဲ့ရပါသော မေမေ ..။ ပန်းချီကားထဲမှာ တွေ့ခဲ့ရပါသည့် မေမေသည် .. ခု .. ခု .. မိဒေါင်းကို ငေးကြည့်နေသည့် မေမေ ဖြစ်နေချေသည်တကား ..။ မေမေ့ကို မိဒေါင်း သိနေသည်ပဲလေ။ ဘွားလေး၏ ရင်ခွင်မှာ ဖေးကပ်၍ နေရပေမယ့် .. သေးတိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည့် တံခါးဆီမှာ မေမေ ရပ်လာသည်မို့ မေမေ့ကို မိဒေါင်း မြင်နေခြင်းပါ ..။ ဘွားလေး ရင်ခွင်မှ ခွာလိုက်ကာ မေမေ့ကို မှင်တက်ရပ်ကြည့်နေပါသည့် မိဒေါင်းကို မေမေ ငေးစိုက်ကြည့်နေဆဲ။ မေမေ့ နှုတ်ခမ်းလေးတွေ ပြုံးလာနေသည်။ မျက်ဝန်းမှ မျက်ရည်တွေ ကျလာနေသည်။ ပျောင်းနွဲ့သော လက်ချောင်းလေးတွေကတော့ တံခါးပေါက်ဘောင်ကို ဖေးကိုင်ထားဆဲ ..။ ပန်းချီကားထဲကနယ်ပင် မေမေသည် လှနေဆဲ ..။ အေးချမ်းသော မျက်နှာလေးဖြင့် ရှိနေဆဲ ..။ ဒါပေမဲ့ .. မေမေသည် အနည်းငယ် ဖြူဖျော့နေသည်ဟု မိဒေါင်း ထင်နေမိသည်။ မေမေ့ကို မြင်တွေ့ခွင့်ရချိန်မှာ မိဒေါင်း မှင်တက်ရပ်နေမိရဆဲ။ လောလောဆယ်မှာ မိဒေါင်း ငိုဖို့လည်း မေ့နေသည်။ မေမေ့ကို ပြေးဖက်လိုက်ဖို့လည်း မေ့နေသည်။ မျက်တောင်မခတ် မေမေ့ကိုသာ ငေးစိုက်ကြည့်နေဆဲ။

"ဒါ .. ငါ့မေမေ .. ငါ့ မေမေ .."

ဟု ရင်ထဲမှာ အတော်မသတ် မြည်တမ်းနေမိရဆဲ။ မေမေ့ မျက်နှာကို ငေးစိုက်ကြည့်နေခြင်းမှ မျက်ဝန်းတွေကို ပြောင်းလဲပစ်၍ မရနိုင်တော့သည့်နယ် ဖြစ်နေသည်။

"အဲဒါ .. ခုနက .. အော်ခေါ်ရင်း ပြေးတက်သံကြားတယ် ဆိုတဲ့ အသံရှင်ပဲ .. ညည်းရဲ့ သမီးလေး မိဒေါင်းပဲ _ ငွေဒေါင်းမေပဲ လုံမ .."

ဟု ဘွားလေး ပြောကာ မိဒေါင်းကို ဆွဲခေါ်လာလျက် မေမေ့ ရှေ့မှာ ရပ်စေတော့လည်း မိဒေါင်း အရုပ်လေးတစ်ရုပ်နယ် ငြိမ်ကျနေသည်။ မေမေ့ကို ကြည့်မဝကြည့်နေသည်။ မေမေသာ



မိဒေါင်း၏ လက်လေးတွေကို ဖိနှိပ်သွယ်နေသော လက်လေးတွေကို လှုပ်ရှားလာစေရင်းဖြင့် ဖေးကိုင်ကြည့်နေသည်။ မျက်နှာလေးပေါ် လက်ချောင်းလေးတွေ ဖေးအုပ်၍ ကြည့်နေသည်။ ဆံစလေးတွေ သပ်လိုက် ..။ ခေါင်းဖျား ခြေဆုံး ကြည့်လိုက်နှင့် ရှိနေရင်း မျက်ရည်သာ ကျနေသည်။ မိဒေါင်း ငြိမ်နေဆဲ။ မိဒေါင်း လူမှန်း မသိနိုင်သေးခင်အရွယ်လေးကတည်းက ပျောက်ကွယ်သွားခဲ့ပါသော မေမေ့ ပုံရိပ်တစ်ခု ..။ ခု .. မိဒေါင်း ရှေ့မှာ ရပ်နေသည်။ မိဒေါင်း၏ အသားလေးတွေကို ထိကြည့်နေသည်။ မိဒေါင်း၏ မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေသည်။ ကြည့်နေရင်းလည်း ငိုရှိုက်နေသည်။

ငိုရှိုက်နေရင်းမှလည်း ပါးပြင်လေးတွေကို နမ်းရှိုက်လာနေကြပါချေသည် တကား။ မိဒေါင်း၏ ပါးလေးတွေကို ဖွဖွနမ်းလိုက်ချိန်ကျမှ မိဒေါင်း၏ ကိုယ်လေး စတင်လှုပ်ရှားလာကြပါချေ၏။ လည်ချောင်းတနင်နင်ဖြင့် မိဒေါင်း ရှိနေရာမှ ကိုယ်လေး ကြမ်းပြင်ပေါ် ညွှတ်ကျသွားကာ မိဒေါင်း၏ လက်လေးတွေက မေမေ့ကိုယ်လေးကို ထိန်းမပွေ့ထားမိရပါ၏။ နောက် .. နောက် .. မေမေ့ ခြေဖမိုးအစုံရှေ့မှာ မိဒေါင်း၏ နဖူးပြင်ကို ထိစပ်၍ ဝပ်ပျပ်စွာ လက်အုပ်ချီကန်တော့လိုက်မိရပါပြီ ..။

"ခုမှ .. ခုမှ .. မိဒေါင်း ဆုတောင်းပြည့်ရပါတယ် မေမေ၊ မေမေ့ကို .. ကန်တော့ခွင့်ရတာပါ မေမေရဲ့ .."

ဟု ရင်ကိုခွဲ၍ ပွင့်ကျလာသည့်နယ် အသံလေးတွေ အက်အက်ပါနေရင်းမှ မော့ပြောလည်းမော့ပြော ..။ မေမေ့ ဒူးကို သိမ်းကျုံး ဖက်ပစ်လိုက်မိရင်းမှ မိဒေါင်း ကလေးသို့ပဲ ရှိုက်ငင်

www.burmeseclassic.com

www.burmeseclassic.com



ငိုချလိုက်ရပါပြီတည်း ..။ မေမေ .. ဟူသော အသံသည် ဆက်တိုက်မျှ မိဒေါင်း၏ နှုတ်ဖျားဆီမှ အရှူးအမူး ပွင့်ကျနေချေသည်ကော ..။

"သမီးရယ် .."

မေမေ့ နှုတ်ခမ်းမှ ခေါ်သံ ..။ မိဒေါင်း .. ခုမှ ကြားဖူးရသည်ဟု ခံစားရပါသော ခေါ်သံ ..။ မေမေ့ ကိုယ်လေး ထိုင်ချလာကာ မိဒေါင်းကို ရင်ခွင်ထဲ ပွေ့ထားလိုက်တာကို .. မိဒေါင်းကလည်း ရင်ခွင်လေးထဲ အတင်းတိုးခွေ၍ ဝင်လိုက်ရင်းမှ ..

"မေမေရယ် .. ထပ်ခေါ်ပါဦး မေမေရယ် .. သမီးလို့ ထပ်ခေါ်ပါဦး .."

ဟု အငမ်းမရ ပြောမိရပါပြီတည်း ..။

မြင်ကွင်းကို တယ်သူမှ မကြည့်ရက် ..။ မျက်ရည် မကျဘဲလည်းမနေနိုင်။

အိမ်၏ ဝရန်တာနေရာလေးမှာ ရပ်၍ ငြိမ်သက်ကြည့်နေရင်းမှ မင်းခန့်ပင်လျှင် ရင်ထဲ ဆို့တက်လာရသည်အထိ ခံစားကြရပါပြီ ..။ ဘွားလေးကတော့ .. ဆားမှာ ငြိမ်သက်ရပ်ရင်း သားအမိနှစ်ယောက်ကို မျက်ရည်ကျလျက် ကြည့်နေရှာပါ၏။

"လှလိုက်တာ သမီးလေးရယ် .. မေမေ့သမီးလေး ကြီးလာလိုက်တာ .. ကြီးလာလိုက်တာ .."

ဟု မေမေ့နှုတ်ဆီမှ တိုးလျလျ အသံလေးတွေကတော့ ကြင်နာခြင်းများစွာ .. ချစ်ခြင်းများစွာဖြင့် အိမ်ငယ်လေးဆီမှာ ထွက်ပေါ်လာနေဆဲပါ ..။



ဤရင်ခွင်ကို .. မိဒေါင်း ဘယ်သောအခါတွင်မှ ထပ်မံ၍ မဆုံးရှုံးပါရစေနှင့် ..။ အို .. မေမေ့ကို .. မိဒေါင်း ဘယ်သောအခါတွင်မှ မဆုံးရှုံးပါရစေနှင့် ..။

မိဒေါင်း မေမေ့ ရင်ခွင်ထဲ ကလေးလို အတင်းတွယ်ကပ်၍ ငိုရှိုက်နေမိရဆဲ ..။

မိဒေါင်း ထပ်မံ၍ တွေ့လိုက်ရသည်က .. ဘိုးလေးပါတကား ..။ အတွင်းခန်းဝယ် ငြိမ်ရပ်နေဆဲရှိနေပါသည့် ဘိုးလေးပါတည့်။

ဒါပေမဲ့ .. မိဒေါင်း မေမေ့ကို သိမ်းကျုံးဖက်ထားတာ မလွှတ်ချင်သေး။

မေမေ့ ရင်ခွင်ထဲမှာ ငိုနေရတာကိုလည်း .. မတန့်နားနိုင်သေး ..။

မေမေ .. ဟု ခေါ်၍ မဝနိုင်သေး ..။

မဝနိုင်သေးပါ .. မေမေရယ် ..။

* ❧ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)

ပန်းချီကားတွင်းမှ ငွေဝန်းသာသည် .. သူ့ထံသို့ ဆင်းသက်လာနေသည်ဟု မြင်နေရသည်။ လေတိုက်ခတ်နေသည့် အကျော်ပင်ကြီး အောက်မှာ သူ ထိုင်နေသည်မို့ ငွေဝန်းသာသည် ထိုနေရာသို့တိုင် ဆင်းလာရျေသည်တည့် ..။ ညှို့ခန်းငယ်လေးမှာ ထွန်းညှိထားသော လသာမှန်အိမ်မီးလေးသည် ပုံရိပ်ထင်ကျန်မနေတော့သည့် ပန်းချီကားဖျင်သားလွတ်ကြီးနှင့်အတူ ကျန်ခဲ့သည်။ အကျော်ပင်တို့၏ ရနံ့ ..။ တောသစ်ခွ ရောင်စုံဆီမှ လွင့်ဝေ့နေသော ထုံမြမြရနံ့ ..။ မလင်းတလဲ့လင်းတလဲ့ ရှိနေသည့် လတစ်ဝက်ရိပ်သည် တိမ်ဓာမျှင်များ ကြားမှ ပေါ်လာသည်သို့ ပျောက်သည်သို့ရှိ၏။ ငွေဝန်းသာ၏ မျက်နှာနုနုလေးသည် မျက်ရည်များဖြင့် လူးကျံထားသည်။ မင်းသမီး အဝတ်အစားနှင့် လက်ကောက်လည်ဆွဲတို့ဆီမှ တိုးသဲ့စွာ ထိခတ်မြည်သံလေးတွေကလည်း သူ့ထံပါးမှာ နီးကပ်စွာရှိလာနေပါ၏။

"မောင် .."



ခေါ်သံမျှင်မျှင်လေးကြောင့် သူ့ကိုယ်ကြီး လွန့်ခနဲဖြစ်သွားသည်။ အံခဲ၍ မော့မကြည့်ဘဲ သူနေစဉ်ခိုက် အေးမှာငွေဝန်းသာ မို၍ လာထိုင်သည်။ သူ့လက်ကို အားနှင့် ဆုပ်ကိုင်သည်။ သူ့လက်တွေကို ရုန်းဖယ်၍မရနိုင်သည်သို့ ညို့ငင်ထားမှုတစ်ခု၏ အောက်မှာ သူ ငြိမ်သက်ထိုင်နေမိသည့်အဖြစ် ..။

"ဖေဖေ .."

ချိုလွင်သော အသံလေး။ ဪ .. သူ့ရင်တွင်းမှာ သူ့နှလုံးသားမှာ .. အမြဲရှိနေပါသော သမီးလေး မိဒေါင်း၏ ခေါ်သံလေး ..။ သမီးလေးသည် သူ့ထံ ပြေးလာနေသည်။ ဖြူကစ်ကစ်လေးနှင့် လေးနှစ်အရွယ် မိဒေါင်းလေးဖြစ်နေလိုက်။ ပါလျားပျောင်းနွဲ့သော ကိုယ်ဟန်လေးဖြင့် ပြေးလာနေသည့် ရွှေရည်သိမ်းသစ်အရွယ်လေး ဖြစ်နေလိုက် ..။ သမီးလေး၏ မျက်နှာဆီသို့ လေအဝေ့ကြောင့် ဆံနွယ်တို့က ဝေ့ဖုံးကျနေကြချေသည်။ မျက်နှာကို မသဲကွဲ ..။ အားစိုက်၍ သမီးလေး၏ မျက်နှာကို သူ မြင်နိုင်ဖို့ ကြိုးစားနေမိခိုက် ..။ ငွေဝန်းသာ၏ ခေါ်သံလေးက သူ့နားစည်တွင်းဆီသို့ တိုးဝင်နေကြပြန်သည်။ နောက် .. သမီးလေး၏ လေးနှစ်အရွယ် ပုံရိပ်သွင်လေးက ထင်လာပြန်သည်။ နောက် .. နောက် .. ဆံနွယ်တွေ မျက်နှာထက်ဆီသို့ ဖုံးနေသော သမီးလေး၏ ပြေးလာနေသည့် အဖြစ်က ပေါ်လာပြန်သည်။

"သမီး .."

သူ ခေါ်လိုက်မိသည်။ လက်အစုံက သူ့လက်ကို လာဆုပ်၏။ မျက်ဝန်းများကို သူ ဖွင့်လိုက်မိတော့ ထူးခြားသော

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်တစ်ခုသည် သူ့ထံသို့ ပြေးလာကြပါချေသည်တကား။ ထိုအရာကား .. အလင်းရောင် ..။ ဟုတ်သည် .. အလင်းရောင်ပါတည့် ..။ နှစ်ပေါင်းများစွာ သူ့ထံမှ ပျောက်ဆုံးသွားခဲ့သောအရာ ..။ သူ လက်လွတ်ဆုံးရှုံးနေခဲ့ရသောအရာ ..။ မျက်ဝန်းတွေ ဖျတ်ခနဲ ကျိန်းသည်သို့ရှိ၍ ကမန်းကတန်း ပြန်ပိတ်လိုက်မိပြီးသည့်နောက်မှာ ထပ်၍ စိတ်လှုပ်ရှားစွာပဲ အငမ်းမရနိုင်စွာ မျက်ဝန်းများကို ဖွင့်လိုက်မိပြန်သည်။

သူ ငတ်မွတ်လွန်းခဲ့ရပါသော အလင်းရောင် ..။ ဟုတ်သည် ..။ ငတ်မွတ်နေခဲ့ရပါသော အလင်းရောင် ..။ အတောင့်တကြီး တောင့်တခဲ့ရပါသော အလင်းရောင် ..။ ထိုအရာတို့သည် သူ့ဘဝတွင်းဆီသို့ ပြန်၍ ပြန်၍ ဝင်ရောက်လာခဲ့ချေပြီတကား ..။ မျက်ဝန်းများကို ဖွင့်ထားသည်မို့ ပထမဆုံး မြင်ရသည့်က လည်နေသော ပန်ကာ၏ အဖြူရောင်ဒလက်များ ..။ မျက်နှာကြက် ဖွေးဖွေး ..။ နောက် .. စိမ်းမြမြနံရံများ ..။ ဘေးဘက်ကို ခေါင်းငဲ့ကြည့်လိုက်မိတော့ ပြုံး၍ကြည့်နေသည့် ဆရာဝန်ကြီးတစ်ယောက် ..။ ဘေးမှာ သူနာပြုတစ်ယောက် ..။ ဆရာကြီးဦးဘမင်းဆိုတာ သူမှန်း သိမြင်နေရသည်မို့ လက်အုပ်ချီလိုက်မိကာ ..

"ကျွန်တော် ကန်တော့ပါတယ် ဆရာကြီးရယ် .. ကျွန်တော် ခွဲစိတ်ခန်းမဝင်ခင်အချိန်ပိုင်းလေးမှာပဲ ဆုတောင်းခဲ့ပါတယ် ဆရာကြီး ခင်ဗျာ .. ကျွန်တော် ပထမဆုံး စတင်မြင်တွေ့ချင်တဲ့သူဟာ .. ကျွန်တော့်ကို အလင်းရောင်တွေ ပြန်ပေးတဲ့ ဆရာကြီးပဲ ဖြစ်ချင်ပါတယ်လို့ .. ဆရာကြီးဟာ .. ကျွန်တော့်ဘဝကို အမှောင်ထဲက အလင်းထဲကို ပို့ဆောင်ကယ်တင်ခဲ့တာပါခင်ဗျာ .. ကယ်တင်ခဲ့တာပါ ခင်ဗျာ .."



ဟု ပြောနေရင်းမှ ခေါင်းမှာ ပတ်တီးတွေဖြင့်ရှိနေသည့် သူ .. ထထိုင်ဖို့ ကြိုးစားတော့ ဆရာကြီးမှ ခေါင်းယမ်းပြသည်။ ဆရာကြီးကို ကန်တော့နေရင်းမှ သူ မျက်ရည်ကျလာသည်။ သူ့ရင်တွင်းမှ ခံစားမှုအတိုင်းအတာ၏ နက်ရှိုင်းမှုကို ဆရာကြီး နားလည်ပုံဖြင့် ပြုံး၍ လက်တွေကို ဆုပ်ကိုင်လာပါ၏။

"ပထမအကြိမ် ကိုမောင်မောင် .. သတိပြန်လည်တုန်းက မေ့ဆေးရှိန်ကျန်နေသေးတာမို့ ပြန်အိပ်ပျော်သွားခဲ့တာ .. ခု .. ကြည်ကြည်လင်လင် သတိရလာပြီဆိုတော့ .. ကိုမောင်မောင် .. ပထမဆုံး တွေ့ချင်တဲ့သူကို ပြောပါ"

ဟု ပြုံး၍ မေးလာတော့ သူ စိတ်လှုပ်ရှားစွာဖြင့် ..

"သမီးလေး မိခေါင်ကို တွေ့ချင်ပါတယ်ခင်ဗျာ .. ပြီးတော့ ဖြစ်နိုင်မယ်ဆိုရင် .. ကျွန်တော့်တို့သားအဖရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ .. မောင်မင်းခန့်ကိုလဲ တွေ့ချင်ပါတယ်ခင်ဗျာ.."

ဟု ပြောသည်မို့ ဆရာကြီး ပြုံးကာ အပြင်သို့ထွက်သွားပါ၏။ တအောင့်ပဲကြာသည်။ ဖြူနွဲ့နွဲ့ အရပ်လေးလိုလှသော မိန်းကလေး ..။ ဩော် .. သူ့သမီးလေး ငွေခေါင်မေပါသည် ရုပ်ရည်သန့်ပြန့်မွန်ရည်သော အရပ်မြင့်မြင့် ကျစ်ကျစ်ကြီးနှင့် ရှိနေပါသည့် လူရွယ်လေးနှင့်အတူ အခန်းတွင်းဆီသို့ စိတ်လှုပ်ရှားစွာ ပြေးဝင်လာချေသည်တကား ..။ သူ .. မျက်တောင်ခတ် သမီးလေးကို တမေ့တမောနိုင်အောင် အစဉ်တစိုက် လိုက်ကြည့်နေသည်။ ခုတင်ဘေးတွင် သမီးလေး ထိုင်သည်။ သူ့လက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို တနုံးညှံ့ညှံ့လေး ခပ်ဖွဖွထွေးကိုင်သည်။ ဆေးသွင်းသ… လက်တွေ့ နာကုန်မှာ စိုးရိမ်သည့်သဘော ..။ သူကလည်း သ… လေးကို ဖြီး၍ ကြည့်နေသည်မှ မဝနိုင်သည့်နှယ်ပါတည့် .. သမီးလေး ..။ ဪ .. သူ၏ သမီးလေး ..။ လေးနှစ်အ… လုံးကစ်ကစ်လေးဖြင့် အရုပ်လေးသော့ပေးထားသည့်နှယ် လျှော… သွားတတ်ပါသော သမီးလေးအဖြစ်သာ သူ နောက်ဆုံး မြ… ရပါသော သမီးလေး ..။ ခုတော့ .. တကယ့်ကြွေရုပ်လေး… လှသော သမီးလေးအဖြစ် ရွှေရင်သိမ်းသစ်အရွယ်လေးနှင့် သူ… မှာ သူ့ရှေ့မှာ .. ရှိနေသမျှ သူ မြင်ခွင့်ရခဲ့ပြီတကား .. အမျိုးမျိုး ပုံဖော်၍ စိတ်မှန်းဖြင့် ရှိခဲ့ရပါသော သမီးလေး… ခု .. သူ့ရှေ့မှာ .. ပို၍ချောမွေ့စွာ .. လှပကျက်သရေရှိစွာ… ရှိနေလေသည်ကော ..။ သမီးလေး၏ ရှည်လျားသော ဆံ… ရှည်နက်နက်ကြီးတွေကိုလည်း သူ ကြည့်မဝ ..။ နူးညံ့ဖွေ… သော မျက်နှာနုနုစင်စင်လေးကိုလည်း ကြည့်မဝ ..။ ကျနေသ… သမီးလေး၏ မျက်ရည်များကိုလည်း သူ သုတ်ပေးချင်နေသ… သမီးလေးကို သူ့ရင်ခွင်ထဲ သိမ်းပွေ့ထားလိုက်ချင်နေသ… နဖူးပြင်လေးကို နမ်းလိုက်ချင်နေသည်။

"ဖေဖေ မျက်စိပြန်မြင်ပြီနော် .. ပြန်မြင်ပြီနော် .. … ဘာဘာကို မိဒေါင်း ကျေးဇူးတင်လိုက်တာ .."

ဟု ပြောကာ မိဒေါင်း သူ့ရင်ခွင်ထဲ ခေါင်း… ခပ်ဖွဖွတင်၍ ငိုနေတော့ ဆေးသွင်းမထားသည့် လက်ဖြင့် သ… လေး၏ ဆံနွယ်လေးတွေကို သပ်ပေးနေမိသည်။ ခေါင်းလေ… ဖွဖွလေး ပုတ်ပေးလိုက်မိသည်။



"ဖေဖေ့သမီးလေး ကြီးလာလိုက်တာကွယ် .. မှန်း .."

ဟု မျက်နှာလေးကို ရင်ခွင်ထဲမှ မော့စေကာ တဖွဖွဖြင့် သမီးလေး၏ နုဖန့်ဖန့် မျက်နှာလေးကို လက်ဖြင့် ဖေးတင်ထားမိသည်။ မျက်တောင်မခတ် ငေး၍ ချင်ကြင်လွန်းစွာ ကြည့်နေမိသည်။

"နဖူးလေးကပ်လိုက်စမ်းပါ သမီးလေးရယ် .."

ဟု တိုးသဲ့တုန်ခါနေသော အသံဖြင့် သူ ပြောတော့ သမီးလေး နဖူးလေး သူ့မျက်နှာအနီးကပ်လာတော့ .. ခေါင်းလေး ငိုက်ချပေးတော့ သူ့လက်ဖြင့် သိမ်း၍ သမီးလေး၏ မျက်နှာကို တစိမ့်စိမ့် ကြည့်၍ နမ်းလိုက်မိရင်းမှ .. ထိုအခါမှ .. မျက်ရည်များ ဖြိုကျလာကြချေသည်တည့် ..။

မြင်ကွင်းကို ငေးကြည့်ရင်း စိတ်ထိခိုက်တာရော .. သနားတာရော .. ကြည်နူးတာတွေရော .. ပေါင်းစု၍ ခံစားရင်း မျက်ရည်လိုက်လည်နေရသည်က မင်းခန့်ပါ။

သူ လှမ်းကြည့်၍ ..

"ကျေးဇူးတင်ပါတယ် မောင်မင်းခန့်ရယ် .."

ဟု ပြောတော့ အညင်အသာ ခေါင်းညိတ်ရုံ ညိတ်ပြသည်။

သားအဖနှစ်ယောက်၏ အရှိန်းကို ဆွတ်ပျံ့ကြည်နူးဖွယ် မြင်ကွင်းလေးနှင့် ခံစားမှုများကို မရပ်တန့်စေလိုသည့်နှယ် အနှောင့်အယှက် မပေးလိုသည့်နှယ်ဖြင့် ဘာကိုမျှ ဝင်မပြော..။

"ဖေဖေ .. ဖေဖေ့ လက်တွေ ပန်းချီပြန်ဆွဲလို့ရပြီ ဖေဖေ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့လက်တွေကို ထွေးဆုပ်၍ နမ်းလည်းနမ်း .. မျက်ရည်ကျရင်းဖြင့်လည်း ပြောနေသည့် သမီးလေး ..။ ဤသမီးလေးသည် .. သူ့ရင်ခွင်မှာပဲ ကြီးခဲ့သည့် သမီးလေး ..။ သူ စိတ်ဆိုးလျှင် နေစရာမရှိအောင် ကြေကွဲခံစားရတတ်ရှာပါသော သမီးလေး ..။ ခု .. သူ .. မျက်စိပြန်မြင်တော့လည်း .. ဝမ်းသာလွန်း၍ .. ကြည်နူးလွန်း၍ .. ငိုလည်းငို ..။ ပြုံးလည်းပြုံး ..။ အဖေကိုလည်း ဖက်တွယ်ထားရင်းဖြင့် နေစရာမရှိ .. အပျော်တွေကို ထားစရာမရှိလောက်အောင် .. ရှိနေရှာပါသည့် သမီးလေး ..။

ဆေးရုံကြမ်းပြင်ပေါ်မှာ သမီးလေး ပျပ်ဝပ်ရှာထိုင်သည်။ သူ့ကို လက်အုပ်လေးချီ၍ ကန်တော့ပါ၏။ သူ .. ငေး၍ကြည့်နေမိရပါသည့်အဖြစ် ..။ သမီးလေး ကန်တော့တာကို သူ အကြိမ်ပေါင်းများစွာ ခံခဲ့ရပေမယ့် ..။ ဤတစ်ကြိမ်သည် .. သမီးလေးကို .. ဤအရွယ်လေးဖြင့် ရှိနေစဉ် .. သူ့ကို ကန်တော့တာ .. ပထမဆုံးအကြိမ် မြင်တွေ့ခွင့်ရခဲ့ခြင်း ..။ ဤအတွက် .. ဘုရားရှင်ကို .. သူ အောင့်မေ့ရပါသည့်အဖြစ် ..။ မြတ်ဘုရားရှင်သည် .. သူ့ကို .. အလင်းရောင်ပြန်ရအောင် .. မ္မဆောင်ကျင်းပေးခဲ့ချေသည်တည့် ..။

သမီးလေးကတော့ .. ကန်တော့ပြီးသည့်နောက်မှာလည်း .. သူ့ခြေဖမိုးပေါ် ခေါင်းလေးဖေးတင်ထားပြန်ကာ နမူးလေးဖြင့် ထိခတ်နေပြန်ပါ၏။

"ဖေဖေ .."

သူ တစ်ချက် .. ငေးကြည့်သည်။ သမီးလေးအတွက် ပေးနေသည့် ဆုရှည်ကြီးသည် နှုတ်ဖျားဆီမှ တိုးသဲ့စွာဖြင့် ရှိနေ...



"ဖေဖေ့ကို သမီး လိမ်ထားတာတစ်ခု ရှိပါတယ် ဖေဖေ .. ထိမ်ချန်ထားခဲ့တာပါ ဖေဖေ .. ဘွားလေးတို့ မရောက်သေးဘူးဆိုတာလေ .. တကယ်က .. ဘွားလေး ပြန်ရောက်နေကြပါပြီ ဖေဖေ .."

ဟု ပြောတော့ သူ ပြုံး၍ ..

"သြော် .. ဖေဖေ ခွဲစိတ်မယ်ဆိုတာ ဒေါ်လေးသိရင် စိတ်ပူမှာစိုးလို့ မပြောပြထားခဲ့တာမို့ .. ဘွားလေးနဲ့ မတွေ့ခဲ့ဘူးလို့ပဲ .. ဖေဖေ့ကို ဆက်ပြောပြခဲ့တယ် ဆိုပါတော့ .."

ဟု ပြောတော့ သမီးလေး ခေါင်းယမ်းသည်။

"မဟုတ်ဘူး ဖေဖေ .. ဘွားလေးကို အားလုံး မိခေါင်း ပြောပြပါတယ် ဖေဖေ .. ဘွားလေးနဲ့အတူ .. ဘိုးလေးလဲ ရှိနေပါတယ် .. ပြီးတော့ ဟို .. ဒီစာချုပ်ကို .. ဖေဖေ မျက်စိပြန်မြင်တဲ့အခါ မိခေါင်းက .. ဖေဖေ့ကို ပြလိုက်ပါလို့ ဘွားလေးက အပ်ပါတယ် .. ဖေဖေ .. ခု .. အဲဒါ .. အဲဒါ .. ဖေဖေ့ကို ပြပါရစေ .."

ဟု မဝံ့မရဲလေး ပြောနေတော့ သူ အကဲခတ်သလို ကြည့်သည်။ မိခေါင်း လွတ်အိတ်လေးထဲမှ စာချုပ်လေးတစ်စောင်ကို ခေါက်လျက်သားလေးအတိုင်းထုတ်ကာ သူ့လက်ထဲ အပ်သည်။

"အဲဒီမှာ .. ဖေဖေ့ လက်မှတ်လဲ ထိုးထားတယ်လို့ ဘွားလေးက ပြောပါတယ် ဖေဖေ .."

ဟု ပြောတာမို့ မျက်မှောင်လေး တွန့်သွားရကာ စာချုပ်ကို သမီးလေး ဖြန့်ပေးတော့ ဖတ်လိုက်ရပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာတည်သောစာချုပ်

ကျွန်မ ငွေဝန်းသာသည် ခင်ပွန်းသည် မောင့်အပေါ်တွင် တစ်သက်တာမျှ ချစ်မြတ်နိုးအပ်ပါသော ငွေဝန်းသာအဖြစ်၊ မောင့်ကို ချစ်မြတ်နိုးစွာ ကိုးကွယ်ကြည်ညိုပါလေသော ဇနီးသည်အဖြစ် ရပ်တည်ပါမည်ဟု အသက်ကိုတိုင်တည်လျက် သစ္စာပြုအပ်ပါသည် မောင်။

ငွေဝန်းသာ

ဆိုသည့် စာချုပ်ပါတကား ..။ ငွေဝန်းသာ၏ လက်မှတ်လေး ရေးထိုးထားသော ထိုစာချုပ်၏ ဘယ်ဘက်ထောင့်နေရာမှာလည်း သူ့လက်မှတ်သည် ဇွေစောင်းငိုက်ဆင်းလျက် မသေမသပ်ရှိနေသည့်အဖြစ် ..။ သူ .. သူ .. ထိုအဖြစ်ကို မမေ့။ ထိုလက်မှတ်ထိုးသောနေ့ကို မမေ့ ..။ သူ့ လက်မှတ်အောက်မှာ သူ လက်မှတ်ထိုးသည့် ရက်ကို ထည့်ရေးထားသည်လေ ..။ ထိုနေ့က .. ဩော် .. ထိုနေ့က .. သူ လက်မှတ်ထိုးလိုက်သည့် စာချုပ်သည် .. ငွေဝန်းသာနှင့် သူ ကွဲကွာခြင်း ပြတ်စဲခြင်း စာချုပ်အဖြစ် ငွေဝန်းသာက ပို့လာသည့် စာချုပ်တစ်စောင်အနေနှင့် ထိုးပေးခဲ့ခြင်း ..။ ဒေါ်လေးက ထိုစဉ်က ပြောခဲ့သည်လေ ..။ ငွေဝန်းသာမှ ပြတ်စဲစာချုပ်ကို ပေးလာသည်တဲ့ ..။ လက်မှတ်ကိုလည်း ငွေဝန်းသာ ထိုးခဲ့ပြီးပါပြီတဲ့ ..။ သူသာ ထိုးဖို့လိုတော့သည်တဲ့ ..။ သမီးလေးကိုလည်း ငွေဝန်းသာ လုံးဝချန်ခဲ့ပါပြီတဲ့ ..။ ထိုစကားများကြောင့် ..

"ကျွန်တော်က သူ့ကို ကွာရှင်းပြီး ထွက်ခွာသွားဖို့ ဆုံးဖြတ်ခဲ့တာပါ .. သူက .. သူ ရွေးချယ်ထားတဲ့ ဘဝကို .. တစ်ကိုယ်ကောင်းဆန်ပြီး တစ်ယောက်တည်း ရုန်းထွက်သွားလိုက်ပြီကိုး .. သူက .. သူ ကဖို့ပဲ အရေးကြီးနေတာကိုး၊ မကာတော့ပါဘူးဆိုပြီး ပြန်လာပြီး တောင်းပန်တာမျိုးမှ မလုပ်နိုင်အောင် ဝန်လေးနေသေးတာကိုး .. ဘာလို့ ဒီစာချုပ်မှာ ကျွန်တော်က လက်မှတ်မထိုးရဲရမှာလဲ .."



ဟု နာကြည်းစွာ ပြောခဲ့ ..။ မျက်မမြင်ဘဝဖြင့်ပင် စာချုပ်ကို လက်ဖြင့် စမ်း၍ ..

"ဘယ်နေရာမှာ စာတွေ လွတ်နေလဲ .. ဘယ်မှာ ထိုးရမှာလဲ လက်မှတ် .."

ဟု မေးတော့ ဒေါ်လေး သူ့လက်ကို ဆွဲယူ၍ ထားပေးသော နေရာမှာ လက်မှတ်လည်း ထိုးချ ..။ နေ့စွဲပါ လက်မှတ်အောက်မှာ ရေးခဲ့သည်လေ ..။ ခု .. ခု .. ထိုစာချုပ်သည် ကွာရှင်းစာချုပ် မဟုတ်ဘဲ .. သစ္စာတည်သော စာချုပ်ဖြစ်နေချေသည်ကော ..။ ရင်သည် ဆို့လာရပါ၏။ ချစ်လို့ .. မောင့်ကို ချစ်လို့ .. ဆေးကုချင်လို့ပါ မောင်ရယ် .. ဟု ပြောခဲ့ ငိုခဲ့ပါလေသော ငွေဝန်းသာ၏ မျက်နှာလေးသည် သူ့အာရုံမှာပေါ်လာ၏။ သူ သတိလည်လုလုအချိန်မှာ အာရုံထဲ ဝင်လာသည့် ငိုရှိုက်များကြောင့် ရင်သည်လည်း လေးလာ၏။ ပန်းချီကားတွင်းမှ ဆင်းသက်လာသည့် ငွေဝန်းသာ၏ ရုပ်သွင်သည် သူ့နှလုံးအိမ်ဆီသို့ ချောက်ချားသော အတွေးတစ်ခုအဖြစ် တိုးဝင်လာနေပြန်သည်။

"ဘုရား .. ဘုရား .. ငွေဝန်းသာ .. နေမှကောင်းရဲ့လား .. တစ်ခုခုများ ဖြစ်သွားပြီလား .. သူ .. အရမ်းငိုနေတယ်၊ ငါ .. ငါ .. သူ့ကို အဲသလို မြင်ခဲ့ရတယ် .. သူဟာ ..

www.burmeseclassic.com



ငါ့ကို ကွာရှင်းထားခဲ့တဲ့ မိန်းမအဖြစ် .. ငါ တစ်လျှော
လုံး ထင်နေခဲ့တယ် .. သူရတဲ့ လစာနဲ့ငွေကြေးနဲ့ .. ငါ ..
ဆေးမကုဘူးဆိုတဲ့ကိစ္စမှာ .. သူ .. ငါ့ကို ကွာရှင်းပြီး
တော့ကို ဆုံးဖြတ်ရခဲ့တယ်လို့ .. ငါ ရင်ထဲမှာ နာနေခဲ့
တယ် .. သူဟာ .. ငါ့ကို ချစ်တဲ့ သစ္စာကို တိုင်တည်ပြီး
ထွက်သွားခဲ့ရှာတာပါလား .."

ဟု တွေးနေရင်း သူ မျက်စိကို စုံမှိတ်ချလိုက်မိရပါ
ပြီ ..။ အမှားကြီး မှားပါပေါ့လား .. ဟု သူ့ရင်ထဲမှာ နောင်တ
ဖြင့် ထိထိခိုက်ခိုက်ကြီး ခံစားလာနေရပြီ ..။

ဒေါ်လေး သူ့ကို ဆေးကုပေးမည်ဟု ပြောခဲ့စဉ်
သေးသည်ပဲ ..။ ထိုစဉ်ကလည်း ငွေဝန်းသာ ပိုက်ဆံပို့လာတာမျိုး
ဖြစ်နေမှာစိုးရိမ်စိတ်ဖြင့် သူ ခေါင်းမာစွာ လက်မခံဘဲ ငြင်းခဲ့ရ
သည်။ သူ .. အရမ်း ခေါင်းမာသည်မို့ ဒေါ်လေး ဘာမျှ မတတ်
နိုင်ခဲ့ ..။ သူသည် သူ့ကို ကွာရှင်းစာချုပ်ဖြင့် ထားခဲ့သော
မိန်းမတစ်ယောက်၏ ပို့သော ငွေကြေးဖြင့် မျက်စိကို ကုသသည့်
သူအဖြစ် မခံနိုင်ဟု ခံပြင်းမာနဖြင့် အစဉ်တစိုက် ရပ်တည်ရှင်သန်
ခဲ့ချေသည်တကား ..။

ရှိုက်သံကြားနေရသည်မို့ ရင်ထဲ ပို၍ ထိတ်လာသည်
ချောက်ချားလာသည်။ သမီးလေးသည် .. ငိုနေသည်မှ သူ့ကို
တောင်းပန်သလို ငေးကြည့်နေရင်းဖြင့်ပါ။ ထိထိခိုက်ခိုက်ဖြင့်ပါ
တည့် ..။ ဘုရားရေ ..။ ငွေဝန်း မရှိတော့ပြီထင် ..။

"သူ .. သူ .. ဘယ်မှာလဲ သမီး .. ဘယ်မှာလဲ မိခေါင်း ..
သိနေလား .. သိနေသလား .."



ဟု နေရာမှ ကြုံးထ၍ သူ မေးချလိုက်ချင်သည်။
ထိုစဉ်ခိုက်မှာပဲ သမီးလေးမှ ..

"မေမေဟာ .. ဖေဖေ ဆေးကုရအောင် ငွေတွေ ဘွားလေး
ဆီကို လူကြုံနဲ့ ပို့ခဲ့တယ် ဖေဖေ .. ဖေဖေ သိရင် အရမ်း
စိတ်ဆိုးမှာ ကြောက်လို့ ရွာကိုတောင်မှ တစ်ခေါက်မှ
မလာရဲရှာတာပါ .. ရွာက တစ်ယောက်ယောက်က ဘွား
လေးနဲ့ မေမေတို့ တွေ့ကြတာမျိုး ကြုံရင် ဖေဖေ့ကို
ပြောပြမှာ သေချာတယ်လေ .. သဘောရိုးနဲ့ ပြောကြတာမို့
ဘွားလေးကလဲ .. တားလို့ရမှာ မဟုတ်ဘူး ဆိုပြီး ..
မေမေ လုံးဝကို မလာဘဲ နေခဲ့ရှာတာပါပဲ၊ နောက် ..
နောက်ကျတော့ .. မေမေ အဲဒီအလုပ်ကို မလုပ်ဖြစ်တော့ဘဲ
ရွာလေးတစ်ရွာမှာ အကြော်ရောင်းစားနေတာတဲ့ ဖေဖေ ..
ပြန်လာ[illegible]တော့လဲ .. ဖေဖေ မျက်စိပြန်မမြင်မချင်း
မပြန်ချ[illegible]ရယ် .. ဖေဖေ့ကို ပြန်တွေ့ဆုံရမှာ .. မဆုံရဲ
တော့တဲ့အကြောင်းတွေ ပေါ်လာလို့ရယ် .. အဲဒီမှာပဲ
အကြော်သည်အဖြစ် ရပ်တည်နေခဲ့တာတဲ့ .. ခု .. မေမေ
နှလုံးရောဂါနဲ့ ကျန်းမာရေးမကောင်းတော့ဘူး ဖေဖေ ..
မေမေက .. မေမေက .. ဖေဖေ့ကို အရမ်းတွေ့ချင်နေတာ
ပါ .. တွေ့ခွင့်ပေးလိုက်ပါလား ဖေဖေရယ် .. မေမေ
အရမ်းကို သနားဖို့ကောင်းနေပါတယ် .. ဖေဖေ မျက်စိပြန်
မြင်ပြီဆိုတာကိုတော့ မေမေ သိနေပါပြီ .. အခု ..
ဒီအခန်းပြင်ဘက်မှာ ရှိနေရှာပါတယ် ဖေဖေ .. ဖေဖေ့ကို

www.burmeseclassic.com



အလွန်တွေ့ချင်နေတာပါ .. ဘွားလေးတို့ မေမေဆီကို သွားလိုက်ကြတာ ဖေဖေ .. မေမေ အရမ်းနေဆိုးနေလို့ ဘွားလေးရဲ့ ဆိုင်လိပ်စာနဲ့ .. စာရေးမှာတာနဲ့ သွားတာပါ၊ ဟိုမှာ မေမေ့ကို ဆေးကုသပေးပြီး .. နည်းနည်းသက်သာလာလို့ .. အိမ်ကို ဘွားလေးခေါ်ပြန်လာတာပါ .. မေမေက လဲ .. မေမေ မကျန်းမာတော့တဲ့အချိန်မှာ .. ဖေဖေ့ကို မြင်ချင်တာမို့ .. အားမွေးပြီး .. အရဲကိုးလို့ .. လိုက်လာရှာတာပါ .. မေမေ့ကို သနားပါ ဖေဖေရယ် .. တွေ့လိုက်နော် .."

ဟု ခြေဖမိုးပေါ်မှ နဖူးလေး ပြန်တင်ကာ .. မိဒေါင်း ငိုနေတော့ သူ အံခဲ၍ မျက်ရည်များ လိုက်ကျလာနေသည်။ သူ့ရင်ထဲမှာ ဘာတွေ ထိထိခိုက်ခိုက် ကြေကွဲစွာ ခံစားနေရသည်ဆိုတာ သမီးလေး မသိသေး ..။ သူ .. ငွေဝန်းသာကို လက်မခံမှာကိုပဲ သမီးလေး စိုးရိမ်ကြောင့်ကြနေခြင်းပါ ..။

နဖူးလေး ခြေဖမိုးပေါ်တင်၍ အရမ်းတောင်းပန်ခယနေရှာပါသည့် သမီးလေးကို သူ ပြောမိလိုက်ရပါပြီ ..။

"ငွေဝန်းသာကို .. သမီးလေးရဲ့ မေမေကို .. ဖေဖေ စောင့်နေတယ်လို့ သွားပြောလိုက်ပါ သမီးရယ် .. သွားခေါ်လိုက်ပါ .. သူ .. တစ်ယောက်တည်း .. ခြေလှမ်းခိုင်ခိုင်နဲ့ ဝင်လာတာမျိုးကို .. ဖေဖေ မျှော်လင့်နေတယ်လို့လဲ ပြောလိုက်ပါ .. သူ .. ကျန်းမာနေတဲ့သူတစ်ယောက်အဖြစ် .. အားအင်တွေ ရှိလာနေတဲ့ ငွေဝန်းသာအဖြစ် .. ဖေဖေ မြင်ချင်တယ်လို့လဲ ပြောလိုက်ပါကွယ် .."



ဟု ပြောလိုက်တော့ ခြေဖမိုးပေါ် ဖေးတင်ထားသည့် နဖူးလေး ပင့်မော့သွားကာ ..

"ဟာ .. ဖေဖေ .. ဖေဖေရယ် .."

ဟု ခြေအစုံကို အားဖြင့် ဆုပ်ပြီးသည်နောက်မှာ အခန်းပြင်ဆီသို့ ပြေးထွက်သွားသည်မို့ သူ စိတ်လှုပ်ရှားစွာ ကျန်ရစ်ခဲ့ရပါပြီ ..။ မင်းခန့်ကတော့ အရာရာကို နားလည်နေသည့် နယ် ပြုံး၍ သူ့ကို ကြည့်ခဲ့ကာ အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွားပါ၏။

သူ .. စိတ်လှုပ်ရှားစွာဖြင့် တံခါးခန်းဆီးစိမ်းနုနုလေး တိမ်းဖယ်၍ ဝင်လာမည့် လှုရိပ်နွဲ့နွဲ့လေးတစ်ခုကို ငေးစိုက်ကြည့်နေမိသည်။

တကယ်ပဲ ခန်းဆီးစလေး နွဲ့ရိပ်ရိပ်ဖြင့် တိမ်းသွားလျက် ..။ အရမ်းကို ဖြူနုဖျော့ရိပ်တိုးနေသော ပုံရိပ်လေးပေါ်လာပါ၏။ ဆံနွယ်ရှည်လျားလျားလေးများ ..။ ပျောင်းနွဲ့နန်းဆန်သော အလှတရားများ ..။ ကျက်သရေရှိလွန်းပါသော မျက်နှာနုနုလှလှလေး ..။ ချစ်မြတ်နိုးစွာ ကြည့်တတ်ပါသော မျက်ဝန်းလေးများ။ ဪ .. ခုလည်း ခင်ပွန်းသည်ထံမှ ကြည်ဖြူစွာသော လှမ်းလင့်ကြည့်လာမှုတစ်ခုကို အားငယ်ခယစွာဖြင့် မျှော်လင့်ရင်း ညှိုးညှိုးငယ်ငယ်လေးဖြင့် ဝင်လာရှာပါသည့် သူ၏ သစ္စာရှင်မလေး။ ခပ်ဖြည်းဖြည်း ငွေဝန်းသာ လျှောက်လာနေသည်။ အတော်ကြီးကျန်းမမာ ဖြစ်ခဲ့တာလည်း သိသာနေသည်။ ခုမှ နာလန်ထူခဲ့တာလည်း သိသာနေသည်။ သူသည် သမီးလေးနှင့် အတူရှိနေချိန်မှာ ငွေဝန်းသာသည် အခြေအရံမရှိစွာ .. တစ်ယောက်တည်း -

www.burmeseclassic.com

www.burmeseclassic.com



အကြော်သည်တစ်ယောက်အဖြစ် ရပ်တည်ရင်း မကျန်းမာသည့် ဘဝထဲမှာ .. သူစိမ်းတို့ကြားမှာ .. ရှိခဲ့ရရှာချေသည်တကား ..။

ထိုအချိန်က .. အိပ်ရာထက်တွင် တစ်ယောက်တည်း အထီးကျန်စွာ .. အားကိုးရာမရှိစွာ ငွေဝန်းသာ ရှိနေရရင်းမှ .. ခင်ပွန်းသည်နှင့် သမီးလေးကို အဆာယ်မျှထိ တမ်းတနေခဲ့ရှာချေမည်မသိ။ သူ .. ရင်ထဲမှာ ဖြေဆည်ယူ၍မရနိုင်အောင် .. ငွေဝန်းသာအပေါ် .. နောင်တစိတ်ဖြင့် ငေးကြည့်နေရင်း ရင်ထဲမှာ ထိထိခိုက်ခိုက် ခံစားရပါ၏။

အလွန်တရာကိုမှ .. သေးသွယ်ကျသွားပါသည့် ငွေဝန်းသာသည် .. သူ့ခြေရင်းမှာ အားငယ်ရိပ်သမ်းနေဆဲ မျက်နှာလေးဖြင့် မဝံ့မရဲ ရပ်လာရှာသည်။ ဖြူနုနု ,လက်သွယ်သွယ်လေးတွေက သူ့ခြေဖမိုးကို ဖေးထိလာသည်။ နောက် .. ကြမ်းပြင်ပေါ် ဒူးလေးထောက်၍ ခပ်ဖြည်းဖြည်း ထိုင်သည်။ သူ့ခြေဖမိုးပေါ် နဖူးကို ဖေးတင်၍ စတင်ကာ တိုးသဲ့စွာ ရှိုက်ငိုလာသည်။

သူ .. ငြိမ်သက်၍ အံခဲ မျက်ရည်ဝဲနေဆဲ။

ငွေဝန်းသာ လက်အုပ်လေးချီ၍ သူ့ကို ကန်တော့တော့လည်း ငြိမ်သက်နေဆဲ။

ငွေဝန်းသာ သူ့ဘေးမှာ လာ၍ ထိုင်လာတော့လည်း မျက်တောင်မခတ် လိုက်လိုက်ကြည့်နေမိဆဲ။ သူ့လည်ချောင်းတွေ တနင်နင် ဖြစ်နေသည်။

" ခု .. စုထိ .. ငွေဝန်းကို .. ခွင့်မလွှတ်နိုင်သေးလို့ .. စကားမပြောသေးတာလား မောင်ရယ် .."



ဟု ကလေးလေးပမာ ငွေဝန်းသာ ဝမ်းနည်းပန်းနည်းလေးလည်း ပြောချ ..။ ဟန်ဆောင်မရနိုင်စွာဘဲ .. ကလေးပမာ သူ့ရင်ခွင်မှာ မျက်နှာအပ်၍ မျက်ရည်ကျလာတော့ သူ ဆံစလေးတွေကို သပ်ပေးသည်။ ခေါင်းလေးကို လက်ဖဝါးဖြင့် ဖေးအပ်ထားမိသည်။

"ခွင့်မလွှတ်တာ မဟုတ်ပါဘူး လုံမရယ် .. မောင် .. ဘယ်လိုတောင်းပန်ရမှန်း မသိလောက်အောင်ကို .. ရင်ကွဲနေရတာမို့ပါကွယ် .. မောင် .. မောင် .. တောင်းပန်တယ် လုံမ .. မောင် .. တောင်းပန်တယ် .. မောင့်ကို .. ခွင့်လွှတ်ပါ လုံမရယ် .. အနုပညာသည်တစ်ယောက် အပေါ်မှာ မထားအပ်တဲ့ မာနကို ထားမိတဲ့ မောင် .. ကိုယ့်မိန်းမရဲ့ ချစ်ခြင်းအပေါ်မှာ မထားအပ်ဘဲ မာနကို ထားမိတဲ့ မောင် .. ခုကျတော့ ရင်ကွဲနာကျနေရတော့တာပါပဲ .. အနုပညာဆိုတာ .. ချစ်ခြင်းမေတ္တာဆိုတာ နက်ရှိုင်းမြင့်မားတဲ့ ကောင်းကင်ကြီးနဲ့ တူပါတယ် .. သူကတော့ .. တည်ငြိမ်ရင့်ကျက်နေတာပါပဲ .. မာနဆိုတဲ့ ကျောက်ခဲနဲ့ လှမ်းပေါက်လို့ .. ကောင်းကင်ကြီးက စုတ်မသွားပါဘူး လုံမ .. ဟောဒီက .. နက်ရှိုင်းတဲ့ မောင့်လုံမရဲ့ မေတ္တာကောင်းကင်ကြီးဟာ စုတ်မသွားနိုင်ပါဘူး .. ရင့်ရင့်ကျက်ကျက်နဲ့ တည်ငြိမ်ပြီး ရှိနေတာပါပဲ .. တည်မြဲနေတာပါပဲ"

ဟု သူ ပြောနေသည်က အသံတွေ အက်ချနေရင်းဖြင့်ပါ။ မျက်ရည်များ ကျနေရင်းဖြင့်ပါ။ သြော် .. သူ၏လုံမ ..

www.burmeseclassic.com



သူမ၏ လမင်းလေး .. ငွေဝန်းသာသည့် .. ဤတစ်ကြိမ်တွင် .. သူ့၏ ရင်ခွင်မှာ ကြည်နူးမျက်ရည်များကို ခြွေချလိုက်ချေသည် တကား ..။ ဤမျက်ရည်တွေကိုတော့ ခြွေချလိုက်ပါလေတော့ မောင့်လုံမရယ် ..။ ခြွေချလိုက်ပါလေတော့ ..။

* * *



လရိပ်ဖြာလွှင် ..
မြစ်ရေပြင်ထက်၊ ဖြူသောစွက်လေ့
ပန်းလေပြည်နှင့်၊ ရွက်ကိုလွှင့်သည်
လှိုင်းရေကြည်အေး၊ ပန်းလေ့မွှေးမို့
နှိုင်းတုလို့ ဘယ်မယှဉ် ...
ခြော် ..
လှိုင်းနှနှ လှေယဉ်ယဉ် ...။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

လရိပ်လွှင်နေသောည ..။ ကြော် .. ပန်းရနံ့တို့ဝေ ယှက်နေသောည ..။ သူ .. ငွေဝန်းသာ၏ လက်လေးကို ထွေးဆုပ်၍ .. တမာရိပ်နှင့် မယ်ဇလီပင်တန်းတို့ရှိသော မြေနီလမ်းလေးအတိုင်း လျှောက်လာနေရာမှ နွားစားကျက်ခင်းလေးတွေရှိသော လူသွားလမ်းလေးအတိုင်း လျှောက်လာလိုက်မိရပါ၏။ ကွေ့ဝိုက်ခွေနွဲ့စွာ နွားစားကျက်ခင်း စိမ်းမြမြထက်မှာ ရှိနေပါသော လူသွားလမ်းလေးသည် လရောင်အောက်မှာ ကြည်နူးစရာ ထင်နေသည်။

"မောင်တို့ .. ဟိုက ကုက္ကိုပင်ကြီးရဲ့ သစ်မြစ်ဆုံမှာ ထိုင်လိုက်ကြရအောင် လုံမ .."

ဟု ပြောကာ ငွေဝန်းသာ၏ လက်လေးကို ထွေးဆုပ်ရင်းဖြင့် စောင့်ဆိုင်း၍ ဂရုတစိုက် လက်လေးတွဲခေါ်လာခဲ့ပါ၏။ လရောင်အောက်မှာ ကျယ်ပြန့်စွာ ရှိနေပါသည့် စားကျက်ခင်းကျယ်ပြန့်ပြန့် ..။ တစ်ဖက်ဆီမှ တောအုပ်လေးကို ဖြတ်သန်းတိုက်လာသည့် လေညင်းမြမြဆီမှ တောအုပ်၏ရနံ့ ..။ တောပန်းတို့၏ရနံ့ ..။ အားလုံးကို ရှူရှိုက်ရင်း သူနှင့်ငွေဝန်းသာတို့ သစ်မြစ်



ဆုံကြီးထက်မှာ တစ်ချက် ငြိမ်သက်၍ လရောင်ရိပ်၏ ကြည်နူးဖွယ် မြင်ကွင်းကို ခံစားဖြစ်ကြရပါ၏။ ဂရုတစိုက် ဆေးကုသ၍ရော ..။ စိတ်ချမ်းသာ အေးချမ်းရ၍ရော .. ငွေဝန်းသာ ကျန်းမာလာသည်မှာ အမှန် ..။ ခုလို .. ညဘက်မှာ .. လရောင်ကြောင့် အေးအေးမြမြလေကို ရှူရှိုက်ရန် သူနှင့် ငွေဝန်းသာ ဤနေရာလေးကို ရောက်ရောက်လာတတ်ကြသည်။

အပြန်ကျတော့လည်း .. သစ်ခွတွေ တွယ်ကပ်ပေါက်နေသော ပင်စည်ကြီးနှင့် .. ရှိနေပါသော အကျော်ပင်ကြီးအောက်မှာ။ အပွင့်တွေ ဝေယှက်အောင် ပွင့်နေလေသမျှကို မော့ကြည့်ရင်း အကျော်ပွင့်ကြွေလေးတွေကို ငွေဝန်းသာ ကောက်ယူကာ သူ့ပခုံးမှာ ခေါင်းလေးကို ဖေးတင်၍ တစ်ထောက်နားတတ်ခဲ့သည်ပါပဲ။ ကြော် .. ခုကျတော့လည်း .. အရာရာသည် .. လရိပ်လွှင်မြင်အောက်ဝယ် .. အေးချမ်းစွာ ဖြတ်သန်းနေကြရချေသည်တည်း။

"အင်း .. ဖေဖေနဲ့ မေမေလဲ .. မောင့် မျက်မမြင်ဘဝကို သိလဲသိ .. ဦးလေး ဦးအောင်မောင်းရဲ့ လမင်းဝါဝါ အငြိမ့်ရှိခဲ့ရာနေရာကို စုံစမ်းပြီး လိုက်လာကြ .. မောင့်လိပ်စာကို တောင်းကြ .. ဒီထိ လိုက်လာကြနဲ့ ရှိခဲ့တာမို့ ခုကျတော့လဲ .. မြေးလုပ်သူ ငွေဒေါင်းမေကို .. တစ်ပတ်ဆို .. ခြောက်ရက်လောက်က .. အတင်းခေါ်ခေါ်ထားနေတာနဲ့ ကြိုနေကြရပြီ .. မောင် မျက်စိ ပြန်မြင်တာကို ဒီမှာလာတွေ့တော့ သိကြရတာမို့ .. မေမေဆိုတာ .. ရင်ထဲမှာနဲ့ .. သူ့ မောင်းထုတ်ခဲ့လေခြင်း ဆိုပြီး သားဖြစ်တဲ့သူကို ဖက်ငိုခဲ့တာတွေ .. မောင် .. ခုထိ ရင်ထဲမှာ ခံစားနေကြ

www.burmeseclassic.com



ရတုန်းပဲ .. ဟောဒီက မောင့်လုံမရဲ့ မောင့်အပေါ် အရမ်း ချစ်မြတ်နိုးတဲ့ အချစ်ကိုလဲ .. အားလုံး သိသွားရတာမို့ .. မောင့်ကိုရော .. မောင့်လုံမကိုရော .. နှုတ်ဦးမွှန်ကို ခေါ်နေကြတာပဲ မဟုတ်လား .."

ဟု ဆံစလေးတွေကို သပ်ပေးရင်း သူ ပြောတော့ ငွေဝန်းသာ ငြိမ်သက်စွာ ပြုံး၍ နားထောင်နေသည်ပါပဲ ..။

သူ ရယ်လိုက်မိလျက် ..

"တစ်ခုခုတော့ ပြောဦးလေ .. လုံမ .."

ဟု ပြောတော့ ငွေဝန်းသာ မောင့် မျက်နှာကို မော့ကြည့်မိသည်။ အရမ်းကို အေးချမ်းနေသော မျက်ဝန်းများ၊ ငွေဝန်းသာကို မြတ်နိုးစွာ ငေးစိုက်ကြည့်နေပါသည့် မျက်ဝန်းများ၊ ပြောဘ် .. ငွေဝန်းသာ၏ ချစ်မေတ္တာကို တန်ဖိုးထားစွာဖြင့် တစိမ့်စိမ့်နိုင်အောင် ကြည့်မဝနိုင်သည့်နှယ် ကြည့်နေပါသည့် မျက်ဝန်းများ ..။

ထိုမျက်ဝန်းများဆီမှ .. အရာရာကို .. ငွေဝန်း ပိုင်ဆိုင်ခွင့်ရလိုက်ချေပြီမို့ .. ငွေဝန်းသာဆိုသည့် မောင့်လုံမသည် မောင့်ထံမှ စကားသံများကိုသာ ကြား၍မဝနိုင်သည့်နှယ် ဆက်၍ ဆက်၍ ကြားနေချင် နားထောင်ချင်ပါသည် မောင်။ နှစ်များစွာ မောင့်မျက်နှာ .. မောင့်အသံ .. မောင့်အကြင်နာများနှင့် ဝေးခဲ့ရ .. မကြားခဲ့ရသည်မို့ ..။ မောင့်စကားများကို နားထောင်၍ မတင်းတိမ်နိုင်သေးပါ မောင်။ မောင့်အကြင်နာများကို ရင်ခွင်စွာ ခံယူ၍မဝနိုင်သေးပါ မောင် ..။ မောင့် ရင်ခွင်မှာ ခေါင်းလေး တိုးဝင်လျက် ..



"မောင် .. ပြောနေတာတွေပဲ .. ငွေဝန်း နားထောင်လို့ မဝနိုင်သေးတာပါ မောင် .."

ဟု ရိုးစင်းစွာ နှလုံးအိမ်ဆီမှ စကားလေးကို ဝန်ခံပေးလိုက်ရပါသည်တည့် ..။ ထိုအခါကျတော့လည်း မောင့်လက်တွေသည် ငွေဝန်းသာ၏ ပခုံးလေးပေါ် တန္ဒုံးညှံ့ညှံ့ ဖေးတွင်ကာ ..။ ငွေဝန်း၏ ခေါင်းလေးပေါ် မောင့်မေးဖျားတို့ သိမ်သိမ်မွေ့မွေ့ ဖေးတင်ကာ ငွေဝန်းသာ၏ ဆံစလေးများကို လည်း ခေါင်းငိုက်၍ နမ်းရှိုက်လာသည်ပါပဲ ..။ ငွေဝန်းသာကတော့ တောပန်းတို့၏ ရနံ့များ ပို၍သင်းပျံ့လာနေသည့် လရိပ်လွှင်သော ညလေညင်းကို ကြည်နူးစွာ မောင့်ရင်ခွင်မှာ နားခိုရင်း နမ်းရှိုက်နေမိရဆဲပါ ..။

"မိဒေါင်းလဲ .. အဆိုတော် ဖြစ်တော့မယ် .. သီချင်းတိုက်နေပြီ .. ပြီးတော့ .. ဆရာကြီးက .. သူ့သားနဲ့ .. သမီးလေးကို .. စေ့စပ်ထားချင်တာလဲ ဖွင့်ဟပြီး မောင်တို့ဆီကို မနေ့ကပဲ စကားမြန်းခဲ့ပြီ .. မိဒေါင်းလေးကတော့ ဘိုးအေ ဘွားအေအိမ် နေပြီး ဟိုမှာသီချင်းတိုက်နေတုန်း .. ဒီအကြောင်းကို မသိသေးဘူး .. သိရင်ဖြင့် .. မောင်တို့က လက်ခံတယ်ဆိုတာကို ငြင်းမှာလဲ မဟုတ်ပါဘူးကွယ် .. မောင်မင်းခန့်ဟာ မောင်တို့ရဲ့ ကျေးဇူးရှင်ထဲမှာလဲ ပါနေတယ် .. ဆရာကြီးကလဲ မောင့်ကျေးဇူးရှင် .. သမီးလေး အပေါ်မှာ သံယောဇဉ်ရှိကြတယ် .. မောင်မင်းခန့်ဟာ .. သမီးလေးကလွဲလို့ ဘယ်သူ့ကိုမှ မေတ္တာသက်ဝင်ခဲ့တာမျိုး မရှိခဲ့ဘူးဆိုတာကိုလဲ .. သူ့အဖေကို ဖွင့်ဟဝန်ခံခဲ့တယ်လို့လဲ ဆရာကြီးက ပြောပြတယ် .. အင်း .. ဘာပဲဖြစ်ဖြစ် သမီးလေးအတွက် စိတ်အေးချမ်းသာရတာပေါ့ လုံမရယ် .."

www.burmeseclassic.com



မောင် ပြောနေတော့ ငွေဝန်းသာ ထုံးစံအတိုင်း ငြိမ်သက်နားထောင်နေသည်ပါပဲ။ တကယ်တော့ .. သမီးလေး ငွေအေါင်းမေသည်လည်း .. အနုပညာကို မြတ်နိုးသော မောင်မင်းခန့်လေးနှင့် ဘဝကံဆုံရချေသည်မို့ .. ကံကောင်းသည်ဟုသာ ရင်ထဲမှာ ငွေဝန်းသာ စိတ်ချမ်းမြေ့နေရသည်မှာလည်း အမှန်ပါ။

"မောင် .."

မောင့်ကို မော့ကြည့်၍ ..။ မောင့်မေးဖျားကို လက်ဖဝါးနုနုလေးဖြင့် ဖေးအပ်၍ ခပ်တိုးတိုး ငွေဝန်းသာ ခေါ်တော့ မောင် ခေါင်းကို ငိုက်ချ၍ ..

"ဘာပြောမလို့လဲ လုံမ .."

ဟု တမြတ်တနိုး မေးလာတော့ ငွေဝန်းသာ ပြုံးကာ မောင့်နဖူးလေး လက်လေးဖြင့် ဖေးငိုက်ကျလာစေ၍ မော့နမ်းလေး နမ်းလိုက်မိရပါပြီ ..။

"ငွေဝန်းလေ .. ဒီဘဝကို .. ဘယ်တော့မှ ပြန်ရောက်ရလိမ့်မယ်လို့ကို မထင်ရဲ .. မမျှော်လင့်ရဲခဲ့တာပါ မောင်ရယ် .. မောင့်ရင်ခွင်ကို .. ခုလို ခိုလှုံခွင့်ရလိုက်ခြင်းဟာ ငွေဝန်းသာရဲ့ဘဝမှာ .. အကြီးမားဆုံးသော ဆုလာဘ် ကြီးတစ်ပါးကို ရလိုက်တဲ့သူအဖြစ် ရှိသွားရတော့တာပါပဲ .. ငွေဝန်းလေ .. မောင့်ဆီက .. လုံမ .. ဆိုတဲ့ ခေါ်သံလေးကို ဘယ်တော့မှ ကြားခွင့်မရနိုင်တော့ဘူးလို့ ထင်ခဲ့ရင်း .. မျက်ရည်ကျခဲ့ရတာ နှစ်များစွာပါ .. အဲဒါ .. အဲဒါ .. ခုထိ .. ည .. ည .. တွေမှာ .. အိပ်မက်အဖြစ် ငွေဝန်းဆီကို ရောက်ရောက်လာတတ်ကြသေးတယ် မောင်၊ မောင် မရှိတော့လို့ ငွေဝန်း ငိုနေတာတွေ .. မောင့်ကို လိုက်ရှာနေတာတွေ ..



မောင့်ကို လိုက်တောင်းပန်နေတာတွေ .. အဲဒါတွေကြောင့် .. အိမ်မက်ထဲက လန့်နိုးလာတဲ့ အခါမှာ ချောက်ချားမှုတွေဟာ ရင်ထဲမှာ အဆမတန်ကြီး ကျန်နေရင်း .. ငွေဝန်း မျက်ဝန်းတွေမှာလဲ မျက်ရည်တွေနဲ့ ရှိနေကြတာကို သိနေရ .. ကြုံနေရသေးတယ် မောင်၊ အိပ်မက်ထဲမှာ ငိုနေတဲ့ ငွေဝန်းသာဟာ .. အပြင်မှာ အိပ် ပျော်နေရင်းနဲ့ မျက်ရည်ကျနေကြတယ် မောင်ရယ် .."

ဟူ၍ ညှိတစ်ကြိမ်မှာတော့ .. ငွေဝန်းသာ ဝန်ခံပြောလိုက်မိရပါပြီ ..။ အိပ်မက်များ၏ ချောက်လှန့်နေမှုများသည် ယခုထိုင် ညများစွာမှာ ငွေဝန်းသာ၏ နှလုံးအိမ်ကို ဆောက်တည်ရာမဲ့ ခံစားနေစေဆဲ မဟုတ်ပါလားလေ ..။ မောင် .. ငွေဝန်းသာ၏ ကိုယ်လေးကို ထွေးပိုက်လိုက်ကာ မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖေးအပ်၍ ဖေးမော့စေပါ၏။ အရှမ်းကို အေးချမ်းလျက် .. ကြင်နာရိပ်များ သမ်းနေကြပါသည့် မောင့်မျက်ဝန်း များဆီမှာ နှောင်တရိပ်သည်လည်း ဖေးဖေးတင်တင် စွန်းစွန်းထင်းထင်း ..။

"မောင် .. မာနကြီးလို့ ဖြစ်ရတာ .."

ဟု တစ်ချက်ညည်းသည်။ မျက်နှာလေးပေါ် မောင့်မျက်နှာ ဖေးအပ်လာလျက်မှ ..

"ခု .. မောင့်လုံမ ဘေးမှာ မောင် ရှိနေပြီပဲ .. ဒီအဖြစ်တွေဟာ ဘယ်တော့မှ ပြောင်းလဲစရာမရှိတော့ဘူး .. ဒါ .. အသက်ထက်ဆုံးသို့တိုင်ကြမယ့်အဖြစ် .. မောင် ပြောတာသေချာနားထောင် .. ချက်စိထဲမှာလဲ ပုံဖော်ကြည့်နော် လုံမ .. မောင်က .. ပန်းချီသာဆွဲတတ်တာ မဟုတ်ဘူး ကဗျာလဲ စပ်တတ်တယ် .. သိရဲ့လား ..

www.burmeseclassic.com



ဟု ပြောနေသည်က ချစ်မြတ်နိုးစိတ်ဖြင့်ဆိုတာ အရမ်းသိသာသည်ပါပဲ ..။

"တောတောင်ညိုညိုမှာ .. မြစ်တစ်စင်းဟာ ခွေခွေနွဲ့နွဲ့ စီးဆင်းနေတာလေးကို အရင်မြင်ကြည့် .. နောက် .. အဲဒီ ကမ်းဘေးမှာ .. ပန်းရောင်စုံတို့ဟာ ပင်ပျိုပျို .. ပန်းဝေဝေနဲ့ တစ်တောလုံး မွှေးအောင် ပွင့်ဝေနေကြတာကို မြင်ကြည့်၊ လှိုင်းနုနုလေးတွေဆီကို ရုပ်တိုက်ပြေးဝင်လာတဲ့ ပန်းလေပြည် .. အဲဒီပန်းလေပြည် ရှိနေတဲ့ မြစ်လမ်း .. အဲဒီ မြစ်လမ်းလေးမှာ .. လှိုင်းနုနုနဲ့အတူ .. ပန်းရနံ့တို့ ဝေနေတဲ့ လေပြည်နဲ့ အတူ အရမ်းကိုဖြူစင်တဲ့ ရွက်လှေ တစ်စင်းက ဖြတ်သန်းနေတယ် .. အဲဒါ .. မောင်တို့ရဲ့ ဘဝရွက်လှေပဲ မောင့် လုံမ .. မောင်တို့ဘဝဟာ .. လှိုင်း ရေကြည်အေး ပန်းလေမွှေးနဲ့ အတူသွားနေကြရတာမို့ .. ဘယ်အရာနဲ့မှ နှိုင်းယှဉ်လို့မရတဲ့ဘဝ .. လှိုင်းနုနု လေ ယဉ်ယဉ်အဖြစ် .. အစဉ်အေးချမ်းနေကြမယ့် ဘဝပါကွယ်၊ မောင့်လုံမရယ် .. ဟောဒီက မောင့်ဘဝငွေလမင်း မောင့် လုံမရယ် .."

မောင့်စကားများသည် တကယ့်ကဗျာတစ်ပုဒ် ဖြစ် နေသည်။ လှပသော ပန်းချီကားတစ်ချပ်လည်း ဖြစ်နေသည်။ မောင့် ပြောနေသမျှကို နားထောင်ရင်း နားထောင်ရင်းဖြင့် .. အလွန်တရာကို လှပအေးချမ်းနေသော .. ကြည်နူးမြတ်နိုးဖွယ် ဘဝပန်းချီကားတစ်ချပ်သည် .. မောင်နှင့် ငွေဝန်းသာတို့၏ ရှေ့ မှာ .. ရှိလာသည့်နယ် မြင်လာနေမိရပါသည့်ကော မောင် ..။



တကယ်တော့ .. ငွေဝန်းသာဆိုသည့် မောင့် လုံမ သည် .. ယခုနယ် .. မောင်နှင့် မခွဲမခွာ နေရသည့် ဘဝတစ်ခုကို ပိုင်စိုးရချေသည်မို့ .. ဘဝသည် .. အစဉ်သဖြင့် .. လှိုင်းနုနု လေယဉ်ယဉ်ဖြင့် ရှိရပါသည့် ဘဝပန်းချီထဲမှာ .. ပျော်မွေ့ခွင့် ရနေသည်ဟု ခံယူပါသည်ကော မောင် ..။ အတွေးနှင့်အတူ .. ငွေဝန်းသာ .. မောင့်ရင်ခွင်ကျယ်ကြီးမှာ ခေါင်းလေး မှီ၍ တိုးဝင်မိရ ..။ မောင့် ကျောပြင်ကျယ်ကြီးကို အားကိုးမြတ်နိုးစွာ မခွဲခွာနိုင်လွန်းစွာ .. သိုင်းငင်ဖက်တွယ်ထားမိရပါသည် မောင်။ ဤလက်အစုံသည် .. ဘယ်သောအခါမှ .. မောင့်ထံမှ .. ဖြုတ် မချ .. ဖြုတ်မကျနိုင်တော့သည့်အဖြစ်ကိုသာ .. ငွေဝန်း .. တောင့် တပါသည် မောင် ..။ သြော် .. တောင့်တရပါသည်ကော မောင် ရယ် ..။

လရိပ်သည် တလွင်လွင်ဖြင့် ရှိနေဆဲ ..။ ပန်းရနံ့ ဝေသော လေပြည်နှင့်အတူ ..။ သြော် .. လှိုင်းနုနု လေယဉ်ယဉ် သည်လည်း .. ဖြူသောရွက်ဖြင့် .. လွင့်နေဆဲပါတကား ..။

တောတောင်ညိုညို ...
စိမ်းစိုစိုတွင်၊ မြစ်တစ်စင်းသည်
ရေပြင်ကြည်လဲ့၊ ခွေကာနွဲ့ရင်း
အို .. စီးဆင်း၏ ..။
မြစ်ကမ်းဘေးမှာ ..
ပန်းနီဝါတို့၊ ပင်ပျိုညို့ညို့
တောလုံးချိုအောင်၊ ဝတ်ရည်ဆောင်ကာ...
အို ... ပျံ့သင်း၏ ...။

www.burmeseclassic.com

www.burmeseclassic.com




ရနံ့မွှေးစွာ ..
လေညင်းသာလျက်၊ လေချိုညက်မွှေး
မြစ်လမ်းလေးမှာ၊ လှိုင်းနုပြာနှံ့
အို .. လင်းလဲ့၏ ...။

လရိပ်ဖြာလွှင် ...
မြစ်ရေပြင်ထက်၊ ဖြူသောရွက်လှေ
ပန်းလေပြည်နှင့်၊ မွှက်ကိုလွှင့်သည်
လှိုင်းရေကြည်အေး၊ ပန်းလှေမွှေးမို့၊
နှိုင်းတုလို့ ဘယ်မယှဉ် ...
ဩော် ...
လှိုင်းနနေ လှေယဉ်ယဉ် ...။

BURMESE CLASSIC .com

မျှဝေခံစားခြင်းများစွာဖြင့်



မဟူရာ(လှိုင်ကော်)
၁၉-၃-၂၀၀၆

www.burmeseclassic.com